၄။ မူလေ၏။ ၁၈။ ထိုမင်းလွန်လေလျှင် ညီတော်ဖြစ်သော သူရိယရေနုသည်။ ယခင် မရီးတော်ကေသံရံသီနှင့်။
အဘိသိက်ခံ၍။ ပြည့်စည့်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်း
၅။ ကား အိမ်နိမ့်သုံးဆယ်သျှစ်နှစ်။ စည်စိမ်နှစ်ဆဲ့နှစ်နှစ်။ နှစ်စုသက်တော် ခြောက်ဆယ်တွင် လွန်တော်မူလေ၏။
၁၉။ ထိုမင်းလွန်လေလျှင်။ သားတော်သူရိယကသ်သည်. သုနန္ဒာဟူ
၆။ သောအရီးတော် အထွေးနှင့် အဘိသိက်ခံ၍။ ပြည့်စည့်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကား အိမ်နိမ့်
နှစ်ဆယ်နှစ်နှစ်။ စည့်စိမ် တဆဲ့ခြောက်နှစ်။ နှစ်စုသက်တော် သုံဆဲ့သျှစ်နှစ်တွင် လွန်တော်မူလေ၏။
၇။ ၂၀။ ထိုမင်းလွန်လေလျှင်။ ဘထွေးတော် သူရိယသကျသည်။ သူရိယကသ်ဟူသောမင်း၏ သမီးဖြစ်သော၊
သမာဓိတိနှင့်။ အဘိသိက်ခံ၍။ ပြည်စည့်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကား အိမ်နိမ့်လေးဆ
၈။ ဆယ်။ စည်စိမ်သျှစ်နှစ်။ နှစ်စုသက်တော် လေးဆဲ့သျှစ်နှစ်တွင် လွန်တော်မူလေ၏။ ၂၁။ ထိုမင်းလွန်လေလျှင်
သားတော် သူရိယသီရိသည်။ ဝရကလျှာဏီဟူသော နမတော်ရင်းနှင့် အဘိသိက်ခံ၍။ ပြည်စည့်

**ငံ------------ကျောဖက်**

၁။ စိမ်ကို။ စိုးအုပ်တော်မူလေ၏။ ထိုမင်းကား အိမ်နိမ့်တဆဲ့ကိုးနှစ်။ စည့်စိမ် နှစ်ဆယ်။ နှစ်စုသက်တော် သုံဆဲ့ကိုးနှစ်
တွင် လွန်တော်မူလေ၏။ ၂၂။ ထိုမင်းလွန်လေလျှင်။ သားတော်ဖြစ်သော သူရိယကေသီသ
၂။ ည်မဥ္ဇူကလျာဟူသော မင်းသွီးနှင့် အဘိသိက်ခံ၍။ ပြည့်စည့်စိမ်ကိုင်စိုးအုပ်တော်မူလေ၏။ ထိုမင်းကား အိမ်နိမ့်ငြ
သုံဆဲ့တနှစ်။ စည်စိမ်ကိုးနှစ်။ နှစ်စုသက်တော် လေးဆယ်တွင် လွန်တော်မူလေ၏။ ၂၃။
၃။ ထိုမင်းလွန်လေလျှင် သားတော် သူရိယဂုတ္တသည်၊ သုဂန္ဓဒေဝီဟူသော မင်းသွီးနှင့် အဘိသိက်ခံ၍။ ပြည်စည့်စိမ်
ကိုစိုးအုပ်ပြလေ၏။ ထိုမင်းကား အိမ်နိမ့် နှစ်ဆဲ့ခုနှစ်နှစ်။ စည့်စိမ်နှစ်ဆဲ့သုံနှစ်။ နှစ်စုသက်ေ
၄။ တာ်ရင်းနှင့်။ ခုနှစ်နှစ်ကပင်ရတနာပုံထက်၌။ အဘိသိ
၅။ က်ပြည်စည့်စိမ်ကို စိုးအုပ်တော်မူပေ၏။ လောကိယသာဖြင့် စံပျော်တော်မူ၏။ ထိုမင်းတွင် မောင်မတသောင်း
နှစ်ထောင်ဟိ၏။ အမတ်တသိန်းနှစ်ထောင်ဟိ၏။ သူ့ရဲလည်းနွားလားသ
၆။ င်း၊ စုခုနှစ်စုအမွေးဟိ၏။ တိုင်းကားနိုင်ငံသည် အလွန်ပင်ပြန့်ပွားစည်ပင်စွာ၏။ မြဲမြံသော အလျှုသတင်းစွန့်ကြ
ခြင်းလည်း ဟိ၏။ ရုပ်တုတော်ဖြစ်သော မဟာမုနိကို။ ရှေးဘေးလောင်းတော်တို့ကဲ့သို့။ အလွ
၇။ န်ရိုသေ မြတ်နိုးစွာ၏။ ထိုမင်းမျောက်သားတော် သုသီလသမာသည်။ ကြီးစွာသော အိမ်မက်ကို ထင်လတ်၍။
ကိုယ်ဝန်ရင့်သော မင်းကို ဖွားလတ်သောအခါ၌။ ဥဂ္ဂါပျံခြင်းသည် ခွာစောတုံလုပ်ခြင်းတို့

၈။ ဖြင့်။ အံ့ဖွယ်သရဲနိမိတ်ပြာဒိဟာတိုင့်သည်။ ထင်ကုံသောကြောင့်။ ထိုမင်းသားကို။ မဟာသူရိယစန္ဒရားဟု
ခေါ်ကြကုံ၏။ ထိုမင်းသားကို။ ငါးနှစ်မြောက်လျှင်။အဘမင်းကြီးသည်။ အိမ်ရှေ့နှင်းတော်မူ၏။

## ငါး————————ဝမ်းဖက်

၁။ ခုနှစ်နှစ်ဝယ်ကား။ အရီးတော်ရင်၏သမီးဖြစ်သော သုပဗ္ဗာဒေဝီနှင့် ထိမ်းမြား၏အဘဖြစ်သော သူရိယကူလ
မင်းကြီးကား။ အိမ်နိမ့်လေးဆဲ့နှစ်နှစ်။ စည့်စိမ်လေးဆဲ့နှစ်နှစ်တွင်။ လွန်တော်မူလေ၏။ ၂၅။ ထိုမင်းလွ
၂။ န်တော်မူလေလျှင်။ သားတော် မဟာသူရိယစန္ဒရားသည်။ နှစ်ဆဲ့တနှစ်တွင် ပြည်ကြီး၏ စည့်စိမ်ကို။ သုဘာဒေဝီ
နှင့်စိုးအုပ်တော်မူလေ၏။ ထိုမင်းသည် အလိုတော်ခပ်သိမ်းပြည့်၍။ နှစ်မလည်ခင်လျှင်၊ ဆင်ဖြူ
၃။ ရတနာနှင့်မျောက်သားတော် မိဖုရားသည် သေလွန်ခဲ၍။ ဗေဒင်ကျော်တို့အား အကြောင်းကို မေးသော်မူလတ်
သော်။ ဓညဝတီမြို့ကြီးသည်။ ကျိမ်းခန်းကုံခဲ့သော အဖြစ်ကို။ လျှောက်ကြားပေသော်။ ဓညဝ
၄။ တီမြို့မှခွာခဲ့၍။ စစ်အင်္ဂါလေးပါးတို့နှင့် ခြံရံလျှက်။ အစည်အတိုင် ချီကြွလေပြီးသော်။ သက္ကရာဇ် ၁၅၁၃
တဆောင်မုန်လဝယ် ကံသုံဆင့်မြို့ကို တည်လှာ၏။ ထိုတည်လှာသော မြို့
၅။ သည်။ အရာမသင့်လေ၍ ခုနှစ်လအတွင်းဝယ် အမတ်ဗိုလ်ပါဆင်မြင်းတို့သည်။ သုံသိန့်မကံ သေပျောက်လေ
သောကြောင့်။ ပညာဟိတို့နှင့် တိုင်ပင်လျှက်။ မြေ၏သဏ္ဌာန်ကိုတူး
၆။ ဖြို၍။ ကြည့်လတ်သော်။ ခုနှစ်တောင်မျှလောက်သော အစောက်ဟိသော မြေ၏အောက်၌။ ခြိတ်ရည်အဆင်း
ကဲ့သို့ ချင်ချင်းနီတွတ်စွာသော မြေကျည်တခုသည်။ နဂါးသဏ္ဌာန်
၇။ ဖြင့်။ ကောင်းကင်သို့မျှော်၍နေသော ဟံကို မြင်ကြကုံသော်။ အံ့ဖွယ်သရဲကြီးစွာတကား။ ဟူသည်ကို။ အံ့ကြီး
ဟု ယနေ့တိုင်အောင် ခေါ်မှတ်ကြကုံ၏။ ထိုအရပ်တွင် စုဝေး
၈။ တိုင်ပင်ကြလျှက်။ ပြင်းစွာသော ကြောင်းကြစိုးရိမ်သည်ဖြစ်ကြလတ်မူ။ သိကြားနေရာ ပူလေ၍။
သိကြားမင်းလည်း အိမ်မက်ပေးလှာသောကြောင့်။ ဂစ္ဆဘနဒီမြစ်ကို စုံလတ်၍။ ရန္ဒဝတီမြစ်၏ အညာဖြစ်

## ငါး————————ကျောဖက်

၁။ သော။ သေလာနဒီချောင်းဝယ်။ ဝေသာလီမည်သောကျောက်လှေကား၌။ မြို့ဟောင်းရာကို နှင်းလေသော်။
သိကြားမင်းသည် ဗျည်းအဟံဖဆင်း၍။ စက်နှယ်ဝန်း၍။ ပုံလေလျှင်။ ထိုအရာတွင်။ သက္ကရာဇ် ၁၅၂ ခု။
ကဆုံလတွင်။ ဝေသာလီမည်သောမြို့ကြီးကို တည်ထောင်တော်မူလေ၏။ အတွင်းမင်ကကြီးကို တူးသောအခါ၌။
ထွက်အံ့သောရေကို နဂါးချုပ်လေ၍။ ထန်ခုနှစ်ဆင့်နက်သော
၃။ င်။ တူးပြီးမှ။ ကောင်းစွာသော ရေအယည်သည် ဝံ့တက်ပေ၏။ ဤသို့စီရင်ပြီးသော်။ မြို့နန်းပြဿဒ်ရေကန်ကြီး
တို့သည်ကား။ ခုနှစ်လတွင် ပြီးမြောက်လေ၏။ ထိုမဟာတိုင်းစန္ဒရားမင်းသည်။ အိမ်ရှေ့
၄။ လက်ထက်ကပင်။ ခမည်းတော်ကို လျှောက်ပြီးလျှင်။ မဟာမုနိသိမ်တော်ကိုဖျက်၍။ ဆောက်၏။ မဟာမုနိ
ဘုရား၏ သိမ်တော်မပြီးခင် အလိုတော်ပြည့်ကို ဖျက်၍ လုတ်ပြံ၏။ ပလ္လင်တော်ကိုလုတ်သောအခါ။ မဟာမုနိ
ဘုရားကိုင်။ တမုတ်ကြိုးဖြင့် ခြင်၍ထား၏။ ပလ္လင်ပြီးလျှင်။ တမုတ်ကြိုး
၅။ ကိုလျှော့သော်။ မကျနိုင်၍ ဟိလေလျှင်။ မင်းကြီးလည်းကြောင်းကြတော်မူ၍။ အိပ်လေသော်။ အိမ်မက်မက်
လေ၏။ သင်မင်းကြီးကြောင်းကြတော်မမူနှင့်။ ပလ္လင်အခါမဟုတ်သောကြောင့်
၇။ မကျ၍နေသေးသည်သာ။ သက္ကရာဇ် ၁၅၂ ခု တဆောင်မုန်းလပြည့် အင်္ဂါနေ့တွင် ကျလိမ့်မည်။ မင်းကြီးလည်း
အရိန္ဒမာလှန်ကို သိကြားလာ၍ နှင်းလှာမည်ဟူ၍။ အိမ်မက်ပေးတော်မူ၏။ တန်ဆောင်မုန်းလပြ
၈။ ည့် သတင်းအင်္ဂါနေ့တွင်။ မဟာမုနိဘုရားသည်။ ပလ္လင်ထက်ဝယ်။ အလိုလိုကျတော်မူလာ၏။ မင်းကြီးလည်း
တင်းသုံ၍နေ၏။ မဟာမုနိဘုရားလည်း။ အင်္ဂါနေ့တက် နေတနာရီတွင် ကျတော်မူ၏။

## စ————————ဝမ်းဖက်

၁။ မွန်းလွဲလျှင်ကား။ မိန်းမတယောက်သည်။ မိမ္မကိုကျော်၍ လှန်တဇင်ကိုကိုင်လျှက် ကူဝသို့ဝင်၍ လှန်ပျန်ကို
မဟာမုနိ ပလ္လင်တော်တွင်။ ထောင်၍ထားခဲ့၏။ ထိုမိန်းမကို သူငယ်တော်တို့လိုက်၍ ဖမ်းလေ

၂။ သော်။ မိန်းမသည် ပျောက်ခဲ့၏။ မင်းကြီးလည်း မသိသောကြောင့် မဟာမုနိကူတွင်းသို့ ဝင်ချေသော်။ တပြိုင်
နက်တည်းမိုက်၍လေးရက်တိလေ၏။ မဟာမုနိဘုရားကိုလည်း။ မပြင်ပဲ ဟိလေ၏။ လပြည့်ဝေ
၃။ ကျော်သုံရက်သောကြာနေ့မှ။ မဟာမုနိဘုရားကို မြင်လေ၏။ ထိုနေ့ လေးဗိုလ်ရုပ်ငါးနာရီတွင် လှန်ပျံကို မင်းကြီး
အားနှင့်လှာကုံ၏ လှန်ပျံဟူ၍ သိထင်ကုံ၏။ ထိုလှန်ပျံသည် အရိုးသုံးတောင်ရှည်၏။ အ
၄။ ရွက်သုံမိုက်ဟိ၏။ မိုယ်ကြိုးလက်ကောက်သုံခြည်ဟိ၏။ အောင်သွားတစုံဆွဲလျှက် ပါ၏။ အတင့်ကားစိန်။ အသွား
ကား မှန်နှင့်တူ၏။ အဆောက်ကား ရွှေနှင့်တူ၏။ အောင်သွားအနီ
၅။ အောင်က တို့ကား ပတ္တမြား။ အရိန္ဒမလှန်ပျံကိုရလျှင်။ ဝေသာလီပြည်သို့ ပြံလာခဲ့၍။ တံဆောင်မုန်းလပြည့်ကျော်
ငါးရက်တလင်္ကနေ့နေ့ အဘိသိက်ခံသည်။ ထိုနေ့ မိုးမသောက်
၆။ မှီဝယ်။ ရတနာမိုးသည်းစွာ ရွာ၏။ ထိုအခါ လူတို့သည်။ မင်းကြီးအားလျှောက်လေ၏။ မင်းကြီးလည်း
ဆင်တော်မုန် မစည်းဟူသော ဆင်ကိုစီးလျှက်။ ကြည့်တော်မူလေ၏။ ရတနာခုနှစ်ပါးကိုမြင်
၇။ လျှင်။ မင်းကြီးသည် အလွန်ဝမ်းမြောက်တော်မူ၍၊ ဆင်တော်ကဆင်းလျှက်။ နေတော်မူ၍။ လူသုံယောက်ရွက်
သော ဥစ္စာရတနာကို။ မဟာမုနိဘုရားသျှင်ပင်ကိုပင်။ တစ်ချေစေ၍။ မင်းကြီးမှာကား။ ထိုရတ
၈။ နာတို့ကို တိုက်ပေါင်းနှစ်ဆယ်နှင့် ဆောက်၍ထားပေ၏။ ကြွင်းသောဥစ္စာတို့ကိုကား။ ပြည်သူလူခပ်သိမ်းတို့အား
ယူလေစေ၏။ မရေတွက်နိုင်သော ဥစ္စာတို့ကို ရလေကုံ၏။ လှန်ရသောအခါ ရတနာ

**စ---------ကျော့ဖက်**

၁။ မိုယ်းရွာသောအခါသည်။ မင်းကြီးသက်တော်သည် နှစ်ဆယ်နှစ်နှစ်ဟိ၏။ ပြည်ထောင်ချင်းမင်းတို့သည်လည်း။
အရိန္ဒမလှန်ပျံရသည်နှင့်။ ရတနာမိုယ်ရွာသည်ဟု ကြားလေလျှင်။ မင်းစေတမာန်လွှတ်၍စမ်းစေ
၂။ လှာကုံ၏ ထိုမင်းစေ့တို့အား၊ ရတနာတို့ကိုထုတ်၍။ ပေးလိုက်၏ အရိန္ဒမလှန်ပျံနှင့် မုန်မစဲဟူးသော ဆင်ဖြူတော်
ကို ထုတ်၍ပြလိုက်၏။ ပေးလိုက်သော ရတနာတို့ကို ပစ်စီယူ၍၊ အသျှင်မင်းအားဆက်
၃။ ကြလေ၏။ ပြည်ထောင်ဘက်မင်းတို့သည်လည်း ဝမ်းသာအားရဟိကုံ၏။ ငါတို့မင်းများနှင့်မတူကြပြီဟူ၍
သမီးကညာရတနာဆင်မြင်းတို့ကို ဆက်လှာကုံ၏။ အချို့သောမင်းတို့သည်ကား။ ကျစ်သော
၄။ င်း၍နေလေကုံ၏။ အဏ္ဏသိယ်ပြဟ္မသိယ်ဟူသော ကျောက်နှစ်လုံမ်းကို ရှေ့သူတော်ကောင်းတို့သည် အကယ်
စင်စစ်အမှတ်ပြုအံ့သော် ခပ်သိမ်သောဆုတို့ကို သူတော်ကောင်း
၅။ အမှတ်ဖြင့်။ ပူဇော်သကာ ပြုကြကုံ၏။ ထိုကျောက်ထက်က နေ၍။ လုံပျံကို ထိုးထိုက်သော်။ ကျမ်းသောင်းသော
မြို့ရွာမင်းတို့ကို။ ပိုင်တော်မူလေ၏။ ထိုလုံပျံကို ထိုးနိုင်သောသူကား။ မင်း
၆။ ကြီးတယောက်။ ပုဂ္ဂသျှင်ရှိတယောက်။ ဤသုံယောက်သာလုံကိုထိုး၍ မြောက်နိုင်သတည်း။ ထိုမင်းလက်ထက်
သဘော်တထောင်ရောက်၍။ ကုံပြုသော်လည်း။ ရွှေငွေဥစ္စာတို့
၇။ သည်။ မကုံနိုင်သည်ဖြစ်၏။ ဥဒင်္ဂုရုပဆိုးတအုပ်ကိုလည်း။ ဝိဇ္ဇာထိုရဇော်ဂီတို့လာ၍ပေးလှော၏။ ထိုပုဆိုးကို။
မဟာမုနိဘုရားအား။ ကထိန်လှူတော်မူလေ၏။ သက္ကရာဇ် ၁၅၅ ခုကဆုံလတွင်။ အထက်ရံ
၈။ ပြကျွန်းကို။ သဘော်အစင်သုံဆယ်တို့သည် ဖျက်လေ၍ ကြွင်းကျန်သောလူတထောင်နှစ်ရာတို့ကို။ ရခိုင်မင်းက
သွင်း၍ထားလေ၏။ ထိုလူတို့သည်။ ရမ်းပြကျွန်းသို့သွား၍ တည်ထောင့်လိုသည်အကြောင်း

**စာ--------------ဝမ်းဖက်**

၁။ နှင့်။ မဟာတိုင်းစန္ဒရားမင်းကြီးကို။ ဖြူကြီးကလျှောက်လေလျှင်။ ဆရာတော်ဝိနည်းထိုလည်း။ ရံပြကျွန်းသည်
အမတ်တထိုင်စားလောက်သောကျွန်းဖြစ်သောကြောင့်။ ရွာပြည်ဖြစ်အောင်တည်သင့်သည်ဆို
၂။ လျှင်။ မဟာတိုင်းစန္ဒရားမင်းလည်း။ အမတ်လက်ဝဲမြန်ကိုစေတော်မူလိုက်၍။ သင်းတော်ဖြူကြီး သိန်ခေါင်
ကာဖြူ။ တိုင်နှင့် သွား လေ့၍။ ရံပြကျွန်းသို့ရောက်လေသော် ချောင်းတခုကိုတွေ့၍။ ဤချောင်းသ
၃။ ည်။ အဘယ်ချောင်နည်းဟုမေးသော်။ တမြချောင်းဟုခေါ်၏။ ထိုချောင်းကသွားလေလျှင်။ မြောင်းတခုကို
တွေ့လေ၏။ ဤအရပ်သည် ရေချမ်းသည်ဖြစ်၍၊ ရေချမ်းကြီးဟု မှည့်ပြီးသော်။ ရွာတည်ထောင်လေ၏။

၄။ ကြွင်းသောရွာတို့ကို အမည်နာမပေးပြီးလျှင်။ အမတ်ကြီး လက်ဝဲမြန်သည်။ ပြန်တော်မူခဲ့၏။ ထိုမဟာတိုင်း
စန္ဒရားမင်းသည်။ သာသနာတော်ကိုလည်း အလွန်ပြုစုတော်မူသောကြောင့်။
၅။ မီးကဲ့သို့ ထွန်းတောက်ပစွာ၏ ပြည်သူလူရဟန်းတို့ကိုလည်း။ စီးပွားချမ်းသာကို များမြောင်စွာဆောင်ရွက်တော်မူ
ပေ၏။ ထိုမင်းကား အိမ်နိမ့်နှစ်ဆဲ့တနှစ်။ ပြည့်စည့်စိမ်နှစ်ဆဲ့နှစ်နှစ်။ နှစ်စုသ
၆။ က့်တော်လေးဆဲ့သုံးနှစ်တွင် လွန်တော်မူလေ့၏။ ၁။ ထိုမင်းလွန်တော်မူလေလျှင်။ နေလနှစ်ပါးထင်ရှားမြင်လျှက်။
ဖွားသောကြောင့်။ ထိုမင်းသားကို သူရိယတိုင်း စန္ဒရားဟုမှည့်ကုံ၏။ ထိုမင်းသည် စောနန္ဒီဟူသော
၇။ မျောက်သားတော်နှင့် အဘိသိက်ခံ၍၊ သက္ကရာဇ် ၁၇၂ ခုတွင်။ ပြည်စည့်စိမ်ကို စိုးအုပ်တော်မူလေ၏။ ခမည်း
တော် မလွန်မှီတနှစ်ကပင် သိမ်တော်မီးလောင်လေသည်ကို။ ဗိသုကာကြံတို့နှင့်ညီအောင်ဆော
၈။ က်လုတ်တော်မူ၏။ ပလ္လင်တော်ကိုလည်း မီးလောင်လေသောကြောင့်။ ကျောက်နှင့်လုတ်ပြံ၏။ စုလစ်မောင်းချွန်
တို့ကို။ ကြေးပြားဖြင့် မွှမ်း၏။ သက္ကရာဇ် ၁၇၂ ခုနတ်တော်လပြည့်သောကြာနေ့တွင်။ မဟာမုနိ

## စာ-----------ကျောဖက်

၁။ သိမ်တော်ကို ဆောက်၏။ ပြာသိုလ္ဆန်းငါးရက် ဗုဒ္ဓဟူးနေ့တွင်။ ဆင်ဖြူနှင့် လှန်ပျံကို ရပြံလေ၏။ ဆင်ဖြူဟိုင်း
တစ်စီးကိုလည်း။ ယိုးတယားမင်းက ဆက်လှာ၏။ သိမ်တော်လုတ်ပြီး၍ အလှူကြီးပေးအံ့သောအခါ အရှေ့ပုဂ္ဂံ
၂။ ပြည်ရဟန်းနှင့်။ သိန်းယိုင်ဌရဟန်းတို့ကို ပင့်ချေစေ၍၊ အလှူကြီးပေးတော်မူသောခါလည်း။ ထီးဖြူဆောင်းမင်းတို့
သ်ည ငါးကျိတ်သုံယောက်ရောက်လှာကုံ၏။။ မလွိဒိဃာလာမင်းသည်။ မလာသောကြောင့်။
၃။ မျက်တော်ဟိ၍။ လုံပျံကို စေလွှတ်လိုက်လျှင်။ ဥခေါင်တွင် စူး၍သေလေ၏။ ထိုလှန်ပျံကို မျက်တော်မဟိပဲ။
လွှတ်လိုက်လျှင် နန့်ရင်ပြင်တွင် သာကျသည်။ မျက်တော်ဟိ၍ လွှတ်သည်ဟိသော်။ ခေါင်တွင်
၄။ ကျ၍သေလေ၏။ အလှူကြီးပေး၍ ရေခက်သွမ်းစည်တွင်လည်း။ ရတနာအပြည့်နှင့် သင်္ဘောခုနှစ်စင်း ရောက်
လှာ၏။ ထိုသင်္ဘော၌ပါသော လူတို့သည် အလိုလိုပျောက်ခဲ့၏။ သုံနှစ်ဟိလျှင်
၅။ ရတနာမိုယ်ရွှာပြံ၏။ မင်းများတို့သည် အလွန်ကြောက်ကုံ၏။ မင်းများတို့ကိုဆို၏။ အချင်းမင်းမှုနားတို့
ဘုန်းတော်ကို ကြည်လို၏ဟောဟု ပုဆိုအခွတ်ကို ဝတ်ပြီးလျှင်။ မြင်းခွာပြည်းကို စီးလျှက်။
၆။ မဟာမုနိဘုရားသိမ်တော် အရှေ့ဘက်ပြင်တွင် စိုင်၍ပြတေ၍ မှုံလေ၏။ မြင်ခြေလျှင်သောကြောင့်၊ ပုဆိုးအခွတ်
သည် သွေးလေ၏မင်းများတို့လည်း ကြောက်ရွံ့တုံလုပ်ကုံ၏။ ထိုမင်းသည် ပြည်သူ့လူအပေါင်းတို့၏အကျိုး
၇။ စီးပွားကို များမြောင်စွာ ဆောင်ရွက်၏ ပြည်သူလူခပ်သိမ်းတို့သည်လည်း။ သရဏဂုံပဥ္စသီသတင်းတို့ကို
အမြဲလျှင်ဆောက်တည်ကုံ၏။ ထိုသူရိယံတိုင်းစန္ဒရားမင်းသည်။ အိမ်နိမ့်သုံဆယ်ကိုးနှစ်။ စည်းစိမ်နှစ်ဆ
၈။ ယ်။ နှစ်စုသက်တော် ငါးဆဲ့ကိုးနှစ်တွင် လွန်တော်မူလေ၏ ၂။ ထိုမင်းလွန်လေလျှင်။ သားတော်မောရလစန္ဒရား
မင်းသည်။ သုနန္ဒီမည်သော မင်းသမီးရတနာနှင့် အဘိသိက်ခံ၍။ သက္ကရာဇ် ၁၉၂ခုတွင်။ ပြည်စည့်

## စိ-------------ဝမ်းဖက်

၁။ စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကား လှန်လက်နက်ကိုလည်းရ၏။ ရတနာသုံမွှားကိုလည်း အလွန်လျှင်ကြည်
ညိုမြတ်နိုးစွာ၏။ ပဥ္စသီသတင်းကိုလည်း မပြတ်ဆောက်တည်လျက်။ များစွာသောအ
၂။ လှူတို့ကိုလည်း။ အမြဲလျှင် စွမ်းကြဲတော်မူ၏။ ပေးကမ်းစွန့်ကြဲခြင်းလည်း များစွာ၏။ ရုပ်တုတော် မဟာမုနိက
စ၍။ မွေတော်ဓာတ်တော်အပေါင်းတို့ကိုလည်း။ အတိုင်းထက်အလွန်ကဲ၍။ ပူဇော်သကာ
၃။ များစွာပြု၏။ ထိုမင်းကား အိမ်နိမ့်သုံဆယ့်ခြောက်နှစ် စည်စိမ်တဆဲ့ကိုးနှစ်။ နှစ်စုသက်တော် ငါးဆဲ့ငါးနှစ်တွင်။
လွန်တော်မူလေ၏။ ၃။ ထိုမင်းလွန်လေလျှင်။ သားတော်ပေါလတိုင်းစန္ဒရားသည်။ မျောက်
၄။ သားတော်ရောဟနီမင်းသမီးနှင့် အဘိသိက်ခံ၍။ သက္ကရာဇ် ၂၁၁ ခုတွင် ပြည်စည့်စိမ်ကို စိုးအုပ်တော်မူလေ၏။
ထိုမင်းသည် ရတနာလျှင်ရှင်ကိုလည်း ရ
၅။ ၏ ဇမ္ဗူမြေပြင်ထက်။ ပြည်ထောင်ချင်းမင်းတကာတို့၏ အတုတ်အခွန်ကိုလည်း ခံစားတော်မူ၏။ ရတနာသုံးပါး
အားလည်း မပြတ်ကိုးကွယ်သော အံ့လေဟိ
၆။ ၏။ သူတော်ကောင်းတို့ ဆုမ္မစကားကိုလည်း တည်တော်မူ၏။ ဒါန သီလ ဇာဂတည်းဟူသော အကျင့်နှင့်လည်း

မွေ့လျော်တော်မူပေ၏။ တိုင်းကားနိုင်ငံတို့လည်း စည်ပင်ပြန့်ပွား ငြိမ်းချမ်းသာယာ၏။
၇။ ထိုမင်းဝယ်လည်း ရတနာမိုယ်ငါးကြိမ်ရွာ၏။ ထိုမင်းကား အိမ်နိမ့်သုံးဆယ်သျှစ်နှစ်။ စည်စိမ်နှစ်ဆဲ့ခြောက်နှစ်။
နှစ်စုသက်တော်ခြောက်ဆဲ့လေးနှစ်တွင် လွန်တော်မူလေ၏။ ၄။ ထိုမင်းလွန်လေလျှင်။
၈။ သားတော်ဖြစ်သော ကာလတိုင်းစန္ဒရားသည်။ မည်းခွာသောအသားဟိသောကြောင့်။ ကာလတိုင်းစန္ဒရားဟုခေါ်
ကြကုံ၏။ ထိုမင်းသည် မြောက်သားတော်မိဖုရားနှင့်။ အဘိသိက်ခံ၍ သက္က

**စီ---------ကျောဖက်**

၁။ ရာဇ် ၂၃၇ ခုတွင် ပြည်စည်စိမ်ကို စိုးအုပ်တော်မူ၏။ ထိုမင်းမောင်နှံနှစ်ပါးစုံတို့သည်ကား။ မညီမညွတ်သောစိတ်
နှလုံမ်းဖြင့်။ ရတနာသုံးပါးတို့ကိုလည်း သဒ္ဓါခြင်းလျှစ်လျူဟိ၏။ အလျူသီတင်း၌လည်
၂။ မွေ့လျော်ခြင်း လျှစ်လျူဟိ၏ ပြည်ရွာတိုင်းကားတို့သည် စီးပွားချမ်းသာကိုလည်း။ ပြန့်ပွားကဲတက်အောင်
လုတ်ရေကြနိဝှန်တို့ကိုလည်း။ နှလုံမ်ဝယ်မေ့လျော့၏။ အမျိုးလေးပါးတို့၏ စီးပွားချမ်းသာကိုလည်း စော
၃။ င့်ရှောက်ခြင်းမဟိသည်ဖြစ်၍။ ပြည်ရွာတိုင်းကားတို့သည်လည်း။ မငြိမ်းချမ်းသည်ဖြစ်၍။ ရတနမိုယ်သည်
လည်ရွာခြင်းမဟိ နတ်လုန်ရှင်သော်ကား ဖြစ်၏။ ထိုမင်းကား အိမ်နိမ့်သုံးဆယ်နှစ်၊ ပြည်စည်
၄။ စိမ်ကိုးနှစ်။ နှစ်စုသက်တော်လေးဆဲ့တနှစ်တွင်။ လွန်တော်မူလေ၏။ ၅။ ထိုမင်းလွန်လေလျှင်။ သားတော်မူလစန္ဒ
ရားသည်။ ရှုပိနီဟူသော မင်းသမီးနှင့် အဘိသိက်ခံ၍ သက္က
၅။ ရာဇ် ၂၄၆ ခုတွင် ပြည်စည်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကား အထူးထူးအပြားပြားသော ဩဇာအရသာ
တို့ကို စားနိုင်သောအလေ့ဟိသဖြင့်။ အစွမ်းခွံအားနှင့် ပြည့်စုံ၏။ ကို
၆။ ယ်လက် အလွန်ဆူပျိုးသောကြောင့်ကား။ မူလတိုင်းစန္ဒရား အမည်ခေါ်ကြကုန်၏။ ရတနာမိုယ်ရွာခြင်း နတ်လုံရ
ခြင်းတို့သည်ဖြစ်၏။ စည်စိမ်မနောဖြင့် စည်စောင်းညှင်းကခြင်း သီခြင်းစသောပျော်
၇။ ဖွယ်သဘင်ကိုသာ ရှုမျှော်ခြင်းအားထုတ်၍။ သူတော်ကောင်းတို့၏ ဆုမ္မခြင်း၌ မတည်နိုင်သောကြောင့်။ ရတနာ
သုံပါးကို ကြည်ညိုခြင်း၌လည်း၊ လျှစ်လျူဖြစ်၏။ ဒါန သီလဇာဂတည်းဟူသော မင်းကျင့်
၈။ တရား၌လည်း လျှစ်လျူဖြစ်၏။ ရှေ့မင်းတို့၏ ကျင့်ရိုးကျင့်စဉ် ဓမ္မသတ်ကျမ်းကန်ကို ရှေ့ရှုမပြုခြင်း ပြည်သူ့စီးပွား
တို့ကို မစောက်ရှောက်ခြင်းတို့သည် ဖြစ်၏။ ထိုမင်းကား အိမ်နိမ့်နှစ်ဆဲ့နှစ်။ စည့်စိမ်တဆဲ့ကိုးနှစ်။

**စီ------------ဝမ်းဖက်**

၁။ နှစ်စုသက်တော်လေးဆဲ့တနှစ်တွင်။ လွန်တော်မူလေ၏။ ၆။ ထိုမင်းလွန်လေလျှင်၊ သားတော် သီရိတိုင်းစန္ဒရား
သည် နှမတော်ရင်းဖြစ်သော ကဥ္စနမာလာနှင့်။ အဘိသိက်ခံ၍။ သက္ကရာဇ် ၂၆၅ ခုတွင် ပြည်စည်စိ
၂။ မ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းသည် ပြည်သူတို့၏စီးပွားချမ်းသာဖြစ်ကြောင်းကို စောင့်ရှောက်တော်မူ၏။
ရတနာလုန်ရှင်လည်း ရ၏။ ထိုမင်းကား အလွန့်အစွမ်းခွန်အားနှင့်လည်း ပြည့်စုံ၏။ ဘုံ
၆။ တံခိုးကျက်သရေလည်း အလွန်တောက်ပ၏။ ပြည်တိုင်းကားဝယ် အမျိုးလေးပါးတို့၏ စီးပွားချမ်းသာများကြောင်း
ကို လည်း ကြံဆောင်ဆောက်တည်၏။ နူညံ့စွာသော စိတ်တော်ဖြင့်လည်း သူခပ်သိမ်းတို့အား
၄။ သနားမေတ္တာကရုဏာသျှည်ခြင်း ရတနာသုံးပါးတို့အား အလွန်ကြည်ညိုမြတ်နိုးခြင်း၊ ဒါန သီလ ဇာဂတို့၌လည်း
အလွန်မွေ့လျော်သောကြောင်။ နတ်လူအပေါင်းတို့ကား မျက်မြင်မျက်
၅။ ကွယ်မြတ်နိုးစွာ၏။ ထိုမင်းကား အိမ်နိမ့်တဆဲ့ခုနှစ်နှစ်၊ စည်စိမ့်သုံးဆယ်နှစ်နှစ်။ ၂စုသက်တော်လေးဆဲ့ကိုးနှစ်
တွင် လွန်တော်မူလေ၏။ ၇။ ထိုမင်းလွန်လေလျှင် သားတော်သိယ်တိုင်းစန္ဒရား
၆။ သည်။ မျောက်သားတော် သုဝဏ္ဏဒေဝီနှင့်။ အဘိသိက်ခံ၍ သက္ကရာဇ် ၂၉၇ ခုတွင် ပြည်စည်စိမ့်ကို စိုးအုပ်တော်
မူလေ၏။ ထိုမင်းကား ရွှေအဆင်းနှင့် တူသောကြောင့်. ။ သိခ်တိုင်းစန္ဒရားဟု မှည့်သတည်း။ ထို
၇။ မင်းသည် ထင်ရှားကျော်ဇောဟိ၏။ ရတနာမိုယ်လည်းရွာ၏။ ဘုံတန်ခိုးအလွန်ကြီး၏။ အရှေ့ပြည်ပုဂံပြည်က
ပုသိကာတိုကို လွှတ်လိုက်၍။ သိခ်တိုင်းစန္ဒရားမင်းကို လုည့်ပတ်ရှာ၏။ အရပ်သျှစ်မျက်နှာတွင်ထား
၈။ သော နတ်ရုပ်တို့ကို ဘုရားရုပ်ထုစေ၏။ နတ်ရုပ်ကိုကား အသစ်ထု၏။ လှည့်ပတ်လှာသောသူ၏အမည်ကား။
မဇလုံဟူသော သူတယောက်။ လာသကဟူသောအမတ်ကြီးလည်းတယောက်။ ဤသူနှစ်ယောက်

**စီ---------ကျောဖက်**

၁။ တို့သည်။ ဆင်မြင်းနှင့်တကွ ဝင်လှာ၏။ ဘုရားလည်း အလွန်တက်၏။ အဌာရသတို့ကိုလည်း ဆောင်နိုင်၏။
သန်တိုင်းစန္ဒရားကို လှည့်ပတ်လျှက် ခြောက်လတိုင်အောင် ရေနွေးနှင့် ဥခေါင်းဆေးစေ၏။ ထိုစကားကို မင်းသား
၂။ အဘနှစ်ယောက်တို့သည်။ နားမှာချေ၍။ အသက်မရှည်ဖြစ်လေ၏။ ထိုမင်းသား အိမ်နိမ့်တဆဲ့သျှစ်နှစ်။ စည့်စိမ်
တဆယ်ခြောက်နှစ်။ နှစ်စုသက်တော် သုံးဆဲ့လေးနှစ်တွင်။ လွန်တော်မူလေ၏။ ၈။ ထိုမင်းလွန်လေလျှင်။
၃။ သားတော်စူဠတိုင်းစန္ဒရားသည်။ မျောက်သားတော်စန္ဒဒေဝီနှင့်။ အဘိသိက်ခံ၍။ သက္ကရာဇ် ၃၁၃ ခုတွင်
ပြည့်စည့်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကား အဆင်းအဝါအစွမ်းခွန်အား လက်ရုံးမ်းတံခိုးနှင့်လည်း။
၄။ ပြည့်စုံ၏။ ရတနာသုံးပါးတို့ကိုလည်း။ အလွန်လျှင်။ ကြည်ညိုမြတ်နိုးစွာ၏။ ထိုအခါ၌။ မိုဃ်လည်အကြိမ်များစွာ
ရွာပေ၏။ ရတနာဖြင့်ပြီးသော အရိန္ဒမာနတ်လှန့်လက်နက်ဖြင့်လည်း။ ပြည်ထော
၅။ င်ချင်းမင်းအလုံမ်းတို့ကိုလျှင်။ ခြေတော်စက်စုံ၍။ ရှိညွတ်စေ၏။ ထိုစူဠတိုင်းစန္ဒရားမင်းကြီးကား။ မရေတွက်နိုင်
သော ဆင်မြင်းတို့နှင့် နွားလားသင်းစု ကိုးခု အမွေးဟိသော ရမက်ဗိုလ်
၆။ ပါးတို့ကိုလျှင်။ ကိုးသောင်းပတ္တာသောလှေကြီးတို့သည်။ ခြံရံ၍။ သက္ကရာဇ် ၃၁၅ခုတံဆောင်မုံလတွင်။ တိုင်းခွင်
လည်အံ့ဟု အနောက်သူရတန်ပြည်သို့ ချီတော်ပြသောအခါ။ သူရတန်ပြည်သို့။ ခေ
၇။ ရောက်လေလျှင်။ မူးတော်မတ်တော် စသော ပညာဟိအပေါင်းသည်။ ဤဇမ္ဗုမြေအပြင်ထက် အသျှင်မင်းကြီးကို။
စစ်မက်ပြုရအံ့သောသူမည်ကား။ မဟိရာဖြစ်သောကြောင့်။ စစ်မက်။
၈။ ဆောင်သော် မပြုကောင်း။ ရတော်မူသော အရိန္ဒမာလှန်လက်နက်ကို။ စေလွှတ်တော်ပြု၍။ တရားသဖြင့်
ယူတော်ပြုသော်ကောင်း၏ ဟု နားတော်လျှောက်ကြပေမှ။ နတ်လှန်လက်နက်ကိုစေ

**စု----------ဝမ်းဖက်**

၁။ လွှတ်တော်ပြုလျှင်။ အနောက်သူရတန်မင်းကစသော ထိုထိုသော မင်းများတို့သည် လက်ဆောင်ပဏ္ဏာကာရံများ
မြောင်စွာလျှင်။ ကျွန်တော်ချည်းခံချ်လှာကုံ၏။ ထိုအရပ်ဝယ်။ ကံကြီးလည်းတူ၏။
၂။ ကျောက်စာတိုင်လည်း ဆောက်၏။ ထိုနှစ်စစ်မထိုးကောင်းဟူ၍။ ပြလတ်ကုံသည်ကို။ စစ်တကောင်းဟူ၍ ယနေ့
တိုင်အောင် ခေါ်တွင်ကုံ၏။ ထိုမှသည် ဝေသာလီပြည်ကြီးသို့ ကြွတော်မူလတ်၍။ ခ
၃။ ခပ်သိမ်းသောအမျိုးလေးပါးတို့၏ စီးပွားချမ်းသာကို စောင့်ရှောက်တော်ပြုလျှက်။ ရတနာနတ်လှန်ရှင်ကို ဇမ္ဗုကျွန်း
လုံမ်းဝယ် ခပ်သိမ်းသောပြည်ထောင်မင်းတိုင်၏ အတုပ်အခွန်ကို ခံစားတော်ပြုလျှ
၄။ က်။ နတ်တို့၏ ဘုန်းကိုအစိုးရသော မိုးသကြား၏စည်စိမ်နှင့် နှိုင်းရှည်အပ်သော။ မင်း၏မနောဖြင့် စံပျော်တော်မူ
သော်။ သက်တော်နှစ်ဆဲ့သုံ့နှစ်ဟိပြီးမှ။ ဥကြပ်အနာသည်ဖြစ်
၅။ လတ်သောကြောင့်။ ပညာဟိပေါင်းကိုင်။မေးတော်ပြုလတ်သော်။ ထိုမင်း၏ဘုန်းတော်ကြောင့်ဖြစ်သော။
နတ်မျက်စိကဲ့သိုင်ဖြစ်ပေလျှဆက်။ နောက်ဖြစ်ရှေ့
၆။ ဖြစ်ကို မြင်တတ်သော ဗေဒင်ဆရာကျော်တို့သည်။ သောင်းတိုက်ပတ်လုံမ်းဝယ်။ ပြည်ထောင်တကာတို့၏ မကိုဋ်
မုံကင်းဖြစ်တော်မူသော။ မောက်တော်ဘုရားသျှင်မင်းကြီးသည်။ ပဥ္စာလရာဇ်
၇။ မည်သော သင်းထွေးပြည်၌။ ခွေးငယ်တဇာတ်ဖြစ်ခဲ့ဘူးသောခါ။ ထိုခွေးငယ်သေခဲလျှင်။ ဥခေါင်းခွန်ကို တခုသော
ညောင်ပင်ခွကြား၌။ ချပ်၍ထားသော်။ ကာလရှည်လျှားသဖြင့်။ ထိုညောင်ပင်သဉ်။
၈။ ပျိုမှီလေ၍။ လေခပ်လျှင် လုတ်လျှားသောကြောင့်။ ယခု လူအဖြစ်ဝယ်။ ဦးဥခေါင်တော်အနာသည် ဖြစ်လှာ
သတည်းဟု လျှောက်ကုံသော်။ မင်းကြီးလည်း။ သင်းတွဲပြည်သို့ ကြွတော်မူလိုသောနှလုံး

**စု-----------ကျောဖက်**

၁။ တော်သည် ဟိလတ်၍ ငါခြေဆန့်တော်မူအံ့သတည်းဟူသော် မံကမ္ဗည်းစာစောင်ကို ဆွဲလျှက် နတ်လှန်ရှင်ကို
လွှတ်လိုက်၏။ ထိုအရိန္ဒမာလှန်ကား။ ခရီးအကြားသည်။ နှစ်လခွဲဟိသောတွဲပြဉ်
၂။ သို့။ ထိုခဏဝယ်ရောက်လေ၍။ မိုဃ်ကြိုးသကဲ့သို့ အသံကိုဖြစ်စေလျှက်။ မင်း၏ရင်ပြင်တော်သို့ ကျလေသောခါ
မှူးမတ်တံကာစသော။ ပြည်စိုးစစ်သူကြီး အိမ်ရှေ့မင်းတို့သည်။ ကောကချေ

၃။ သော်လည်မရနိုင်သည်ဖြစ်၍။ ထိုသင်တွဲမင်းကြီးသည်။ ကိုယ်တိုင်ထတော်မူ၍။ ရှိသေညွတ်ကျိုးလျှက်။
ကောက်ချေမှ။ အရိန္ဒမလှန်ပုံကို ရလေ၍။ ကမ္ပည်စာရင်းကို ကြည့်လေသော်။ သင်းတွဲမင်း
၄။ ကြီးလည် ကြောက်စွာလွန်း၍။ အသျှင်နိုင်ငံတော်ဖြစ်သော။ ဤသင်းတွဲပြည်သို့။ ခြေတော်စက်စုံ ဆန့်စေချင်၏။
ဟု။ ရွှေစာလက်ဆောင်ရေးလိုက်၍။ ပေါက်ပေါက်တဆော
၅။ င်ပန်းတောင်ဆီမီးဖြင့် ပူဇော်၍ လွှတ်ပြန်လိုက်၏။ စူဠတိုင်းစန္ဒရားမင်းကြီးလည်း။ လှန်ရှင်တော်သည်လာ၍
ရောက်လှာ၏ဟု လက်ဆောင်ရွှေစာကို မြင်တော်မူလျှင်။ အလွန်ဝမ်း
၆။ မြောက်ဝမ်းသာသဖြင့်။ နတ်မျက်စိကိုရသော။ ဥတမဇောတသီဇောစ်သော ဘုရားဖြူ ဘုရားညိုတို့အား။ သွားအံ
သောအခါကို မေးတော်ပြု၏။ ဘုရားတို့လည်း ဤနှစ်ကာလဝယ်။ ကြွတော်မပြုသ
၇။ င်။ ကြွတော်ပြုလိုသော။ ပြံကျိန်းမဟိပါဟု နားတော်လျှောက်ပေသော်။ ထိုစကားကို မနာလို ။ မင်း၏အလိုသို့
လိုက်၍ လျှောက်ပေသော်။ ဘုရားသုံးကျိတ်တို့၏ စကားကိုသာနှလုံမ်တော်သွင်းသ
၈။ ဖြင့်။ ကြွအံဟု။ စီရင်ပြီးသော်။ ကိုယ်ဝန်နှင့်တကွသော စန္ဒဒေဝီမိဖုရားအား။ သိကြားမင်းပေးသော
ပတ္တမြားလက်စွပ်ကို လက်တော်မှ ချွတ်၍နှင်းပြီးသော်။ ဤသို့မှာတော်ပြုခဲ့၏။ မျောက်သားတော်မိ

**စူ-----------ဝမ်းဖက်**

၁။ ဖုရား။ ငါသော်တမူကား။ ရပ်ဝေးမြေခေါင်သို့ကြွတော်ပြုလိမ့်မည်။ မျောက်သားတော်မူကား။ သီလသတင်းကို
သာ မြဲစွာဆောက်တည်လျှက်။ ပြည်တိုင်းကားကို စိုးကပ်၍ နေပါ။ ပလ်ယ်သမုဒ္ဒရာခရီးဆို
၂။ သည်ဘေးအလွန်များစွာသောကြောင့်။ ငါသည်မပြန်ငြားသော်ကား။ ဤလက်စွပ်နှင့်တိုင်း၍။ တံသောသူအား
လျှဆင်။ မင်းပြုရစ်စေဟု အမိန့်တော်ထားခဲ့ပြီးမှ။ ရွှေလှေပြသဒ်သို့ စီးတော်ပြုလျှက်။ ကိုးသော
၃။ င်းသော ပိတ္တာနှင့်တကွ ကြွတော်မူလေ၍။ ဒွါရာဝတီမြို့ဝယ်။ လက်ဆောင်ပဏ္ဏာကာရကို ခံခဲ့ပြီးမှ။ ပင်လယ်
လှည့်လေသော်ခါ မင်းကြီးပစ်တော်မူသော စားတော်ကွမ်းဘတ်ကို။ နဂါးမင်းသမီးရလေသော်
၄။ ရှေ့ဘဝ၌။ ၃နှစ်ဖြစ်တိုင်အောင်။ အချန်မဲ့လင်မယားဖြစ်ခဲ့ဘူးသောကြောင့်။ ဝါသနာပါလတ်သည် အကြောင်း
ကြောင့်။ အလွန်တပ်မက်မောသည်ဖြစ်၍။ အဘရေနေတ်မင်းအား
၅။ ရကြောင်းကို တောင်ပံလေသော်။ ယခုမခင်ပြီ။ ပြံခါမှ။ ငါယူအံ့ဟု သမီးအံ့ဝန်ခံလေ၏။ စူဠတိုင်းစန္ဒရားမင်းကြီး
လည်း။ ဟံသာဝတီမည်သော ပဲကုန်ပြည်ဝယ်၊ သတုံမင်းတို့၏ လက်ဆော
၆။ င်ပဏ္ဏာကာရကို ခံပြီးမှ. ဧရာဝတီမြစ်လျှောက်ဆန်လေ၍။ သရေခေတ္တရာမင်း၏အသျှင်ဖြစ်သော မင်းကို
ဘူးမြင်လာသည်ကိုင်။ ခန့်ခဲ့၍။ ဆန်တော်မူလေသော်။ မိုးညှင်းမိုးကောင်းအုံပေါင်းမိုးနဲ။ မိုးထုံမိုးသွ
၇။ ယ်။ မိုးလောင်းပန်းလောင်း။ စသောမြစ်ညာမင်းတို့သည်လည်း များစွာသော လက်ဆောင်ပဏ္ဏာကာရံနှင့်
ဘူးမြို့ကြိုဆိုကုံလျှက်။ ခြံရံလျှက်။ သမီးရတနာမြတ်ကို လက်ဆောင်ပြု၍ ဘူးမြင်လင့်၏။ စူဠတိုင်းစန္ဒရားမင်းကြီး
လည်း။ ထိုညောင်ပင်ကို ရအောင်ရှာလေ၍။

**စူ---------ကျောဖက်**

၁။ မီးတိုက်ပြီးမှ။ အတိုင်းအရှည်ဟိသော ဇေတီကိုတည်၍ တံဆာဆင်သော။ ပဏ္ဏီဝိကံနားကြီးဝယ်။ ခြောက်သိန်း
သော ရွှေငွေဥစ္စာရတနာတို့ကို စွန့်၍ ကြီးစွာသောအလှူကိုလှူလေ၏။ ထိုစူဠတိုင်းစန္ဒရားမ
၂။ င်းကြီးကား။ မြတ်လှစွာသော အဆင်းအဝါနှင့် ပြည့်စုံသောသွီးကညာတိုင်နှင့်။ စည်စိမ်မတေနာ ပျော်ပါး
မွေ့လျော်လွန်ရာဝယ်။ မေ့ကျန်လေသောကြောင့်။ ပြည်တော်သို့ပြုတော်မပြုပဲ။ သုံးနှစ်စင်လျှင်။ မြင့်မြံစွာ
ကြာလေသောကြောင့်။ ခြွေရွှေမှူးမတ်တို့သည် မလျှောက်မကြားကုံသောကြောင့်။ စောင်းပြန်ညှင်းပြံကိုသာနေ့
ညည့်မပြတ်တီးမှုတ်စေ၏။ ထိုသို့တီးမှုတ်သော အသံကို ကြားလတ်သော်မှ။ ဤအသံ
၄။ ကား။ အသို့လျှင် တီးမှုတ်သနည်းဟူ၍ မေးတော်ပြုသော် မှူးမတ်တို့ကား အသျှင်မင်းကြီး ဤပြည်သည်ကား
အသျှင်ပြည်တော်မဟုတ် ပြည်တော်သည်ကား။ ဇမ္ဗူအပြင်ထက်။ တရာတစ
၅။ င်းမင်းတို့သည်။ အထုပ်အခွန်သွင်းအရာဖြစ်သော။ ဝေသာလီမည်သော ရွှေပြည်တော်သို့ ပြံစေသောငှါလျှင်။
တီးမှုတ်ကြသည်တည်းဟု လျှောက်ကြားပေမှ။ ပြန်တော်မူလိုသောနှလုံးတော်

၆။ သည် ဟိလတ်၍။ များစွာသော စီရင်ခြင်းကိုဖြင့်။ ပြန်တော်မူလတ်၍။ ပလ်ယ်သို့ရောက်တော်မူလေလျှင်။
နဂါးမင်းသည်တံခိုးကြီးစွာ ဖံဆင်းလျှက်။ လိုက်လတ်လျှင်။ စင်တိုင်းသောလှေတို့ကို။ မီးလျှံကဲ
၇။ သို့ အဟိန်ပြောင်ပြောင်စွဲလှာသည်ကို။ သူငယ်တော်တို့ကြားလျှောက်ကုံလျှင်၊ ဘုရားဖြူ ဘုရားညိုတို့အား။
အကြောင်းကိုမေးတော်မူ၏။ ဘုရားတို့သည် အခြင်းခပ်သိမ်းကို ပြုလတ်လျှင်။ အသျှင်
၈။ မင်းကြီးလှည့်၍ကြည့်တော်မပြုလင့်ဟု မြစ်ကြကုံ၏။ နဂါးမီးလျှံသည် အစည်အတိုင်း လိုက်လတ်၍။ ရွှေလှေရွှေ
ပြဿဒ်သည် စွဲလှာသော်လည်း။ ဘုရားဆရာတို့မြစ်သောကြောင့်။ ပြန်၍ကြည့်တော်မမူ

**စေ--------ဝမ်းဖက်**

၁။ ဖောင်းတော်စွန်း၌ စွဲလှာပြီဟု သူငယ်တော်ထို့လျှောက်မှ။ မင်းကြီးသည်ပြန်၍ ကြည်မှိချေလျှင်။ သျှစ်သောင်း
သောလှေမိတ္တာတို့နှင့်တကွ။ သက္ကရာဇ် ၃၁၉ ခုတွင် နဂါးနှစ်လေ၏။ ထိုအရပ်ကို ဤ
၂။ နေ့တိုင်အောင် နဂါးဖြစ်သည်ကို နဂါးရစ်ဟုတွင်၏။ ရွှေ့ဖျားတင်သော အမတ်ကြီး ဓမ္မဇေယျသည် တသောင်း
သော လှေပိတ္တာနှင့် မပျက်မစီပြန်လတ်သည်ကို စန္ဒဒေဝီမိဖုရားကား ငလင်မင်းကြီး
၃။ ကို ပုန်ကန်ခဲ့၍။ မင်းပြုသည်ဟု လာလတ်သည်မှတ်လျှက်။ ကိုယ်တိုင်ထွက်၍ ရန်ကားနှင့်သည်ကို။ ရန်းဝဟူ၍
ယနေ့တိုင်အောင်တွင်၏။ ထိုအမတ်ကြီး ဓမ္မဇေယျသည် မဝင်ရမှ ဂစ္ဆာဘနဒီမြစ်ဖျားကို
၄။ ဆန်လေ၍။ ကူဝအထက်ကက်ာတောင်ဝယ်။ မြို့ကြီးသာယာစွာ တည်၍နေလေ၏။ ထိုအရပ်သို့လည်းလိုက်၍
နှင့်လေသောကြောင့် မနေသာ၍။ အသျှင်မအား အက္ခုန်ပ်တို့
၅။ မတရစ်ပါဟု မြစ်ညာသို့ဆန်လတ်လျှက် အစည်အတိုင်းသွားလေပြီးသော။ ထိုအခါ၌။ မတရစ်ဟူသော စကားကို
အကြောင်းစွဲ၍။ ဥတရစ်ဟု ဤနေ့တိုင်အောင် ခေါ်ဝေါ်ကုန်
၆။ ၏။ ထိုအမတ်လည်း။ များစွာသော ရဲမက်ဗိုလ်ပါခြွေရွှေသင်းပင်းတို့နှင့် တောခြေခရီးဖြင့် သွားလေ၍။ ယူဇနာ
သုံဆယ်မကသောအရပ်၌ မြို့ကြီးတည်လေသည်ကို။ ကုလားဘာသာဖြင့် သူပုံတို့၏အ
၇။ ရပ်ဟု ထိုပြည်ကို။ ဟစ်ရုံပြည်ဟု ယနေ့တိုင်အောင်ခေါ်တွင်လေ၏။ ထိုအမတ်သည် သွားလေသောအခါ
နောက်ပါလေသော ခူးသားငါးရာတို့သည်ကား။ မလိုက်လေဝန့်၍ ပြေးအောင်း၍နေလိုက်
၈။ လျှင်။ မြုံသောတောအုပ်တို့ကို ထွင်၍။ ပြည်ရွာတည်ထောင်ကြလေသောအရပ်ကို။ မြမ္မာဘာသာဖြင့်ကား။
ဤနေတိုင်အောင် မြုံဟူ၍ ခေါ်ကြကုံ၏၊ ချောင်သုံ့ခွသည်။ သုံရွာခွဲ၍ တည်သောကြောင့်

**စေ---------ကျောဖက်**

၁။ ကုလားတို့ဘာသာဖြင့်။ တိန့်မရာဟု ခေါ်ဝေါ်ကြကုံ၏။ ဤငါတို့ဝေသာလီမည်သော ရွှေပြည်ကြီးဝယ်။ စည်ပင်
သည်ကား။ မဟာသူရိယတိုင်းစန္ဒရားက အစပြု၍။ ကိုးဆက်တည်း။ အဆုံးမ်ဖြစ်သော
၂။ စူဠတိုင်းစန္ဒရားကား။ အိမ်နိမ့်နှစ်ဆယ်။ စည်စိမ်ခြောက်နှစ်။ နှစ်စုသက်တော် နှစ်ဆယ်ခြောက်နှစ်တွင် နဂါးနှစ်
လေ၏။ ၉။ ထိုမင်းကို နဂါးနှစ်လေသောအခါဝယ်။ ကြွင်းကျံလိုက်သော အမူးအမတ်တို့သ
၃။ ည်။ မိဖုရားနှင့် တိုင်ပင်ကြသော်။ မိဖုရားစန္ဒဒေဝီလည်း ဤပတ္တမြားလက်စွပ်သည်။ လက်ဝယ်တန်သူကို
မင်းပြုစေဟူ၍။ ငလင်မိန့်မှာတော်ပြုခဲ့သည်ဟု ကြားလေသောကြောင့် ညီညွှတ်ကြ၍ ထိုမင်း၏
၄။ တူတော်အရင်းဖြစ်သော စန္ဒဂုဏစသော မင်းမျိုးမင်းနွယ်တို့၏ လက်ဝယ်တိုင်း၍ စမ်းလိုသော်လည်း မတန်လေ
မှ။ စစ်သူကြီးပြည်စိုးဘဏ္ဍာစိုးမြို့လည်မြို့မှူး မြို့ကွပ်စသော မှူးမတ်က
၅။ လန်စသော အပေါင်းတို့၏ လက်ဝယ်တိုင်းသော်လည်း မတံလေ။ ထိုသို့ အယုတ်အလတ် အညန့်မရွေးလျှင်ပဲ။
တိုင်းနိုင်ငံအလုံမ်ဝယ်။ ရွာကြီးရွာငယ်တို့ကို လှည်ပတ်၍ တိုင်သော်
၆။ လည်း။ တယောက်မှ မရပြီးမှ ချောင်းဖျားမြစ်ညာစသော တောတောင်နှမ့်မျှ ရှာလေသော်၊ လက္ခဏနှင့် ပြည့်စုံစွာ
သော သင်းကြီးညီနောင် သားဘသုံယောက်တို့သည်။ ကွန်ကစား၍ နေစည်တွင်တွေ့လေ
၇။ လျှင်၊ လက်ဝယ်တိုင်းသော်၊ လက်စွပ်နှင့် တန်လေသောကြောင့် သုံယောက်စုံကို ဆောင်ခဲ့၍။ ထိုမြို့သုံယောက်
တွင်။ အမြတူကားအစ်ကို အကြီးဖြစ်၏။ အမြတူကား ညီအငယ်ဖြစ်၏။ အမြတူကို

၈။ ကား။ သက္ကရာဇ် ၃၁၆ ခု။ တပေါင်းလတွင် နန်းတင်၍။ စန္ဒဒေဝီမိဖုရားနှင့်။ အဘိသိက်ခံပြီးလျှင်။ ပြည်စည်စိမ်ကို စိုးအုပ်တော်မူလေ၏။ ညီအမြကူကိုကား။ အိမ်ရှေ့အရာကို နှင်းလေ၏။ အမြကူသားပဲဖျူ

## စဲ-----------ဝမ်းဖက်

၁။ ကိုကား။ မြောက်ဦးဟူသောရွာကို ပေးလေ။ ကျက်သရေ တောင်ထက်ဝယ် မင်းတဲ့အိမ်ဆောက်၍ နေလေ၏။ ထိုအခါ၌ နတ်လှန်လက်နက်သည်။ စူဠတိုင်းစန္ဒရားဝယ်ပါလေသောကြောင့်။
၂။ တိုင်းကား နိုင်ငံသော်ကား။ ရှေ့ကဲ့သို့မဖြစ်လေ။ ပြည်၌သော်ကား။ ဝပြောသာယာငြိမ်းချမ်းသည်ဖြစ်၏။ ထိုမြို့အမြတူမင်းပြု၍။ ခြောက်နှစ်ဟိသောကာလဝယ်။ မိဖုရားစန္ဒဒေဝီကား လင်ဖြစ်သော
၃။ အမြတူထက်။ မတ်ဖြစ်သော အမြဂူအိမ်ရှေ့မင်းသည် ယောင်းဆင်းခွန်အားလက်ရုံးအရည်အသွားနှင့် ပြည့်စုံသောကြောင့်။ တပ်သောစိတ်ဖြင့် မှားယွင်းလေလျှင်။ လင်ကိုပယ်လျှက် မတ်နှင့်နေအံ့ဟု
၄။ ကြံသည်အဖြစ်ကို အမြတူမင်းကြီးသည် သိလေ၍၊ ငမယားနှင့် ငါ့ညီကြံသည် အကြံထက် ငါလျှင် သိသာအောင်ကြံအံ့သည်ဟု။ တရံရောအခါသည်။ သံခေါင်ယံ၌ ယောင်
၅။ ကွန်ပြု၍ ကျွေးကြော်၏။ မိဖုရားလည်း အကြောင်းကိုမေးလတ်သော်။ မြို့မင်းကြီးကား။ ညီတော်အိမ်ရှေ့မင်းကိုခေါ်လျှက်။ ဤသို့ဆို၏။ မျောက်သားတော်မိဖုရားနှင့် ညီတော်အိမ်ရှေ့
၆။ မင်း။ ငါတို့ကား မြမ္မပြည်၌။ မင်းအဖြစ်ကို ရ၏။ ငါတို့အမျိုးခုနှစ်ဆက်ကား။ တောင်ထက်၌နေသောမြို့၏အမျိုးသာဖြစ်သောကြောင့်။ တောစောင့်တောင်စောင့်နတ်တို့ကို နှစ်တိုင်းမပြတ်လတိုင်းမ
၇။ ကျန် ပူဇော်မြဲကို မပူဇော်ရ ခြောက်နှစ်စင်လျှင် လွန်ဘိသောကြောင့်။ ညည့်အခါဝယ်။ ငါတို့နေခဲ့သော တောင်ဝယ်။ စောင့်သောနတ်တို့သည် များစွာလာကုံလျက်။ သံရှင်ကား တောင်းဖြင့်ခြိမ်းမောင်း
၈။ လှာ၍။ ငါလန့်ဖြတ်ယောင်ယမ်းသတည်းဟု။ ပြပေသော်။ စန္ဒဒေဝီမိဖုရားနှင့် ညီတော် အိမ်ရှေ့မင်း အမြကူသည် ။ ကျင့်ရိုးကိုလည်း ကျင့်တော်ပြုပါဟူ၍ လျှောက်ပေသော်။ မြို့အလုံမ်းကို လူသူနှင့်ထုတ်။

## စဲ-------------ကျောဖက်

၁။ ၍။ ကျွဲဖြူနွားနောက်ကို များစွာယူလျှက်။ မြို့တို့အားဝတ်မြဲဖြစ်သော ကြွေနီကြေပေါက်ဥဖွဲ့ စသည်ကို ဝတ်၍တောင့်လဲမြားစသည်ကို ယူလွယ်လျှက်။ ညီအိမ်ရှေ့မင်းကိုကား။ ကျွဲကြိုးနွားကြိုးကိုကိုင်
၂။ စေပြီးသော်။ ရှေ့ကသွားစေ၏။ မြို့မင်းအမြတူကား ခေါင်းလဲမြားနှင့်နောက်ကလိုက်၍။ တောင်ကို ရှေ့ရှုလျှက်မြို့မှထွက်လတ်သောခါ။ မိုးသောက်လုပြီးတကား ဟူ၍ ချောင်းဖျားတခုဝယ် ညီအိမ်ရှေ့မ
၃။ င်းကို အဆိတိရှင်သောမြားနှင့် ပစ်သတ်ဘိ၏ ထိုမြားလျှပ်ဖြင့်ပစ်သတ်ဘိသော ချောင်းငယ်ကို။ ငလျှပ်ချောင်းဟူ၍။ ဤနေတိုင်အောင် ခေါ်တွင်ကုံ၏။ သစ်ပင်ပြိုင်းပြိုင်းကို မြင်၍။ မိုးသောက်လုပြီဟူသည်
၄။ ကိုင်။ ပြိုင်တောင်ဟူ၍ ဤနေ့တိုင်အောင်တွင်၏။ ထိုညီအကောင်ကို။ တယောက်တည်းချင်းသာ ထုတ်ခဲ့၍။ တောင်စူးစူးကလာပြီးသော်။ ချောင်ငယ်တစ်ခုဖျားဝယ်။ မြေဘုံး၍။ ဝှက်
၅။ က်ခဲ့သည်ကို ဝှက်အုံဟု ခေါ်ကြသည် ကိုင်အစည်အားဖြင့် ဝက်ပုတ်ဟူ၍ခေါ်တွင်၏။ ထိုအမြထူမင်းကြီးကားနန်းတော်သိုင်ပြန်လေ၍။ ဤသို့ဆို၏။ ငါသည်ကျွဲဖြူကိုရွှယ်
၆။ ရာတွင်။ လက်ချွတ်လေသောကြောင့် ညီဆုံလေသည်ဟု။ ငိုယိုကွန်ပြုလေ၏။ အမြဂူသား ပဲဖြူလည်း။ အဘကိုသတ်လေသောအဖြစ်ကို သိလေ၍။ ငြိုးငြင်ပြီးသော် နေလေ၏။ ထိုအမြတူမင်းကြီး
၇။ ကား။ ငါအမြမင်းအဖြစ်သို့ ရောက်လေသည်ကို။ ငဆွေငမျိုးတို့သည်။ မြို့ရိုင်းချင်းရိုင်းနှင့် စေ့စပ်ခြင်းကို ဖြစ်စေကုံဟူ၍။ မိန်းဖျားဝယ် အလုံးစုံသော မြို့တို့ကို ချစ်၍။ ဖိုးခေါင်ဝယ်ဆွဲခံလျှက်။ အရှေ့ပျူတို့၏ အဝတ်တံဆာအဆင်အယင်
၈။ ငါတို့မင်းမျိုးမင်းနွယ်မှ ပြီးသည်ဖြစ်သောကြောင့်။ မြို့၏အဝတ်တံဆာတို့ကို မသုံးဆောင်အပ်ပြီဟူ၍။ ဥဖွယ်တို့ကို ချွတ်ပြီးသော်။ ဖိုးခေါင်ဝယ်ဆွဲခံလျှက် အရှေ့ပျူတို့၏ အဝတ်တံဆာအဆင်အယင်

**စော————————ဝမ်းဖက်**

၁။ ကို ပီစွာမူလျှက်။ ဆောင်ရွက်လေ၏။ ဦးဖွယ်အလုံမ်းကို ဆွဲသောကြောင့်။ ထိုအရပ်ကိုင်။ ဥဖွယ်တောင်ဟူ၍။
ဤနေ့တိုင်အောင် ခေါ်တွင်ကြကုံ၏။ ကာလရှည်လတ်သဖြင့်။ အရှေ့ဘက်မြေပြင်သို့သက်ကြ
၂။ လေ၍။ လယ်ချောင်းမိုးမြေလုတ်ကြလေသော်။ အရှေ့ပုဂ္ဂံပြည်တိုင်အောင် နှံစပ်လေ၏။ အောက်သို့သက်၍
နေလေသည်ကိုသာလျှင်။ အစဉ်အားဖြင့် အောက်သားဟူ၍အမည်တွင်၏။ မြို့၌နေသောသူကိုင်
၃။ ကား။ မရမာဟု ခေါ်ကြသတည်း။ အောက်သားမြမ္မာဟူသည်ကား။ တခရာတည်သာလျှင်ဖြစ်၏။ ထိုအခါ၌။
ရသေ့ပြည်ကို အစိုးရသောပျူမင်းသည်။ ဇမ္ဗူဒီပါကျွန်းပြင်တက်ဝယ်။ မင်းတို့၏အသျှင်ဖြစ်သော
၄။ စူဠတိုင်စန္ဒရားမင်းကြီးကို။ နဂါးနှစ်လေရာဝယ်။ မြို့၏ညီနောင်သား သုံယောက်မင်းပြုကြသည်ဟု ကြားလေ
သောကြောင့်။ ထိုသောင်းသောပျူတို့သည်။ စစ်ပြုမည်ဟု ပြိုင်းတိုင်းခြေ
၅။ ရင်းဝယ်။ ရောက်လှာ၏။ ပဲဖျူမင်းလည့် ထိုအကြောင်းကို သိလေလျှင်။ ပျူမင်းအထံသို့ ချည်လေ၍။ ဤသို့ဆို
၏။ အကျွန်ဘကြီးသည်။ အကျွန်ုပ်အဘကို သတ်လေသောကြောင့်။ အ
၆။ ကျွန်တို့မြို့လို မြို့လားဖြင့် ခေါင်းဖိုးဆပ်ရအောင်ဟု အသျှင်မင်းကြီးအား ပင်လှာမည်ကြံစည်၍ နေရောဝယ်
ရောက်တော်ပြုံလှာသည်ကား။ အကျွန်ုပ်ကို နတ်လျှင် မသတည်း။ ဤ အဋ္ဌနဒီမြစ်ကြီးကိုကား။ အကျွန်
၇။ လျှင် ကုတို့ကူးအံ့သည်ဟု ဆိုပေသော် ပျူတို့လည်း။ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ကြကုံ၏။ ပဲဖျူမင်းသားလည်း
နေနတ်သား လနတ်သား သိကြာစသော တံခိုးကြီးသော နတ်တကာတို့ကို။ ရိုသေစွာ ရှိခိုးလျှက်။
၈။ ဤသို့မိဌာန်သစ္စာပြု၏။ သြော်ငါသည် အကယ်မူ၍။ ဤရာန်စစ်ကို နိုင်သည်ဖြစ်အံ့။ ခုနှစ်ရက်တိုင်အောင်လည်း
မိုက်စေသော။ ခေးလှန်လက်နက်နှင့်အကွသော လှေတစင်းကိုလည်း ရစေသောဟု။

**စော————————ကျောဖက်။**

၁။ မိဌာန်သောအတိုင်းလျှင်။ နတ်တို့သည် သုံကျိတ်သော လူအယောင်ဆောင်၍ ဆယ်လံသောလှေတစင်းကို
လက်နက် ဝါးလှန်အပြည့်နှင့်ချည်း ဖံဆင်း၍ မေးလှာ၏။ ခုနှစ်ရက်ပတ်လုံမ်းလည်မိုက်
၂။ ပေ၏။ ပဲဖြူမင်းသားကား။ ထိုနတ်လှေဝယ်တင်၍။ ကူးတို့ကူးဟံဖြင့် တောင်တခုသို့ ချည်းယူလျှက် သတ်လေ၏
လျှင် တသောင်းသာကြွင်လေ၏။ သျှစ်သောင်းသော ပျူတို့သည်။ သေ၍ကုံလေ
၃။ သောအဆုံမ်း၌။ ခုနှစ်ရက်စေ့မြောက်လျှင် လင်းပြုံတတ်၏။ ပျူမင်းလည်း ကြွင်းသောပျူတိုင်နှင့်။ ပြိုင်းတိုင်း
တောင်ထက်သို့ တက်လေ၍။ ငါတို့ ရဲမက်ဗိုလ်ပါတို့သည်ကား အဘယ်အရပ်မှာ စုေ
၄။ ဆောင်လေသနည်းဟု ကြည့်လေသော်။ တောင်ကြီးတခုတွင် ပျူတို့၏အကောင်များကို ပြင်လေသော်။ မြို့ကျွန်
သားကား အလွန်သိမ်မွေ့စွာသော ဥပါယ်တမျည်းဖြင့် ငါတို့
၅။ ပျုံများတို့ကို။ သတ်ခိုးမူလေ၍ ကုန်ခဲ့ပြီဟုကြောက်လန့်တုန်လုပ်စွာလျှင် ပြေးခဲ့ကုံ၏။ စုလည်ဖြတ်ပြီးသော။
သယ်၍စုပုံလျှက်။ ထားလေ၏။ ထိုအရပ်ကို ဤနေ့တိုင်အောင်။
၆။ ဝသဲဟူ၍ ခေါ်ခကြကုံ၏။ ထိုပျူမင်းတို့ဝယ် ပါသောရွှေငွေတို့ကို စုသော် ဝသဲအရှေ့ဘက်တောင်ကိုကား။
ရွှေတောင်ဟု ဤနေ့တိုင်အောင် တွင်၏။ ထိုတောင်၏အနောက်ဘက်တောင်တိုင့်
၇။ ကား။ ငွေတောင်ဟူ၍တွင်၏။ ဘကြီးဖြစ်သော အမြတူမင်းကြီးလည်း။ ညီသားဖြစ်သော ပဲဖျူသည်၊ ဤသို့လျှင်
ဘုန်းတံခိုးလက်ရုံမ်းသည် မြောက်မြားသောအဖြစ်ကို ကြားလေလျှင်။ အဘကို
၈။ သတ်မိီပေသောအပြိုဖြင့်။ ငကို ခေါင်းဘိုးဆတ်လတ္တန့်သတ္တည်းဟု ထိတ်လန့်ကြောက်လန့်စွာသောကြောင့်။
သွေခဲအံ၍။ စည်စိမ်ခုနှစ်နှစ်တွင် လွန်တော်မူလေ၏။ ထိုမင်းလွန်တော်မူလေ

**စော်————————ဝမ်းဖက်**

၁။ လျှင်။ ညီသားဖြစ်သော ပဲဖျူကို မူးမတ်ပြည်သူတို့သည် ညီညွတ်၍။ မိဖုရားစန္ဒဒေဝီနှင့် အဘိသိက်ခံလျှက်
သက္ကရာဇ် ၃၂၆ ခု၊ ပြာသိုလတွင် ပြည်စည်စိမ်ကို စိုးအုပ်တော်မူလေ၏။ ပဲဖျူမင်းကြီးလ
၂။ လည်း ။ ဤဝေသာလီမြို့သည်။ ကျိန်းခန်းကုံခဲ့ပြီဖြစ်သောကြောင့်။ လက်ဦးစွာက ငါ၏အကြံသည် မြောက်မြား
သောအရပ်၌လျှင် မြို့ကြီးကောင်းစွာတည်အပ်၏ဟု လက်ဦးစွာ အကြံမြောက်များ

၃။ သည်ကို မြောက်ဦးဟူ၍ ဤနေ့တိုင်အောင် တွင်ခေါ်၏။ ထိုမြောက်ဦးမြို့ကို တည်သော သက္ကရာဇ်ကား။
၁၂၆ ခုတပေါင်းလတွင်တည်၍။ မင်ပဲဖျူသည်။ မင်းပြု၏။ တဆဲ့နှစ်နှစ်ဟိပြီးမှ။
၄။ သျှမ်းသို့ခင်ဖွားကြီးသည်၊ ကိုးသိန်းသော သျှပ်သူရဲအပေါင်းနှင့် လေးမြို့မြစ်ညာဖျားက သက်လတ်လျှင် အဠနဒီ
မြစ်လျှောက်ကို စုံလတ်၍။
၅။ စစ်မက်ကြီးစွာ ကပ်လှာသော်။ ပဲဖျူမင်းကား။ ခွန်အားမတန်သည်ဖြစ်သောကြောင့်။ မိဖုရားနှင့်တကွ။ မောင်းမ
မိဿံကိုယူလျက်။ ပါစွန်းသရွှေသော မူးမတ်ပြ
၆။ ည်သူတို့ကိုလည်း။ ဆောင်ကြည်လေ၍။ ယိုးဖျားသပိတ်တောင်မြို့သို့။ သက္ကရာဇ် ၃၃၈ ခုတွင်
ပြောင်း၍နေလေ၏။ သျှမ်းတို့လည်း ကြည်းကြောင်းရေကြောင်းလာလျှက် မဟာမုနိသိမ်တော်
၇။ အရှေ့ဘက်ပြင်တွင် တပ်တည်ပြီးလျှင်။ ရှေ့ကစန္ဒရားမင်းတို့ လုတ်ဆောင်ခဲ့သော ရွှေအုပ် ငွေအုပ် ရွှေပြား
ငွေပြား ကူတော်တွင်စိသော အမျက်ကူတော်ထက်က တည်သောရွှေစေတီ ငါးလုံးရွှေ
၈။ ခန်းတော် ငွေခန်းတော်များတို့ကို ယူလေ၏။ မဟာမုနိသိမ်တော်ကိုလည်း မီးတိုက်ခဲ့၏။ မဟာမုနိသိမ်တော်တွင်
ယူသောဥစ္စာများတို့ကား။ သုံမင်းစားလေးမင်းစားဟိလေ၏. ဘုရားထန်တိုင်းကိုလည်းဖျက်

**စော်————————ကျောဖက်**

၁။ ခဲ့၏။ သစ်ပင်တို့ကိုလည်း လှဲ၍ပစ်၏။ ကျန်ရစ်သောလူတို့သောသားသည်။ ဖွားလတ်လျှင်။ စစ်တန်းတင်မြို့သို့
ဝှက်ထားလေ၏။ သက်တို့

**စံ————————ဝမ်းဖက်**

၁။ ဘာသာဖြင့် ငမင် ငတုံဟု ခေါ်တွင်ကုံ၏။ စစ်တန်းတင်အရပ်တွင် ငမင်ငတုံနေခဲ့သော အထူးဝိသေသသည်။
များစွာဟိလေသေး၏။ ထိုငမင်ငတုံသည် အနော်ရထာမင်းစောသွားခဲ့လျှင်။ သက္ကရာဇ်
၂။ ၃၅၆ ခု တပို့တွဲလတွင်။ မိဖုရားသီရိဒေဝီနှင့် အဘိသိက်ခံ၍။ ပြည်စည်စိမ်ကိုခံ၍။ စမ္ဗဝက်မြို့တွင် တည်ထောင်
ပြု၏။ သက်သူရဲတို့သည်။ များမြောင်စွာပါ၏။ ထိုမင်း၏ဘုံကြောင့် မိုယ်ကြိုးကံတွင်လ
၃။ ည်း။ နဂါးနေပေလှာ၏။ ထိုနဂါး၏တံခိုးဖြင့်။ မိုယ်လည်း အလွန်ကောင်း၏။ ပြည်ရွာလည်း အလွန်ဝပြောစည်
ပင်၏။ အကြွင်သူတို့သည် လိုသောဆုကိုတောင်းလျှင်။ ပြည်လေချည်းတည်း။ တံခိုးဗြာဒိဟာကို
၄။ မြင်ပါလိုသည်ဟူသော်လည်း။ အထွေထွေလျှင် ပြပေချည်းတည်း။ အရပ်သျှစ်မျက်နှာမှလာသော ရာန်မာန်
ခပ်သိမ်းတို့ကိုလည်း။ ထိုနဂါးမင်း၏တံခိုးဖြင့် ကြွေလေသည်ချည်နှင့် နှ
၅။ င်တည်း။ သိကြားဝိသကြုံကစ၍။ မစသည်နှင့်။ ပညာဟိတို့စီရင်သော ပတောက်စည်ကို တီးလျှင်လည်း။
ပုဂ္ဂံပြည်သားတို့သည်။ တနေ့သုံခါစီပြို၏။ ထိုအကြောင်းကို သိလေလျှင်။ ပု
၆။ ဂ္ဂံမင်းကြီးကား။ ဗေဒင်ကျမ်းကန်လိမ္မာစွာသော ဘုရားတို့နှင့်တိုင်ပင်ကြ၍။ ဥပါယ်တမျည်းဖြင့်။ နဂါးတို့ကိုလည်း။
နှင်ရအောင်။ ပတောက်စည်ကိုလည်း။ ဖြတ်ရအောင် အကျိုးဟိသည်ကို။ အပြစ်သာဟိ
၇။ ဟိသည်ဟူ၍။ သစ်ပြန်ကျမ်းကို ပြုပြီးသော်။ အပြစ်ဟိဟန်ဖြင့်။ ပြေးကျွန်ပြုလတ်၍ ငါတို့ရက္ခိုင်ပြည်သို့
ရောက်လှာလျှင်။ ယုံကြည်လျှင်။ အောင်မင်းဝယ်ခစားပြီးမှ။ ထိုသစ်ပြန့်ပြန့်ကျမ်းကို။ ပြလေ၍။ ထိုဘုရား
၈။ တို့သည်လည်းကောင်း။ သူတပါးမသိရအောင် မြုတ်၍ထားလေသော ရွှေအိုးငွေအိုးတို့ကိုင်။ ညွှန်လျှင်။ ရလေ
သည်ချည်းဖြစ်သောကြောင့်။ ဤဘုရားတို့၏စကားသည်လည်းကောင်း။ ဤဘုရားဝယ်ပါငေ

**စံ————————ကျောဖက်**

၁။ သောသစ်ကျမ်း၏အတွက်သည်လည်းကောင်း။ သူတပါးတို့ထက် အလွန်လျှင်မှန်ပေ၏ဟု။ မင်းကစသောပြည်သူ
တို့သည် ။ မှတ်ကြလေကုံ၏။ မိုယ်ကြိုးကံတွင်လည်း။ ဆယ်ပိသာလောက်ဟိသောဟ
၂။ သ်ာရပ်ကိုင်သူမသိရအောင် ပင့်လေ၍။ ဤကံဝယ်လည်း။ ဆယ်ပိသာမျှလောက်သော ဟသ်ာရပ်သည်ဟိ၏။
နဂါးကိုလည်း မနေစေနှင့်။ နဂါးဟိရာဝယ် နဂါး၏တံခိုးကြောင့်။ မင်းတို့သည် အသက်မရှ

၃။ ည်။ ဘုံတေဇာလည်း နိမ့်ရသည်ဟု သစ်ပြကျမ်းကိုပြ၍ ဆိုပြီးသော်။ ယုံလေသောကြောင့် နဂါးကိုနှင်၍
ရွှေပဟသ်ာရုပ်ကို ရအောင်ယူဟု။ ကံနားဝမ်းကျင်လည်း ဖိုခြင်းတည်ပြီးသော် သံတွေစသော အုပ်ကျော
၄။ က်တို့ကို များစွာ မီးတိုက်၏။ ကံအလယ်ဝယ်လည်းကောင်း။ ဖောင်ကြီးဖွဲ့ပြီးသော်။ အုပ်ကျောက်တင်၍။ ဖိုခြင့်
ထိုးလျှက် ရဲရဲညီးလျှင် ရေတွင်ချည်ပစ်လေ၏။ ကံရေလည်း
၅။ မီး၏အဟိန်ဖြင့်။ ကျိုက်ကျိုက်ဆူမျှ ပုဇော်လေသောကြောင့် နဂါးမင်းလည်းမနေပိုင်၍။ ကံကိုထွင်းလျှက်။
ထွက်ခဲ့သောကြောင့် ထိုအရုပ်ကို။ ကံထွင်းဟူ၍ ဤနေ့တိုင်အောင် တွင်၏။
၆။ ထိုမှဤမှသည် ဆန်လေ၍။ နေအုံ့သောအရုပ်ကိုလည်း စမ်းလျှက်ပွက်ခဲ့သည့်အရုပ်ကိုလည်း စမ္ဗဝက်ဟူ၍။
ဤနေ့တိုင်အောင် တွင်၏။ ထိုမှသည်ဆန်လေလျှင်။ နဂါးမင်း၏အမြီးချိတ်ခဲ့ပြီးသောအ
၇။ ရုပ်ကိုလည်း။ ချိတ်ဟူ၍ ဤနေ့တိုင်အောင် တွင်၏။ ထိုမှသည်ဆန်လေလျှင် ကုံမ်းပေါ်ခဲ့သော အရုပ်ကိုလည်း။
မူးဟူ၍ ဤနေ့တိုင်အောင် တွင်၏။ ထိုမှသည် အစည်အတိုင်း ဆန်လေလျှင်။ နေအုံ့သောအရာကိုဝန်း

**<u>စား--------ဝမ်းဖက်</u>**

၁။ လျား၍ကြည့်ပြီးသော်။ တစီးမျှလောက် ပုံခဲသောအရုပ်ကိုလည်း။ မူးဟူ၍ ဤနေ့တိုင်အောင်တွင်၏။ ထိုမှသည်
ချောင်းဖျားသို့ ဆန်လေ၍။ တခုသောအိုင်၌။ အသိုက်ပြု၍နေလေသည်ကိုင်။ သူဝေဟူ၍ ဤနေ့တိုင်
၂။ အောင်တွင်၏။ ထိုအိုင်၌လည်း။ ကျည်းမြောင်းလှနိုး၍ ပြန်လတ်ပြီးသော်။ ချောင်းတခုဝယ်ဝင်၍။ ဝပ်လှာသည်
ကို။ ဝပ်ချောင်းဟူ၍ ဤနေ့တိုင်အောင်တွင်၏။ ထိုဝပ်၍နေသည့် နဂါးကိုလည်း လွှင့်စိမ့်သော်ငှါ။ ဧ
၃။ တောသတင်းရာသီ၌။ မင်ကိုယ်တိုင်သွား၍။ ငတန်သဘင်ကို ကစားရာ၏ဟု လျှောက်ပေပြီးသော်။ ထိုအရပ်သို့
မင်းကိုဆောင်လေ၍။ ပိုက်တန်းလျှက် ငတန်ထိုးဟံဖြင့် ညာကြော်လျှက် ထုတ်လေသောနဂါး
၄။ လည်း။ မာန်အောင် လညိုနေလေ၏။ တံခိုးပြာဒိပ်ဟာမူ အထူးထူးအပြားပြားကို ဆောင်လျက်ပြည်ရွာစီးပွားကို
စောင့်ရှောက်

**<u>စာမျက်နှာ ၁၇၉ တစ်ရွက်မပါရှိပါ။</u>**

တော်နှင့် မယ်တော်သည်။ လွှန်ခဲ့
၃။ လျှင်။ ယိုးသပိတ်တောင်မြို့မသည်။ ချိတ်၏အဖျားငရုံ့ချောင်းဖျားဝယ် ရွာထောင်၍ နေလှာ၏။ နေလှာသော
အကြောင်းကို ပြည်သူတို့သည် သိကုံသောကြောင့်။ ခေတ္တသင်းမင်းသားနှင့် နှမတော်ရင်းဖြစ်သော
၄။ ကိရိကုမ္မာရီနှင့် စုံဘက်ကြ၍ သက္ကရာဇ် ၃၈၀စိတွင်။ အလောင်းစည်သူကြီးသည်။ နန်းတင်ခဲ့၏။ ခေတ္တသင်မင်း
သည်။ စမ္ဗဝက်မြို့မှ ခွာခဲ့၍။ တောင်အရပ်၌။ ပဋ္ဌာမြို့ကို ထိုသက္ကရာဇ်တ
၅။ ပို့တွဲလတွင် တည်တော်မူလေ၏။ ထိုမင်းကား အိမ်နိမ့်နှစ်ဆဲ့လေးနှစ်။ စည်စိမ်နှစ်ဆယ်နှစ်။ နှစ်စုသက်တော်
သုံးဆဲ့လေးနှစ်တွင် လွှန်တော်မူလေ၏။ ၁။ ထိုမင်းလွှန်လေလျှင် ညီတော်အိမ်ရှေ့
၆။ မင်းဖြစ်သော။ စန္ဒသင်းမင်းသည်။ နှမတော်ကီရိကုမ္မာရီနှင့်။ လည်းကောင်း။ သက္ကရာဇ် ၃၉၀ တွင်
အဘိသိက်ခံ၍။ ပြည်စည်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကား အိမ်နိမ့်သုံးဆဲ့တနှစ်။ စည်စိမ်တဆဲ့တနှစ်။
နှစ်
၇။ စုသက်တော် လေးဒဆဲ့နှစ်နှစ်တွင်။ လွှန်တော်မူလေ၏. ၂။ ထိုမင်းလွှန်လေလျှင်။ သားတော် မင်းရင်ဖြူသည်။
မျောက်သားတော်စောမုက္ခိနှင့်။ အဘိသိက်ခံ၍။ သက္ကရာဇ် ၄၀၁ ခုတွင် ပြည်စည်စိမ်ကို စိုးအုပ်ပြလေ
၈။ ၏။ ထိုမင်းကား အိမ်နိမ့်နှစ်ဆဲ့ငါးနှစ်။ စည့်စိမ်ဆယ်နှစ်။ နှစ်စုသက်တော် သုံးဆဲ့ငါးနှစ်တွင် လွှန်တော်မူလေ၏။
၃။ ထိုမင်းလွှန်လေလျှင်။ သားတော်နာဂသူရိယသည်။ မျောက်သားတော် စောလှမင်းသမီးနှင့် အဘိသိက်

**<u>ဆ------------ဝမ်းဖက်</u>**

၁။ က်ခံ၍။ သက္ကရာဇ် ၄၁၁ ခုတွင်။ ပြည်စည်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကား အိမ်နိမ့်နှစ်ဆဲ့တနှစ်။
စည်စိမ်သုံးနှစ်။ နှစ်စုသက်တော် နှစ်ဆဲ့လေးနှစ်တွင် လွှန်တော်မူလေ၏။ ၄။ ထိုမင်းလွှန်လေလျှင်။ မျောက်
၂။ သားတော် စောမင်းဖွားနှင့် အဘိသိက်ခံ၍။ သက္ကရာဇ် ၄၁၄ ခုတွင် ပြည်စည်စိမ်ကို စိုးအုပ်တော်မူလေ၏။

ထိုမင်းကား အိမ့်နိမ့်နှစ်ဆယ်ခုနှစ်နှစ်၊ စည်စိမ်နှစ်နှစ်။ နှစ်စုသက်တော်နှစ်ဆဲ့ကိုးနှစ်တွင် လွန်တော်
၃။ မူလေ၏။ ၅။ ထိုမင်းလွန်တော်မူလေလျှင်၊ သားတော်ပုဏ္ဏကသည်။ မျောက်သားတော်သျှင်ပန်းဖြူနှင့်။
အဘိသိက်ခံ၍။ သက္ကရာဇ် ၄၁၆ ခုတွင် ပြည်စည်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းလက်ထ
၄။ က်အရှေ့ပုဂံပြည်က သျှင်ယောင်တို့ကို။ သူလျှိုလွှတ်လိုက်၏။ မဟာသိမ်တော်ကို မီးတိုက်၏။ ထိုသူလျှိုတို့ကို
ဖမ်း၍သုံးရာမျှလောက်သောသူတို့ကို သတ်၍ပစ်လေ၏။
၅။ ထိုသူလျှိုတို့တွင်။ သီလမြတ်သော သျှင်ယောင်သုံးယောက်ပါလေသောကြောင့်။ ရက္ခိုင်မင်း၏ ကိုယ်တော်၌
ယားယံသောအနာမကောင်းပေါက်လေ။ အသို့ပေါက်သနည်း။
၆။ ဟု။ စူးစမ်းတော်မူသော်။ သီလဟိသော သူမြတ်သုံးယောက်ကိုသတ်၍ ပစ်လေသောကြောင့်။ ပေါက်သည် ဟု
သိရ၏။ အမတ်တို့ မစူးမစမ်းမဆင်မခြင်ပဲသတ်ကောင်မည်လောဟု။ ထိုအစစ်ပြုသောအ
၇။ မတ်ကို။ ရှုသည်လောဟု မေးပြီးလျှင်။ လည်ကိုဖြတ်၍ တောင်ပို့တခုတွင် ဉစောက်မြှုတ်လေ၏။ ထိုမြှုတ်သော
တောင်ပို့ကို ရှေးတောင်ပို့ဟု ခေါ်လေသည်ကို။ ကာလရှည်လျှားသောကြောင့်။ ငရုပ်တော
၈။ င်ပို့ဟု ဤနေ့တိုင်အောင်တွင်၏။ ထိုမင်းကား အိမ်နိမ့်နှစ်ဆဲ့နှစ်နှစ်။ စည်စိမ်လေးနှစ်။ နှစ်စုသက်တော် နှစ်ဆဲ့
ခြောက်နှစ်တွင် လွန်တော်မူလေ၏။ ၆။ ထိုမင်းလွန်တော်မူလေလျှင်။ သားတော်မင်းဖြူကြီးသည်။ မျောက်

## ဆ———————ကျောဖက်

၁။ သားတော်စောခြံချောင်းနှင့် အဘိသိက်ခထံ၍။ သက္ကရာဇ် ၄၂၀ စိတွင်၊ ပြည်စည်စိမ်ကို စိုးအုပ်တော်မူလေ၏။
ထိုမင်း၌ကား။ မင်နန့်ဟူသော သားယောကျ်ားနှင့်၊ ငကြီးဟူသော မင်းသွီးသည် ဖြစ်၏။ ထိုမင်းနံသူ
၂။ ကိုဖွား၍၊ နန်းထက်နှစ်နှစ်ဟိလျှင်။ စည်သဘင်အမတ်ကြီးသည်။ ပုံစား၍ မင်းပြုလေ၏။ ထိုမင်းဖြူကြီးကား။
အိမ်နိမ့်နှစ်ဆဲ့နှစ်နှစ်။ စည့်စိမ်နှစ်နှစ်။ နှစ်စုသက်တော် နှစ်ဆဲ့လေးနှစ်တွင် လွန်တော်မူလေ၏။ ၇။ ထိုမင်း
၃။ လွန်လေလျှင်၊ မျိုးခြားစည်သဘင်ကြီးအမတ်သည်။ ပြည်စည့်စိမ်ကို စိုးအုပ်ပြုလေ၏. နန်းထက်တနှစ်ဟိလျှင်
မဟာနာဂအမတ်သည် ပုန်စား၍။ လွန်တော်မူလေသော်။ မင်းဖြူကြီးသား မင်းနန့်သူကို။ နမတော်ရ
၄။ ရင်းငကြီးမင်းသမီးနှင့် ထိမ်းမြား၍၊ သက္ကရာဇ် ၄၂၃ခုတွင်။ ပြည်စည့်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကား
အိမ်နိမ့်နှစ်ဆဲ့ကိုးနှစ်။ စည်စိမ် ငါးနှစ်။ နှစ်စုသက်တော်နှစ်ဆယ့်လေးနှစ်။ တွင်လွှ
၅။ န်တော်မူလေ၏။ ၉။ ထိုမင်းလွန်တော်မူလေလျှင်။ သားတော်မင်လာထေသည်။ မင်းသမီး ဘီလူးမနှင့်. ။
အဘိသိက်ခံ၍။ သက္ကရာဇ် ၄၂၈ ခုတွင် ပြည်ကြီးစည့်စိမ်ကို စိုးအုပ်တော်မူလေ
၆။ ၏။ ထိုမင်းကား အိမ်နိမ့်နှစ်ဆယ့်ခြောက်နှစ်။ စည့်စိမ်ခြောက်နှစ်၊ နှစ်စုသက်တော် သုံးဆယ်နှစ်နှစ်တွင် လွန်တော်
မူလေ၏။ ၁၀။ ထိုမင်းလွန်တော်မူလေလျှင်။ သားတော်မင်းကုလားသည်။ မျောက်သားတော်
၇။ စောဖျိုင်းဖြူမိဖုရားနှင့်။ အဘိသိက်ခံ၍။ သက္ကရာဇ် ၄၃၄ ခုတွင် ပြည်စည့်စိမ်ကို စိုးအုပ်တော်မူလေ၏။
ထိုမင်းကား။ အိမ်နိမ့်တဆဲ့ကိုးနှစ်။ စည်စိမ့်သုံးနှစ်။ နှစ်စုသက်တော် နှစ်ဆဲ့နှစ်နှစ်တွင် လွန်တော်မူလေ၏။
၁၁။
၈။ ထိုမင်းလွန်တော်မူလျှင်။ သားတော်မင်းဘီလူးသည်။ စောစစ်မိဖုရားနှင့် အဘိသိက်ခံ၍၊ သက္ကရာဇ် ၄၃၇
တွင် ပြည်စည့်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းဝယ် မင်းရဲဘယဟူသော သားတော်လဦးတယောက်

## ဆာ———————ဝမ်းဖက်

၁။ စောပေါက်ညိုဟူသော သမီးတော်လည်း တယောက်။ ထိုသားနှင့်သမီးကို ပေဇးစားလေ၍။ အိမ်ရှေ့အရာ၌
ထားလေ၏။ ထိုအခါ၌ မင်းဘီလူးသည် အိမ်နိမ့်သုံးဆယ်။ စည်စိမ်သုံးနှစ်။ နှစ်စုသက်တော်သုံးဆယ်
၂။ သုံးနှစ်တွင်။ အမတ် အသင်္ခယာသည်။ အသျှင်ဖြစ်သော မင်းဘီလူးကို ပုန်စားအံ့ဟူ၍ ကာလကိုရှုလျက်
သွားသောအခါတွင်။ စနည်နာလေသော်။ ဝရောင်းငှက်တခုသည်။ ကောင်းစွာသောစ
၃။ နည်ကိုပြလင့်၏။ ထိုအမတ်လည်း။ အသျှင်မင်းဘီလူကိုင်နိုင်၍ မင်းဖြစ်လေလျှင်။ ဝရောင်ငှက်သည် ကောင်းစွာ
သောစနည်းကို ပြသောကြောင့်။ မင်းအဖြစ်သို့ ရောက်လျှင် ဝရောင်းငှက်စနည်းဟူသော

၄။ အမည်ကိုလျှင် ငါခံအံ့ဟု ခံလေ၏။ ထိုဝရောင်းငှက်ပုံစားလေသော်။ မင်းဘီလူးသားတော် အိမ်ရှေ့မင်းရဲဘာယ
သည် မျောက်သားတော် စောပေါက်ညိုနှင့်တကွ အရှေ့ပုဂံပြည်သို့

၅။ ပြေးလေ၍။ အလောင်းစည်သူငယ် အဖိုးဝယ်ခစားလေ၏။ ဝရောင်းငှက်စေနည်းလက်ထက် သက္ကရာဇ် ၄၄၈
ခုတွင် မဟာမုနိသိမ်တော်ကို မဟာမိတ်ဖွဲ့၍။ တံဆောင်ဆောက်လှာ

၆။ ၏။ ဝရောင်းငှက်စေနည်းကား။ စည်စိမ်တဆဲ့လေးနှစ်တွင်။ လွန်လေ၏။ ၁၃။ ထိုမင်းလွန်လေလျှင်။ သားတော်
မင်းသံသည် မိဖုရားမျိုးရယည်နှင့်။ အဘိသိက်ခံ၍။ သက္ကရာဇ် ၄၅၄ ခုတွင် ပြည်စည်စိမ်ကို။

၇။ စိုးအုပ်တော်မူလေ၏။ အရှေ့ပုဂံပြည်ကို အစိုးရသော အလောင်းစည်သူငယ်မင်းသည်။ အမတ်လကျာကြီးကို
အမတ်ငါးရာ သူရဲငါးသောင်းနှင့် စေလိုက်၍။ သက္ကရာဇ် ၄၅၈ ခု ဝါကျွတ်လတွင်ရော

၈။ က်လှာ၍။ အနောက်စေတုတ္တရာတွင် တပ်တည်လှာ၏။ မဟာမုနိသိမ်တော်ကို ဆောက်အံ့သောငှာ
တောင်ပံလေသော် မင်းကြီးမင်းသံလည်း။ ဆောက်လေဟု အခွင့်ပေးလျှင်။ ငရွှေစင် ငညိုစင်

## ဆာ----------ကျောဖက်

၁။ ဟူသော ။ ပညာဟိဗေဒင်တတ်တို့ကို စကားပင်လေးမျက်နှာတွင် စိုက်စေ၍။ သိမ်တော်ကို တံဆောင်းဆောက်
လေ၏။ မင်းကြီးမင်းသံလည်း တပြည်ကဆောက်လာသည်သိမ်ဟူ၍ ဖျက်

၂။ ဆီးပြလေ၏။ ထိုမင်းကား အိမ်နိမ့်သုံဆဲ့လေးနှစ်၊ စည်စိမ်သျှစ်နှစ်။ နှစ်စုသက်တော်လေးဆယ့်လေးနှစ်တွင်။
လွန်တော်မူလေ၏။ ထိုမင်းလွန်တော်မူလေလျှင်။ သားတော် မင်းပတီးသည် မိဖုရား

၃။ ယောင်ဆုန်သည်နှင့်။ သက္ကရာဇ် ၄၆၂ ခုတွင် အဘိသိက်ခံ၍ ပြည်စည်စိမ်ကို စိုးအုပ်တော်မူလေ၏။ ယခင်
မင်းရဲဘာယသည်။ စောပေါက်ညိုင်နှင့် အရှေ့ပုဂံပြည်တွင်။ အလောင်းစည်သူငယ်အ

၄။ ဖိုးထံ ခစား၍ သင့်နေရာတွင်။ လကျာမင်းနန်ဟူသော သားလည်းတယောက်။ ရွှေကူသာဟူသော သမီးလည်း
တယောက်။ နှစ်ယောက်ကို ဖွားမြင်၏။ ထိုသားနှင့်သမီးကိုပေစး

၅။ စားထိမ်းမြားပြီးလျှင်၊ တရံရောအခါ၌။ မင်းရဲဘာယသည် သေအံ့သောရောဂါရောက်လတ်လျှင်။ သားယောကျ်ား
မင်းနံကို ခေါ်၍။ ဤသို့မှာတော်မူ၏။ ငါတို့မိရိုက်ဘရာဖြ

၆။ စ်သော ရက္ခိုင်ပြည်ကို အစိုးရမည်ဟူ၍၊ ဤမင်းကြီးဘိုးတော်လက်ထက်ကသည်။ ဤမင်းကြီးတိုင်အောင် ခစား
ပါသော်လည်း မိရိုက်ဘရာဖြစ်သော ရက္ခိုင်ပြည်ကို အစိုးမရပါသည်ဖြစ်သော

၇။ ကြောင့်။ ငါလွန်လေလျှင်။ ဤမင်းကြီးသည်။ မေ့ကျန်ငြားသော်လည်း။ ငါတို့ကံမြင်အလိုင်းဖြင့်။ နောက်ဆံထုမ်း
၍။ မင်းကြီးဦးဆေးမင်္ဂလာပြုသောအခါ။ ဘူးမြင်လေဟု မှာခဲ့၍။ မင်းရဲဘာ

၈။ ယသည်။ သေလေ၏။ အလောင်းစည်သူငယ်မင်းလည်း။ ဦးဆေးမင်္ဂလာပြုရာတွင်။ လကျာမင်းနံသည်။
နောက်ဆံထုံမ်း၍ ဘူးမြင်လေသော်။ အလောင်းစည်သူမင်းငယ်လည်း မြင်လေလျှင်ဦး

## ဆိ--------ဝမ်းဖက်

၁။ မင်္ဂလာမဲ့ဖြစ်သော နောက်ဆံထုံမ်းနှင့်။ ငရှေ့တော်ဝယ်နေရာသည်လောဟု။ အသတ်ထုတ်လေ၏။ လကျာမင်းနံ
လည်း။ သျှင်မင်းကြီးရောင်းသော် ကြေ၏။ သတ်သော် သေ၏။ အကြောင်း

၂။ ကို လျှောက်ပါရစေဟု။ အကြောင်းခပ်သိမ်းကို လျှောက်၍။ အဘမှာခဲ့သောကြောင့်။ နောက်ဆံထုမ်းသည်
ဟုတ်တည်ဟု။ လျှောက်ကြားပေသော်။ အလောင်းစည်သူငယ်လည်း အလွန်ရှက်လှ

၃။ သောကြောင့်။ နိုး၍။ မာန်တော်ပါသောအားဖြင့်။ အမတ်ငလကျာကိုခေါ်၍၊ ပျူတသိန်းထက် အကြီးတင်၍၊
ကြည်းအား။ အမတ်သမီးပစ္စည်းကို တလိုင်း တသိန်တွင် အကြီးတင်၍။ ရေအားနှင့်လကျာ

၄။ မင်းနန်ကို နန်းတင်လေဟု။ သက္ကရာဇ် ၄၆၄ ခု တံဆောင်မုန်လတွင် ရက္ခိုင်ပြည်သို့ စေလိုက်၏။ ထိုအကြောင်းကို
မင်းဘီလူးဝယ်ဖုံန်စားလေသော ဝရောင်းငှက်စေနည်း၏ မြေမ

၅။ င်ပတိသည်။ သိလေသောကြောင့်။ များစွာသော ရဲမက်ဗိုလ်ပါတို့နှင့် များမြောင်စွာသော လှေအားကို
ဆောင်လျှက်၊ ပတိခလာပြည်တောင်ညိုက ဆီး၍ တိုက်လတ်သော

၆။ ကြောင့်။ ရေကြောင်လာသော တလိုင်တသိန်းတို့သည်လည်း ထွားထွားညက်ညက်ပျက်လျှင် ခဲ့၏။ ရေကြောင်း

လာသောတလိုင်းတို့ ပျက်ခဲ့လျှင်။ ကြည့်ကြောင်းလာသော ပျူတို့လည်း ပြန်ခဲ့
၇။ ကုံ၏။ ထိုအကြောင်းကိုကြားသော်။ အလောင်းစည်သူငယ်သည်။ အလွန်မျက်တော်ဟိ၍။ ရဲမက်ဗိုလ်ပါလေ
တက် ထပ်လောင်းလျှက်။ သက္ကရာဇ် ၄၆၅ ခု နတ်တော်လတွင် တိုက်ပြန်လှာသော်။ ဝ
၈။ ရောင်းငှက်စေနည်း၏မြေးဖြစ်သော မင်းပတိကို နန်းတက်သုံနှစ်ဝယ် သတ်ရလေ၏။ ၁၅။ န်းရိုးသားဖြစ်သော
လကျ်ာမင်းနန်ကို နှမတော်ရင်းဖြစ်သော ရွှေကူသာနှင့် ထိမ်းမြား၍။ နန်းတင်ခဲ့၏။

**ဆိ----------ကျော်ဖက်**

၁။ ထိုလကျ်ာမင်းနန်ကို။ နန်းတင်လှာသော မြမ္မာနှင့်တလိုင်းတို့သည် ဘုရားမြတ်စွာ မဟာမုနိဟိသည် အရာကို
ရှာလိုသော်။ သီရိဂုတ်တောင်၌ တွေ့လေလျှင်၊ နောင်တော်သဗ္ဗညုဘုရားသည်။ နှစ်ပါးငေ
၂။ သော ဝိပါက်ကို ခံလေဟု ဗျာဒိပ်ထားတော်ပြုခဲ့သော အတိုင်းလျင်။ ပျူတို့သည် ခြင့်တထောင့်ဖြင့် ထိုး၍။
ရတနာအတိပြီးသော နောက်တော်ကကြောသားကိုယူလေ၏။ တလိုင်းတို့ကားပေါင်
၃။ တော်ကို ဖြတ်၍ယူပြီးလျှင်။ ပြန်လေသောအခါ၌။ ရန်းဝသို့ရောက်လေလျှင် နဂါးတို့သည် တက်လတ်၍၊ ထိုမြစ်
ရေကို ခနောင်းကြလှဲဖြင့် ထန်စွာဆူပွက်စေပြီးမှ တလိုင်တို့လှေသည် နံစ်လေ၏ပေါ
၄။ င်တော်ကို နဂါးတို့ရလေ၏။ ထိုအရပ်ကို ရမ်းဝခနောင်းကြီးဟူ၍။ ဤနေ့တိုင်အောင် တွင်၏။ ဘုရားမဟာမုနိ
ကို ဖျက်၍ ယူဆောင်လေသောတလိုင်းနှင့် ပျူတို့သည်ကား နူဝဲလေ
၅။ ကုံ၏။ ယခင်တလိုင်းနှင့် ပျူတို့နန်းတင်ခဲ့သော လကျ်ာမင်းနန်ကား။ ထိုပဥ္စာမြို့ကြီးသည် ကျိန်းခမ်းကာလ
မကြွင်းပြီဟူ၍ အဥ္စနဒီမြစ်ကို ကူးလျှက်။ အနောက်ဘက်ကျွန်း၌။ မြိုင်ရာ
၆။ ရှာလေသော်။ အနောက်ကျွန်းသည်။ ထက်ဝန်းကျင်ရေချည်သာဖြစ်၍။ ဤအရပ်သည်ကား။
မြို့လောင်းမြို့လျှာလျှင်မှန်၏ရာန်ကိုကာကြက်ဘိသကဲ့သို့ဟူ၍ မြို့တည်ထောင်လေသည်ကို။ လောင်ကြက်
၇။ ဟူ၍ ဤနေ့တိုင်အောင်တွင်၏။ ထိုလကျ်ာမင်းနန်သည်။ သက္ကရာဇ် ၄၆၅ ခုတွင်လည်းကောင်း တပေါင်းလတွင်
လောင်းကြက်မြို့ကို တည်ထောင်၍။ သုံးနှစ်မစေ့ခင်လျှင်။ သမီးတော်သေခဲ့သည်ဆင်မြင်းလူ
၈။ သူတို့သည်။ လည်း နာဖျားသေပျောက်များသည်ဖြစ်သောကြောင့်။ ထိုလောင်းကြက်မြို့၏မြောက်ဘက်ချောင်းကို
ကူး၍ မြို့ရာရှာလေသော်၊ တိတိထစ်ထစ်ကျင်းကျင်းသောပြင်ကိုမြင်လေလျှင်။ ဤအ

**ဆိ------------ဝမ်းဖက်**

၁။ ရပ်ဝယ်မြို့တည်သော်။ ဖြစ်စွန်နိုင်အံ့လောဟူ၍ နိမိတ်နာလေသော်။ ထိုအခါ၌။ ပြည်ညောင်စောင့်နတ်သည်၊
ကုလားကြီးအယောင်ဖြင့် ဖံဆင်း၍။ ပါရိန်ပါရိန်ဟူသောစကားကို အကြောင်းစွဲဆို၍ မြောက်အရပ်သို့ပြေး
၂။ လေ၏။ ထိုစကားကို ကြားလေလျှင် လကျ်ာမင်းနန်လည်။ ဤအရပ်သည် သင်လှပြီဟု။ သက္ကရာဇ် ၄၆၈
ခုတွင် မြို့ကြီးတည်လေ၏။ ထိုမြို့၏ နိမိတ်စကားကို အကြောင်းစွဲ၍ ပရိန်ဟု မည်သည်ကို ဤနေတို့
၃။ င်အောင်တွင်၏။ ထိုမင်းကား အိမ်နိမ့်နှစ်ဆဲ့သုံနှစ်၊ စည့်စိမ်ခြောက်နှစ်၊ နှစ်စုသက်တော်နှစ်ဆယ်ကိုးနှစ်တွင်
လွန်တော်မူလေ၏။ ၁။ ထိုမင်းလွန်လေလျှင် သားတော် သီဟပါသည်။ မျောက်သားတော် သမ္မူ
၄။ လာနှင့် အဘိသိက်ခံ၍၊ သက္ကရာဇ် ၄၇၁ ခုတွင်။ ပြည်စည်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကား အိမ်နိမ့်
နှစ်ဆယ့်နှစ်နှစ်။ စည်စိမ်တနှစ်။ နှစ်စုသက်တော် နှစ်ဆဲ့သုံနှစ်တွင်လွန်
၅။ တော်မူလေ၏။ ၂။ ထိုမင်းလွန်လေလျှင် သားတော်ရာဇာကြီးသည်၊ မင်းသမီးစောစနေနှင့်။ အဘိသိက်ခံ၍။
သက္ကရာဇ် ၄၇၂ ခုတွင် ပြည်စည်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကား
၆။ အိမ်နိမ့်တဆဲ့ခြောက်နှစ်။ စည့်စိမ်နှစ်နှစ်။ နှစ်စုသက်တော် တဆယ်သျှစ်နှစ်တွင် လွန်တော်မူလေ၏။ ထိုမင်းလွန်
လေလျှင်၊ သားတော်သာဂိဝင်ကြီးသည်။ သမီးတော်စောလှကျိုင်းနှင့် အဘိသိက်ခံ၍
၇။ သက္ကရာဇ် ၄၇၄ခု ပြည်စည်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကား အိမ်နိမ့်နှစ်ဆယ်။ စည့်စိမ်သုံနှစ်၊ နှစ်စု
သက်တော် နှစ်ဆဲ့သုံနှစ်တွင် လွန်တော်မူလေ၏။ ၄။ ထိုမင်းလွန်တော်မူလေလျှင်။ သားတော်
၈။ သာဂိဝင်ငယ်သည်။ မျောက်သားတော် စောလှကြီးနှင့်။ အဘိသိက်ခံ၍။ သက္ကရာဇ် ၄၇၇ ခုတွင် ပြည်စည်စိမ်ကို
စိုးအိုပ်တော်မူလေ၏။ ထိုအခါ၌။ မင်း၏မျောက်သားတော် စောလှကြီးသည်ကား ည

**ဆီး-----------ကျောဖက်**

၁။ ည့်သံဂေါင်ယံဝယ်။ သံရှင်ဖြင့်ပြီးသော သံလျှက်။ သံရှင်ဖြင့်ပြီးသောလှန်။ သံရှင်ဖြင့်ပြီးသောမြားတို့ကို
အရောင်အဝါနှင့်။ အကွလျှင်။ နတ်သားတယောက်လာ၍။ နှင်းလှာမက်၏ ထိုအချိန်ဝယ်လဉ်ကော
၂။ ကိုယ်ဝန်တဉ်သော မင်းသားသည် ဖွားလတ်လျှင်၊ သံရှင်ဖြင့်ပြီးသော သံလျှက်မြားလှန်ကို ရမက်သော
အကြောင်းကိုစွဲ၍၊ ကောလိယဟု အမည်ထားလေ၏။ ထိုကောလိယမင်းသားသည်။ တဆဲ့သုံးနှစ်မြောက်
၃။ လတ်သောအခါ။ ဆင်အတတ် မြင်းအတတ် သံလျှက်အတတ်တို့၌လည်း၊ အပြီးအစီးတိုင်အောင်လျှင်
တတ်သတည်း။ အဆင်းအဝါခွန်အားနှင့်လည်း အလွန်လျှင်ပြည့်စုံစွာ၏။ အရီးတော်ရင်းသမီးဖြစ်သော ကုံမွာ
၄။ ရိနှင့်။ အိမ်ထောင်ချ၍ အိမ်ရှေ့အရာကို နှင်းလေ၏။ ထိုမင်း၏ ခမည်းတော်သာဂိဝင်ငယ်သည်။ အိမ်နိမ့်တဆဲ့
သုံနှစ်။ စည့်စိမ်တဆယ့်သျှစ်နှစ်။ နှစ်စုသက်တော် သုံဆယ်တနှစ်တွင်လွ
၅။ န်တော်မူလေ၏။ ၅။ ထိုမင်းလွန်တော်မူလေလျှင်။ သားတော်ကောလိရမင်းသားသည်။ ကုမ္မာရီဟူသော မျောက်
သားတော်နှင့်။ အဘိသိက်ခံ၍။ ပြည့်စည့်စိမ်ကို သက္ကရာဇ် ၄၉၅ ခုတွင် စိုးအုပ်တော်မူလေ၏။ ထိုမင်း၌ကား။
ဆင်အင်မြင်းအင်၊ လှေအင်၊ ရဲမက်အင်တို့သည်။ အလွန်များမြောင်စွာသောကြောင့်။ ရှစ်မျက်နှာသော အရပ်တို့
၌။ ခပ်သိမ်းသောရာန်သူတို့သည်။ လက်မျှထူအံ့
၇။ သော်ငှါ မဝန့်စွာ၍။ သွားလေရာရာ၌။ ထိုထိုသို့သော ပြည်ထောင်ချင်းမင်းတို့သည်။ တုပ်ခွန်ဘဏ္ဍာလက်ဆောင်
ချည်းသာဆက်လှ္ဓာကုန်၏။ ထိုမင်း၏ တိုင်းခွင်ကား။ အနောက်လည်း သူရတန်မင်းနေသော
၈။ ပြည်အလုံမ်ကိုပိုင်လေ၏။ မြောက်ကလည်း မြုံပြည်တစ်ရုံပြည်တို့ကို ပိုင်လေ၏။ အရှေ့ဘက်လည် ပုဂ္ဂံမင်း၏
နိုင်ငံအလုံမ်းကိုင်ပိုင်လေ၏။ တောင်ဘက်မှလည်တလိုင်းပြည်။ အရှေ့မြောက်ေ

**ဆု-----------ဝမ်းဖက်**

၁။ ထောင့်မှာလည်း။ မိုးညှင်းမိုးကောင်းကလည်း အုံမ်းပေါင်းတိုင်အောင် ပိုင်လေ၏။ ထိုမင်းသည် အလိုခပ်သမ်း။
ပြည့်လတ်လျှင်။ ကောင်းမှုတည်အံ့ဟု အရာကိုကြည့်လတ်သော်။ မြို့နှင့်မနီးမဝေးသောအ
၂။ ရပ်ဝယ် နန္ဒပဗ္ဗတမည်သော တောင်တလုံကို အလွယ်ရလေလျှင်။ မင်းကြီးကား အထူးထူးသော ရတနာတို့ကို
ကောက်၍ရသည်ထက်လည်း အလွန်ဝမ်းမြောက်၏ဟူသော စကားကို အကြောင်း
၃။ စွဲ၍။ ငါရကောက်ဟူ၍ ယနေ့တိုင်အောင်တွင်၏။ ထိုတောင်ဝယ်လျှင်။ ဘုရားရုပ်တုတော်ကို တည်လေ၏။
ထိုမင်းကောင်းမှုတည်သောအခါ။ ပိုင်တော်မူသော ပြည်အပေါင်းက။ တာဝန်ချ၍လု
၄။ တ်စေသည်ကား။ ပုဂ္ဂံမင်းကလည်း မင်းအုံပေါင်မင်းတလိုင်းမင်းယွန်းမင်း သူရတန်မင်းမြုံမင်းဟစ်ရှုံမင်း။ ထိုမင်း
တို့ကို တာဝန်ချ၍ လုတ်စေ၏ ထိုတာဝန်ချ၍လုတ်စေသော
၅။ သမိုင်းမော်ကွန်းသည်။ ယနေ့တိုင်အောင် ဘုရား၊ တန်တိုင်းအရံပဟိကုံ၏။ ထိုမင်း၏ ဘုန်းတံခိုးသတင်းတို့သည်
ကား။ ဇမ္ဗူဒီပါကျွန်းတပြင်၌။ ခပ်သိမ်းသောမင်းတို့တက်လေလျှင် အလွန်
၆။ ထင်ရှားတောက်ပ၏။ ထိုမင်းကား အိမ်နိမ့်တဆယ်သျှစ်နှစ်။ စည့်စိမ်နှစ်ဆယ်။ နှစ်စုသက်တော် သုံဆဲ့သျှစ်နှစ်
တွင် လွန်တော်မူလေ၏။ ထိုမင်းလွန်တော်မူလေလျှင်။ ဒသာရာဇာဟူသော သွာေ
၇။ တော်အိမ်ရှေ့မင်းသည်။ မျောက်သားတော် ရာမဒေဝီနှင့် အဘိသိက်ခံ၍ သက္ကရာဇ် ၅၁၅ ခုတွင် ပြည်စည်စိမ်
ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းသည် လေးလက်နက်ကို ပိုင်တော်မူလျှင်။ ဤရကျိုင်ပြည်
၈။ တွင် စန္ဒရားကိုးဆက်လည်း အရိန္ဒမာလှန်ပျံကိုရ၏။ ငါလည်းလေးလက်နက်ကို ရသည်ဖြစ်သောကြောင့်။
ဆယ်ဆက်မြောက်သောမင်းတို့ လက်နက်ရသည်ကို အကြောင်းစွဲ၍။ ဒသာရာဇာဟူသော အ

**ဆု-------------ကျောဖက်**

၁။ မည်ကို မှည့်သည်။ ထိုမင်းသည်ကား ခမည်းတော်ကောလိယမင်းလက်ထက် ဘုန်းလက်ရုံမ်းတို့သည်။တောက်ပ
လွန်ကဲသည်ဖြစ်၍။ ခမည်းတော်ပိုင်ခဲ့သော တိုင်းကားနိုင်ငံထက်လည်း။ ကျယ်ဝန်းသည်
၂။ ဖြစ်၏။ အမတ်လည်း တထောင့်ခြောက်ရာစင် မြောက်၏။ ဆင်မြင်းခြေသည် စသော လှေတက်အင်လည်း။
ခမည်းတော်ထက်ကဲလွန်၍ အလွန်လျှင်များစွာ၏။ ပေးကမ်းစွန့်ကြဲခြင်း၌လည်း ရတနာမိုးပြင်းစွာ

၃။ ရှာသကဲ့သို့။ ကြင်နာစုံမက် ညသည်ဖြစ်၍။ သူခပ်သိမ်းတို့ကား။ သိဒါရေဖြင့် ထိပ်ထက်ဝယ် မပြတ်လျှင်
ဖြန်းဆွတ်ဘိသကဲ့သို့။ အလွန်ငြိမ်းချမ်းကုံသည်ဖြစ်၍။ မိဘကိုကဲ့သို့ မျက်ကွယ်မျက်မြင်ချစ်မြတ်နိုးကုံ
၄။ ၏။ ဈေးခွန် ဆိတ်ခွန် ကင်းခွန် လယ်ခွန် ရေခွန် စသည်တို့ကိုလည်း အရာအထူးကြည့်၍ တံဖိုးလှုင်ကံညံလျှော့
ညာတာသောကြောင့် ပြည်သူလူခပ်သိမ်းတို့ကား ကွယ်ဝချမ်းသာဟိကုံ
၅။ ၏။ သဌေးသူကြွယ်လည်း အလွန်များမြောင်စွာ၏။ အထူးထူးသော ရတနာရွှေငွေဖြင့် ကျီကြဏ္ဍာတို့သည်လည်း
အလွန်လျှင်များမြောင်စွာ၏။ တရံရောအခါ၌ ထိုမင်းကြီးသည် ငါတို့၏ ဘေးလောင်းတော်ဖြစ်သော ဓညဝတီမြို့
ကြီးဝယ်။ မံဟာသူရိယစန္ဒရားဖြစ်တော်မူသောအခါ၌။ မြတ်စွာသမ္မာသမ္ဗုဒ္ဓဂေါတမသည်။ ရတနာပြဿဒ်ရှင်ငါးရားစီး
လျှက်။ သေလာဂီရိတောင်ထိပ်တ
၇။ က်ဝယ်။ ရောက်လတ်သည်ကို။ ငါတို့ဘေးလောင်းတော်သူရိယစန္ဒမင်းသည်။ မျောက်သားတော် မိဖုရားက
စသော ပြည်သူအပေါင်းတို့နှင့် ဝပ်တွားတောင်းပန်သောကြောင့်။ သိကြားနှင့် ဝိသကြို
၈။ မ်ကိုခေါ်၍။ မြတ်စွာဘုရား မိန်းတော်ပြုလျှက်။ စီရင်တော်ပြီးမှ။ ထားတော်ပြုခဲ့သော ရုပ်ရှင်မြတ်စွာ မဟာမုနိ
သည်ကား။ အဘယ်မည်သော အရပ်မှာလျှင် ဟိလေသနည်းဟု။ တထောင်ခြောက်

## ဆူ---------ဝမ်းဖက်

၁။ ရာဝင်သော အမတ်တို့ကို ခေါ်၍။ မေးတော်မူလတ်တည်။ အမတ်အပေါင်းတို့လည်း။ ရွှေဘဝါးတော်အောက်
ဓညဝတီမြို့ကြီးဝယ် ရှေ့ကလွန်လေဝေသာ အသျှင်ဘေးလောင်းတော်ဖြစ်သော သူရိယာစန္ဒမင်းကြီး
၂။ သည်။ မျောက်သားတော် မိဖုရားကစသော ပြည်သူအပေါင်းတို့နှင့် တောင်ပန်၍။ ရှင်တော်ဂေါတမသည်။
ဓညဝတီမြို့ကြီး၏ အရှေ့မြောက်ထောင့်ဖြစ်သော
၃။ သီရိဂုတ်တောင်၌။ လျှင်ဟိလေ၏။ ဟု လျှောက်ကြကုံသော်။ မင်းကြီးလည်း အလွန်ဝမ်းမြောက်ဝမ်းသာစွာ
ဖြစ်တော်ပြု၏။ လက်ျာသင်းဖြစ်သော သုံသိန်းသော သူရဲတို့ကို အစိုးရသော အမတ်လက်ျာကြီးကို။
၄။ များစွာသော ဆုလပ်နှင့် ပေးတော်ပြုလိုက်၏။ ထိုအမတ်လက်ျာကြီးလည်း။ မိမိ၏လက်ဝင်ဖြစ်သော သုံသိန်သော
ရဲမက်ဗိုလ်ပါတို့နှင့်။ ထိုအရပ်သို့သွား၍ မေးမြန်းရှာဖွေလေသော်။
၅။ မရနိုင်ပြီးမှ မိမိ၏အသျှင်ဖြစ်သော ဒဒရာဇာမင်းကြီးအား လျှောက်ပြုလှာစေ၏။ ထိုစကားကို ကြားတော်ပြုသော်
မင်းကြီးကား။ အလွန်ပူဆာသည်ဖြစ်လျှက် လက်တော်ဝယ်ဝတ်ငေ
၆။ သော ပတ္တမြားလက်ကောက်နှင့်။ စီးတော်မူသော စီးတော်မြင်းတို့နှင့် အထူးထူးသော ရတနာတို့ကို များစွာပေး
လိုက်ပြီးသော် ချောင်းဖျား မြစ်ဝ၌ဟိလေသော ခွေးမွေးတောင်မြို့ စသော အကြင်သူတို့သည်
၇။ မြတ်စွာမဟာမုနိကို ဤသည်လျှင်တည်းဟု ပြနိုင်သောသူအားလျှင် ငါပေးတော်မူလိုက်သော ဤဆုတို့ကို
ပေးလျှင်လေဟူ၍ မိန့်တော်မူလိုက်ပြီးသော် ထပ်၍စေလိုက်ပြန်ခဲ့၏။ မင်းကြီးစေတော်မူသော
၈။ တမာန်တို့သည် ရောက်လေလျှင် အမတ်လက်ျာကြီးလည်း ချောင်းဖျားမြစ်မွန်ဝယ်ဟိသော ခွေးမွေတောင်တို့ကို
မေးမြန်းလေသော် ရဟောလာဟူသော မြို့သင်းကြီးနှင့် ငပေါင်းလောင်း

## ဆူ-----------ကျောဖက်

၁။ ဟူသော မြို့သင်းကြီးနှစ်ယောက်တို့သည်။ အကျွန်တို့လျှင် သိမြင်ခဲ့၏။ ယခုမချွတ်ပြအံ့ဟု ဆိုပေသောကြောင့်
အမတ်လက်ျာကြီးလည်း ဝမ်းမြောက်ဝမ်းသာစွာဖြစ်လျှက်။ ဒသရာဇ်မင်းကြီးသည်။ ဝတ်
၂။ တော်ပြုသော ပတ္တမြားလက်ကောက်ကို တယောက်စီချည်းဆုပေးလေ၏။ မင်းစီးတော်မူသော မြင်းစီးတော်
မူသောဆင်ကိုလည်း တယောက်တစီးချည်းပေးလေ၏။ ထိုသို့မြို့ကို ခရီးဆောင်၍ ညွှန့်
၃။ လေသော သီရိဂုတ်တောင်၌။ ထိုမဟာမုနိဘုရားကား။ လက်ျာမင်းနန်ကို မင်းတင်လှာသောအခါ။ မြမ္မာတို့သည်
ခြင်တထောင်နှင့်ထိုး၍ နောက်တော်ကြောသားကို ယူလေ၏။ တလိုင်းတို့လည်း။ လက်
၄။ ယာပေါင်တော်ကို ဖြတ်၍ ယူလေသောကြောင့်။ မဟာမုနိမြတ်စွာဘုရားကို။ ပလ္လင်တော်မှချ၍။ လည်တော်တိုင်
အောင် မြေဘုံး၍ဟိလေသည်ကို သင်ကြီးရဟောလာနှင့် သင်ကြီးငပေါင်းလောင်းတို့ပြလျှင် အမတ်လက်ျာကြီးက
လည်း။ မိမိအသျှင်ဖြစ်သော ဒသရာဇ်အား လျှောက်ကြားလှာစေ၏။ ထိုလျှောက်ကြားလှာသည်ကို ကြားလျှင်

မင်းကြီးလည်း အလွန်ဝမ်းမြောက်ခြင်းဖြင့်။ မျောက်သားတော် မိဖုရားကစသော မောင်းမမိဿံမှူးမတ်ပြည်သူ
အပေါင်းတို့နှင့် ကြွတော်မူလေလျှင်။ ချောင်းဖျားငယ်တခုကို တက်လေ၍၊ မဟာမုနိဘုရားကို တွေ့လေလျှင်။
ေ
၇။ ပေါ်အောင်ပေါ်ပြီးသော်။ ရတနာပေါက်ပေါက်တိုင်ဖြင့် ပူဇော်သကာပြု၍။ လှည်ရထားထက်တင်ပြီးသော်။
ချောင်းဖျားငယ်တခုမှ ထုတ်ခဲ့၍။ ယခင်သင်းပင်းနှင့်တက်လေသောချောင်းဖျားငယ်ကား။
၈။ သင်းထွက်ဟူ၍။ ဤနေတိုင်အောင်တွင်၏။ ထိုမှသည် အစည်အတိုင်း ဓညဝတီမြို့ကြီး၏ အထဲဝယ်က
တညုတတောင်၌ တည်အံ့ဟူ၍ စီရင်လေ၏။ အသို့စီရင်သနည်းဟုမူကား ထိုကတညု

**ဆေ-------------ဝမ်းဖက်**

၁။ တတောင်ပို့ငယ်ကိုလည်းကောင်း။ စတုရန်းကောင်းမွန်စွာ တူလျှက် ကျောက်ဖြင့်သာပြီးသော တိုအထဲ၌။ ရွှေဖြင့်
သာပြီးသော ပလ္လင်တော်ကို စီရင်တော်ပြုသောအခါ တာငန်းချ၍ ဆုတ်သည်ကား။ အရှေ့ဘက်
၂။ မှကား။ ပုဂ္ဂမင်းမိုယ်ညင်းမင်း။ မိုယ်ကောင်းမင်းမိုယ်နည်းမင်း။ ဤမင်းလေးပါးတို့သည် တာငန်းချ၍လုတ်လေ
၏။ တောင်ဘက်မှာကား။ တံလိုင်းမင်း။ ယွန်းမင်း။ ယိုးတယားမင်း လင်းစင်မင်း။ ဤမင်းလေးပါး
၃။ တို့ကို။ တာငန်းချ၍ လုတ်စေ၏။ အနောက်ဘက်မှာကား။ သက်မင်း။ သူရတန်မင်း။ ကျည်းမင်း။ ဤမင်းသုံးပါး
တို့ကို တာဝန်ချ၍လုတ်စေ၏။ မြောက်ဘက်မှာကား။ မြုံမင်းကလည်း မင်း။ ဟဲရုံမင်း။ ကန့်
၄။ မြုံမင်း။ ကန်တည်မင်း။ ဤမင်းခြောက်ပါးတို့သည်။ တာငန်းချ၍ လုတ်စေ၏။ ထိုသို့ပြီးမှ မင်းများတို့သည်။
ညီညွတ်၍ လုတ်ကြသောခါ နဂါးစသော ဘုမ္မစိုး ရက္ခစိုးနတ်အပေါင်း
၅။ တို့သည်လည်း လူအယောင်ဆောင်၍လုတ်ပေလှာသောကြောင့် ကောင်းမွန်ခိုင်ကျမ်းစွာလျှင်။
ခုနှစ်ဆယ်တရက်ဝယ်ပြီးလေ၏။ ပြီးမြောက်လျှင် မြတ်စွာမဟာမုနိကို ပလ္လင်ေ
၆။ တော်သို့ တင်သောအခါကား။ သိကြားသူဇိတာ စသောခြောက်ထပ်သော နတ်ဗြဟ္မာတို့သည်။
ပူဇော်ကြလာကုံ၏။ သိန်တော်သျှစ်မျက်နှာ၌၊ စကားစိုက်သည်ကား၊ ဆရာသျှစ်ယောက်တည်း။ ထိုပညာ
၇။ ဟိဘုရား ဆရားသျှစ်ယောက်တို့၏ အမည်ကား။ အရှေ့ဘက်က ဆရာဝက်ချေတည်။ ၁။ အရှေ့တောင်
ထောင့်ကကား။ ဆရာရွှေတောင်တည်း။ ၂။ တောင်ဘက်ကကား ဆရာသင်တိုင်းတည်။ ၃။ အနော
၈။ က်တောင်ထောင့်ကကား ဆရာစည်တရာဇ်တည်။ ၄။ အနောက်ဘက်ကကား။ ဆရာဥဝါတည်း။ ၅။ အနောက်
မြောက်ထောင့်ကကား။ ဆရာပင်တည်း။ ၆။ မြောက်ကကား ဆရာဖြူဇင်တည်း။ ၇။ အရှေ့ေ

**ဆေ-------------ကျောဖက်**

၁။ မြောက်ထောင်ကကား ဆရာသျှင်လှတည်း။ ၈။ ဤသို့ကောင်းမွန်စွာစီရင်၍။ ပြီးမြောက်လျှင်။ သူရိယစန္ဒမင်းကြီး
သည် ရဟန္တာတို့ကို လျှု၍ မယူလိုသောကြောင်။ မဟာမြတ်မုနိပလ္လင်အောက်ဝယ်မြှုတ်
၂။ လေသောရတနာကိုးကုဋေကိုလည်း။ ထုတ်ယူတော်ခဲ့၍။ မဟာမြတ်မုနိကို တည်တော်။ မူသော ထိုကတညုတ
တောင်၏အရှေ့မြောက်ထောင့်ဝယ် မြှုတ်ပြီးသော်။ သူရှင်တထောင်ဝင်မှ နိုင်သောကျောက်
၃။ ဖျာကြီးကို အထက်က ဘုံမ်းပိတ်၍ ထားလေ၏။ ထိုသို့ပြီးလျှင်။ မြုံတို့သည်လည်း။ လေးလသော် တထောင်စီ
ချည်းလှည်စေလျှက်။ တံမြက်ခပ်ထည့်လေ၏။ သက်တို့ကိုလည်း လေးလခြောက်ရာစီချည်းလှ
၄။ ည့်စေလျှက် ပန်းတင်ထည့်လေ၏။ မြမ္မာတိုင်ကိုလည်း လေးလသော် တထောင်စီချည်းလည်းကောင်း၊
လှည့်စေလျှက်။ ဘုရားရင်ပြင်စသော တံတိုင်းပြင်၌ ယောက်သောမြတ်တို့
၅။ ကိုထွင်စိမ့်သောငှါထည့်လေ၏။ တလိုင်းတို့ကိုလည်း။ လေးလတထောင်စီလည်ကောင်းလှည့်စေ၍။ တံမြက်စပ်
ထည့်လေ၏။ ယခင်ရှေ့က မင်းများတို့ တာငန်းချ၍ လုတ်စေေ
၆။ သောကမ္မည်းသည်လည်း။ ထိုမင်းတို့တာတိုင်။ တာတိုင်လည်ကောင်းလျှင် ယနေ့တိုင်အောင်ဟိ၏။ သက်မြုံမြမ္မာ
တလိုင်းတို့ကို။ ယခင်ဆိုခဲ့တိုင်း အရုံအရုံတည်လေသော ကမ္မည်းသည်လည်း၊ ဤနေ့တိုင်
၇။ အောင်လျှင်ဟိလေ၏။ ထိုသို့စီရင်ပြီးလျှင် ဒသရာဇာမင်းကြီးကား။ အိမ်နိမ့်နှစ်ဆဲ့တနှစ်။ စည်စိမ်တဆဲ့နှစ်နှစ်။
နှစ်စုသက်တော် သုံးဆယ်သုံးနှစ်တွင် လွန်တော်မူလေ၏။ ၇။ ထိုမင်းလွန်တော်မူလေလျှင်

၈။ သားတော် အနံ့သီရိသည်။ မျောက်သားတော် သမာဓိနှင့်။ အဘိသိက်ခံ၍။ သက္ကရာဇ် ၅၂၇ ခုတွင် ပြည်စည်
စိမ်ကိုင်စိုးအုပ်တော်မူလေ၏။ ထိုမင်းကား ဖိုးတော်ခမည်းတော်တို့သည်။ အလွန်တိုင်းကားနိုင်

**ဆဲ————————ဝမ်းဖက်**

၁။ ငံကျယ်ဝန်းစွာသဖြင့်။ အာသဘမြောက်သည်။ ထိုအကြောင်းကို စွဲ၍။ ခပ်သိမ်းသောတိုင်းနိုင်ငံသူတို့အား။
နိုင်နင်းကလူ ညှည်းဆဲနှိပ်စက်ခြင်းကိုပြု၍။ ကင်းခွန် ဆိတ်ခွန် ဈေးခွန် ရေခွန် စသည့်တို့သည် ရှေ့ထက်တံဖိုး
၂။ လှင်ကန်တိုးကဲ၍။ အကောက်အငင်ပြုစေ၏။ ဖိုးတော်ခမည်းတော်တို့က လက်ဝင်ပိုင်ကားသော့ ပြည်ထောင်မင်း
တို့ကို လည်းသိမ်းမြန်းပိုက်ထုပ်ခြင်းကို မတန့်နိုင်၍ ရိုင်းပျံပြုကွဲလေ၏။ ထိုသို့ ရိုင်းပျံပြုကွဲသည်
၃။ ကို။ စစ်မက်ပြုချေသောခါလည်း။ ပြည်သူရွာသားတို့ကိုနိုင်နင်းကလူပြုခြင်း။ စီးပွားချမ်းသာမဲ့အောင်
ပြုခြင်းတို့ကြောင့် မညီမညွတ်ကြသည်ဖြစ်၍ မင်း၏အမှုကို ကြိုဆောင်လျှက်။ မထမ်းကြကုံသည်
၄။ ဖြစ်သောကြောင့်။ စစ်မက်သည်ပျက်သည်ချည်းသာဖြစ်၍။ တိုင်းကားနိုင်ငံအလုံမ်းတို့သည်ကား။ပြည်သူခပ်သိမ်း
တို့ကား။ မျက်စိဝယ်စူးသော ငြောင်ကဲ့သို့ ထင်ကုံ၏။ ပြည်
၆။ တုပ်ပြည်ခွန်တို့ကိုလည်း။ ပြင်းစွာသိမ်မြန်ယူငင်ပေးသောကြောင့်။ ထိပ်ထက်ဝယ် မီးပုံတင်အကုံသကဲ့သို့
တင်ကုံ၏။ ဤကဲ့သို့ အလွန်လျှင်ဆဲရေးကျိန်တွယ်ခြင်းကို ပြုလေကုံ၏။ ထိုမင်းကား အိမ်နိမ့်နှစ်
၇။ ဆဲ့တနှစ်။ စည့်စိမ်နှစ်နှစ်။ နှစ်စုသက်တော်နှစ်ဆယ့်သုံးနှစ်တွင်။ အမတ်သေတို့သည်။ ပြည်သူမှူးမတ်အပေါင်း
တို့နှင့် ညီညွတ်၍ ပုန်စားပြီးသော်။ မိမိ၏အသျှင်ဖြစ်သော ထိုမင်း၏ညီဖြစ်သော မင်ဘုံ
၈။ စားကို မရီးတော်သမာဓိနှင့် အဘိသိက်ခံ၍။ သက္ကရာဇ် ၅၂၉ ခုတွင်။ ပြည်စည့်စိမ်ကို စိုးအုပ်တော်မူလေ၏။
မင်းဘုံစားဟူ၍ တွင်သည်ကား။ နောင်တော်အနံ့သီရိသည်။ အလွန်ကောင်းစွာသော

**ဆဲ—————ကျောဖက်**

၁။ ကြောင့်။ ကြောက်လှသည်ဖြစ်၍။ စည်စိမ်ချမ်သာကိုင်စွန့်ပြီးသော် ။ သင်ပုဂိစုပ်သင်္ကန်းစုပ်တို့ကို ဝတ်လျှက်။
တောင်ယန့်၍ စားလေသောကြောင့်။ မင်းဘုံစားဟူ၍ တွင်သတည်း။ ထိုမင်းဘုံစားကား။
၂။ ထိုပရိန်မြို့သည် သုံလတ်ပြီဟု။ ဘုရားဆရာတို့နှင့်အကွ။ မြို့ရာရှာ၍။ ၎င်းသက္ကရာဇ်တွင်။ ချိတ်မြို့ကိုတည်လေ
၏။ ထိုမင်းကား အစ်ကိုယ်၏မကောင်းခြင်းကြောင့် ပြည်သူတို့၏ ညီငွေခြင်းကို သိသည်
၃။ ဖြစ်၍။ သူခပ်သိမ်းတို့အား။ ဝမ်းထွက်သားကိုကဲ့သို့ ကြင်နာလးမြတ်စွာ၏။ ပြည်အတုပ်၊ အခွန်တို့ကိုလည်း။
ရှေ့ကောက်ရိုးစားရိုးထက် လျှော့ညှန့်၍သာလျှင်။ သိမ်းဆည်းသောကြောင့် ပြည်သူရွာ
၄။ သားတို့သည်ကား။ ဝပြောစည်ပင် ပြန့်ပြော၏။ မင်းကိုလည်း ပြည်သူတို့သည် မိဘကိုကဲ့သို့။ မျက်ကွယ်မျက်မြင်
မြတ်နိုးစွာ၏။ ထိုမင်းလက်ထက်ဝယ် တောင်သူငနားကြီး။
၅။ သည် (စစ်ပြုအံ့ဟု လာလတ်သည်ကို)။ ခရီးညွှန်ပြု၍။ သုံးသိမ်း သော သျှမ်းအများတို့သည်။ စစ်ပြုအံ့ဟု
လာလတ်သည်ကို၊ ကြားလေလျှင်။ ထိုမင်းဘုံးစားသည် များမြောင်စွာသော
၆။ စစ်အင်္ဂါလေးပါးတို့နှင့်။ အဋ္ဌနဒီမဖြိုကိုဆန်လေ၍။ တောင်ကြီးတလုံမ်းထက်သို့တက်ပြီးသော်။
ဆီးကန်လျှဆက်တိုက်ကြလေသော်။ သျှမ်းတို့သည်။ ထွားထွားညက်ညက်ပျက်လျှင် လေ၏။ ထိုသို့
၇။ ဆီးကန်၍တိုက်သည် တောင်ကြီးကိုင်။ ဆီးကန့်တောင်ဟူ၍ ဤနေ့တိုင်အောင်တွင်၏။ ထိုမင်းကား။ သျှမ်းပြည်
တိုင်အောင် လိုက်လေ၍။ ကလည်းမိုယ်းညင်း မိုယ်ကောင်းဟူသော သုံပြည်လုံ
၈။ မ်းကိုº ရချေ၏။ မင်းမိဖုရားက စသောမှူးမတ်ပြည်သူတို့ကို ကြည်းဆောင်၍။ ယူခဲ့ရာဝယ်။ ကြွင်းကျန်သော
သျှမ်းတို့ကား ငါတို့ရေလွဲသို့ မရောက်ခင် အကျိုင်းဝယ်ဆီး၍တိုက်လေသောကြောင့်။ သုံ

**ဆော—————ဝမ်းဖက်**

၁။ စုနှစ်စုသာ သုံ့ပန်တို့သည် လွတ်လေ၍။ တစုခန့်သာပါလတ်၏။ ထိုပါလတ်သရွှေ့သော သျှမ်းတိုင်ကို။ ရေခါး
ရေင်သို့ချ၍ ရွာတည်လေ၏။ ထိုပါသရွှေ့လူတို့ကို သိမ်း၍ ရွာတည်လေသောကြောင့်။ ထိုရွာ

၂။ ကိုသိမ်းကပါဟူ၍ ဤနေ့တိုင်အောင်တွင်၏။ မင်းမ၍ သျှမ်းတို့ကိုလည်းကောင်း။ တည်သောရွာကိုလည်း။
မင်းမဟူ၍ ဤနေ့တိုင်အောင်တွင်၏။ ထိုမင်းဘုံစားကား။ အိမ်နိမ့်သုံးဆဲ့တနှစ်။ စည့်စိမ်ခုနှစ်နှစ်။ န
၃။ စ်စုသက်တော်သုံးဆယ်သျှစ်နှစ်တွင် လွန်တော်မူလေ၏။ ၁။ ထိုမင်းလွန်လေလျှင်။ ပဋ္ဌကာဝါဟူသော သားတော်
သည်။ မင်းစည်ဖြူဟူသော မင်းသမီးနှင့် အဘိသိက်ခံ၍။ သက္ကရာဇ် ၅၃၆ ခု
၄။ တါင် ပြည်စည်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းလည်း ပြည်သူရွာသားစိးပွားကို ကယ်ဆောင်မစ၍။ သိမ်းမြန်း
ပိုက်ထုပ်၏။ ဒါနသီလတို့ကိုလည်း အလွန်စေမျိုး၏ထိုင်
၅။ မင်းကား။ အိမ်နိမ့်တဆယ်သျှစ်နှစ်။ စည်စိမ်နှစ်နှစ်။ နှစ်စုသက်တော် နှစ်ဆယ်တွင် လွန်တော်မူလေ၏။ ထိုမင်း
လွန်တော်မူလေလျှင်။ ကိန္နရပေါ်ဟူသော သားတော်သည်။
၆။ ဂလျှာမုန့်ဟူသော မင်းသို့းနှင့်။ အဘိသိက်ခံ၀×။ သက္ကရာဇ် ၅၃၈ ခုတွင် ပြည်စည်စိမ်ကို စိုးအုပ်တော်မူလေ၏။
ထိုမင်းလည်း ပြည်သူရွာသား၏ စီးပွားချမ်းသာကို ကောင်းမွန်စွာ စောက်ရှောက်၏။
၇။ ရတနာသုံးပါးကိုလည်း အလွန်ကြည်ညိုု၏။ ဒါနသီလဇာဂတို့၌လည်း အလွန်မွေ့လျော်၏။ ထိုမင်းဝယ်ကား။
ဂုဏသင်းဟူသော သားတော်လည်း တယောက်။ ပဋ္ဌသင်းဟူသော သားတော်
၈။ လည်းတယောက်။ သမီးငရွှေစင်ပြောင်လည်းတယောက်။ ထိုသုံယောက်တို့သည်ဖြစ်၏။ ထိုမင်းကား ယင်း
ချိတ်မြို့ဝယ် နှစ်နှစ်ဟိပြီးမှ။ ကာလကျိန်းခနဖ်းကုံလတ်သောကြောင့်. ဆင်မြင်းလူသူ

**ဆော-----------ကျော့ဖက်**

၁။ တိုင်သည်။ နာဖျားသေပျောက်ခြင်းများသည်ဖြစ်၍။ သက္ကရာဇ် ၅၄၀ တွင် စမ္ပဝက်မြို့ကိုတည်လေ၏။ ခြောက်လ
ဟိမှ အမတ်စတင်ဂံပိုသည်။ ပုံစားလေ၏။ ထိုမင်းကား အိမ်နိမ့်တဆဲ့သျှစ်နှစ်။ စည့်
၂။ စိမ်သုံးနှစ်။ နှစ်စုသက်တော် နှစ်ဆဲ့တနှစ်တွင်။ လွန်တော်မူလေ၏။ ၁။ ထိုမင်းလွန်တော်မူလေလျှင်။ အမတ်
စလင်ဂဗိုင်သည် မင်းပြုလေ၏။ ထိုစလင်းဂဗိုလ်သည်။ ကာလမမြင့်ခင်လျှင်။ ပြည်တုပ်ပြည်
၃။ ခွန်ကိုလည်း။ သစ်တပင် စိုက်ရာမျှ မလွတ်ရအောင်လျှင်။ အတုပ်အခွန်ကို ကောက်ငင်ဘိ၏။ ပြည်ဝယ်အကြီး
အမား အသေအလာတို့ကိုလည်း နှိပ်စက်ကလူ ဖျက်စီးသောကြောင့်။ ခြောက်လတွ
၄။ င်ပြည်သူတို့သည်။ ပုန်စား၍ သေလေ၏။ ၂။ ထိုအမတ်စလင်ဂဗိုလ်။ လွန်လျှင်။ ထိုနိုင်ငံသူတို့သည်
ညီညါတ်၍နန်းရိုးဖြစ်သော ပဋ္ဌကာလစက်သားတော် မဋ္ဌူသင်းကိုင်နှမတော်ရ
၅။ င်ရွှေစင်ပြောင်နှင့် အဘိသိက်ခံ၍။ သက္ကရာဇ် ၅၄၂ ခုတွင်။ ပြည်စည်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကို
ပြည်သူတို့ ချစ်မြတ်နိုင်သည်ဖြစ်၍။ အသျှင်အရာ၌တည်သောကြော
၆။ င့်။ တိုင်းချစ်ဟူ၍ အမည်တွင်၏။ ထိုတိုင်းချစ်မင်းကား အလွန်ကြီးမြင့်စွာသော အလုံမ်းအရပ်မောင်းလက်ရုံမ်း
အစွမ်းခွန်အားအဆင်းအဝါနှင့်လည်း ပြည့်စုံစွာ၏။ ထိုမင်းကား စမ္ပဝက်မြို့သည် ပျက်စီး
၇။ အံများသောကြောင့်။ သက္ကရသာဇ် ၅၄၂ ခုတွင်။ မြို့ဟောင်းငူ၌ ဝါကိုသာမြို့လုတ်၍ တည်လှာ၏။ ထိုမင်း၏
လက်ရုံမ်းဘုံတံခိုးတို့သည်ကား။ နေကဲ့သို့ တောက်ပစွာ၏။ အမတ်လေးထောင်စင်မြောက်၏။
၈။ ထိုသို့ဖြစ်သောကြောင့်။ တိုင်နိုင်ငံချယ်လေရာသည်ကား ခံဝံ့သောရာန်သူမည်သည်မဟိ။ ရာန်ခံလင့်သောသူတို့
သည်လည်း မီးပုံတွင် ဖရောင်းကျသကဲ့သို့ ကြေမျက်လေကုံသည်ချည်းသာ

**ဆော်-----------ဝမ်းဖက်**

၁။ ဖြစ်သောကြောင့် အရှေ့အနောက်တောင်မြောက်တိုင်း၌များစွာသော တိုင်းနိုင်ငံတို့သည်။ ထိုမင်း၏လက်ဝင်ဖြစ်
ကုံ၏။ မြမ္မာတိုင်း၌။ မိုးညှင်းအုံးပေါင် ရှောက်စောက်ညှောင်ရွှေတိုင်အောင်ပိုင်လေ၏။ တော
၂။ င်ဘက်မှာကား တလိုင်းပြည်ယွန်းပြည်ယိုးတယားပြည်လင်စင်ပြည်တိုင်အောင် ပိုင်လေ၏။ အနောက်မှာလည်း
သူရတန်ကစ၍ နေရဥ္စရာမြစ်နားတိုင်အောင် ပိုင်လေ၏။ မြောက်အရပ်မှာလည်း မြုံပြည်
၃။ စသော ဟဲရုံကမြုံကတည်းထူပါလပြည်နေပါလပြည်တိုင်အောင် ပိုင်၏။ ထိုမင်းပိုင်တော်မူသော နိုင်ငံတော်
တိုင်၌။ ဘုရားဇေတီပုထိုး ရေတွင်းရေကန် ဇင်းခါတို့ကိုလည်း တည်တော်မူ၏။ ထိုတည်
၄။ တော်မူသော ကောင်းမှုကို ရခိုင်မင်းကောင်းမှုဟူ၍ ဤနေ့တိုင်အောင် ဟိ၏။ ထိုမင်းလက်ဝင်ဖြစ်သော

မင်းများတို့သည်လည်း။ သမီးရတနာတို့ကို တံဆာဆင်ယင်လျှက်များစွာ
၅။ သောခြွေရွှေဆင်မြင်းတို့နှင့် ပို့ဆက်လာကုံ၏။ ထိုသို့သောမင်းသားတို့သည်ကား လက်ဆောင်ထုပ်ခွန်နှင့်ချည်း နှစ်တိုင်းမပြတ် ခြေတော်စုံကို ဦးတင်လှာကုံ၏။ ထိုမင်းကြီးသည် ကော
၆။ င့်မူတည်အုံသောအခါ၌။ ပိုင်တော်ပြုသောမင်းတို့ကိုလည်း။ အရတာင်နဲ့ချ၍လုတ်စေလျှင်။ ထိုတာင်နှုံးတိုင်ဝယ်။ ကမ္ပည်းမော်ကွန်းလည်း။ အမည်အရည်နှင့် အလိုက်အလိုက်ထားကုံသည်ကား။ ဤနေ့တို
၇။ င်အောင် လျှဆင်ဟိ၏။ ထိုတိုင်းချစ်မင်းသည်ကား။ ပိုင်တော်မူသရွေ့သော တိုင်းနိုင်ငံဝယ်။ သူခပ်သိမ်းတို့အား။ စီးပွားချမ်းသာကို ဆောင့်လျက်။ မြတ်သောဒါနသီလကိုသာ စေမျိုး၏။ ဓာတ်တော်မွေ
၈။ တော်ရုပ်ရှင်တော်တို့ကိုလည်း မြတ်နိုးတနာလျှင် ရှိသဆေည်းကပ်၏။ သာသနာတော်လည်း မီးကဲ့သို့လျှင် တောက်ပ၏။ ထိုမင်းကား အိမ်နိမ့်နှစ်ဆဲ့လေးနှစ်။ စည့်စိမ်တဆဲ့တနှစ်။ နှစ်စုသက်တော်သုံးဆဲ့

**ဆော်------------ကျောဖက်**

၁။ ငါနှစ်တွင် လွန်တော်မူလေ၏။ ၁။ ထိုမင်းလွန်တော်မူလေလျှင်၊ ငရန်မန့်ဟူသော သားတော်သည်။ မျောက် သားတော် မင်းဂဏ္ဍာနှင့် အဘိသိက်ခံ၍ သက္ကရာဇ် ၅၅၃ ခုတွင် ပြည်စည့်စိမ်ကို စိုးအုပ်တော်
၂။ မူလေ၏။ ခမည်းတော်ကဲ့သို့။ တိုင်းနိုင်ငံတော်ကား ကျယ်ဝန်းသည် မဖြစ်အစွမ်းခွန်အားနှင့်သောကား ပြည့်စုံ၏။ ဆင်မြင်းအတတ်၌လည်း။ လေ့လာ၏ ရတနာသုံးပါးကိုလည်း ကြည်ညိုစွာ၏။ ပဥ္စသီ
၃။ သတင်းကိုလည်း။ စောင့်စည်း၏။ ပြည်သူစီးပွားနှင့်လည်း မွေ့လျော်တော်ပြုလတ်သောကြောင့်။ ငန်ရန်ပန်ဟူ၍ တွင်၏။ ထိုမင်းသည် နန်းတက်တနှစ်ဟိလျှင်။ ပဲဖျူမင်းပြုသည်ကာလသျှမ်းတို့လာ၍။
၄။ ရံပြကျွန်းလူတို့ကို သိမ်းယူထားလေသည်။ လူသုံးဆက်လွန်ပြီးမှ။ ငရမာသည် လူတရခြောက်ကျိတ်ထက်တွင် အကြီးပြု၍ လာလတ်၏။ လမ္ဗူးချောင်းတွင် ရောက်လာလျှင်။
၅။ လမ္ဗူ့ချောင်းစားဖြေူသည်။ အောက်သားတရခြောက်ကျိတ်ကို ယူ၍။ ငရန်မာန်မင်းကြီးကို ဆက်လေ၏။ ငရမာ သည်။ ငရန်မာန်မင်းကြီးကို လျှောက်လတ်လေသော်။ လက်ဝဲစစ်ကဲကြီးနေ
၆။ မျိုးဂုံနွရကျော်ထင်အံကြီးပြု၍ ရံပြကျွန်းရေချမ်းကြီးမင်းပြင်ပေါက်ပြင်သလူတောင်ရွာ အစဟိသော ရပြကမန်းတဆယ်နှစ်ရွာကို။ အမတ်သမုတ်၍ သက္ကရာဇ် ၅၅၄ ခု တပေါင်းလဆန်း ငါးရက်နေ့တွင်
၇။ တည်လေ၏။ ထိုမင်းကား အိမ်နိမ့်နှစ်ဆဲ့ငါးနှစ်။ စည့်စိမ်နှစ်နှစ်။ နှစ်စုသက်တော်နှစ်ဆယ်ခုနှစ်နှစ်တွင် လွန်တော် မူလေ၏။ ၂။ ထိုမင်းလွန်တော်မူလေလျှင်။ သားတော်ငပုဂ္ဂံသည်။ မျောက်သားတော်ယော
၈။ င်လုမည်နှင့်။ အဘိသိက်ခံ၍။ သက္ကရာဇ် ၅၅၅ခုတွင် ပြည်စည့်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကား။ အစွမ်းခွန်အားနှင့်လည်း ပြည့်စုံ၏။ လေးသံလျှက်အတတ်၌လည်း အလွန်တတ်၏။ ပြည်သူလူ

**ဆံ-----------ဝမ်းဖက်**

၁။ ခပ်သိမ်းတို့၏ ချမ်းသာကိုလည်း ကယ်ဆောင်မစ၏ ရတနာသုံးပါး၌ ကြည်ညို၏။ ဒါနသီလ၌လည်း မွေ့လျော်၏ ရုပ်တုဇေတီစသော သိန်ကျောင်းကိုလည်း များစွာလုတ်ကြ၏။ ထိုမင်းခမည်းတော်
၂။ သည်။ ပုဂ္ဂံချောင်ကို ကစားလှာသောအခါ ဖွားသောကြောင့် ငပုဂ္ဂံဟုတွင်၏။ ထိုမင်းကား အိမ်နိမ့်နှစ်ဆဲ့နှစ်နှစ်။ စည့်စိမ်နှစ်နှစ်။ နှစ်စုသက်တော် နှစ်ဆဲ့လေးနှစ်တွင် လွန်တော်မူလေ၏။ ၃။ ထိုမင်းလွန်
၃။ တော်မူလေလျှင်။ ငရက္ခိုင်ဟူသောသားတော်သည်။ ယောင်နင်းနုဟူသော မျောက်သားတော်နှင့် အဘိသိက်ခံ၍။ သက္ကရာဇ် ၅၅၇ ခုတွင် ပြည်စည်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကား
၄။ ပညာအဆင်အခြင်းနှင့်လည်း ပြည့်စုံ၏။ ရတနာသုံးပါးကိုလည်း မြတ်နိုးရှိသေစွာပြု၏။ အရိယာ သူတော်ကောင်း တို့အားလည်း ပစ္စည်းလေးပါးဝည မကျည်းမြောင်ရအောင်
၅။ မွေးမြူ၏။ မွေတော်ဓာတ်တော်အပေါင်းတိုင်ကိုလည်း မပြတ်ဆည်းကပ်ရှိသေ၏။ အလှူသတင်း၌လည်း အားထုတ်၏။ ဘုရားဆင်းတုစသော သိမ်ကျောင်းဇရပ်တို့ကိုလည်း။
၆။ များစွာပြုစု၏။ အဘငပုဂ္ဂံမင်းကြီးသည်။ ရက္ခိုင်တောသို့ လာသောခါ ဖွားသောကြောင့်။ ငရက္ခိုင်ဟုတွင်၏။

ထိုမင်းကား အိမ်နိမ့်နှစ်ဆယ် စည့်စိမ်သုံးနှစ်။ နှစ်စုသက်တော်နှစ်ဆဲ့သုံးနှစ်တွင်လွန်တော်
၇။ မူလေ၏။ ၄။ ထို့မင်းလွန်လေလျှင် သားတော်ငကြိမ်သည် မျောက်သားတော် စောသမာနှင့်။ အဘိသိက်ခံ၍။
သက္ကရာဇ် ၅၆၀ တွင် ပြည်စည့်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကား အရိယာသူ
၈။ တော်ကောင်းတို့အားလည်း။ ပစ္စည်းလေးပါးနှင့်ငြိမ်းချမ်းအောင် လုတ်ကျွေးပေ၏။ သူတော်ကောင်းတို့၏ အဆုံမှ
၌လည်းတည်၏။ ဘုရားသာသနာ့တော်ကိုလည်း။ အလွန်လျှင်ချီမြောက်ပေ၏ပြည်

**ဆံ--------------ကျောဖက်**

၁။ တုပ်ပြည်ခွန်ကိုလည်း။ ညွှ့်လျှောညာတာသောကြောင့်။ သူဌေးသူကြွယ်တို့သည်လည်း။ များမြောင်စွာ၏။ ကျိုကြ
ဘဏ္ဍာတို့သည်လည်း။ အလွန်လျှင်ပြည့်ဖျိုး၏။ ထိုမင်းကား အိမ်နိမ့်တဆဲ့တနှစ်။ စဉ်စိမ်
၂။ သုံးနှစ်။ နှစ်စုသက်တော်နှစ်ဆဲ့လေးနှစ်တွင် လွန်တော်မူလေ၏။ ၅။ ထိုမင်းလွန်လေလျှင်။ သားတော်ငဆူသည်။
မျောက်သားတော်ရွှေအိမ်သျှင်နှင့် အဘိသိက်ခံ၍။ သက္ကရာဇ် ၅၆၃ ခုတွင်။ ပြည်စဥ္စ
၃။ စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကား ရတနာသုံးပါး၌လည်း ကြည်ညို့စွာ၏။ တံခါးတိုင်းလေးမျက်နှာ၌လည်း
ကြီးစွာသော ကနားလေးဆောင်ကိုပြု၍။ အမတ်ကြီးလေးယော
၄။ က်အား။ အပ်နှင်းလျှက်။ တနေ့ကိုလေးသောင်းစီချည်းလှူစေ၏။ ပညာဟိတို့နှင့်လည်း မပြတ်သောတိုင်ပင်
ဆွဲနွှဲခြင်းအလေ့ဟိ၏။ ပြည်ရွာစီးပွားချမ်းသာကိုလည်း အလွန်လျှင်
၅။ ငံစောင့်ရှောက်၏။ သက်ကြီးမိဘဆွေကြီးမျိုးကြီးတို့ကို မြတ်နိုးရိုသေ၏။ ရုပ်တုဇေတီစသော မွေတော် မတ်တော်
အပေါင်းတို့ကိုလည်း။ မြတ်နိုးရိုသေဆည်းကပ်လေ့၏။ အရိ
၆။ ယာသူတော်ကောင်းတို့အားလည်း အလွန်လျှင်။ လေးမြတ်ကျိုးနွံ၏။ ထိုမင်းကား အိမ်နိမ့်တဆဲ့ခြောက်နှစ်
စည့်စိမ်လေးနှစ်။ နှစ်စုသက်တော် နှစ်စုသက်တော်နှစ်ဆယ်တွင် လွန်တော်မူလေ၏။
၇။ ၆ ထိုမင်းလွန်တော်မူလေလျှင်။ သားတော်ငစွယ်သင်းသည်။ မျောက်သားတော် သီရိမာနှင့် အဘိသိက်ခံ၍။
သက္ကရာဇ် ၅၆၇ ခုတွင်။ ပြည်စည့်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကား။ စည့်စိမ်ချမ်း
၈။ သာ၌ မွေ့လျော်၏။ ကခြင်းသီခြင်း စည်စောင်းညှင်းနှင့်သာလျှင်။ မပြတ်သဘင်ပြုကြ၏။ ကောင်းမှုကုသိုလ်၌
လည်းမွေ့လျော်၏။ ပြည်သူတို့၏ စီးပွားချမ်းသာကိုလည်းကောင်းစွာမစောက်ရှောက်လေ ရွှေ့မင်း

**ဆား---------ဝမ်းဖက်**

၁။ တို့၏ကျင့်ရိုးကျင့်စည် စသောဓမ္မသတ်ကိုလည်း။ အပပြု။ ပြည်၌ ဈေးခွန်ဆိတ်ခွန် ကင်းခွန် ရေခွန်တို့ကိုလည်း
ရှေ့မင်းထက်ကောက်ရိုးထက်လွှန်ကဲ၍ ကောက်ငင်၏။ ထိုကြောင့် ပြည်သူတကာတို့ကား။
၂။ မျက်ကွယ်မျက်မြင်၌။ အလွန်မုန်သောကြောင့်။ ပြည်စောင့်နတ်တို့သည်လည်း မျက်လိုကုံ၍။ ပြည်ရွာတိုင်းကား
တို့သည်။ ဇနောင့်ဇနင်းဖြစ်ကုံ၏။ ထိုမင်းကား အိမ်နိမ့်နှစ်ဆယ်။ စည်စိမ်တနှစ်။ နှစ်စုသက်
၃။ တော် နှစ်ဆဲ့တနှစ်တွင် လွန်တော်မူလေ၏။ ၇။ ထိုမင်းလွန်လေလျှင်။ သားတော်မင်းကောင်းကြီးသည်။ မျောက်
သားတော်စောပျိုးဖြူနှင့် အဘိသိက်ခံ၍။ သက္ကရာဇ် ၅၆၈ ခုတွင် ပြည့်စည့်စိမ်ကို စိုးအုပ်တော်
၄။ မူလေ၏။ ထိုမင်းကား။ ရတနာသုံးပါး၌လည်း မဆည်းကပ်။ ကုသိုလ်ကောင်းမှုလည်း မပြု။ လူပျက်လူပြိန်းနှင့်သာ
ပေါင်းဘော်သျှည်းမှီး၍။ သားငါးလိုက်လံလျှက်သာမွေ့လျှော်ပျော်ပါး
၅။ ၏ အမျက်စောင်မန်လည်း၊ အလွန်ပြင်းထံ၏။ ထိုမင်းကား အိမ်နိမ့်နှစ်ဆဲ့ခုနှစ်နှစ်။ စည့်စိမ်တနှစ်။ နှစ်စုသက်
တော်နှစ်ဆဲ့သျှစ်နှစ်တွင် လွန်တော်မူလေ၏။ ၈။ ထိုမင်းကွန်ေ
၆။ တော်မူလေလျှင် သားတော်မင်းကောင်းငယ်သည်။ မယားဦးပျိုးဖြူနှင့်။ အဘိသိက်ခံ၍။ သက္ကရာဇ် ၅၆၉
ခုတွင် ပြည်စည့်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းလည်း ရတနာသုံးပါးကို သဒ္ဓါကြည်ညိုခြင်းစဟိ
၇။ ကြမ်းကြုပ်ခက်ထွန်စွာ၏သေစာလည်း အလွန်ကြူး၏ပြည်တိုင်းကား၏စီးပွားချမ်းသာကိုလည်း။ ကဲဆောင်
မစမည်ကိုကားဘိဦး မနေမြို့ကစသောရွာကြီးရွာငယ်တို့ဝယ်ဟိသော သဌေးသူကြွယ်
၈။ သူဝတို့ကိုလည်း။ ဖျက်ဆီးပြုန်တီလျှက် ပစ္စည်းပယ်ကိုယူငင်၍။ ကျီကြ၌ ဖြည့်လေ၏။ လှသောသမီးလှသော
မယားတို့ကိုလည်း။ လုည့်ပတ်ရှာဖွေ၍။ အတွင်းသို့ချည်းသွင်းလေ၍ ရုပ်တုမွေရှင်

ဆား-----------ကျောဖက်

၁။ ကစသော သူတော်ကောင်းတို့အားလည်း မရှိမသေမချိမ်မမြောက် ဖြစ်သောကြောင့်။ သာသနာတော်သည်လည်း။ အရောင်အဝါသည် ညှံ့လေ၏။ ထိုမင်းကို အဆိတ်တသောမြွေနဂါးတို့ကဲ့သို့

၂။ ကြောက်ရွံ့တုံလုပ်စွာ၏။ အလွန်လျှင်မယည်ပိုက်သည်ဖြစ်၍ ထိုမင်းကား အိမ်နိမ့်နှစ်ဆဲ့တနှစ်။ စည့်စိမ်တနှစ်။ နှစ်စုသက်တော် နှစ်ဆယ်နှစ်နှစ်တွင် လွန်တော်မူလေ၏။ ၉။ ထိုမင်းလွန်လေလျှင်။ သားတော်

၃။ ကမ္ဘာလောင်ကြီးသည်။ မိဖုရားသျှင်လှနှင့် အဘိသိက်ခံ၍။ သက္ကရာဇ် ၅၇၀ တွင် ပြည်စည့်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကား အမျက်စောင်ဟန်ဖြင့် ခက်ထန်ကြမ်းကြုပ်၏။ ပြည်သူ့လူခပ်သိမ်းကို

၄။ လည်း နှိတ်စက်ညည်းဆဲလေ၏။ ရတနာသုံးပါးကိုလည်း ကြည်ညိုမြတ်နိုးခြင်း မဟိ အလှူသီတင်းလည်း ကင်း၏။ ပြည်တုပ်ပြည်ခွန်ကိုလည်း ညှမ်းလျှော့ခြင်းမဟိ။ ပြင်းစွာသိမ်းဆည်း

၅။ ၏။ ပြည်သူခပ်သိမ်းတို့ကား ထိပ်ထက်ဝယ် လောင်မီးကျသကဲ့သို့ ထင်ကုံ၏။ ထိုမင်းလည်း အိမ်နိမ့် ၂၀။ စည်စိမ်တနှစ်။ နှစ်စုသက်တော် နှစ်ဆဲ့တနှစ်တွင် လွန်တော်မူလေ၏။ ၁၀။ ထိုမင်း

၆။ လွန်လေလျှင်။ ကမ္ဘာလောင်ငယ်ဟူသော သားတော်သည် မယားစောစစ်ညိုနှင့်။ အဘိသိက်ခံ၍။ သက္ကရာဇ် ၅၇၁ ခုတွင် ပြည်စည်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းလည်း ရတနာသုံးပါးကို မကြည်မညို

၇။ အလှုကောင်းမှု၌လည်း။ မမွေ့လျော်။ အကျင့်မဟိသော သူပျက်တို့ကိုသာ ချီးမြောက်၏။ သူတော်သူကောင်းတို့ကိုကား။ နှိတ်စက်ညှင်းဆဲ၏ ပြည်သူခပ်သိမ်းတို့အားကိုလည်း အဘေးအဘိုးအ

၈။ ဘကဲ့သို့ မငြိမ်းမချမ်း ဇနောင်ဇနင်း။ ဖရိုဖရဲဖြစ်အောင်လျှင် ကျင့်ဘိ၏။ ထိုသို့ မသင့်မတင့်သော အကျင့်ကို။ ဤမင်းငါးယောက်တို့သည်။ ကျင့်ကုံသောကြောင့်။ ဝါတဝလာတကနတ်သား။

ဇ----------ဝမ်းဖက်

၁။ သီတဝလာနတ်သားတိုင်သည်။ မရှုလိုလေသောကြောင့်။ လေလည်ကောင်းစွာမထ။ မိုယ်လည်းကောင်းစွာမရွာ။ အပူအချမ်းလည်း ကောင်းစွာမမျှလေ။ ဤသို့သောကြောင့်မြေ၏ဩဇာသည်။

၂။ အောက်သို့ငုတ်လေ၏။ ကောက်ကဲတို့သည်ကား။ မပြန့်မပွားသည်ဖြစ်၍။ ပြည်သူအပေါင်းတို့သည် သျှားပါးငတ်မွတ်ကုံ၏။ ထိုမြေ၌ ယောက်သောကောက်ပဲတို့ကို စားသရွေ့သောသူတို့သည်

၃။ လည်း။ ဝမ်းရောင်ဝမ်ခဲစသော အနာရောဂါသာလျှင် ဖြစ်ကြကုံ၏။ သစ်သီးသစ်ပွင့်သစ်မြစ် သစ်ခေါက်ဖြစ်သော ဆေးဝါးတို့လည်း အရသာဩဇာပျက်ခဲ့၍။ ရောဂါနိုတ်စက်သောသူတို့ကို

၄။ ကုသသော်လည်း။ မလွတ်လိုပဲလျှင် ဖြစ်ကြကုံ၏။ ထိုသို့မတရားသော အကျင့်ကိုကျင့်သောကြောင့်။ ပြည်တွင်စောင့်သော သမာနတ်တို့သည်လည်း။ သျှောင်လွှဲခွာ

၅။ လေကုံ၏။ မိစ္ဆာနတ်တို့သာလျှင် ပြန့်ပြောကုံသောကြောင့်။ လူတို့၏ စိတ်နှလုံးဝယ် ဝင်လေလျှင်။ မကောင်းသောအလုတ် မကောင်းသောအကြံ။ မကောင်းသောအ

၆။ ကျင့်တို့ကို မဟိကြပဲ အားဟိအားမဟိ နှိပ်နှင်းကလူပြုကြကုံ၏။ မဒိန်းတန္တစသော သူခိုးသူဝှက်တို့သည်လည်း များမြောင်လတ်၍။

၇။ ဇနောင်းဇနင်းဖြစ်လတ်လျှင်။ ထိုမင်းလည်း မဆုမ္မမကွပ်ညှက်နိုင်သည်ဖြစ်၍။ ထိုသို့ဖြစ်လတ်လျှင် ထိုမင်းကို အမတ်ဘတ္တရာသည်။ ပုံစားလေ၏။ ထိုမင်းကား အိမ်နိမ့်တဆဲ့ကိုးနှစ်။ စ

၈။ ည်စိမ်တနှစ်။ နှစ်စုသက်တော်နှစ်ဆယ်တွင် လွန်လေလျှင် အမတ်စည်ဘတ္တရာသည်။ ပြည်သူ့အပေါင်းနှင့် ညီညွတ်ကြပြီးသော်။ ထိုမင်း၏သားတော်ဖြ

ဇ-----------ကျောဖက်

၁။ စ်သော လက်ျာဝင်ကြီးကိုင် နှမတော် စောရွှေချမ်းနှင့်။ အဘိသိက်ခံ၍။ သက္ကရာဇ် ၅၇၂ ခုတွင်။ ပြည်စည့်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကား။ ရှေ့လွန်လေသောမင်းတို့၏ အကျင့်ကိုရွံ့သျှာ

၂။ စက်ဆုပ်နိုး၍။ ရှေ့မင်းဟောင်းတို့၏ ကောင်းသောကျင့်ထုံးကျင့်နည်းကိုင်။ သာလျှင်သျှည်တွဲ၍။ ကျင့်လေ၏။ ဓမ္မသက်စသော ကာမန္တကီနေတ္တိကျမ်းကန်ကိုလည်း အနေခပ်သိမ်းကို လေ့လာပွဲ

၃။ တိဟိ၏ ရတနာသုံးပါးကိုလည်း။ အလွန်လျှင်ကြည်ညိုတော်မူ၏။ မူးတောင်းမတ်တောင်း အသေအလာစသော
သူတော်ကောင်းပညာဟိတို့ကိုလည်း။ အလွန်လျှင်ချစ်မြတ်နိုးစွာ၏ ပြည်သူရွာသား
၄။ တို့၏ စီးပွားချမ်းသာကိုလည်းကောင်းစွာလျှင် ကယ်ဆောင်မစံစောက်ရှောက်၏။ ပြည်တုပ်ပြည်ခွန်တို့ကိုလည်း။
အတိုင်းထက်အလွန်လျှင် ညှံလျှော့ညာတာ၍။ ကောက်ငင်၏။
၅။ ယခင်မင်းတို့သည် ကောက်ငင်လေသော ကင်သင်စသည်တို့ကိုလည်း ဖြတ်ထိန်ဖျောက်ဖျက်လေပြီးသော်။ ရွာကြီး
ရွာငယ်တို့ကုငိလည်း။ အတိုင်လျှင်မစ၍ တည်ထောင်စေ၏။ မ
၆။ ပျက်စီးသော ကြွင်းသော ရွာကြီးရွာငယ်တို့ကိုလည်း။ အားဟိအားမဲ့နိုင်နင်းကလူခပြုရအောင် သိန်းမြန်းပိုက်ထုပ်
လေ၏။ သူခိုးတန္တတို့အားလည်း။ သတ်ညှစ်ခြင်း။ အင်္ဂါကြီးငယ်တို့ကိုလည်း မဖျက်ပဲ
၇။ မူ၍ တရားသဖြင့် သုံကြိမ်စေ့အောင်။ ဆုမ္မ၍ မနိုင်ပြီးမှ။ ပြည်ရွာက။ နှင်ထုတ်လေ၏။ ဤသို့လျှင် ကောင်းစွာ
ကျင့်သောကြောင့်။ ပြည့်ရွာတိုင်ကား တို့သည်ကား။ ထိုမင်းအုပ်တော်ပြုသောနေ့က
၈။ သည်။ ဆန်းသစ်သောလကဲ့သို့ တရွှေ့ရွှေ့တနေ့တပါး ပြန့်ပွားစည်ပင်သာယာငြိမ်းချမ်းခြင်းတို့သည် ဖြစ်ကုန်၏။
ပြည်သူ့ရွာသားတို့သည်ကား။ မွေးမြူပေသော မိဘကဲ့သို့ မျက်ကွယ်မျက်မြင်ချစ်

**ဇာ-----------ဝမ်းဖက်**

၁။ ခင်စုံမက်မြတ်နိုးခြင်းတို့သည် ဖြစ်ကုံ၏။ များမြောင်စွာ ပြန့်ပွားကုံ၏။ ထိုမင်းကား အိမ်နိမ့်နှစ်ဆဲ့သုံးနှစ် စည့်စိမ်
သျှစ်နှစ်။ နှစ်စုသက်တော် သုံဆဲ့တနှစ်တွင် လွန်တော်မူလေ၏။ ၂။ ထိုမင်း
၂။ လွန်လေလျှင်။ သားတော်လက်ျာဝင်ငယ်သည်။ မျောက်သားတော် စောပျိုရွှေနှင့် အဘိသိက်ခံ၍။ သက္ကရာဇ်
၅၈၀ တွင် ပြည်စည့်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းသည် ခမည်းတော်မင်းကြီး၏ ကျ
၃။ င့်ထုံမ်းကျင့်နည်းကို နှလုံမ်းတော်သွင်း၍ ကျင့်သောကြောင့် တရားနှင့်ညီညွတ်စွာ၏ ရုပ်တုမြတ်စွာ မဟာမုနိက
စသော ဓာတ်တော်မွေတော် တို့ကိုလည်း မြစွာရိုသေဆည်းကပ်လေ၏။ တရားတော်
၄။ ဖြစ်သော ပိဋကတ် ကျမ်းကန်တို့ကိုလည်း များမြောင်စွာပွားကားအောင် ဖံဆင်းစီရင်၏။ အရိယာသူတော်သူမြတ်
တို့အားလည်း။ ပစ္စည်းလေးပါးဖြင့် ငြိမ်းချမ်းအောင်လျှင်။ လု
၅။ တ်ကျွေး၏။ ဘုရားဆင်းတုဇေတီပုထိုးသိန်ကျောင်းစသော ရေတွင်း ရေကံ တံတား ဇရပ်းတို့ကိုလည်း များမြောင်
စွာလျှင်။ အလွန်အားထုပ်တော်မူပြု၏။ ပြည်သူရွာသားတို့လည်း။ ရေ
၆။ ချမ်းအိုးကို ပိုက်ဘက်၍ နေရဘိသကဲ့သို့။ အလွန်လျှင်ငြိမ်းချမ်းသည်ဖြစ်၍။ ပြန့်ပွားစည်ပင်သာယာဝပြောခြင်း
တို့ဖြင့် နတ်ကဲ့သို့လျှင် ထင်ရှားကုံ၏။ သာသနာတော်လည်း။ မီးကဲ့သို့ ထွန်းတောက်ပစွာ၏။
၇။ ထိုမင်းကား။ အိမ်နိမ့်နှစ်ဆဲ့တနှစ်။ စည့်စိမ်တဆဲ့တနှစ်။ နှစ်စုသက်တော် သုံးဆယ်နှစ်နှစ်တွင် လွန်တော်မူလေ၏။
၁၃။ ထိုမင်းလွန်လေလျှင် သားတော်သနသင်းသည် သမီးတော်စန္ဒာနန္ဒီနှင့်။ အဘိသိက်
၈။ ခံ၍။ သက္ကရာဇ် ၅၉၁ ခုတွင် ပြည်စည့်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကား ဆင်အတတ် မြင်းအတတ်
သံလျှက်အတတ်တို့၌လည်း လေ့လာပွန်တိဟိ၏။ အရည်အသွားကိုလည်း။ သိတတ်၏အရာ

**ဇာ---------ကျောဖက်**

၁။ အတူ မြောက်အောင်။ သင်ပြိုလ်တတ်၏။ ပစ္စည်းဥစ္စာမဟိသောသူတို့ကိုလည်း။ ဟိအောင် ပြုပြင်မစစေ၏။
ပစ္စည်းပယများသောသူတို့ကိုလည်း များလေအောင် မစလေ၏။ ထိုသို့ဖြစ်သောကြောင့်။
၂။ ပြည်ရွာ၌ သဌေးသူကြွယ်စသော ကိုကြိဘဏ္ဍာတို့သည်ကား အလွန်လျှင်များမြောင်ပြည့်ဖြိုးစွာ၏။ ဆင်လုံမ်းမြင်း
ရံ စသော ရဲမက်ဗိုလ်ပါတို့သည်လည်း။ များမြောင်ပြန့်ပြောစွာ၏။ ရတနာသုံးပါးကို
၃။ လည်း။ အလွန်ကြည်ညိုစွာသောကြောင့်။ သာသနာတော်ကား။ နေကဲ့သို့ ထွန်းတောက်ပစွာ၏။ ထိုမင်းကား
အိမ်နိမ့်တဆယ့်လေးနှစ်။ စည်စိမ်သုံနှစ်။ နှစ်စုသက်တော်တဆယ်ခုနှစ်နှစ်တွင် လွန်တော်မူ
၄။ လေ၏။ ၁၄။ ထိုမင်းလွန်လေလျှင်။ သားတော်နေသိန်သည်။ နှမတော်စောစံနှင့် အဘိသိက်ခံ၍။ သက္ကရာဇ်
၅၉၄ခုတွင် ပြည်စည့်စိမ်ကို စိုးအုပ်တော်မူလေ၏။ သိန်စွန်နှင့်အတူမညာလျှင်း
၅။ သဖြင်၇်။ မမြင်စောက်မကြားစောက် သိစွန်နိုင်သောကြောင့် နေသိန်ဟူ၍တွင်၏။ ထိုမင်းလည်း ခပ်သိမ်းသော

အရာတို့သည်။ ဘိုးတော်ခမည်းတော်တို့၏ ကျင့်ရိုးကျင့်စည်ကို ကိုင်း
၆။ အမှိန်လက်ကသုံးပြု၍။ ကျင့်သောကြောင့်။ ပြည်ရွာတို့သည်ကား။ တရွေ့တရွေ့လျှင်။ သာယာပြန့်ပွားလေသည်
ဖြစ်၍။ သူခပ်သိမ်းတို့လည်း။ မိဘကိုကဲ့သို့ မျက်ကွယ်မြက်မြင်ချစ်ခင်မြတ်နိုးကြကုံ
၇။ ၏။ ထိုမင်းကား အိမ်နိမ့်နှစ်ဆယ်။ စည့်စိမ်နှစ်နှစ်။ နှစ်စုသက်တော် နှစ်ဆယ့်နှစ်နှစ်တွင် လွန်တော်မူလေ၏။
၁၅။ ထိုမင်းလွန်လေလျှင်။ သားတော်အနလုံသည်။ နှမတော်ရင်းဖြစ်သော စောရွှေနန်းနှင့်
၈။ အဘိသိက်ခံ၍။ သက္ကရာဇ် ၅၉၆ ခုတွင် ပြည်စည့်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းကား။ ပညာနှလုံမ်းနှင့်
ပြည့်စုံသောကြောင့်။ ငနှလုံးဟူ၍ ပြည့်၏။ မြတ်စွာဘုရားဟောတော်မူသောတရားတော်

**ဇီ---------ဝမ်းဖက်**

၁။ နှင့်လည်း ညီစွာကျင့်တော်မူ။ ကာမန္တဂီနိတ္တိသာရစသော ဓမ္မသတ်ကျမ်းကန်ကို အမှီးလက်သုံးပြု၍။ ကျင့်သော
ကြောင့်။ ပြည်ရွာသည် အတိုင်းထက်အလွန်လျှင်။ ပြန့်ပွားသည်ဖြစ်သတည်း။
၂။ ဒါနသီလဇာဂနှင့်လည်း။ မွေ့လျော်ပျော်ပါး၏။ မူးမတ်စသော ဆင်မြင်းရဲမက်တို့သည်လည်း။ များမြောင်ပြန့်ပွား
၏။ သူသူပျက်သူပြည်စသော မုဒိန်တန္တတို့သည်လည်း နည်းပါး၍ ပြည်သူရွာသားတို့သဉ်။
၃။ နှောက်သျှက်ခြင်းမဟိ။ အလွန်ချမ်းသာစွာ၏။ မဟုတ် ရက္ခိုက်တော် အစလအမည်ဟိသော မြောက်ဦးမြို့
တွင် တည်ထောင်သော မင်းတို့သည်။ ဘုရားသိန်ကိုဖျက်၍ ရွှေပြသတ်
၅။ ဆောက်လတ်မည် ဆင်ဖြူသုံးစီးလည်းပိုင်လိမ့်မည်။ သက္ကရာဇ်ကိုလည်း ဖြိုရလိမ့်မည်ဟု။ ဘုရားပညာဟိတို့
လျှောက်ကုံ၏။ ငနလုံမ်းမင်းကြီးလည်း ဘုရားမညာဟိတို့ စကားကို
၆။ နာယူ၍ ဘုရားသိန်ကိုလည်း ငါဆောက်မည်။ ရက္ခတော်င အစလမည်သော မြောက်ဦးမြို့ကိုလည်း ငါတည်မည်
ဟု များသောဗိုလ်ပါတို့နှင့်။ ရက္ခိုက်တောင် အစလတောင်ညို မိန်းကျောင်းဘောင်တော်
၇။ နှင့်ဆိုက်လှာ၍။ တောင်အကုံကို သန့်သျှင်းစွာ ထွင်လေ၏။ ပြီးလျှင် ဘုရားပညာဟိတို့ကို၊ မြို့တည်အံ့သောအခါ
ကို မေးသော်။ ဘုရားပညာဟိတို့က ယခုမြို့တည်အံ့သော အခါမဟုတ်ပါသေး။
၈။ ရှေ့လာလတ္တန့်သော သက္ကရာဇ် ၉၉၀ တွင်မှသာ တည်ပါလိမ့်မည်ဟု လျှောက်၏ နေလုံးမင်းကြီးလည်း။ ရှေ့က
ငကို မလျှော်ကလေမြို့ရာတွင်ပြီးမှ။ ငကိုလျှောက်ရာသည်လော့ဟု မျက်တော်ထွက်၍ ဘု

**ဇီ-------------ကျောဖက်**

၁။ ရားတို့ကို။ သည်းခြေမဟိသည်ဖြစ်၍။ ဝမ်းကိုဖောက်၍သည်ခြေကို ရှာလေဟု။ သူသတ်တို့ကို အပ်လေ၏။
သူသတ်တို့လည်း ဝမ်းကိုဖောက်၍ သည်ခြေရှာလေသော် မရပါဟု လျှောက်လေ၏။ ဆေး၍ရှာပြလေ
၂။ ဟု မိန့်တော်မူ၏။ ထိုဆေး၍ရှာသောချောင်းကို ဆေးချောင်းဟူ၍တွင်၏။ အမျိုးခုနှစ်ဆက်ကိုလည်း။ အစည်
အတိုင်း သတ်လေ၏။ ထိုးသတ်သောချောင်းကိုလည်း စည်းချောင်းဟူ၍ တွင်၏။ နေလုံမ်းမင်းကြီးလည်း။
၃။ ဖောင်တော်မိန့်ကျောင်းကိုစီး၍ ပြန်လေ၏။ မဟာမုနိ သိမ်တော်ကိုလည်း ဆောက်တော်မူ၏။ ရက္ခဟူသော
အမတ်တယောက်ကို၊ လူတရာနှင့် ဆွမ်းတင်ထားခဲ့၏။ ထိုမင်းလက်ထက် မုန်တိုင်းထ၍ သိမ်တော်
၄။ ပြိုလေ၏။ အတိုင်ထမ်၍လုတ်ပြသော် အသဉ်ထောင်သော်လဲ ပြန်လေ၏။ ဤသို့ချည်းသုံးကြိမ်လဲ၏။
ထိုသို့လဲသည်ကား။ တွင်းရာဟောင်းမဟုတ်သောကြောင့်။ လဲသည်တည်း။
၅။ တွင်းရာဟောင်းအတိုင်း စိုက်ပြမည်ဟု ကြံလေသော်။ တွင်းရာဟောင်းသည်ကား။ နှစ်ဆယ်တတောင်နတ်၏
ထိုတွင်းရာဟောင်းကို ရလေမှ။ သိန်တော်အသည်သည်။ ခိုင်ခန့်စွာ
၆။ မြဲလေ၏။ ထိုမင်းကား။ အိမ်နိမ့်နှစ်ဆဲ့ငါးနှစ်။ စည့်စိမ်သုံးနှစ်။ နှစ်စုသက်တော်နှစ်ဆဲ့သျှစ်နှစ်တွင် လွန်တော်မူ
လေ၏။ ထိုမင်းလွန်တော်မူလေလျှင်။ သားတော်အလော်မာဖြူသည်။ မျောက်သားတော်
၇။ စောရွှေသစ်နှင့် အဘိသိက်ခံ၍။ သက္ကရာဇ် ၅၉၉ ခုတွင် ပြည့်စည့်စိမ်ကို စိုးအုပ်ပြလေ၏။ အလောမာဖြူသည်
ကား လက်မွေခြေမွေ လက်လေးသစ်ရှည်သောကြောင့်။ အလောမာဖြူဟုတွင်
၈။ သတည်း။ ထိုမင်းသည် မြို့ဟောင်းငူတွင် နှစ်နှစ်စုံနေပြီးမှ။ ဘုရားဆရာတို့က။ ဤမြို့ဟောင်းငူသည် ကိန်းကာလ
ကုန်ခဲ့ပြီဖြစ်သောကြောင့်။ ဤမြို့၌ နေသည်ဟိသော် အနှောင်အိမ်တွင် ထားသကဲ့သို့ဖြစ်

**၆ိ---------ဝမ်းဖက်**

၁။ အံသည်။ ဤအရပ်မှသည် တပါးသော အရပ်သို့ပြောင်းကြွ၍ တည်ထောင်ပြီးမှသာလျှင် သက်တော်လည်း ရှည်အံ့သည်။ ပြည်ရွာတိုင်းကာညးလည်း စီးပွားချမ်းသာတိုးကဲအံ့သည်။ ပြည်သူရွာသားတို့လည်း
၂။ ပြန့်ပွားငြိမ်းချမ်းအံ့သည်ဟု လျှောက်ပေသော်။ အလောမာဖြူမင်းကြီးသည် ထိုမြို့ကို စွန့်ခဲ့၍။ စစ်အင်္ဂါလေးပါးနှင့် အကွ။ ထွက်လေပြီးသော်။ အဥ္ဇနဒီမြစ်ကို ကူးလျှက် အနောက်ဘက်လောင်ကြက်မြို့ကို
၃။ သက္ကရာဇ် ၆၀၁ ခု။ နယုံလပြည့်ကျော် ၇ ရက် ကြာသပတေးနေ့။ မိန်စည်ကံလက်တွင် တည်လေ၏။ မြို့တည်၍ နှစ်နှစ်မြောက်လျှင်၊ သက္ကရာဇ် ၆၀၃ ခုတွင် ထိုမင်း၏ကိုယ်တော်တိုင် စစ်ထိုးအံ့
၄။ ဟု။ အရှေ့ပုံဂ္ဂပြည်ကို ချီလေသော်။ ထိုမင်း၏တံခိုးအာနုဘော်ကြောင့် လည်းကောင်း။ များလှစွာသော ခွန်အားကို မြင်သဖြင့်လည်းကောင်း။ တစုံတယောက်သောသူမျှမခံဝံ့၍။
၅။ မြမ္မာပြည်ကသည်။ အုံန်ပေါင်မိုယ်ညှင်းမိုယ်ကောင်းမိုးယ်နည်းမိုယ်ဝန်းဟွန် စသော တလိုင်းတို့သည်။ သမီး ကညာရတနာစသော အထူးထူးသော အခွန်တို့ကို လက်ဆော
၆။ င်ဘက်လိုက်၍။ ပြတော်မူလတ်သတည်း။ ထိုမင်းလည်း မိုးနှောင်းလတ်လျှင်။ သျှမ်းအားမြမ္မာအားတလိုင်းအား ငါတို့ရက္ခိုင်အားတို့နှင့် ပေါင်း၍ အနောက်သို့ ချီလေသော်။ အနောက်တခွင်ဝယ်မည်
၇။ သူတယောက်သော်မင်းမျှခံမည်သူသည်မဟိ၍။ သက်ပြည်စသော မြုံပြည်ဟံရုံပြည်သူရတန်းပြည်တို့ကလည်း။ သမီးကညာစသော လက်ဆောင်ပဏ္ဏာကာရအတုပ်အခွန်တို့သည်။
၈။ ရခဲ့၏။ ပြန်တော်မူလတ်၏။ ဤသို့လျှင် ကြီးစွာသော စည်စိမ်ချမ်းသာကို ခံစားတော်မူ၏။ ထိုမင်းကား။ ကုသိုလ် ကောင်းမှုကိုလည်း။ များစွာလျှင်ပြု၏။ ပညာအဆင်အခြင်နှင့်လည်း ပြည့်စုံ၏။ ထိုမင်း

**၆ိ-----------ကျောဖက်**

၁။ ဝယ်ရာဇသူဟူသော သားတော်လည်းတယောက်။ သမီးကား စောညိုခင် စောထွေးမယ်ဟူ၍ နှစ်ယောက်ဟိ၏။ သားမင်းခင်သည်ဟူသောသားလည်း တယောက်သားနှစ်ယောက်ဟိ၏။ ထိုအလော
၂။ မာဖြူမင်းကား။ အိမ်နိမ့်သုံဆယ်သျှစ်နှစ်၊ စည်းစိမ်ခြောက်နှစ်။ နှစ်စုသက်တော် လေးဆဲ့လေးနှစ်တွင် လွန်တော်မူ လေ၏။ ၁။ ထိုမင်းလွန်လေလျှင် သားတော်ရာဇသူကြီးသည်။ စောထွေး၌ စောသူဇာဟူသော
၃။ မိဖုရားနှစ်ယောက်တွင် စောထွေး၌ မိဖုရားနှင့် အဘိသိက်ခံ၍။ သက္ကရာဇ် ၆၀၅ ခုတွင် ပြည်စည့်စိမ်ကို စိုးအုပ်တော်မူလေ၏၊ ညီတော်မင်းခင်သည်ကိုကား။ အိမ်ရှေ့အရာတည့်လေ၏။ ထိုမင်းရာ
၄။ ဇသူကြီးတွင်ကား။ မင်းစောလူးဟူသောသားသည် မိဖုရားစောသူဇာ၌ဖြစ်သနည်း။ မိဖုရားစောထွေး၌ကား။ သမီးတော် စောပန်းတူဟူသောဖြစ်သတည်း။ သားတော် မင်းစော
၅။ လူသည် ကြီးလတ်လျှင်။ ညီတော်မင်းခင်ယည်ကို အိမ်ရှေ့အရာမှချ၍။ အမ်းမြို့ကို ပေးလေ၏။ သားတော် မင်းစောလူးကို မိဖုရားစောထွေး၌တွင်ဖြစ်သော သမီးတော်စောပန်းတူနှ
၆။ င့်။ အိမ်ထောင်ချပြီးသော်။ အိမ်ရှေ့အရာကို ထည့်လေ၏။ ထိုမင်းရာဇသူကြီးသည် ပညာအဆင်အခြင်နှင့်လည်း ပြည့်စုံ၏။ ရတနာသုံပါးကိုလည်း ရိုသေစွာ၏။ ကုသိုလ်ကောင်းမှု၌လည်း များမြောင်စွာလျှင်ပြုံ
၇။ ၏ ဆင်အား မြင်းအား လှေအားတို့လည်း။ အလွန်များမြောင်စွာ၏။ တံခိုးလက်ရုံမ်းနှင့်လည်းပြည့်စုံစွာ၏။ ထိုမင်းလက်ထက် အောက်သားတလိုင်းတို့သည်။ ကြိမ်သကြီးကို ပျက်လှာသောကြောင့်။ မင်းကြီး
၈။ သည် မာန်တော်ပါ၍။ လှေသုံထောင်နှင့် တဖံလည်းကောင်း အနံသူကြီးကိုစေ၍။ ဖျက်လေစေသော်။ ပုသိန်မြောက်များစသော မြောက်ဘက်တလွှားကို ရခဲ့၏။ တလိုင်းအမတ်သုံယောက်ကိုလည်း။

**၃ု----------ဝမ်းဖက်**

၁။ ရခဲ၏။ အတွင်းသို့သွင်းတော်ပြုလေ၏။ ထိုမင်းကား အိမ်နိမ့်သုံဆဲ့နှစ်နှစ်။ စည့်စိမ်သုံနှစ်။ နှစ်စုသက်တော် သုံဆယ့်ငါးနှစ်တွင် လွန်တော်မူလေ၏။ ၂။ ထိုမင်းရာဇသူကြီးလွန်လေလျှင်။ သားတော်စောလူးသည်။
၂။ တဘတည်းဖြစ်သော အိမ်နိမ့်မျောက်သားတော် စောပန်းတူနှင့် အဘိသိက်ခံ၍။ သက္ကရာဇ် ၆၀၈ ခုတွင် ပြည်စည့်စိမ်ကို စိုးအုပ်တော်မူလေသည်။ ထိုမင်းမိဖုရာညးကား စောပန်းတူလည်း တယောက်၊ တူမတော်

၃။ ရင်းဖြစ်သော။ စောစလပ်ပန်းဖြူလည်း တယောက်ဖြစ်သတည်း။ မိဖုရားစောပန်းတူတွင်ကား။ သားတော်ဥစ္စ
နာကြီးဖြစ်သတည်း။ စောစလပ်ပန်းဖြူတွင်ကားဒ သားတော် ဥစ္စနာငယ်ဖြစ်သတည်း။ သမီးကား
၄။ မျိုးမျက်ရှုတယောက် မင်းလှထီးလည်းတယောက်ဖြစ်သတည်း။ ဖြစ်သတည်း။ ထိုမင်းကား ဘုရားရုပ်တုဇေတီ
ပုဒ္ဓိုသိမ်ကျောင်းစသော ရေတွင်းရေကန် တံတား ဇင်းခါတို့ကိုလည်း။ များ
၅။ မြောင်စွာပြု၏။ ဒါနသီလဇာဂဂ္ဂလည်း မွေ့လျော်တော်မူ၏။ မူးမတ်ဆင်မြင်း ဗိုလ်ပါတို့သည်လည်း များမြောင်
စွာဟိ၏။ ပညာဟိသူမြတ်တို့၏ အဆုမ္မတို့၌လည်း တည်၏။ ပြည်သူရွာသား
၆။ တို့အားလည်း စီးပွားချမ်းသာကို ဆောင်ပေသဖြင့်။ ကြွယ်ဝချမ်းသာများစွာ ဟိကုံ၏။ ထိုမင်းစောလူးကား။
အိမ်နိမ့်တဆဲ့ငါးနှစ်စည့်စိမ်ငါးနှစ်။ နှစ်စုသက်တော်နှစ်ဆယ်တွင် လွန်တော်မူလေ၏။ ၃။ ထိုမင်းလွန်
၇။ လေလျှင်။ သားတော်ဥစ္စနာကြီးသည်။ နှမတော်မျိုးမျက်ရှုနှင့် အဘိသိက်ခံ၍။ သက္ကရာဇ် ၆၁၃ ခုတွင်။ ပြည်စည့်
စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းဝယ်ကား။ တဘတည့်
၈။ ဖြစ်သော မျိုမျက်ရှုလည်းတယောက်။ မင်းလှထီးလည်း တယောက်။ ထိုနှစ်ယောက်သော မိဖုရားသည် ဖြစ်၏။
ထိုဥစ္စနာကြီးမင်းလည်း။ ရတနာသုံပါးကို အလွန်ကြည်ညိုမြတ်နိုးစွာ၏။ ဒါနသီလဇာဂ

## ၉———————ကျော့ဖက်

၁။ ၌လည်း မွေ့လျော်၏။ ထိုမင်းဝယ် မျိုးမျက်ရှုမိဖုရားတွင် သာဂိဝင်ကြီးဟူသော သားလည်းတယောက်။
သာဂီဝင်ငယ်ဟူသော သားလည်းတယောက်။ စောနန္ဒီဖြူဟူသောသွီးလည်းတယောက်။ မင်းထီး
၂။ တွင်ကား. စောမွန်ကြီး ဟူသော သားလည်းတယောက်။ စောဘာဟူသော သမီးလည်းတယောက်။ စောမင်းကြီး
ဟူသော သမီးလည်းတယောက်။ ထိုမင်းဥစ္စနာကြီးကား။ တရားသဖြင့်။ ကုံဇလယ်သွယ်၍
၃။ ရသောပစ္စည်းဥစ္စာကိုလည်းကောင်း။ တရားသဖြင့်ရသော ပြည်တုပ်ပြည်ခွန်ကိုလည်းကောင်း။ ဘဏ္ဍာကျီကြသို့
မသွင်းပဲ။ အရိယာသူတော်သူမြတ်တို့ကို များမြောင်စွာ လှူဒါန်း၏။ ပစ္စည်းပယံမရတ်ေ
၄။ သော သူဆင်းရဲတို့အားလည်း။ အနီးအရင်းပေးတော်မူ၍။ လယ်လုပ်စေခြင်းကို စလယ်သွယ်ခြင်းတို့ကို ပြုစေ
၍။ ကြွယ်ဝချမ်းသသာဖြစ်စေ၏။ မုဒိန်းတနဋ္ဌစသော သူခိုးသူဝှက်တို့ကို
၅။ လည်း။ ရအောင်ပြု၍ ဓားကြိမ်လုံမ်းလှင်တန်ဖြင့်။ မခပ်မပုတ်လျှင်။ ပဲကြိမ်စေ့အောင် တရားပေးအပ်သရွေ့သော
ပစ္စည်းပယံတို့ကို ပေးလျှင်။ သုံကြိမ်စေ့အောင်တ
၆။ ရားသဖြင့်။ ဆုမ္မ၍ မနိုင်ပြီးမှ တပြည်တရွာသို့နှင်ထုတ်လိုက်၏။ ထိုမင်းကား အိမ်နိမ့်တဆဲ့ခြောက်နှစ်။ စည်းစိမ်
ကိုးနှစ်။ နှစ်စုသက်တော် နှစ်ဆယ်ငါးနှစ်တွင် လွန်တော်မူလေ၏။ ထိုမင်းလွန်လေ
၇။ လျှင် သားတော် စောမွန်ကြီးသည်။ စောဘီလူးမဟူသော မိဖုရားနှင့် အဘိသိက်ခံ၍။ သက္ကရာဇ် ၆၂၂ ခုတွင်
ပြည်စည့်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်း၏မယားကား။ စောဘီလူးမဟူသော မိဖုရား
၈။ လည်းတယောက်။ စောပြိုင်တူဟူသော မိဖုရားလည်တဓယက်။ စောဘီလူးမသားကား နန်းကျကြီးတည်း။
စောပြိုင်တူသားကား။ နန်းကျမင်းထီးလှိုင်တည်။ သမီးကား ရွှေစလတ္တာလည်းတယောက်

## ၉ူ———————ဝမ်းဖက်

၁။ ရွှေနသာလည်းတယောက်။ ထိုမင်းကား။ ကုသိုလ်ကောင်းမှု၌လည်း မွေ့လျော်၏။ သူတော်ကောင်းတို့ အဆုံးမ္မ၌
လည်းတည်၏။ ကိုယ်လုတ်မောင်းမလည်းများမြောင်စွာ၏။ ဆင်မြင်းရဲမက်အင်လည်းများ‌ေ
၂။ မြောင်စွာ၏။ ထိုမင်းကား အိမ်နိမ့်သုံဆဲ့တနှစ်။ စည့်စိမ်သျှစ်နှစ်။ နှစ်စုသက်တော်သုံဆယ်ကိုးနှစ်တွင် လွန်တော်မူ
လေ၏။ ၅။ ထိုမင်းလွန်လေလျှင်။ သားတော်နန်းကျကြီးသည် မျော
၃။ က်သားတော် စဖိုမယ်နှင့် အဘိသိက်ခံ၍။ သက္ကရာဇ်။ သက္ကရာဇ် ၆၃၀ တွင် ပြည်စည့်စိမ်ကို
စိုးအုပ်တော်မူလေ၏။ ထိုနန်းကျကြီး၏ မျောက်သားတော်ကား စဖိုမယ်ဟူသော မျောက်သားတော်လ
၄။ ည်းတယောက်။ စောပဒုမ္မာလည်းတယောက်။ ဆွေမင်းဖွားလည်းတယောက်။ စောဖြူလည်း တယောက် ပေါင်းမိ
ဖုရားလေးယောက်တည်း။ စောမင်းဖွားတွင်ကား မင်းစည်ဟူသော သား

၅။ လည်းတယောက်။ မင်းပျိုဟူသော သားလည်းတယောက်။ ပဒုမ္မာတွင်ကား။ ဝိလစန္တဟူသော သမီးလည်း
တယောက်။ စောသမာဟူသော သမီးလည်းတယောက်။ စောမည်ဟူသော

၆။ သမီးလည်းတယောက်။ ထိုမင်းနန်းကျကြီးသည် ကုသိုလ်ကောင်းမှုကိုလည်း မပြု။ ပြည်၌ ချေးခွန်။ ကင်းခွန်
ဆိတ်ခွန်တို့ကိုလည်း ရှေ့ထက်သည်သန်ပြင်းပြစွာလျှင် ကောက်ငင်၏။ ပြည်ရွာဝယ်သူဌေးသူကြွယ်သူ

၇။ လူချမ်းသာတို့ကိုလည်း လုယက်ဖျက်ဆီး၍ ပစ္စည်းပယ်ပရိက္ခရာတို့ကို ကျိုကြဘဏ္ဍာသို့ချည်းသွင်းလေ၏။
မင်းမြေးမင်းနွယ်တို့ကိုလည်း။ ချစ်ခင်မြတ်နိုးခြင်းမဟိ။ ညှင်းဆဲကလူနှိတ်စက်မှု၍ မူမဲ

၈။ တ်စသော အသေအလာသမီးတို့ကိုလည်း။ လုယက်ဖမ်းဆီး၍။ နန်းတွင်းသို့ချည်းသွင်းလေကုံ၏။ သုလယ်သုယာ
၌ ဖြစ်သောစပါးကောက်ပင်တို့ကိုလည်း။ သျှင်းသျှင်ဖျက်ဆီး၍။ ဆင်စာမြင်းစာချဉ်တင်

## ဇူ————————ကျောဖက်

၁။ လေကုံ၏။ ထို့ကြောင့် ပြည်သူတိုင်းသည်ကား။ ဆင်းရဲဒုက္ခဖြစ်ခြင်း။ သျှားပါးငတ်မွတ်ခြင်းသည်ဖြစ်၍။ စနောင်း
စနင်းအလွန်လျှင်မျက်လိုမုန်းထားကုံလတ်တည်။ ထိုသို့ပြည်သူတို့သည်။ မျက်လိုမုန်းထားသော

၂။ အဖြစ်ကို သိလေလျှင် အလွန်ကြောက်ရွံ့စွာ၏။ တိုင်းနိုင်ငံအလုံမ်းဝယ် မင်းနေမြို့ကစသော ရွာကြီးရွာငယ်တို့၌။
ငါးဟင်သင်စရာ ခါးငယ်တစင်းမျှ မဟိရအောင်။ တွင်းကျင်းသွင်းလေ၏။ အရိယာသူမြတ်တို့၏

၃။ ကျောင်းဝယ်လည်း။ ခေါင်းရိတ်စရာ သင်ထုန်းမျှ မဟိရအောင် စီးစစ်၍သွင်းလေသောကြောင့်။ ရဟန်းတို့လည်
သတင်းအဘိတ်ရောက်လျှင် ခေါင်းရိတ်စရာ သင်တုန်းကိုကား။ မင်းအိမ်နန်းတော်မှာ သာငါး၍ချည်

၄။ ခေါင်းရိတ်ကုံ၏။ ထိုအခါ၌။ စိတ္တ။ နာရတဟူသော သျှင်ငယ်ညီအစ်ကိုနှစ်ယောက်တို့သည်။ ကျေးဇူးပညာကို
လှည့်ပတ်သွားလာ၍ ရှာကုံ၏။ ထိုအခါဝယ်။ ဝိဇ္ဇာထိုတယောက်သည်

၅။ လည်း။ ပြိုင်းတိုင်းတောင်၏ ဧသန်မှတောင်ဖြူထက်ဝယ်နေလှာ၏။ ထိုဇောဂီကား။ ရေကို သုံးစွဲလိုသောအခါ၌။
ဗူးတောင်းကိုသာစေလိုက်သော်။ ထိုဗူးတောင်းကား။ အသက်ဟိသကဲ့သို့။

၆။ တရွေ့တရွေ့သွားလေ၏။ ရေထဲသို့ရောက်လေ၍။ ငုတ်လေလျှင်။ ရေပြည့်မှ တက်ပြန်လတ်၍။ ထိုဝိဇ္ဇာထိုအထံ
သို့ရောက်လေ၏။ ဤသို့ချည်းအလားအလာ စေသည်ကို။ တရံရောအခါ၌။ သျှင်ငယ်တိုင်

၇။ မြင်လေသော်။ ဤဗူးတောင်းကား အလွန်သောဆရာကြီးတို့တမာန်တည်းဟူ။ ဗူးတောင်း၌ အမည်အတိုင်း
အလိုက်လေလျှင်၊ ဆရာဝိဇ္ဇာထိုရကို တွေ့လေ၏။ ခြေနှစ်ဘက်ကိုစွဲလျှက်။ သခင်ဆရာမြတ်

၈။ သည်။ အကျွန်တို့၌။ အဘအရာကိုတည်၍လျှင်။ အထူးထူးအပြားပြားကို ဖံဆင်းသောနာနာရုပ်အတတ်ကို။
သင်ပါဘိဟူ၍ တောင်ပံလေသော်။ ခွင့်မပြုပဲနေလေသောကြောင့်။ သျှင်ငယ်တို့ကား မိုယ်ဆယ်လတို

## ဇေ————————ဝမ်းဖက်

၁။ င်အောင်လျှင်။ ခြေလက်ဆုပ်နယ်ပြု၍ ခစားညးလေ၏။ ထိုသို့ခစားများမှ။ ဆရာဝိဇ္ဇာတို့လည်း။ နာနာရုပ်အတတ်
ကို သော်ကား ငါမပေ။ နတ်ဘီလူးကိုမြင်နိုင်သော မျက်စည်ဆေးကိုသာ ငါပေးအံ့။ ထိုဆေးကို မျက်စိတွင်ကွ

၂။ င်း၍ ကြည့်လေလျှင်။ အကြင်နတ်ဘီလူးတို့ကို မြင်အံ့။ ထိုအခါ ကိုယ်တို့လိုသောအတတ်ကို တောင်းပါလေဟူ၍။
မျက်စည်းဆေးကိုသာ ပေးလိုက်၏။ ထိုမိတ္တနာရတတို့လည်း ထိုမျက်စည်းဆေးကို မပေးလို

၃။ တ်သဖြင့်ကား။ ဘီလူးတို့ကို မြင်ကားသာဖြစ်သည်။ အတတ်ကို အကျွန်ုပ်တို့အသို့မှု၍ ရအံ့နည်းဟုဆိုပေသော်
ယက္ခသိန္နေဟမန္တကို ပေးလိုက်၏။ သျှင်ငယ်တို့လည်း ထိုမျက်စည်းဆေးကို။ မျက်စိတွင် ကွင်း၍လှည့်ပ

၄။ တ်လျှက် ကြည့်လေသော်၊ လောကြက်မြို့အင်ပြဖြစ်သော ခေါင်းလောင်းဆွဲထောင်၌ ခမောင်းပင်ကြီးတွင် ဘီလူးကို
မြင်လေသော်။ နေရာသို့ပြန်လေ၍ ဝက်ကြီးတစ်ခုကို ဖုတ်ကင်လျှက်။ ခမောင်းပင်

၅။ ရင်သို့ချည်းလေပြီသော်။ အစာကြင်းလျှက် ဘီလူးကိုဆောင်၍ နာနာရုပ်အတတ်ကို တောင်းလေ၏။
ထိုဘီလူးလည်း ကိုယ်တို့ငကို ဘယ်အကြောင်းနှင့်မြင်သနည်းဟုမေးလတ်သော်။ သျှ

၆။ င်ငယ်တို့လည်း။ မျက်စည်းဆေးဖြင့်မြင်သော အဖြစ်ကို ပြန်ပေ၏။ ဘီလူးလည်း ထိုသို့သော နာနာရုပ်အတတ်ကို
ငါမတတ်။ ဤအဥ္စနဒီမြစ်တဘက်မှာလက်မဝ၌ ညောင်ပင်ကြီးသည် ဟိ၏။ ထိုညောင်ပင်၌ နေ

၇။ သောဘီလူးမလင်သာလျှင်၊ တတ်သည်ဟုဆိုပေ၏။ သျှင်ငယ်တို့လည်း။ ဘီလူးညွှန်လိုက်သည်အတိုင်းလျှင်။

ယခင်ကဲ့သို့ ဝက်ကြီးသေအိုးကို ထမ်းလျှက်လက်မဝညောင်ပင်ရင်းသို့ ချည်လေပြီးသော်။ အ
၈။ စာကြင်း၍။ ခေါ်မြဲခေါ်လေသော်။ ဘီလူးလည်းမြင်လေလျှင် အဖြစ်ကို မေးမြဲမေးလတ်တည်။ ထိုသူတို့လည်း
မျက်စည်းဖြင့် မြင်သောအကြောင်းကို ပြန်ပေး၏။ ထိုဘီလူးလည်း။ ငါမူကား မတတ်။ ပြိုင်းတိုင်းတောင်

**ဇေ------------ကျောဖက်**

၁။ ထက်ဥမှင်ဝယ်။ ထိန်ပင်ကြီးလည်း ဟိ၏။ ထိုထိန်ပင်၌နေသော ဘီလူးမကြီးသည်လျှင်။ ထိုအတတ်ကို တတ်၏
ဟု။ ညွှန်လေကုံ၏။ ထိုသျှင်ငယ်တို့လည်း။ ထိုညွှန်လေအတိုင်းလည်းကောင်း။ ဝက်ကောင်သေ
၂။ အိုးကိုထမ်းလျှက် ထိန်ပင်ရင်းသို့ ချည်လေတုံ၏။ အစာကြင်းလျှက်ခေါ်မြဲခေါ်လေသော်။ ဘီလူးမလည်းမြင်သည်
အဖြစ်ကို မေးမြဲမေးပြုလေလျှင်။ သျှင်ငယ်တို့လည်း။ မြင်သောအဖြစ်ကို ဆိုမြဲဆို၍။ တောင်း
၃။ မြဲတောင်းလေသော်။ ဘီလူးမလည်း ငါသော်ကား တတ်သည်ဟုတ်တည်။ ငါတို့ဘီလူးမသည်။ လူယောက်ျားကို
ပေးအံ့သောငှါ မတတ်စွာတည်း။ ကိုယ်တို့လိုသော်ကား ငမောင်အကြီးဖြစ်သော ဘီလူးမ
၄။ င်းသည်။ ချိတ်ချောင်ထဲသို့ဝင်၍။ လေးကွေမော်တွင် ညောင်ပင်ကြီးဟိ၏။ ထိုညောင်ပင်ကြီးဟိ၏။ ထိုညောင်ပင်
၌ နေသော ဘီလူးမင်းအထံသို့သွား၍ တောင်ပါလေဟူ၍ ညွှန်မြဲညွှန်
၅။ လိုက်ကုံ၏။ ထိုသျှင်ငယ်ညီနောင်နှစ်ယောက်လည်း။ ယခင်ကဲ့သို့။ ဝက်ကောင်သေအိုးကို ထမ်းပြီးသော်။
ချိတ်ချောင်ညောင်ပင်ရင်းသို့ ချဉ်းလေ၍။ အစာကိုကြင်းလေသော်။ ဘီလူးကားမဟိ။
၆။ ဘီလူးမသာလျှင်။ အဘယ်အလိုနည်းဟု အကြောင်းကိုမေးသော်။ ထိုသူတို့လည်း မျက်စည်းဖြင့် မြင်သောအဖြစ်
ကို ဆို၍အတတ်သင်လာသော အကြောင်းကို ပြန်ပေသော်။ ဘီလူးမလည်း။ ငလင်ကား။
၇။ ပလ်ယ်နားသို့ ခရုကဏန်းသားငါးရှာအံ့သောငှါ သွားလေ၏။ ထိုကပြန်မှသာလျှင်။ လာလတ်ဟူပေသော်။
သျှင်ငယ်တို့လည်း ဝက်ကောင်သေအိုးကို ထမ်းယူ၍။ ပြန်အံ့သောအခြင်းအရာကိုပြုသော်။ ထိုဘီ
၈။ လူးမ၏သားဖြစ်သော ဘီလူးငယ်နှစ်ယောက်တို့ကား။ ထိုအစာကို စားချင်သောကြောင့်။ မသွားစေရက်၍
ထိုသျှင်ငယ်တို့ကို ချုပ်ကြောင်းလျှင် အမိအား ပူဆာ၏။ ဘီလူးမလည်း သားတို့စကားကို မလွန်နိုင်၍။

**ဇဲ------------ဝမ်းဖက်**

၁။ ငလင်းရောက်ရုံနေဦးဟူ၍။ ချုပ်ပြုလေသော်။ သျှင်ငယ်တို့လည်း။ ငံ့၍နေလေ၏။ ထိုဘီလူးလည်း ခရုကဏန်း
သား ငါးတို့ကိုများမြောင်စွာ ဆောင်ခဲ့လျှက်။ လာလတ်သည်ကို။ သျှင်ငယ်တို့မြင်လျှင် ထိုဘီလူးကို
၂။ အကြောင်းဆိုပေသော်။ ဘီလူးလည်း နာနာရုပ်အတတ်ကို မပေးလို၍ ခြိမ်းမောင်းလေ၏။ သျှင်ငယ်တိုင်လည်း
ဝိဇ္ဇာထိုဆရာပေဧးလိုက်သော ယက္ခသိန္နေဟမန္တကို ရွတ်လေလျှင်။ ဘီလူး၏ အမျက်သည် ပြေလေ၍
၃။ သားငယ်တို့နှင့် မယားလည်း။ အစာကို စားချင်သောကြောင့် အပန်းကြီးစွာ ရှေ့နေပြုလေ၏။ ဘီလူးလည်း
မန္တန်၏ အာနုဘော်ဖြင့်လည်းကောင်း။ သားမယားတို့ရှေ့နေပြုသဖြင့်လည်းကောင်း။ ဝံခံလျှက်အ
၄။ စာကို။ ဝစွာစားလေ၏။ အဆုံးပြီးမှ ဘီလူးမူကား ဤသို့ဆိုလတ်တည်။ ဟယ် သျှင်ငယ်တို့ ကိုယ်တို့ကား။
အလွန်ခဲခက်စွာသော နာနာရုပ်အတတ်ကို လိုသည်ဟုတ်ထည်း။ လူ
၅။ သားတို့မည်သည်ကား။ စိတ်ဝမ်းလောင်လင်သည်ဖြစ်သောကြောင့်။ ငအတတ်ကို ရမြောက်လေလျှင်။
မကောင်းမှု တရာကို ကျင့်သည်ဟိက။ ငါလည်း အပါယ်လားရအံ့သည်
၆။ ဟူ၍ဆိုပေသော်။ သျှင်ငယ်တို့လည်း အတတ်ကိုသာ သင်ပါမကောင်းမှုကို ငါတို့မကျင့်ဟူပြန်လျှင်။ ကတိသစ္စာပြု
လျှက်။ ကျိမ်တွေပြီးမှ။ နာနာရုပ်မန္တာန်ကို မြေးကြီးဝယ်ရေးလျှက် သင်ပေးလိုက်၏။ ထို
၇။ စိတ္တ။ နာရတဟူသော သျှင်ငယ်ညီအစ်ကို နှစ်ယောက်လည်း။ ထိုအတတ်ကို တတ်မြောက်လေလျှင်။
သုအိမ်သုရာ တို့ကို ပြစ်မှားလေ၏။ မင်းကြီးနန်းတော်ဝယ် မိဖုရားလေးယောက်စုံကိုလည်း။ ပြစ်မှား
၈။ လေ၏။ ထိုသို့ပြစ်မှားခြင်းများလတ်သော်။ မိဖုရားလေယောက်တွင်ကား။ စောပဒုမ္မာဟူသော မိဖုရားသည်။
မင်းကြီးလာလတ်သောခါ ဤသို့ဆို၏။ အသျှင်မင်းကြီးကား။ ရှေ့ဦးကာလနှင့် မတူလျှင်ပဲ။ ယခု

ဇဲ-----------ကျောဖက်

၁။ ကား။ အရောက်အပေါက်မှားလွန်စွတကား။ အသို့လျှင်ဖြစ်သနည်းဟု။ နားတော်လျှောက်ပေသော် မင်းကြီး လည်း ငါကားလေးပါးစုံသော မိဖုရားတို့ကို အမျှသာအသွားအလာ ပြုသည်။ ယနေ့ရှေ့

၂။ ထက်တိုးကဲ၍ ငါမဖြူစွာသတည်း။ အကြောင်းကို သိလိုသော်ကား။ ရောင်ဆီပေါ် ၍ထားပြီးသော်။ နောင်လာ လတ်သောခါ လက်ငါးခုဖြင့် ကျောက်ကုံကို ဖက်ယမ်းကွန်ပြု၍။ တပ်လိုက်ဟူ၍ မင်းကြီးသ

၃။ င်ပေခဲ့၏။ ထိုသင်သော အတိုင်းကို သျှင်ငယ်တို့လည် နောင်လာလတ်လျှင်။ ကျောက်ကုံ၌ ဟတ်လိုက်ဝ×။ မင်းကြီးအားကြားပေသော်။ မင်းကြီးလည်း မိုးသောက်လျှင်၊ သူငယ်တော်တို့ကိုခေါ် ၍။ အကြင်သူ

၄။ ၏ ကျောက်ကုန်းဝယ်။ လက်ဝါးစုံအရာနှင့် ရောင်ဆီသည်ကပ်လေ၏။ ထိုကပ်သော သူအားလျှင်။ ရအောင်ရှာ ၍ ယူစေဟု စေလွတ်သောခါ။ ထိုသျှင်ငယ်ညီနောင် နှစ်ယောက်တို့သည်လည်း ဆောင်းလအခါဖြစ်သော ကြောင့်။ မြို့တံခါး၏အရပ်ဝယ် ကျောက်ကုံမ်ကို လှစ်၍ နေဆာလှုံလျှက်နေသည်ကို တွေ့လေလျှင် အရဖမ်းပြီး သော် မင်းအားပြလှာ၏။ မင်းကြီး

၆။ လည်အကြောင်းကို မေးသော်။ သျှင်ငယ်တို့ကား မပြက်မကွက်လျှင်ပဲ ဟုတ်တိုင်းကို ပြန်ပေ၏။ မင်းကြီးလည်း ထိုစကားကိုကြားလျှင်။ တတ်ချင်သောသဘောကြောင့် အာသာဆန္ဒသာဖြစ်လတ်၍ တဆံခြဉ်

၇။ မျှ အမျက်စောင်မန်မဲဟိလျှင်ပဲ။ ထိုအတတ်ကို သင်စေကြောင်းသာလျှင်။ ရိုသေစွာတောင်းပန်လေ၏။ သျှင်ငယ် တို့လည်း မင်းကြီးအတတ်သင်၍။ တတ်မြောက်လေလျှင်။ ငါတို့အား ပြန်လတ်တန့်သတည်း။ ထိုင

၈။ ကြောင့်ငါတို့သင်အံ့သောငှါ။ မဝန့်ဟုဆိုပေသော် မင်းကြီးကား အတတ်ကိုသာသင်ပါဘိ။ ဆရာတို့အား ငါမပြစ်မှား ဟု ကြီးစွာသော သစ္စာကိုဆိုပြီးမှ။ ချန်အပ်သရွေ့သော အတတ်ကိုချန်၍။ သင်အပ်သ

ဇော-----------ဝမ်းဖက်

၁။ ရွေ့သောအတတ်ကိုင်သင်ပေး၏။ မင်းကြီးလည်း။ ထိုသျှင်ငယ်တိုင်ကိုင်။ ဆရာဟုမှတ်လေ၏။ သျှင်ငယ်တို့လည်း ပြိုင်တိုင်းသေန်မှ။ ဆရာနေသော တောင်ဖြူထက်၌။ နေလေ၏။ တရံရောအခါ

၂။ ၌။ ထိုနန်းကျကြီးမင်းသည်။ အမတ်စည်သဘင်ဝယ်။ ပန်းနီလာဟူသော သမီးဟိသည်ကိုင်။ မင်းကြီးက တောင်းလတ်သော်။ တင်ထိမ်အထပ်များစွာကာ၍။ အကျွန်ုပ်သမီး ကျောက်ပေါက်လျက်ဟိ

၃။ သေးသည်။ ကောင်းမှလက်ဆောင်တော်ဆက်အံ့သည်ဟု လျှောက်လိုက်၏။ မင်းကြီးလည်း အကယ်ထင်၍နေ လေ၏။ စည်သဘင်လည်း ညည့်အခါ။ သူကောင့်တခုကို။ ယူခဲ့ပြီးသော်။ သမီးကိုင်

၄။ ကား။ တွင်းကြီးတူးလျှက် ဝှက်၍ထားလေ၏။ ထိုသူကောင်းကိုကား။ သမီးအိပ်သော ခပ်ဝယ်သိပ်၏။ ကျောက် အနာကြောင့် သမီးသေခဲ့သည်ဟု ငိုယိုကွန်ပြုလျှက်။ ပုတ်ကြလေ၏။ မင်းကြီး

၅။ လည်း။ အကယ်ထင်၍ မေ့လျှော့လေ၏။ အမတ်ကြီး စည်သဘင်ကား။ ကာလရှည်မြင့်လတ်လျှင်။ မင်းကြီးသည် မေ့လျော့လေပြီဟူ၍ အမတ်ကြီးလကျ်ာနံ့သူသားနှင့် ထိမ်းမြားလေ၏။ ထို

၆။ ထိမ်းမြားသော စည်သံပတ်သံကို မင်းကြီးကြားလေလျှင်။ ဤစည်သံပတ်သံကား။ အဘယ်ကြောင့် တီးသနည်း ဟု မေးလေသော်။ အမတ်တော် လကျ်ာနသားနှင့်။ အမတ်တော်စည်သဘင်ကြီးသွီးနှင့်။ ထိ

၇။ မ်းမြားသည်ဟု။ လျှောက်လေလျှင်။ မင်းကြီးကား။ ငါသို့သော မင်းစင်ကို။ ဤသို့လျှင်ပြက်ဝှက်လေဝန့်၏တကား ဟူ၍။ ပြင်းစွာသောမာန်တော်သည် ဖြစ်လတ်၍။ စည်သဘင်ကြီးနှင့်. ။ လကျ်ာနသူကြီးကိုလည်း။

၈။ ထွားထွားညက်ညက်။ ဖျက်ဆီးလေ၏။ စည်သဘင်သမီး ပန်းနီလာကိုလည်း မင်းဝယ်ကိုယ်လုပ်တော်တင်လေ ၏။ မင်းလည်း။ ဤနေ့မှသည်။ ငကိုမမာန်ပဲ။ စည်မောင်းမဟိစေ၏ဟူ၍ ဖြစ်လေ၏။ ထိုနေ့ကစ၍

ဇော-----------ကျောဖက်

၁။ မင်းကိုင်ပန်မှ၊ စည်မောင်းတီးရ၏။ စည်သဘင်နှင့် လကျ်ာနသူကိုလည်း။ အလွန်ရှက်လှနိုးသောကြောင့်။ မင်းကိုဖျက်လိုစွာသဖြင့်။ မှူးမတ်ပြည်သူတိုင်နှင့် ညီညွတ်ပြီးသော်။ စိတ္တနာရတတို့ကို ရှာလေ၍။

၂။ ရပြီးသော်။ များစွာသော တံစိုးတံစာကို ပေးပြီးမှ။ အကြိမ်များစွာ တောင်းပန်လေသော်။ သျှင်ငယ်တို့လည်း ဝံခံ၍။ ထိုတောင်ဖြူမှသည် လိုက်လတ်၍။ အမတ်စည်သဘင်အိမ်ထက်သိုင့်။ တက်လေပြီးသော်

၄။ သစ္စိသစ္စာဖွဲ့ချည်ပြီးသော်။ လောင်းကြက်မြိုင်၏ တတက်ဖြစ်သော ပေါင်းတုပ်ဖျားဝယ်။ ကျွဲရိုင်းအဟန်ပြု၍
နေလေပြီးသော်။ မင်းကြီးအား အသံခံလေစေသော်။ မင်းကြီးလည်း။ ဝမ်းမြောက်ဝမ်းသာ
၄။ စွာ။ ဤနေလျှင်ပွဲပြင်ဖြစ်အံ့သည်ဟု။ သေရဉ်သေရက်တို့ကို ဆောင်ခဲ့လျှက်။ ဆင်ယည်စီး၍ ထွက်လတ်တည်း။
တိုင်တောင်သို့ ရောက်လှာလျှင်။ သျှင်ငယ်ညီနောင်နှစ်ယောက်
၅။ က်သည်။ ကျွဲဖြူရိုင်း၏ အယောင်ကို ဆောင်လျှက်။ နှစ်ခုပြိုင်၍ ရပ်နှင့်လေ၏။ မင်းကြီးလည်း။ ထိုင်ကျွဲရိုင်းဖြူနှစ်
ခုကိုင်မြင်လျှင်။ ထိုသျှင်ငယ်တို့မှန်ကိုင်သိ၍။ ကြောက်လန့်စွာသဖြ
၆။ င့်။ ကျေးအယောင်ဖြင့် ပျံထွက်လေ၏။ သျှင်ငယ်နှစ်ယောက်လည်း စွန်ရုပ်ဆောင်၍ လိုက်လေ၏။ မင်းကြီးလည်း
စွန်ရုပ်လည်းကောင်းဆောင်၍ ပျံထွက်လေ၏။ သျှင်ငယ်နှစ်ယောက်လည်း။ သိန်းရုပ်စေ
၇။ ဖံဆင်း၍ လိုက်လေ၏။ ထိုသို့အစည်အတိုင်း လိုက်လေ၍မလွတ်သာမှလျှင်။ တောသို့ဝင်၍ တောသွားအဟံကို
ဖံဆင်းလျှက် ပြေးလေ၏။ သျှင်ငယ်တိုင်လည်း။ ကျားနှစ်ခုအဟံဖံဆင်း၍။ အစည်အတို
၈။ င်းလိုက်လေ၏။ ထိုင်မင်းကြီးလည်း။ မလွတ်သာမှလျှင်။ ကျား၏အယောင်ကိုင်ဆောင်၍လည်းကောင်း။
ပြေးလေကုံ၏။ သျှင်ငယ်တိုင်လည်း။ ဆင်နှစ်စီးအယောင်ဖြင့် လိုက်လေတုံ၏ မင်းကြီးလည်း။

**ဇော်----------ဝမ်းဖက်**

၁။ မလွတ်သာမှ ဝါတွင်းသို့ ချည်းလေတုံ၍။ လူအယောက်ဖြင့် လူစာရှေသို့ဝင်လေခါမှ သျှင်ငယ်တို့လည်း။
လက်နက်ဖြင့် ခုတ်မိုလေလျှင်။ မင်းကြီး၏ လကျ်ာနားသည်။ ပြတ်လေ၏ ကြောက်လန့်တကြားဖြစ်
၂။ ၍။ ငှက်အယောင်ဖံဆင်းလျှက်။ ခန္တီဝါရဟူသော ဆရာကျောင်းသို့ပြေးဝင်လေလျှင်။ ဆရာအကျွန့်အား တားပါ
ကာဘီဟူ၍ ဆရာကိုဖက်လေ၏။ ဆရာလည်ဘက်စသော လက်ကို။ ဆုတ်ဆုတ်ဟူ၍ကံ
၃။ လင့်၏။ မင်းကြီးကြမ်းသောကြောင့်။ ငါတို့ကျောင်းဝယ်သင်တုန့်မှ မဟိရ။ အဘယ်လက်နက်ဖြင့်လျှင် ငါတို့တား
ပါအံ့နည်းဟုဆိုပေ၏။ နား၌ယိုသောသွေးကို သုတ်စရာမျှ ပေးပါဘိဟု ဆိုသော်လည်း မင်းကြီး
၄။ သည် ပြုကျင့်ခြင်းကြောင့် ကျောင်းဝယ် အိမ်ဝယ်ကွမ်းထုပ်ပဝါမျှ မဟိရ အဘယ်ကို လျှင်ပေးရအံ့နည်းဟုဆိုပြီးမှ။
မတားနိုင်အံ့သော အစွမ်းကိုသိ၍။ မိမိ၏ကောင်းမှုဖြစ်သောဘု
၅။ ရားကူထဲသို့ဝင်လျှက် တံခါးပိတ်၍နေလေ၏။ သျှင်ငယ်စိတ္တနာရတတို့လည်း။ မင်းကြီးတည်းကူထဲမှ ထွက်အံ့
လောမင်းကြီး၏ ကောင်းမှုတည်းမီးတိုက်အံ့လောဟုဆိုပြီးသော်။ ငါလ
၆။ ည်းသေ။ ကောင်းမှုလည်း ပျက်မဖြစ်စေနှင့်။ ငါလျှင်ထွက်အံ့ဟု ဆို၍။ လကျ်ာနားမှယိုသောသွေးကို။ လကျ်ာပါး
ဖြင့်လည်းကောင်းခံလျှက်။ ဘုရားမြတ်စွာ၏ လကျ်ာပေါင်တော်၌ လက်ဝါးစုံဖြင့် ခံပြီးသော်
၇။ ဤသို့ဓိဋ္ဌာန်လေ၏။ မြတ်စွာဘုရား အကျွန်ုပ်သည်။ ဤပြည်၌ တဖန်လည်ကောင်း မင်းဖြစ်ပြံ၍၊ အကျွန်ုပ်ရာန်သုံ
တို့၏ မျိုးဆွေစသော အပင်းအသင်း အလုံမ်းစုံတို့ကို။ ကြေပြုန်းလျှင်းအောင်သတ်ရပြီးမှသာလျှင်။

**ဇော်----------ကျောဖက်**

၁။ အကျွန်လိမ်းကျံခဲ့သော လကျ်ာပေါင်တော်ဝယ် အကျွန့်သွေးသည်။ ကြေစေသတည်းဟု။ ဓိဋ္ဌာန်ခဲ့သော
အဆုံမ်းမှထွက်၍ အသတ်ခံရလေ၏။ သျှင်ငယ်တို့လည်း။ သတ်ပြီးသော် ဥက္ကောင်းကို စည်သဘင်လေ
၂။ က်တွင် နှင်းလေ၏။ ထိုနန်းကျကြီးကား။ အိမ်နိမ့်သုံဆဲ့တနှစ်။ စည်စိမ်လေးနှစ်။ နှစ်စုသက်တော် သုံဆဲ့ငါးနှစ်
တွင် လွန်တော်မူလေ၏။ ၆။ ထိုမင်းနန်းကျကြီး လွန်တော်မူလျှင် စည်သဘင်ကြီးသည် ပြည်သူတို့နှင့်ညီ
၃။ ညွတ်၍။ ထိုမင်း၏သား မင်းဘီးလူးကို မင်းသမီးစောသမာနှင့် အဘိသိက်ခံ၍။ သက္ကရာဇ် ၆၃၄ ခုတွင်
ပြည်စည့်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုစည်သဘင်သမီး ပန်းနီလာကိုလည်း။ မိဖုရားမြောက်လေ၏။ ထိုမ
၄။ င်းဘီလူးသည် ကုသိုလ်ကောင်းမှုကို မချစ် ကြမ်းတမ်းစွာ၏။ မူးမတ်စသော အသည်အလာတို့၏ သမီးတို့ကို
လည်း အဘကဲ့သို့ ယူငင်ပေ၏။ ပြည်တုပ်ပြည်ခွန်ကိုလည်း မညှာမတာမညွ
၅။ န့်မလျှော့အဘထက်လွန်ကဲ၍ သာကောက်ငင်၏။ ထိုမင်းဘီလူးဝယ် မင်းစီးဟူသော သားသည်။
ဖွားလတ်သောခါ။ မင်းကိုင်မှတ်ပြုသော။ လက်နက်အလုံးသည်။ ပြောင်ပြောင်တောက်လေ

၆။ ၏။ နန်းစုလစ်လည်း တောက်လေ၏။ ထိုသို့မြင်လျှင် မင်းဘီလူးကား နှလုံမ်းမှတ်၍ နေလေ၏။ ထိုမင်းသားသည်
သုံးနှမ်မြောက်လတ်လျှင်။ ကောင်းသော တိတ်နိမိတ်တံဘောင်။ စနည်းစသည်တို့သည်။ ကောင်းစွာ
၇။ လျှင်ထင်လတ်တည်း။ ထိုသို့ထင်သည်ကို။ မင်းဘီလူးကား။ ဤသားသည် ဘုံတံခိုးဟိလှ၏။ ဖားသောအခါ
လည်း။ ကိုင်မှတ်ပြုသော လက်နက်အပေါင်းတို့သည် တောက်ပကုံ၏။ ယခုလည်း ကောင်းသော နိမိတ်
၈။ စနည်းတို့သည်။ ကျော်စောတတ်ကုံ၏။ ဤသားသည် အငယ်ကပင် မင်းဖြစ်လတ်သော်။ ငအေအသက်သဉ်
တိုလတ်အံ့သတည်းဟု။ မကောင်းသော စိတ်နှလုံဖြင့်။ ထိုမင်းစီးကို ညဥ့်အခါမြစ်သို့ယူ၍။ ခါးဝယ်ငေ

## ဇံ–––––––––ဝမ်းဖက်

၁။ ကျောက်ဆွဲလျှက်။ ပုခက်တွင်ထည့်၍ ရေ၌ပစ်လေ၏။ ထိုပြစ်သော ခဏဝယ် စက်ဝန်းကဲ့သို့သော ကျွန်းတခု
သည် ထိုမင်းသားကို ခံလျှက်ပေါ်ပေလတ်တည်။ ထိုကျွန်းကိုလည်း။ စကြာကျွန်းဟူ၍ ဤနေ့တိုင်ငေ
၂။ အောင်တွင်၏။ ထိုမင်းသားသည် ကျွန်းနှင့်တကွ ပေါ်လတ်လျှင်။ တငါသည်တို့သည် ရလေ၍။ မင်းဘီလူးအား
ဆက်လေသော်။ မင်းဘီလူးလည်းသတ်၍ မသေပြီဖြစ်သောကြောင့်။ ယိုးဖျားသို့လျှို၍ထားလေ
၃။ ၏။ စည်သဘင်ကြီးနှင့် မှူးမတ်ပြည်သူတို့သည်။ ဤမင်းသားကား အဘယ်ကဲ့သို့ အလွန်ကြမ်းကြုပ်စွာသော
ကြောင့် ပြည်သူခပ်သိမ်းတို့ကိုလည်း။ ညှင်းဆဲလုယက်ကုံ၏။ ပြည်တုပ်ပြည်ခွန်ကိုလည်း။ ပြင်းစွာ
၄။ ကောက်ငင်၏။ ပြည်သူတို့ကို ထားဘိဦး။ ချစ်လှစွာသော သားရင်းကိုလျှင်။ မေတ္တာကရုဏာမဟိလျှင်းပဲ။
အသေကြံဘိတုံ၏။ ဤမင်းအသက်ရှည်သည်ဟိသော်။ ငါတို့ပြည်သူတို့
၅။ ကား။ အဘယ်သို့လျှင် ခံနိုင်တုံအံ့သည်ဖြစ်သနည်းဟူ၍။ ညီညွတ်ပြီးသော်။ မင်းဘီလူးကို ပုန်စားလေ၏။
မင်းဘီလူးသည် အိမ်နိမ့်နှစ်ဆဲ့နှစ်နှစ်။ စည့်စိမ်လေးနှစ်။ နှစ်စုသက်တော်နှစ်
၆။ ဆဲ့ခြောက်နှစ်တွင်ငလွန်တော်မူလေ၏။ ထိုမင်းဘီလူးကို ပုန်စားလေသော စည်သဘင်ကြီးသည် သက္ကရာဇ်
၆၃၈ ခုတွင် ပြည့်စည်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုစည်သဘင်လည်း မင်းဖြစ်လတ်လျှင်။ မင်း
၇။ မျိုးစိုးဆွေစသော အသေကြီးအလာကြီးတို့ကို စီးစစ်၍။ ကွပ်ညှပ်လတ်သော်။ ကြွင်းသော မင်းမျိုးစိုးဆွေ
အယေကြီးအလာကြီးတို့ကား။ ပြည်သူရွာသားတို့နှင့် ညီညွတ်ပြီးသော်။ နန်းတက်သုံနှစ်တွင် စည်သ
၈။ ဘင်ကြီးကို ပုန်စားလေ၏။ ၈။ ထိုစည်သဘင်လွန်လေလျှင်။ မင်းဘီလူး၏ သားဖြစ်သော မင်းထီးကို မင်းထီးကို
ယိုးဖျားမှ ယူချေ၍။ ခုနှစ်နှစ်အရွယ်ကပင် နန်းတင်လေ၏။ ထိုမင်းစီးကား။ သက္ကရာဇ် ၆၄၁ ခုတွင် စောစစ်

## ဇံ–––––––––––ကျောဖက်

၁။ မိဖုရားနှင့်ပြည့်စည့်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုမင်းထီးကား အလွန်လျှင်ကောင်းမွန်စွာ၏ ရတနာသုံးပါးကို
လည်း အလွန်ကြည်ညိုစွာ၏။ များစွာသော အလှူကောင်းမှုကုသိုလ်ကိုလည်း ပြု၏။ မင်းမျိုးမင်း
၂။ နွယ်စသော မှူးဟောင်းမတ်ဟောင်းအသည်ကြီးအလာကြီးသော သူတို့ကိုလည်း။ မြတ်နိုးတနာချီမြောက်စားခြင်း
ကိုပြု၏။ ထိုမင်း၏မယားမိဖုရားကား။ ပိန်ငစည်၌ဖြစ်သော စောစစ်မိဖုရားလည်းတ
၃။ ယောက်။ ဥရီးတော်ရန္နမိတ်၏သမီးစောပျိုလည်းတယောက်။ မိထွေးတော်ဖြစ်သော စောထွေးမယ်သမီးစောညို
လည်းတယောက်။ အမတ်ကြီးသမာန်သောစနသမီးစောသန္ဒာဖြူလည်းတယောက်။
၄။ ပိနဲငစည်၌ ရသော စောစစ်မိဖုရားတွင်ကား။ မင်းဥစ္စာနာငယ်လည်းတယောက်။ သမီးကား စောမာလာ
တယောက်စောသမာတယောက်။ မိဖုရားစောသန္ဒာဖြူတွင်ကား။ သိန်းစည်း
၅။ လည်းတယောက်။ သီဝရာဇ်လည်း တယောက်။ သားနှစ်ယောက်လျှင်ဖြစ်၏။ ဥရီးတော်ရန္နမိတ်၏သို့းစောပျို
တွင်ကား။ မင်ကဏ္ဏာဟူသော သမီးလည်းတယောက်။ စောရွှေပွင့်ဟူ
၆။ သောသမီးလည်းတယောက်ဖြစ်သတည်း။ ထိုမင်းကား ပြည်သူရွာသားတို့ကိုလည်း။ ဝမ်းဝယ်သားကဲ့သို့ ကြင်နာစုံ
မက်၏။ ပြည်တုပ်ပြည်ခွန်ကိုလည်း လွတ်အံ့သည်ကိုလွှတ်၍ အလုံးစုံကိုကား ညှဲ့လျှော
၇။ ညှာတာလေ၏။ အသစ်ဖြစ်သောကင်းတို့ကိုလည်း။ သျှင်းကြားလေသောကြောင့်။ သူရတန်ပြည်၏တဘက်ကို။
ပိုင်လေသော ဇုန္တာတ်ကြီး ငပုခင်သည်။ ဆင်မြင်းအလုံးအရင်းနှင့် ကျွန်ခံလှာ၏။ ထိုနှစ်
၆။ ဝယ်လည်းကောင်း ထိုမင်း၏ မြုံမင်းပြည်၌ အနောက်တရိုးကို အစိုးပိုင်လေသော အဘိနန်သူကြီးသည် ။

ဆုလုံမ်မြင်းရံနှင့်တကွ ကျွန်ခံလှာ၏။ နေားစွန်းကုလားမင်း၏ အမတ်သည်များစွာသော လက်ဆောင်ပဏ္ဏာကာ
၇။ ရနှင့် ရောက်လှာပေ၏။ ထိုသို့ အရပ်ထက်ဝန်းကျင်မှ ခပ်သိမ်းသော သူတို့သည်။ ကိုးကွယ်မှီခိုရာဖြစ်လျှက်
နေရာဝယ်။ သက္ကရာဇ် ၆၆၈ ခုတွင် သျှမ်းတို့သည် လာ၍ ရံပြကျွန်းကို တိုက်လှာ၏။ ရံပြကျွန်းသူတို့သည်
လာ၍ ရံပြကျွန်းကို တိုက်လှာ၏။ ရံပြကျွန်းသူတို့က သီးခံ
၈။ တိုက်လိုက်လျှင် သျှမ်း၍ပြေလေ၏။ တကြိမ်တုံ။ မြမ္မာတို့သည် အမ်းနှင့် ဓားလက်ကို ဖျက်လှာ၏။ တလိုင်းတို့လည်း
အလူးအလဲ အမည်ကြိမ်သကြီး။ တိုင်ကျိုးတို့ကို ဖျက်ဆီး၍ လုယူလှာ၏။ သက်တို့လည်း မဟာ

## ဇား---------------ကျောဖက်

၁။ စိုးနှင့် သျှင်ငယ်ကူကို ရွှာစားထည့်လှာ၏။ ထိုသို့မှ မင်းကြီးလည်း မာန်တော်ပါလတ်၍။ မူးမတ်အပေါင်းတို့နှင့်
အကွ တိုင်ပင်လတ်ပြီးသော်။ မဟာမုနိအထံသို့ ကြွတော်မူလေလျှင်။ လက်စွဲတော်ပြုသော ပုတီးကိုလ
၂။ ည်းတင်ခဲ့လျှက်။ ဤသို့မိဋ္ဌာန်လေ၏။ မြတ်စွာရုပ်တုတော်ရှင်ကိုစောင့်သောနတ်များအပေါင်းတို့သည်လည်း
ကောင်း။ သာသနာတော်ငါးထောင် ပတ်လုံမ်းကိုစောင်တတ်သော နတ်များအပေါင်းတို့သည် လ
၃။ လည်းကောင်း။ သိသည်ဖြစ်စေသတည်း။ ငါသော်မူကား ဤဘဝပတ်လုံမ်းဝယ် အသက်ခန္ဓာတည်သရွှေ့၌။
ဒါနသီလနှင့် သာမွေ့လျော်တော်ပြု၍။ နေ့ရက်ကာလကို ကုံစေအံ့ဟု မှတ်သည်။ ယခုမူကား ရာန်သူတို့သည်
တိုင်းကားနိုင်ငံကို ဖျက်ဆီးလှာသည်ဖြစ်သောကြောင့် တဦးကလ်ရုံမ်ကို ပြပြီးမှသာလျှင် တိုင်းကားနိုင်ငံတို့သည်။
လုံးအံ့သတည်း။ ဟု။ မဟာမုဏိကို အစအတည်၍။ မိဋ္ဌာန်ခဲ့ပြီးသော် မွေတော်
၅။ ဓာတ်တော်တို့ကို တိုင်တန်း၍။ ဤသို့လျှင် မိဋ္ဌာန်သောအဆုံး၌။ စစ်အင်္ဂါလေးပါးနှင့်တကွ။ သက္ကရာဇ် ၆၇၄
ခု။ နတ်တော်လဝယ် သံတွဲမြို့သို့ ချီတော်ပြလေ၏။ တိုင်ကျိုးတွင်တဲဆောက်၍ေ
၆။ နေတော်မူပြီသော်။ ဘထွေးတော်ဥစ္စနာကြီးကိုကား။ နောက်ပါသူရဲတသန်းနှင့်အကွ အရှေ့ပုဂ္ဂံပြည်ကို တိုက်လေ
စေ၏။ ယောက်ဘတော်စလင်က သူကိုကား။ ဆိုယ်ရံတသန်းနှင့် တလိုင်းပြည်ကိုတို
၇။ က်လေစေ၏။ အမတ်ကြီးရာဇသင်းကြန်ကိုကား။ စစ်သည်သူရဲတသန်းနှင့်အကွ။ သက်ပြည်ကို တိုက်လေစေ၏။
အရှေ့ပုဂ္ဂံပြည်ကို တိုက်လေသော ဥစ္စနာကြီးသည်ကား။ သူတိုင်က မြို့ပြနှင့်ခံ
၈။ လင့်၍။ ဆင်ပါမြင်းချည်းထွက်နှင့်လေသောကြောင့်။ မသာချေ၍။ ဥပါယ်တမျည်းဖြင့် ဤသို့ကြံ၏။ ရဲမက်ဗိုလ်
ပါတို့တွင် ရွှေးလေသော်။ ကိုးတောင်မျှလောက်သော သူရဲတို့ကိုရလျှင်။ သစ္စာဂတိ

## ဈ---------------ဝမ်းဖက်

၁။ မြစွာချည်ဖွဲ့လျက်။ တနေ့သော် ငါးကျိတ်တရာစီချည်း အောက်သားတို့ တပ်သို့ ဝင်လေစေ၏။ ထိုဝင်သော
သူတို့ကား။ ဤသို့လျှင် ဆိုလေ၏။ ငါတို့ရက္ခိုင်သားတို့သည် မျိုးပဲရိက္ခာကုံခဲ၍။ ဝတ်မွတ်သျှား
၂။ ပါးခြင်းသို့ ရောက်သောကြောင်း အသျှင်တို့မြမ္မာသူရဲတို့သည်။ ဆင်ပါမြင်းပါချည်သတ်လေသောကြောင့်။
မခံနိုင်သေပျောက်ခြင်းလည်းများလှပေ၏။ ထိုသို့ဖြစ်သောကြောင့် ရက္ခိုင်သားတို့သည်
၃။ ကား။ ပြေးအံ့သည်ဟု။ ဆိုပေသော်။ မြမ္မာတို့လည်း ယုံကြည်လေ၍။ ထိုသူဝင်တို့အား ဆုလပ်ပေးပြီးသော်
မူးတိုင်းမတ်တိုင်း အသီးအသီးအပ်၍ ထားလေ၏။ ထိုသို့မြို့တွင်းမြို့ပြင်သားတို့အား။ စာတိုကမ်းကြ
၄။ ၍။ ချိမ်းချက်ပြီးသော်။ ဥစ္စနာကြီးလည်း စစ်အင်ခင်းကျင်း၍။ ချည်လေ၏။ မြမ္မာတို့လည်းဝင်ကွန့်ပြုလေသော
ရက္ခိုင်သားတို့ကို မြို့စောင့်ထား၍။ ဆင်ပါမြင်းပါရအပ်သမျှ။ သူရဲတို့
၅။ နှင့်ထွက်လတ်၍ ဥစ္စနာနှင့်တွေ့ကြလေ၏။ ထိုသို့တွေ့ကြစည်၌။ မြို့ထဲဝယ် ဟိသော ရက္ခိုင်သားတို့သည်
တံခါးကိုပိတ်ပြီးသော်၊ မြို့တွင်းဝယ်ဟိသော အိမ်ကျောင်းတို့ကို မီးတိုက်
၆။ လေ၏။ ထိုသို့ မီးတိုက်သည်ကိုမြင်လေလျှင်။ မြမ္မာတို့လည်းမြင်းနှင့် အကွ ပြေးခဲ့၏။ ဥစ္စနာကြီးလည်း။
ရလိုက်သမျှ ဆင်မြင်းတို့နှင့်။ မြို့ထဲသို့ဝင်၍နေလေ၏။ မြို့ကိုရလေလျှင် မြမ္မာမင်းလည်း။ အလွန်ကြောက်
၇။ စွာသောကြောင့်။ တမာန်စေလွှတ်ပြီးသော်။ အရေအရာကို ပြေလေအောင်။ အတုပ်အခွန်ကိုလည်း
ဆက်လိုက်၏။ စောလှထွင့်စောပဥ္စာဟူသော သမီးနှစ်ယောက်ကိုလည်း ဆက်လိုက်လျှင် မိုယ်ကာလ

၈။ နီးလတ်သည်နှင့်။ ဥစ္စနာကြီးသည် ပြလတ်၍။ မင်းကြီးအား ဆက်တော်မူလေလျှင်။ မင်းကြီးလည်း အလွန်အားရ
စွာ၍။ ရဲမက်ဗိုလ်ပါနှင့်အကွ။ ဥစ္စနာကြီးအား များစွာသော ဆုကို ပေးလေ၏။ တလိုင်းပြ

**ဈ---------ကျောဖက်**

၁။ ည်ကို တိုက်လေသော စံလင်က သူသည်လည်း ။ တလိုင်းတို့နှင့် တိုက်ကြလေသော်။ ငါတို့ရခိုင်သားတို့ကား။
လှေသို့ချည်းသာပြေးဆင်းလတ်ကုံသောကြောင့် စလင်က သူအမတ်သည် အကြံပြုလေ၏။
စောင့်လျှက်။ နိုင်လျှင် အောင်လုတ်ကြဲအံ့ဟု နေတော်ပြုသည်ကို။ မျိုးတော်ဆွေတော်မူးေ

## ညဲ---------ဝမ်းဖက်

၁။ တော်မတ်တော် စသောရဲမက်ဗိုလ်ပါတို့သည်။ ဤမိုးစည်းရုံကို။ သည်းခံတော်မူပါ။ မိုယ်စည်းလျှင်။ အကျွန်နို့ုပ်
တို့ လက်ဆောင်တော်ဆက်အံ့ဟု။ ညီညွတ်၍ ဝံခံသောကြောင်။ ပြန်တော်မူလတ်တည်း။ ထိုစစ်

၂။ ပျက်သောအခါ၌။ မင်းကြီးလက်တော်နှင့် ပစ်သောကမန်ပြားသည်ကား။ ကြီးလှစွာသော အုံပင်၏လည်ကိုခြည်
သီးလက်ကန်ဖောက်ထွင်း၍ သွားလေ၏။ ထိုသို့ဖောက်ထွင်း၍ သွားသည်ကို။ ကုလားတို့

၃။ မြင်သော်။ ကုလားပြည်အလုံမ်းသည့်။ အံအာသရဲပြုကြကုံ၏။ ဤအရာကို သင်းတို့ဘာသာဖြင့် ဤနေ့တိုင်
အောင် နောပတ်ပြုကြကုံ၏။ မင်းကြီးလည်း ပြန်တော်မူလတ်၍။ ရောက်လှာ၏။ တကြိမ်တုံ

၄။ လည်း။ ကောက်ကတန်းတိုင်အောင် ဖျက်ချေ၏။ ထိုမင်းဝယ်။ ဒေါလျှားနှင့် ကာမဏိဟူသော သားနှစ်ယောက်
တွင် ကျင့်ခဲ့ဟန် မူအကြီးဖြစ်သော မင်းဒေါလျှားကို နိမ့်

၅။ ချ၍။ အလတ်ဖြစ်သော ကာမဏိကို အိမ်ရှေ့အရာကို ထည့်သည်။ ကာမဏိသည်လည်းကောင်း။ ကာမဏိ
ကျွန်းတို့သည်လည်းကောင်း။ မင်းဒေါလျှားကို အနေခပ်သိမ်းညှည့်ဆ

၆။ ကလူပြုကြကုံ၏။ စွမ်သံမာခြော်ရဲရာင့်ကျမ်းခိုင်သော ကျေးကျွန်ကောင်းတို့သည်။ ဟိုငြားသော်လည်း။ အားအံ
မတန်သောကြောင့်လည်းကောင်း။ ရာန်တုံမပြုဝန့်ပဲ သည်းခံ၍ချည်းနေလေ၏။ အဘမင်းကြီး

၇။ လည်း။ သားတယောက်ကို။ သားတယောက်သည်။ အနိုင်ပြုရာသလောဟူ၍။ အရေးမဝင်လေ။ သေစိမ့်ဟုကြံ
သော်လည်း။ မင်းဒေါလျှားဝယ်ကား။ ကျွန်ကောင်းချည်းဟိသောကြောင့်။ မသတ်နိုင်လေ

၈။ အကြင်ရောအခါ၌။ မင်းကာမနိကျွန်တို့သည်။ မင်းဒေါလျှားအိမ်ကို အုပ်ခဲပစ်လေကုံ၏။ ငါတို့သခင်ကား။
မြေကို အစိုးရအံ့သည်ကို မင်းဒေါလျှားကျွန်တို့ နိမိတ်ယူလေ၏။ တဖန်တုံကာမဏိ ကျွန်တို့

**ညဲ-----------ကျောဖက်**

၁။ သည် သရိုင်းကောက်၍ မင်းဒေါလျှားကို ပစ်လေကုံ၏။ ငါတို့သခင်သည်လျှင်။ အရိုးမင်းငြဖစ်အံ့ဟု နိမိတ်ယူပြုလေ၏။ တဖန်တုံဖရဲသီးအခွန်နှင့် ပစ်ပြလေ၏။ အဘတို့ရဲဆမ်းသာရဲစေ။ အလိုပြည့်အံ့

၂။ သည်နိမိတ်ယူပြုလေကုံ၏။ တဖန်တုံးခရမ်းသီးနှင့်ပစ်လေတုံ၏ ငါတို့ရှင်လန်းအားရဖြစ်လမည်ဟု နိမိတ်ယူပြုလေ၏။ ကြန်းပိုင်းတို့နှင့် ပစ်လေသောအခါလည်း။ အကြံဖြင့်ပိုင်အံ့သည် မချွတ်ဟုဆိုလေ

၃။ ကုံ၏။ တပြုဘီးနှင့် ပစ်လေတုံ၏။ မုန်ဘီးနှင့်ပစ်လေတုံ၏။ ဤသည်လျှင် မင်းဖြစ်မည်မှန်ပြီဟူ၍ နိမိတ်ယူလေ၏။ ဘဝသျှင်ကလမသျှားလည်း သားတော်နှစ်ပါးတို့၏ အထူးကို သိလိုသောကြောင့်။ တရံ

၄။ ရောအခါ၌။ အဖိုးများစွာ လက်ရေးတမာန်အဖိုးနည်းသော ပုဆိုးသည်လည်း တံမာန်ဤနှစ်မန်တို့ကို မမြင်ရအောင်။ ရစ်ပြီးသော်။ သားတော်နှစ်ပါး၏ရှေ့တွင်ထားလျှက်မော

၅။ င်တို့ ကြိုက်ရာယူကာမူဟူ၍ ပေးလေသော်။ ကာမဏီကား။ ပုဆိုးကြီးမစန်ကိုသာ ယူမှီလေ၏။ မင်းဒေါလျှားကား။ အဖိုးများစွာ ထိုက်သော လက်ရေးမှန်ကို ယူလေ၏။

၆။ တဖတုံး။ ဖရဲသီးနှစ်လုံမ်းကို ရှေ့တော်သို့ဆောင်ပြီးသော်။ တလုံးကိုကား ပတ္တမြားမြှုတ်၍။ မမြင်ရအောင်မိတ်၏အလုံမ်းကိုကား အတိုင်းဟိလေ၏။ အပြီးထားပြီးသော်။ မောင်တို့ကြိုက်ရာကိုရွေးလျှက်။ ယူကြကုံ

၇။ ဟူ၍။ တိုက်သော်။ ကာမဏီကား။ ဖရဲသီးအချည်းကိုသာ ယူမှီလေ၏။ ဒေါလျှားမူကား။ ပတ္တမြားမြှုတ်သောဖရဲသီးကိုယူမှီလေ၏။ ထိုကိုမြင်သော်။ ဘဝသျှင်ကလမသျှာကား။ နှလုံးဖြင့်အလွန်မသက်

၈။ သာသည်ဖြစ်တည်း။ ဤသို့ကာလမြင့်ရှည်လျှားစွာကာမဏီကို အိမ်ရှေ့ထည့်၍။ ချီးမြှောက်၏။ မင်းဒေါလျှားကိုကား။ အိမ်နိမ့်ချဖ်များစွာ၏ ထိုသို့မှ မင်းဒေါလျှားလည်း အလွန်ပူပံသည်ဖြစ်၍။ ထိုဘဝ

**သော-----------ဝမ်းဖက်**

၁။ သျှင် ကလမသျှာကို။ စစ်တကောင်းကို ထိုးပြမည်ဟူ၍။ ပန်တိန်တို့ကို ရှေ့တော်ဝယ်။ ရွှေပွင့်တန့်လက်ကောက်လက်စွပ်လုတ်စေရာဝယ်။ နေ့ညမပြတ် အဆော်အလှော်ထည့်သော။ ကတ္တာဇုန္ဒာ

၂။ ပ်အား။ သမီးတော် စောသုဘာကိုပေးစားအံ့ဟူ၍။ မြဲမြံစွာ သစ္စာဂတိဆိုပြီးမှ။ ညီညွတ်လေ၏။ သမီးမင်းကိုယ်လုတ်စသော အတွင်းသားတို့ကိုလည်း ညီညာလေသော်။ မင်းကြီးသည်။ အလွန်ပူ

၃။ ဆာလှသောကြောင့်။ ညီးငွေ့စွာ၍။ မင်းဒေါလျှား၏ အလိုပါသဖြင့်။ ကြော်လေးကမာန်တို့ကိုလည်း။ အညှို့ချည်းဖြတ်၍ထားလေတုံ၏။ ဓားလှန်စသောလက်နက်တို့ကိုလည်း ထိုသောအခါမရသာ

၄။ အောင်သိုထားလေကုံ၏။ ထိုသို့အထဲပြင်ညီမှ။ သက္ကရာဇ် ၈၄၄ ခု ဝါခေါင်လဆန်း ၇ ရက် တနင်္လာနေ့ပုံစားလေ၏။ ထိုင်းကလမသျှာကား။ အိမ်နိမ့်သုံ့ဆယ်။ စည်စိမ်နှစ်ဆဲ့သုံး

၅။ နှစ်။ နှစ်စုသက်တော် ငါးဆဲ့သုံနှစ်တွင် လွန်တော်မူလေ၏။ ၃။ ထိုမင်းလွန်လေလျှင်။ သားတော်မင်းဒေါလျှာသည်။ ထိုနေ့တွင် မွန်းလွဲတနာရီဝယ်။ နန်းတက်လျှို၍။ မိဖုရားဆူနှင့်အဘိ

၆။ သိက်ခံလျှက်။ ပြည့်စည့်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုနှစ်လည်းကောင်းလျှင်။ အောင်မလင်ဟူ၍။ ဆင်ကျုံမ်း၌ ဆင်ဖြူရလေ၏။ အလိုတော်ပြည့်လျှင်ကား။ မောင်ခူသျှားဟူသော အမည်ကို။ ဆင်ဖြူ

၇။ ရလျှင်ကား။ ဆင်ဖြူသျှင်ဟု စံတော်မူ၏။ ထိုမင်းဆင်ဖြူသျှင်သည် ဘုံတေဇာနှင့် ပြည့်စုံသည်ဖြစ်၍။ မျောက်သားတော်မိဖုရားသည်ကား။ တကျိတ်တယောက်လျှင်တည်း။ တကျိတ်တယောက်ဟူ

၈။ သော်ကား။ မိဖုရားဆူရခိုင်မိဖုရား။ ရွှေအိမ်မိဖုရား။ မိစောလှတန်။ တောင်မိဖုရား စောတင်မိဖုရား။ စောရှုဇာမိဖုရား။ မင်းပန်းမြောက်မိဖုရား၊ ထိုမိဖုရားတို့တွင် မင်းဖျားမိဖုရားဝယ်ကား။ ငရန်အောင်ဟူသော

သော--------ကျောဖက်

၁။ သားတော်ကို မြင်၏ မင်းပန်းမိဖုရားတွင်ကား။ ဖွားစိုးမင်းဟူသော သမီးတော်ကို မြင်၏။ စောရုဇာတွင်ကား။
သာဇတာကိုမြင်၏။ မယ်တော်မိဖုရားစောနန္ဒိကိုလည်း။ ထီးကြီးထက် ထီးငယ်ငါးဆောင်ရံလျှ
၂။ က်ဆောင်းတော်ပြုစေ၏။ ထိုဆင်ဖြူသျှင်ကား။ များမြောင်စွာသော စစ်အင်္ဂါလေးပါးနှင့် ပြည်ကို ထိုချေသော်
အလိုတော်မပြည့်ပဲ ပြန်တော်မူခဲ့၏။ ထိုမင်း၌ မင်စကြာကိုရွေး၍ ရချေ၏။ သက္ကရာဇ် ၈၄၈
၃။ ခုဝါကျွတ်လတွင် ဥရာဇ်တောင်သို့ချီလေ၍။ စစ်ထိုးလေ၏။ ထိုနှစ်စစ်မဟိသည် နောက်ဝယ်လည်းကောင်း၊
ဆင်ဖြူသည် သေနှင့်လေ၏။ ထိုမင်းဆင်ဖြူသျှင်ကား။ အိမ်နိမ့်နှစ်ဆယ်ခုနှစ်နှစ်။ စည်စိမ်ဆယ်နှ
၄။ စ်။နှစ်စုသက်တော် သုံးဆဲ့ခုနှစ်နှစ်တွင် လွန်တော်မူလေ၏။ ထိုမင်းလွန်တော်မူလေလျှင်။ သက္ကရာဇ် ၈၅၄ ခု။
တွင် ဘထွေးတော် တောင်ဘက်စား မင်းညိုသည်။ ငယ်မယား စောထွေးမယ်
၅။ နှင့်။ အဘိသိက်ခံ၍။ ပြည့်စည်စိမ်ကို စိုးအုပ်တော်မူလေ၏။ မဟာမောက်သျှာဟူသော အမည်ကိုလည်း
ခံတော်မူလေ၏။ နန်းတက်ပြီးလျှင်ကား။ ဆင်ဖြူသျှင်မယ်တော်စောနန္ဒီနှင့် မင်းဂ
၆။ ဏှာဟူသော မိဖုရားကို။ မိဖုရားအရာမြှောက်တော်မူလေ၏။ ထိုမင်းညိုကိုလည်း။ တိုက်သားငဆွေပုန်စားလေ၏။
တိုက်သားငဆွေကိုလည်း မူးမတ်တို့ဖမ်းဆီး၍ သတ်ပြီးလျှင်။ အပေါင့်အလက်ကို ဖျက်၍ေ
၇။ ဖောင်နှင့်ရေတွင် မျှောလေ၏။ ထိုမင်းညိုကား။ အိမ်နိမ့်သုံးဆဲ့ခုနှစ်နှစ်။ စည်စိမ်နှစ်နှစ်ခွဲ။ နှစ်စုသက်တော်
သုံးဆဲ့ကိုးနှစ်ခွဲတွင်။ လွန်တော်မူလေ၏။ ၅။ ထိုမင်းလွန်တော်မူလေလျှင်။ ဆင်ဖြူသျှင်မင်းဒေါလျှာ၏
၈။ သားဖြစ်တော်မူသော မင်းရာန်အောင်ကို ဘစောမင်းညို သမီးတော် စောလျှင်စောနှင့်။ အဘိသိက်ခံ၍။
သက္ကရာဇ် ၈၅၆ ခုတွင်။ ပြည်စည့်စိမ်ကို စိုးအုပ်တော်မူလေ၏။ မင်းအဖြစ်သို့ရောက်လျှင်ကား။ နောသျှိတ်

**ညော်------------ဝမ်းဖက်**

၁။ သျှာဟူသောအမည်ကို ခံတော်မူလေ၏။ ထိုမင်းကား ပြည်ရေပြည်ရာ၌လည်းကောင်း။ မင်းရေးမင်းရာ၌
လည်းကောင်း။ မေ့ကျန်ပေ့ါလျော့ခြင်းသည် ဖြစ်လေ၏။ မင်းမျိုးမင်းဆွေတို့သည်လည်း။ သင်ပြင်မစပဲ ပြင်းခြင်း
တို့ကို မပြုကုံပဲ။ ကိုယ်တို့၏အလိုက် စည့်စိမ့်ချမ်းသာကို ခံစား၍ ချမ်းသာစွာနေလေကုံ ၏။ ထိုမင်းသည်လည်း
ကခြေသည် မိန်းမတို့နှင့် နေ့ညမပြတ် မဆုံးမ်ပွဲမြူးထူးပျော်ပါး
၃။ ၍ နေလေ၏။ ထိုသို့နေသောအခါ၌။ အမတ်အိုတယောက်သည်။ မင်းရှေ့တော်တွင် ကျင်ငယ်စွန့်သည်ကို
မြင်လေလျှင်။ ငရှေ့တော်ဝယ် မလေးမခန့်ကျင်ငယ်စွန့်ရာသည်လောဟူ၍။ ထိုအမတ်အိုကိုရေတွင်နစ်
၄။ လျှက်သတ်၍ပစ်လေ၏။ မူးမတ်တို့မြင်လေသော်။ ဤမင်းသည်ငယ်သောကြောင့် သည်းခြေမဟိ။ မေ့လျော့သည်
ကြာမြင်လတ်လျှင် ငါတို့သို့ ထိပါးသတ်လတ်တန့်ဟူ၍ ဥရီးတော်စလင်ကသူ
၅။ ကိုတောင်းပန်လေ၏။ စလင်က သူလည်း။ များသောရဲမက်တို့နှင့်ရွှေနန်းတော်ကို ဝန်းရံလေ၏။ ထိုအခါ
မင်းနောင် သီဟဗာသည်။ ဓားနှင့်လှံ့သွားကို လက်စွဲလျှက် က၍ခံနှင့်၏။ လူများလည်း မဝင်နိုင်သော
၆။ ကြောင့် ရွှေနန်းတော် အနောက်လှေ့ကား။ ကတက်၍ နန်းတွင်းထဲတွင် တွေ့လေလျှင် ယူ၍နန်းထဲတွင်ပင်
သတ်ပြီးသော် ဥက္ကောင်းကိုဖြတ်၍ ယူခဲ့လျှင်။ စလင်က သူ့အားဆက်လှာ၏။ မင်းနောင်သီဟပါ
၇။ လည်း နန်းတွင်းထဲ၌။ အသျှင်ဟိအောင်ထင်၍။ ဓားနှင့်လှံ့သွားကိုစွဲကိုင်လျှက် က၍ပင်နေ၏။ စလင်က
သူကလည်း။ မ်ငးနောင်သီဟပါသည် အဘယ်အလိုင့်ှ။ ကသနည်းတူတော်အမှုကို ထမ်းရွက်ပါသည်ဟုဆိုပေ
၈။ ၏။ ငတူမဟိလျှင်။ အဘယ်သူ၏အမှုကို ထမ်းရွက်အံ့နည်းဟု။ မေးပြန်၏။ မင်းနောင်သီဟပါလည်း တူတော်
မဟိလျှင် ဥရီးတော်အမှုကို ထမ်းပါအံ့ဟု ဆိုပေ၏။ စလင်က သူလည်း မင်ရန်အောင်ဦးကွှောင်းကို ပြလေ

**ညော်------------ကျောဖက်**

၁။ ၏မင်းနောင်သီဟပါမြင်လေလျှင် ဓားနှင့်လှံ့သွားကိုချ၍။ စလင်က သူခြေကို ဦးတိုက်လျက် ငိုလေ၏။ ထို
မင်းရန်အောင်ကား။ အိမ်နိမ့်ကိုးနှစ်။ စည့်စိမ်ခြောက်လ။ နှစ်စုသက်တော်ကိုးနှစ်နှင့်ခြောက်လတွင် လွန်တော်မူ
ေ
၂။ လေ၏။ ၆။ ထိုမင်းလွန်တော်မူလေလျှင်။ ဥရီးတော်စလင်က သူသည် ကလမသျှာသမီးတော်စောမိစောနှင့်
အဘိသိက်ခံ၍။ သက္ကရာဇ် ၈၅၆ ခုတွင် ပြည့်စည့်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုသို့ အလိုတော်ပြည်

၃။ လျှင်။ သက်ကောင်ဒေါလောသျှာဟူသော အမည်ကို ခံတော်မူလေ၏။ ထိုစလင်က သူရွှေသူရတို့ သက္ကရာဇ် ၈၆၀ ပြည့် နတော်လဆုပ်သုံးရက် သောကြာနေ့ညည့် ရွှေအိမ်တွင် ညီတော်မိလိုင်းပုံ
၄။ စားလေ၏။ ထိုနှစ် ကဆုံလ သရက်ပွင့်၏။ သက္ကရာဇ် ၈၆၁ ခုတွင်။ ညီတော်သံတွဲစားစောရန်အောင် ပုန်စား၍ ကျမ်းလေ၏။ ထိုဘဝသျှင်။ သက်ကောင်းဒေါလောသျှာသည်ကား။ အိမ်
၅။ နိမ့်လေးဆယ်။ စည့်စိမ်ခုနှစ်နှစ်။ နှစ်စုသက်တော်လေးဆဲ့ခုနှစ်နှစ်တွင်။ လွန်တော်မူလေ၏။ ၇။ ထိုမင်းလွန်လေလျှင် သားတော်မင်းရာဇာသည်။ မျောက်သားတော် စောသုဘာနှင့် အဘိသိ
၆။ က်ခံ၍။ သက္ကရာဇ် ၈၆၃ ခု တပေါင်းလတွင် ပြည်စည့်စိမ်ကို စိုးအုပ်တော်မူလေ၍။ အလိုတော်ပြည့်လေလျှင် ကား။ သျှင်ဖွားနှင့်သျှင်ပျော်ဟူသော သမီးနှစ်ယောက်တို့ကိုလည်း။ မိဖုရာမြှောက်တော်မူ
၇။ လေ၏။ အီသျှာဟူသော အမည်ကိုလည်း ခံတော်မူလေ၏။ ထိုမင်းကား သက္ကရာဇ် ၈၆၄ ခု နတ်တော်လ၌ လက်မဘက်စတာကိုခုတ်၏။ သက္ကရာဇ် ၈၆၈ ခုက ဆုံလရေကြီး၏။ ထိုနှစ်လူများတိုခြောင်းဆိုး
၈။ ၍ အနာဖြစ်၏။ ထိုနှစ်ရံမထွက်၍ အနောက်သို့ပြေးခဲ့၏။ သက္ကရာဇ် ၈၇၀ တွင်။ ရံမကိုနိုင်လေ၏။ သက္ကရာဇ် ၈၇၁ တွင် တံခူးလမင်းရာဇာ တရားနာ၏။ တင်တော်မူဘုရားနှင့် ကျောင်းတော်သို့လွှတ်တော်

## ညံ့----------ဝမ်းဖက်

၁။ မူ၏။ ကုသိုလ်သော်ကား။ ဆိုဖွယ်ရာမဟိ များစွာပြု၏။ ပြည်ထဲရေးရာ စသော မြို့ပြကျုံမ်မြောင်အစား ရေဆန် လက်နက်ကိရိယာတို့ကိုကား။ ကဲတိုးအောင် စီရင်ခြင်းမဟိ ပြည်သူတို့၏ စီးပွားချမ်းသာ
၂။ ကိုလည်း။ စောက်ရှောက်ခြင်းမဟိ။ မင်း၏စည့်စိမ်မနော၌သာ စံပျော်မြူးထူးလျှက်။ မိုယ်စည်လတ်လျှင်။ နှစ်စည် အပြတ် ဒွါရာဝတီမြို့သို့ကြတော်မူ၍။ ဆင်ဖမ်းသဘင်ကို ရှုလျှက်။ စံပျော်တော်မူ၏။ ထိုမ
၃။ င်းမျောက်သားတော် သုံးယောက်တွင် စောသုဘာဟူသော မျောက်သားတော်သာလျှင်။ အလွန်ထင်ပေါ်၏။ အမျက်စောမာန်ဖြင့် အလွန်ကြမ်းကျုပ်သည်ဖြစ်သတည်း။ မင်းမျိုးမင်းဆွေမူးမတ်အသည်အ
၄။ လာတို့၏ သမီးတို့ကိုလည်း။ စီးစစ်၍ နှစ်တိုင်းမပြတ်ယူ။ အားနာခြင်းမဟိ။ အလွန်ကြမ်းကြုပ်သောကြောင့် ပြည်သူအပေါင်းတို့ကား။ မီးပုံန်ကြီးကို ထိပ်ထက်၌ ရွက်ဘသကဲ့
၅။ သို့၊ အလွန်လျှင် ညီးငွေ့မုန်းထားကုံ၏။ သက္ကရာဇ် ၈၇၇ ခု ဝါခေါင်လဆန်း ခုနှစ်ရက် ဗုဒ္ဓဟူးနေ့ စန္ဒမုခပုံစား၏။ သက္ကရာဇ် ၈၇၈ ခုတွင်။ မင်းရာဇာအနောက်သို့ ချီတော်ပြုလေ၏။ သက္က
၆။ ရာဇ် ၈၇၉တွင်။ သမီးတော် မင်းလှထွတ်သေ၏။ အတွင်စချီဟရီကို သမီးတော်ကောင်းမှုကို လုတ်စေ၏။ သက္ကရာဇ် ၈၈၁ ခုတွင် မန္ဓမ်ပုံစား၏။ ထိုမင်းကား မြောက်ဦးရွှေမြို့သည်။ ကျိန်းခန်းကာလမ
၇။ ကုံပဲပင် အမြင် နည်းသော ဘုရားဂဏားတို့၏ စကားကို။ နှလုံမ်းတော်သွင်း၍။ ဝေသာလီမြို့ကို သက္ကရာဇ် ၈၈၂ ခု ကဆုံလဆုပ်လေးရက် စနေနေ့ညဥ့်သံခေါင်လွဲ သုံဗဟိုမိဿလက်နှင့် တည်တော်မူ၏။
၈။ ထိုမင်မယားတို့မှာ သားမဟိကုန်။ ကိုယ်လုတ်တော် ခေါမနော်ဝယ်။ ဂဇပတိဟူသော သားတော်ကို မြင်၏။ ဆင်ကဲရှောက်ပွေသမီး ကိုယ်လုတ်တော်သျှင်စောဖြူတွင်ကား။ သမီးတော်သျှင်လှထွတ်

## ညံ့----------ကျောဖက်

၁။ ကိုမြင်၏။ ဥရီးတော်ဆင်ကဲအောင်ထင်သမီးဖြစ်သော စောသန္ဒာဝယ်ကား။ မင်းပင်ဟူသော သားတော်ကိုမြင်မှ။ မင်နောင်ကြီးဖြစ်သော အစေခံသူကြီးမင်းသင်ကြန်နှင် အိမ်ထောင်ချလေ၏။ ထိုသားေ
၂။ တော်တို့သည် ကြီးမြင့်လတ်လျှင်။ မြောက်ဦးစားလေုလင်သို့းကိုယ်လုတ်တော် စောမနော်တွင် မြင်သည်သား ဂဇာပတိကိုကား။ အိမ်ရှေ့တည့်တော်မူ၏။ သားတော်မင်းပင်ကိုကား၊ စစ်သူကြီးအရာ
၃။ ထည့်လေ၍။ အရပ်သျှစ်မျက်နှာတို့၌ ပြူထွက်သရွှေသော ရာန်မာန်တို့ကိုလည်းကောင်း။ တိုင်းနိုင်ငံချည်အံ့သော ငှါလည်းကောင်း။ စေလွှတ်တော်မူတိုင်းကား။ ဆခြည်မြူလုံမ်ရှိမျှလျှင်။ မငြိုမငြင်မသွေ
၄။ မလုန်လျှင်။ ပဲတိုက်လေရာကို အောင်မြင်သည်ချည်းသာဖြစ်သောကြောင့်။ ခမည်းတော်ဘဝသျှင်လည်း။ အလွန် ဝမ်းမြောက်ဝမ်းသာအားရဖြစ်တော်မူ၏။ ခပ်သိမ်းသောစဉ်

၅။ စိမ်ချမ်းသာတို့သည်ကား။ ဆန်းသောလကဲ့သို့ တရွှေ့တရွှေတိုးလေသည်သာဖြစ်ရာသတည်း။ ထိုဘဝသျှင်
မင်းရာဇာသည်။ နန်းတက်နှစ်ဆယ်နှစ်နှစ်မြောက်သောကာလံဝယ်။
၆။ ပရိန်သက်တို့သည် ပုံကန်လတ်၍။ မင်းသည် မိဖုရားနှင့်အကွ တောင်စည်လမ္ဗူသို့ပြေးခဲ့၏။ ထိုမင်းနေရာကို။
မင်းပြင်ဟူ၍ ဤနေ့တိုင်အောင် တွင်၏။ ဤအရပ်တွင် ရောက်၍။ ငါ အသက်ရှင်သည်ဟုဆိုသည်။
၇။ ကို။ သက်ရှင်ချောင်းဟူ၍ ဤနေ့တိုင်အောင်တွင်၏။ ထိုသက်တို့သည်လည်း။ ကျောက်လှေကား ဝေသာလီမြို့
၌။ ဒေါရောရာဇာဟူသော အမည်ကိုခံလျှက်။ နှစ်ဆဲ့ကိုးရက်မျှသာ မင်းပြုလေ၏။ ပြည်သူ
၈။ တို့သည်လည်း ညီညွတ်၍။ ထိုမင်း၏သားဖြစ်သော ဂဇာပတိကို။ သက်တော် တဆဲ့ခြောက်နှစ်တွင် မင်းမြှောက်
ပြီးသော်။ သူရဲကြီးငမင်းရေတုံသူ။ ရဲကျော်တို့နှင့်တိုက်လေသော်။ ဝေသာလီမြို့က သက်တို့သည်။

## ညှာ:------------ဝမ်းဖက်

၁။ ပြေးပြန်ခဲ့၏။ မူးမတ်ပြည်သူတို့သည်လည်း ရွှေနန်းတက်တော်မူပါဟူ၍ တောင်းပန်ကျသော်။ ခမည်းတော်ဘုရား
သည်။ မျက်မှောက်ဂင်္ဂါဟိပေလျှက်။ ငါသည်အသို့မင်းပြုအံ့နည်း သူကောင်းများ အလိုကိုလို
၂။ က်၍။ ငါထီးဆောင်းခြင်းသည်ကား။ ရာန်သူဖြစ်သော သက်တို့အား။ ကြောက်စိမ့်သောငှါ ငါပြုသတည်းဟု။
ထီးဆောင်းတော်ပြုသတည်းဟူ၍ မင်းရေးမင်းရာခင်းကြမည်တွင်ဝယ် ခမည်းတော်သည်။ တောင်စဉ်
၃။ ကရောက်လတ်လျှင် နေရာမှသက်ပြီးသော် ထိုမင်းတို့၏ ဆင်မှတ်ဖြစ်သော ဗောင်းတော်ကိုလည်းချွတ်၍ အကျွန်
ကား ရာန်သူခပ်သိမ်းကို။ ခွင်း၍ အရပ်တော်ကို။ အရပ်တော်ကို စောင့်နှင့်သည်ကိုသာ။ ရွှေ
၄။ ထီးရွှေနန်းကို အတိုင်း စိုးအုပ်တော်ပြုဟူ၍ တမာန်လွှတ်လျှက် ကြားလျှောက်လှာစေသည်ကို မျိုးတော်ဆွေတော်
စသော မူးမတ်ပြည်သူတို့သည်။ ဤမကောင်းစွာသော မိဖုရားနှင့်အ
၅။ ကွ။ ခမည်းတော်သည် တဖန်မင်းပြုရပြန်တပြီးကား။ အကျွန်တို့ပြည်သူအပေါင်းတို့သည်။ ငရဲသံခြိုင်တွင်နေရ
ဘိသကဲ့သို့။ အလွန်ကျည်းမြောင်းဆိုးထောင်းခြင်း မဖြစ်တုံလော။ တိုင်
၆။ ကြောင့် အသျှင့်သားသည် စိုးအုပ်တော်မူကလည်း။ စိုးအုပ်တော်မူပါ။ စိုးအုပ်တော်မပြုသည်ကား။ တပါးသော
မင်းလောင်းမင်းလျှာဟိရာကိုရှာ၍ သာလျှင်။ အကျွန်တို့ ထီးနန်းတင်အံ့သည် ခမည်းတော်ကို
၇။ သာမကျိုးမန္တပြီဟု လျှောက်ကြကုံသည်ကို ဘဝသျှင်မင်းရာဇာသည် ကြားတော်မူလေလျှင်။ ကြောက်ရွံ့လှသည်
ဖြစ်၍ မင်းမပြုဝံ့ပဲ။ ထိုမင်းသည် အိမ်နိမ့်သုံဆယ်စည့်စိမ် နှစ်ဆဲ့နှစ်နှစ်။ နှစ်စုသက်တော်
၈။ ငါးဆဲ့နှစ်နှစ်တွင် နန်းကျခံ၍ နေလေ၏။ ၈။ ထိုမင်းနန်းကျလေလျှင်။ သားတော် ဂဇာပတိသည် မျောက်သား
တော် စောမင်းလှနှင့်။ အဘိသိက်ခံ၍။ သက္ကရာဇ် ၈၈၅ ခုတွင်။ ပြည်သူတို့ညီ၍ နန်းစည့်စိမ်ကိုင်စိုင်း

## ညှာ:-----------ကျောဖက်

၁။ အုပ်တော်မူလေ၍။ ကုလားမည်သော်ကား။ ဣလသျှာဟုခေါ်၏။ ထိုမျောက်သားတော် စောမင်းလှနှင့် တောင်
မိဖုရားတည်း။ ထိုမင်းဇဂပတိလည်း။ ခမည်းတော်အား အစောင့်အရှောက်အကြည့်အရှုထည့်၍
၂။ အငြိမ်းအချမ်းထားလျက်ကို။ မိဖုရားခေါင်စောသုဘာသည်။ သားတော်အား ပုံစားဘိဟူ၍။ တဖန်တလဲလဲ
တိုက်တွန်းလတ်လျှဆင်။ ခမည်းတော်လည်း ညည့်အခါ နန်းတော်သို့တက်လေ၍။ မင်းအိမ်ရာပါးသိုင်
၃။ ရောက်လေလျှင်။ နန်းလုံသားမနိုးရအောင် မန္တရားဖြင့် အိမ်မွှေးဆင်၍ ထားလေ၏။ အဘမင်းရာဇာလည်း
လက်နက်ကိုင်လျှက် ဂဇပတိကိုလုတ်မည်ကြံသော်။ ဝမ်းကွဲမျက်ရည်ယိုလျှက် ချစ်ခြင်းအလွန်ကြီးလသဉ်
၄။ ဖြစ်သောကြောင့်။ သားတော်မင်းကို မလုတ်ဝန့်။ မိဖုရားစောသုဘာ အပြစ်တင်သော်လည်း။ တင်ပါစေ။
ရောင်းချ၍စားသောက်စရာ ရွှေကွမ်းခွက်ကိုသာယူ၍ မိဖုရားစောသုဘာအား
၅။ ပေးလှာ၏။ မိုးသောက်လတ်လျှင်။ ကွမ်းခွက်ပျောက်ခဲသည်ကို နန်းလုံးသားခိုး၍ထားသည်မဟုပ်လောဟု
စစ်သည်ကြားသော်။ နန်းလုံသားတို့သည် အပြစ်မဲ့ကြောင့် အဖြစ်ခံရလေကာ
၆။ သာဖြစ်သောဟူ၍ ငါသုံသားစရာမဟိ၍။ ယူခဲသည်ဆိုလျှင်။ ထားဖွယ်မဟိဟု ခမည်းတော်အား ကွပ်လေ၏။
ထိုမင်းသည်။ အယောင်အဆင်းကား လှပ၏။ နတ်နှင့်ဒိုင်းရှည်ကုံ၏ သာသနာတော်ကိုလည်း။ မြတ်နိုး
၇။ ရိုသေချီပင့်၏။ ဝန့်စားရဲရင့်ခြင်းလွန်၏။ ထိုမင်းဝယ်ငယ်ကဖြစ်သော ကျေးတော်ကျွန်တော်တို့သော်ကား။

အတတ်အလိမ္မာနှင့် ကင်းသည်ဖြစ်သောကြောင့်။ မင်းမျိုးစသော မူးဟောင်းမတ်ဟောင်းအသည်အ
၈။ လာတို့အား။ မရိုမသေ မကော်မရော်ပြုဘိ၏။ ထိုသို့ပြုသည်ကို မင်းသည် ပျို့ရွယ်တော်မူသောကြောင့်။ မင်းရေး
မင်းရာ၌ နှလုံးတော်သွင်းနိုင်သည်ဖြစ်၍။ ထိုကျေးတော်ကျွန်တော်တို့အား မြစ်တာဆုမ္မကွပ်ညှက်

**ၔ-----------ဝမ်းဖက်**

၁။ ခြင်းကို ပြုတော်မမူ။ ထို့ကြောင့် ဇုန္တာပ်စစ်သူကြီး စသော မူးခေါင်းမတ်များတို့သည် အသည်းဝယ်ချည်း
အလွန်နှလုံမ်းနာ၍။ ကြံကြံကုံသည်ဖြစ်၍။ အခွင့်ကိုကြည့်လျှက်နေ၏။ သက္ကရာဇ် ၈၈၆ ခုတါင် ငွေတချမ်
၂။ ကို ဆံသုံခွက်သာရ၏။ သက္ကရာဇ် ၈၈၇ ခုတွင်။ အနောက်သို့စေလွှတ်တော်မူသောအခါ နှလုံးတော်ဝယ်မှတ်
လျှက် မယားရုပ်ဆင်းလျှောက်ပတ် အမှတ်ဟိသော သူတို့ကို အိမ်ဖံတင်လတ်လျှင် မယား
၃။ တို့ကလည်း။ စာခွေဆက်ပို့လှာ၍ ကိုယ်တို့မယားမဟုတ် မင်းကြီးမယားဖြစ်လေပြီဟု စာခွေရောက်လှာ၍
ကြားလတ်လျှင်။ မယူတွင်တိုင်ပင်၍ နေကြကုံ၏။ ထိုစကားကိုကြားလတ်လျှင် မင်းလည်းအလွန်မျ
၄။ က်တော်ကွက်၍။ ခြေချင်းခပ်လျှက် ယူချေဟု။ မိန့်တော်မူ၍ စေလွှတ်လိုက်။ ထိုလွှတ်လိုက်သောသူတို့ကိုလည်း
လွတ်လွတ်ခြေချင်းခပ်ပြီးသော် မယူဝကလာ၍ မြို့တော်သို့ချက်
၅။ ချင်းရောက်လှာ၏။ မိုးသောက်လျှင် အမတ်လေးပါးတို့တိုက်လေလျှင်။ ဂဇာပတိမင်းလည်း။ ရွှေဝင်တော်
အနောက်တံခါးက ထွက်၍ ပြေးလေသော်။ ဈေးသည်မအိမ်
၆။ တွင် ဒုက္ကံထဲဝယ် ပုန်း၍နေလေ၏။ တိုင်အကြောင်းကို တောင်ဇုန္တာပ်ငခေါ်သိ၍ နောက်ထပ်လိုက်လေပြီးသော်။
ပရဒါရမိစ္ဆာအကျင့်မှားယွင်းသောမင်း။ ဒုက္ကံသိမ်ထဲတွင် ဝင်၍။ သုမယား
၇။ ကိုလုစားပြန်မည် ကြံသည်လော အဆောတလျှင်ထွက်ခဲ့ဟု ဆိုလျှင် မတတ်သာ၍။ မင်းဇုန္တာပ်လောဟုမေးသော်
ဟုတ်၏။ ဟု ကြမ်းတန်ခက်ထန်သောစကားကို ဆိုသည်ကြားလျှင်။ အလွ
၈။ န်ကြောက်လန့်သည်ဖြစ်၍။ မောင်ဇုန္တာပ်ငအား မကွပ်ပေနှင့် နန်းချ၍ ကြိုက်သူကိုင်တင်ပါလေဟု တောင်းပန်
လျှင်။ မသတ်ဟုဆိုင်ပြီးသော် ထွက်လာမှ။ ဥက္ကောင်းကိုဖြတ်၍ယူလေ

**ၔ----------ကျောဖက်**

၁။ ပြီးလျှင် အမတ်လေးပါးတိုင်ကို ဆက်လေ၏။ ထိုဂဇပတိမင်းကား။ အိမ်နိမ့်တဆယ်ခြောက်နှစ်။ စည်းစိမ်နှစ်နှစ်
နှစ်စုသက်တော်တဆယ့်သျှစ်နှစ်တွင် လွန်တော်မူလေ၏။ ထိုမင်းလွန်တော်မူလေလျှင်။
၂။ မင်းမျိုးမင်းဆွေ မူးမတ်ပြည်သူတို့သည် ညီညာ၍။ ရွှေခြည်သော်။ မင်းရာဇာ ဘထွေးတော်ဖြစ်သော မင်းဇော
အိုကို။ မေးဖျား၌ လျှို၍ထားရာကယူချေ၍။ နန်းတက်မိဖုရားနှင့် အဘိသိက်ခံ၍ သက္ကရာဇ်
၃။ ၈၈၇ခု တံခူးလတွင် ပြည့်စည်စိမ်ကို စိုးအုပ်တော်မူလေ၏။ အမည်သော်ကား ဇလသျှာဟူ၍ခံလေ၏။ ထိုမင်းကား
အိမ်နိမ့်ခြောက်ဆယ်စည့်စိမ်ခြောက်လ နှစ်စုသက်တော်ခြောက်ဆယ်နှင့်ခြောက်လ
၄။ တွင်လွန်တော်မူလေ၏။ ၁၀။ ထိုမင်းလွန်လေလျှင်။မူးမတ်ပြည်သူတို့သည်။ တဖန်လည်းကောင်းစည်းဝေး၍
မင်းလျှာရှာပြုသော်။ ဆင်ဖြူသျှင်မင်းဒေါလျှားသား မင်းသားသာဇတာကို။
၅။ ရံပြလေးတောင်ကယူချေ၍။ သက္ကရာဇ် ၈၈၇ ဝါကျွတ်လတွင် နန်းတက်မိဖုရားနှင့် အဘိသိက်ခံ၍။ ပြည်စည့်
စိမ်ကို စိုးအုပ်တော်မူလေ၏။ အလိုတော်ပြည့်ပြီးမှ အလသျှာဟူသော
၆။ အမည်ကို ခံတော်မူလေ၏။ ထိုနှစ်မြုံက စစ်ရောက်၏။ ထိုစစ်ကိုလည်း အောင်တော်မူ၏။ အလိုတော်ပြည့်သည်
နှစ်မှသည်။ သက္ကရာဇ် ၈၈၈ ခု ကဆုံလတွင် ဘဝသျှင်အလသျှာကား မြောက်ဦးမြို့ကသည်။
၇။ ဒိုင်းကျီသို့ပြောင်း၍။ ယာယီနန်းဆောက်လျှက်နေတော်မူလေ။ ထိုမင်းလက်ထက် မင်းရာဇာသားဖြစ်သော
မင်းပင်သည် ယမ်တော်တင်ကျေးကို အတွင်းသူတို့နှင့် ဆက်-ရလေ၏။ ကာလရှည်သငြဖ့်
၈။ အလုံအရင်းကြီးလတ်သော်။ မင်းမျိုးမင်းဆွေမူးခေါင်မတ်ဖျားတိုင်သည်။ စည့်စိမ်အင်ခွင် အခြွေအရွှေအခြန်အရံ
တို့သည်။ အလွန်ကြီးကျယ်ကုန်သည် ဖြစ်သောကြောင့်။ ဇုန္တာပ်မင်းပင်ကို မရှုလတ်

ရှာ-------------ဝမ်းဖက်

၁။ သည်ဖြစ်၍။ ဇုန္တာမ်မင်းပင်ကိုခါ်မှ၊ အလိုတော်ပြည့်အံ့သည်ဟု ဒွါရာဝတီမြို့ကို စားလေစေ၏။ ထိုမြို့သို့ရောက်
လေမှသာလျှင်။ သိုက်တတ်စသော ကျိန်းခန်းသည်ပေါ်လတ်၍။ ခပ်သိမ်းသောလက်နက်ကြိယာ
၂။ မြင်းဆင်ရဲမက်ဗိုလ်ပါ လေ့တက်စသည်တို့ကို ပြန့်ပွားများမြောင်အောင် စီရင်တော်ပြုပြီးသော် ထိုရာန်သူတို့အား
နှိတ်နှင်းလှာ၍။ ဘဝသျှင်သာဇတာကိုအုပ်လျှက် နေတော်မူလှာ၏။ မင်းသာဇတာကား။ အိမ်နိမ့်
၃။ ငါးဆဲ့နှစ်နှစ်။ စည့်စိမ်ခြောက်နှစ်။ နှစ်စုသက်တော် ငါးဆဲ့သျှစ်နှစ်တွင် လွန်တော်မူလေ၏။ ၁၁။ ထိုမင်းလွန်တော်
မူလေလျှင်။ မင်းရာဇာသားဖြစ်သော သံတွဲစားမင်းပင်သည် ဆင်ဖြူသျှင်မင်းဒေါလျှားသမီးဖြစ်
၄။ သော ဖွားစိုးမင်းနှင့် အဘိသိက်ခံ၍။ သက္ကရာဇ် ၉၈၃ ခု နယုံလဆန်းတရက် စနေနေ့၊ နှစ်ပဟို ငါးနာရီတွင်
ပြည်စည့်စိမ်ကို စိုးအုပ်တော်မူလေ၏။ ကုလားမြမွှာအပေါင်းတို့ကိုပိုင်တော်
၅။ မူသည်ဖြစ်သောကြောင့်။ မြမွှာနာမည်ဖြင့်ကား။ သီရိသုဓမ္မရာဇာဟူသော အမည်ကိုမှည့်၏။
ကုလားအမည်ဖြင့်ကား။ မဟာသတိုးဓမ္မရာဇာဇောက်ဘောက်
၆။ လျှာဟူသောအမည်ကိုခံတော်မူ၏။ မျောက်သားတော် မိဖုရားကိုလည်း။ မိဖုရားခေါင်ဟူသော အမည်ကိုခံတော်
မူလေ၏။ ခပ်သိမ်းသော အမျိုးလေးပါးတို့ကိုလည်း ဝမ်းဝယ်သားတို့ကဲ့သို့ ချစ်ခင်မြတ်နိုးခိုင်း
၇။ တော်မူ၏။ အမျိုးလေးပါးတို့သည်လည်း။ မွေးပေတတ်သော မိဘကိုကဲ့သို့ မျက်ကွယ်မျက်မြင်ချစ်ခင်မြတ်နိုး
ကြကုံ၏။ ထိုအခါ၌။ ဘဝသျှင်ဘုံတံခိုးအာနုဘော်တော်ကို။ ဇမ္ဗူမြေအပြင်ထက်သိ
၈။ နှမ့်တင်ပေါ်စိမ့်သောငှါ နတ်တို့သည် ပြပေလှာ၍ မဖြစ်မမြင်စဘူးသော အဘူတနိမိတ်တို့သည် ထင်လတ်တည်း။
အသို့ထင်သနည်းဟူမူကား။ ကောင်းကင်ပတ်ကုံမ်း၌။ အလုံးစုံသောကြယ်တို့

ရှာ--------------ကျောဖက်

၁။ သည်လည်း။ တဖြင့်သျှက်ပုံသန်းကြကုံ၏။ ပြင်းစွာသော ငယင်ကြီးသည်လည်း။ မြေပေါ်တောင်ကမ်းတို့သည်
တုံလုတ်ချောက်ချားအောင် လုတ်လေကုံ၏။ ရေမှလည်း လေ့တက်လွင့်အောင် ကြည်းမှာလ
၂။ ည်းကျွဲနွားလွင့်အောင်။ သည်းစွာသော မုန်တိုင်းတို့သည်လည်း ထလေ၏။ ထိုပြည်ကို အရှေ့အနောက်
တောင်မြောက်မျှမသိရအောင် ခုနှစ်ရက်တိုင်တိုင် မိုက်လေ၏။ ဤသို့လျှင် အံ့ဖွယ်သရဲသောနိမိတ်
၃။ ဖြာဒိယာတိုးကို။ မြင်သောသူ ကြားသောသူတို့သည်ကား။ ကြက်သီးမွေညင်ဝှန်မျှလျှင်။ အာဏာတော်ကို အလွန်
ကြောက်ကြကုံ၏။ အရင်မင်းပင်ကား ထိုနှစ်ဝယ်လည်းကောင်း။ ဝါကျွတ်လဆန်းလေးရ
၄။ က် စနေနေ့နက်သတ်တဆဲ့ငါးလုံမ်းတွင် နန်းဆောက်၍ ပြီးမြောက်လျှင်။ ကောင်းသောအခါဝယ် ပြည်အလုံမ်း
ကို တံဆာဆင်လျှဆက် စစ်အင်္ဂါလေးပါးခြံရံလျှက်။ အထူးထူးသော ကခြေသ
၅။ ဘက်ပဥ္စင်ဒူရိယာစည့်စောင်ညှင်းတို့ဖြင့်၊ မိုးမြေချောက်ချားတုံလုပ်မျ၊ ရောက်ခြည်တထောင်ဆောင်သောထက်
သစ်သော နေမင်းကဲ့သို့ စမွာယ်တော်မူလျှက်လျှင်။ ရတနာပိတ်မှာန်
၆။ ရွှေနန်းတော်သို့ တက်တော်မူ၍။ လောကီစည့်စိမ်ကို စံတော်မူလေ၏။ ထိုဘုရင်မင်းပင်သည်။ အလိုတော်ပြည့်
လေပြီဟူ၍ ကြားလေသော်။ ထိုထိုသော အရပ်မျက်နှာတို့၌၊ တည်ထောင်ချင်းမင်းအပေါင်းတို့
၇။ သည်ကား။ အလွန်ချစ်ကြောင်း ရှိသေကြောင်းဖြင့် ရွှေစာပေလိပ်နှင့် အထူးထူးအပြားပြားများစွာသော
လက်ဆောင်ပဏ္ဏာကာရတို့ကို နှစ်တိုင်းမပြတ်ဆက်ရောက်လှာကုံ၏။ မဟာသမုဒ္ဒရာခရီး
၈။ မှာလည်း။ များစွာသော သင်္ဘောစုံပန်းတို့သည်လည်း။ မပြတ်ရောက်လှာကုံ၏။ နတ်ပြည်ဘုံကဲ့သို့ အလွန်လျှင်
ပွင့်လင်းစည်ပင်စွာ၏။ အလိုတော်ပြည့်၍ မမြင့်ခင်ဝယ်။ ဒွါရာဝတီမြို့သို့ ခြေတော်ချီကြွလျှက်

ရှိ-------------ဝမ်းဖက်

၁။ ကြီးစွာသော အလှူကို စွန့်ကြတော်မူ၏။ ထိုမှသည် သဗ္ဗညုစာတ်မွေတော်သည် တည်ရာဖြစ်သော မုံစည်ဟူသော
အရပ်ဝယ်လည်း မဖြစ်စထောင်းအောင်လျှင်။ ကြီးစွာသော တခဲနက်သောကျောက်တော
၂။ င်ကို ဥမှင်တူး၍။ သက္ကရာဇ် ၈၉၅ ခုတွင်။ လေးဆူသော ရုပ်တုတော်ကို တည်တော်ပြုလျှက်။ တောင်တလုံမ်း
ကိုလည်းကြည်ရေတွင်ဟိသော သတ္တဝါတို့အရုပ်ကို ထုစေ၍။ အလှူလည်ကောင်း ပေးတော်

၃။ ပြု၏။ ထိုမှသည်။ မြောက်တံခါးဝ၌ မနီးမဝေးတွင်။ သျှစ်သောင်းလေးထောင်စေအောင် ရုပ်တုတော်ကို တည်၍။ ကြီးစွာသော သဘင်ဖွဲ့၍ အလှူပေးတော်မူသည်။ ထိုမှသည် ရုပ်ရှင်ေ
၄။ တော်မဟာမုနိကိုလည်း ကြီးစွာသော အလှူကိုပေးတော်မူ၏။ ထိုအခါ၌ ဉပမာကား။ ကေဝဋ်ပုဏ္ဏားအစဟိသော တကျိတ်တယောက်သောပညာဟိတို့၏ အတိုင်အပင်နှင့်
၅။ ပြည့်စုံသော စူဠဏီဗြဟ္မဒတ်မင်းကြီးသည်။ ဇမ္ဗူဒီပါကျွန်းလုံးကို သိမ်းယူလတ်ပြီဟု ကြားလျှင်။ သဗ္ဗညု အလောင်းတော်မဟောသထာသည်။ မိဒ္ဓိလာပြည်ကို ခပ်သိမ်းသောအ
၆။ ဂါကြီးငယ်တိုင့်နှင့် စီရင်သော် ပြည့်စုံသကဲ့သို့။ မြမ္မာတို့၏ နိုင်ငံစွန်းဖြစ်သော။ တောင်ငူမင်းရွှေမီးသည် ဘုံမ်လက်ရုံမ်ပေါက်မြောက်လတ်၍။ မြမ္မာတို့၏ နိုင်ငံအလုံမ်နှင့်။ ဟံသာဝတီနိုင်ငံအလုံမ်း
၇။ ကိုင် အစိုးရပြီဟု ကြားလတ်လျှင်။ မချွတ်မယွင်း ငါတို့နှင့် တွေ့အံ့သည်ဟူ၍လည်းကောင်း။ အစည်အဆက် အမျိုးလေးပါးတို့၏ စီးပွားချမ်းသာကိုလည်းကောင်း။ သာသနာတော်၏ပြန့်ပွားခြင်းကိုလည်း
၈။ ကောင်း။ နတ်တည်းညာဏ်ဖြင့်။ မျော်ရှုတော်ပြု၍ နိုင်ငံတော်အလုံမ်းဝယ်လုတ်သော သူင်းတို့ကို ရုံမ်းစည်း၍။ မြင်းမိုရ်လယ်ထိပ်ဝယ်။ အယုဇ္ဈပူရပြည်ကဲ့သို့ မင်းနေအောင်ချာဖြစ်သော ရွှေမြောက်ဦး

**ၒ——————ကျောဖက်**

၁။ ကို။ လက်ဦးစွာလျှင် လုတ်တော်ပြု၏။ အသိုလုတ်သနည်းဟုမူကား။ ထက်ဝန်းကျင်တောင်ပတ်လုံမ်းတို့ကိုလည်း။ ဖြတ်အပ်သည်ကိုလည်းဖြတ်၏။ ထပ်အပ်သည်ကိုလည်း ထပ်၍ အုပ်ကျောက်စသည်တို့
၂။ ဖြင့် ပျင်အပ်သည်ကိုလည်း ပျင်၏။ ဆင်အပ်သည်ကိုလည်း ဆင်၍။ ပြီးမြောက်လျှင်။ တံခါးကွေ့။ တံခါးခွေ။ တံခါးကောက်။ တံခါးမ စသည်တို့နှင့်။ ရဲလောင်းပစ္စင်ရင်တာတို့သည် သင့်တင့်ရုံသကဲ့သို့။ တ
၃။ င့်တယ်စွာ စီရင်လျှက်။ ညွန်ကျုံမ်း၊ ရေကျုံမ်း၊ ကျုံမ်းခြောက်ကျုံမ် ပလ္လယ်တို့ဖြင့်လည်း။ ထက်ဝန်းကျင်အထား အနေသင့်စေပြီးမှ။ မြို့သစ်နှင့်ဝသည်းကိုလည်း ဆက်၍တွဲစေပြီးသော်။ မိုးကောင်းကင်ဝယ်။
၄။ ပြည့်သောလကို။ တင့်တယ်စွာသော ကြယ်ကဲ့သို့။ ထဝန်းကျင်မှ ပတ်ပတ်လည်သော မြို့တို့သည်ကား။ အရှေ့ ဘက်အစတည်လေသည်ကား။ ရာန်နောင်မြို့သလျှင်ကင်
၅။ မြို့။ ကုလားမြို့။ သာယာမြို့။ စံကားတောင်မြို့။ တလက်တောင်မြို့။ ပိနည်းတောင်မြို့။ နတ်တောင်မြို့၊ သျှမ်းတောင်မြို့။ အင်ကရင်တောင်မြို့။ ကျားခုတ်တောင်မြို့။ ဤတဆဲ့တမြို့တို့သည်။ အ
၆။ တာခုနှစ်ရာစီချည်းလက်ျာရာဇ်ပတ်ပတ်လည်ရုံပြီးမှ။ ထိုမြို့ရုံတိုင်၌လည်း။ ရဲလောင်ပြအိုးတံဆောင်းရင်တား တံခါးတို့ဖြင့်။ အသီးအသီးရုံလျှက် အလွန်
၇။ တင့်တယ်စွာလုတ်၏။ အရှေ့အနောက်တောင်မြောက်ပတ်ပတ်လည်တို့ဝယ်။ မဟာသမုဒ္ဒရာကဲ့သို့။ ကြီးစွာသော ကမ်းပိုင်သည်။ အထပ်ထပ်ရုံလျှက် မြို့တွင်းမြို့ပြင်ဝယ် ဝင်ထွက်စီးကုံလျှက် ဟိ၏။
၈။ ထိုသို့စီးသာအောင် စီရင်တော်ပြုသော ရေဝင်းတိုင်သည်ကား။ အရှေ့ဘက်မှာလည်း။ ကြာကန်ချောင်းကို ဆည်၏ ရာန်နောင်မြို့အတွင်းမှလည်း။ ကမ်းပိုင်ကြီးတထပ်သည် ပတ်ပတ်လည်လျှက်ရေဖြင့်

**ၒ——————ဝမ်းဖက်**

၁။ ပြည်စေ၏။ ရာန်နောင်မြို့ကလည်း။ ကြာကန်လည်ကောင်း အမည်ဟိသေဇာ ချောင်းကိုဆည်၍။ အလျား ရှည်စွာ ကမ်းပိုင်ကျုံမ်ကြီးဖြစ်၏။ အရှေ့တောင်ထောင့်မှာလည်း။ သံလျှင်မြို့၊ မြတောင်မြို့၊ ဤနှစ်မြို့၏
၂။ အတွင်းဝယ်။ ဝမ်းတိတဘက်သျှင်ငယ်တက်ချောင်းကို ဆည်၍ ကမ်းပိုင်ကျုမ်းကို ရေပြည့်စေ၏။ မြောက်ပြင် ကလည်း။ လက်စွဲပလဲဟူသော ချောင်းဆည်၍။ သုံမြောင်သွယ်လျက်။ ကျားခုတ်တောင်
၃။ တိုင်အောင် ဖျိုးဖျိုးပြည့်စေ၏။ ကျားခုတ်တောင်ကလည်း။ ပေါင်းတုပ်အသားချောင်းငယ်ကို ဆည်၍။ ကျုမ်းကြီး တထပ်ဖြစ်စေ၏။ တောင်ဘက်မှာလည်း။ ကုလားမြို့၊ မြို့သာယာမြို့။ အတွင်းကလည်း
၄။ ဝသည်းချောင်းကိုဆည်၍၊ ကျုမ်းကြီးတစ်ထပ်ဖြစ်စေ၏။ ထိုမြို့ပြင်မှလည်း။ ပေါင်းတုပ်ဖျားကို သုံဆယ်သော လက်ဆေးကမ်းပိုင်ကြီးတို့ကို သုံဆင့်လည်ကောင်း။ မြှောက်၍တမွန်း
၅။ တည့်ခရီးဟိသော မောင်းဆွဲတောင်တိုင်အောင် မွန်လေ၏။ အနောက်တောင်ထောင့်ဝယ်မှလည်း။ ဝန်တောင်

မြို့၏ အတွင်းမှကား ပုဂ္ဂချောင်းကိုဆည်၍။ ကမ်းပိုင်ကြီးဖြစ်စေ၏။
၆။ မြို့ပြင်မှလည်း။ ပဟိုခွဲမက ဟိသော ခရီးမြေပြင်ကို။ အင်းကြီးဖြစ်အောင်ကူးမှ။ ဆည်ကြီးမြှင့်၍ ပြိုင်းတောင်ကို
လွန်ခဲ့လျှက် ညောင်ကြစ်အမည်ဟိသော ချောင်းကိုဆည်ပျင်လေသောကြောင့် အပြော
၇။ ကျယ်စွာသောရေသည်။ ပတ်ပတ်လည်ခြံရံလျှက်။ အစည်အတိုင်း စီး၏။ အနောက်မှလည်း။ တလက်တောင်
ပိန်တောင်မြို့တို့၏ အတွင်းဝယ်လည်း ကျောက်ရစ်ချောင်းဖျားကို တဖက်ဖြင့်ဆည်
၈။ ၍။ ကမ်းပိုင် တထပ်ပြည့်စေ၏။ မြို့ပြင်မှလည်း။ ကျောက်ရစ်ချောင်းရင်းကို မြင်စွာ ဆည်မြှောက်၍။ ကမ်းပိုင်
နှစ်ထပ်ခြားလျှက် ဖြစ်စေ၏။ ထိုမှသည် ချောင်းကြီးချောင်းငယ်အထပ်ထပ်ခြားလျှက်

## ငှီ--------ကျောဖက်

၁။ ရာန်တောင်ဝေးစွာသောကြောင့်။ သျှီသျှားမြစ်ကြီးပင် စည်မြစ်ကြီးတို့ကို မြဲစွာဆည်၍။ အနောက်မြောက်ထောင့်
မှလည်း။ နတ်တောင်မြို့အတွင်းမှသည် စည်ချောင်းကိုလည်းကောင်း ကြီးမြင့်စွာအတ
၂။ န်တန်သည်၍။ မြို့တွင်းမြို့ပြင်ပတ်ပတ်လည် ပြည့်စေသော်။ ထိုရေသည်ကား မြို့ကြီး၏ မျက်နှာကို။ မဟာသမုဒ္ဒ
ရာကဲ့သို့ခြားလျှက်။ အရှေ့မြောက်ထောင့်ဝယ်ဟိသော သျှမ်းတောင်မြို့၏ အနီးသို့တိုင်လေ၏။
၃။ အရှေ့မြောက်ထောင့်မှာလည်း။ သျှမ်းတောင်မြို့တွင်။ မြို့ပြင်ကိုလည်း။ ရန့်ရန့်သောရေသည်ကား။ ကျောက်ရာဇ်
ချောင်းဖျား မိန်ကျောင်အိုင်လည်ကောင်းလျှင်။ ပတ်ပတ်လည်၍ပြည့်ဖျိုးစေ၏။ ထိုကျူမ်းက
၄။ မ်းပိုင်ရေတို့၏ အပြောကျယ်ခြင်းကား။ အင်ကရင်းတောင် မြို့ခြေရင်းမှသည်။ တပိုမက ခရီးဟိသော ကန်တွင်း
ပြင်ကြီးကိုလွှန်၍။ မိုယ်းကြိုးကန်တိုင်အောင် ကြီးမြင့်စွာ ဆည်လေ၍။ အ
၅။ ခွန့်ရှည်လှစွာသော ပန်းသုံချောင်းရေကို လောင်တား၍။ ယခင်ဆိုခဲ့သော မြို့ကြီး၏မြောက်မှ ကမ်းပိုင်ကျူမ်းရေ
အမွန်ကား။ ခုနှစ်ဆယ်မကသော ရက်တို့ဖြင့် သွားသော်လည်းမရောက်
၆။ နိူင်ရာ။ အခွန်ရှည်လှစွာ၏ အသို့အခွန့်ရှည်သနည်းဟုမူကား။ စည်ချောင်းကြီးဟူသော ကျောက်ရစ်ချောင်းကြီး
ဟူသော ကျောက်ရစ်ချောင်းကြီးဟူသော ကန်စိပက်။ ဝက်ပုပ်ချောင်း။ ပပွေးချောင်း။ ငလျှပ်ချောင်း။
ငစရည်းချောင်း။ ငကြ
၇။ ည်ကန်ချောင်း။ မင်စေရပ်ချောင်း စပါးတုံချောင်း။ ငရုပ်တောင်ပုပ်ချောင်း။ သစ်တိုချောင်း။ ငရွှေချောင်း။
ချရားချောင်း။ လမူးကိုင်းချောင်း။ လက်ပံချောင်း။ ပန်းနောက်ချောင်း။ ကြာကန်ေ
၈။ ချာင်။ ပေါက်ပင်ချောင်း။ အုံမ်ချောင်း။ ရန္နဝတီအမည်ဟိသောကမြစ်မကြီး။ ရန္နဝတီမြစ်၏ အမွန်ကား။
သျှမ်းပြည်နှင့် စပ်လေ၏။ ရမ်ချောင်။ ပန်းနောက်ချောင်း။ လက်ရည်ချောင်းညောင်ချောင်း။ သင်းတ

## ငှံ--------ဝမ်းဖက်

၁။ ဆက်ချောင်း။ သင်းကုတ်ချောင်း။ ဤချောင်းများကို ဆည်တော်မူသောအခါ။ သိကြားလာ၍ မပေ၏။ ထိုမင်း၏
ဘုန်းတော်ကြောင့် လျှင်စွာလျှင် ပြီးလေ၏။ ထိုကမ်းပိုင်ကြီး၌ကား။ အထောင်မက
၂။ သော ရေပြွန်လင်မည်တို့ဖြင့်လည်း။ တဖျိုင်ဖျိုင်ဝင်ထွက်စီးကုံ၏။ ခုနှစ်ဆယ်မကသော ရက်ပေါင်းဖြင့်သော်လည်း
မနှမ့်စပ်လေသတည်း။ ထိုမှတ
၃။ ပါးမြို့တွင်းဝယ်။ ရေရှင်ဘက်ကျစီးဝင်သည်ကား။ အရှေ့မြောက်ထောင့်မှ။ အမွန်ရှည်စွာ စီးသော အဥ္စနဒီမြစ်မ
ကြီးသည်။ လက်ျာရာဇ် လှည့်ပတ်၍။ မြောက်ဦး စသည်ခြားဝယ်။ အနောက်စူးစူးပြည့်သော
၄။ ရေဟုန်ကို လေှတက်ဝင်ထွက်သာရုံ ထား၏။ ကျောက်ခုတ်တောင် အစ ဆည်ကြီးအဆုံမ်းမှ အလယ်၌။
နှစ်တန်ဆည်ပြန်၍လည်း။ ထုပြောက်သော ဆည်ရိုးထက်ရဲ့လောက်ပ
၅။ စွင်ရင်လျှောက်တို့ဝယ် လက်နက်ကြိယာတို့ကို။ များစွာပြည့်စေ၏။ ထိုမြစ်မရေအဟုံကိုလည်း။ ဈေးကြီးဈေးပြင်
မှသည်။ နက်စွာ တူးတွင်း၍ ။ လက်ျာရာဇ်ပျိုင်ပျိုင်ငင်လေ၍။ မြို့
၆။ သစ်အထဲတိုင်အောင်။ အမွန်ရှည်စေ၏။ ထိုမြို့တွင်းဝယ် အရေအတွက်ဟိသော မြစ်တိုင်၌လည်း။ အသိန်မက
သော လေှတက်တို့ကို။ သိုထား၍ အံ့ဖွယ်ကြီးစွာ ဖြစ်ပေ၏။ ကမ္ဘာတည်ဖြစ်သောလက်န
၇။ က်ကြိယာလေးပါးဝယ်။ မြင်းမှူရ်ကို ဖောက်ထွင်းနိုင်သော ဝရဇိန်မိုယ်ကြိုးစက်ကဲ့သို့ များစွာသော လက်နက်တို့

ကိုလည်း။ ယခင်ဆိုခဲ့ပြီးသော မြို့အပေါင်းတို့၌လည်း။ ပြည်အောင်ဖံဆင်းတော်ပြု၏။

၈။ ထိုမြို့တို့ဝယ် မည်သည်မှတပါး မရေမတွက်သာအောင် အထူးထူးသော ရွှေငွေရတနာတို့ကိုလည်း။ ရွှေစကြာ မြင်းတို့၌ ပဒေသာပင်ပေါက်သကဲ့သို့။ သာလျှင်၊ များမြောင်အောင် ဖံဆင်းတော်ပြု၏။ ကျီ

**ငှံ-----------ကျော်ဖက်**

၁။ ကြရေဆန်စပါးဟူ၍။ သော်လည်း။ ကာမန္တကျီစသော ကမ်းကန်တို့ဝယ်။ ဆိုသည်ထက်ပွားတိုးအောင် စီရင် တော်ပြု၏။ သာသနာတော်၏ စီးပွားပြည့်သူလူရဟန်းတို့၏ စီးပွားပြည်တိုင်းကားတို့၏ စီး

၂။ ပွားတို့ကို ကောင်းစွာတိုးကဲအောင် ဆောင်တော်ပြု၏။ ဆန်းသောလကဲ့သို့ တရွှေ့တရွှေ့ပြန့်ပွားလေ၏။ ဤသို့ သော ဘုန်းလက်ရုံး ပညာအဆင်အခြင်နှင့် ပြည့်စုံတော်မူသောကြောင့်။ ခပ်သိမ်း

၃။ သော အမျိုးလေးပါးတိုင်နှင့် ညီညွတ်သင့်တင့်စွာသောကြောင့်။ နေမင်းအရောင်ဖြင့် မိုက်မှောင်အလုံမ်းသည်။ လွင့်ပျောက်လေသကဲ့သို့။ မချည်းကပ်လှာနိုင်သည်ဖြစ်သတည်း။ အသို့ဖြစ်သန

၄။ ည်းဟူမူကား။ ဖယောင်းတို့သည် သဘော်စုပန်လက်နက်ကိရိယာများစွာသော သူရဲအပေါင်းတို့နှင့် သက္ကရာဇ် ၈၉၆ ခု တပေါင်းလဆန်း ငါးရက် တနင်္လာနေ့တွင် ကြွေတဲကို

၅။ ဖျက်လေ၏။ လဆန်းကိုးရက် သောကြာနေ့ကား။ ကန်တုဝတွင် ရောက်လာလျှင်။ လဆန်းဆယ်ရက် စနေနေ့ ဝယ်။ ရက္ခိုင်တို့နှင့်။ တိုက်ကြသော်။ ရက္ခိုင်သားတို့သည် မနိုင်၍။

၆။ ရွှေဝင်တော်က ခံလှာ၏။ ဖလောင်းတို့လည်း တနင်္ဂနွေနေ့ မြောက်ဦးမြို့သို့လိုက်လတ်၍။ ဥယည်ပုတ်တွင် နေလှာ၏ ဘုရင်မင်းပင်လည်း။ ကိုယ်ရံကြီးကို ဗိုလ်မှူးပြု၍။ ဇုန္တာတ်စစ်သူကြီးအပေါင်းနှင့်

၇။ ဆီးခံလေလျှင်။ ဖလောင်းတို့လည်း။ ဆုတ်သွားလေ၍။ မြဲမြံဝတွင် နေလှာတော်။ ရက္ခိုင်သားတို့က ဝါးလိုဖောင်ဖွဲ့၍။ မီးတပ်သွယ်လျှက် တိုက်လေသော်။ ဖလောင်းတို့သည်။ မြဲမြံတွင် ခုနှစ်ရက်နေပြီး

၈။ လျှင် သျှမ်းပါး၍ ပင်လယ်သို့ထွက်၍ ပြေးလေ၏။ ဘုရင်မင်းပင်လည်း။ ဖလောင်းစစ်ကို အောင်တော်မူပြီးလျှင်။ သက္ကရာဇ် ၈၉၇ ခုနှစ် လက်ျာရာဇ်ပတ်လျှက်။ အကောက်အကွေ့များစွာဆောင်ေ

**ငှ---------ဝမ်းဖက်**

၁။ သော လှိုင်ခေါင်းကြီးဝယ်။ သျှစ်သောင်းလေးထောင်သော ရုပ်တော်ရှင်တို့ကို ထွန်းတောက်စေလျှက်။ ကြီးစွာသော အလှူသဘင်ကို စီရင်တော်ပြု၏။ ရှေ့ကတွေးတော်မူလေသော အတိုင်းလျှင်။ တော

၂။ င်ငူမင်းရွှေစီးသည်။ စစ်သူကြီးငါးတိုင်ကို များစွာသော ဆင်မြင်းရဲမက်တို့နှင့်။ စေလွှတ်လိုက်၍။ သံတွဲဒွါရာဝတီမြို့ သို့ရောက်လှာသည်ကို။ ဘုရင်မင်းပင်သည်လည်း။ ဒွါရာဝတီမင်းကြီးဖြစ်သော ညီေ

၃။ တော်မင်းအောင်လှကို စစ်သူကြီး သုံမွှါးနှင့်အကွ။ စေလွှတ်တော်မူလိုက်၍။ တိုက်လေစေသော်။ သုစစ်သည်တို့ သည် မခံနိုင်၍။ ပြေးထွက်ခဲ့သောကြောင့်။ တလိုင်းအမတ်။ မြမ္မာအမတ် သျှမ်းအမတ်

၄။ တို့နှင့်တကွ။ ဆင်မြင်းစသော ရတနာရွှေငွေ။ လက်နက်ကြိယာတို့ကို များစွာရလိုက်၍။ လက်ဆောင်တော် ဆက်လာလျှင်။ ဘုရင်မင်းပင်လည်း ထိုဇုန္တာတ်စစ်သူကြီး စသော။

၅။ ခရိုင်သဘင် စသော အမူးအမတ်တို့အား။ ထိုက်လိုက်လျှောက်ပတ်စွာသော ဆုလာပ်တို့ကို ပေးတော်ပြု၏။ ထိုမှသည်။ မိုယ်စဲလေလျှင်။ သက္ကရာဇ် ၉၀၇ တွင်။ တလိုင်းမြမ္မာ

၆။ သျှမ်းတို့အားနှင့်အကွ။ မင်းရွှေစီးသည် ကိုယ်တိုင်ချီလခတ်၍။ ဒွါရာဝတီသို့ရောက်လာလျှင် ဘုရင်မင်းပင်သည် များစွာသော လက်နက်ကိရိယာ လေ့တက်သူရဲအပေါင်းနှင့်။ ညီတော် ဒွါရာဝတီ

၇။ မင်းကြီးကိုလည်းကောင်း။ ခြောက်ပါးသော စစ်သူကြီးနှင့် စေလွှတ်တော်ပြုလိုက်၍။ တိုက်ပြလေသော်။ သူတို့က လည်း ဆင်မြင်းလက်နက်ကြိယာအများနှင့် မင်းရွှေမီးသည် ကိုယ်တိုင်ကြပ်

၈။ မ၍။ တောင်တောင်ပြည့်မျှ ခံနှင့်သည်ကို။ ရက္ခိုင်သူရဲတို့သည်။ ဝရဖိန်စက်ကဲ့သို့သော မီးပေါက်ပြောင်လက်နက် တို့ကိုလွှတ်၍ အပြင်ထိုးလေသော်။ သုမင်းလည်း မခံနိုင်၍။ ထွက်ပြေးခဲ့၏။ ရက္ခိုင်သူ

**ၡ---------ကျောဖက်**

၁။ ရဲတိုင်လည်း။ အပြင်းလိုက်လေသော်။ နောက်ထားသော မူးမတ်အလုံးစုံနှင့် ဆင်မြင်းလက်နက်ကိရိယာသုံ့ပန်း တို့ကို များမြောင်စွာရခဲ့၍။ လက်ဆောင်ဆက်တော်မူသောအခါဝယ်။ ဆွေတော်

၂။ မျိုးတော် မူးတော် မတ်တော် အပေါင်းခြံရံလျှက် သဘင်ကြီးစွာဖွဲ့၍။ လက်ဆောင်တော်ကို ခံပြီးသော်။ ဇုန္တာတ် စစ်သူကြီး စသော မူးတော်မတ်တော်။ ထောင်မူးရာမူး ရဲမက်ဗိုလ်ပါ မကြွင်းမကျန်ရအောင်။ ရတ

၃။ နာမိုယ်ရွှာဘိသကဲ့သို့ တိုက်လိုက်လျှောက်ပတ်စွာသော ဆုလပ်တို့ကို ပေးတော်မူ၏။ ထိုနှစ်မှသည်။ တကြိမ်လည် ကောင်း မိုယ်စဲလတ်လျှင် သက္ကရာဇ် ၉၀၈ ခုတွင် များစွာသော အလုံးအရင်းအား

၆။ အန်ကိုဆောင်လျှက် ကြည်ရေကြေပ်၍ ကိုယ်တော်တိုင်လည်းကောင်း။ ချီပြလတ်၍။ ဒွါရာဝတီမြို့သို့ရောက်ပြ လှာလျှင်။ ရက္ခိုင်က ကင်းစောင့်ထားသော အမတ်လေးပါး

၅။ ကိုလည်း ရလေ၏။ ထိုမင်းလည်း။ အလွန်အားရနိုင်လှလေသည်ဖြစ်သောကြောင့်။ မင်းနေမြို့သို့ အပြင်းချီလတ် ၍။ လောင်ကြက်မြို့တွင် ကြည်းရေကြေပ်၍ နေလှာ၏။ သူတို့က ကြ

၆။ င်းသူတို့လည်း။ များစွာသော လက်နက်ကိရိယာ ဆင်မြင်းအလုံးအရင်းနှင့် ထွက်၍မြုန်ခြေသော်။ သူတို့သည် ကြည်းရေကြေပ်၍။ ဆန်လတ်ပြီးသော် ပိုးခြည်ကျွန်တွင် တိုက်ကြလေ၏။ သူတို့ကကြ

၇။ ည်းတပ်သည်လည်း။ လက်နက်ကိရိယာတို့ကို ပစ်ခဲလျှက် ရေသို့ချည်းပြေးဆင်းလေကုံ၏။ လှေသူတို့သည်လည်း ကြွမ်းထင်မျောဘိသကဲ့သို့။ ရေပြည့်မျှ ဆင်းကုံလျှဆက်။ ကြည်းမှာလည်း လက်န

၈။ က်ကိရိယာ များမြောင်စွာရ၏။ ရေမှာလည်း ရဲတက်ရုံစသော ရွှေလောင်ရွှေကြွပ်သံရော သံလှေတို့ကို ရွှေငွေ ဝန်ဆန့်လက်နက်ကိရိယာနှင့် အကွများစွာ ရ၍။ ဆက်လှာလျှင်။ ဘုရင်မင်းပင်သုံ။

**ၡေ--------ဝမ်းဖက်**

၁။ စ်သူကြီးတို့နှင့် ရဲမက်တော်တို့ကို။ တထပ်လည်းကောင်း။ များစွာသော ဆုလပ်တို့ကို ပေးတော်ပြု၏။ မင်းရွှေစီး လည်း အလွန်ရှက်လှနိုးသောကြောင့်။ ထိုမှသည် ကြိုးစားချီပြလတ်၍ ရွှေအိမ်နှင့် ကင်ပြင်ဝယ်

၂။ နှစ်ဘက်ချပ်၍ တမ်တာတည်ပြီးသော်။ ချောင်းကြီးကို ထံဘားပေါ်ဖြင့် မြန်းပြမ်းဖွဲ့၍။ လှေပုန်တက်ပုံန်နှင့်အကွ။ ကြည်းရေကြေပ်၍ နေလှာကုံ၏။ ထိုကိုလည်း။ ရဲမက်တော်တို့သည်။ တဖြင့်ချောက်ချား

၃။ လိုက်လံကုံသောကြောင့်။ နေ့သော်ကား။ မပြုဝန့်လေကုန်။ ညည့်သာလျှင် ဆင်ကောင်း မြင်းကောင်း။ လူကောင်း တို့ကို ရွေးခြယ်၍။ အရှေ့ဘက်မှ။ ရန်နောင်မြို့ကို လုလှာသောကြောင့်။ မြို့စန့်တို့သည်

၄။ များမြောင်စွာ ပစ်ခပ်လိုက်လျှင်။ တလိုင်းစစ်မှူး မြမ္မာစစ်မှူးတို့သည်လည်း။ ဆုပ်လေကုံ၏။ စစ်သည်သူရဲတို့ လည်း မရေတွက်သာအောင် ရေပြင်ပြည့်မျှသေပျော

၅။ က်လေကုံ၏။ ထိုမှသည် အနောက်သိုင်လှည့်ပြီးသော်။ ကြသ်မောင်းဆွဲ ဒိုင်းကိုပြည်အောင် တပ်တောင်တာချ၍။ နေလှာကုံ၏တို့ကိုလည်း။ မူတော်ထမ်းဖြစ်သော စစ်

၆။ သူကြီးတို့သည်။ တဖြင့်ဆီတဖြင့် ရောက်လိုက်လန့်၍လည်း။ မပြတ်သတ်ခွဲ၏။ မထွက်မသွားသာအောင်လည်း။ ခြံရံဆီးဆကုံ၏။ ထိုသို့မှခြင်သော မင်း၏နိုင်ငံ၌။ ဟိသော ယုံသငယ်ကဲ့သို့။ အလွန်ကြောက်

၇။ သည်ဖြစ်၍။ မင်းစေတမာန် လွှတ်ပြီးသော်။ ရွှေကျွဲရွှေလှေကတင်သော ဆင်မြင်း ရွှေတွေ ငွေတွေ ရွှေအိုး ငွေအိုး စသော အထူးထူးသော ရတနာအဝတ်တံဆာတို့ကို ခြေရင်းပြည့်အောင် ဆက်လှာပြီးသော်

၈။ နောင်မဝန့်လျှင် ပြီဟူ၍။ အသက်လွတ်အောင် ဝန်လှာ၏။ ဘုရင်မင်းပင်လည်း။ ရင့်ပြီးသော သဗ္ဗညုအလောင်း တော်တို့သဘောသည်။ ရာန်သူအားကိုသော်လည်း။ မေတ္တာကရုဏာနှင့် မကင်းစမြဲဖြစ်သော

**ၡေ---------ကျောဖက်**

၁။ ကြောင့်။ သနားတော်မူပြန်သည်ဖြစ်၍။ ဤရာန်သူအားကိုင်။ ငါဘေးဒါန်ပြုသဖြင့်။ မင်ဖိုလ်နိဗ္ဗာန်သည် ဝေးကာသာဟူ၍။ နှလုံးတော်သွင်းသဖြင့်။ သစ္စာတည၁ဘ်းဟူသော ကြိုးဖြင့်။ ချည်ဖွဲ့လိုက်လျှက်။ ခွင့်ပြုေ

၂။ တော်မူ၏။ ထိုပဂိုးမင်းရွှေမီးလည်း။ ဘေးမှလွတ်သောကြောင့်။ အလွန်ဝမ်းမြောက်သည်ဖြစ်၍။ တလိုင်းပြည် ဝယ်။ တလိုင်းမင်းသူ ရင်ရွှတ်ဘိတ်မယားဖြစ်သော ပြည်အရင်သမီးတော်ကို။ မင်းဆောင်နှ

၃။ င်အကွ။ ဆက်ခဲ့၍ ပြန်လေ၏။ ဘုရင်မင်းပင်လည်း။ ထိုပြည်မင်းသမီးတော်ကို။ မြောက်မိဖုရားအရာ၌ ထား
တော်ပြုလေ၏။ ထိုပဂိုးမင်းရွှေမီးရောက်လှာသော အကြိုက်ဝယ်။ အနောက်ဘက်မှာလဥ်သက်
၄။ မင်းဖြစ်သော။ ဘုပခင်သည်။ ပင်းဝါပူရိပြင်သျှင်ငယ်ကူတို့ကို ယူနှင့်လေသောကြောင့်။ ပဂိုးမင်းရွှေစီးပြန်လေ
လျှင်။ စစ်သူကြီးသုံးပါးကို စေလွှတ်တော်ပြု၍။ တိုက်လေစေသော။ သက်
၅။ တို့လည်း ပျက်လေ၍။ ထိုမြို့တို့ကိုလည်း ရပြဲခဲ့၏။ လက်ဆောင်ပဏ္ဏာကာရတို့ကိုလည်း။ ပေးလိုက်၏။ စစ်သူကြီး
တို့အားလည်း။ ဆုလပ်များစွာ ပေးတော်မူ၏။ ပုဂ္ဂံပြည်အင်းဝမြို့တိုင်။
၆။ သျှမ်းတို့အပိုင်ပြု၍။ စကုစားစေသူကျော်ထင်ကို။ သျှမ်းတို့အုပ်ပိုက်မိလေသည်။ အကြောင်းနှင့် စစ်ပင့်စေလှာ
သောကြောင့်။ သူရဲသုံထောင်ကို ထည့်လိုက်၍။ ဆင်ဖြူကျွန်ဥယည်ပုတ်တိုင်အောင် သျှမ်းတို့ကိုင်။
၇။ အရမ်းအတာပြု၍။ ပြန်လာခဲ့၏။ ဤသို့ရာန်စစ်ခပ်သိမ်းတို့သည်။ သုံဖျင်းကြေပျောက်ပြီးမှ။ ပြည်တွင်းပြည်ပ
စသော။ ဂါဇနပိုက်နိဂုမ်း ရွာကြီးရွာငယ် မလွတ်အောင်လျှင် နတ်ပြည်ကဲ့သို့ တံဆာဆင်စေလျှက်။
၈။ ပဥ္စင်္ဂတူရိယာစည်စောင်းညှင်းကခြင်း သီခြင်းတို့ဖြင့်။ စံပျော်၍။ ပြဉ်ကိုလည်း။ ဝဇ္ဇယပူရသမုတ်ပေ၏။ ရွှေနန်း
တော်ကိုလည်း။ မောရဂီဝါ အရုပ်သဏ္ဌာန်

<u>ငွဲ----------ဝမ်းဖက်</u>

၁။ သိကြားမင်းနေရာ ဝေဇယန္တာပြာသဒ်ကဲ့သို့။ ပမာဏာဟိသောကြောင့်။ အယုဇ္ဈပူရဟု သမုတ်ပေ၍။
အောင်သေအောင်စာတို့ကို ပြန့်ပွားအောင် စားသောက်စေကုံ၏။ ထိုဘုရင်မင်းပင်သည်ကား။ ဤသို့ရာ
၂။ န်ဟန်ခပ်သိမ်းကို။ တရားသဖြင့် အောင်မြင်ငြိမ်းချမ်းလျှက်။ နေတော်မူသောအခါ၌။ သူရဲကြီး ငမင်းရဲသည်
ရွာကြီးရွာငယ်ကို တန္တပြု၍။ တိုက်ဖျက်လေ၍။ ဘုရင်မင်းပင်တည်း။ ငမင်းရဲ၏ အရီးသားကို စစ်သူ
၃။ ကြီးအရာ၌ ခန့်ပြီးလျှင်။ နှမကိုလည်း ကိုယ်လုပ်တော်ပြုလေ၏။ စစ်သူကြီးကိုလည်း။ ငမင်းရဲကို တိုက်လေဟု
ခေါ်လိုက်၏။ များသောရဲမက်နှင့်။ ချီသွားလေလျှင်။ ငမင်းရဲမြစ်ပြင်တွင် တိုက်ကြလေ၏။ ငမင်းရဲ
၄။ သည် မနိုင်၍။ ပိန္နဲချောင်းကျွန်းသို့တက်၍ ပြေးခဲ့၏။ စစ်သူကြီးလည်း တက်၍။ ထိုကျွန်ဝယ်ရှာလေသော်။.
ငမင်းရဲသည် သုံ့ညည့်သုံးရက် ထမင်းမစားရသည်နှင့် စစ်သူကြီးလည်း။ ထမင်း
၅။ သီစာကိုပြ၍ ခေါ်လေလျှင်။ မိမိသေအံ့သောဘေးကို မမြင်လေ။ ထမင်းဆာမွတ်လှသောကြောင့် ထွက်၍
ထမင်းသေစာကို စားရလျှင် ယဇ်ဝ၍ နေလေသည်။ အခိုက်စစ်သူကြီးသည်။
၆။ ငမင်းရဲဉက္ခောင်းကိုင်ဖြတ်၍။ ယူပြီးလျှင် ဘုရင်မင်းပင်အား ဆက်လေ၏။ ဘုရင်မင်းပင်လည်း။။
ဤစစ်သူကြီးသည်။ မိမိယောက်ဘဖြစ်သောသူကိုမှ။ ချစ်ခင်စုံမက်ခြင်းမဟိ။ ရက်စက်စိမ်းကား၍သတ်လေ
၇။ သည်။ ငါသို့သော သူကို အဘယ်မှာ ချစ်ခင်အံ့နည်းဟူ၍။ စစ်သူကြီးကိုလည်း သတ်လေ၏။ ထိုဘုရင်မင်းပင်
၏လုတ်တော်မူသော ကောင်းမှုတော်သည်ကား။ ၁၁ ရက်အုပ်ဝယ်လည်း ဇေတီနှင့် ရုပ်
၈။ တုတော်ကို တည်၏။ ဝသဲတွင်လည်း ရွှေတောင်အောက်တွင် ဆင်းတုတော်ကို တည်လေ၍။ ရတနာမိုယ်ရွာ
သကဲ့သို့ ကြီးစွာသော အလှူကိုပေးတော်မူသည်။ ထိုအခါ၌ ဟံသာဝတီပြည်တွင်

<u>ငွဲ---------ကျောဖက်</u>

၁။ မင်းရွှေမီးလွန်လေလျှင်။ တလိုင်းနန်းရိုးသားဖြစ်သော သမီးနွှောသည်။ မင်းအဖြစ်သို့ ရောက်လေလျှင်။ အကြည်
ကိုင်ပိုင်လေ၏။ အမည်ကား မန္ဒာပ်စက္ကဝါဟု ခံလေ၏။ ထိုသမိနွှောနှင့် တဘတည်းဖြစ်သော။
၂။ မင်းသားသည်လည်း။ ဟံသာဝတီပြည်ဝယ်။ လှေအားအပေါင်းနှင့်အကွ။ ရေပြင်အလုံမ်းဝယ် မင်းပြုလေ၏။
ဗလစက္ကဝါဟူသောအမည်ကိုခံလျှက်။ မင်းညီနောင်နှစ်ပါးတို့သည်။ကြည်ရေကိုလုတ်ကြကုန်
၃။ သော်။ နောင်တော် မန္ဒာပ်စက္ကဝါသည်။ သာလွန်လေသောကြောင့်။ ညီတော် ဗလစက္ကဝါသည်။ မီးဖြူမြောက်
စည်နှင့်အကွ။ ခြေရင်းတော်သို့ ခိုဝင်လှာ၏။ ဘုရင်မင်းပင်လည်း။ ထိုခိုဝင်လှာသော တလိုင်းမ
၄။ မင်းကို။ သားတော်ဟု ခံစေလျှက်။ ပြန့်ပြောစွာသေစည်စိမ်ချမ်းသာတို့ဖြင့် သူကောင်းပြုတော်မူ၏။
ထိုဘဝသျှင်၌။ သားတော်သို့ီးတော်ဟူသော်ကား။ ငယ်မျောက်သားတော်စောစ

၅။ ကောက်မဝယ်မြင်သော သားတော် မင်းဒီယာကိုကား။ အိမ်ရှေ့တည်တော်မူ၏။ ထိုမှ ကိုယ်လုတ်တော်ကြီးဖြစ်သော စောသန္တိတွင် မြင်သော သားကား သားတော် ဥပ္ပရာနှင့် သမီး
၆။ တော်စောသန္ဒာတည်း။ ထိုမှတပါး တုံဘဝသျှင်ကလမသျှာဝယ်။ ငယ်က ကိုယ်လုတ်တော်ဖြစ်သော စောပရောင်၌ မွေးသောဆရာသည်။ ဆေးမန္တာန်အမှု၌။ အလွန်သိမ်မွေ့သည် ဖြစ်သတည်း။
၇။ တရံရောအခါ ဘဝသျှင်ကလသျှာ၏ တင်တော်၌အနာသည် ဖြစ်လတ်၍။ ပြည်လုံမ်းဆေးသမားတို့သည်။ ပြဲဖြစ်အံ့သောငှါကို မကုဝန့်ကုံ၍။ ပြင်းစွာသော ဒုက္ခဝေဒနာကို ခံရ၏။ ထိုအခါ၌။ ကိုယ်
၈။ လုတ်တော်စောပရောင်သည်လည်း။ အကျွန်ဆရာငြဖစ်သော ရဟန်းသည်။ ဆေးန္တာန်အရာ၌ အလွန်လိမ္မာ၏ ဟု လျှောက်ကြားပေသော်။ ဘဝသျှင်ကလမသျှာသည် ထိုရဟန်းကိုပင့်၍ ဆေးကုစေ

## ဌော---------ဝမ်းဖက်

၁။ သော်။ တညည့်နှင့် တမွန်းတဲ့ဝယ် ပြည်ပေါက်လေလျှင်။ မင်းကြီးလည်း ရောဂါမှ ကင်းသောကြောင့်။ အလွန်အားရစွာသည်ဖြစ်၍ ငဆရာတပါးသောဆုကို ပေးသောထက်။ ငါ၏ကိုယ်လုတ်တော်ဖြစ်သော
၂။ စောပရောင်ကို အိမ်ထောင်လေဟူ၍ မေးလိုက်၏။ ကိုယ်လုတ်တော်စောပရောင်ကို သန္ဓေကိုယ်ဝန်နှင့် ပင်ပေးစားတော်မူလေ၏။ ထိုကလမသျှာမင်းဝယ် မြင်သောသမီးကား။ စောသျှုနာဗီ။ စောသျှ
၃။ င်စောဟူ၍။ နှစ်ယောက်ဖြစ်သတည်း။ ထိုနှစ်ယောက်ဝယ် အကြီးဖြစ်သော သျှုနာဗီကို။ လောက်သောဂေါတ်မင်းလှသူသည်။ အိမ်ထောင်စေ၏။ ထိုသျှုနာဗီလွန်ခဲ့လျှင်။ ဘဝသျှင်အလိုတော်မပြည့်မှီ
၄။ ပင်။ နှမတော်စောတီကို အိမ်ထောင်လေကုံ၏။ ထိုအခါဝယ်။ မင်းခေါ်၏သမီးဖြစ်သော စောသျှင်စောလည်း ငယ်က ခဲအိုဖြစ်သောကြောင့်။ လောက်သောဂေါတ်အိမ်သို့လူလာ
၅။ မပြတ်လာ၏။ အသျှင်ဘဝသျှင်လည်း။ အိမ်ထောင်နိမ့်ကဖြစ်သောကြောင့်။ လူလာမပြတ် နှမတော်အိမ်သို့ ရောက်လှာ၏။ ထိုအခါဝယ်။ စောသျှင်စောကိုမြင်လေလျှင်
၆။ ဤသူသည်။ ငါနှင့်အိမ်ထောင်ဘက် ထိုက်တန်၏ဟူ၍ရကြောင်း ပြုလျှက်။ အိမ်ထောင်လေပြီးသော်။ ဆင်ကဲမင်းအောင်ထင် သို့ဖြစ်သော ငယ်မျောက်သားတော် စောကောက်နှင့် တယောက်တ
၇။ အိမ်ဆီးခြား၍ ထားတော်ပြုလေ၏။ နောင်ပြီးဆင်ဖြူသျှင် သမီးတော်ဖွားစောမင်းကို ရလေမှ။ ရောကပ်မတော်ရင်းဖြစ်သောကြောင့်။ မစပယ်ပြင်ပါဟူ၍။ တအိမ်တည်းဝယ်ထားလေ၏။ ထိုအိမ်
၈။ ၌လား။ မျောက်သားတော် စောသျှင်စောဝယ်။ မြင်သည်ကား။ ဖွားတော်ဆွေဟူသည်ကို နောက်မှ မင်းဖလောင်းဟူသောသားတော်

## ဌော---------ကျောဖက်

၁။ လည်းတယောက်။ ဘဝသျှင် အလိခင်မင်း၏သမီးဖြစ်သော စောပျိုးစစ်တွင်မြင်သော စောမိတော်ဟူသော သမီးတော်လဘည်းတယောက်။ ပိန္နဲငစည်တွင် ဝယ်ရသော စောမိစစ်မိဖုရား၏မြစ်ရင်းဖြစ်သော
၂။ ကိုယ်လုတ်တော် စောလှဝယ်တွင် မြင်သော မင်းစောဖြူနှင့် ဖွားတော်မယ်ဟူသော သမီးတော်လည်းတယောက်။ ကိုယ်လုတ်တော်စောမင်းလတ် ညီမဝယ် မြင်သောမင်းရန်အောင်။ ဟန်ကြီးထွေး
၃။ ဟူသော သားတော်လည်းနှစ်ယောက်။ ဤသားတော် သမီးတော်တို့တွင်၊ သားတော်အိမ်ရှေ့မင်းကြီးကိုကား။ ညီတော်သံတွဲမင်းကြီး မင်းအောင်လှ၏သမီးတော်ဖြစ်သော မောက်တော်မနှင့် အိမ်ထော
၄။ င်ချရာဝယ်။ သားယောကျ်ား သုံးယောက်သမီးနှစ်ယောက် မြင်မှ။ စောမောက်တော်မသည် လွန်ပေ၍။ သမီးတော်စောသန္တာနှင့် နန်းထက်ဝယ်ပင်။ ထိမ်းမြားတော်မူ၏။ သားတော်
၅။ မင်းဥပရာကိုကား။ မြေးတော်နှင့် အိမ်ထောင်ချ၍။ ဒွါရာဝတီမြို့ကြီးကို ပေးတော်မူ၏။ သားတော် ဘိုးတော်တွေကိုကား။ သမီးတော် စောမိတော်နှင့် အိမ်ထောင်ချ၍။ များစွာသော
၆။ လယ်ပိုင်လယ်တာနှင့်အကွ။ စစ်တန်းတင်ဟူသောမြို့ကြီးကို ပေးတော်မူ၏။ ထိုမှတပါး သားတော်သမီးတော်တို့ကိုလည်း။ အလိုက်သူကောင်းပြုတော်မူ၏။ စောမောက်တော်မတွင် ဖြစ်သောသား
၇။ တော် အိမ်ရှေ့မင်းကြီး။ သမီးတော် စောဘုံထွတ်ကို။ တဆယ့်နှစ်နှစ်ကပင် မီးဖြူမြောက်စည်နှင့် အဘိသိက်သွန်း

၍။ နန်းတက်မိဖုရားအရာ၌ ထည့်လေ၏။ ထိုဘဝသျှင်ကား။ ရင်လွန်းသောဘုံပညာ
၈။ သမ္ဘာဖြင့်။ လိုအင်မတူလျှင်။ ပြည့်စုံတော်မူ၍။ အရပ်သျှစ်မျက်နှာမှ မင်းစေတမာန်ဆက် စာတန်းထားရောက်
ပေါက်လှာသောကြောင့်။ သမုဒ္ဒရာခရီးဖြင့်လည်းကောင်း။ သဘော်စုပန့်တိုင်

**ရွှော်---------ဝမ်းဖက်**

၁။ သည်နှစ်တိုင်းမပြတ် ရောက်လှာသောကြောင့်။ လည်ကောင်း။ ပြည်တည်းပြည်လာသည်။ အလွန်လျှင်ပွင့်လင်း
စည်ပင်သာယာပြန့်ပြောသည်ဖြစ်သတည်း။ ထိုဘုရင်မင်းပင်ကား။ အိမ်နိမ့်
၂။ သုံဆယ်ကိုးနှစ်။ စည်စိမ်နှစ်ဆဲ့နှစ်။ နှစ်စုသက်တော် ခြောက်ဆဲ့တနှစ်တွင် လွန်တော်မူလေ၏။ ၁၂။ ထိုမင်းလွန်
လေလျှင်၊ ထိုနေ့ဝယ်လည်ကောင်း။ သားတော်အိမ်ရှေ့မင်းဒိက္ခာသည်။ မျောက်
၃။ သားတော် စောသန္တာနှင့်။ အဘိသိက်ခံ၍။ ပြည့်စည့်စိမ်ကို။ သက္ကရာဇ် ၉၁၅ ခုတွင်။ စိုးအုပ်တော်ျမူလေ၏။
ပြည်မင်းသမီးကို မြောက်မိဖုရားလည်ကောင်း။ တည်ထား၍။ သိန်းမြန်းတော်ပြု၏။ သား
၄။ တော်မင်းစောကိုလည်း။ သမီးတော်နန်းတက်မိဖုရား မင်းစောအုံထွတ်နှင့် ပေးစားတော်ပြု၍။ အိမ်ရှေ့အရာကို
နှင်းတော်ပြု၏။ ထိုမင်းကား။ ကောင်းမွန်စွာ ယည်ချေသောစိ
၅။ တ်နှလုံမ်းတော်လည်း ဟိ၏။ အမျိုးလေးပါးတိုင် အားလည်း။ ချမ်းမြိမ့်စွာသောလမင်း၏ အရိပ်ဖြင့် ဘုံလွှတ်တော်
ပြုဘိသကဲ့သို့။ ငြိမ်းချမ်းသာယာစေလျှက်။ စီးပွားချမ်းသာတို့ကို။ က
၆။ ယ်ဆောင်မစလေ၏။ ဒါလသီလဇာဂတို့၌လည်း။ ပြည့်စုံစွာ၏။ ထိုမင်းအလိုတော်ပြည့်သည် နှစ်ဝယ်ပင်။
ညီတော်ဒွါရာဝတီစားမင်းကြီးသည်။ မရိုမသေ မညွတ်လေလေသောကြောင့်။ စစ်သူကြီးလေးပါး
၇။ တိုင်းနှင့်အကွ။ သားတော်အိမ်ရှေ့မင်းကို စေလွှတ်တော်ပြု၍။ နှင်လွှတ်စေလေသော်။ လွင့်ပျန့်လေ၏။ စစ်သူကြီး
တို့လည်း။ ဆင်မြင်းလက်နက်ကြိယာသုံန်ပန်တို့ကို ယူဆောင်ခဲ့လျှက်။ လက်ဆောင်တော်
၈။ ဆက်လှာလျှင်။ ဘဝသျှင်မင်းဒိက္ခာလည်း။ သားတော်အိမ်ရှေ့မင်းကြီးကစသော စစ်သူကြီးနှင့် ရဲမက်ဗိုလ်ပါတို့
အား လိုက်ဘက်လျှောက်ပတ်သော ဆုလာပ်တို့ကို ပေးတော်မူ၏။ ထိုမင်း၏သားတော်သ

**ရွှော်----------ကျောဖက်**

၁။ မီးတော်စောမြင့် လပ်တွင်မြင်သည်ကား။ သားတော် အိမ်ရှေ့မင်းကြီး မင်းစောလှ တယောက် သမီးတော်
စောထွတ်ဓမ္မဒေဝီဟူ၍။ နှစ်ယောက်ဖြစ်သတည်း။ ဘထွေးတော် ဒွါရာဝတီစား မင်းကြီးသို့တော်
၂။ တွင် မြင်သည်ကား။ သမီးတော်နန်းတက်မိဖုရား မင်းစောဘုံထွတ် သားတော်မင်းကြီး ဘုရားသားတော် စက္ကဝရ
ဒေမင်းကြမ်းတည်း။ ကိုပြီးအမသားတော်တကျိပ်လေးယောက် သမီးတော်သျှစ်ယောက်
၃။ တည်း။ ထိုမင်းၤကြီးလှစွာသော သဘင်ကို စီရင်တော်မူ၍။ အလှူကြီးနှစ်ကြိမ်ပေးတော်မူ၏။ ထိုမင်းသည်
အိမ်နိမ့်သုံဆဲ့ကိုးနှစ်။ စည်စိမ်နှစ့်နှစ်ခွဲ။ နှစ်စုသက်တော် လေးဆဲ့တနှစ်ခွဲတွင်။ ကျောက်ပေါက်၍ လွ
၄။ န်တော်မူလေ၏။ ၁၃။ ထိုမင်းလွန်တော်မူလေလျှင်။ သားတော်အိမ်ရှေ့မင်းစောလှသည်။ မျောက်သားတော်
နန်းတက်မိဖုရားစောဘုံထွတ်နှင့် အဘိသိက်ခံ၍။ သက္ကရာဇ် ၉၁၈ ခု တပေါင်း
၅။ လဆုပ်ဆယ်ရက် ခမည်းတော်လွန်လေလျှင်။ သောကြာနေ့လည်းကောင်း။ ရွှေနန်းထက်တော်မူ၍ ပြည့်စည်စိမ်
ကို စိုးအုပ်တော်မူလေ၏။ မမြင့်ခင်လည်းကောင်း။ မိထွေ းတော်စောသ
၆။ န္ဒာ ကို။ တသောင်းမိဖုရားတည့်၍။ သိန်းမြန်းတော်မူပြုန်၏။ ထိုနေ့ဝယ်လည်းကောင်း။ ဖိုးတော် ခမည်းတော်
တို့လုတ်ခဲ့၍ အကြွင်းဟိလိုက်သော သဗ္ဗညု မဟာမုနိ၏ ကျောင်းတော်ကို အပြီးလုတ်၍ မစ်တော
၇။ င်းသောရေကြောင်းသဘင်ကို။ စံတော်မူပြီးသော်။ ကြွတော်ပြုလျှက်။ အဿဒိဿ အလှူကဲ့သို့။
ကြီးစွာသော အလှူကြီးကို ပြုတော်မူ၏။ ထိုဘဝသျှင်ကား။ ပေးကမ်းစွန့်ကြဲခြင်း၌လည်း ရတနာမိုယ်ပြင်း
၈။ ရွာသကဲ့သို့။ ခပ်သိမ်းသောသူတို့အား။ အယုတ်အလတ် အမြတ်မရွေး အင့လျှင်ပေးတော်မူ၏။
သီလအရာ၌ လည်းရင်းပြီးသော အလောင်းတော် လူမြတ်တို့၏ ကျင့်ရိုးကျင့်စည်ကို မှီးလျှက်။

**ငှုံ---------ဝမ်းဖက်**

၁။ ရွှေပြည်အလုံမ်းကို သေစွာဟန့်၍။ အလွန်ငြိမ်းချမ်းစေ၏။ နန်းတက်ကျောင်း။ ဇိန္နမာဒါသကျောင်း၊
ဒုက္ကာန့်ကျောင်း။ တောကျောင်းသျှင်ရလေ၏။ ဆင်စွယ်ကျောင်း မြောက်တန်းဆောင်းသည်
ကျောင်းတို့ကိုင်။ တ
၂။ ည်ဆောက်တော်ပြု၏။ သက္ကရာဇ် ၉၂၃၃ တွင် အနုမိ။ မိကျောင်းအိုင်။ ပုဂ္ဂမထေရ်။ သိန်နောက်။
အန်တော်။ စည်မောင်း။ မဟိန်းတောင်တွင်။ တောင်မြင်း။ ဓမ္မဝိလာသ။ သည်ကျောင်းတဆယ်ကိုလည်းတ
၃။ ည်တော်ပြု၏။ အုံးထန်စကား။ ချိရားရေတွင်။ ခုံချင်း။ အင်းကြက်ဆောင်ဘုရား။ သည်ကျောင်းတိုင်မှာကို
ထား၏။ ဒါနသီလဟူသော်လည်း။ သဗ္ဗညုမြတ်စွာဘုရား၏ ရုပ်တုတော် မွေ့လျော်ကျိမ်းထိုက်အော
၄။ င်းသော ကျောင်းဗိမှာန်တို့ကို များစွာလုတ်၍။ သီလဝန်။ ဂုဏဝန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်မြတ်တိုင်းအား။
ငှအောင်လျှင် လှုုတော်မူ၏။ တိုင်နိုင်ငံချယ်ခြင်းဝယ် ဟူသော်လည်း။ စစ်တကောင်းကို အ
၅။ စိုးရတော်မူသော ဥစီကြီးနောက် ၁၁ရောက်ခင်သည်။ ညီနှင့်သားတို့ကို။ ဦးလ္ဘာထားလျှက်၊ များစွာသော
လက်ဆောင်ပဏ္ဏာကာရတို့ကိုင်း နှစ်တိုင်းမပြတ် ဆက်လှာလျှင် မုဿတ်ကျိန်စာ
၆။ လက်စွဲ၍။ ကျွန်တော်ခံလှာ၏။ ထိုကျွန်တော်ခံလှာသော ဥစီနောက် သရောက်ခင်အား။ အဒေါင်း
သက်မင်းသည်။ တိုင်းကားနိုင်ငံကို လုယက်ပျက်စီးလာသောကြောင့်။ ရွှေနားတော်လျှောက်ကြားလှာသ
၇။ ည်ဟိသော်။ ကျွန်အားနှိပ်စက်ခြင်းကို ပြုသည်။ ပြုရာသလောဟူ၍။ ဥရီးတော် သံတွဲစားနှင့်အကွ။
ဇုန္တာတ်လေစေသော်။ သက်မင်းလည်း။ မခံနိုင်၍ သစ္စိ
၈။ သစ္စာထမ်းရွက်လျက် ကျွန်ခံပြီးသော်။ ညီနှင့်သားကိုလည်း။ ဥဘက်လိုက်၏။ နန်းကြီးရင်ပြင်ပြည့်အောင်
လက်ဆောင်ပဏ္ဏာကာရတို့ကိုလည်း။ ဆက်လှာ၏။ ထိုဘဝသျှင်ဝယ်ကား။ များစွာသော မီးပေါက်

**ငှုံ---------ကျောဖက်**

၁။ လက်နက်တိုင်ကိုလည်း ပြန့်ပွားအောင် စီရင်တော်ပြုခဲ့၏။ ဖိုးတော်လုတ်ခဲ့၍ ခမည်းတော် ဆင်းခဲ့သော
မြို့တို့ကိုလည်း။ မင်း၏ဥာဏ်တော်ဖြင့်။ ရှုမျှော်တော်ပြုလေသော်။ များမြောင်စွာသော လူသူတို့သည်
ပြန့်ပွားလတ်၍။ အနေအရပ် ကျည်းလတ်သောကြောင့်။ မြို့ကိုချည်း၍ လုတ်စေတော်ပြုသည်ကား။
မြောက်ခွင်မှလျှဆင် ငွေတောင်မြို့။ တောင်ငူမြို့။ မြို့လှမြို့။ ဤသို့မြို့ကို သစ်သွင်း၍၊ ပြရင်ရဲလောင်း။
တံဆောင်းခပါင်ပ
၃။ ည်း။ ကာတန်း။ တံခါး။ ရင်တားတို့နှင့်။ တင့်တယ်စွာ စီရင်ပြီးသော်။ ရေကျုံး။ ညွှန်ကျုံး။
ကျုံးခြောက်။ ကျုံးပင်လယ်တို့ကိုလည်း။ အံ့ဖွယ်သရဲဖြစ်စေ၏။ ခပ်သိမ်းသော ဖိုးတော် ခမည်းတော်
စီရင်ခဲ့သောမြို့
၄။ တို့ကိုလည်း။ အသီးအသီးများစွာ ပြည့်လျှက်။ မြို့စားချည်း တည်ထားတော်ပြု၏။ မြို့တိုင်အောင်လည်း
ကျီကြေးနှာ စသော ဥယာန်ပန်းမှာန်တို့ကိုလည်း။ ပြည့်ဖျိုးအောင်စီရင်တော်
၅။ ပြု၏ ထိုအခါ။ အရှေ့ဘက်မှာလည်း။ ပုဂ္ဂံပြည်သာမတည်မကြား တနေ့နှစ်ခါစီ လန့်ဖြတ်လျှက်
သားပျူးချီ၍ ပြီးမြောက်ကုံသည်ဖြစ်သောကြောင့် အဘယ်ကြောင့် ဖြစ်သနည်းဟု
၆။ မေးတော်ပြုလျှင်။ ဤပုဂ္ဂံပြည်ကိုင်နိမ့်စေကြောင်း ရက္ခိုင်မှာ ဒုက္ကန်ဟူ၍ထား၏။ အစွယ်ခေါ်ခေါ်
မင်းစောပုဂ္ဂံဆံလတ်မည်ဟူ၍လည်း ဟိပါသည်ဟု ဗေဒင်တတ်တို့သည် လျှောက်လေလျှင်။ ထို
၇။ င်ပင်စည်းဝေးကြလျှက်။ မလွန်စားဟူသော သူတယောက်သည်။ ဥပါယ်တမျည်နှင့် အကျွန်ကိုစာထိုးလျှက်။
သဘော်ာထက်တင်ပြီးသော်။ အကျွန်ရက္ခိုင်သို့ရောက်အောင်လာ၍။ ယုံကြ
၈။ ည်ကြောင်းလှည့်ဖြားလျှက် အကျွန်ကိုသိန်ယိုင်ဋ္ဌသို့ မျော၍။ ဤအရပ်တွင် ရောက်ပါသည်။ အရေးအရာယူ
တော်မူပါ။ မြမ္မာပြည်အလုံမ်းကိုလည်း။ သိမ်းတော်ပြုပါဟု လျှောက်လျှင်။ ယုံသလေသဉ်

**ငှား-------ဝမ်းဖက်**

၁။ ဖြစ်၍။ သွားတော်မလှသည်ကိုလည်း။ တန်းဆင်တင်၍ ပွတ်တော်ပြုပါ။ ဒုက္ကန့်မှာလည်း။ ယတ္တရာပြုလျှက်
ဒုက္ကံကျောင်းဟု နားသွင်းကျောင်းဆောက်စေ၏။ ဆင်ဖြူကြီးအရုပ်လုတ်၍လည်း လှူစေ၏။ မြို့သ
၂။ စ်ထဲတွင် နတ်သို့သွင်းခဲ့သော။ ဧကဒဏ္ဍဆင်ကိုလည်း။ ဤဆင်ဟိရာ ပြည်ရွာပျက်မည်ဟု။ လျှောက်လျှင်။
ဆင်ကိုသတ်လေပြီးသော် မြို့သစ်ရပ်မှာသာ နေပါဟူ၍ နေသည်အရပ် ကျိန်ဝတ်မှားလျှက်။
၃။ ထိုဘဝသျှင်ကား။ နောက်နောင်သောအခါ မင်းရေးမင်းရာကို မျှော်တင်းတော်ပြု၍။ နှမတော်အရင်းဖြစ်
သော ဓမ္မဒေဝီနှင့် ညီတော်စကြဝဒေကိုင်ပေးစားတော်ပြု၏။ ထိုသို့ အိမ်ထောင်ချ၍ သွီးတော်
၄။ နှစ်ယောက်မြင်မှ။ နောင်တော် ဘဝသျှင်သည်၊ သည်းထံစွာအနာဖြင့် နိုတ်စက်လတ်ျသော် မှုးမတ်ပညာဟိ
တို့ကို။ ခေါ်ဝေါ်စည်းဝေးလျှက်။ ညီတော်နှင့်နှမတော်တို့ကို။
၅။ ရွှေနန်းနှင်းတော်ပြုခဲ့မှ။ ထိုဘရင်မင်းစောသည်။ အိမ်နိမ့်နှစ်ဆဲ့လေးနှစ်။ စည့်စိမ်သျှစ်နှစ်ခွဲ။ နှစ်စု
သက်တော် သုံဆဲ့နှစ်နှစ်ခွဲတွင်။ လွန်တော်မူလေ၏။ ၁၄။ ထိုမင်းလွန်လေလျှင်။ ညီ
၆။ တော် စက္ကဝဒေသည်။ မျောက်သားတော် စောဓမ္မဒေဝီနှင့် အဘိသိက်ခံ၍။ သက္ကရာဇ် ၉၂၆ ခု
ဝါခေါင်လပြည့်စည့်စိမ်ကို စိုးအုပ်တော်မူလေ၏။ ထိုအခါ အပေါင်းငယ်သက်မင်းကို မြုံပ
၇။ ထန်တို့သည်။ လိုက်လံသောကြောင့် မနေဝန့်၍။ များစွာသောဆင်မြင်းရွှေငွေဥစ္စာတံဆာလက်ဆောင်
ပဏ္ဏာကာရတိုင်နှင့်ဘူးမြင်လှာသော်။ ဘဝသျှင် စက္ကရဝဒေသဥည်။ စစ်အင်္ဂါလေးပါးနှင့်အ
၈။ ကွ စစ်သူကြီး အပေါင်းကို စေတော်ပြု၍။ ရွာပြည်တည်ထောင်လေစေ၏။ ထိုအခါ၌ စစ်တကောင်း
ဦးစီးနောက် သရောက်ခင်သည်လည်း။ နောင်တော်လက်ထက်ကဲ့သို့ သစ္စာထမ်းရွက်၍ ကျွန်အ

## ၃ား––––––––ကျော့ဖက်

၁။ တိုင်ပင်ခံပြီးသော်။ လက်ဆောင်ပဏ္ဏာကာရ မပြတ်ပို့ဆက်လှာပေလျှက် ပင်ကို။ သက်မင်းသည်
ရှေ့ကအငြိုးဖွဲ့၍ ဤတန်ကိုက်စကားကို နှလုံးတော်သွင်းမှားချေ၍။ ဇုန္တာပ်အပေါင်းနှင့် ဥရီးတော်သံ
၂။ တွဲစားကို။ လွှတ်၍တိုက်ချေစေသော်။ အနေအရပ်မသင့်၍။ ပျက်ချေသောကြောင့်။
စစ်တကောင်းသည်လက်လွှတ်ပြုံလေ၏။ စစ်တကောင်းလွှတ်လေလျှင်။ သက်မင်းကိုခေါ်သော်။ မလာ
၃။ ပဲ ရိုင်းပျန်လေ၏။ ထိုဘဝသျှင်ကား။ ဒါနသီလဇာဂနှင့် လည်းပြည့်စုံ၏။ ခပ်သိမ်းသော ကျေးဇူးပညာတို့ကို
လည်း ရှာဖွေတော်မူ၏။ အဆင်းအဝါအစွမ်းခွန်အားနှင့်လည်း ပြည့်စုံ၏။ ပျော်ရွှင်မြူးတူး
၄။ ကစားခြင်း၌လည်း အလွန်နှလုံမ်းတော်သွင်း၏။ ကောင်းမှုတော်လည်း။ သက္ကရာဇ် ၉၂၇ ခု
ဝါကျွတ်လတွင်။ ကုလားမြို့ကျောင်း။ မြတောင်ကျောင်း။ အလယ်ဇေတီ မြောက်ဇေ
၅။ တီပွဲကျောင်း သျှင်ကျောက်ရာဇ်ဓာတ်။ သည်ခြောက်ကျောင်းကိုလည်း။ တည်တော်ပြု၏။
ထိုဘဝသျှင်သည်၊ ငယ်ခြောက်သား ဓမ္မဒေဝီလွန်တော်မူခဲ့လျှင် မရီးတော်တန်ငေ
၆။ ဆောင်း မိဖုရားကိုင်။ နန်းတင်လေ၏။ ဖိုးတော်ခမည်းတော် နောင့်တော်တို့ လုတ်တော်ပြုခဲ့သော
မြို့တို့ကို။ ကြည့်မျှော်တော်ပြုလေလျှင်။ သည်ထက်ကဲရသည်ဟိသော် အလွန်ကျယ်ဝန်းသည်ဖြစ်လတ္တန့်
၇။ ဟု။ အရှေ့တောင်ထောင့် ရဲပေါက်ဆိန်တောင်ကို။ ပိုင်းဖြတ်၍။ ထစ်ထွင်းပြီးသော်။ ယခင်မြို့ကိုကဲ့သို့။
ကျုံမ်းမြောင်တံခါး ရင်တားပစ္စင်တို့ဖြင့် တင့်တယ်ကောင်းမွန်စွာ စီရင်တော်ပြုပြီးလျှင်။ မြို့စောင့်မြို့စာ
၈။ တို့ကိုလည်း။ အသင့်တည်ထားတော်ပြု၏။ သက္ကရာဇ် ၉၃၃ ခု ဝါကျွတ်လပြည့် ကြာသပတေးနေ့
ညည့်တနာရီလျှောက်တွင်။ မြောက်က ဥဂါပုံ၍ အနောက်သို့ကျလှာ၏ ဆင်တော်ရွှေဘောင်လည်သေ၏။

## ၄––––––––ဝမ်းဖက်

၁။ နတ်တော်လဆန်းတဆဲ့နှစ်ရက်နေ့ကစ၍။ ဘုရားကြီးစသော ရုပ်တုတော်ဟူသမျှနှင့် သစ်ပင်ကြီးဟူသမျှ
တို့သည် ချွေးထွက်၏။ ပျားအုံနှင့်အရည်ယိုလေ၏။ ထိုမင်းစကြဲဝဒေသည်။ ကျောက်ပေါက်သည်
၂။ အနာနှင့်သေမည်ကြံလတ်လျှင်။ ပုဂ္ဂံပြည် အင်းဝမြို့ကလည်း။ ရွှေလှေရွှေလောင်တို့သည်။ ဧရာဝတီမြစ်
အကြည်သို့ စုံသည်ကိုင်။ ကြားသည်။ ငါတို့မင်းစက္ကရဝဒေသည်။ ကျောက်ပေါက်သည်
၃။ ည်ဖြစ်သောကြောင့်။ အထွေးတော် အလောင်းကို ကုလားတန်တွင် လျှိုဟိလေသည်ကိုယူ၍ နန်းတင်ပါမှ

အကြောင်းသင့်ပါမည်ဟု ဆွေတော်မျိုးတော်မူးတော် မတ်တော်တို့ လျှောက်သည်ကို။ မင်းစ
၄။ ကြာဝဒေးသည်လည်း ဆိတ်ဆိတ်နေတော်မူ၍။ မူးတော်မတ်တော်တို့လည်း။ ကုလားတန်တွင်
မင်းအလောင်းကို ဆောင်ယူချေ၍ အပြံကို ဟင်းမစားသို့ရောက်လျှင်။ မင်းစကြ
၅။ ဝဒေးသည်။ အိမ်နိမ့်တဆယ်ကိုးနှစ်။ စည့်စိမ်ခုနှစ်နှစ်။ နှစ်စုသက်တော် နှစ်ဆဲ့ခြောက်နှစ်တွင်။ လွန်တော်မူ
လေ၏။ ၁၅။ ထိုမင်းလွန်လေလျှင်။ အတွေ့တော်တောင်ဘက်မင်းကြီး
၆။ မင်းဖလောင်းကို။ မင်းစကြာသမီး သျှင့်လတ်နှင့်။ အဘိသိက်ခံ၍။ သက္ကရာဇ် ၉၃၃ ခု တပိုတွဲလဆုပ်
သျှစ်ရက်ကြာသာပတေးနေ့ဝယ်။ ပြည့်စည့်စိမ်ကို။ စိုးအုပ်တော်မူလေ၏။ မင်းဖလောင်းဟုတွင်သော
၇။ အကြောင်းကား။ သီရိသုရိယစန္ဒမဟာဓမ္မရာဇာအမည်တော်ဟိသော။ ခမည်းတော် မင်းကြီးလက်ထက်၌။
များစွာသော သင်္ဘောလေကြီးကွတ်တို့နှင့်။ ထူထပ်လှစွာသော လက်နက်ကု
၈။ ကိယာတိုင့်ဖြင့်။ ပုဂ္ဂါန်လှာသော ဘရင်ဂီစစ်ကိုအောင်တော်ပြုသောအခါ၌။ သားတော်ကို
ဖွားသောကြောင့်။ အောင်ခြင်းနိမိတ်ကို အကြောင်းပြု၍။ မင်းကြီးဖလောင်းဟု တွင်၏။
ငယ်ကအမည်တော်

## ၄၄———ကျောဖက်

၁။ ကား။ မင်းကြီးဖိုးတော်ဆွေဟု တွင်၏။ အလိုတော်ပြည့်လျှင်ကား။ မင်းဖလောင်းဟု ကျော်စောကုံ၏။
ဗန်ကောက်။ ပတန်းသက်။ မြမ္မာ။ ဟိန်တုပ်။ မုသလမာန်စသော ကုလားအပေါင်းတို့ကို အစိုး
၂။ ရတော်မူသောကြောင့်။ ကုလားအမည်အားဖြင့်။ သျှောက်ကျိန္ဒြသျှာဟူသောအမည်ဖြင့်။
ကျော်စောတော်ပြု၏။ ထိုဘဝသျှင်မင်းတရားကြီးဝယ် ငယ်မျောက်သားတော်ဖြစ်သော မင်းများ
၃။ မည်တော်ကိုကား။ မိဖုရားခေါင်အဖြစ်သို့ မြှောက်တော်ပြု၏။ နောင်တော် မင်းဒိက္ခာ၏။ မျောက်သားတော်
စောသန္ဒာကိုကား။ တောင်မိဖုရားအရာ၌ ထည့်တော်ပြု၏။ အဘိသိက်ခံတော်ပြုအ
၄။ က်ဖြစ်သော မင်းစကြာဝဒေးသမီးတော်အသျှင်လတ်ကိုင်းကား နန်းတက်မိဖုရား အမည်ကိုပြု၏။
မြောက်မိဖုရားစောဦးနှင့်သော်။ မျောက်သားတော်ကား လေးယောက်
၅။ တည်း။ သားတော်အကြီးဖြစ်သော မင်းကြီးသတိုးဓမ္မရာဇာကိုကား။ မင်းစကြာဝဒေးသမီးတော်
နန်းဆက်ဖွားနှင့် ထိမ်းမြားတော်ပြု၍။ အိမ်ရှေ့အရာကို ဆောက်နှင်းတော်မူ၏။
၆။ သားတော်အလတ်ဖြစ်သော သတိုင်းမင်းဇောကိုကား။ သမီးတော် ပဒုမ္မဒေဝီနှင့်။ ဆောက်နှင်းတော်ပြု၏။
စစ်သူကြီးအရာ၌ ထည့်တော်မူ၏။ သေနာပတိဟူသော အမည်ကို ပေးတော်ပြု၏။ သမီးတော်
၇။ အကြီးဖြစ်သော ကဉ္စနဒေဝီကိုကား။ ညီတော်မင်းရဲအောင်နှင့် ထိမ်းမြားတော်မူ၍။ လောင်းကြက်ကိုတည့်
ထားတော်ပြု၏။ သမီးတော်အလတ်ဖြစ်သော အသျှင်မကိုကား။ ညီတော်မာန်ကြီးထွေးနှင့်ပေး
၈။ စားတော်ပြု၍။ တောင်ဘက်အရာကို တည်ထားတော်ပြု၏။ သမီးတော် လောကဒေဝီကိုကား.
နောင်တော်မင်းဒိက္ခာ သားတော်ဖြစ်သော မင်းကြီးမင်းရင်ညိုနှင့် ထိမ်းမြားတော်ပြု၍။ စလင်က သူ့အရာကို

## ၄၅———ဝမ်းဖက်

၁။ ဆောက်နှင်းတော်မူ၏။ သမီးတော် အထွေဖြစ်သော အလယ်ဒေဝီကိုကား။ နောင်တော်ဘဝသျှင်
သားတော်လည်ကောင်းဖြစ်သော ဖိုးတော် ခမည်းတော်နှင့် ထိမ်းမြားတော်ပြု၍ ရာဇသင်ကြန်
၂။ အရာကို ထည့်ထားတော်ပြု၏။ ဤသို့လျှင် ထိုဘဝသျှင် မင်းတရားကြီးကိုကား။ မိုးကောင်းကင်ဝယ်
နက္ခတ်တာရာတို့၏ အလယ်၌။ ထွန်းတောက်ပသော လမင်းကဲ့သို့။ သားတော် သမီးတော် ဆွေတော် မျိုး
၃။ တော်မူးကြီးမတ်ရာ အပေါင်းတို့၏ အလယ်၌ မင်း၏ကျက်သရေတည်းဟူသော လမင်း၏အရိပ်ကဲ့သို့။
ထွန်းမြူစမွာယ်တော်မူလျှက်။ မနောစည့်စိမ်ကို စံပျော်တော်မူသော ဘုရင်မင်းဖလောင်းသည်။ ရှေ
၄။ လွန်တော်မူလေသော။ ဝါသုဒေဝ၊ မဟာတိုင်းစန္ဒရား အစဟိသော ဘေးလောင်းတော်တို့သည်ကား။
အသို့သော နိုင်ငံတို့သဉ် ကျယ်တွင်ခြင်းဟိသနည်း။ ဟု မင်း၏ဉာဏ်

၇။ ဇာသည်။ ဆင်စီးသူရဲလည်း ဆင်နှင့်ကွာလျှင်ဖြစ်မြဲ။ မြင်းစီးသူရဲလည်း မြင်းနှင့်ကွာလျှင် ဖြစ်မြဲ။
လှေစီးသူရဲလည်း လှေနှင့်ကွာလျှင်ဖြစ်မြဲ။ ညီသောကြောင့်။ မြတ်စွာဘုရား၏ ဆံတော်ရှင်ဓာတ်တော်ကို။
အာရုံ

၈။ ပြု၍နေရာဝယ်။ လက်နက်ခပ်သိမ်းတို့သည်။ ကင်းချေသောကြောင့်။ သက္ကရာဇ် ၉၆၆ ခု တပေါင်းလတွင်
ဖမ်းရလေ၏။ သံလျှင်မြို့သို့ယူလေပြီးသော်။ ရတနာပြဿဒ်နှင့် ရှိသေစွာထားလေ၏။ ဆံတော်

**ချော--------ဝမ်းဖက်**

၁။ ရှင်ဓာတ်ကို ဘုးမြင်စည်ကြို(ဝယ်။ ကျွန်တော်စိကာ ငယ်သည်။ အသျှင်အား။ ဖူးမြင်အံ့ဟုလာပြီးသော်
ချုပ်၍ထားလေသည်ဟု လျှောက်ကြားလေလျှင်။ ဘုရင်မင်းရာဇာလည်း။ ပြင်းလှစွာသော မျက်တော်ဟိ
၂။ သည်ဖြစ်လတ်၍။ သားတော်အလတ် မင်းစကြဝဒေကို ယူချေဟုဆိုပြီးသော်။ အိမ်ရှေ့အရာကို
ထည့်ထားတော်ပြု၍။ များစွာသော အလုံးအရင်းနှင့်လွှတ်မည်ဟု ကြံတော်ပြုလျှင်။ ဆရာတော်သျှစ်သော
၃။ င်းဘုန်းကြီးမဟာအဂ္ဂသိဋ္ဌေယျကို ပင့်တော်မူ၍။ ဆရာတော်လည်း နိမိတ်ကျမ်းကန်တို့၏ အစဟိသော
ပိဋကတ်ဗေဒင်သိုက်နိဒါန်ကျိန်ခန်ကာလတို့၌။ နတ်မြင်မျက်စိကဲ့သို့။ အချမ်မဲ့သိနိုင်စွမ်သောညာ
၄။ ဏ်ပညာတော်၏ အစွမ်းသတ္တိနှင့်အကွ ပြည့်စုံသည်ဖြစ်၍။ ဘဝသျှင်အား နားတော်လျှောက်၏။
သားတော် ဥပ္ပရာဇာသည်။ ဗုဒ္ဓဂိုရပါရမီကို ဖြည့်ပြီးသောသိုက်ဝင်မင်းဖြစ်တုံသော်
၅။ မပျက်စီးနိုင်ရာ။ တောင်သူဓားမရေ၀ယ်ကျရှာ၍ မရမိုင်းကိုလ်ဟူသော ကာလကျိန်းခန်းသိုက်နိဒါန်း
အလျှောက်ဖြစ်ရသည်သာ စိုးရိမ်တော်မမူပါနှင့်။ ဟု နားတော်လျှောက်လေသည်။
၆။ ကာလတွင်း။ မရောက်ပြီးမှ။ သားတော် စကြာဝဒေကို အိမ်ရှေ့အရာ၌ ခန့်ထားတော်ပြု၍။
ကျွန်တော်ဘလဂ္ဂီစိကာငယ်သို့ လွှတ်တော်ပြုဟူ၍။ နားတော်လျှောက်လေလျှင် ဘဝသျှင်လည်း ဆရာတော်
စကား
၇။ ကိုင်မလှန်မူ၍။ ဗျာပါခပ်သိမ်းကို ဖျောက်လျှက်နေတော်ပြုလေ၏။ ဘဝသျှင်သားတော် ဥပရာဇာသည်
ရွှေမြို့တော်သို့ ရောက်မည်ကျိန်းခန်းတန်လတ်လျှင်။ သိကြားနတ်မင်းသည် မနေပိုင်၍။ ဘုံကရွှေလျှက်
၈။ သည်အခါဝယ်။ ဘလဂ္ဂီစိကာငယ်၏ ဉကျောင်း၌ ရပ်ပြီးသော် ဘဝသျှင်သာတော်အား ရွှေမြို့တော်သို့။
လျှင်စွာမပိုလေသည်ဖြစ်၍။ နင့်အား ဝရဇိန်လက်နက်ဖြင့် ။ ဉကျောင်းကိုခွဲအံ့ဟူပြီးလျှင်။

**ချော----------ကျောဖက်**

၁။ အလွန်ထိန့်လန့်တုံလုပ်စွာလျှက်။ မနေဝန့်သည်ဖြစ်၍။ များစွာသောလက်ဆောင်ပဏ္ဏာကာရတို့ကို
စီရင်ပြီးသော်။ လေှသဘော်ကြီးနှင့်။ သက္ကရာဇ် ၉၆၇ ခု တံဆောင်မုန်းလတွင် ဘဝသျှင်ခြေရင်းတော်သို့
၂။ အိမ်ရှေ့မင်းခမောင်းကို ပိုင်လှာ၏။ ဘုရင်မင်းရာဇာလည်း။ ပို့လှာသော သဘော်သားကပ္ပိတင်တို့အား။
များစွာသော ဆုလာပ်ကို ပေးတော်ပြုလိုက်၏။ ကျွန်တော်စိကာငယ်ကို သိကြားနတ်မင်း
၃။ သည် ညည့်အခါဝယ်။ အိမ်မက်ပေးလှာသည် ဟူသော အကြောင်းကို ဘဝသျှင်အား အလွန်ဝမ်းမြောက်
သည်ဖြစ်၍။ ဆရာတော်ဆိုသော စကားတော်သည် မချွတ်။ သားတော်သည်။ ဗုဒ္ဓဂိုရအ
၄။ လောင်းမှန်သည်ဟူလျှက်။ ဆရာတော် မြောက်ဘိုကြီးမဟာအဂ္ဂသဋ္ဌေယျကိုင်။ ပင့်ချေစေပြီးသော်။
သက်န်းအလိုင်္ဂါသော ခေါမတိုင်းဝယ်ဖြစ်သော အနဂ္ဃဟူသော ပုဆိုးအုပ်နှင့်
၅။ အကွ။ ရမတီစသောပုဆိုးအုပ် တို့နှင့် သျှစ်ပါးသော ပရိက္ခရာတို့ကို လှူတော်မူ၏။ တရံရောအခါ
ဘဝသျှင်သည် သားတော် ဥပရာဇာအား။ သမီးတော်နန်းထက်ဖွားကို သောက်နှ
၆။ င်းတော်ပြုအံ့ဟု စီရင်ပြီးသော်။ သားတော်၏မြောက်သားတော်ကြောင့်မကို ခွာလေ၏။ မင်းဒေါလျှာမြစ်
ဖြစ်သော သျှင်ထွေးကိုလည်းခွာ၍။ ရလာဟူသော ရွာသို့ထားလေစေလျှက်။ မြို့တော်လုံမ်းကို
၇။ ပွဲသဘင်ကဲ့သိုင်။ တံဆာဆင်တော်မူပြီးသော်။ ဆန့်ကြယ်စွာသော ပွဲကြီးသဘင်ကို စီရင်တော်ပြုလျှက်
သားတော်ဥပရာဇာအား။ သမီးတော်နန်းထက်ဖွားကို ဆောင်နှင်းတော်ပြု၍။ မမြင်မှီခင်ဝ
၈။ ယ်မူးတော်မတ်တော် များတို့သည် ဘဝသျှင်အားကြားလျှောက်ကုံ၏။ သားတော် ဥပရာဇာသည်။
မျက်တော်ကိုကြောက်၍ တောင်ငူသို့ ဝင်လေသောအခါဝယ်။ ဆင်ဖြူသျှင်မင်းဒေါလျှားမြစ်။

**ချော်----------ဝမ်းဖက်**

၁။ သျှင်ထွေးသည်။ သားတော်ဉပရာဇာအား။ ဆရာတော်မြတ်စွာဘုရား၏ ဗျာဒိတ်စကားနှင့်
အကြောင်းခပ်သိမ်းကို ပုံပြင်တို့ဖြင့် နှလုံးမ်းပိုက်အောင် လျှောက်ကြား၍။
ခြေရင်းတော်သို့ရောက်ကြောင်းကို။
၂။ စီရင်ပေ၏။ ထိုအကြောင်းကိုင်။ ထောက်တော်ပြုသဖြင့်။ သားတော်နှင့်မကွာ အပ်ပေကောင်းဟူ၍
လျှောက်ကြားလေကုံ၏။ ဤသို့မူးတော်မတ်တော်တို့ လျှောက်ကြားသောအကြောင်းကိုကြားသော်
၃။ မူလျှင်။ ဘဝသျှင်မျက်တော်ပြေသည်ဖြစ်၍။ မင်းဒေါလျှားမြစ် သျှင်ထွေးကို။ ရလာကသည်
ယူချေပြီးသော်။ ငသမီးတော် သားတော်နှစ်ပါးတိုင်အား။ ခပ်သိမ်းသောအရာတို့၌ နေစေ၍။ သင့်တင်
အော
၄။ င် ပဲပြင်မစပါဟူလျှက်။ သံတော်ချပြီးသော်။ အဆောင်အယောင်နှင့်အကွ။ လက်တော်က ချွတ်၍
အထောင်မက တန်သောလက်စွပ်နှစ်ကွင်းကို ဆုပေးတော်ပြု၏ ဘဝသျှင်သား
၅။ တော် သမီးတော် မောင်နှံနှစ်ပါးတို့သည်လည်။ သက်ချင်းလှယ်မတတ်အောင်။ အလွန်လျှင်သင့်တင်
ကြသည် ဖြစ်၍။ မင်းတို့၏ကျက်သရေဖြင့်။ တင့်တယ်တော်ပြု၏။ မြောက်ဦးေ
၆။ ရွှေမြို့တော်၏ အနောက်ဘက်အဖို့ဖြစ်သော ရွှေစည်းဝ၏ကမ်းထိပ်ယံဝယ် မြတ်စွာဘုရား၏ ရုပ်တုတော်
သည် အလိုလိုပေါ်လတ်ပြီဟု မိုယ်းထိအောင် ကျော်ဇောလတ်လျှင်။ ဘဝသျှင်သည်။ ဆန်ကြ
၇။ ည်သော ပွဲကြီးသဘင်ကိုင်။ စီရင်တော်ပြုလျှက်။ မူးတော်မတ်တော်တို့နှင့်အကွ။ ဆန့်ကြယ်ကြီးကျယ်သော
လှင်းကန်တို့ဖြင့် သိန်းသန်းမကသော ဗိုလ်ပါတို့သည်။ ချီကြွသော်လည်း။ ရုပ်တုတော်သည်
၈။ ရေမှမကြွနိုင်သည်ဖြစ်၍။ များစွာသော ပန်းပေါက်ဆီမီးတံဆောင်တို့ဖြင့်။ ပူဇော်ပြီးသော်။
ဤသို့မိဋ္ဌာန်တော်ပြု၏။ သျှင်ချစ်ရုပ်တုတော်အား။ ငါသည်ပူဇော်ထိုက်သည်ဖြစ်အံ့။ သိကြားနတ်မင်းသ

**ချော်-----------ကျောဖက်**

၁။ ည်။ ကူမလှာစေသတည်းဟု မိဋ္ဌာန်လေသောခဏဝယ်ပင်။ အထက်အာကာလုံမ်းသည်။ ဧသေီခြင်းသံတို့
ဖြင့် လူခပ်သိမ်းနားဝယ်။ ကြားထင်လေလျှက်။ ကူမလှာသော ခဏဝယ်ပင်။ အလိုလိုပေါ်လတ်
၂။ ၏။ ဘဝသျှင်လည်း အလွန်ဝမ်းမြောက်သည်ဖြစ်၍။ ရုပ်တုတော်ကို ဆန်ကြည့်သော တံတိုင်း
ကျောင်ကံသိန်ပုဒ္ဓကောင်းမွန်စွာလုတ်၍။ များစွာသော သင်ချီလယ်တာဉယည် ဆွမ်းတင်သားမကြွင်း
၃။ ကိုင်လှူတော်ပြု၏။ ကျွန်းလုံးသားတို့သည်လည်း။ ဘုရားပေါ်ဟု ပဌမပညာတ်၏အမည်ဖြင့်။
ယနေ့ထက်တိုင်အောင် ခေါ်တွင်ကြကုံ၏။ ဘုရင်မင်းရာဇာသည်။ မြောက်ဦးရွှေမြို့တော် အရှေ့ဘ
၄။ က်အပိုင်ဖြစ်သော ဆင်ကျုမ်းဝယ် ကိုးသောင်းသော ဓာတ်မွေတော် ဇေတီအစဟိသော ဆင်းတုတော်
ရုပ်တုတော် အစဟိသော အပေါင်းတိုင်ကို ဆန့်ကြယ်စွာသော သိန်ကုံ
၅။ စသော တံတိုင်း ပိတ္တားလုတ်ပြီးသော်။ အရိယာပုဂ္ဂိုလ်တိုင်၏ ကိုန်းအောင်းနေရာဖြစ်သော ကုဋီတိုက်နှင့်
အကွ။ ရွှေငွေရတနာတို့ဖြင့်။ ဆန့်ကြည်စွာ စီရင်အပ်သော ရတနာတံေ
၆။ ဆောင်းပြဿဒ်တို့ဖြင့် တင့်တယ်စွာသော ကျောင်းတော်ဇေတဝန်ကို လုတ်ပြီးသော်။ များစွာသော
သဃီကဉယည်လယ်တာ ဝတ်ချပတ်ဆွမ်းတင်ပန်းတင် ဆီမီးဝတ်တံမြက်ခပ်မကြွင်း လှူတော်ပြု
၇။ ၍ များစွာသော သယ်ာကျောင်းစည်ပရိရိုင်နှင့်အကွ. ဖန်စီရင်တော်ပြုလျှက်။ ပရိက္ခရာသျှစ်ပါးနှင့်အကွ။
ကြီးစွာသော အလှူကိုင်းပေးတော်မူ၏။ ထိုမှသည်။ မြတ်စွာဘုရားကျင်လည်ရာအရပ်။
၈။ တိုင်၌။ ဓမ္မာသောကမင်းကြီးသည်။ ဓာတ်တော်တို့ကို ဌာမနာ၍။ ဟိလေရာဝယ်။ ဘုရင်မင်းရာဇာသည်။
တပ်မန်၍။ သေဌာဂီရိ အစဟိသော တောင်တို့၌။ ကျောက်တော်ဇေတီက စ၍လေးဆယ်

**ခုံ----------ဝမ်းဖက်**

၁။ ခုနှစ်လုံမ်းသော ဇေတီတော်တို့ကို လုတ်တော်မူပြီးသော်။ ကျောင်းကန်သိန်ပုဒ္ဓိတို့နှင့်အကွ။ ဉယည်
လယ်ယာတို့ကို လှူတော်မူလေ၏။ သာသနာတော်သည်လည်း မီးကဲ့သို့ အလွန်ထွန်းတောက်ပလျှ

၂။ က်။ ဂါမဝါသီအရ ညဝါသီရဟန်းတိုင်သည်။ သိမ်မွေ့စွာသော သတင်းသီလတို့နှင့် ပြည့်စုံလျှက်။ ပြန့်ပွား
စည်ပင်သော သတင်းစကားကိုင်။ လက်ာဒီပကျွန်းကို အစိုးရသော သိန်ယိုင်မင်းသ
၃။ ည်ကြားလေလျှင်။ ဘုရားသခင် သာသနာတော်သည် ရွှေလျှောလေ၍။ များစွာသည်
လက်ဆောင်ပဏ္ဏာကာရတို့ကို။ စီရင်ပြီးသော်။ လှေသဘော်ာကြီးနှင့်အကွ။ ချစ်ကြည်လင်သော
၄။ ဆက်စာတန်ထားနှင့်သာမဏေကြီးတပါးကို လွှတ်လိုက်၏။ သိန်ယိုင်ကျွန်း၌ သာသနာတော်သည်။
အပရိဟာနိယဖြစ်၍။ သာမဏေကြီးတို့သာ ပြန့်ပွားသောအ
၅။ ဖြစ်ကို။ ဘဝသျှင်အား ကြားလှာပေ၏။ ဘုရင်မင်းရာဇာလည်း။ ဆရာတော်မြောက်တံဆောင်း စန္ဒဝိလာယ
အား တောင်းပန်ပြီးသော်။ ကမ္မဝါစာသံယ်ာနှစ်ကျိတ်နှင့်အကွ
၆။ သက္ကရာဇ် ၉၆၈ ခု တဆောင်မုန်လ လှေသဘော်ာတို့နှင့်အကွ။ သိန်ယိုကျွန်းသို့။ လွှတ်တော်မူလေ၍။
ရောက်တော်မူလေလျှင်။ သာသနာတော်ကို ထွန်းတောက်ပစေ၏။ အဋ္ဌနဒီ အမည်ဟိသော
၇။ လေးမြို့ချောင်းဖျားဝယ် ဖြုစင်သော ခရုသင်းအဆင်းနှင့်တူသော ဆဒ္ဒါန်အမျိုး ဆင်ဖြူမတစီးကို အမိနှင့်
အကွ သက္ကရာဇ် ၉၆၉ ခု တော်သလင်းလတွင် အလိုလို ဘုန်းတော်ကြောင့် ရတော်မူ၍ အရှေ့ေ
၈။ တောင်ထောင့်ဝယ် ရတနတံဆောင်းနှင့် ထားတော်မူ၏။ အနောက်မြို့သစ်ချောင်းညာတောဝယ်။
တမ္မမျုးဖြစ်သော ဆင်နီတစီးကို ရတော်မူ၏။ ပဇရာချောင်ညာငယ်လည်း ဆင်နီတစီးကိုရတော်

## ၃ုံ----------ကျောဖက်

၁။ မူ၏။ ဘုရင်မင်းရာဇာလည်း။ ဘေးလောင်းတော် ဒသရာဇာတည်လုတ်ခဲ့သော မဟာမြတ်မုနိသိန်တော်ကို
အသစ်ထပ်မံ၍ ကောင်းမွန်စွာ ဆောက်လုတ်တော်မူ၏။ ပြည်နိုင်ငံတိုင်၌ ဟိသော သ
၂။ ယ်ာတော်တို့ကို ပင့်တော်မူ၍။ ပဋ္ဌင်တထောင်ကို ခံတော်ပြု၏။ အဋ္ဌနဒီမြစ်နားတွင်။ ကြီးကျယ်လှစွာသော
စရပ်တံဆောင် ပြဿဒ်တိုင်ကို။ ဖံစီရင်တော်ပြု၍ ကမ်းယံနှစ်ဘက်တို့၌။ အထူးထူးသောများ
၃။ စွာသောအရုပ် အထပ်က ခြင်းသီခြင်း တီးမှုတ်ခြင်းတို့ကို ပြုကုံလျှက်။ မူးကြီးမတ်ကြီး အစဟိသော
မြို့စားရွာစားအမျိုးလေးပါးလူတို့များမှာလည်း။ သားမယားနှင့်အကွ အထူးထူးသော အဝတ်တံဆာတို့
၄။ ကို ဆင်ဝတ်စေ၍။ အသီးအသီးနေစေ၏။ ဘုရင်မင်းရာဇာလည်း။ မိဖုရားမောင်းမ မိဿံမင်းသား
မင်းသမီးတိုင်သည်။ အထူးထူးသော အဝတ်တံဆာကိုင်ဆင်ယင်လျှက်။ ခြံရံ၍နေ
၅။ ကြစေ၏။ ဆရာတော် ဘုန်းတော်ကြီးတို့ကို ပင့်ခေါ်တော်မူ၍။ သက္ကရာဇ် ၉၇၁ ခု တပို့တွဲလဆန်း နှစ်ရက်
ဗုဒ္ဓဟူးနေ့ အလှူတော်ကို ပေး၏။ ဤသို့လျှင် အထူးထူးသော အလှူတော်ကုပေး
၆။ ၍ အကျင့်သတင်းပြည့်စုံကြောင်းကို ပြည်ထောင်ချင်းမင်းတို့ ကြားလေလျှင်။ ရာဇသန်တမာန် ရောက်လှာ
ကုံ၏။ ငါတို့ရက္ခိုင်ဘုရင်မင်းရာဇာကလည်း။ အရှေ့ပုဂ္ဂံပြည် အင်းဝမြို့သို့ အမတ်တော်ဥ
၇။ ကာပျံကိုင်။ ရာဇသန်စေတော်မူလိုက်၏။ ပုဂ္ဂံပြည် အင်းဝမြို့သို့ရောက်လေလျှင်။ အင်းဝမင်း အမူးအမတ်
တို့က ရက္ခိုင်အမတ် ဉကာပျံ၏ အကြောင်းကို သိလိုသောကြောင့်။ စာနှစ်ပုဒ်လုတ်၍။

၈။ ထောင်သင်အမတ်ကထား၍ အဖြည့်ခံလေ၏။ ထားသည်စာပုဒ်ကား။
မမျှသောင်းထောင်နန့်ညာတောင်ဝယ်။ အခေါင်စံထား။ နန်းမင်းသားလျှင်။ နှောင်ဖွားကြကင်တော် မျောက်
သားတော်

## ၃ား----------ဝမ်းဖက်

၁။ ကြောင့်။ မူးမော်သေပြတ်။ ဖိုမလွတ်သို့။ မချွတ်ဇကေန် နောင်မှာ ဟန်ကား။ ဖြည့်သွန်လေညင်း။ စိန့်စိန့်
ချင်းလျှက်။ အင်ကြင်းဝါနွယ်။ အလှယ်လှယ်ကို။ စမွါယ်ပျော်ပါး။ ရှေ့ဝယ်ထား၍။ ဥနားထိပ်ပြင်။ ပန်ဆင်
၂။ မတတ်။ လေမြတ်ယူဆ။ မေးချင်လုံ၏။ ဆယ်ဆရွှေတက်။ ဖြစ်မစက်သည်။
လုဘက်လွတ်လောကြာနတ်လော။ ၁။ မလှထောင်းအောင်။ ခန့်သာချောင်းဝယ်။ မြူမြူမှောင်ဆန်သန်။
ခြည်မစွန့်

၃။ တည်။ လဝန်းတ်ဆောင်းနေမပြောင်လည်း။ ကိုယ်ရောင်လျှံလည်း။ ထွန်းတော့သည်ဟု။ မွေးကြည်ပျံ့ရှား။
ကျွန်ုပ်နားဝယ်။ စကားကိုသာ။ မူးမော်ရှာမျှ။ ကြံကာတွေးတော။ သိချင်မော၍။ သဘောဆက်ဆ
၄။ က်။ မေးလျှောက်မြွက်သည်။ ဖြူညက်ထွတ်လော ပြာလတ်လော။ ၂။ ဤနှစ်ပုဒ်ကား။
ထောင်သင်းမင်းဆို၍။ အဖြည့်ခံထားသည်။ မရကြောင်းဆောင် ပန်းရှာအောင်လည်း။ နောင်မှကြံ
၅။ ထွေးစိတ်သာဝေမျှ။ မြောက်သေန်စွန်။ ဘရက္ခာန်မွှေး။ လေသွေးပျန့်ကြူ။ မဉ္ဇူနန်းရွှင်း။ ဖြည်လေသွင်းက။
အင်ဂြင်းသန္ဓေ။ သံသေဓဲ။ ဂဗ္ဘလည်ဟူ။ ကြာသူဝေဠူ။ လူဟုဆိုရေး။ ဝေးကြီးဝေးခဲ့။ မာ
၆။ န်သွေးရာဂီ။ အိရန္ဒိနတ်။ ဥပပါတ်လျှင်။ တုတ်မောထင်၏။ စုံအင်လိုက်ဖက်။ ချစ်ဖို့သက်သည်။
မြူရွှက်လွတ်လော ညာပတ်လေ။ ၃။ ရခိုင်ရာဇသန်အမတ် ဥကာပျံက ဖြည့်ခဲ့သည်။ ဤသို့လျှင် မင်းတို့၏
၇။ ပရိယာယ်ရာဇသန်တမာန်တို့၏ အင်္ဂါတို့ကို အဖြေအတင်ပြောဆို၍။ အမတ်ဥကာပျံည်ရက္ခိုင်သို့ ပြန်ခဲ့၏။
ဘုရင်မင်းရာဇာကား။ နံနက်အခါဝယ်။ နန်းဦးရတနာပြဿဒ်သို့။ တက်တော်မူလျှက်။ ရတ
၈။ နာအတိပြီးသော။ ရတနာပလ္လင်ထက်နေပြီးသော်။ ပြဉ်ထောင်လုံမ်သား လူခပ်သိမ်တို့အား တရားသဖြင့်
ဆုမ္မတော်မူသည်ဖြစ်၍။ ပြည်တည်ဝန်ကို ရွက်ဆောင်တော်မူလျှက် နေတော်မူ၏။ ဗဟိုသုံးချ

## ၃ား----------ကျော့ဖက်

၁။ က်တီးလွှန်လျှင်ကား။ သုဒဿနမြို့လယ်ထိပ်၌။ သိကြားဗိမှာန် ဝေဇယန္တာနှင့် နှိုင်းရှည်အပ်သော
ဝေဇယန္တာအမည်ဟိသော ပြဿဒ်တော်၌။ ပတ္တမြားရတနာအတိစီသော။ ရတနာပလ္လင်ထက်၌ နေတော်မူ
၂။ လျှက်။ အာကာသမုက္ခမင်းကြီးကဲ့သို့။ အလွန်သိမ်မွေ့နက်နဲစွာသော ပညာတော်ဖြင့်။ လူခပ်သိမ်းတိုင်၏
အမေးပုစ္ဆာတို့ကို။ ဖြေတော်မူ၏။ ညအခါရောက်လျှဆင်ကား။ တောင်နန်းရတနာတပင်တိုင်ပြဿဒ်
၃။ သို့။ ထွက်တော်ပြုလျှက်။ ဆရာတော်ဘုန်းကြီးပရောဟိတို့သည်။ ဟောအပ်သော
တရားတော်တည်းဟူသောအမြိုက်ရေချမ်းကို ပေးတော်မူ၏။ ထိုမင်း၏မိဖုရားကား။ စကြာဝဒေသမီး
နန်းထက်ဖွားမင်းဇော
၄။ ကြီးသမီး။ ပဉ္စာလစန္ဒမင်း မိဖုရားမယ်တော် နှမတော်သုဘာဒေဝီ။ နှမတော် နန်းတက်မိဖုရား။
မိဖုရားခေါင်မဇလတောင်မိဖုရား ပဒုမ္မဒေဝီ။ နှမတော်အလတ် ဇလာက ဒေဝီ။ ပဲကူဘုရင်သို့မ်းသျှင်
၅။ နှောင်းမိဖုရားအဖြူ။ သည်မျောက်သားတော်။ မိဖုရားကြီးကိုးယောက်တည်း။ မိဖုရားငယ်သော်မူကား၊
မင်းသားမင်းခေါင်သမီးဝက်ဖြူ။ စလင်းစား မင်းအောင်လှ သမီးတံဆောင်မိဖုရားစော
၆။ ကြမ္မ။ စစ်တကောင်းစား။ မင်းညိုသမီး အောင်ဖြူ။ ဇသင်ကြံသမီးတော်ဖြူ။ သားများသမီးသျှင်ထွေး။
မိဖုရားအဖြူ။ ညီမဂေါက်ဖြူ။ အကျာမင်းသမီး မြုံမင်းသမီး သီရိဖုတ်စား။ ရတ္တာရေနုမ။ သုန္ဒလေ။
မုသိက္ခင်သမီး
၇။ သျှာပါဖုတ်စား။ သမီးနှင့်သော်။ မိဖုရားငယ်ကား တကျိတ်တယောက်တည်း။
ဘဝသျှင်မင်းဇောကြီးသမီးမျောက်သားတော် မိဖုရားမင်းငယ်တော်ဝယ်မြင်သည်ကား။
သားတော်မာန်ကြီးမျက်နှာ
၈။ လှ။ သားတော် ဥပရာဇာ။ မင်းခေါင်။ နှမတော်နန်းတက် မိဖုရား ခေါင်မဇလတွင် မြင်သည်ကား။
သမီးတော်နန်းတက်ဖွား။ မိဖုရားငယ်သားများ မိသျှင်ထွေးတွင် မြင်သည်ကား။ သားတော်အလယ်မင်းစကြ

## စ----------ဝမ်းဖက်

၁။ ဝဒေ။ တောင်ဘက်စား မင်းဖြူ သမီးတော်ကား။ အနောက်ဘုရင်မင်းညို မျောက်သားတော် ခေါင်ပေါက်မ။
နောင်တော်လောင်းကြက်စား မင်းကြီးမင်းရဲညို။ သားဥရာဇ်တောင်စား။ နတ်သျှင်နောင်မယား။ သူ
၂။ ရာ့ဒေဝီ နတ်သျှင်နောင် ညိုမင်းလတ် မယားအတုလသီရိ။ တံဆောင်မိဖုရားကြမ္မာတွင် မြင်သည်ကား။
ဥရီးတော် စစ်တကောင်းဘုရင် သားမာန်ကြီးမိုးပေါက် မယားဝရိဝတ္တသင်္ခါရဒေဝီ။ ကိုယ်တော်လုတ်
၃။ အကြီးအထွတ်တွင် မြင်သည်ကား။ သားတော်တောင်ဘက်စား င်းကောဇောတည်း။ ကိုယ်တော်လုတ်
ဖွားတော်တွင် မြင်သည်ကား။ မင်းသာလှ။ ကိုယ်တော်လုတ်ဖွားတော်တွင် မြင်သည်ကား မင်းကြီးဖြူ

၄။ မင်းကြီးညို။ သည်မှတပါး မောင်းမမိဿံတိုင်တွင် မြင်သည်ကား။ မင်းရွှေထီး။ ဥဂါမုက္ခ၊ သမတ နရိန္ဒ။
သီဟပတိ။ ကလမသျှာသည်မှ တပါးသားတော် သမီးတော်တို့သည်ကား။ များ
၅။ လှသေး၏။ ဤသို့လျှင်။ သားတော်သမီးတော်တို့၏ အလယ်၌။ တင့်တယ်တော်မူ၏။ တရံရောအခါ၌။
သားတော် အနောက်ဘုရင်သည်။ မဇ္ဈိမာဒေသအရပ်သားတို့နှင့်။ ကျွန်တော်သော
၆။ င်တိတ်စားဘလဂျီတို့သည်။ ညီညာကြ၍။ သောင်းကျမ်းလေပြီဟု ကြားတော်မူလတ်လျှင်။ များစွာသော
အလုံမ်းအရင်းနှင့်အကွ။ ဥပရာဇာကို။ လွှတ်တော်မူလိုက်၏။ သားတော်လည်း။ ရွှေမိန့်တော်ခွန်ကို။
၇။ ဦးထိပ်ထက်တင်ရွက်လျှက်။ ကြည်းအားရေအားတည်းဟူသော။ စစ်အင်္ဂါလေးပါးနှင့်အကွ။
ချီတော်မူလေလျှင်။ သားတော် အနောင်ဘုရင်မင်းညိုသည်။ အနုမက်အနာဖြစ်လျှက် လွန်လေနှင့်၏။ သမီး
၈။ တော် အနောက်မိဖုရားခေါင်ပေါက်မသည်။ များစွာသော အလုံမ်းအရင်းနှင့်အကွ။ ဥရီးတော်
စစ်တကောင်းစား ဘုရင်သို့ဝင်လေ၍။ ညီညာကြလျှဆက် ခံလင့်၏ဘဝသျှင် သားတော် ဥပရာဇာ
ရောက်တော်

**ဗ---------ကျောဖက်**

၁။ မူလတ်လျှင်။ ဥရီးတော်စစ်တကောင်းစားဘုရင်လည်း။ အလိုလိုခန္ဓာရွှေပြံလတ်၍ ညီတော်
မိဖုရားခေါင်ပေါက်မနှင့်အကွ။ များစွာသော ဆင်မြင်းလက်နက်ကိရိယာတို့ကို ရတော်မူခဲ့၍။ စစ်တကော
၂။ င်းမြို့ကို သာတော်အလတ် မင်းစကြဝဒေကို တည်တော်မူခဲ့၍။ သားတော် ဥပရာဇာသည်
ပြန်တော်မူလတ်၏။ ဘုရင်မင်းရာဇာကား။ ဒသဓမ္မာတရားဆယ်ပါးတို့၌။ နှလုံမ်းတော်ပိုက်သည်ဖြစ်၍။
ပြည်ေ
၃။ တော်လုံမ်း လူရဟန်းတို့အား။ ဝမ်းထွက်သားကိုကဲ့သို့။ မှတ်တော်မူလျှက်။ သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့်
သင်္ဂြိုဟ်တော်မူ၏။ ထိုမင်းလက်ထက်တော်၌။ ပညာဟိမှူးကြီးမတ်ရာတို့သည်လည်း ထူထပ်
၄။ ပွားများကုံ၏။ ပိဋကတ်ဗေဒင် ဆေးဝါးမန္တရားကြန် ပဋိဘာသာတတ်သော သူတို့သည်ကား။
များစွာဟိကုံ၏။ အမေးပုစ္ဆာပြဿနာ အစဟိသော လူတို့၏ နားတံဆာဖြစ်အောင်
၅။ အကျမ်းကျမ်းကို။ စီရင်စွမ်းနိုင်သော ရဟန်းပညာဟိ လူပညာဟိတို့သည်လည်း။ အလွန်များမြောင်စွာ
ဟိကုံ၏။ ရှေးဘေးလောင်းတော်တို့ လုတ်ခဲ့သော။ မြို့တပ်ကျုမ်းမြောင်း။
၆။ ရဲလောင်ပစ္စင်ရင်တား ပြအိုးတို့ကိုလည်း။ ရှေ့ထက်ဆင်ထပ်၍ လုတ်တော်ပြုပြီးလျှင်။ များစွာသော
လက်နက်ကိရိယာတို့ကို ပတ်ပတ်လည်၍။ ထူထပ်စွာထားတော် မူ၏။ ထိုဘုရင် မင်းရာဇာကား
၇။ ပြည်ကဲဝန်ကို ဆောင်ရွက်၍။ အိမ်နိမ့်သုံဆဲ့ခြောက်။ စည်စိမ်တဆဲ့ကိုးနှစ်။ နှစ်စုသက်တော် ငါးဆဲ့ငါးနှစ်။
သက္ကရာဇ် ၉၇၄ ဝါဆိုလဆန်း သျှစ်ရက် ဗုဒ္ဓဟူးနေ့တွင် လွန်တော်မူလေ၏။ ၁၇။ ထိုမင်း
၈။ လွန်လေလျှဆင်။ သားတော် အိမ်ရှေ့မင်းခမောင်းသည်။ မျောက်သားတော် ဓမ္မာဒေဝီနှင့်
အဘိသိက်ခံ၍။ သက္ကရာဇ် ၉၇၄ ခု ဝါဆိုလဆန်း ဆယ်ရက်သောကြာနေ့ဝယ်။ ပြည်စည့်စိမ်ကို
စိုးအုပ်တော်မူ

**ဗာ---------ဝမ်းဖက်**

၁။ လေ၏။ ဘဝသျှင်မည်သော်ကား။ မင်းကြီးမင်းခမောင်းဟု ခေါ်တွင်ကြကုံ၏။ ရွှေစီးရွှေနန်းကို အစိုးရ
လျှင်ကား။ နရာဓိပတိဝရဓမ္မရာဇာဟု ခေါ်တွင်ကြကုံ၏။ မဇ္ဈိမာဒေသအရပ်သားတို့၏
၂။ အလိုသော်ကား။ ဥသျှောင်သျှာဟု ခေါ်တွင်ကြကုံ၏။ ဘဝသျှင် အမည်တော်သည်။ မင်းခမောင်းဟု
ခေါ်တွင်စဟန်ကား။ ဘိုးတော် ဘဝသျှင်မင်းတရားကြီးသည်။ အဥ္စနဒီမြစ်ညာကို ဆန်တော်
၃။ မူသောအခါ။ အဥ္စနဒီမြစ်ကမ်းယံ ခမောင်းဆိတ်၌ ခမည်းတော် ရတနာရေနန် ဗိမ္မာန်တော်ဝယ်ဖွားတော်ပြု
သောကြောင့်။ ဖွားခြင်းနိမိတ်အရ အမည်ဖြင့် မင်းခမောင်းဟု ခေါ်တွင်ကြကုံ၏။ ဖွားေ
၄။ တော်မူသောအခါဝယ်လည်း။ ကြီးစွာသော ကြယ်အလုံမ်းသည် မီးရှူးတောက်သကဲ့သို့။ အလိုလိုပေါ်လတ်
သည်ကို။ သိုက်နိဒါန်းတတ်သော ဘုရားပညာဟိတို့သည်။

၅။ မချွတ်လျှင် မင်းတရားကြီးဖြစ်လတ္တန့်ဟု။ တရင်းဖတ်လေကုံ၏။ တရံရောအခါ
ဘဝသျှင်မင်းခမောင်းသည်။ ဓူပါရာမသျှင်ချစ်ဇေတီကို တည်အံ့ဟု အကြံဖြစ်လတ်လျှင်
၆။ လူရဟန်းအပေါင်းတို့သည် မြတ်စွာဘုရား၏ သရီရဓာတ်တော်အား များစွာသော ပူဇော်ကံတော့ပြီးသော်။
ပတ္တမြားရတနာစီသော ရွှေကြုပ်တော်ဝယ်ထည့်တော်မူလျှက်။ သရီရဓာတ်တော်ကို
၇။ ဓာမနာ အံ့သော မြေအရပ်ကိုရှာသော်။ ရွှေနန်းတော်၏မြောက်ဘက်အဖို့ဝယ် ရတော်မူ၍။ စည်မျက်နှာ
ကဲ့သို့ သုတ်သင်စီရင်တော်မူပြီးလျှင်။ အထောင်မကသော ပရံသမားသတို့အား။ များစွာ
၈။ သော ဆုလာပ်ကိုပေးတော်မူလျှက်။ စီသကဲ့သို့သော ကျောက်တို့ကို ယူချေစေ၍။ ကြည်စွာသော တံတိုင်း
ပိတ္တားနှင့်အကွ။ သက္ကရာဇ် ၉၇၅ ခုတွင် ကောင်းမှုတော်ပေါ်ရာမဇေတီကို။

**စာ----------ကျောဖက်**

၁။ တည်းတော်မူလျှက် ဌာပနာသွင်းအံ့ဟု ရွှေနန်းတော်ကသည်။ ကောင်းမှုတော်ဇေတီတိုင်အောင်။ ကြီးကျယ်
စွာသော မင်းပွဲသဘင်ကို ဖန်စီရင်တော်မူ၍။ စန္ဒရခသူရိယခံတို့ဖြင့် လုတ်သော။
၂။ သျှစ်သောင်းလေးထောင်သော ဆင်းတုတော်တို့နှင့်အကွ များစွာသော ဓာတ်တော်တို့ကို။ ရတနာမျိုးတို့ဖြင့်
ပြီးသော ကြုပ်တော်၌ ထည့်လျှက်။ ရတနာတံဆောင်းပြဿဒ်နှင့်ချည်း။ ခတ္တိယမျိုး
၃။ ဗြဟ္မဏမျိုးဝေသိယမျိုး သုတ္တမျိုးတို့အား ဆန့်ကြည်စွာသော အထူးထူးသော တံဆာတို့ကို။ ဆန့်ကြည်စေ
ကုံလျှက်။ ကြည်းဆောင်စေကုံ၏။ ဘုရင်မင်းခမောင်းလည်း။ ရတနာတို့ဖြင့် ဆန့်ကြ
၄။ ယ်စွာ ဆင်သော သန္ဒဝမျိုးကသောပြဿဒ်ရှင်ရကား စက်ဝယ်။ မင်းမောင်နှံနှစ်ပါးတို့သည်။ စမွာယ်တော်
မူလျှက်။ များစွာသော မင်းသမီးမှူးမတ် သမီးမောင်းမမိသံ
၅။ တို့၏အလယ်၌။ စမွာယ်တော်မူလျှက်။ မင်းသားမင်းမြေးမှူးမတ်အပေါင်း ခြံရံလျှက်။
မီးဖြူကနက္ကတန်ဖြန်လျှက်။ ဆင်တော်ဦးထက်ဝယ်တင်လျှက်။ ယူဆောင်တော်မူလေ၍
၆။ ဌာမဏ္ဍာတိုက်တွင် သွင်းပြီးသော်။ ဇေတီ၏ အထွတ်တော်သည်။ အောက်ခြေတိုင်အောင် ရွှေရတနာအတိ
တို့ဖြင့်။ ဆန့်ကြည်သော ဇေတီတော်ကို တည်ထားတော်မူလေ။ မဟာမုနိသိမ်တော်ကို
၇။ လည်း။ လုတ်တော်မူ၍။ သိမ်၏မဏ္ဍလအဖြာကို။ မြအင်ပျည်ခင်းဘိသကဲ့သို့။ ဆန့်ကြည်စွာ
ပရံသမားတို့သည်။ လုတ်တော်မူလေ၏။ ထိုသိန်တော်ဇေတီတို့ကို သုတ်သင်စိမ့်သောငှာ။ သင်ချိက
၈။ လူဥယည်။ လယ်တာတို့နှင့်ချည်း။ ရွှေဘုံကမွလာလှုတော်မူ၍။ အရှေ့အနောက်တောင်မြောက်
လေးမျက်နှာတို့၌။ လေးယောက်ခသာသယ်ရာဇ်တို့ကို။ အသင့်ခန့်ထားတော်မူလျှက်။ ညနံက်

**စ----------ဝမ်းဖက်**

၁။ တိုင်၌။ သံစည်ကြေးနင်းလင်ခွင်တုပ်မိုး။ စသောခေါင်းလောင်းစည်မောင်းတို့ဖြင့် မဆိတ်မည်ကြောင်းကို
စီရင်တော်မူ၏။ ကိုးဆဲ့ခြောက်ပါးသော အနာခပ်သိမ်းကို ကင်းစေတတ်သော။ ဇီဝက
၂။ ဟူသော အရိယာသူမြတ်တပါးကို ဆေးကောက်သားနှင့်အကွ သချိုက လယ်မြေကို လှုတော်မူလျှက်။
အရပ်သျှစ်မျက်နှာက ရောက်လာကုံသော အနာသည်တို့အား။ ဆေးဟူသော အလှုကိုင်။
၃။ မဟာသိန်တော်အတွင်း၌ နေ၍မပြတ်လှုတော်ပြုစေ၏။ ဘုရင်မင်းခမောင်းလည်း။ ရတနာဗိမ္မာန်
ကျောင်းတော်ကို ကျောင်းရံသုံးဆယ်နှင့်အကွ။ သက္ကရာဇ် ၉၇၅ ခု ဝါဆိုလပြည့် စနေနေ့တွင်။ အရှေ့
၄။ သယ်ရာဇာကု ဝန်ပြု၍။ ဆန့်ကြည်စွာသောကျောင်းတော်ဗိမ္မာန်ကိုင်၊ ဆောက်တော်မူလျှက်။ သယ်ာတော်
တို့အား လှုတော်မူပြီးလျှင်။ ဂါမဝါသီ။ အရညဝါသီ ဓူတင်မရ
၅။ ပိုက်သယိနေ့ာကစ၍။ ခပ်သိမ်းသော ပုဏ္ဏားဇောဂီသညာသည်။ စတုဒိသာက လာရောက်သော
ဘုန်တောင်ယာစကာတို့အား။ အသီးအသီးထိုက်လိုက်လျှောက်ပတ်စွာဧ
၆။ သော အလှုကုပေးတော်မူ၏။ သယ်ာတော်တို့အား။ ပရိက္ခရာသျှစ်ပါးနှင့်အစုံလှုတော်မူ၏။ သက္ကရာဇ်
၉၇၅ ခု တပေါင်းလဆုပ်တဆယ်နှစ်ရက် ကြာသပတေးနေ့တွင် မြို့တော်ကို ရှေ့တက်ဆင့်
၇။ ကဲ၍။ ပြုပြင်လုတ်ဆောင်ပြီးသော်။ ဝင်းတံခါး စသော အထောင်လေးမျက်နှာတို့၌။

တဆယ်နှစ်ဆောင်သော ရွှေပြဿဒ်တို့ဖြင့်။ ပတ်ပတ်လည်ဝန်းရံလျှက်။ ရတနာပလ္လင်ဥဂ္ဂင်သနှင့်အကွ
လက်

၈။ ဦးစွာ ရတနာပြဿဒ်ကို လုတ်တော်မူ၏။ အလိုတော်မပြည့်မှီ လုတ်တော်မူသောကောင်းမှုတော်
ရာန်အောင်ပြင်ဇေတီ၌။ လည်း။ ကြီးကျယ်စွာသော အလှုတော်ကို ပေးတော်မူ၏။ တရံရောအ

**စီ-----------ကျောဖက်**

၁။ ခါ၌။ ဘုရင်မင်းခမောင်းသည်။ မစ္ဆိမာဒေသအရပ်သို့ ကြွတော်မူလိုသည်ဖြစ်၍။ များစွာသော လှေသင်္ဘော
ကြွပ်လည်ကျင်ဆင်မြင်းလက်နက်ကိရိယာ စစ်အင်္ဂါလေးပါးတို့ကို စီရင်တော်မူလျှက်။ သက္က
၂။ ရာဇ် ၉၇၆ ခု တံဆောင်မုန်းလဆန်း ခုနှစ်ရက် စနေနေ့တွင် မစ္ဆမာဒေသသို့ ကြည်းကြောင်း ရေကြောင်း
ချီတော်မူလေ၏။ ဘဝသျှင်ချီတော်ပြုသော စကားကို ကြားသိလေလျှင်။ ဟောင်းဂေါတ်ပထန်း ပညာကြီး
၃။ တို့သည်။ များစွာသော ဆင်မြင်းလက်နက်ကိရိယာတို့နှင့်။ စည်းရုံးညီညာကြ၍။ တက္ကဘျာကခံနှင့်၏။
ဘုရင်မင်းခမောင်းသည်။ တက္ကတျာသို့ရောက်တော်မူလေလျှင်။ ကျွန်တော်သောင်တိတ်စာဘလင်္ဂီ
၄။ ကို။ ရေကြောင်းစေလွှတ်တော်မူသော်။ ရဲမက်ဗိုလ်ပါတို့အား။ မောင်းဂေါတ်သတ်လေသည်။ ဘဝသျှင်အား
ကြားလျှောက်လှာသော ခဏာဝယ်ပင်။ ရဲမက်ဗိုလ်ပါတို့သည်။ ချုပ်
၅။ တည်ကွပ်ညှပ်မနိုင်ပဲ ပြိုကွဲလန့်ဖြတ်လျှက် ရွှေမှာ ချေမှီရာဝယ် မောင်းဂေါတ်ပဌာန်းပုညာကြီးတို့သည်။
သိလေလျှင်။ များစွာသော ဆင်မြင်းရဲမက်လက်နက်ကြိယာတို့နှင့် လိုက်လတ်
၆။ ၍။ မိုးသေးမီးဖွဲကဲ့သို့။ ကမာန်အမြောက် ခေါ်းလက်နက်တို့ဖြင့်။ သျှက်တင်ခထုတ်ထိုက်ပစ်လတ်သည်ကို။
ဆင်တော်ရတနာရန်အောင်ထက်စီးပြီးသော်။ ရတနာချွန်းကို လက်စွဲတော်မူလျှက်။ အကြေအညက်
၇။ သတ်ခတ်ပြီးသော်။ အသူရာစစ်ကု အောင်သောသိကြားနတ်မင်းကဲ့သို့။ ပြန်တော်ပြုလတ်၍။
ရွှေမြို့တော်သို့ ရောက်တော်မူလျှင်။ ဘဝသျှင်၏ ရဲမက်တော်တို့သည် ပျက်စီးသေပျောက်ကွဲပြိုသည်များလှ
၈။ လေသေး၏ဟု မှတ်ပြီးသော်။ သက္ကရာဇ် ၉၇၇ ခု ဝါကျွတ်လပြည့် အင်္ဂါနေ့တွင်။ ထူထပ်စွာသော သင်္ဘော
ကြီးကြွပ်ကြီးရုံပန်ကြီးတို့နှင့် ဘဝသျှင်၏ တံခိုးတော်ကို။ သိစိမ့်ဟု။ ကျွန်တော်သောင်းတတ်စားဘ

**စီ-----------ဝမ်းဖက်**

၁။ လင်ဂျီနှင့်အကွ။ များစွာသော ဘလင်ဂျီစစ်သည်တို့သည်။ ဥရာဇ်တောင်တိုင်အောင် ရောက်လှာသည်ကို။
များစွာသော ရဲမက်ဗိုလ်ပါ မူးကြီးမတ်ရာ စစ်အင်္ဂါလေးပါးနှင့်အကွ။ ကိုယ်တော်မရွှေ အကြေအည
၂။ က်သတ်တော်ပြုလေလျှင်။ များစွာသော ဘလင်ဂျီစစ်သည်တို့သည်။ ပျက်စီးသေပျောက်ခြင်းသို့ရောက်လေ
လျှင်။ မခံဝန့်သည်ဖြစ်၍။ ဘဝသျှင်လည်း မင်း၏အဖြစ်ဖြင့် ရာန်စစ်ကို အကြွင်းမထားဟု မှတ်တော်
၃။ မူလေ၍။ များစွာသော ကြွပ်လည်ကျင်ဆင်မြင်းလက်နက် ရဲမက်ဗိုလ်ပါ စစ်အင်္ဂါလေးပါးနှင့်အကွ။
ကြည်းကြောင်းရေကြောင်းချီတော်မူလေလျှက်။ သောင်းတိတ်တိုင်အောင် လိုက်လွှင့်၍။
သတ်တော်မူလေ၏။
၄။ ဘရင်ဂျီစစ်ကို။ သောင်တိတ်စား အကြေအညက်သတ်၍။ နိုင်တော်မူလေလျှင်။ ဖိုးတော်
ခမည်းတော်ကသည် ဘဝသျှင်လက်ထက်တိုင်အောင်။ ချီတော်ပြုလေသော်။ အနေခပ်သိ
၅။ မ်းခြေရင်းတော်၌။ စက်ခြေပါရိုးဖြစ်သော။ ဥတေပုတ်မြုံဇေဖောက်လေသျှာက်မဏိသည်။
ကိုယ်၏ပျက်လိုသောကြမ္မာသည် ဆောင်လတ်၍။ သောင်းကျမ်လေသည်အဖြစ်ကို။ ကြားတော်မူလ
၆။ တ်လျှင်။ သောင်တိတ်ကသည်။ ဥတရစ်သို့ ချီတော်မူလေလျှင်။ ခုတေဖုတ်မြုံန်ကို အကြေအညက်ဖျက်ဆီး
ခဲ့ပြီးသော်။ များစွာသော ဆင်မြင်းရဲမက်ဗိုလ်ပါ လက်နက်ကိရိယာတို့ကို ရတော်မူခဲ့၍။ ဧ
၇။ ရွှေမြို့တော်သို့ ပြန်တော်မူလတ်၏။ ဤသို့လျှင် ဘဝသျှင်၏ တံခိုးတော်ကို ကြား၍။ ကျော်စောလေလျှင်။
ဂုံမင်းအစိန်မင်း။ ပြုတုကာ မင်းဗိဇ္ဇရာစ်မင်းတို့ကသည်။ သင့်တင့်ချစ်ကြည်လင်သော ရိုသေသဖြင့်
၈။ သင်္ဘောကြွပ်ကြီးစုန်ကြီးတို့နှင့် များစွာသော လက်ဆောင်ပဏ္ဏာကာရတို့ကို နှစ်တိုင်းမပြတ်

သက်ရောက်လှာကုံ၏။ တရံရောအခါ ဘုရင်မင်းခမောင်းသည်။ ခမည်းတော်လက်ထက် မီးကြီလောင်၍ ပါလေ

**စီ---------ကျောဖက်**

၁။ သောရွှေဆင်းတုငွေဆင်းတုတော်တို့ကို။ ရွှေငွေထပ်လောင်းတော်မူ၍။ ဆန်ကြည်ကြီးကျယ်စွာသော ရွှေဘုရား ငွေဘုရား နှစ်ဆူကို သွန်းလုတ်တေဖော်မူပြီးသော်။ နန်းတော်မြောက်ဘက် တောင်ခေါင်ဝယ်ခိုင်ကျ

၂။ မ်းစွာသော တံတိုင်းပိတ္တာနှင့်အကွ။ ဆန့်ကြည်စွာသော ရတနာမုဏိသင်ခမ်းတော်ပြဿဒ်ကို လုတ်တော်မူ လျှက်။ သက္ကရာဇ် ၉၈၃ ခု ကဆုံလဆုပ်ခြောက်ရက် အင်္ဂါနေ့ဝယ် တည်တော်မူ၏။ မျောက်သားတော်

၃။ မိဖုရားခေါင်ကောင်းမှုတော် ရွှေဘုရားကိုလည်း။ ရတနာပြဿဒ်သယ်မ်းတော်ဝယ်။ တည်တော်မူ၏။ ဘဝသျှင်မျောက်သာတော် မိဖုရားခေါင်သည်ကား။ ဝိသာခါကဲ့သို့ ဖြည့်အံ့သော ပါရမီဟိသ

၄။ သည်ဖြစ်၍။ ဒါနသီလ ဥပုသ်သတင်း ဆောက်တည်ခြင်း၌ မြဲမြန်စွာသည်ဖြစ်၍။ ဘဝသျှင်ကောင်းမှုတော် ဓူပါရာမနှင့်လည်း အတူပြိုင်လျှဆက် ဆန့်ကြည်စွာသော ဇေတီကို တည်တော်

၅။ မူလျှက်။ ရွှေကျောင်းရတနာကို တည်တော်မူ၏။ ဘဝသျှင်ကောင်းမှုတော်ရန်အောင်မြင်နှင့်လည်း အတူပြိုင်၍ ဆန်ကြည်စွာသော ရွှေကျောင်းဗိမှာန်တော်နှင့် ရတနာဇေတီတော်

၆။ ကို တည်တော်မူ၍။ ပြည်တော်လုံမ်း၌ ဟိသော အရိယာသယ်ာပုဂ္ဂိုလ်ထေရ်သယ်နောငယ် စသော ပုဏ္ဏားဇောဂီ အကျီးအကန်း မစွန်းမမြင်သည်သူတို့အား။ ကျီးကျယ်စွာသော အလှုကြီးကိုပေးတော်

၇။ မူ၏။ ဘုရင်မင်းခမောင်း၏ သားတော်သမီးတော်တို့ကို ဆိုပေအံ့။ ဘဝသျှင် မျောက်သားတော်မိဖုရားသျှင်ထွေးတွင် မြင်သည်ကား။ သမီး နတ်သျှင်မယ်တော်။ သမီးတော် မောက်တော်မ။ သမီးတော်

၈။ ကြောင်မ။ သားတော် မန်ကြီးမင်းကောင်း။ ကိုယ်လုတ်တော် သောက်ရေတော်စို ဒေါ်ဖြူတွင် မြင်သည်ကား။ သားတော်တောင်ဘက် သတိုးမင်းထွေး။ စားတော်ခံအကြီးမိမင်းထွေးတွင် မြင်သည်ကား။

**စ---------ဝမ်းဖက်**

၁။ သားတော် ကျောက်လှေကားစား ရွှေဥဒေါင်း။ စားတော်ကွမ်းစိုးမိမင်းတွင် မြင်သည်ကား. မာန်ကြီးဟရီဖြူ။ သောက်ရေတော် စိုကြမ်းမတွင် မြင်သည်ကား။ မာန်ကြီးကတိုးဖြူ။ မာန်ကြီးမင်းလတ်။ မင်းကြီးမင်းပျို

၂။ သမီးတော်ရတနာရွှေဆိုင်း။ သောက်ရေတော်စိုးမင်းလှထွတ်တွင် မြင်သည်ကား။ တန်းလွဲစား မင်းကြီးမင်းဖြူ။ စားတော်ကွမ်းစိုးမသန္ဒာတွင် မြင်သည်ကား။ မင်းကြီးမင်းရဲရန်အောင်။ သောက်ရေတော်စိုးပေါ

၃။ က်ဖြူတွင် မြင်သည်ကား။ မင်းကြီးသံကုလီ။ သမီးတော်ပရီ။ ခားလက်စားသမီး အညိုတွင် မြင်သည်ကား။ သမီးတော်အဖြူ။ သမီးတော် အလတ် မန်ကြီးမင်းညို။ မင်းပြောင်ကဲ့သို့ မင်းလှတွင် မြင်သည်ကား။ သ

၄။ မီးတော် မယ်ကြီး။ စားတော်ကွမ်းစို ဒေါ်ဖြူတွင် မြင်သည်ကား။ သမီးတော်သျှင်မင်း။ စားရေတော်လတ်တွင် မြင်သည်ကား။ မင်းကြီးဥဂါဆရ။ ခားခွဲသူကြီးပေင်သမီးတွင် မြင်သည်ကား

၅။ မင်းကြီးမင်းပု။ မျောက်သားတော်ရင်းမိဖုရား။ သုဘာဒေဝီတွင်မြင်သော။ မင်းကြီး မင်းဟရီနှင့်။ မျောက်သားတော် ဆင်ဖြူသျှင်ဖြစ် မြောက်မိဖုရားသျှင်ထွေးတွင် မြင်သည်ကား။ နတ်သျှ

၆။ င်မယ်တော်နှင့် ဆောက်နှင်းတော်မူ၍။ အိမ်ရှေ့အရာ၌ ခန့်ထားတော်မူ၏။ သည်မှတပါး ကိုယ်လုတ်တော် မောင်းမမိသံတို့တွင်မြင်သော သားတော်သမီးတော်ကိုကား ဟိလေသေး၏။ ဤသို့လျှင် ဘရား

၇။ မင်းခမောင်းသည်။ သားကြီးရတနာတို့၏အလယ်၌။ စမ္ပာယ်တော်မူ၍။ နံနက်အခါဝယ် နန်းဦးပြဿဒ်ရတနာပလ္လင်ထက်၌နေတော်မူ၍။ ဗဟိုသုံချက်လွန်လေလျှင်။ လွှတ်ဦးပြဿဒ်ရတနာပလ္လင်၌နေတော်မူ၏။ည

၈။ အခါရောက်လျှင်ကား။ တောင်နန်ရတနာတပင်တိုင်ပြဿဒ်သို့ ထွက်တော်မူ၍။ ဆရာတော်သယံ်ာတို့သည်
ဟောအပ်သော တရားတော်၏ အမြိုက်ရေချမ်းကို တိုက်တော်မူပေ၏။ ထိုမင်းခမောင်းလ

**စု------ကျောဖက်**

၁။ က်ထက်တော်၌။ တမွအမျိုးဖြစ်သော ဆင်နီပေါက်နှစ်စီးကို။ စနည်းဟူသောရွာလက်ဝယ်တစီး
ရှူးဟူသောရွာ လက်ဝယ်တစီး ရတော်မူ၏။ တရံရောအခါ။ ဘုရင်မင်းခမောင်းသည်။ များစွာသောလှေသ
၂။ ဘော်ကြွပ်လည်ကျင် ဆင်မြင်းရဲမက်ဗိုလ်ပါ လက်နက်ကိရိယာ စစ်အင်္ဂါလေးပါးတို့နှင့်အကွ
ကြည်းကြောင်းရေကြောင်း မဇ္ဈိမာဒေသအရပ်သို့။ သက္ကရာဇ် ၉၈၃ ခု။ နတ်တော်လတွင် ချီတော်မူလေ၍။
ပင်္ဂလား
၃။ ဟူသော ပုညာကြီးတို့၏ မြို့ကိုအကြေအညက်ဖျက်တော်မူလေ၏။ ထိုအခါဝယ်။ ကျွန်တော်ရင်းဖြစ်သော
သာရောင်ဖြူစား ဗပြုနန်းရံသည်။ ကိုယ်ဖြစ်၏ စိတ်လိုအမှတ်ကြောင့်။ ဝိဒေဟရာဇာမင်းကြီးကိုယ်
၄။ ၏ ဘုန်းတော်ကိုမှီးလျှက် အသက်မွေးသော ပုသင်ငယ်သည်။ တပဲခြမ်းမျှသော ဥစ္စာကိုရလေလျှင်။
မင်းကြီးကိုတုနှိုင်း၍ မထီမဲ့မြင်ပြုလေလျှင်။ ဟူသကဲ့သို့။ ဘဝသျှင်၏ကျေးဇူးကို
၅။ မသိတည်ဖြစ်၍။ ကိုယ်၏အလုံးအရင်းအား မှတ်လျှက်။ သောင်းကျမ်းလေသည်အဖြစ်ကို
ကြားတော်မူလတ်သော်။ မင်္ဂလားကသည်။ သရောင်ဖြူသို့ချီတော်မူလတ်၍။ အကြေအ
၆။ ညက်ဖျက်ဆီးလျှက်။ အလုံးအရင်း ဆင်မြင်း လက်နက်ကိရိယာ ရဲမက်ဗိုလ်ပါ လူသူတို့ကို။ အကုန်ယူတော်
မူခဲ့၍။ ကျွန်တော်သရောင်ဖြူစားကား။ ကိုယ်၏အသက်လွတ်ကြောင်းပြေးလေရာဝယ် သစ္စာတော်
၇။ ကြောင့်၊ အလိုလို ခန္ဓာရွှေ့လေ၏။ ဘုရင်မင်းခမောင်းသည်။ ပင်္ဂလားရွာကသည်။ ကိုယ်တော်မကျမ်း
လျှင်။မင်း၏ မျက်တော်ဖြင့် အသရောင်မြို့ကိုဖျက်ဆီးခဲ့၍။ ရွှေမြို့တော်သို့ ရောက်တော်မူလတ်လျှင်။
၈။ သည်းစွာသော အနာသည်ဖြစ်တော်မူလာ၍။ မိဖုရားခေါင်အစဟိသော သားတော်မြေးတော်။
အမတ်တော် သေနာပတိ။ သက်ရှည်ကျော်ထင်။ အနန္တကျော်ထင်။ လကျာ်။ ရာဇသင်္ကြန်။ သီရိဇေယျ။

**စု---------ဝမ်းဖက်**

၁။ ကျော်ထင်သည် အမတ်ကြီးလေးယောက်တို့ကိုလည်း။ ပြည်တည်းဝန်ကို ဆောင်ရွက်ကြလေဟူ၍။
မှာတော်မူပြီးလျှင်။ ဘုရင်မင်းခမောင်းကား။ အိမ်နိမ့်သုံးဆဲ့ငါး။ စည်စိမ်
၂။ ဆယ်နှစ်။ နှစ်စုသက်တော်လေးဆဲ့ငါးနှစ်။ နယုံလဆန်းလေးရက် စနေနေ့ဝယ်၊ လွန်တော်မူပေ၏။ ၁၈။
ထိုမင်းဝရဓမ္မရာဇာအမည်တော်ဟိသော မင်းခမောင်းလွန်လေလျှင်။ သားတော်အိမ်ရှေ့မင်း ဟရီသ
၃။ သည် နတ်သျှင်မည် မိဖုရားနှင့် အဘိသိက်ခံ၍။ သက္ကရာဇ် ၉၈၄ ခု နယုံလဆန်းဆယ်ရက် သောကြာနေ့
တွင် ပြည်စည်စိမ်ကို စိုးအုပ်တော်မူလေ၏။ သီရိသုဓမ္မာရာဇာဟူသော အမည်ကိုခံတော်မူ၏။ ငယ်
၄။ မည်မင်းကြီး ဟရီခေါ်လေသည်ကား ဟရီတောင်၏ အရှေ့ဘက်က ခမည်းတော်ရွှေနန်းပိမှာန်တော်ဝယ်
ဖွားမြင်တော်မူသောကြောင့်။ မင်းကြီး ဟရီဟုခေါ်တွင်သတည်း။ ထိုမင်း
၅။ သည် ရှေ့ဘေးလောင်းတော် မင်းခေါင်ကြီးလုတ်ဖေတော်ပြုခဲ့သော မြို့တော်ကျုမ်းမြောင်းရေလောင်း
ပစ္စင်းရင်းဒါး တံခါးပြအိုး တံဆောင်စသော စရပ်တံတားမျက်သည်တို့ကိုလည်း ခိုင်ကျ
၈။ မ်းကြီးကျယ်စွာသော ရှေ့တက်ဆင့်ကဲအောင်ပြုလျှက် လျှောက်ပတ်စွာလုတ်တော်မူ၏။ မီးပေါက်၊
အမြောက်လက်နက်တို့ဖြင့်။ ပတ်ပတ်လည် ဝန်းရံလျှက် အသင့်ခံထားတော်မူ၏။ ဘုရင်သီရိသုဓမ္မာ
၇။ ရာဇာသည်။ များစွာသော လှေရံအပေါင်းနှင့်
ဆင်မြင်းရဲမက်ဗိုလ်ပါလက်နက်ကိရိယာစစ်အင်္ဂါလေးပါးတို့ကို ဖန်စီရင်တော်မူ၍။ သက္ကရာဇ် ၉၈၄ ခု
တံဆောင်မုန်းလဆန်း ဆယ်ရက်တလင်္ဂနွေနေ့တွင် မဇ္ဈိမာဒေ
၈။ သသို့ ချီတော်မူလေ၍၊ တိုင်းနိုင်ငံတို့၊ အပိုင်းအခြားကို သိတော်မူပြီးလျှင် ရွှေမြို့တော်သို့ပြတော်မူလတ်၍။
ရွှေနန်းတော်သို့ရောက်လျှင်။ မမြင်မှီခင်ဝယ် ဘဝသျှင်မင်းမောင်နှံနှစ်ပါးသည်။ များစွာသော။

**စူ-----------ကျောဖက်**

၁။ လှေရုံအပေါင်းနှင့်။ ဂစ္ဆာနဒီမြစ်၏ အရှေ့ဘက်သေလာဂီရိတောင်ထိပ်ဝယ် ကျောက်တော်ဇေတီတော်
ခါတ်ကို။ ဖူးမြင်အံ့ဟု စံပါယ်တော်မူလေ၍။ သက္ကရာဇ် ၉၈၅ ခု တံခူးလဆုပ် ခုနှစ်ရက် သောကြာနေ့ဝယ်။
၂။ ရွှေရတနာကို မွန်မန်ချေလည်၍။ အရိယာပုဂ္ဂိုလ်မြတ်တို့အား။ များစွာသော အလှူကြီးကို ပေးတော်မူ၍။
ဂစ္ဆာနဒီမြစ်ကို စုန်တော်မူလတ်လျှက်၊ ရွှေမြို့တော်၏ အရှေ့ဘက် အဥ္စနဒီမြစ်ကို ဆန်တော်
၃။ မူလေလျှင်။ ဘိုးတော်ဆင်ဖြူသခင် ပဥ္စင်တထောင်ခံသောအရပ်ဝယ်။ ကြီးကျယ်သော
စရပ်မဏ္ဍပ်တို့ကိုဆောက်လုတ်၍။ အလှူကြီးကုပေးတော်မူသည်။ မီးတံခွန်။ မီးစက်။ မီးကြွက်မီးရဟတ်။ မီး
၄။ ပုံ။ မီးပတုမ်းနှင့်။ ပျားပျန်ညာကျေးငှက်ပန်းရင်ယူကြဟံသောမီး။
ညာပြမဥ္စူပန်းဟူသမျှကုံမ်းဘိသကဲ့သို့သော မီးကြွေကျလွင့်ဟန်။ စွန်ဝဲတန်းမိုးတိမ်ထိအောင် ရောက်ဘိသ
၅။ ကဲ့သို့ အထူးထူးသော မီးပွဲသဘင်ကို ပြပေ၏။ သက္ကရာဇ် ၉၈၆ ခု ကဆုံလတွင်။ ငွေတူလွလွဆင်မတစီးကို
အနောက်မြို့သစ်က ဆောင်ခဲ့ပြီးလျှင်။ နန်းတော်အရှေ့တောင်ထောင့်
၆။ ဝယ် တံဆောင်းလုတ်၍ ထားတော်မူ၏။ မိုးနှောင်းလတ်လျှင်။ ဘဝသျှင်သည် အနောက်တလွှားကို
အလိုတော် ဟိသည်ဖြစ်၍။ စစ်အင်္ဂါလေးပါးနှင့် နတ်တော်လဝယ် ကြည်ရေပိတ်မှ ချီတော်မူလေ
၇။ လျှင်။ ကျင်းမော်သို့ရောက်၍။ တပ်တာတည်မြောက်လျှင်။ ကြောက်ရွံ့ခန့်ညားလျှက်။ ပညာမင်းတို့သည်
အခွန်အတုပ်လက်ဆောင်ပဏ္ဏာကာရနှင့် ဖူးမျှော်လှာကုံ၏။ ပြန်လတ်လျှင် ရွှေနန်းတော်တွင်
၈။ စံပျော်၍နေတော်မူသောအခါဝယ်။ ဘုန်းတော်သည်။ နှိုးဆော်ပင့်လတ်၍။ ဒဂါးမြို့သည် ကျမ်းသောင်း
လေသည်ဟူသောအကြောင်းကို။ ကြားတော်မူလတ်လျှင်။ များလှစွာသော စစ်အင်္ဂါလေးပါး

**စေ-----------ဝမ်းဖက်**

၁။ နှင့်အကွ။ စမွှာယ်တော်မူလျှက်။ အုပ်အုပ်ကျွက်ကျွက် သောင်းသောင်းမြေမုန့်ထောင်မျှ။ ကြည်ရေပြည့်မျှ။
သက္ကရာဇ် ၉၈၇ ခု၊ နတ်တော်လတွင် ချီတော်မူလေ၍။ တိုက်ဖျက်လေလျှင် မခံနိုင်၍ ထွက်
၂။ က်ပြေးကြလေ၏။ ရဲမက်ဗိုလ်ပါလက်နက်ကိရိယာဆင်မြင်းနှင့်အကွ။ မြို့လုံမ်းတွင် ဟိသော။ ရွှေငွေသတ္တု
ဝန်ဆန်တို့ကို။ ရလေကုံ၏။ ထိုအကြောင်းကို ကြားတော်မူလျှင်။ ပုညာများတို့သည်။
၃။ ကြောက်ရွံ့ခန့်ညားကုံသည်ဖြစ်၍။ ရှေ့ကထက်အဆအရာ တုပ်ခွန်ဘဏ္ဍာလက်ဆောင်တော်ကို၊ ဆက်ပို့လှာ
ကုံ၏။ ဘဝသျှင်လည်း ရွှေပြည်တော်သို့ ပြန်တော်မူလတ်၍။ ရွှေနန်းတော်သိုင့်
၄။ ရောက်တော်မူလေလျှင်။ မနေစည်စိမ်ကိုခံ၍ နေတော်မူလေ၏။ နိုင်ငံတော်ဖြစ်သော။ မော်လမီ။
မုတ္တမကပိုသလှာသော တုပ်ခွန်တို့သည်။ နှစ်တိုင်းဆက်မြဲကို မဆက်ပဲ။
၅။ ကျမ်းသောင်းလတ်သည်ဖြစ်၍။ အလျှင်လွတ်လွတ်ယူချေဟု။ လေးမြို့စားကိုင်တော်မူလိုက်၏။ လေးမြို့စား
လည်း ချီသွားလေ၍။ ကြေမွအောင် ဖျက်ဆီးပြီးသော် မော်လမီ
၆။ မုတ္တမတို့က အတုပ်အခွန်တို့ကို ယူဆောင်၍။ ဆက်ပို့လှာလျှင်။ ဘဝသျှင်လည်း ဝမ်းမြောက်ဝမ်းသာ၍။
အဆောင်အယောင်ထပ်လောင်း၍။ ပေးသနားတော်မူပြန်၏။ တရံရောအခါတုံ။ သံလျှ
၇။ င်မြို့ ဟံသာဝတီပြည်တို့သည်။ ကျမ်းသောင်းလတ်သည်ဟု ကြားသိလတ်သောကြောင့်။ သက္ကရာဇ် ၉၉၁ ခု
နတ်တော်လတွင်။ သီရိသုဓမ္မရာဇာသည်။ များသော ရဲမက်လှေရုံအပေါင်းတို့နှင့်။
၈။ ချီကြွလေ၍။ ဒွါရာဝတီမြို့သို့ရောက်တော်မူလေလျှင်။ သင်လဲကြီး အနန္တကျော်ထင်သည်။ အမှုတော်ကို
ပြီးစီးအောင် ထမ်းရွက်ပါမည်။ ဘုံးကြီးသော သခင်သည်။ ဒွါရာဝတီမြို့တွင် စံနေတော်

**စေ---------ကျောဖက်**

၁။ မူပါဟု လျှောက်ပြီးလျှင်။ ဆင်ကဲကြီးအနန္တကျော်ထင်လည်း။ များစွာသော ရဲမက်အပေါင်းနှင့် ချီတော်မူ
လေ၍။ ဟံသာဝတီသံလျှင်မြို့များကို အကြေအညက် ဖျက်ဆီး၍။ အတုပ်အခွန်လက်ဆောင်
၂။ ပဏ္ဏာတို့ကို များစွာယူခဲ့၍ ဘဝသျှင်အား။ ဆက်လှာလျှင်။ ဆင်ကဲကြီးနန္တကျော်ထင်ကိုလည်း။ အဆောင်
အယောင်ကို ထပ်လောင်း၍ ပေးတော်မူ၏။ ဘုရင်သီရိသုဓမ္မရာဇာလည်း။ ရွှေနန်း

၃။ တော်သို့ပြန်တော်မူခဲ့၏။ ထိုသို့သော သတင်းကိုကြားတော်မူလျှင်၊ ပြည်ထောင်မင်းတို့သည်။
များသောလက်ဆောင်နှင့် ရာဇသန်တမာန်စေလွှတ်၍။ စူစမ်းကြလှာကုံ၏။ ရက္ခိုင်ဘုရင်က
၄။ လည်း။ ဧေယဘတ္တရာ။ ဇနရာဇာဒေဝတမာန်တို့ကို ထိုထိုသောပြည်တို့သို့
ရာဇသန်စေလွှတ်တော်မူလေ၏။ ထိုမင်းဝယ် ဆင်ဖြူနှစ်စီးဟိတော်မူ၏။ ဒွါရာဝတီတွင် လ
၅။ ည်း။ ဆင်နီတစီး။ အနောက်မြို့သစ်ကလည်း ဆင်နီတစီး။ ရတော်မူ၏။ ဤသို့သော အကြောင်းနှင့်။
ဆင်ဖြူသခင် ဆင်နီသျှင်ဟု ခေါ်ကြကုံ၏။ ထိုမင်း၏ နှမတော်ရင်းဖြစ်သော မိဖု
၆။ ရားခေါင်လည်း တယောက်။ ညီမတော် မြောက်မိဖုရားလည်းတယောက်။
ညီမတော်တောင်မိဖုရားခင်ညိုလည်း တယောက်။ စလင်က သူသမီးရွှေအိမ်မိဖုရားလည်းတယောက်။
ရာဇသူသ
၇။ မီးဝင်းလုံမ်းပြောင်လည်းတယောက်။ ကိုယ်လုတ်တော်ကိုကား။ ဆိုသော်များသေး၏။ ထိုမင်းတွင်
သားကား။ နှစ်မတော်မိဖုရားခေါင်သားမာန်ကြီးစွာတည်း။ သမီးတော်ကား။ ရွှေစုံကြည်ရှာစွာတ
၈။ ည်း။ သားသမီးကား တကျိတ်နှစ်ယောက်မြောက်၏။ ထိုမင်း၏ ကောင်းမှုကား။ သကျမဥ္စု။
နှမတော်မိဖုရားခေါင်လည်း။ ဒါနသီလအံ့ဖွယ်ဟိ၏။ နတ်သျှင်မယ်တော်ကား။ မောင်ခေါင်းရွှေ

**စဲ---------ဝမ်းဖက်**

၁။ ကူကျောင်းကို တည်တော်မူ၏။ ထိုမင်းသည် အိမ်နိမ့်နှစ်ဆဲ့နှစ်။ စည့်စိမ်တဆယ့်ခြောက်နှစ်။
နှစ်စုသက်တော် သုံးဆဲ့သျှစ်နှစ်တွင်။ လွန်တော်မူလေ၏။ ၁၉။ ထိုမင်းလွန်တော်မူလေလျှင်။ အိမ်နိမ့်သား
၂။ တော်မင်စနီသည်။ နန်းတက်မိဖုရားနှင့် အဘိသက်ခံ၍။ သက္ကရာဇ် ၁၀၀၀ စီနယုံလဆန်း နှစ်ရက်
တနင်္ဂနွေနေ့တွင် ပြည်စည်စိမ်ကို စိုးအုပ်ပြန်လေ၏။ ထိုမင်းသည် ကျောက်ပေါက်လတ်လျှင်။ နတ်သျှ
၃။ င်မယ်နှင့်။ လောင်းကြက်စား ကုသဟုရားတက်ရဲထွတ်တို့၊ တိုင်ပင်၍။ နန်းတော်အရှေ့မြောက်ထောင့်
ကစနားတွင် ဝင်စားမအိမ်ကို ယာယီပြု၍။ နေသော်အနာကောင်းမည်ဟုလျှောက်
၄။ ကြားလေလျှင်။ မသင့်ပါဆရာတို့ဆိုသော်လည်း။ မနာမယူ။ ဟုရားတတ် ငရဲထွတ်စကားကို လိုက်နာ၍။
ယာယီနေလေသောကြောင့်။ သက္ကရာဇ် ၁၀၀၀ပြည့် ဝါဆိုလဆန်း
၅။ ခြောက်ရက် ကြာသပတေးနေ့ကကို တဆယ်တရက်နေ့တွင်။
အိမ်နိမ့်တဆယ့်သျှစ်နှစ်စည်စိမ်နှစ်ဆယ်သျှစ်ရက်တွင် ဆေးခပ်၍လွန်တော်မူလေ၏။ ၂၀။
ထိုမင်းလွန်တော်မူလေ
၆။ လျှင်။ သာဇဒါမြစ်ရင်းဖြစ်သော လောင်းကြက်စား ကုသသည်။ နတ်သျှင်မယ်မိဖုရားနှင့် အဘိသိက်ခံ၍။
မူးမတ်တို့သည် ညီညွတ်တိုင်ပင်လျှက်။ သက္ကရာဇ် ၁၀၀၀ ပြည့် ဝါဆုလဆုပ် ခုနှစ်ရက်စနေ
၇။ နေသုံးဗဟိုလေးနာရီကျော်ဝယ် ပြည်စည့်စိမ်ကို စိုးအုပ်တော်မူ၍။ နရပတိကြီးဟူသော အမည်ကို ခံတော်မူ
လေ၏။ ထိုမင်းကား။ မင်းသားမင်းမြေး မင်းမျိုးမင်းဆွေ မူးမတ်တို့ကို ညည့်တိုင်းလျှင်ခေါ်
၈။ ၍ သတ်လျှက်ပစ်၏။ လောင်းကြက်မြို့တွင်။ နန်းကျကြီးမင်းသည်။ သျှင်ငယ်စိတ္တနာရတတို့နှင့် မိဌာန်၍။
ဘုရားရုပ်တုတော် လကျာ်ပေါင်တော်တွင် ထားခဲ့သော သွေးလက်ရာသည်ကျေလေ၏။

**စဲ--------ကျောဖက်**

၁။ ထို့ကြောင့် မောက်တော်ဇခြင်း၌၊ ဖေးဗိမ့်ပြတ်ပြတ်။ ကျူးရေရွှတ်ပိမ့်၊ ထိုမတ်နှစ်ပါး။ ကြံစည်ထား၍။ ငေ
ဆေးဝါးမန္တာန်။ တတ်ပွန်အန္တိ။ ဇောဂီဝိဇ္ဇာ။ ပညာစီရင်။ ဘီလူးသင်သား။ သျှင်စိတ္တရ၊ နာရတတို့၊
၂။ မိဖုရားငြဖစ်။ ရလစ်မသတ်။ ဆရာမှတ်၍။ ကြည်ညွှတ်ရိုသေ။ တောင်းပန်လေမူ၊ ထွေထွေလာလာ။
နာနာရုပ်ဟန်။ ဖန်ဖန်ဆင်းဆင်း။ လိုက်လေလျှင်သော်။ လွတ်ခြင်းမတင်၊ ကူတဲဝင်၍။ ရှင်တော်ရုပ်တု။ ကို
၃။ ယ်ကောင်းမှုတွင်၊ ပြုတုံသစ္စာ။ အမိဌာကား။ ယင်းခါကဝယ်၊ မြောက်ဦးနွယ်၍။ နှစ်ဆယ်နှင့်ဒွေ၊
နန်းတက်ဝေးမှ၊ သျှင်ဘေးတော်မင်း။ သျှင်ရင်ခွင်းခါးသွေလက်ရာမူးကျေသောဟူသည်။ နတ်လူအံ့မီး။
၄။ မူဒေလေ။ မူးတည်မောက်တော်ဟုတ်တည်ဩ် ရေတော်နှစ်ကျိတ် ရေသော်နှစ်ကျိတ်။ ပြုရိုပ်ဖွေဖွေ။

နှစ်ယောက်ဝေးဝယ်. ။ သျှင်ဘေးတော်ချစ်။ မင်းစောင်ဖြစ်မှ။ ကျေလိုက်
၅။ တည့်နီထွေး လက်ရာသွေး။ ဟူ၍ အဟူမင်းညိုစပ်ခဲ့သည်။ ထိုမင်းသည် ပညာဟိတို့ကို သတ်လတ်လျှင်။ သစ်တတ်လက်ရုံမ်းစစ်ကွပ်ဆရာတို့သည် အနောက်ကုလားပြည်သို့
၆။ ပြေးလေ၏။ လိုက်လေသော်။ သရဖေကြည့်တင်းသစ်တတတ်လေက်ရုံးကို ရခဲ့၍။ ပြည်စိုးကြီးနှင့် မင်းတွင်တိုင်ပင်ဆရာပြု၍ ထားလေ၏။ ထိုမင်းနရဝတီကြီးလည်း။ ငါသည် သက္ကရာဇ် ၁၀၀၀ ပြည့်တွင် မင်း
၇။ အဖြစ်ကို ရသောကြောင့်။ သက္ကရာဇ်ကိုလည်း ဖြိုအံ့။ ပိဋကတ်ဗေဒင် ဓမ္မသတ်ရာဇနိဒ္ဒေသကိုလည်း ပြုအံ့။ ပြည်ထောင်မင်းတို့ကိုလည်း ခေါ်အံ့ဟု တိုင်ပင်ပြီးသော်။ သူဝတမာန်ကိုစေ၏။ စေလိုက်သော
၈။ စာအရကား။ နဝပဘာ။ ကိုးရောင်လာ၍။ ဖြူပြာပြိုးပြက်။ လိတ်လက်ရောင်ဆီ။ ပြောင်ပြီသျှင်မယ်။ ကိုးသွယ်လည်ရစ်။ စီပြန်လိုက်သည်။ ကျစ်လျစ်ယူယ။ ဘုံသူဝ။ ဒီပက္ကျန်းညို။ လုံကိုစိုးရန်၊ ခါချိန်တန်

**စော---------ဝမ်းဖက်**

၁။ ၍။ ဝေယံသခင်။ သူဇာလင်းကို။ မောင်သျှင်ပြောလေ။ မှာလွှတ်စေ၏။ ဟုတ်ပေသလော။ သဘောကျူးလွန်မြောက်စွန်ဖွဲ့ဆုံ။ ကောတုံပရာ။ သျှမ်းရွာတသွယ်။ ဇင်မင်အုန်ပေါင်။ ဖိုးခေါင်အင်ဝ။ ဟံသာဝတီ
၂။ နောက်ဆီပုစ္ဆာ။ မင်းတို့မှာက။ ဘူးမှာမည်ကို။ သာကြသည်ဆို၍။ နောင်ညိုကျေးရွာ။ လျှင်လတ်စေတည်း။ ဟုတ်ပေသလော။ သဘောကျူးကျယ်။ ပြယာယ်မာယာ တတ်လိမ္မာသည်။ သူဇာမွေးလောတွင်မွေးဧ
၃။ လော၊ ။ ဟူ၍ နရပတိကြီးတပ်သည်ကို။ ရက္ခိုင်ပြည်သူတို့ သက္ကရာဇ်ဖြိုသည်ဟုဆိုကြကုံသည်။ ထိုမင်းသည် ရှေ့ကတည်ခဲ့သော ဘုရားရုပ်တုတော်တို့ကိုလည်း။ ထပ်ဆင့်၍ လုတ်တော်မူ၏ဧ
၄။ ဈေးချောင်းဖျားတွင်လည်း ထင်ရှားစွာသော။ ကောင်းမှုကို ပြုတော်မူ၏။ တရုံရောအခါ၌။ ကိုယ်တော်သည် မအီမသာဟိလတ်၍။ ဥစ္စာတို့ကို စွန့်ကြဲလှူတော်မူပြီးလျှင်။ သား
၅။ တော် ဥပရာဇာနှင့် သမီးတော်ကို ပေးစားပါဟု။ မိဖုရားခေါင်နတ်သျှင်မယ်ကို။ မှာထားခဲ့ပြီးမှ သက်တော်အိမ်နိမ့်ငါးဆဲ့ခြောက်နှစ်။ စည့်စိမ်ခုနှစ်နှစ်။ နှစ်စုသက်တော်ခြောက်
၆။ ဆဲ့သုံးနှစ်တွင် လွန်တော်မူလေ၏။ ၂၁။ ထိုမင်းလွန်တော်မူလေလျှင်။ ညီတော်၏သားဖြစ်သော အိမ်ရှေ့မင်းသည်။ နှမတော် ရတနကုမာရီနှင့် အဘိသက်ခံ၍။ သက္ကရာဇ် ၁၀၀၇ ခု။ နတ်တော်လပြည်ဧ
၇။ ကျော်တဆယ်တရက် ဗုဒ္ဓဟူးနေ့လေးဗဟိုရုပ်တွင် ပြည်စည့်စိမ်ကု စိုးအုပ်တော်မူပေ၏။ သတိုးမင်းတရားဟု ခံတော်မူလေ၏။ ထိုမင်း၌ မိဖုရားခေါင်သည်ကား။ နှမတော်ရင်းရတနာကုမာရီ။ ဧ
၈။ တောင်မိဖုရား စကားသျှင်လတ်။ မြောက်မိဖုရားစောမိညိုတွင် မြင်သည်သားကား။ စန္ဒာတယောက် မင်းမဲလုလင်တယောက်။ သမီးတော်မယ်ကြီးတယောက်။ မယ်လတ်တယောက်။ မိဖုရားအဖြူတွင်

**စော----------ကျောဖက်**

၁။ မြင်သောသားကား။ မင်းချွတ်တည်း။ မိဖုရားမိုးမယ်တွင် မြင်သည်ကား။ စန္ဒပဘာ။ ကိုယ်လုတ်များတွင်မြင်သည်ကား။ တကျိတ်မက။ သားနှင့်သမီးကို ပေါင်းသော် သုံကျိတ်ကျော်၏။ သတိုးမင်းတရား
၂။ နန်းတက်၍ တဆယ်သုံးရက်တိလျှင်။ မိဖုရားနတ်သမယ်ကို။ ရွှေဝင်းတော်၏မြောက်ဘက်ဖြစ်သော ဟရိတောင်အရှေ့ဘက်တွင်။ မယ်တော်နန်းဟု ဆောက်၍ထားလေ၏။ ထိုနေ့ကစ၍။ မယ်တော်
၃။ နန့်ဟု အစည်ထားကြကုံ၏။ ထိုမင်းသည်။ ကနက်ကဒန် မီးဖြူကိုဖွင့်၍။ ပွင့်သောကြောင့်။ မီးဖြူပိုင်သည်ဟု။ မီးဖြူပိုင်သည်ဟု မီးရာဇ်ထည့်၍။ ဒင်္ဂါးခပ်၏။ ဘုရင်သတိုးမင်းတရာသည်။ မဟာမြတ်မုနိဘုရားကို။
၄။ ဆူးအံ့ဟု ချီတော်မူလေ၏။ များစွာသော အလှူတော်နှင့် မဟာမြတ်မုနိ ပူဇော်ခဲ့၍။ မိဋ္ဌာန်ပြီးသော်။ ဂစ္ဆာဘနဒီမြစ်ကို စံလေ၍။ ဥရာဇ်တောင်ဓာတ်တော်ကိုင်။ ပူဇော်၍။ မိဋ္ဌာန်

၅။ ပြီးလျှင်။ ခပ်ကြလေ၏။ သမီးလှပြင်သို့ ရောက်လေပြီးသော် တည်ည့်နေခဲ့မှ။ ချီလေလျှင်။
ပဲလွန်းဆိတ်သို့ရောက်လေလျှက်။ စတည်းချပြီးသော်။ တောင်ကြောင်းရေကြောင်း ချီတော်
၆။ မူလေ၍။ ရမ္မာပူရကမ္ဗောစမည်သော ပြည်တို့က လက်ဆောင်တော်ဆက်နှင်း၏။ ထိုကသည်။
ပင်္လားကစ၍။ ၃နှစ်မြို့လုံမ်းဂံဆံတို့ကိုယူခဲ့၍ ပြန်တော်မူလတ်၏။ ပြည်တော်သို့ရောက်လှာလျှင်။ ပြင်ဝင်
၇။ တတပ်ကို လုတ်တော်မူ၏။ လုတ်တော်မူလျှင်။ အရှေ့တောင်ထောင့်က။ နဂါးဖျက်၍။ ကျောက်ခဲတို့သည်။
မမြနေ့ချင်းပျောက်ခဲ့လျှင်။ ချည်း၍လုတ်၏။ မပြီးခင်အညာငရွှေရွာသို့ သွားချေမှား၍။ ပြန်
၈။ ငြားလတ်သော်။ အနာသည်းလတ်၍။ များစွာသော အလှုကို ပေးတော်မူ၏။ ထိုခေါင်က အနာသည်
လတ်ရာဝယ်။ ငါသွားချေသောခါ။ မပါသမျှ သူတို့ကို။ ပြည်ရွာတောင်တို့ကို။ ထွင်စီးစစ်၍ ဖြည်လေ

**စော်----------ဝမ်းဖက်**

၁။ ဟု ချခဲ့သည်အဖြစ်သည်။ ဝေယ်ဟိ၏။ မိစ္ဆာမတရားသော လူတို့သည်။ ကြောင်းလမ်းမထွက်နိုင်အောင်
စွဲလှန်း၍။ စားကြလေကုံသောကြောင့်။ ဆင်းရဲခြင်းသို့ရောက်လေ၏။ ထိုမင်းသည်။ သေမည်ကိုသိ
၂။ ၍။ ငသားကို မိဖုရားခေါင်သည်။ သနားကြည်စွာလုတ်ပါဟု။ မှာထားပြုမှ။ အမတ်များတို့ကိုခေါ်၍။
သားတော်ကို ပြည်ကိုနှင်းထား၏။ ထိုမင်းကား အိမ်နိမ့်နှစ်ဆယ်မြောက်နှစ်။ စည်စိမ်ခုနှစ်နှစ်။ နှစ်စုသ
၃။ က်တော်။ သုံးဆဲ့သုံးနှစ်တွင်။ လွန်တော်မူလေ၏။ ၂၂။ ထိုမင်းလွန်လေလျှင်။ သားတော် စန္ဒာသည်။
မိဖုရားရတနာပီယနှင့် အဘိသိက်ခံ၍။ သက္ကရာဇ် ၁၀၁၄ ခုတွင်။ ပြည်စည့်စိမ်ကို စိုးအုပ်တော်မူ၍။ စန္ဒ
၄။ သုဓမ္မာရာဇာဟူသော အမည်ကို ခံလေ၏။ ခမည်းတော် လုတ်ခဲ့သော။ မြို့တတ်ကျုံမြောင်းတို့ကိုလည်း
အသစ်ထပ်ဆင့်၍။ လုတ်တော်မူ၏။ သက္ကရာဇ် ၁၀၁၉ ခု နတော်လတွင်။ ဝင်မ
၅။ နားကျီတော်နှင့် မဟာမုနိသိမ်တော်ကို မီးလောင်လေသောကြောင့်။ ဘုရင်စန္ဒသုဓမ္မရာဇာသည်။ မူးတော်
မတ်တော်တို့နှင့် တိုင်ပင်၍။ ကောင်းမွန်စွာသော သားတို့ကို ယူဆောင်၍။
၆။ သက္ကရာဇ် ၁၀၂၀ ပြည့် တပေါင်းလဆုပ်တရက်တနင်္ဂနွေနေ့ သိမ်တော်ကို။ ဆောက်တော်မူလေ၏။
သက္ကရာဇ် ၁၀၂၁ ခု ကဆုံလဆန်း ၂ ရက် တနင်္ဂနွေနေ့တွင်။ ရတနာစံဦးဇေတီနှင့် ကျောင်းကိုလုတ်၏။
ပဆာ
၇။ မင်းသားသက်သူဇာနှင့် ညီနှရောင်ဆီတို့ မင်းအဖြစ်ကိုင်လို၍ လုကြသော်။ အစ်ကို သက်သူဇာ မနိုင်သော
ကြောင့်။ ရက္ခိုင်ပြည်သို့။ သက္ကရာဇ် ၁၀၂၂ ခု။ ဝါခေါင်လတွင် ရောက်လှာ၏၊ ရက္ခိုင်ဘုရင် စန္ဒသုဓမ္မရာ
၈။ ဇာမင်းတရားထံ နှမတော် စံပေပီကို။ ကိုယ်လုတ်တော်ပေး၍။ လှေခင်းတထောင်မကသော လှေတို့ကို။
တည့်တော်မူ၍။ စစ်ကူရန်ပါ ရှေ့ဘေးလောင်းတော်တို့ပိုင် စိုးခဲ့သော တဆဲ့နှစ်ပုညာကို။ ယူတော်မူပါ

**စော်----------ကျောဖက်**

၁။ ဟု။ လျှောက်လှာသော်။ စန္ဒသုဓမ္မရာဇာမင်းတရားလည်း။ လက်ဝဲဝင်းမျိုးကို ဗိုလ်ချုပ်ပြုလျှက်။ သက်သူဇာ
ထံ စစ်ကူထည့်၍။ ချီသွားစေသော်။ ရေဗွေသို့ရောက်လျှင်။ မောင်းဂေါတ်တို့က ညည်စစ်တိုက်
၂။ လေသောကြောင့်။ ရက္ခိုင်စစ်သည်တို့ ပျက်စီးလေ၏။ ဗိုလ်ချုပ်ဝင်းမျိုးလည်း သေလေ၏။
ရက္ခိုင်သားတို့လည်း။ တဆယ်နှစ်ပုညာကို ဖျက်ဆီးသိမ်းရုံယူပြီးလျှင်။ ပြ၍လာကြကုံ၏။ ယူဇနာလျှင်။
ခြင်တာ
၃။ သျှစ်သောင်း။ လေးထောင်ပေါင်းထက်။ သျှင်သောင်းလေးထောင်။ နှစ်ပြန်ဆောင်သား။ မြင့်ခေါင်သွယ်မျိုး။
မြင်းမှိုဦးဝယ်။ သုဒဿန။ မြို့မသခင်။ နတ်သျှင်မာဃ။ ဒေဝရာဇာ။ သူဇာနှင့်မျှ။ နိုင်မရသည်။
၄။ ဒီပပတ်ကုမ်း။ မြင်းအားလုံမ်းတို့။ ရွှင်ပြုန်ကြည်ဖြူ။ ရှုတော်မူလည်း။ သည်နီပြတ်ခေါင်။
ကြွေလုအောင်လျှင်။ နတ်တော်ပမာ။ သက်သူဇာကား။ တရာယးမင်တွင်။ တုံလျှင်မရ
၅။ ကြောက်ရွံခလျှက်။ သာလခေါင်တိုင်း ပြည်ခရိုင်ကိုင်။ စိုးပိုင်သနင်း။ ငါသည်မင်းအား။ ရင်တွင်းသည်းချာ။
မင်းပဆာက။ ကညာဆက်သွင်း။ သင်လည်းရှေ့က။ ဘယ်သီလကြော
၆။ င့်။ ရှုပလက္ခဏာ။ ငါးဖြာကြံအင်း။ စုံလင်ညီစွာ။ ဘယ်နတ်သာလျှောင်း။ ကြမ္မာသင်ကို ဖံသနည်း။

ကျော်ဆန်းပြား၍။ ဘုရားသျှင်ပင်။ ဘုန်တော်ပွင့်သား။ တိုင်းကားပြည်လုံမ်း။ လက်ရုံဖြန့်မိုး။ စိုး
၇။ ကွပ်အာဏာ။ ပစ္ဆိမာဝယ်။ ဒေသစိုးဆောင်။ မင်းခေါင်ရာဇာ။ ပြည်သာတည်ထောင်။
မြင်အောင်ရှည်လျှား။ မအိုလတ်ငြား၍။ သားသြော်ရသ။ တလသောက်ကြူး။ မင်းမူးသည်ခါ။ ကျင့်ရာမ
၈။ သင့်လင့်၍ ပြည်သူ။ လူတိုင်ညီညာ။ အမတ်ရာနှင့်။ ဗိုလ်ပါရုံမ်းစု။ ပုဂ္ဂုန်ပြုလျှက်။ ပြေးထွက်ဝင်ရာ။
သက်သူဇာတို့။ ငယ်စွာတညီ။ နှရောင်ဆီနှင့်။ တူပြီမကွာ။ အမတ်ရာတို့။ ဗိုလ်ပါဆင်

**စံ-----------ဝမ်းဖက်**

၁။ မြင်း။ မင်း၏ခန့်နား။ သားမယားနှင့်။ ပြေးသွားဝင်မြောက်။ ကျွန်ခံရောက်သည်။ လျှံတောက်စက်ရွှေတော်
ဝယ်သော။ စက်ရွှေတော်ရောင်။ ထွန်းဝင်းပြောင်သား ပြည်ထောင်နောက်မှာ။ ပစ္ဆာထိုမင်။ ဝင်
၂။ လှာလျှင်းသော်။ ပြည်တွင် သိမ်းမြန်း။ ရာနန်တည်ဆောက်။ မီးဖြူအောက်ဝယ်။ ဝမ်းမြောက်ကြည်ဖြူ။
အလှူဇာဂီ။ ပါရမီနှင့်။ ဖြည့်ညီသီလ။ ဒါနဆယ်ဖြာ။ သစ္စာစင်ဖြူ။ ကျင့်တော်မူ၍။ ရာန်သူမမှတ်မသ
၃။ တ်လေငြား။ သိမ်းမြန်းထားသည်။ ဘုရားဆုယူမျှော်ရွှယ်သော။ ဘုရားဆုယူ။ မျှော်တော်မူ၍။ သက်သူဇာ
သွေး။ အထွေးအကြီး။ မင်းသမီးကိုင်။ ထံနီးမကွာ။ စေပါတော်ထား။ မိသံများနှင့်။ မျက်ဝါးစီ
၄။ မွန်။ မြထွန်ထွေထွေ။ ရွှေငွေသပြာ။ များစွာမသျှား။ တိုင်းကားပြည်သူ။ လူရဟန်းအား။ သနားတော်မူ။
တို့ဘုံမ်းတူ၏။ မြစ်လူဝေချာ။ စကြာရွှစ်း။ တင့်ထူးဆန့်သည်။ ရံဝန့်ပျော်များ
၅။ ရွှေလေသော။ ရန်ဝန်းဘော်ရွှယ်။ ပျော်စမွာယ်၍။ တင့်တယ်လှစွာ။ သိခ်ါရောင်ရွှန်း။ တင့်ထူးဆန်းသည်။
ရွှေနန်းဥဂ္ဂင်။ ဘပလ္လင်ထက်။ နေ့သွင်နေ့တူ။ ထွက်တော်မူက။ လျှံလူ‌‌‌ေ
၆။ ပြောင်းဝင်း။ ရာမင်းဗျာဒိတ်။ တို့တံဆိတ်၏ ဘုံရိတ်တော်သည်။ လွှန်ချမ်းကြည်သား။ နောက်ပြည်လွှန်
ကျော်။ ရာဇမော်စား။ တကားပြည်ထောင်။ အပေါင်းသူရတန်း။ မင်းပဋ္ဌာန်းတို့။ ရွှင်လမ်းကြည်စွာ။ သိုက်
၇။ မှာ နိဒါန်း။ ကျိန်ခန်းအလျှောက်။ ကျွန်ခံရောက်သား။ ဤကြောင်းလျှားကိုင်။ ရွှေနားလျှောက်တင်။
မော်ကွန်းဆင်သည်။ ပန်ဆင်ကျော်ဆန်းပြားလည်ကောင်။ ဤသို့ စန္ဒသုဓမ္မရာဇာက။ သက်သူဇာကို
၈။ ချီးမွှန်းတော်မူ၏။ သက္ကရာဇ် ၁၀၂၃ ခု တပိုတွဲလတွင်။ ပစ္ဆာမင်းသား သက်သူဇာသည်။
စန္ဒသုဓမ္မရာဇာမင်းတရားကို။ ပုံဂါန်လေသော်။ မနိုင်သောကြောင့်။ ဂစ္ဆာဘနဒီမြစ်ညာဖျားသို့ ပြေးလေ၏။
သားနှစ်

**စံ----------ကျောဖက်**

၁။ ယောက်နှင့်နောက်ပါသူရဲတို့သည်။ ကျန်ရစ်ကုံ၏။ ထိုသူတို့ကိုလည်းသတ်၍ ပစ်လေ၏။
ကျန်ကြွင်းသောသူရဲတို့ကို။ သစ္စာတော်ရည်ကို တိုက်၍။ ကမာန်မြားစူး ကိုင်စေလျှက်။ မင်းအထံတွင်
အဆောင်
၂။ ကိုင်ဟူ၍။ အလှည့်နှင့် ခံရလေ၏။ ထိုလူတို့ကို ကမန်သည်ထောင်ဟုတွင်လေ၏။ သက္ကရာဇ် ၁၀၂၅
ခုတွင် သက်သူဇာကျွန်လွှတ်မောင်းဂေါတ်တို့သည်။ ပုံစား၍ ရွှေနန်းတော် ပြဿဒ်ကို။ မီးတိုက်လေ
၃။ လျှင်။ မနော်သီရိ မြောက်ဦးစား သေလေ၏။ သက္ကရာဇ် ၁၀၂၆ ခု ဝါခေါင်လဆန်း တဆဲ့တရက်နေ့ဝယ်။
ရွှေနန်းတော်ကို ဆောက်လေ၏။ ထိုနှစ်ဝယ်လည်းကောင်း။ တပို့တွဲလတွင်။ စစ်တကောင်းကို မော
၄။ င် ဂေါတ်ဖျက်လေလျှင်။ ကိုယ်ရံကြီး ရာဇဗလကျော်ထင်နှင့်။ ကုလားပန်စင်းစားကို။ ဖမ်း၍ ယူလေ၏။
စုန္ဒတ်အပေါင်းတို့လည်း။ စစ်တကောင်းမြို့က ဆုတ်၍ပြေးခဲ့၏။ ထိုနှစ်လည်းကောင်း
၅။ တပေါင်းလတွင်။ တံဘောင်တော်ကို မစီးသင့်မြစ်တော်။ မနာလို၍။ တံဘောင်တော်စီးလျှက်။
မဟာမုဏိကို ဖူးချေသော်။ အလောင်းသွားကျွန်မော်ဖျားတွင်။ ဘောင်တော်တင်၍ တူးလျှ
၆။ က်ပစ်၍ သွားလေ၏။ သရေချောင်းသို့ရောက်သောအခါ။ စစ်တကောင်းကု မောင်ဂေါတ်ဖျက်သည်ဟု
လျှောက်လှာသော်။ လှေတော်စီး၍။ ရွှေမြို့တော်သို့ ပြုလတ်၏။ စစ်တကောင်းကို တိုက်ဖျက်ချေဟု လွှ
၇။ တ်လိုက်သော် စစ်သည် လှေတက်လက်နက်ကိရိယာတို့သည်ပျက်၍ ပြုလတ်၏။ သက္ကရာဇ် ၁၀၂၈ ခု
နယုံလဆန်းငါးရက်နေ့ကသည်။ ဝါလကုံခါနီးတိုင်း။ ကြွတ်ကြီးလှေကျော်လည်ကျင်သံချိတ်တို့နှင့်။ လ

၈။ က်နက်ထမ်း၍။ ပေါင်းထွတ်က စောင့်စေ၏။ သက္ကရာဇ် ၁၀၃၁ ခု နတ်တော်လပြည့်ကျော် တရက် တနင်္ဂနွေနေ့ မိဖုရားခေါင်သားတော်။ ဥဂါဗလကို ရဟန်းပြု၏။ ညီတော်ကို စစ်တကောင်းကိုပေး၍ အမည်

**စား---------ဝမ်းဖက်**

၁။ ခံ၏။ သက္ကရာဇ် ၁၀၃၂ ခု။ ပြာသိုလဆုပ် ဆယ်ရက်အင်္ဂါနေ့တွင်။ ညီတော် စစ်တကောင်းစား ပုံစားလှာ သော်။ ဝင်တွင်းထဲက စစ်ခံလျှင်။ လက်နက်မှန်၍ ညီတော်သေ၏။ နောင်တော်လည်း ညှိုးနွမ်းငိုမြည်နေ
၂။ လေ၏။ သက္ကရာဇ် ၁၀၃၃ ခု။ နယုံလ ရွှေနန်းအရှေ့ဘက်တံခါးထွက်က။ မဟာမုနိသိန်တော် ရောက်အောင် ဇင်းခါဆည်၏ ဝါဆိုလဆုတ် တဆဲ့တရက် သောကြာနေ့တွင်။ ရွှေကူဟာဘုရားသိန်နှင့် ကျော
၃။ င်းတော်ကို တည်တော်မူ၏။ သက္ကရာဇ် ၁၀၃၈ ခု ကဆုံလဆုပ်ခြောက်ရက် တနင်္ဂနွေနေ့၊ သားတော် အလတ်နှင့်။ သမီးတော် သုဝဏ္ဏကလျာကို ထိမ်းမြားလေ၏။ နယုံလဆုပ်လေးရက် စနေနေ့တွင်။ ဥဂါဗလကို
၄။ အိမ်ရှေ့နှင်လေ၏။ သက္ကရာဇ် ၁၀၄၅ ခု နတ်တော်လတွင်၊ စန္ဒသုဓမ္မရာဇာ မင်းတရားသည်။ ဒွါရာဝတီမြို့သို့ အလှူကြီးပေးအံ့သောင့်၊ ချီကြွတော်မူလေသော်။ ခုနှစ်ခရိုင်တောင်စည်သူကြီး
၅။ တို့သည်။ မိမိတို့၏အပိုင် မိုးခြားရေခြား အရပ်ကအစပြု၍။ ရွှေလှေပြဿဒ်တို့ကို။ တမုတ်ပိုကြိုးတို့ဖြင့် တည်း၍ဆွဲငင်ကြကုံ၏။ ရေစုံရေဆန်တို့ကိုလည်း။ မိမိတို့ချောင်းဝက

။ တဆဲ့နှစ်တောင် အလျှားဟိသော။ ဂါဉနှစ်လုံမ်းကို စည်း၍။ မျှောရလေ၏။ ဝါးတင်ရာအရပ်ကို။ မိုးခြားမြေ ခြား သမုတ်လျှက်။ ခုနှစ်ခရိုင်တောင်စည်တို့ကို တားခဲ့ပြီးမှ။ ဒွါရာဝတီသံတွဲမြို့သို့ ရောက်တော်မူ
၇။ လေလျှင်။ အံတော်နံတော် ဆံတော်ဓာတ်တို့ကို ပူဇော်ကံတောပြု၍။ အလှူကြီးကိုပေးတော်မူသောအခါ၌။ ပုဂ္ဂံပြည်အင်းဝမြို့က ရာဇသံတမာန်ရောက်လှာ၏။ ဘုရင် စန္ဒသုဓမ္မရာဇာ မင်းတရားကြီး
၈။ သည်။ ခုနှစ်ခရိုင်တို့၌။ ဇေတီပုထိုးတို့ကိုလည်း။ တည်တော်မူခဲ့၍။ အလှူကြီးပေးပြီးလျှင်။ ရွှေပြည်တော်သို့ ပြန်တော်မူလတ်၏။ ရွှေလှေပြဿဒ်ငသည် အရပ်နှင့်။ ဝါးလုံမ်းမျှော၍ တင်ရာအ

**စား--------ကျောဖက်**

၁။ ရပ်ကိုလည်း။ ခုနှစ်ခရိုင်တော်စည်တို့တွင်။ ရေခြားမြေခြားသော။ သမိုင်းကိုဖြစ်စေ၏။ ထိုစန္ဒသုဓမ္မရာဇာ မင်းတရားသည်။ ဒသဓမ္မတရားကို ကျင့်တော်မူ၍။ အိမ်နိမ့်တဆဲ့ခုနှစ်။ စည်စိမ်သုံဆယ်
၂။ နှစ်နှစ်။ နှစ်စုသက်တော် လေးဆဲ့ကိုးနှစ်တွင် လွန်တော်မူလေ၏။ ၂၃။ ထိုမင်းလွန်တော်မူလေလျှင်။ သားတော် ဥဂါဗလသည်။ မိဖုရားသုဝဏ္ဏကလျာနှင့်။ အဘိသိက်ခံ၍။ သက္ကရာဇ် ၁၀၄၆ ခု။ ဝါဆို
၃။ လဆန်းခြောက်ရက် အင်္ဂါနေ့တွင်။ သီရိသူရိယဓမ္မရာဇာ အမည်ကိုခံ၍။ ပြည်စည်စိမ်ကို စိုးအုပ်တော်မူလေ၏။ ဝါခေါင်လဆုပ် တဆဲ့တရက်နေ့ တလလ်ာနေဝယ်။ ဘထွေးတော် အနောက်မင်းသ
၄။ မီးကို။ မိဖုရားမြှောက်တော်မူ၏။ တော်သလင်းလဆန်း သုံးရက်။ အင်္ဂါနေ့တွင်။ အလှူကြီးပေး၏။ တံဆောင်မုန်းလဆန်းဆယ်ရက်နေ့ ဘထွေးတော် သံတွဲစား မင်းရဲကျော်
၅။ စွာကို။ ကုလားတန်သို့ လှိုလေ၏။ နတ်တော်လဆုပ် ခြောက်ရက်တွင်။ ချိပ်မြို့ကို တည်တော်မူ၏။ မင်္ဂလာနန်းတော်ကို ဆောက်ပြီးလျှင်။ မင်္ဂလာဦးဇေတီနှင့်။ ကျောင်းကိုလုတ်တော်
၆။ မူ၏ နတ်တော်လဆုပ်ဆယ်ရက် နန်းတော်တက်လေ၏။ အလှူကြီးကို ပေးတော်မူလေ၏။ ပြာသိုလတွင် မဟာမုနိဘုရားကို ပူဇော်ကံတော့ ချီကြွလေ၏။ ပြည်သူပြည်သားတို့ကို ဘုရားအထံ၌ သစ္စာတို
၇။ တက်၍။ ပြန်လာခဲ့၏။ တန်ခူးလဟောင်း လပြည့်ကျော်တရက် ကြာသပတေးနေ့၊ လောကမာန်အောင် သိမ်တွင် ပဥ္စင်တထောင်ခံ၍။ အလှူကြီး ပေးတော်မူ၏။ သက္ကရာဇ် ၁၀၄၇ ခု။ တန်ခူးလဆုပ်ခြောက်
၈။ ရက် ဗုဓဟူးနေ့ မဟာမုနိကို အဘူးချီကြွမည်ကြံသည်ကိုင်။ ဘုရားပညာဟိတို့က သွားသော်ပြန်အံ့မဟိ။ လျှောက်သည်ကို။ မနာလို၍ ချီကြွလေလျှင်။ ဘုရားရင်ပြင်တော်၌ သုံရက်အလှူတော်ကို ပေး၍

**ဏ---------ဝမ်းဖက်**

၁။ ပြံခဲ့လျှင်။ ရမ်းဝစည်းမှာ တရက်ကြာခဲ့၏။ မင်းဆိတ်နန်းမြေဆီမှာချည်းလှာ၏။ သုံရက်နေပြီးမှ။
ရွှေနန်းတော်ကို မတက်ပဲ။ ကဆုံလဆန်းတရက်နေ့ ရွှေဘောင်တော်စီးလျှက်။ ချောင်သစ်ကိုထွက်လေ၍။
ချီ
၂။ ပ်မြို့ကိုဝယ်။ မင်္ဂလာဝါ။ နန်းတော်သို့တက်လေ၏။ နန်းထက် တဆယ်တလနေပြီးလျှင်။ အိမ်နိမ့်
နှစ်ဆဲ့သုံနှစ်။ စည်စိမ်တနှစ်။ နှစ်စုသက်တော် နှစ်ဆယ်လေးနှစ်။ သက္ကရာဇ် ၁၀၄၇ ခု။ ကဆုံလဆန်
တဆယ့်တ
၃။ ရက် တနင်္လာနေ့ဝယ်။ ကိုယ်တော်ရံလေးသောင်းနှစ်ထောင်တို့သည်။ ချိပ်မြို့ မင်္ဂလာဝါးနန်းထက်တွင်
ပုံစား၍ သေလေ၏။ နန်းကိုလည်း မီးတိုက်၏။ မိဖုရားနှင့်ကိုယ်လုတ်မောင်းမတို့သည်။ များစွာသေကြေ
၄။ ပျက်စီးလေ၏။ လက်ျာမြဲမြန် စစ်ကဲကြီးနှင့် မူးကြီးမတ်ရာလူတို့သည်။ များစွာသေကုံ၏။ ဥစ္စာရွှေငွေတို့ကို
ဖျက်ဆီး၍ ပြည်သူလူတို့သည် များစွာယူလေကုံ၏။ . . . ထိုအခါ ရဲဘော်သီ
၅။ ဟတောင်ဘက်ဓားကိုင်။ ရွှေနန်းတင်မည်ဟု။ ချောင်းသစ်က ယူခဲ့၍။ မင်းဆိတ်သို့ရောက်လေသော်။
တချို့လူများတို့သည်။ မညီမညွတ်ဖြစ်လတ်သောကြောင့်။ သတ်၍ညည်ချင်းပစ်
၆။ လေ၏။ ၂၄။ ထိုမင်းလွန်လေလျှင်။ ညီတော် သံတွဲစားကို မိဖုရားမင်းများသျှင်နှင့်၊ အမူးအမတ်တို့သည်။
ညီညွတ်ပြီးလျှင်။ မိဖုရားသုကုမ္မာနှင့်အဘိသိက်ခံ၍။ သက္ကရာဇ် ၁၀၄၇ ခု ကဆုံလဆန်းတဆယ်နှစ်ရ
၇။ က် အင်္ဂါနေ့တွင်။ ဝရဓမ္မရာဇာ အမည်ကိုစ၍။ ပြည်စည်စိမ်ကို စိုးအုပ်တော်မူလေ၏။ လူကြီးသူကြီးတို့ကို။
ငွေချပ်သုံဆယ်။ ပြည်သူလူတို့ကိုင် ငွေတဆဲ့ငါးချပ်စီ။ မင်းမြောက်ဘိသိက်သွန်းသောအခါမ
၈။ မင်္ဂလာဆုကို ပေးတော်ပြု၍။ ကိုယ်တော်ရန်တို့ကိုလည်း ပြည်သူလူတို့ကို တောင်းခံ၍။ တလကို
ငွေလေးချပ်စီ လတိုင်း သူရဲစာပေးရ၏။ တပို့တွဲလ ဘထွေးတော် သံတွဲစား မင်းရဲကျော်စွာကိုင်။

**ဏ---------ကျောဖက်**

၁။ ကုလားတန်တွင် လှိုရာက ယူချေ၏။ ထိုလ အလှူကြီးပေး၏။ တပို့တွဲလပြည့်ကျော် ကိုးရက် တနင်္ဂနွေနေ့
ဝယ်။ ရွှေနန်းတော် မီးလောင်၍။ မင်းများ သျှင်မိဖုရားနှင့် ကိုယ်လုတ်တော်မောင်းမတို့ သေကုံ၏။ သူငယ်ေ
၂။ တော်သူကြီး စန္ဒကာမဏိသည်။ များသော ရဲမက်နှင့် ဝရဓမ္မရာဇာမင်းကို။ သက္ကရာဇ် ၁၀၄၈ ခု အတက်
တံခူးလဆုပ်တရက်။ ဗုဓဟူးနေ့တွင်။ ပုန်စားလေက ပြည်သားပြည်သူတိုင် တိုက်လေသော်။ သူငယ်တော်
၃။ သူကြီးစန္ဒကာမဏိကိုင် အရှင်ဖမ်း၍ ရလေ၏။ ဒေါသမပြေိုင်သတ်မည်လိုသော်လည်း တပို့တပါးရပ်ခြား
တိုင်း စွန့်ဖြစ်သော။ ကုလားတိုန်သို့ လှိုပို့လေဟု လွှတ်လိုက်ရာဝယ်။ အညာအရပ်၌။ ကုလားတို့နှင့် ညီ၍
၄။ လက်ရေးစင်သူကြီးသေတို့ကိုင်။ တိုးခုတ်၍ ပြေးခဲ့၏ကိုယ်ရံကြီးစေသူ ကျောင်တင်လိုက်လေသော်။ ဖမ်း၍
အရှင်ရလေလျှင်။ ဝရဓမ္မမင်းကို ပြလေသော်။ သတ်၍ပစ်လေ၏။ ကင်ပြင်
၅။ ပေါင်တုပ်တောင်ဘက် ကုလားတို့ညီညာ၍။ ခေါင်တကာကုလားသည်။ ဝရဓမ္မရာဇာမင်းကို။ သက္ကရာဇ်
၁၀၄၈ ခု တပို့တွဲလဆုပ်လေးရက် သောကြာနေ့ဝယ်။ ဇိုပုံစားလှာလျှင်။ ပြည်သူလူနှ
၆။ င့်သူရဲများကို တိုက်ကြလေသော်။ ခေါင်တကာကုလားသည် မနိုင်၍။ အနောက်ပြည်သို့ပြေးလေ၏။
ထိုနှစ်လူတို့သည်။ ရောဂါဝက်သက်ပေါ်၍ သေကုံ၏။ စပါးအထောင်းတရာကို ငွေဒင်္ကားသုံးဆယ်ပေးရ
၇။ ၏။ ဆင်ကဲကြီးတလဖျာနှင့်။ လက်ဝဲမြန် လက်ျာမြန်တို့ကို။ ဓားလှန်ချီလျှက် လွှတ်တော်ထက်ဝယ်။
သက္ကရာဇ် ၁၀၄၉ ခု။ ပြာသိုလဝယ်။ ကိုယ်တော်ရံတို့ သတ်၍ပစ်၏။ ရှေ့မင်းစည်မင်းဆက်ထားသော ဘ
၈။ ဏ္ဍာကျိုကြတို့တွင် ဟိသော ဥစ္စာရွှေငွေတို့ကိုလည်း အကုန်ယူကုံ၏။ မင်းမိမ္မတို့ကိုလည်း။ ကိုယ်ဘိုးပြတ်၍
ယူကုံ၏။ မင်းလည်း မတည်ပြည်လည်း မရပ်ဖြစ်ကြကုံ၏။ ထိုကိုယ်တော်ရံတို့ကို။ နှိုးနှံ့ကြောက်

**ဏာ--------ဝမ်းဖက်**

၁။ စိမ့်သောငှါ။ အရိယာတို့သည် ဖမ်းဆီး၍သတ်ကုံ၏။ သက်မသျှင်သည် ကိုယ်ပင်ရုံမ်းစု၍။ ပြုသော်တော်
ရွှေအများနှင့်။ အားထုပ်၍။ ဆောက်ပုတ်လှင်းကန်နှင့် ဖမ်းဆီး၍။ သတ်လတ်လတ်သော်။ ထိုရော်

၂။ သင်များတိုင့်သည်။ ကြောက်လွန့်စွာ ကြားလတ်သော်လျှင်။ ဓရမ္မရာဇာမင်းတရားလည်း။
မင်းရဲရွှေတောင် သင်အမတ်လောကမာန်အောင်ထေရ်။ မနိမြရွှေကူတို့၊ အကျွန်ကိုယူလျှက်။ ရာန်သူဘေးမျှ
၃။ န်းလွတ်ချမ်းငြိမ်းရာအရပ်သို့ ပို့ထားပါဟု မှာတော်ပြုလျှင်။ သျှင်ပျူများတို့သည်။ ရှုံမ်းစု၍။
ညည့်သံခေါင်အခါဝယ်။ ရွှေနန်းတော် အနောက်ဘက်မင်းတရားကို တက်၍ယူချေဟု စေလွှတ်လိုက်သော်
၄။ အစောင့်ကိုယ်တော်ရံတို့သည် သိလေ၍ ထိုသျှင်ပျိုတို့ကိုသတ်၍ ပစ်လေပြီးမှ။ မင်းရဲရွှေတောင်။ သင်မ
အမတ်လောကမာန်အောင်တေရ်။ မနိမြရွှေကူတို့
၅။ ကိုယူ၍။ ရေတွင်နစ်လျှက် ကိုယ်တော်ရံတိုင်သည်။ သတ်၍ပစ်လေ၏။ ပြည်တွင်းပြည်ပ ကျောင်အိမ်များ
တို့ကိုတက်၍ ဖမ်းယူလျှက်။ ရေးရာမရပြုကုံ၏။ ဆကရောသူကြီးအမည်
၆။ ဟိသော ကုလားနှင့်၊ သရေသင်္ဂဇာတို့ ညီညာ၍။ လာပြီးလျှင်။ သက္ကရာဇ် ၁၀၅၀ ပြည့် ဝါဆိုလတွင်။
ဝရဓမ္မရာဇာမင်းတရားကိုင်။ ပုံစားလှာ၏။ ကိုယ်တော်ရံတို့က ဆီးခံတိုက်လိုက်သော်။ ပြန်၍ပြေးခဲ့၏။ ယင်
၇။ ကဝယ်လည်းကောင်း။ တလိုင်နဲ့ကောမိနှင့်။ စည်းတင်ဘုန်ကြီးနှင့်။ တလိုင်းအပေါင်းတို့သည်။
ဝရဓမ္မရာဇာမင်းတရားကိုင်။ ပုံစားလှာ၏။ ကိုယ်တော်ရံတို့က ဆီးခံတိုက်လိုက်သော် ပြန်ပြေးလေ၏။
လုင်တော်
၈။ ပေါင်းသူကောင်းသူကြီးတို့ ခိုက်ရာန်ဖြစ်ကြရာဝယ်။ သက္ကရာဇ် ၁၀၅၀ ပြည့် ဝါခေါင်လဝယ်။
မင်းသားကန်းနိစားကို။ သင်းတော်များသည်။ ရေတွင်နစ်၍ သတ်လျှက် ပစ်လေ၏။ ထိုလတွင်
လည်းကောင်း

**ဏာ————————ကျော့ဖက်**

၁။ တလိုင်းနှင့် ကုလားတို့သည် ညီညာ၍။ နဲကောမိတို့ဥရာဇ်တောင်ဝယ် တပ်တည်၍ ကျမ်းသောင်ပြလေ၏။
ကိုယ်ရံကြီးထွက်၍ တိုက်ချေသော်။ မနိုင်ခဲ့သောကြောင့် ပြန်လတ်၏။ ယင်းလ
၂။ လည်းကောင်း။ အညာအရပ်ကလည်း။ တလိုင်နှင့်ကုလားတို့တပ်တည်လျှက် သောင်းကျမ်း၏ ချီသွား၍
တိုက်လေသော်။ မတ်ရာကျေးစားတို့သည်။ ပျက်စီး၍ကိုယ်ရံကြီးသည်။ ပြန်လာခဲ့၏။ ယင်း
၃။ လလည်းကောင်း။ လဆုပ်တဆဲ့သုံရက် အင်္ဂါနေ့တွင်။ ကိုယ်ရံကြီးသည် အညာမှာတတ်ကိုသွား၍
တိုက်လေသော်။ အောင်ခဲ့၍ပြန်လာ၏။ ကိုယ်ရံကြီးသည် များသောရဲမက်နှင့် ချီသွားလေ၍။ သ
၄။ က္ကရာဇ် ၁၀၅၁ ခု ကဆုံလဆန်းသျှစ်ရက် အင်္ဂါနေ့ဝယ်။ ဥရာဇ်တောင်တပ်နဲကောမိကို တိုက်လေသော်။
နိုင်လေ၏။ ထိုနှစ်ဝယ်လည်ကောင်း မဟာစက်တော်မှာလည်း။ တ
၅။ နေ့တည်းတွင် သုံကြိမ်ကက်ကျဖြားရေပြန်၏။ တပေါင်းလဆုပ် တဆဲ့နှစ်ရက် အင်္ဂါနေ့။ မင်္ဂလာကျောင်းနှင့်
ဇေတီကိုလုတ်၏။ သက္ကရာဇ် ၁၀၅၂ ခု ဝါဆိုလဆုတ် တဆယ်တရက်
၆။ နေ့မှာ မင်္ဂလာရာမဇေတီတော်တွင် ဌာပနာသွင်း၏။ သက္ကရာဇ် ၁၀၅၃ ခု ဝါဆိုလမှာ လူလေးရာနှင့်။
တော်သလင်းလမှာ မြင်ပါကို ချင်းတို့ဖျက်၏။ သက္ကရာဇ် ၁၀၅၃ ခု ဝါဆိုလမှာ လူလေးရာနှင့်။
၇။ ဆင်နှစ်စီးကို နောင်တော်ကြီး အိမ်ရှေ့မင်းကို ပေး၏။ သက္ကရာဇ် ၁၀၄၅ ခု ဝါဆိုလဆန်း ခုနှစ်ရက်
သောကြာနေ့တွင်။ ကိုယ်တော်ရံတို့သည် ညီညာ၍။ ဝရဓမ္မရာဇာကို။ နန်းကချလေ၏။ ထိုမင်း
၈။ ကား အိမ်နိမ့်တဆယ်သျှစ်နှစ်။ စည်စိမ်ခုနှစ်နှစ်။ နှစ်စုသက်တော် နှစ်ဆဲ့ငါးနှစ်တွင် နန်းတော်က
ကျလေ၏။ ၂၅။ ထိုမင်းနန်းကျလေလျှင်။ နောင်တော် အိမ်ရှေ့မင်း မုနိဒတ္တကို။ သက္ကရာဇ် ၁၀၅၄ ခု
ဝါဆိုင်

**ဏိ————————ဝမ်းဖက်**

၁။ လဆန်းသျှစ်ရက်။ စနေနေ့တွင်။ ကိုယ်တော်ရံတို့သည် ညီညွတ်၍။ နန်းတင်လေ၏။ မုနသုဓမ္မရာဇာ
ဟူသော အမည်ကိုခံ၏။ ကိုယ်တော်ရံတိုင်သည်။ တောင်းမြဲကို သူရဲစာကောင်းလတ်သော်။ ငွေ
၂။ င်ရွှေငွေဥစ္စာမဟိဟု ဆိုတော်ပြုလျှင်။ ထိုလလည်းကောင်း မုနသုဓမ္မရာဇာကို နန်းမှချလေ၏။ ဝရဓမ္မရာဇာ
ကို နန်းတင်ပြန်လေသော် မိုယ်းမရွာ၍ နေပူလတ်သည်ဖြစ်လတ်လျှင် မုနိသုဓမ္မရာဇာ

၃။ ကိုနန်းတင်ပြံလေ၏။ လက်ဘဒီပသိန်ယိုင်ပြည်၌။ သာသနာတော် ပရိဟာနယဖြစ်၍။ သာသနာတော်ကို တည်အံ့သောငှာ။ အ၀ဆယ်လ်ဟိသော သဘော်ပျံတွင်။ များစွာသောလက်ဆော

၄။ င်တော်နှင့်။ ရက္ခာပူရမည်သော ရက္ခိုင်ပြည်။ မြောက်ဦးမြို့သို့။ သက္ကရာဇ် ၁၀၅၅ ခု တော်သလင်းလတွင် ရောက်လှာ၏။ မုဏိသုဓမ္မရာဇာမင်းတရားသည်။ ဝါကျွတ်လဆန်းနှစ်ရ

၅။ က်ကြာသပတေးနေ့ဝယ် ရတနာစံဦးသိမ်တော်အတွင်း၌။ ရဟန်းပညာဟိ လူပညာဟိတို့နှင့်။ သဘင်ကြီးစွာ ပြု၍။ တိုင်ပင်ပြီးသော်။ မဟာဇေယျ အမည်ဟိသော စစ်ကဲကြီး

၆။ ကို။ ရွှေဘူးနှစ်ဆောင်နှင့် မင်းခန့်နှစ်ဆောင်တို့ကို ရှေ့နောက်ခြွေရံအများနှင့်။ ဝန်းရံ၍။ မင်းအဟံကဲ့သို့ ဝေါတော်စီး၍။ အကြောင်းကု မေးစစ်လိုက်လျှက် သွားလေသော်။ တံဆောင်မုန်းလဆန်း တဆဲ့

၇။ တရက် စနေနေ့တွင်။ သိန်ဟိုင်ဋမင်းစေနှင့်။ အဖူးခံပြီးလျှင်။ ပွဲကြီးသဘင်ခံ၍။ ပြောကြ၏။ မုဏိသုဓမ္မ ရာဇာ မင်းတရားက အခွင့်မပေး၍။ သိန်ဟိုင်ဋမင်းစေတို့သည်။ ပြံ၍ သွားကြကုံ၏။ မုဏိသုဓမ္မရာဇာကို နန်းက

၈။ ချ၍။ ဝရဓမ္မရာဇာကို နန်းတင်ပြန်လေ၏။ တပို့တွဲလဆန်းကိုးရက်နေ့ ဝရဓမ္မရာဇာကို နန်းမှချ၍။ မုနသုဓမ္မရာဇာကို နန်းတင်ပြံလေ၏။ သက္ကရာဇ် ၁၀၅၆ ခု နယုံလဆန်းသုံရက်နေ့။ မာလုဘီမည်သောပြည်က

**ဏ--------ကျောဖက်**

၁။ သဘော်ရောက်လှာ၏။ ယင်းလဝရဓမ္မရာဇာတည်သော မဂ်လာရာမ ဇေတီတော်ကို။ သကာထောင်စား ဖျက်ဆီး၍။ မြေအောက်ဌာပနာကို ယူလေ၏။ ထိုမုနိသုဓမ္မရာဇာကား။ အိမ်နိမ့်သုံဆဲ့ငါးနှစ်။ စည့်

၂။ စိမ်နှစ်နှစ်။ နှစ်စုသက်တော် သုံ့ဆဲ့ခုနှစ်နှစ်တွင်။ လွန်တော်မူလေ၏။ ၂၆။ ထိုမင်းလွန်လေလျှင်။ သက္ကရာဇ် ၁၀၅၆ ခု ပြာသိုလဆန်း ငါးရက်နေ့ နန်းတော်ကချလေ၏။ ပြီးလျှင် ညီတော်ဖြစ်သော သံတွဲစား သတိုးဧ

၃။ အောင်ကို။ မိဖုရားသုဘာရနှင့် အဘိသိက်ခံ၍ ပြည်စည့်စိမ်ကို စိုးအုပ်တော်မူ၍။ စန္ဒသူရိယဓမ္မရာဇာ ဟူသော အမည်ကို ခံလေ၏။ ထိုအခါ ဂစ္ဆာနဒီမြစ်ညှာဖျား၌နေသော။ တလိုင်နဲခွဲနဲသုတတို့ကျမ်း

၄။ သောင်းလေ၏။ ထိုအကြောင်းကို ကြားလေသော်။ လျှင်။ လောသောကခုစီသတိုးသည်။ များသော ရဲမက်နှင့် ချီသွားလေ၍။ တိုက်လေသော်။ လောလောကခုစီသတိုးသည် ကျလေ

၅။ ၍။ သက္ကရာဇ် ၁၀၅၇ ခု။ ဝါဆိုလဆုပ်ကိုးရက်။ နေ့တွင် ပြံ၏။ တပေါင်းလဆန်း တရက်သောကြာနေစန္ဒသူရိယဓမ္မရာဇာကို နန်းတော်မှချ၍ လေ၏။ ဝရဓမ္မရာဇာကို နန်းတင်ပြံလေ၏။ ထိုအ

၆။ ခါဝယ် ဂစ္ဆာနဒီမြစ်ညှာတွင် နေသော ကုလားအပေါင်းနှင့်။ တလိုင်းနဲခွဲနဲ သုတတို့လာ၍။ စန္ဒသူရိယဓမ္မရာဇ်ကို ရွှေနန်းတော် တင်ပြီးလျှင်။ ဝရဓမ္မရာဇာကို နန်းတော်မှချ၍။ ကုလားတန်သို့ လှိုခဲ့၏။ သ

၇။ က္ကရာဇ် ၁၀၅၈ ခု ကဆုံလဆန်းကိုးရက် ဗုဒ္ဓဟူးနေ့ စန္ဒသူရိယ ဓမ္မရာဇာကို။ နန်းတင်လေ၏။ ကုလားနှင့်တလိုင်းတို့သည်။ ကျောင်းအိမ်သို့တွင်တက်၍။ ဥစ္စာရွှေငွေကို လုယူကြ၏။ နိုင်ထက်စိုးကဲပြုလျှ

၈။ က်။ ရိုက်ခတ်ထောင်းထု၍ ကြောင်းလမ်းမရ ပြေးသွားသူတို့မခံသာဟိလတ်မှ။ ပြောင်းမပေါက်ဟု ဆိုအပ်သော သူရဲညိုသည်။ ဗိုလ်မှူးပြုပြီးလျှင်။ ကိုယ်တော်ရံများတိုင်နှင့် တိုက်လေသော်။ ကလိုင်နဲခွဲ

**ဏီ-----------ဝမ်းဖက်**

၁။ နဲသုတကုလားတို့သည်။ ပြေးခဲ့၏။ ကိုယ်ရံကြီးလှဝန်းဆွေသည်။ လူအများနှင့်လာ၍။ စန္ဒသူရိယဓမ္မရာဇာမင်းတရားကို။ သက္ကရာဇ် ၁၀၅၈ ခု ဝါခေါင်လဆန်း ခုနှစ်ရက်စနေနေ့တွင် ပုန်စားလျှဆက် လှန်ဖြင့်ထိုး၍ သေလေ

၂။ ၏။ ထိုမင်းကားအိမ်နိမ့်နှစ်ဆဲ့နှစ်နှစ်။ စည့်စိမ်နှစ်နှစ်။ နှစ်စုသက်တော် နှစ်ဆဲ့လေးနှစ်တွင်။ လွန်တော်မူလေ၏။ ၂၇။ ထိုမင်းလွန်လေလျှင်။ သံတွဲစားသာငဒုံမ်းကို မိဖုရားသုခုမာနှင့်။ အဘိသိက်ခံ၍

၃။ သက္ကရာဇ် ၁၀၅၈ ခု ဝါခေါင်လဆန်း သျှစ်ရက် တနင်္ဂနွေနေ့တွင်။ ရွှေနန်းတင်၍။
နော်ရထာဇောအမည်ကိုခံ၍ မင်းပြု၏။ နန်းတဆဲ့ငါးရက်ဟိလျှင်။ ဝါခေါင်လဆုပ်ခြောက်ရက်
သောကြာနေ့
၄။ တွင်။ ရွှေနန်းတော်ကချ၍။ သျှစ်သောင်ဘုံနံကြီးကျောင်းတွင်။ ရဟန်းပြု၍ ထားလေ၏။ ထိုမင်းကား
အိမ်နိမ့်တဆဲ့လေးနှစ်တွင်
၅။ နန်းတော်က ကျလေ၏။ ၂၈။ ထိုမင်းနန်းကျလေကလျှင်။ အနွယ်မျိုးခြားသော။ ရဟန်းကူဖြူကို၊
မိဖုရားအိန္ဒမာနှင့် အဘိသိက်ခံ၍။ သက္ကရာဇ် ၁၀၅၈ ခု ဝါခေါင်လဆုပ်ခုနှစ်ရက်သောကြာနေ့
၆။ တွင် ရွှေနန်းတင်၏။ မာရုပ္ပိယအမည်ကို ခံတော်မူလေ၏။ ထိုမင်းနန်းထက် တဆဲ့သုံးရက်ဟိလျှင်။
နန်းကျမင်းနော်ရထာဇောကို။ သျှစ်သောင်းဘုံကြီးကျောင်းတွင်။ ရဟန်းပြု၍။ တားရာက ယူ၍
သတ်၍ပစ်စေ
၇။ လေ၏။ မာရုပ္ပိယမင်းလက်ထက်တွင်၌။ သိန်ယိုင်ဋ္ဌကျွန်ဝယ် ဘုရားသခင်သာသနာတော်သည်။ အပရိသုဒ္ဓ။
ဖြစ်လေသောကြောင့်။ တည်စိမ့်သောင်ငှါ။ အဝဆယ်လံဟိသော သင်္ဘောပျံနှစ်စင်းနှင့် သယ်ာ
၈။ ထရ်ပုဂ္ဂိုလ်တို့ကို။ အပင့်အခေါ် ရောက်လှာလျှင်။ မာရုပိယမင်းလည်း။ မူးမတ်ပညာဟိတို့နှင့်။ တိုင်ပင်တော်
မူ၍။ သက္ကရာဇ် ၁၀၅၈ ခု ပြာသိုလဆန်း ခြောက်ရက်တနင်္ဂနွေနေ့ဝယ်။ သတ္တဌာန ဆရာတော်နှင့်။ လော

**ကီ---------ကျောဖက်**

၁။ င်းကြက်ဆရာတော်နှစ်ဂိုဏ်းကို သယ်ာတော်လေးကျိတ်နှင့်။ သိန်ယိုင်ဋ္ဌပြည်သို့ ကြွတော်မူစေ၍။
သာသနာတော်၏ အညစ်အကျေးကို။ သုတ်သင်ရှင်းလင်းတော်မူသည်။ ထိုသို့သော သာသနာတော်ကို
သုန်သျှင်း
၂။ (သျှင်းလင်းတော်မူသည်)။ ၍။ သိန်ယိုင်ဋ္ဌသားတို့ကို ဥပ္ပသမ္ပဒအဖြစ်ကို။ များစွာရောက်စေပြီးလျှင်။
လက်ဝဲအထက် စွယ်တော်ကို ဖူးမြင်အံ့သောငှါ။ သယ်ာတော်လေးကျိတ်တို့သည်။ အနုရာဓပြည်သို့။ ကြွ
၃။ တော်မူလေလျှင်။ စွယ်တော်စောင့်လူတို့သည်။ ကလုပ်မဖွင့်လိုပဲနေလျှင်။ သတ္တဌာန ဆရာတော်သည်။
ဇရဏကလအာကာသံ။ နက္ခတ္တာရာ ပရိက္ခိတ္တံ။ ဟူသော တဆဲ့လေးပုဒ်သော ဂါထာကို။ ဘုရားသ
၄။ ခင်အချီမွမ်းသောမနာသဒ္ဓါ သက္ကစ္စဂါရဝနှင့်။ ရွက်တော်မူလျှင်။ ကလုပ်လက်တို့သည်။ အလိုလိုမဲပွင့်လေ
လျှင်။ စွယ်တော်မြတ်ကို။ ပူဇော်ကံတောပြု၍။ ထိုဇရဏတလအာ
၅။ ကာသံဟူသော တဆယ့်လေးဂါထာသည်။ ယခုတိုင်။ သတ္တဌာနက လုတ်ဖွင့်ဟူ၍။ ထင်ရှားစွာဟိ၏။
သတ္တဌါနဆရာတော် လောင်းကြက်ဆရာတော်နှင့် သံယ်ာတော်လေးကျိတ်
၆။ တို့သည်။ ထက်ဝန်းကျင်အထွတ်ဟိသော သုမဏကုဋ္ဌေအမည်ဟိသော။ သီရိပါဒတောင်သို့
ကြွတော်မူလေ၍။ ဘုရားသခင်ခြေတော်ရာကို။ ဖူးမျှော်ကံတော့ပြုပြီးလျှင်။ ထိုတောင်၏အရပ်ထ
၇။ က်ဝန်းကျင်ကိုကြည့်၍ စာပုဒ်လုတ်၍ ဆိုသည်ကား။ မကြားဖူးအောင်။ လုဘောင်လွန်ပြီး။ အံ့ဝှဲချီးသား။
လျှန်ညီရောင်ဝင်း။ တုံလုမင်းလျှင်။ ကြွနင်းအမှတ်။ ထိုတောင်ထွတ်၌။ အတတ်ဝိဇ္ဇာ။ အောင်ရာဇော
၈။ ဂီ။ တပသီတို့။ အမှီတကဲ့ အနေမြဲသား။ ရဲရဲရောင်ဝါ။ သူရိယာစန္ဒ။ နေလထွက်ဝင်။ ကြည့်မမြင်တည်း။
သစ်ပင်သစ်ရွက်။ ရွှန်းရွှန်းထွက်မျှ၊ ခက်လက်လန်ညောင်။ အရောင်မဟိ။ ဒိဋ္ဌိမိစ္ဆာ။ လူတကာတို့။ ထက်မှာ

**ကု-----------ဝမ်းဖက်**

၁။ မရောက်။ သံကောက်သံသွင်။ တက်ပါလျှင်သည်။ မစင်အပုပ်။ စက်ဆုပ်အကောင်။ လေမရောင်တည်း။
အခေါင်မိုးတိ။ သီရိပါဒ။ တွင်ထမည်ပင်။ လွန်းဝင်ထင်သည်။ မင္ဂင်သျှစ်တန်နိဗ္ဗာန် အလယ်ချက်မသော
၂။ င်း။ အထူးအထူး။ ကြားသော်မူးမျှ၊ ကျေးဇူးငါးပါး။ ထိုတောင်ဖျားဝယ်။ လေကာပြင်းထွေ။ မသေဆီမီး။
မိုးကြီးထန်ပြင်း။ ရနမ့်ရှင့်သား။ သလင်းအသွင်။ တလင်းပြင်လည်း။ ကျယ်တွင်မဟုပ်။ ငါးထောင်မုတ္တာ၊
မြေ
၃။ မျက်နှာထက်။ အရာသောင်းထောင်များမြောင်ကုဋ္ဌေ။ ဆန်တက်လေ၏။ များထွေရောင်ချက်။

မြကျောင်ခွက်က။ ဖက်သော်နိုင်လောက်။ အစောက်မနက်၊ လက်သျှစ်သစ်တွင်။ တင်သည်ရေလည်း။
သောက်

၄။ လေမခန်း။ အမ့်ဘနန်းတည်း. ။ စောင်းတန်းပိတ္တား။ သံတံခါးအောက်။ နတ်သို့မှောက်သား။
ရောက်တောက်မည်း။ မိုယ်းလည်းမထောင်း။ ချမ်းရိပ်ကောင်းတွင်။ ကျန်လေဝင်သည်။ ဥမှင်လေ

၅။ ရာမိုးသို့။ ဤသို့လျှင် သီရိပါဒတောင်ကို ချီးမွမ်းပြီးမှ။ လေးကျိတ်သော သဃာတို့သည်။ သိန်ယိုဠ်မြို့တွင်
သာသနာတော်ကိုင်ပြုပြင်၍ နေလေသေး၏။ မာရုပ္ပယမင်းကို။ တလို

၆။ င်းနှင့်ကုလားတိုင် ဂစ္ဆဘနဒီမြစ်ညာဖျား၌။ တတ်တည်လျှက် သောင်းကျမ်းပြန်၏။ မာရုပ္ပိယမင်းလည်း။
မဟာဇေယျအမတ်ကြီးကို၊ လှေတက်လက်နက်ကိရိယာ စေလွှတ်တော်မူလျှင်။ သက္ကရာဇ် ၁၀၅၈ ခု။

၇။ တပို့တွဲလဆုပ်ငါးရက် တလင်္ာနေ့ဝယ်ချီ၍ တိုက်လေသော်။ သရေချောင်းဖျားစက်ကြယ်တွင်။
ပျက်လေ၏။ မဟာဇေယျအမတ်ကြီးသားဘမြေးမြစ်တို့သည်။ အကုံလေလေ၏။ ရဲမက်ဗိုလ်ပါတို့သည်။။

၈။ များစွာသေကုံ၏။ လှေတက်ပြောင်းလက်နက်ကိရိယာတို့ကိုလည်း။ များစွာရလိုက်၏။ မဟာမုနိသိမ်တော်
ကိုလည်း။ မီးတိုက်လေ၏။ ဘုရားရုပ်တုတော်ဝယ်။ ဆင်သောတံဆာ

**ဏု-----------ကျောဖက်**

၁။ ဥစ္စာရွှေငွေတို့ကိုလည်း။ များစွာယူလေ၏။ ထိုလှေတက် လက်နက်ကိရိယာတို့ကို ရလေလျှင်။
တလိုင်နဲ့သုတနှင့် ကုလားတို့သည်။ ရုံမ်းစု၍။ သက္ကရယဇ် ၁၀၅၈ ခု တပေါင်းလပြည့်ကျော်နှစ်ရ

၂။ က်နေ့ဝယ်။ မြို့တော်ကို ဖျက်ဆီးလှာ၏။ မာရုပ္ပိယမင်းလည်း။ မြို့တွင်း၌ ဟိသော လူသူဆင်မြင်း
မိဖုရားကိုယ်လုတ်တော် မောင်းမအားလုံမ်းစုံတို့ကို ယူခဲ့၍။ ပေါင်ထွတ်ရွာတွင်။ စစ်ကဲကြီးနန္ဒဗလသည်။ စောင့်

၃။ ထိန်း၍နေလေ၏။ တလိုင်ဗိုလ်နဲသုတနှင့် ကုလားတို့သည်။ မြို့ကိုရ၍ နေလေလျှင်။ ကိုယ်တော်ရံအပေါင်းတို့
သည် စုဝေး၍ သက္ကရာဇ် ၁၀၅၉ ခု ကဆုံလဆုပ် ခုနှစ်ရက်တနင်္လာနေ့ဝယ်။ တိုက်လေသော်။ တလိုင်းနှင့်။

၄။ ကုလားတိုင်သည်။ ပျက်စီး၍ပြေးခဲ့လျှင်။ ကိုယ်တော်ရံတို့သည်။ မြို့တော်ကို ရလေ၏။ မာရုပ္ပိယမင်းကား။
အိမ်နိမ့်ခြောက်ဆယ်။ စည်စိမ်တနှစ်။ နှစ်စုသက်တော် ခြောက်ဆယ့်တနှစ်တွင်။

၅။ ရွှေနန်းတော်က ကျလေ၏။ ၂၉။ ထိုမင်းနန်းကျလေလျှင်။ မျိုးခြားရတနာစံဦးဘုံကြီးကို။ ဝတ်ဖြူလှည်းစေ၍။
မိဖုရားဖွားမယ်နှင့် အဘိသိက်ခံ၍။ သက္ကရာဇ် ၁၀၅၉ ခု ကဆုံလဆုတ်တဆယ်တရ

၆။ က်။ ကြာသပတေးနေ့တွင်။ ကိုယ်တော်ရံတို့ညီ၍ နန်းတင်လေ၏။ ကလမန္ဒာတ် အမည်ကိုခံတော်ပြု၏။
တန်ဆောင်မုန်လဝယ်။ ဘလောင်ဇင်သီးတည်။ သင်္ဘောစီး၍မြစ်ကြီး ဂစ္ဆဘနဒီကိုဆန်၍လာ

၇။ လတ်လျှင်။ တလိုင်းနှင့် ကုလားတို့တိုက်လေသော်။ ရမ်းဝတွင် ပျက်ချေ၏။ ထိုနှစ်တလိုင်း ကုလားတို့ ရမ်းဝကို
ဖျက်၍ မီးတိုက်လျှက်။ ထွက်လာသော မီးစားမောင်ကြီးသည်။ ဖျက်၍တိုက်လေသောတ

၈။ လိုင်းနှင့် ကုလားတိုင်သည်။ ပျက်စီး၍ပြေးခဲ့၏။ ထိုလဝယ် အညာအရပ်ကလည်း။ အနောက်အရပ်သို့။ ကုလား
တို့ပြေးလေ၏။ သက္ကရာဇ် ၁၀၆၀ ပြည့်။ ကဆုံလတွင် ပြည်သူလူတကာတို့သည်။ အချင်း

**ဏူ-----------ဝမ်းဖက်**

၁။ မထွက်မသွားနိုင်အောင် တိုက်ခိုက်၍ လုစားကြကုံ၏။ ကလမန္ဒာတ်မင်းသား။ အိမ်နိမ့်ခြောက်ဆယ်။ နှစ်စု
စည့်စိမ်တနှစ်။ နှစ်စုသက်တော် ခြောက်ဆယ့်တနှစ်တွင်။ တန္ဒကို ပုံစား၍ သေလေ၏။

၂။ ၃၀။ ထိုမင်းလွန်လေလျှင်။ မင်းသားငရှိစားငယ်မည်မောင်ဖြူကိုင်။ နန်းတက်မိဖုရားနှင့် အဘိသိက်ခံဝ×။
သက္ကရာဇ် ၁၀၆၀ ပြည့်။ နယုံလပြည့်ကျော်။ တဆဲ့နှစ်ရက် ကြာသပတေးနေ့တွင်။ နရာဓိပတိအ

၃။ မည်ကိုခံ၍။ ရွှေနန်းတက်တော်မူလေ၏။ နန်းတက်၍ရက်ပေါင်းငါးဆယ်ဟိလျှင်။ တောင်တလွှားတွင် ရုံမ်းစု၍
နေသော အမတ်နန္ဒစည်သူသည်။ များသော ရဲမက်နှင့်လာလတ်၍။ သက္ကရာဇ် ၁၀၆၀ စီ

၄။ ဝါခေါင်လဆုပ်လေးရက် တလင်္ာနေ့တွင်။ နရာဓိပတိမင်းကု။ ရွှေနန်းတော်က ချပြီးလျှင်။ စန္ဒသူရိယဓမ္မရာဇာ
သားတော်ကို မင်းတင်လှာ၏။ စန္ဒသုဓမ္မရာဇာဟု အဖိုးတော်

၅။ အမည်ကို ခံ၏။ နန်းတက်တဆယ့်လေးရက်ဟိလျှင်။ ပြည်သူတို့သည် မကြိုက်၍။ ရွှေနန်းတော်က ချပြလေ၏။

နရာဓိပတိမင်းကိုင်လည်းကောင်း။ နန်းတင်ပြဲလေ၏။ ပြည်အလုံ
၆။ မ်းလည်း ငတ်မွတ်၍။ ချောက်မြောက်တောင်ကြားမြေပြင်ကြောင်းလမ်းတို့၌ သူကောင်ထပ်မျှသေကုံ၏။ ရေတွင်
လည်း။ ကြွမ်းထင်ကဲ့သို့ သူကောင်တို့သည်။ မျောကုံ၏တောင်သူတောင်သားချင်း
၇။ လင်းများတို့သည်။ ဖမ်းဆီး၍ ရောင်ချလေသည်။ လည်းများလျှစွာ၏။ ပြည်တပါးသို့ ပြေးသွားတိုးဝင်ရောက်
လေသော သူတို့သည်လည်း များလှစွာ၏ ဥစ္စာရွှေငွေဟိသောလည်း။ ဝယ်ရာမရဖြစ်
၈။ ကုံ၏။ တန္တခိုးသူအချင်းချင်း နှိပ်စက်ညှင်းဆဲပြုကြကုံ၏။ ထိုနရာဓိပတိမင်းကို။ သက္ကရာဇ် ၁၀၆၁ ခု နတော်လ
တွင် စစ်ကဲကြီး နန္ဒစည်သူသည်။ များသောရဲမက်နှင့် ပုန်စားလေသော်။ ထိုမင်းလည်း

**ဏူ-----------ကျော်ဖက်**

၁။ ကြောက်လွှန်၍။ လောင်ကြက်ကျွန်းသမန်ချောင်းဝယ်။ ပုန်းအောင်း၍ နေလေ၏။ နန္ဒပလစစ်ကဲကြီးကို
များသောဗိုလ်ပါနှင့် တိုက်ချေဟု စေလိုက်သော်။ ရေကောင်းချောင်းဝယ် ကျမ်းယောင်း၍နေ
၂။ သော။ နန္ဒစည်သူအမတ်ကို။ ထိုနှစ်တပို့တွဲလတွင် တိုက်လေသော်။ ပျက်စီး၍ပြေးခဲ့၏။ ဥစ္စာရွှေငွေ သားမယား
အားလုံးမ်းကိုရ၍ မင်းကိုဆက်သလေ၏။ နရာဓိပတိမင်းလည်း။ ရွှေမြို့တော်ဝယ်
၃။ ဝင်၍နေလှာ၏။ စစ်ကဲကြီး နန္ဒစေသူလည်း။ သားမယားကြောင့် အငြိုးထား၍ များသော ရဲမက်နှင့်။ သက္ကရာဇ်
၁၀၆၂ ခု ဝါဆိုလဆန်းတရက် ကြာသပတေးနေ့တွင်။ ရွှေနန်းတော်အနောက်က
၄။ က်၍။ ပုံစားလေသော်။ နရာဓိပတိမင်းသည်။ အိမ်နိမ့်နှစ်ဆယ်တနှစ်။ စည်စိမ်နှစ်နှစ်။ နှစ်စုသက်တော် နှစ်ဆယ်
သုံးနှစ်တွင်။ လွှန်တော်မူလေ၏။ ၃၁ ထိုမင်းလွှန်လေလျှင်။ မင်းရဲ
၅။ ကျော်စွာမည်သော သံတွဲသားတော်ကျော်သိခ်သည်။ မိဖုရားဖွားစောနှင့်။ အဘိသိက်ခံ၍။ သက္ကရာဇ် ၁၀၆၂
ခု။ ဝါဆိုလဆန်းနှစ်ရက် သောကြာနေ့တွင်။ ရွှေနန်းတင်တော်မူ၏။ စန္ဒဝိ
၆။ မလရာဇာဟူသော အမည်ကို ခံတော်မူ၏။ ထိုရောအခါ မြောက်ရပ်ယိုးဖျားတဲချောင်း၌ နတ်မင်းရောက်သည်ဟု။
ယုံလောက်အောင် ပြောကြ၏။ သဒ္ဒါဇာဂဒါနသီလ ဆောက်တည်၍ သားငါးကို
၇။ သျှောင်ကြည်လျှက် ကောင်းစွာကျင့်ကြကုံလော။ မကျင်သောသူကား။ သေပျောက်၍။
ငရဲသို့ရောက်လတ်တန့်ဟု။ မဟာနိမိတ်တိတ်တရင်း ပေါ်ကုံ၏။ လူတို့၌မွေးစားသောကြက်သည်။ ပျန်
၈။ ၍ပျောက်ခဲ့၏။ ရွာတိုင်း၌ လူတို့သည်။ စရပ်မဏ္ဍာပ်ဆောက်၍ သီလသတင်း ဆောက်တည်ကုံ၏။ နန္ဒစည်သူနှင့်
သက်စံရွှေတို့။ ပေကျွန်းကများသော ရဲမက်ဗိုလ်ပါနှင့် ချီလာပြီးလျှင်။

**ဏေ----------ဝမ်းဖက်**

၁။ သက္ကရာဇ် ၁၀၆၂ ခု တပေါင်းလဝယ်။ စန္ဒဝိမလရာဇ်မင်းတရားကို ပုံစားလှာ၏။ ထိုမင်းလည်း။ ကန်ဖြူကျွန်းတွင်
နေလေ၏။ သက္ကရာဇ် ၁၀၆၃ ခု နတ်တော်လဆုပ်တဆဲ့တရက် သောကြာနေ့တွင်
၂။ ဝါးနန်းဆောက်လေ၏။ သက္ကရာဇ် ၁၀၆၄ ခု ဝါဆိုလဆန်း တရက် အင်္ဂါနေ့ဝယ်။ ကောလိယမင်း၏ နန်းရာမြို့
သာယာတွင်။ နေလေသော်။ ရာန်ဘက်ဖြစ်သော သူငယ်တော်သူကြီးနန္ဒစေသူ။ သီရိဇေယျ
၃။ ဓားပိုင်ကြီး ဇေယဖြူ။ သင်မပိုရွှေ။ တောင်ဘက်စားရအိမ်ဖြူ။ တို့ပေါင်းဘက်၍။ များသော ရဲမက်ဗိုလ်ပါနှင့်။
အညာပေကျွန်းအရပ်ကလာ၍။ သက္ကရာဇ် ၁၀၆၄ ခု နတော်လတွင်။ စန္ဒဝိမလရာဇာမင်းတရား
၄။ တိုင်။ ထပ်လောင်း၍ တဖန် ပုံစားပြန်၏။ ထိုမင်းလည်း တောတန်းကျွန်းသို့ ပြေးလေ၏။ နန္ဒပလစစ်ကဲကြီးကို။
များသောရဲမက်နှင့်။ တိုက်ချေဟု မေးတော်မူလိုက်၍ တိုက်လေသော်သူ
၅။ ငယ်တော်သူကြီး နန္ဒစေသူ အစဟိသော သူပုံအပေါင်းတို့သည်။ အညာပေကျွန်းသို့ ဖြေးကြလေကုံ၏။ စန္ဒဝိမလ
ရာဇာမင်းတရားလည်း။ တောတန်းကသည် ပေါင်တုပ်သို့ပြော
၆။ င်းလာ၍။ နန်းတော်ဆောက်လျှက် နေလေ၏။ ထိုအခါ၌။ ပညာမဟိသော လူဒိဋ္ဌိတို့သည်။ ဘုရားဆင်းတုဇေ
တီတို့၌။ ဌာမနာတို့ကို တူးဖော်၍။ သာသနာတော်ကို ဖျက်ဆီးလျှက်နေသော သရေသင်္ဂဇာနှင့် ဘု
၇။ ရားဖေါက်ခေါင်း အစဟိသော သူခိုးတန္တတို့ကို နှိပ်နှင်းစိမ့်သောငှါ စန္ဒဝိမလရာဇာမင်းတရားလည်း။ ဆရာတော်
စသော မှူးမတ်အပေါင်းတို့နှင့် တိုင်ပင်သော်။ လူတို့တရင်း နိဒါန်းအလိုဆိုသည်ကား။ သူခိုးကို

၈။ တန္တခေါင်ရိပ်လတ္တန့်။ ယောကျ်ားတယောက်။ ဒိုင်းဓားကောက်၍။ ရပ်စောက်ပြည်ကို ဖျင်လတ်ကန့်ဟူ၍။ ဓာတ်
လေးပါးတွင်လည်း စနေသားအားဟိပါသည်. ဖြစ်သောကြောင့်။ လူတယောက်ကို တန္တဗိုလ်မင်း

**ဏဧ————————ကျောဇက်**

၁။ အမည်မှည့်၍။ အကြံပြုလျှက်။ တိုက်သတ်စေမှ။ သာသနာဖျက်တို့ကို နှိုတ်နှင်နိုင်မည်ဟု။ လျှောက်ကြလျှင်။
နန္ဒဗလစစ်ကဲကြီးလည်း။ ကြံတွက်ဆ၍။ အနောက်ထားထောင်ကို စိုးပိုင်သော ရွှေတုံညိုင်
၂။ သာ။ ပညာအဆင်အခြင်ဖြင့်နှင့်။ ရှေ့နောက်အမြော်အမြင်အားအံစွမ်းရဲသတိခိုင်ခန့်စွာ၏ မူရာလုံးချုံတို့ကို
ထမ်းလောက်တုံမ်၏ဟု လျှောက်လတ်ကြားက စန္ဒဝိမလရာဇာမင်းတရားလည်း သက္ကရာဇ် ၁၀၆၄
၃။ ခု တပို့တွဲလဆန်း လေးရက်စနေနေ့တွင် တန္တဗိုလ်မင်းအစည်ကို။ မှည်တော်ပြု၏။ သင်းမပိုးရွှေသည်။ ဝပြန်ရွာ
တွင် ကျမ်းသောင်း၍ နေ၏။ တန္တဗိုလ်မင်းတိုက်လေသော် နိုင်လေ၏။ သင်မပိုရွှေကား။ သင်း
၄။ ပေါင်းချောင်းသို့ ပြေးလေ၏။ တောင်ဘက်စားရ အိမ်ဖြူနှင့် ပေါင်းဘက်ပြီးလျှင်။ မြေပေါင်တပ်ကြီးစွဲ၍
သောင်ကျမ်းကြပြုသော်။ တန္တဗိုလ်မင်းချီ၍။ တိုလေသော် အောင်ပြုံ
၅။ လေ၏။ သင်မပိုင်းရွှေလည်း ရံပြကျွန်းသို့ပြေးလေ၏။ တမိသားချင်းညီဖြစ်သော ရဲပြစားအောင်ရှိက များသော
လေ့တက်လက်နက်ကြိယာတို့ကို ပေဏးလိုက်၍ ရခဲ့လျှ
၆။ င်။ ပြန်လှာ၍။ အညာအရပ်အုံတပင်ဝယ် သီရိဇေယျစစ်ကဲကြီးနှင့်။ သူငယ်တော်သူကြီး နန္ဒစေသူတို့ပေါင်းဘက်
ပြီးလျှင်။ အုံတပင်က တပ်တာတဉ်၍ သောင်းကျမ်းလေ၏။ စန္ဒဝိမလရာဇာမင်းတရား
၇။ လည်း။ တန္တဗိုလ်မင်းအား သင်မကျေးကို ထည့်တော်ပြု၏။ သင်မပိုရွှေ သူငယ်တော် သူကြီးနန္ဒစေသူ။ စစ်ကဲ
သီရိဇေယျ။ လက်ဝဲဝင်းမှူ့သတိုးညို။ လကျ်ာဝင်းမှူးသတိုးဖြူ။ နဲခွဲနဲသုတ။ နဲသုခတော
၈။ င်ဘက်စားရအိမ်ဖြူ။ အရှေ့ခါးထောင် စိုသောင်ကောင်းတုံညို။ ထိုလူတို့သည် စုပေါင်း၍။ လာပြီးလျှင်။ သက္ကရာဇ်
၁၀၆၅ ခု တော်သလင်းလဆုပ် ငါးရက်သောကြာနေ့တွင်။ ကျွန်ကျက်သရေရွာ

**ဏဲ————————ဝမ်းဇက်**

၁။ ကိုဖျက်ဆီးလျှင်။ အမတ်တော် သင်မတန္တဗိုလ်မင်းလိုက်၍ တိုက်လေသော်။ နိုင်လေ၏။ လူများတို့သေလေသည်
ကား ။ ဓားမကျမြစ်တွင် သူကောင်းပြည့်၏ ကြွင်းသောလူတို့ကား။ ဒိုင်းဓားလှန်လက်နက်လှေ
၂။ တက်မကြွင်းကိုပစ်၍ပြေးကြလေ၏။ သင်မပိုင်းရွှေစစ်သူကြီးကိုဖမ်း၍ရလျှင် သတ်၍ပစ်လေ၏။ ကြပ်စင်ကျွန်း၌။
စစ်ကဲရဲဘော်လည်း။ အမတ်တော် သင်မတန္တဗိုလ်မင်းနှင့်။ နှစ်ကိုယ်တကိုယ်။ သစ္စာပြု၍နေ
၃။ ကြရာတွင်။ နန္ဒဗလစစ်သူကြီးစကားကို နာခံ၍။ သစ္စာဖောက်ပြုံလျှက်။ ဓားပိုင်ကြီးဥဒီ။ လကျ်ာပြထွန်းဖြူတို့ကို
ကုလားတလိုင်းနှင့်။ ပေါင်းဘက်၍။ အနောက်ကုလားပြည်မှာ ခေါင်းတကာကို ခေါ်ကြချေ
၄။ ၏။ အမတ်တော် သင်မတန္တဗိုလ်မင်းကို တိုက်အံ့ဟု ကြံသော်။ ခေါင်တကာလည်း အကြံဖောက်၍။ မင်းက
စသော မှုးမတ်မကြွင်း။ သိမ်းရုံမ်း၍ ယူပြီးလျှင်။ အနောက်ကုလားပြ
၅။ ည်သို့တင်မည်ဟု အကြံအစည်ကို မင်းနှင့်မှုးမတ်သေနာပတိတို့ သိလေ၍။ စန္ဒဝိမလရာဇာမင်းတရားကို။
ပေါင်တွတ်ရွာကသည် မင်းနေမြို့ဝင်းတော်သို့ပြောင်းလွှဲ၍ ထားလေ၏။
၆။ စစ်ကဲနန္ဒဗလလည်း။ လေးမြို့ချောင်းထဲသို့ ဝင်ပြုံ၍ နေလေ၏။ ခေါင်တကာကုလားလည်း။ ဗိုလ်ပါလုံမ်းရင်းနှင့်။
ပေါတွတ်ရွာကို ဖျက်ဆီး၍။ ယူလေ၏။ သင်းမအမတ် တန္တဗိုလ်မင်းကြားလေသော်
၇။ များသော ရဲမက်နှင့် ချီ၍။ တိုက်လေသော်။ ဂစ္ဆဘနဒီမြစ်ကို ကူးသန်းစည်တွင်တွေ့လေသော်။ ပြောင်းမီးပေါက်
တို့သည်။ မိုယ်ကြီးခွေသကဲ့သို့။ ပစ်လေလျှင်။ ကြွမ်းတင်းလားကဲ့သို့ ပျက်စီးလေလျှင်။
၈။ နန်သျှင်မယ်တော်မိဖုရားနှင့်။ ရတနာရွှေငွေလက်နက် ကိရိယာကို။ များစွာရလိုက်၏။ ခေါင်တကာကုလားကား။
အနောက်ပြည်သို့ ပြေးလေ၏။ စစ်ကဲနန္ဒဗလ။ ကုလားတန်ဘားဗာဆွေ။ ပြည်

**ဏဲ——————ကျောဇက်**

၁။ စိုးကြီးငကုံမ်း။ ဆင်ကဲကြီးသက်ရှည်။ ဓားပိုင်ကြီး ဥဒီတို့သည်။ ပေါင်းဘက်၍။ သက္ကရာဇ် ၁၀၆၆ ခုကဆုံလတွင်

တိန်းတိုင်းက တပ်ကာချ၍။ သောင်းကျန်းပြန်၏။ သင်မအမတ်တန္ဒဗိုလ်မင်းသည်။ ချီ၍
၂။ တိုက်လေလျှင်။ ပျက်စီး၍ လေးမြို့ချောင်းကိုဝင်၍ပြေးခဲ့၏။ လက်ျာမြဲမြစန်ထွန်းဖြူနှင့်။ သက်စံရွှေတို့
ကျက်သရေ ရွာသားလူအများနှင့် တန္ဒဗိုလ်မင်းကို။ တော်သလင်းလဝယ်သွား၍။ တိုက်လေသော်
၃။ အုပ်ခဲ့နှင့် တော်ကိုပစ်ဘိသကဲ့သို့ ဆုပ်အံ့သောင့်ါ မတတ်နိုင်မှ ကြပ်စင်ကျွန်းသို့ပြေးလေ၍။ ပုံလျှိုးလျှက်နေနလေ
၏။ တကြိမ်တုံသစ္စံရွှေနှင့်၊ စစ်ကဲရဲဘော်တို့ကြံဆော်ညှိလျှက်။ လောင်းကြ
၄။ က်စမွလယ်။ တောတန်းစည်ရွာ။ ငစရိုင်းချောင်းကြပ်စင်။ ရွှေပန်းတန်၊ မင်းကံ။ ခေါ်မကျ။ မင်းမ။ သင်္ဂပါ။
သင်ပေါင်ချောင်း။ အကြေတရိုးလူမျိုးနှင့်။ ပေါင်ဘက်၍။ စစ်လှေစီးပြီးလျှင်။
၅။ ဇီငုတ်တိုရွာတွင်။ တပ်ချ၍နေ၍လှာ၏ သင်မအမတ်တန္ဒဗိုလ်မင်းထွက်၍ တိုက်လေသော်။ ဘက်စံရွှေနှင့်စစ်ကဲ
ရဲဘော်တို့သည်။ ပျက်စီး၍ ပြေးပြန်ခဲ့၏။ သံတွဲစားဇေယျဖြူနှင့် လော
၆။ င်ကြက်စား ငစင်း။ အနောက်ဝင်းမှူး ငယက်သည်။ တို့ညီညွတ်၍။ ကျက်သရေသားလူအများနှင့် အမှားခံ၍။
သင်မအမတ်တန္တဗိုလ်မင်းအထံဝယ် သစ္စာပြု၍ ကျွန်ခံလှာ၏။ တကြိမ်တုံကြပ်စင်ကျွန်က
၇။ စစ်ကဲရဲဘော်ကျမ်းပြံလေ၏။ သက္ကရာဇ် ၁၀၆၇ ခု၊ ကဆုံလဆုပ်လေးရက် တလင်္ကာနေ့တွင် သေနာပတိ
အမတ်တော် သင်းမတန္တဗိုလ်မင်းတိုက်လေသော်။ ငရဲဘော် ပျက်စီး၍ ပြေးလေလျှင်။ ကျော
၈။ က်ခုပ်စအင်းက ကျမ်းသောင်းပြန်၏။ တန္ဒဗိုမင်းတိုက်လေသော်၊ စစ်ကဲရဲဘော်လား။ ပျက်စီး၍ မိန်ချောင်းသို့
ပြေးလေ၏။ လေးမြို့ချောင်းတွင်နေသော စစ်ကဲနန္ဒဗလသည်။ ထွက်လာ၍။ ခေါ်တော်

**ဏော----------ဝမ်းဖက်**

၁။ အရပ်၌ တက်တည်လျှက် ဗိုလ်မင်းကြောင်ဘော်နှင့် ကျွမ်းလုံမ်းသားတို့သည်။ သောင်းကျမ်းပြန်လေ၏။ သင်မ
အမတ်တန္တဗိုလ်မင်းလိုက်၍ တိုက်ပြံလေလျှင်။ စစ်ကဲကြီး နန္ဒဗလသည်။ အကုံပျက်စီး၍ လေးမြို့
၂။ ချောင်းကို ဝင်၍ပြေးပြံခဲ့၏။ ဥရာဇ်တောင်စား ငမဲသည်။ လူသူပေါင်းစည်း၍။ ပြည်တောင်ညိုဝယ်က
တပ်တာဆောက်လုတ်၍။ ကျမ်းပြန်လှာ၏။ သင်မအမတ် တန္ဒဗိုလ်မင်းသည်။ သက္ကရာဇ် ၁၀၆၇ ခု
၃။ တံဆောင်မုန်းလဆုပ်ငါးရက် ကြာသပတေးနေ့တွင်။ လိုက်၍တိုက်သော်။ ပျက်စီးလျက် ဥရာဇ်တောင်စား ငမဲကို
လည်း ဖမ်း၍ရလေ၏။ လဆုပ်ခြောက်ရက် သောကြာနေ့တွင်ကား မုန်းတိုင်းထ၏။
၄။ ပုဂ္ဂံပြည် အင်းဝမြို့ကလည်း။ ရက္ခိုင်ပြည်ဝယ် ကိုယ်တော်ရံလေးသောင်းနှစ်ထောင်တို့သည်။ ပြည်တည်သျှင်မင်း
ကို မရှိမသေပြု၍။ မင်းမတည်ပြည်မရပ်ဟိသည်များကိုင်
၅။ ကြားလေလျှင်။ ရက္ခိုင်ပြည်စစ်ကို စစ်ထိုးလိုင်သောကြောင့်။ အင်းဝမင်းက ဗိုလ်မင်းညိုရစ်ကု အစူးအစမ်းစေလိုက်
၍။ တောင်စည်လမ္ဘုသို့ ရောက်လှာလျှင်။ လမ္ဘုကြီးသူအော
၆။ င်ကျော် ဘေးနျှောင်းဘိုးနှောင်းတို့နှင့် ပြည်ထဲအရေးကို ပြောဆို၍သိလျှင် အလွယ်တကူ ယူအံ့ဟု အောက်သား
ဗိုလ်မင်းငညိုရစ်သည်။ တပ်တာတည်၍ နေ၏။ ထိုအရပ်ကို။ ညိုရစ်တတ်ရာဟု တွင်၏။
၇။ ကြီးသူအောင်ကျော်ဘေးနှောင်ဘိုးနှောင်းတိုက်ကြလေသော်။ အောက်သား ဗိုလ်မင်းညိုရာဇ်နိုင်လေ၍။
လူသူတို့ကို များစွာဘမ်း၍ ယူပြီးလျှင် ရွှေကြက်ယက်၌ ရွာတည်၍ထားလေ၏။ ပုဂ္ဂံပြည်
၈။ အင်းဝမင်းလည်း။ အလွန်အားရ၍။ ပြည်မင်းရဲသာဂသူရသိုင့်။ အာဏာတော်ဆင့်လျှက်။ မင်းရဲသာဂသူရ
ကလည်းမှာ အရေး၌ရခိုင်ပြည်တွင်၊ လူပညာဟိ ပိဋကတ်ဗေဒင်ပညာတတ်သူ ဟိမည်မဟိ

**ဏော------------ကျောဖက်**

၁။ မည်ကုသိလိုသောကြောင့်။ စာနှင့်လူစေလိုက်၏။ သမ္ဘုသို့ရောက်လှာလျှင်။ စာတွင်ပါသည့်စကားကိုကြည့်၍။
မှာဆိုလိုက်လျှင်။ ပြည်ထဲအရေးသည် ငြိမ်းကြလေ၏။ သက္ကရာဇ် ၁၀၆၇ ခု။ တပေါင်း
၂။ လတွင်။ ပြည်မြို့ဝန်သာသူရသို့။ လမ္ဘုသူကြီးတို့က ပြန်၍စာပေးလိုက်၏။ ကျွန်ခေါင်းအောင်ထွီးလည်း။ ကောက်
ချောင်း ဥဇ္ဇွန်းတော်အရပ်၌။ သက္ကရာဇ် ၁၀၆၈ ခု။ တော်သလင်းလတွင်။ တပ်တာတည်
၃။ ၍။ ကျမ်းသောင်းပြီးလျှင်။ ရွာပေါင်းတွင်ကို တိုက်ဖျက်ယူရမည်ဟု ပြုလတ်သော။ သင်မအမတ် တန္ဒအမတ်
လည်း ပေါင်းတွင်းတွပ်ရွာကို ကျိန်းသို့ယူ၍ တည်ပြီးလျှင်။ ဈေးနှာဒုက္ကကိုလည်းချလေ၏။

၄။ စန္ဒဝိမလဓမ္မရာဇာမင်းတရားကိုလည်း။ ရွှေမြို့တော်က ပြောင်ယူချေ၍။ စလင်က သူတောင်မော်တွင်။ ဝါးနန်း
ဆောက်၍ထားလေသော်။ နန္ဒဗလခိုးယူပြီးလျှင်။ တောတန်းကျွန်း၌ထားလေ
၅။ ၏။ သင်မအမတ် တန္ဒဗိုလ်မင်းတိုက်လေလျှင်။ ပျက်စီး၍ နန္ဒဗလသည်။ ကောက်ချောင်းသို့ပြေးလေ၏။
ဤစန္ဒဝိမလရာဇာမင်းတရားကား။ အိမ်နိမ့်နှစ်ဆယ်တနှစ်။ စည့်စိမ်ခြော
၆။ က်နှစ်။ နှစ်စုသက်တော် နှစ်ဆဲ့ခုနှစ်နှစ်တွင်။ နန်းကျလေ၏။ ၂၃။ ထိုမင်းနန်းကျလေလျှင်။ တောင်ဘက်က
ရဲဘော်သီဟသား။ သတိုးလှကို မိဖုရား ဖွားသွေးနှင့်။ အဘိသိက်ခံ၍။ သက္ကရာဇ် ၁၀၆၈ ခု။ တံခူးလသ
၇။ စ်ဆန်းတရက် ကြာသပတေးနေ့တွင် ရွှေနန်းတင်၏။ သူရိယရာဇာအမည်ကို ခံတော်ပြု၏။ သက္ကရာဇ် ၁၀၆၉
ခု။ နတ်တော်လတွင် သံတွဲမြို့ကို အောက်သားတို့ သတ်လှာသော်။ သံတွဲစားဖေယျဖြူသည်။ ဆီးခံ၍
၈။ တိုက်လိုက်သောကြောင့်။ အောက်သားတို့သည် သေကြေပျက်ဆီး၍ ပြေးလေ၏။ ရသောလူသူသုံ့ပန်းလက်နက်
ကြိယာတို့ကို။ စန္ဒသူရိယ ဓမ္မရာဇာမင်းတရားအား ဆက်လှာ၏။ သက္ကရာဇ် ၁၀၇၀ တပို့တွဲ

**ကော်--------ဝမ်းဖက်**

၁။ လဆန်းဆယ်ရက် ဗုဒ္ဓဟူးနေ့တွင်။ သင်မ အမတ် တန္ဒဗိုလ်မင်းသည်။ ဂစ္ဆာဘနဒီမြစ်ညာကိုဆံ၍။ များသောသူရဲ
နှင့်။ ဥခွန်တော်ဂေါက်ချောင်တပ်ကို တိုက်လေသော်၊ နိုင်လေ၏။ နန်းကျစန္ဒဝိမလရာဇာမင်းတရား
၂။ ကား။ အနောက်ပြည်သို့ပြေးလေ၏။ ပဂ်ါကုလားတို့နှင့် ပေါင်းဘက်၍နေလျှင် ခန္ဓာရွှေ့လေ၏။
ရွှေငွေဥစ္စာလက်နက်ကြိယာ လှေတက်မိဖုရားသားသွီးအကုံကို ရလိုက်၏။ စစ်ကဲရဲဘော်လည်း။ ပိန်ချော
၃။ င်းဖတူက သောင်းကျမ်းပြု၏။ သက္ကရာဇ် ၁၀၇၀ ပြည့်တပေါင်းလဆုပ်နှစ်ရက် အင်္ဂါနေ့တွင်။ မဟာတန္ဒသင်မ
အမတ်သည်။ ဝံလက်တောင်က လန်းညွှန်ပြု၍။ တိုက်လေသော် အားလုံးစုံကို ရလေ၏။
၄။ စစ်ကဲရဲဘော်ကား။ တော်စည်အမ်းတလက်သို့ပြေးလေ၏။ ရံပြစား အောင်ရွှိသားရာဇူနှင့် သင်မအမတ် တန္ဒဗိုလ်
မင်းသမီးကို။ ထိမ်းမြား၍ နေစည်ဝယ် ရာဇူသည်ပြေးလေ
၅။ လျှင်။ ရမ်းပြကျွန်းသို့ရောက်လေမှ။ အဘရမ်းပြစား အောင်ရွှိနှင့် ညီညာလျှက်။ တပ်ကြီးတည်၍။ တန်းချောင်းကို
ရေခံ့ထိုးလျှက်။ ကျမ်းသောင်းလေ၏။ သင်မအမတ် တန္ဒဗိုလ်မင်း
၆။ ကြားလေသော်။ ချီသွားလေ၍။ သက္ကရာဇ် ၁၀၇၁ ခု တပေါင်းလဆန်း သုံးရက်ကြာသပတေးနေ့တွင်။
တိုက်ကြလေသော် ရမ်ပြတတ်ကို အောင်လေ၏။ ရမ်းပြကအောင်ရွှိနှင့် သဝက်ရာဇူလူသူကျွဲနွား
၇။ စပါးရေဆံကျေးကျွန် လှေတက်လက်နက်ကိရိယာတို့ကို ရခဲ့၏။ ရမ်းပြစား အောင်ရွှိသား အဘကိုကား။ ဆမြူ
ခြမ်းမျှ စိတ်မယွင်းစွဲပဲနှင့်။ ရေကကဲ့သို့နေကြလေ၏။ ဤစန္ဒသူရိယမင်းတ
၈။ ရားကား။ အိမ်နိမ့်ခြောက်နှစ်။ စည်စိမ်လေးနှစ်။ နှစ်စုသက်တော် ဆယ်နှစ်။ သက္ကရာဇ် ၁၀၇၂ တော်သလင်းလ
တွင် တန္ဒအများပုဂ္ဂန်၍ သေလေ၏။ ၃၃။ ဝရဓမ္မရာဇာမင်းကစ၍။ စန္ဒာသူရိယရာဇာတိုင်ေ

**ကော်-------ကျောဖက်**

၁။ အောင် အဆက်ဆက်သောမင်းတို့သည်။ အာဏာစက္ကမတည်။ မရပ်။ နန်းတော်ကိုမျှ မပိုင်လေ။ ကိုယ်တော်ရံ
လေးသောင်းနှစ်ထောင်တို့သည်။ ပြည်သခင်မင်းကို နန်းချနန်းတင်ပြုကြကုံ၏။ ထို့ကြောင့် ပျက်သ
၅။ ည်လည်း ကိုယ်တော်ရန်ဖျင်သည်လည်း ကိုယ်တော်ရံဟု အဆည်ဆိုစကုံ၏။ ထိုအခါ၌ ပုဂ္ဂံပြည် အင်းဝမြို့က
တမာန်ရောက်လှာ၏။ ရက္ခိုင်ပြည်တွင် မင်းမတ်ကြားသိသည်ဖြစ်၍။ ဘုရားကြီးသိမ်တော်
၃။ ကို ငါဆောက်လှာမည်၊ ရက္ခိုင်ပြည်သားကြိုက်၏လောဟု မေးလှာ၏။ ကျိန်းရံတိုင်မြို့တွင်။ သင်မအမတ်
မဟာတန္ဒဗိုလ်မင်းစိုးအုတ်၍။ ငါဟိသည်။ စက်မက်တိုက်လိုလျှင် အလျှင်အမြန်ချီလတ်ဟု
၄။ အတင်းမှာလိုက်၏။ ထိုမင်းလွှန်တော်မူလေလျှင် သင်းမင်းအမတ် မဟာတန္ဒဗိုလ်မင်းသည်။ နန်းတက်မိဖုရား
ရွှေချူနှင့်။ အဘိသိက်ခံ၍။ သက္ကရာဇ် ၁၀၇၂ ခု တံဆောင်မုန်းလတွင်
၅။ ရွှေနန်းကို စိုးအုပ်တော်မူလေ၏။ ထိုမင်းသည်။ သူရဲကြီးမျက်ရှင်။ ဘရင်ဖြူ။ ယက်သည်။ ကြင်တော်။
တွန်ရွှိစံကျော်ရွှိ။ နနော်။ နော်ရထာ။ ဟင်သာ။ စစ်ဆော်။ ဤသူရဲကြီးတကျိတ်
၆။ တုံနှင့်ရာန်သူအပေါင်းတို့ကို။ ခုတ်တိုက်သတ်ပစ်၏။ အကြွင်းသုံ့ထောင်ကို။ ဝင်လှည်အိပ်ဖကိုယ်တော်ရအစောင့်

ထားလေ၏။ ထိုကိုယ်တော်ရံတို့သည်။ ဖျက်ဆီးလေသောကြောင့်။ အတွင်းထော
၇။ င်ပြင်ထောင်။ အတွင်းကိုယ်တော်ရံပြင်ကို ကိုယ်တော်ရံမင်းဆောင်မင်းခန်း ဆောင်ရွက်သောလူ။ ဆင်သည်
မြင်းသည်။ ကုလားမြမ္မာ။ တလိုင်း။ ဟိန်းတုပ်။ ချင်းလင်း။ သက်မြုံ။ ဒုံး။ ဟရီ။ သ<s>ဤ</s>စဏ္ဍား။ ဟလ္ဗျား။
၈။ လမိုင်း။ အစဟိသောလူအပေါင်းတို့သည်။ ရောနှောယှက်တင်သားမြေးမြင်၍။ ဟိလေသည်ကို။ စန္ဒဝိမလရာဇာ
မင်းတရားသည်။ စစ်ကြောမေးမြန်းတော်မူ၍။ သင်ထုတ်ပြီးလျှင်။ ဘာသာ

**ဏံ—————————ဝမ်းဖက်**

၁။ အလိုက်။ မြို့ရွာတည်တော်မူ၏။ ဌာနရွာပြည်အမျိုးအစွယ် အစည်အဆက်တို့ကို မသိသောသူအား။ ရွှေးမကုမ်
ပြင်ထောင်ဟု အစုဖွဲ့ပေ၏။ ထိုစန္ဒဝိဇယရာဇာမင်းတရားကား ရွှေဝင်းတော်မြို့
၂။ မြကျုံးမြောင်းပစ္စရင်တာ။ တို့ကို အသစ်ပျင်လုတ်တော်မူ၏။ သက္ကရာဇ် ၁၀၈၀ ပြည့်တွင်။ ရတနာပိတ်မှာန်ရွှေနန်း
ကို ဆောက်တော်မူ၏။ ရုပ်တုတော်မဟာမုနိသိမ်တော် အစဟိသောသိမ်ပေါင်း
၃။ သျှစ်ရာ။ ကျောင်းပေါင်းသျှစ်ရာ။ ရေကန်သျှစ်ရာတို့ကို အရေအတွက်မှတ်သား၍။ ကုသိုလ်တော်ပြန့်ပွားအောင်
လုတ်တော်မူပေ၏။ ပေပင်လည်း သျှစ်ရာစိုက်ပျိုး၏။ ထိုကျောင်းသျှစ်ရာတို့တွင်
၄။ လည်း။ ချောင်းဂရုဘန်သင်ချီက လူတို့ကို လှူတော်မူပေ၏။ သူရဲကြီးတကျိတ်တို့တွင်။ မျက်ရှင်ကို စစ်ကဲအရာကု
ပေးတော်မူ၏။ ဘရင်ဖြူကို သူငယ်တော်သူကြီး
၅။ အရာကို ပေးတော်မူ၏။ ယက်သည်းကို ရဲမွန်သူကြီးကို ပေးတော်မူ၏။ ကြင်ဘော်ကု မှိုင်စစ်ကဲအရာကို ပေး၏။
ထွန်ရှီကို အရှေ့ဝင်းမှူးအရာကို ပေး၏။ စစ်စံကျော်ရှီကို
၆။ အနောက်ဝင်းမှူးအရာကို ပေးလေ၏။ နနော်ကု လေးမြို့ချောင်းကိုပေးလေ၏။ နော်ရထားကို ဆင်ကဲကြီးအရာ
ကို ပေးလေ၏။ သမက် ဟင်းသာကို သာမအရာကို ပေး၏။ ယောက်ဘတော် စစ်
၇။ ဆော်ကို ရမ်းဗြဲကျွန်းကိုပေးလျှင်။ ရမ်းဗြဲစားတန်တောင်သုံးခွဟူ၍ တွင်လေ၏။ ကြွင်းသောသူရဲတို့ကို။ အသီး
အသီး ကျေးရွာခရိုင်တို့ကိုပေးတော်မူ၍။ ရွှေနန်းတော်တွင် စံပျော်၍နေတော်မူ
၈။ သောခါ၌။ မြုန်မင်းကသည်။ များစွာသော လက်ဆောင်နှင့်။ ရာဇသန်စေ၍။ တမာန်စွာခွေနှင့် ရောက်လှာလျှင်။
ထိုပါသောစာခွေသည်။ မြုံစာဖြစ်၍။ မည်သူတစ်ယောက်မျှ မရနိုင်လျှင်။ ပြည်နိုင်ငံ

**ဏာ—————————ကျောဖက်**

၁။ တော်အလုံမ်းကို ရှာလေသော်။ သိန်ယိုင်ဋ္ဌကျွန်းကို သာသနာပြုလေသော။ သတ္တဌာန အိန္ဒမဥ္စူသဆရာထံ
ဥပနိဿယ ဖြစ်ဘူးသော တောင်လမ္ဗုဝယ် သတင်းသုံးသော ကျမ်းတတ်ရင်ငူတော်ဘုံကြီးကို
၂။ ပင့်ဆောင်ချေ၍။ ပြုမင်းစာခွေကို ပြလေ၍။ မြုန်ဘာသာကို မြမ္မာဘာသာဖြင့်ပြန်သော်။ လေလုမ်တပါဒစီ
ဖြစ်၏။ ထိုစာပုဒ်သည်။ တိမ်းမြတ်လေသောကြောင့်။ မရလေ။ နောင်ပညာဟိတို့ရလျှင်တည့်
၃။ ပါလေ။ မြုန်စာတွင်ပါသည်အရကား။ အကျွန်ုပ်ဥတရာဇ်မြုံပြည်ကို။ သက်ကုလားတုံမြည်ချေသည်။
ထိပါးလာရောက်နှောက်ယှက်သည်ဖြစ်သောကြောင့်။ ရခိုင်ဘရင်စန္ဒဝိဇယရာဇမင်းတရားလည်း
၄။ ဆင်ကဲကြီးနော်ရထာကို။ ရဲမက်ဗိုလ်ပါလက်နက်ကိရိယာများစွာနှင့်။ သက္ကရာဇ် ၁၀၈၁ ခုတွင်။ ဥတ္တရာဇ်မြုံပြည်
သို့ ချီလေ၍။ သက်ကုလားတို့ကု တိုက်လေလျှင် ပျက်စီး၍ ပြေး
၅။ လေ၏။ ဥတ္တရာဇ်မြုံမင်းလည်း။ များစွာသောလက်ဆောင်တော်ကို ဆက်လိုက်၍။ ဆင်ကဲကြီးနော်ရထာသည်။
မြို့တော်သို့ပြန်လာ၏။ တရံရောအခါ၌။ စန္ဒဝိသယရာဇာမင်းတ
၆။ ရားသည်။ အရှေ့ပုဂ္ဂံပြည်ကို တိုက်လိုသောကြောင့်။ ဟူရားသူကြီး ဇေယျဗလကျော်ထင်။ ဟုရားတိုင်ဆင်ကဲ
ဆရာ။ ဆရာတော် မြစည်းခုံတို့နှင့်။ တိုင်တော်မူ၍။ ဆင်မြင်းခြေသည် သူရဲလက်နက်ကိုင်
၇။ ငါးသောင်းနှင့်။ သက္ကရာဇ် ၁၀၈၁ ခု တံဆောင်မုန်းလတွင်။ စန္ဒဝိဇယရာဇာမင်းတရားသည်။ ချီသွားလေ၍။
မအီသို့ရောက်တော်မူလေလျှင်။ တပ်မတော်ချ၍။ ခုနှစ်ခရိုင်စသော။ သံတွဲ။ ရမ်းဗြဲ။ မာန်အော
၈။ င်မြို့များတို့က။ စစ်သည်သူရဲတို့ကိုယူ၍။ တောင်ရိုးဘိုးခေါင်ကိုလွန်၍။ ချီလေသော်။ အရှေ့နိုင်ငံဖြစ်သော။
မင်းတုံမ်းမြို့သို့ရောက်၍။ တိုက်လေသော်။ မင်းတုံးမြို့စားသည်။ ထွက်၍ပြေးလေ၏။

**ဏား--------ဝမ်းဖက်**

၁။ ကျန်ရစ်သောသူတို့ကို။ သိမ်းရုံး၍ ယူပြီးလျှင်။ တပ်မတော်ချ၍နေပြီးလျှင်။ စစ်ကဲသိန္ဒသူနှင့် မှိုင်စက်ကဲကြင်တော်
တို့ကို။ သူရဲတသောင်းနှင့်။ သရေခေတ္တရာမည်သောပြည်မြို့သို့ စေတော်မူလိုက်၏။ သ
၂။ မက်တော်ရာဇာကိုကား။ သူရဲငါးထောင်နှင့်။ မလွန်မြို့ကို တိုက်လေဟုစေတော်မူလိုက်၏။ ဆင်ကဲကြီးအနော်
ရထားကိုကား။ နောက်ပါသူရဲတသောင်းနှင့်။ စကုစလင် ဆင်ဖြူကျွန်းတို့ကို တိုက်လေ
၃။ ဟု တောင်စည်ကြောင်းစေလိုက်၏။ သရေခေတ္တရာမည်သော ပြည်မြို့မလွန်မြို့ စကုစလင်းဆင်ဖြူကျွန်းတိုက
ခံလင့်သော အောက်သားတို့သည်။ မခံနိုင်၍။ အေရာဝတီမြစ်ကို ဆင်းပြေး၍များစွာ
၄။ သေပျောက်လေသည်။ စန္ဒဝိဇယရာဇာမင်းတရားကာ။ မင်းတုံမ်းမြို့ကုံတွင်။ အောင်စည်တီးနှင့် သိန်တော်ကို
ဆောက်လုတ်၍။ နေစည်တွင်ဝယ်။ မိဖုရားခေါင်သည်။ သေ
၅။ သည်ဟု။ လျှောက်လှာလျှင်။ ဇုန္တာတ်စစ်သူကြီးတို့ကို ပြန်၍ခေါ်တော်မူပြီးမှ။ စန္ဒဝိဇယရာဇာမင်းတရားလည်း
ရသောလူသုံပန့်တို့ကို ဆောင်ယူ၍။ ရွှေပြည်တော်သို့ပြန်တော်
၆။ မူလာ၏။ ရခဲသောအောက်သားတို့ကိုကား။ ငါးခရိုင်ကြပ်စင်အရပ်တို့၌။ ရွာတည်၍ ဆင်တို့ကို အထိန်းထည့်၍
ထားလေ၏။ တကြိမ်တုံ။ ကုလားတန်မြစ်ညာဖျား၌နေသော။ စစ်ကွပ်ကျော်ဆွေ။ ငပု
၇။ လဲ။ ငချည်းတိုး ငချစ်ရာတို့သည်။ အမှုတော်ကို မထမ်းလိုသောကြောင့်။ စုက္ကရာကနေ၍။ လူများတို့ကို။
လုယက်ဖျက်ဆီးသည်အကြောင်း။ စန္ဒဝိဇယရာဇာမင်းတရားကို။ လျှောက်ကြားလှာလျှင်။ စ
၈။ စ်သည် သူရဲလက်နက်ကြိရိယာတို့ကို။ စီရင်တော်မူစေ၍။ စန္ဒဝိဇယရာဇာမင်းတရားသည်။ သက္ကရာဇ် ၁၀၈၃
ခု။ တပို့တွဲလဆုပ်ခြောက်ရက်။ သောကြာနေ့နေ့သုဗဟို ငါးနာရီတွင် ရေနန်းပြ

**ဏာ--------ကျောဖက်**

၁။ သဒ်သို့။ တက်စီးတော်မူလျှက်။ ဂစ္ဆာနဒီမြစ်ကို ဆန်တော်မူလေ၍။ ကူဝကြေင်းချီလေ၍၊ စုက္ကရာသို့ရောက်လေ
သော်။ စစ်ကွပ်ကျော်ဆွေ။ ငပုလဲ။ ငချေးတို့။ ငချစ်ရာတို့ကို ဆုမ္မငြိမ်ဝတ်စေ၏။ ဥဒေ
၂။ ဖုတ်ဥဒ္ဒရာဇ်မသုန္ဒရေ။ သက်တို့ကု ဆုမ္မကွတ်ညှပ်၍။ နိုင်ငံတော်ဖြစ်စေ၍။ ရွှေမြို့တော်သို့ ပြန်တော်မူခဲ့၏။
ကျော်ဆွေ။ ငပုလဲ။ ငချေးတို။ ငချစ်ရာတို့လည်း။ ဘဝသျှင်၏ခြေတော်ရင်းဝယ် နေကြလှာ၏။
၃။ တကြိမ်တုံ။ ပင်းဝါ စစ်တကောင်းတို့သည်။ ကျမ်းသောင်းပြုလတ်သောကြောင့်။ စစ်အင်္ဂါလေးပါးတို့ကို စီရင်၍။
များစွာသော သူရဲအပေါင်းနှင့်။ သက္ကရာဇ် ၁၀၈၅ ခု နတ်တော်လတွင် ရေနန်းကျ
၄။ က်သရေ တက်စီးတော်မူ၍။ ရေကြောင်းသဘင်ကို စံပျော်တော်မူ၍။ ချီကြွလေသော်။ ပင်းဝါစစ်တကောင်း။
သောင်းတိခြေခင်။ ဟကျာ။ ပုဏ္ဏားကျွန်းများကို။ ဖျက်ဆီး၍။ လူ
၅။ သူသုံန်ပန်းဥစ္စာ ရွှေငွေတို့ကို များစွာယူဆောင်ခဲ့၍။ ရွှေမြို့တော်သို့ ပြုံတော်မူလတ်၏။ ကျောက်ပန်းတူသို့ရောက်
လတ်လျှင်။ လေရှုင်မုန်တိုင်းထလတ်၍။ လှေတို့သည်။ များစွာ
၆။ ပျက်ဆီးကုံ၏။ လူလည်းသုံထောင်ခုနှစ်ရာလျှင် သေလေ၏။ သားတော် တောင်ဘက်မြို့သစ်စားလည်း။ ရေတွင်
မတ်လျှက်ကျလေ၏။ သေလေလျှင် ဆရာတော် ဝိနည်းတို့သည် ငါလည်းနေဖွယ်မဟိပြီဟု ငါလည်း နေဖွယ်မဟိ
ပြီဟု
၇။ ရေတွင် ဆင်း၍ သေလေ၏။ အဘယ်ကြောင့်နည်းဟူမူကား။ သားတော်ကို။ ဝိနည်းထိုအား အပ်လိုက်သော
ကြောင့်။ ဝိနည်းတို့သည် အပြစ်ကိုကြောက်၍ သေလေသတည်း။ စန္ဒဝိဇယရာဇာမင်းတရား
၈။ လည်း။ လှေရုံခုနှစ်စင်းနှင့်။ မယူကမ်းဆိတ်တွင် ရောက်လှာ၏။ တန်းလွဲစားလည်း ရေတွင်နစ်လေသောသူတို့
ကိုဆယ်၍။ ထမင်းရေစာတို့ကို ဝစွာပေး၏။ ထိုကသည်ရွှေပြည်တော်သို့ ရောက်ကြလှာ၏။ ရခဲ့သော။

**တ---------ဝမ်းဖက်**

၁။ ကုလားတုံမ်းတို့ကိုလည်း။ ရုပ်တုတော် မဟာမုနိ အစဟိသော သိမ်ကျောင်းတို့တွင် အလုတ်အကျွေးထားလေ၏။
ထိုနှစ်တွင်းဝယ် တန်းလွဲစားကိုလည်း။ လက်ဝဲမြန်အရာကို ထားလေ၏။ ကြိပ်သကြီး
၂။ သည်။ ရိုင်းပျံသည်ကို ယည်ကျေးစေ၏။ တောင်လမျှးကို ဆင်ထူးမခပ်ရာ။ တောင်လက်ပံကို ဆင်ခြံမထိုးရာ

ဟု။ သူငယ်တို့သည် မုက္ခနိမိတ်ပေါ်လတ်လျှင်။ မင်ဗိုလ်ချီ၍ လမူးရွာကို သိန်းယူ၍။ မင်းပြကင်းတွင် အင
၃။ ရွှေးခံလေ၏။ လမူးစားရွက်ကိုလည်း လူတို့ကို ရွှေးယူ၍။ ရွာတည်မြဲ တည်ပြလေ၏။ ဒွါရာဝတီမည်သော
သံတွဲမြို့တွင်လည်း ရှေ့မင်းတို့သည် တည်ခဲ့သော။ အံတော်နံတော် ဆံတော်ဓာတ်တို့ကို ကျွေးမွေး
၄။ သုတ်သင်ထားသော။ ကုလားတို့သည် အမှုတော်ကို မထမ်းလို၍။ သက္ကရာဇ် ၁၀၈၈ ခု။ တပို့တွဲလတွင်။
လူသုံထောင်ခုနှစ်ရာအိမ်ခြေသားတို့သည်။ ပုဂ္ဂပြည်အင်းဝမြို့သို့ပြေးလေ၏။ မြေတူးမြို့
၅။ တွင် ရွာတွင်ထောင်၍နေလေ၏။ လက်ဝဲမြန်လည်း ဗိုလ်ပါအလုံးအရင်းနှင့်။ ပြည့်စုံလတ်သည်ကိုမြင်လျှင်။
ဆွေတော်မျိုးတော် မူးမတ်တို့သည်။ မနာလိုသောကြောင့်။ စန္ဒဝိဇယရာဇာမင်း
၆။ တရားကို လျှောက်လေလျှင် မင်းတရားလည်း။ ဤသို့မိန့်တော်မူ၏။ အမတ်လက်ဝဲမြန်သည် နန်းကိုမီးလောင်
သောအခါလည်း။ ငါတယောက်အထီးတည်နေသ
၇။ ည်ငအားမသတ်လေ။ စစ်တကောင်းက အပြံတွင်။ ဗိုလ်စုသင်းစုတို့နှင့်ကွဲ၍။ မယူကမ်းဆိတ်တွင်နေသော
အခါလည်း။ ငကိုမပုန်ဂါန်လေ။ သို့ဖြစ်၍။ ဆွေတော်တို့စကားကို နာခံ၍။ ငါသည် လက်ဝဲမြန်ကို။
၈။ မသတ်သင့်ဟု နေပြီးမှ။ သားမယားသမီးတော် မောက်တော်ကြီးသည်။ ယုံကြည်လေအောင် လှည့်ပတ်ဖြား၍။
ပြောသောစကားကို အကယ်ထင်မှတ်၍။ စန္ဒဝိဇယရာဇာမင်းတရားသည်။ လက်

## တ−−−−−−−−−−ကျောဖက်

၁။ ဝဲမြန်ကု သတ်အံ့ဟု။ သားတော်မြေးတော် ဆွေတော်မျိုးတော်တို့နှင့်တိုင်ပင်၍။ အသေသတ်အံ့သောငှါ အပြစ်
ရှာသော်လည်း။ မရခဲ့တကားဟု ကြံ၍နေစည်တွင်ဝယ်။ ရွှေနန်းတော်အနောက်ဖြစ်သော
၂။ ဒိုင်းကျီအရပ်၌။ တောကျားတခုသည်။ နေ့ခင်းတင်တင်နေလှာသည်ဟု လျှောက်လှာ၏။ စန္ဒဝိဇယရာဇာ
မင်းတရားလည်း။ လက်ဝဲမြန်ကိုခေါ်၍။ ဒိုင်ကျီတွင်ဟိသော တောကျားကိုသတ်ချေဟု စေလိုက်
၃။ ၏။ လက်ဝဲမြန်လည်း။ ထိုကျားကိုသတ်၍။ မင်းအားဆက်လေ၏။ ပုဏ္ဏားတောင်တွင် ကျားတခု။ ဝသည်းတွင်း
တွင် ကျားတခု။ နှစ်ခုသောကျားတို့ကု သတ်စေသော်လည်း။ လက်ဝဲမြန်ကိုယ်တွင် အနာမ
၄။ ရသည်ဖြစ်၍။ ပြလှအရပ်၌ တောကျားတခုသည် အလွန်ရဲပြန်လတ်၍။ ထိုတောကျားကိုလည်း။
သတ်အံ့သောငှါ။ မင်ကိုယ်တိုင်ချီ၍။ သွားလေသော်။ ပြလှသို့ရောက်လေလျှင်။ လူအ
၅။ များတို့အား။ ကျားကိုဝန်းရံဆီးစေပြီးမှ။ လက်ဝဲမြန်ကို ခေါ်တော်မူ၍။ တိုက်တော်ဓားကို။ ထုပ်၍ပေးပြီးလျှင်။
တောကျားကို ခုတ်ချေဟု စေတော်မူ၏။ လက်ဝဲမြန်လည်း။ ရှေ့က
၆။ ကျားကို ခုတ်သည့်ဓားနှင့် ခုတ်ပါရစေဟု လျှောက်ကြားသော်လည်း။ စန္ဒဝိဇယရာဇာမင်းတရားသည်။ ငဝါကဲ့သို့
ထက်မြက်သည့်ဓားသည်။ အဘယ်မှာ ဟိအံ့နည်းဟု မိန့်တော်မူလျှင်။ လက်ဝဲမြန်လည်း
၇။ ညိုးသန်းသော မျက်နှာနှင့်။ သေရအံ့သော ဤအခါဟု ဆိုပြီးလျှင်။ သားမြံတောင်စား။ ကျွန်ရင်းဝရောင်းချောင်း
စားတို့နှင့် ကျားဟိရာသို့ သွားလေ၍။ ကျွန်တယောက်ကို အစာကြင်းလျှက်။ ကျားကိုခုတ်ေ
၈။ လေသော်။ ဓားမထက်လေသောကြောင့်။ ကျားကိုတဝက်သာပြတ်လေလျှင်။ မသေ၍။ လက်ဖံအဖျားကို
ကိုက်လှာသော်။ ကျွန်ရင်းဝရောင်းချောင်းဓားသည်။ ကူရုံ၍ ခုတ်လိုက်လျှင်။ ကျား

## တာ−−−−−−−−−ဝမ်းဖက်

၁။ သေလေ၏။ လက်ဝဲမြန်တွင် ကျားသည်ထိပါး၍။ အနာရသည်ကို ဆေးဝါးတင်၍။ ကုသလေလျှင်။
သာမည်အရေးကိုမြင်သောကြောင့်။ စန္ဒဝိဇယရာဇာမင်းတရားသည်။ ကျားဆိတ်နှင့်မသင့်သောဆေးကို
၂။ ပေါင်းစေ၍။ ယူခဲ့ပြီးလျှင်။ မင်းကိုယ်တိုင်လာလျှက်။ မသင့်သောဆေးကို တင်လေလျှင်။ ကျားဆိတ်တက်၍။
အမတ်လက်ဝဲမြန်သည် ညည့်ချင်းဝယ်သေလေ၏။ စန္ဒဝိဇယရာဇာမင်းတရားလည်း။ လက်ဝဲ
၃။ မြန်သေခဲ့သည်ကိုကြားလျှင်။ သောလက်ဝဲမြန်ကဲ့သို့ တပြည်တနိုင်ငံက စစ်မဲ့ကျလတ်လျှင်။ အဘယ်သူတိုက်ဆိုင်
အံ့နည်းဟု။ ငိုဟန်ပြု၍။ မျက်ရည်ကျဟန်ပြု၏။ အားလည်းကျဟန်ပြု၏။ စိတ်ထဲမှာမူကား
၄။ ဤအခါဝယ် ငမှာသျှင်းသျှင်းအပြစ်ကင်း၏ဟု။ အလွန်အားရ၍။ နေလေ၏။ ထိုမင်းဝယ်သားနှင့်သမီးကား။
များမြောင်စွာဟိ၏။ ရဟန်းပညာဟိ။ လူပညာဟိလည်း။ အလွန်ပွားများ၏။ မူးကော

၅။ င်းမတ်ကောင်း သူရဲကောင်း ဆင်ကောင်း မြင်းကောင်းတို့သည်လည်း။ အလွန်များ၏။ လက်နက်ကြိယာရွှေ
လှေ ရွှေလောင်း ရွှေကျေးရွှေစာမရီ အစဟိသော။ လှေတော်တို့သည်လည်း။ အလွ
၆။ န်များလှ၏။ ထိုစန္ဒဝိဇယရာဇာမင်းတရားသည်။ လူတို့လှည့်ပတ်သောစကားကို လိုက်နာ၏။ လက်ဝဲမြန်ကို
ကျားနှင့်တိုက်၍ သတ်လေလျှင်။ အားလျှော့လေသောကြောင့် သမက်သာမသည်။ တလိုင်းကုလားတို့
၇။ နှင့်ညီညာ၍။ နန်းတော်ထက်တွင်ပင် ပုဂ္ဂါန်၍ သေလေ၏။ ထိုမင်းကား အိမ်နိမ့်လေးဆယ့်ငါးနှစ်။ စည့်စိမ်နှစ်
ဆယ်တနှစ်။ နှစ်စုသက်တော် ခြောက်ဆယ့်ခြောက်နှစ်တွင် လွန်တော်မူလေ၏။ ၃၄။ ထိုမင်းလွန်လေလျှ
၈။ င်။ သမက်တော် သာမဟင်းသာသည်။ မိဖုရားမောက်တော်နှင့်။ အဘိသိက်ခံ၍။ သက္ကရာဇ် ၁၀၉၃ ခု။
ကဆုံလတွင် မင်းပြုတော်မူလေ၏။ စန္ဒသူရိယရာဇာဟူသော အမည်ကို ခံတော်ပြု၏။ ထိုမင်းသည်။ စန္ဒ

**တာ--------ကျောဖက်**

၁။ ဝိဇယရာဇာသားတော်တို့သည်။ များစွာဟိသောကြောင့်။ နောင်တဖန်ငကို ပုဂ္ဂါန်လတ်တန့်ဟု။ အမှတ်ဟိလျှက်။
အိမ်ရှေ့မင်း။ ခေးပိုင်ကြီး။ စည်ပင်စား။ ကုလားတန်စား။ ဘဖြူ။ ဤမင်းသားငါးယောက်တို့
၂။ ကို။ ဖမ်းဆီး၍။ ချည်နှောင်ပြီးလျှင်။ ကျိန်းသားဖြစ်သောကြောင့်။ ကျိန်းသို့။ ပိုလေဟု သူသတ်တို့ကို အပ်လိုက်
၏။ သူသတ်တိုင်လည်း။ မင်းသားငါးယောက်တို့ကို။ ယူဆောင်၍ သွားလေသော်။ ငါးရကောက်
၃။ သို့ရောက်လေလျှင်။ ရုပ်တုတော် မဟာထီးကို။ ပူဇော် ကံတောရမည်အကြောင်းကို။ သူသတ်တို့အား တောင်းပန်
လျှင်။ သူသတ်တို့လည်း ထိုမင်းသားငါးယောက်တို့ကို ပူဇော်ကတော့စေ၍။ မင်းသား
၄။ တို့လည်း။ ငါတို့ကို သတ်သောသူကို တလှည့်တပြံသတ်ရပါလို၏ဟု ဆုတောင်းပဌနာပြုပြီးလျှင်။ သူသတ်တို့
သည် ယူဆောင်လေ၍။ ကျိန်းဗူးပင်ဘက်ရံကျွန်းတွင်။ သတ်အံ့ဟုကြံ
၅။ သော်။ မင်းသားကုလားတန်စားက ညီလေးယောက်ကိုဆို၏။ ငါတို့ညီနောင် ငါးယောက်တို့သည်။ သေရမည်
မချွတ်ဖြစ်သောကြောင့်။ ကြောက်လန့်ခြင်းကို မဟိကြနှင့်။ ဟီရိဩတ္တ
၆။ ဗ္ဗကို။ စောင့်ကြပ်မြဲကြစေဆိုပေ၏။ သူသတ်ပရဝါတို့လည်း။ မင်းသားတို့ကို သတ်လေ၏။ အငယ်ဖြစ်သော
မင်းသားဘဖြူသည်။ ကြောက်လန့်၍ ထွက်ပြေးလေသော်။ သူသတ်တို့လည်း။ ဖမ်းဆီး၍ချဉ်နှောင်
၇။ ပြီးလျှင်။ ခါးတွင်ကျောက်ထုပ်ဆွဲလျှက်။ ရေတွင်ချ၍ သတ်လေ၏။ ထိုတွင် ကျွန်းတခုပေါ်၍။ ထိုကျွန်းကို
မင်းသားကျွန်ဟု ခေါ်တွင်၏။ ကြွင်းသောမင်းသားတို့ကိုကား။ ရဟန်းပြု၍ အသီးသီးထားလေ၏။
၈။ စန္ဒသူရိယမင်းတရားလည်း။ ကျားခုတ်လက်ဝဲမြန်သားတို့လည်း။ ပုဂ္ဂလတ်မည် အမှတ်ဟိ၍။ ထိုလူတို့ကို မရနိုင်
သည်ဖြစ်သောကြောင့်။ သူရဲတို့ကို ရဲဆုပေးပြီးလျှင်။ ရွှေနန်းတော်တံခါးဝင်းအ

**တိ---------ဝမ်းဖက်**

၁။ တွင်းက စူးရံ၍ ထားပြီးလျှင်။ ကျားခွတ်သား သံတောင်စား ညီအစ်ကိုနှစ်ယောက်တို့ကို။ အထပ်ထပ်ခေါ်တော်မူ
၍။ လိုက်လေသော်။ လမ်းတွင် ဘဏ္ဍာစိုးအမတ်ကို တွေ့လေသော်။ အစ်ကိုတို့ကို ခေါ်သည်မှာ
၂။ တခုခုသော အမှုတို့ကို ပြုလတ္တန့်။ သို့ဖြစ်သောကြောင့်။ လက်နက်ကြိယာယူ၍ သွားလေသော်။ သင့်လှ၏ဟုဆို
ပေ၏။ သံထောင်စား ညီအစ်ကိုနှစ်ယောက်လည်း။ သွားလေ၍ မင်းအထံသို့ရော
၃။ က်လေလျှင်။ ပိုခံ၍နေပြီးမှ။ ပြံ၍လာရာတွင်။ ဆုစားသူရဲတို့သည်။ ထိုးခုတ်မည်ကြံလေလျှင်။ လူများအကြားတွင်
ပါ၍ထွက်လာသောကြောင့်။ မသတ်လိုက်ရသည်ကို။ စန္ဒသူရိယမင်းမြင်လေလျှင်။
၄။ သံထောင်စား ညီအစ်ကိုနှစ်ယောက်ကိုင် ထပ်လောင်း၍ ခေါ်ပြံပြီးလျှင်။ ချိုသာသောစကားကို ပြောဟန်ကိုပြုပြီး
မှ။ အထွက်တွင် သူရဲတို့သည် ထိုးခုတ်လိုက်လျှင်။ လှန်ရာနှင့်
၅။ ခေးအရာနှင့်ပြေးကြလေ၏။ သံထောင်စားကို ဆင်တင်းကုပ်တွင် ဘမ်း၍ရလေ၏။ တယောက်ကိုကား။
ဝသဲဘက် သိမ်တွင်ရလေ၏။ ထိုလူနှစ်ယောက်ကို သုတ်တံ တံစက်ပြင်
၆။ သို့ ထားလေပြီးမှ။ ကြွင်းသောညီတို့ကို ရှာလေသော်။ တယောက်ကို့ ရလေ၍။ တံစက်ပြင်သို့ ရောက်လေလျှင်။
ထိုညီအစ်ကိုသတ်လေသော်။ ညီအငယ် ထွန်းစက်ရှင်သည် သတ်ရာမှလွတ်၍။ ထွက်
၇။ ပြေးလေလျှင်။ ပုံလျှောလျှဆက် ခေးလှန်ကျသည်အနာကို ဆေးကု၍နေလေ၏။ တယောက်သောသား

မဟာရာဇာဖြစ်မည်သူကိုကား။ စန္ဒသူရိ
၈။ ယရာဇာ၏ နှမသမီးနှင့် ထိမ်းမြား၍။ ပစ်သည်ပိုင်အရာကို ပေးလေ၏။ ထိုစန္ဒသူရိယရာဇာမင်းတရားကာ။ သေရည်သေရက်တို့ကို။ နေ့တိုင်းသောက်၏။ ခွမ်းဝမ်းတွင်းသားကိုလည်း နေတိုင်းစား၏။ မင်း

**တိ----------ကျောဖက်**

၁။ ကျင့်တရားနှင့်မညီ။ ကြမ်းတန်ခက်ထန်စောင်မန်ကြီး၏ မတရားသောအကျင့်ကိုသာ ကျင့်၍။ မှူးမတ်လူကြီးတို့ကိုလည်း ။ များစွာသတ်၍ပစ်၏။ ထိုမင်းကို ကိုယ်လုတ်တော်တို့သည် ဆေးခပ်၍ပစ်လေ
၂။ ၏။ ထိုမင်းကား အိမ်နိမ့်သုံးဆယ်ခြောက်နှစ်။ စည့်စိမ်သုံးနှစ်။ နှစ်စုသက်တော် သုံးဆယ်ကိုးနှစ်တွင်။ လွန်တော်မူလေ၏။ ၃၅။ ထိုမင်းလွန်တော်မူလေလျှင်။ သားတော် အိမ်ရှေ့ဖက်ချေသည်။ နန်းတက်မိဖုရားနှ
၃။ င့် အဘိသိက်ခံ၍။ သက္ကရာဇ် ၁၀၉၆ ခုတွင်။ ပြည်စည့်စိမ်ကို စိုးအုပ်တော်မူ၍။ နရာဓိပတိအမည်ကို ခံတော်မူလေ၏။ ထိုမင်းလည်း။ ခမည်းတော် စန္ဒသူရိယာကဲ့သို့။ ကုသိုလ်ကောင်းမှုအရာ၌ မေ့လျော့
၄။ ၏။ တရားကိုလည်း မစောင့်။ ကြမ်းတမ်းခက်ထံ၏။ အမျက်စောင်မာန်ကြီး၏။ ဘုရားပေါ် စန်းတက်ဘုံကြီးသည်၊ ရွှေနန်းတော်သို့လာလတ်၍။ ပရိတ်နာဆက်တွင်။ နန်းမယ်တော်ကို
၅။ ခေါ်လျှက်။ ဤနေ့သည်။ ထီးပိုင်နန်းပိုင်သင့်သည်ဖြစ်၍။ သားတော်မင်းတရားကို။ စောင်မကြည့်ရှုလေဟု ပြောခဲ့၍ သွားလေ၏။ မယ်တော်မိဖုရားလည်း။ စန်းတက်ဘုံကြီးဆိုခဲ့
၆။ သည်အတိုင်း။ သားတော်မင်းတရားကို ကြည့်ရှုစောင်မ၍ နေလေ၏။ ထိုအခါ၌။ လကျ်ာဝင်မှ စစ်ချီသည်။ မင်းအဖြစ်ကို ပြုလိုသောကြောင့်။ အိမ်တွင်မွေးစားသော မြို့ကျွန်စုမွေနှင့် ပန်းမွေကို
၇။ နရာဓိပတိမင်းအား။ လုတ်ကြံစေဟု စေလိုက်၏။ စုပွေပန်ပွေလည်း သွားလေ၍။ ရွှေဝင်းတော်အနားသို့ ရောက်လေလျှင်။ ကိုယ်လုတ်တော် ပိုးဝါနှင့် မိန်းမတို့ လှေကားထောင်လှာလျှင်။ စုပွေပန်ပွေ
၈။ တို့လည်း။ ထိုလှေကားကို တက်၍ လိုက်လေ၏။ ရွှေနန်းတော် တောင်တံပျင်းဝယ်။ ဇင်ကြန်သွား၍နေစဉ်တွင် စုပွေပန်ပွေတို့ လှန်နှင့် ထိုးလေလျှင်။ နရာဓိပတိမင်းလည်း သေလေ၏။ မယ်တော်မိဖုရား

**တိ----------ဝမ်းဖက်**

၁။ လည်း။ သားတော်မင်းတရားသည်။ သွားလာသောခြေသံကို မကြားသောကြောင့်။ သွားလား၍ကြည့်ရှုလေသော်။ သားအကောင်ကိုလှန်ရာနှင့် အူထွက်၍မြင်လေလျှင်။ ဘုရားပေါ်စန်တတ်ဘုံကြီးဆိုသော
၂။ စကားသည် မှန်ချေပြီဟု။ မှူးတော်မတ်တော်တို့ကို ခေါ်တော်မူ၍။ စစ်တံဆာအစုံနှင့်။ ပုရွှတံခါးဝင်သုံးတပ်တွင် အပြည့်စောင့်၍နေစေ၏။ မိုးသောက်လတ်လျှင်၊ လကျ်ာဝင်းမှူး စစ်ချီလည်း သူရဲသုံးရာနှင့် မင်းပြု
၃။ မည်ဟုကြံသော် မမြောက်နေလေ၏။ မယ်တော်မိဖုရားလည်း သားတော်နရာဓိပတိမင်းကို။ ညည့်အခါ ပုဂ္ဂါန်လာသောသူတို့ကို ရှာဖွေလေသော်။ လကျ်ာဝင်းမှူးစစ်ချီနှင့် စုပွေပန်ပွေတို့ကို ရလေလျှင် သ
၄။ တ်၍ပစ်လေ၏။ ကိုယ်လုတ်တော်ပိုးဝါစသော မိမ္မတို့ကိုလည်း သင်ချီတည်လေ၏။ ထိုမင်းကား အိမ်နိမ့်နှစ်ဆယ်။ စည့်စိမ်တနှစ်။ နှစ်စုသက်တော် နှစ်ဆယ်တနှစ်တွင် လွန်တော်မူ
၅။ လေ၏။ ထိုမင်းလွန်တော်မူလေလျှင်။ မယ်တော်မိဖုရားသည်။ မှူးမတ်အပေါင်းနှင့် တိုင်ပင်တော်မူ၍။ လောက်ကြက်စား ခွေးချေးသည်။ မိဖုရားနန်းတက်နှင့် အဘိသိက်ခံ၍။ သက္က
၆။ ရာဇ် ၁၀၉၇ ခုတွင်။ ပြည်စည့်စိမ်ကို စိုးအုပ်တော်မူ၏။ ပြည်သူရွာသူတို့သည်။ လောင်ကြက်စား ငခွေးချေမင်းဖြစ်သည်ကို။ နားဝပါးဝမသိလေဟုဆိုသောကြောင့်။ နရပဝရရာဇာဟု ခေါ်ကြ၏။ သူင
၇။ ယ်တို့တိပ်ဆိုသည်ကား။ အသူရောက်မည်။ ဝှက်တောက်ကျော်သည်။ ဒေါ်တန်တိုင်းမှာ လူးလာခပ်၍ မြည်လတ်သည်လည်းဟု တိပ်အသံကို ကြားသောကြောင့်။ လကျ်ာမြန်ထောက်ကျော်သည် မင်းဖြ
၈။ စ်မည်ဟု ပြည်သူတို့လျှောက်လေလျှင်။ နရပဝရာဇာမင်းတရားလည်း။ လကျ်ာမြန်ထောက်ကျော်ကို ယူပြီးလျှင်။ သတ်၍ပစ်လေ၏။ ရမ္မာဝတီမည်သော။ ရံပြကျွန်းတွင်။ ကံတိုင်းရွာ၌။ ကြီးသူငမဲသည်။

**တီ-----------ကျောဖက်**

၁။ ရွာသူတို့ထံ ကျေးငွေကောက်ခံ၍။ စားသည်ဟု။ နရပဝရရာဇာမင်းတရား၏ ဦးရီးတော် ဆင်ကဲကြီးကိုင်။
တစ်ဆဲ့နှစ်ရွာသူကြီးတို့သည်။ လျှောက်ထားလေသော်။ အသက်ကိုမသေ အိမ်ထောင်ကြေအောင်
၂။ ပြုလေဟု တံဆိပ်စာပေးလိုက်၏။ ထိုတကျိတ်နှစ်ယောက်သော သူတိုင်သည်။ သွားလေ၍။ ကံတိုင်းကြီးသူငမ်
ကိုင်။ အိမ်ထောင်ဖျက်၍။ အသတ်ကို အသေသတ်လေ၏။ ငမဲသားမြေးတို့သည်။ ရွှေမြို
၃။ တော်သို့ရောက်လတ်၍။ နရဝရရာဇာမင်းတရားကို လျှောက်လေ၏။ နရဝရရာဇာမင်းတရားကား။ လည်း။
ရုံပြုကြီးသူ တကျိတ်နှစ်ယောက်ကို ခေါ်ချေစေ၍။ စစ်ကြောမေးမြန်းသော်။ ဦးရီးတော်ဆင်ကဲ
၄။ ကြီးက။ တံဆိပ်စာပေးသောကြောင့်။ သတ်၍ပစ်ပါသည်ဟု။ လျှောက်လျှင်။ ဦးရီးတော် ဆင်ကဲကြီးကိုခေါ်၍
မေးတော်မူ၏။ ဦးရီးတော်ဆင်ကဲကြီးလည်း။ ဟုတ်သဘောအကြောင်းကို ဆိုပေ
၅။ ၏။ လျှောက်ပေ၏။ နရပရဝရာဇာမင်းတရားလည်း။ စစ်ကြီးရောက်လျှင်။ သူရဲကောင်းတို့ကို ရှာရာ၏။ အမှုကြီး
ရောက်လျှင် ခင်ပွန်းကောင်းကို ရှာရာ၏။ ရာန်သူကို အောင်လိုလျှင်။ ဥပါယ်ငါး
၆။ ပါးဖြင့်ပြုရာ၏။ ဥရီးတော်ကိုယ်တွင်လည်း။ တစိပ်စာမပေးသင့်သည်ကု။ ပေးလိုသောကြောင့်။
ရာန်သူရောက်ချေသည်ဖြစ်သောကြောင့်။ ကိုယ်ခန္ဓာလွတ်အောင်ကို ဆီးတားကွယ်ကာလေဟု။ မိန့်တော်မူ
၇။ ပါလေဟု မိန့်တော့်မူလေလျှင်။ ဥရီးတော်ဆင်ကဲကြီးလည်း။ ကြန်ရုံမြကြီးသူတကျိတ်နှစ်ယောက်တို့ကိုခေါ်၍။
သာချိုစွာဆိုပြီးလျှင်။ ငါပေးလိုက်သောစာတွင်။ ဆင်ခြေစကားအဘယ်ကြောင့် ပါလေသနည်း။
၈။ ည်း။ ကြည့်ရစေတော့ဟု တောင်းလေလျှင်။ ရုံပြုကြီးသူတို့သည် စာကိုပြလေ၏။ ဆင်ကဲကြီးရခဲ့လျှင်။ ဆုပ်ဖျောက်
၍ ပစ်လေ၏။ အကြောင်းကို နရပဝရရာဇာမင်းတရားကိုသည်။ သိလေလျှင်။ ကြီးသူငမဲကိုင်။

**တု-----------ဝမ်းဖက်**

၁။ သတ်၍ပစ်သော တံဆိပ်စာကို ပေးရမည်တောင်းလေလျှင်။ ရုံပြုကြီးသူတို့က မပေးနိုင်သောကြောင့်။
နင်တို့ပင်ငါကထားသည် ရွာသူကြီးကို ပုံဂါန်သည်မဟုပ်တုံလောဟု။ ထိုသူတို့ကိုသတ်၍။ ပစ်လေ၏။
၂။ ထိုမင်းကား အိမ်နိမ့်ငါးဆဲ့တစ်။ စည့်စိမ်နှစ်နှစ်။ နှစ်စုသက်တော် ငါးဆဲ့သုံးနှစ်တွင်။ လွန်တော်မူလေ၏။ ၃၇။
ထိုမင်းလွန်လေလျှင်။ ထိုမင်းကြီး၏ ဘကြီးတော်သားဖြစ်သော ညီတော်သည်။ နန်းတက်မိဖုရား
၃။ နှင့်။ အဘိသိက်ခံ၍။ သက္ကရာဇ် ၁၀၉၉ ခု။ တောသလင်းလဝယ် ရွှေနန်းတက်တော်မူ၏။ အရှေ့စေတုတ္တရာ
ချင်းတို့သည်လည်း။ မြို့ချောင်းကို ဖျက်ဆီးသောကြောင့်။ တပ်စောင့်ထားသော ကုလားကတျာသည်။
၄။ လေးမြို့ကလာလတ်၍။ ရွှေနန်းတော်တောင်ဘက် ပေါက်ပင်တံခါးဝက ဝင်ပြီးလျှင်။ ရွှန်းတောင်သို့တက်၍။
ပင်းဝါသား ကုလားခြောက်ကျိတ်နှင့်။ ပြောင်းတည်ပြီးလျှင်။ သက္ကရာဇ် ၁၀၉၉
၅။ ခု တံခူလဆန်း နှစ်ရက် တနင်္လာနေ့တွင်။ ရွှေနန်းတော်ကို ပြောင်လက်နက်ဖြင့် ပစ်လေ၏။ စန္ဒဝိဇယရာဇာမင်း
တရားလည်း။ ညည့်သံခေါင်အချိန်ဖြစ်သောကြောင့်။ ကြအံ့သောငှာ မတတ်
၆။ နိုင်၍။ မိဖုရားမောင်းမမိသံတို့ကို ယူဆောင်လျှက်။ ရွှေမြို့တော်မြောက်တံခါးက ထွက်သွားလေ၍။ ဆရာတော်
သျှစ်သောင်းဘုန်းကြီးကျောင်းတိုက်တွင် နေလေ၏။ ကုလားကတျာလည် ရွှေနန်းတော်ကို ရလေ
၇။ ၏။ မိုးသောက်လျှင်၊ စန္ဒဝိဇယရာဇာမင်းတရားလည်း။ အမတ်တော်ဆင်ကဲကြီး သူငယ်တော် သူကြီးပိုက်သည်ပိုင်
သည် အမတ်တော်တို့နှင့် များစွာသော။ အမတ်အပေါင်းတို့နှင့် ခြံရံလျှက်။ ဝေါပြဿဒ်
၈။ စီး၍။ ချီလာပြီးလျှင်။ ရက္ခတောင်အရပ်က စစ်ခံလှာ၏။ ကုလားကတျာနှင့် တိုက်ကြလေသော်။ ကုလားတတျာ
လည်း။ ပေါ်ရေပေါက်ဝတံခါးကနေ၍။ သေနတ်လက်နက်ထိပါ၍။ စန္ဒဝိဇယရာဇာသည်ယေလေ

**တု---------ကျောဖက်**

၁။ လျှင်။ စစ်မျက်နှာတို့သည် ပျက်၍ပြေးလေကုံ၏။ ထိုမင်းကား အိမ်နိမ့်နှစ်ဆဲ့နှစ်နှစ်၊ စည့်စိမ်သျှစ်လ။ နှစ်စု
သက်တော် နှစ်ဆဲ့သုံးနှစ်တွင် လွန်တော်မူလေ၏။ ၃၈။ ထိုမင်းလွန်တော်မူလေလျှင်။ ကလားကတျာသည်။
ကာ
၂။ လသူရတန်းရာဇာဟူသော အမည်ကိုခံ၏။ ကုလားတို့သည် ပြည်တွင်းပြည်ပတို့ကို လုယက်ဖျက်ဆီးကုံ၏။

သိန်ကျောင်းတို့၌ဟိသော။ ရွှေဆင်းတု ငွေဆင်းတုတို့ကို ယူကုံ၏။ ကုလားဆရာဖြစ်သော
၃။ ခေါင်တကာမောလာ။ ဖောက်ကျို။ တုသိဘိန္နာတို့လည်း။ ရုံးစု၍ သိန်ကျောင်းတို့ကို အသျှင်ခံကုံ၏။ ကတျာမင်း
ထံလည်း။ သွားလာတက်သက်၍။ ကျားစာပေါင်တော်ပြုလျှက်။ ပိုင်ခံပြု၍ နေကြကုံ၏။ ပြည်နိုင်ငံအလုံမ်း၌
နေကုံသောကုလားတို့သည်လည်း။ ဓားလှန်ချိကြ၍။ လျှက်။ အားဟိအားမဲ့ပြုကြသော်။ ဆင်ကဲကြီး။ သူငယ်တော်
သူကြီးပိုက်သဉ်ပိုင်။ သည်အမတ်တော်တို့သည်။ ပေါင်းစု၍ကု
၅။ လားကတျာကို ဝန်းရံလျှက် တိုက်လေ၏။ ထိုအခါ ဂစ္ဆဘနဒီမြစ်ညာဖျား၌ နေသောကုလားတို့သည်။ များစွာ
ပေါင်းစု၍။ တိုက်စည်တိုက်မောင်းတီးလျှက်။ တိုက်အုံ့ဟု ချီလာလျှင်။ ပိုက်သည်
၆။ ပိုင်သည် ဆီးခံ၍ တိုက်လေလျှင်။ ကုလားတို့သည် ထွာထွာညက်ညက်ပျက်စီး၍။ ပြေးလေကုံ၏။ ကုလားကတျာ
လည်း။ ထိုအကြောင်းကို ကြားလေလျှင်။ ဂစ္ဆဘနဒီမြစ်ညာဖျားသို့ ပြေးလေ၏။ ဤကာလသူရတန်
၇။ ရာဇ်ကား။ ရွှေနန်းတော်ထက်တွင်။ သုံရက်စိုးအုပ်ခဲ့၍။ နန်းကကျလေ၏။ ၃၉။ ထိုကာလ သူရတန်ရာဇာ
ပြေးလေလျှင် ဝိဇလညီတော် အိမ်ရှေ့မင်းသည်။ မိဖုရားရွှေရည်နှင့် အဘိသိက်ခံ၍။ သက္ကရာဇ် ၁၀၉၉ ခု
တံ
၈။ ခူးလတွင်။ ရွှေနန်းတက်တော်မူလေ၏။ မူးမတ်ပြည်သူတို့ ချစ်မြတ်နိုးသောကြောင့်။ မဒ္ဒရာဇ်ဟူသော အမည်ကို
ခံတော်မူ၏။ သူငယ်တော်သူကြီးကို။ လကျ်ာမြန်အရာကို ပေး၏။ ဆင်ကဲကြီးကိုလက်

**တူ----------ဝမ်းဖက်**

၁။ ဝဲမြန်အရာကိုပေး၏။ ပိုက်သည်ပိုင်ကို သံထောင်စား အရာကိုပေး၏။ ကာလသူရတန်းမည်သော ကုလားကတျာ
သည်။ ဂစ္ဆဘနဒီမြစ်ညာ၌ နေလေရာဝယ်။ ပြည်သူတို့ဘမ်း၍ ပေးလှာလျှင် သတ်၍ပစ်လေ
၂။ ၏။ ထိုမင်းကား ပဥ္စသီအငှသီဒသသီးတို့၌ မွေ့လျော်၏။ ကုသိုလ်ကောင်းမှုလည်း များစွာပြု၏။ သာသနာတော်
ထွန်းတောက်ပ၏။ ထိုမင်းကား။ အိမ်နိမ့်နှစ်ဆယ်။ စည့်စိမ်ငါးနှစ်။ နှစ်စုသက်တော် နှစ်ဆဲ့ငါးနှစ်တွင် အနာ
၃။ ဖြစ်၍။ လွန်တော်မူလေ၏။ ဘထွေးတော် အိမ်ရှေ့မင်း ခမည်းတော်သည်။ မိဖုရားစောသန္တာဝေနှင့်။ အဘိသိက်
ခံ၍။သက္ကရာဇ် ၁၁၀၄ ခု တပိုတွဲလဆန်း ဆယ်ရက်တလင်္ကနွေနေ့တွင်
၄။ ပြည်စည်းစိမ်ကို စိုးအုပ်၍။ အမျိုးလေးပါးတို့အား။ ဘေးရာန်မဟိစေသည်ကို အကြောင်းပြု၍။ နရာအဘယ
ရာဇာ အမည်ကို ခံတော်ပြု၏။ ထိုမင်းနန်းတက်နှစ်နှစ် သက္ကရာဇ် ၁၁၀၆ ခုနှစ်တ
၅။ ပို့တွဲလဆန်း ဆယ်ရက် ဗုဓဟူးနေ့တွင်။ နရာအဘယရာဇ်မင်းတရားက။ အရှေ့ဟံသာဝတီပြည်ကို။ တိုက်ဖျက်
ချေဟု။ ခမက်တော် လကျ်ာမြန်ဂူခါကို။ စေတော်မူလိုက်၏။ လကျ်ာမြဲဂူဒါ
၆။ လည်း။ သူရဲလက်နက်ကိရိယာ ပြောင်တင်လှေသုံရာခုနှစ်ဆယ်နှင့်။ ချီတော်မူလေ၍။ တောင်ခွင်ကြိမ်သကြီးသို့
ရောက်လေလျှင်။ သတော်သားကုလားတို့နှင့် တွေ့လေ၍။ တပ်ဦးဗိုလ်မှူးရာဇ်ဂြိုဟ်စားသည်။
၇။ တပ်ဦးက ဆီရာသလောဟု ကုလားတို့ကို တိုက်လေလျှင်။ ကုလားတို့သည် လက်မထူဝန်၍ ပြေးလေ၏။
လူအပြည့်နှင့် သန်ပန်တစင်းကို ရလိုက်၏။ ထိုကချီလေလျှင်။ ဒလမြို့သို့ရောက်လေ၏။ ဟသာ်ဝတီတလို
၈။ င်းမင်းအမတ် စစ်တောင်းစားသည်။ များစွာသော ရဲမက်နှင့်။ ညောင်ပင်ကြီးတစ်ပင်အောက်တွင်။ ကာပျိုင်နှင့်
တပ်တည်၍ ခံလှာ၏။ အဘယမဟာရာဇာဖြစ်မည်သူ သံထောင်စားသည်။ အောင်လောင်တဉ်အ

**တူ---------ကျောဖက်**

၁။ မည်ဟိသောပြောင်းကြီးနှင့်။ ပစ်လွှတ်လိုက်သော်။ ညောင်ပင်ကြီးကို ဖောက်ထွင်းလေလျှင်။ ကျိုးကျ၏။
တလိုင်းငါးရာတို့သည်။ သေကြေပျက်စီးလေ၏။ စစ်တောင်းစားနှင့်၊ ကြွင်းသောတလိုင်းတို့သည်။ ပြေလေ
၂။ ကုံလျှင်။ ရခိုင်စည်သည်တို့သည်လည်း။ ပသိန်။ တကုံ။ ဒနပြူ။ ဟင်သကား။ အေရာဝတီ။ လက်ဝဲလကျ်ာ၌
နေကုံသော တလိုင်းအောက်သားတို့ကို ဖျက်ဆီး၍။ များစွာယူခဲ့ကုံ၏။ တလိုင်းအမတ် ဂဝံစားကိုလည်း။
၃။ မယားငါးယောက်နှင့်ရခဲ့၏။ လွန်းဟုံခြင်းကောက်။ တတောက်တောက်နှင့်။ ချိမြောက်မီးဖွဲ။ တပိုတွဲဟူ။ ကြွင်းမြဲ
ငါးရက်။ စန်းလောက်တော်စွာ။ ချိန်ခါနှင့်တုံ။ တပေါင်းကုံ၍။ ကြိုက်ကြုံပွင့်လန်း။ တံခူးဆန်းသော်
၄။ ရေသွန်းသဘင်။ လဟောင်းတွင်ကား။ မွေ့ရှင်ထွတ်ထား။ ဘုရားမလာ။ ချိန်ခါပန်းမှန်။ ဆင်ချိန်တန်၏။ အမှန်

လသစ်။ အတာဖြစ်မူ။ သျှင်ချစ်ဘုရား။ သူတော်များတို့။ တရားစောင့်ကာ။ အရိယာ
၅။ ဟု။ သူတော်သူကောင်း။ ထေရ်အပေါင်းကို။ ဆွမ်းကောင်းကျွေးကာ။ ဆီနံ့သာနှင့်။ အိပ်ရာချိုးရေ။ စုံစေမကြွင်း။
ဆီနှင့်နွင်းကို။ ရေသင်းနှင့်ဖျော်။ လှူပြီးသော်မှ နှစ်ဘော်တူပင်။ သိမ်တွင်ပတ်ကုံမ်း။ သိ
၆။ တင်းသုံမ်း၍။ နိဂုမ်ဇနပိုက်။ စင်စစ်မှန်သော်။ နှစ်ရာပြည့်လုတ်။ နှစ်မြို့ယုတ်တွင်။ ရံချုပ်ပြောင်ပြောင်။
ခြင်ဆောင် ယူဇနာ။ သောင်းမျက်နှာတွင်။ မမြင်ပြိုင်တူ။ မဥ္ဇူနဝတ်။ အိုင်မြတ်မြင်းမိုရ်။ နှိမ်ဆိုမမြင်။ တုံပုံသွင်းသို့
၇။ မျက်ရှင်ပတ္တမြား။ တံခွန်လွှားလျှက်။ သိကြားပြိုင်တူ။ လေးဆူမမျှ။ အယုဇ္ဈဟု။ ဓညဝတီ။ မြို့ရွှေမြီသို့။ ဖြန့်ချီကာ
လ။ တန်ကောင်းစွဟု။ ပြစ်ချပြည်သူ။ သျှင်လူရဟန်း။ မျိုးတို့လွန်လျှက်။ တခွန်းစကား။ ဆက်မပြား
၈။ တည်း။ သည်။ ကြားလွန်ကြင်။ မွေးဘခင်ကို။ ရွှေရင်မန္တံ။ ကြာမြင့်မြဲ၍။ ညံလည်းနေယောင်။
မျက်တောင်မသျှက်။ ပိုက်ဘက်သားကို။ ကျူလွဲငိုသည်။ လွန်ဆိုရက်ရှည် ကြာလတ်သည်။ ဟူ၍ ရံဖွဲ့၍ဆိုသည်။

**တေ------------ဝမ်းဖက်**

၁။ သက္ကရာဇ် ၁၁၀၇ ခု။ ဝါကွတ်လတွင်။ အနောက်ကုလားပြည်သို့။ မာရမားတိုက် လက်ျာမြန်ဂူတာကို လွတ်တော်
ပြုလိုက်၏။ ထိုနှစ်တွင်။ အရှေ့ဟံသာဝတီသို့လည်း။ လက်ျာမြံဂူတာကို လွှတ်တော်ပြုလိုက်၏။
၂။ သက္ကရာဇ် ၁၁၀၈ ခု တန်ဆောင်မုန်းလတွင်။ တောင်ခထွင်ကြိမ်သကြီးဝယ်။ ဘညို ကျမ်းသောင်းလေလျှင်။
ခမက်တော် ရံပြစား သီဟဗလကို။ များသော ရဲမက်နှင့် စေလွှတ်လိုက်၍။ ကြိမ်သကြီးသို့ရောက်လေ၍။
၃။ ဘညိုကို တိုက်လေသော်။ မနိုင်၍ ပြန်လာ၏။ သက္ကရာဇ် ၁၁၀၉ ခု။ တပိုတွဲလတွင်။ နောင်တော်လက်ဝဲမြန်ကို
ကျောက်ပံတောင်းမြို့သို့။ ရုပ်တုတော် မဟာဂျီကို။ အပင့်စေတော်မူ၏။ လက်ဝဲမြန်လည်း။ မီးချော
၄။ င်းမြို့သင်းကြီး ငမင်ကို။ ခရီးညွှန်ပြု၍ သွားလေသော်။ ကျောက်ပန်းတောင်းမြို့ဟောင်းသို့ ရောက်လေလျှင်။
မဟာဂျီဘုရားဖူးလေ၍။ ဆရာတော် ရတနာစံဦးသည်။ မဟာဂျီတပါးကိုင်။
၅။ ပင့်ခံ၍။ နရအဘရရာဇာမင်းတရားသတင်းသုံရာဖြစ်သော။ တောင်န်းသာ၌။ ရတနာစီခပ်သော။
ရွှေပြဿဒ်ထည့်ထားတော်မူ၍။ ကိုင်တွယ်လေ၏။ ရုပ်တုတော် မဟာဂျီကို။ ရှေ့မင်း
၆။ စည်မင်းဆက်တို့သည်။ ပင့်ဆောင်၍မရလေ။ နရအဘယရာဇာ မင်းတရားသာ ပင့်ဆောင်၍ ကိုးကွယ်ရလေ
သတည်း။ စန္ဒဝိဇယရာဇာမင်း၏ သားဖြစ်သော ပြလှုနှင့်။ ကြောင်ချီးတို့သည်။ ကျိန်အရပ်က လှေနှင့်
၇။ စင်းလာ၍။ တောင်ဘက်ပေါက်ပင် တံခါးဝက ဝါးလှေကားထောင်၍ တက်ပြီးလျှင်၊ ကိုယ်တော်လုတ်တဲကို
မီးတိုက်လျှက်။ သက္ကရာဇ် ၁၁၀၉ ခု။ တပေါင်းလဆုတ် တဆဲ့တရက် တလင်္ကာနေ့တွင် ညည့်အခါဝ
၈။ ဝယ်။ နရအဘယရာဇာမင်းတရားကို ပုဂ္ဂါန်လှာ၏။ သားတော် အမ်းစား အစောင့်ကိုယ်တော်ရံတို့ ဆီးခံတိုက်
လိုက်သော်။ မင်းသားပြလှာသည် နာရီနန်းရှေ့တွင် သေလေ၏။ မိုးသောက်လျှင်။ တဘတည်းညီအ

**တေ----------ကျောဖက်**

၁။ စ်ကိုယ်ရဟန်းပြု၍ နေသော။ လေးတောင်စား မင်းသား စံရှိဘော်တို့ကို။ နရအဘယရာဇာမင်းတရားကပင်ခေါ်
၍ ပြလှုကြောင်းချေ ပုဂါန်ရာသို့ပါသည်မပါသည်ကို မေးမြန်းရာတွင် မပါကြောင်းကို ပြောဆိုသော်
၂။ လည်း။ နရအဘယရာဇာမင်းတရား မယုံလေသောကြောင့်။ သူသံခုနှစ်ရက်စောင်မှ လွတ်လေ၏။ တကြိမ်တုံ။
မီးချောင်းဖျား၌နေသော မြို့သင်းကြီးတို့သည်။ ရိုင်းပျန်လေသောကြောင့်။ နရအဘယရာဇာမင်းတရား
၃။ လည်း။ မြို့သင်းကြီးတို့ကို ဆုမ္မစိမ့်သောငှာ။ အမတ်တော် ဆင်ကဲကြီးကို စေတော်မူလိုက်၏။ ဆင်ကဲကြီးလည်း
များသောရဲမက်နှင့်။ သက္ကရာဇ် ၁၁၁၀ စီ။ တပိုတွဲလတွင် ချီသွား၍ တိုက်လေလျှင်။ မီးချောင်းမြို့သင်း
၄။ ကြီးလည်း။ ဆီးခံ၍တိုက်လေသောကြောင့်။ ဆင်ကဲကြီးသည် လက်နက်ထိပါး၍ သေလေလျှင်၊ ပျက်စီး၍
ပြန်လာ၏။ သျှစ်သောင်းလေးထောင်။ မြင့်ခေါင်စိုးခြင်း။ သိကြားမင်းနှင့်။
၅။ ပုံခင်နှိုင်းဆိုင်။ လူဗိုလ်ငြိမ်းချမ်း။ လမင်းထွန်းသို့။ ရွှေနန်းမဏ္ဍိုင် ရခိုင်တောင်ကျွန်း။ ဘုံကြငှန်းထက်။ မိန့်လွှတ်
အာဏာ။ လူရေးရာကြောင့်။ မဟာပွင့်လောင်း။ တည်တုံသျှောင်း၍။ မတ်ပေါင်းဝန်းရံ။
၆။ ဗိုလ်ရှုခံလျှက်။ တောင်စွန်ညာက။ မိန့်တော်ချသည်။ ပိုင်သခွန်ပို့။ ညာမြို့ရပ်စွန်။ ကုလားတန်ဝယ်။ ခိုက်ရန်မပြု။
ခိုးသူမုဒိမ်။ ရာန်စစ်ငြိမ်းစေ။ တတ်တည်ချေဟု။ သပြေတံခွန်၊ ဘုံသုံလုဘာ။ ဝါကွတ်လဝယ်။ ဇကေ

၇။ ရက်ကြွင်း။ ဆောင်တလင်း၌။ လမင်းတံဆောင်။ တပြောင်ပြောင်လျှင်၊ တောင်ကိုလှည့်သွား။ ဖံရထားဖြင့်။
လျှင်လားလိုလို။ နှင်းစိုစိုဝယ်။ လေချိုပျန်ညှင်း။ အချမ်းပြင်း၍။ မိမင်းတူပင်။ မျိုးတွင်ထိပ်ပန်း။ မယ့်
၈။ ကြင်ကျွန်းလျှင်။ အလွမ်းရက်ရှည်။ ကြာလတ်သည်ကြောင့်။ လေးမည်ငါးဖြာ။ ငါးရာမြစ်မ။ ဂစ္ဆာဘဟု။ စီးကျဝှန်
တက် ။ နှစ်ဘက်ဘော်နှော။ တောင်နှင့်တောဝယ်။ မကြောရွက်ခိုင်။ ခက်ချင်းဆိုင်၍။ သံပြိုင်

## တဲ--------ဝမ်းဖက်

၁။ ရင့်ရှုခြိုးကြူကျေးငှက်။ ဆရက်ဦးခေါင်း။ တသောင်းသောင်းသည်။ လမ်းဟောင်လမ်းစည် မြည်လတ်တည်း။
ဤကဲ့သို့ရေးပြီးမှ။ နရအဘယရာဇာမင်းတရားလည်း။ ချမက်တော် လက်ျာမြန်ဂူဒါနှင့်။ အမတ်တော်
၂။ သုံထောင်ကိုင်။ ကုလားတန်မီးချောင်းသို့ စေတော်မူလိုက်၏။ မီးချောင်းသို့ ရောက်လေလျှင်။ မြို့သင်ကြီးကို
တိုက်လေသော်။ သက္ကရာဇ် ၁၁၁၁ ခု နတ်တော်လတွင် ရလေ၏။ ပြာသိုလတွင်ကား အနောက်သို့ဟ
၃။ ရဟားတိုက်လက်ျာမြန်ဂူဒါကို စေလွှတ်လိုက်၍။ များစွာသော ကုလားဒုံမ်တို့ကို ယူခဲ့၏။ သက္ကရာဇ် ၁၁၁၂ ခု
တပို့တွဲလတွင် ဟရမားတိုက်လွှတ်လိုက်၏။ တပေါင်းလတွင်ကား။ နရအဘယရာဇာမင်းတရား
၄။ သည်။ ရွှာတော်ပြတဲတွင် ကောင်းမှုတော်သစ်ကု ပူဇော်ကံတော့ပြုတော်မူ၏။ တကြိမ်တုံ။ နရာအဘယရာဇာမင်း
တရားသည်။ ခမက်တော် လက်ျာမြန်ဂူတာကို။ ဗိုလ်မှူးပြု၍။ ဗိုလ်
၅။ မင်းသလျှင်း။ ဆွဲမင်းကံကျင်သန်တို့နှင့်။ ပြည်နိုင်ငံသူတို့ကို စေတော်မူလိုက်၏။ လက်ျာမြန်ဂူတာလည်း။ များစွာ
သောရဲမက်နှင့် သက္ကရာဇ် ၁၁၁၃ ခု နတ်တော်လတွင် အနောက်ကုလားပြ
၆။ ည်သို့ ချီလေ၏။ ဒကားစား အာကာပေါက်က ဆီးခံ၍။ တိုက်သောကြောင့်။ ရက္ခိုင်စစ်သည်တို့သည် ပျက်စီး
၍ပြုံလာ၏။ သက္ကရာဇ် ၁၁၁၄ ခု နယုံလတွင် အနောက်မင်းစေလွှတ်လိုက်၍ ရောက်လာ၏။ သက္က
၇။ ရာဇ် ၁၁၁၅ ခု။ ဝါခေါင်လကို။ တံဆောင်မုန်းလတိုင်အောင်သဘော်ရော၏။ ထိုသဘော်တို့၌ ရွှေတုံငွေတုံပါ၏။
ကုလားအုပ်ခုနှစ်ခု ခွေးကြီးတစ်ခုပါ၏။ ဝိဇယရာဇ်သားမသည်။ အနောက်
၈။ ကုလားမင်းထံစစ်ပင့်၍။ နရာအဘယရာဇာမင်းတရားကို တိုက်အံ့ဟု သူရဲများစွာနှင့် ချီလာလျှင်။ ခရီးအကြား
ဒကားတွင် ရောက်လာလျှင်။ မင်းသားသာမသည် လေလေ၏။ ကုလားစစ်သည်တို့သည် ပြုံခဲ့၏။

## တဲ----------ကျောဖက်

၁။ တကြိမ်တုံနရာ အဘယရာဇာမင်းတရားသည်။ ခမက်တော် လက်ျာမြန်ဂူတာကို။ အနောက်ကုလားပြည်သို့
စေတော်မူ၍။ သက္ကရာဇ် ၁၁၁၆ ခု တပေါင်းလတွင် ချီသွားလေ၍။ ပင်းဝါစစ်တကောင်းအရပ်ဝယ် မြ
၂။ စ်စကမ်းခြေ၌ နေသော ကုလားတုန်းတို့ကို များစွာရခဲ့၏။ ကျွဲနွားကိုကဲ့သို့ ဈေးတင်၍ ရောင်း၏။ ကျောင်းအိမ်
စသည်တို့၌ ကျွန်သပေါက်ဖြစ်လေ၏။ ထိုနှစ်တံခူးလတွင် အနောက်သို့ လွှတ်ပြန်လေသော်။ ရက္ခိုင်
၃။ သားတို့ဖျက်၍။ တောင်ဘက်မြို့သစ်ကို ဖမ်း၍ရလေ၏။ ထိုမင်းလက်ထက်။ ပုဂံပြည်အင်းဝကို အစိုးရသော
ဆင်ဖြူသျှင်မင်းနှင့်။ ဟံသာဝတီပြည်ကို အစိုးရသော ဆင်ကျားရှင်တို့ အကြိမ်ကြိမ်စစ်ပွဲ ဆ
၄။ င်၍ တိုက်ကြလေသော်။ အင်းဝဆင်ဖြူသျှင် သျှုံလေသောကြောင့်၊ မင်းမိဖုရားနှင့်အကွ။ ပြည်သူတို့ကို သိမ်းယူ
လေလျှင်။ အောက်သားတို့သည်။ များစွာရောက်လှာ၏။ ထိုရောက်လှာသော
၅။ အောက်သားတို့ကို။ နရအဘယရာဇာမင်းတရားလည်း။ အစာရိက္ခာတို့ကိုပေး၍။ ပြည်ချောင်းပေချောင်းတို့၌
ရွာတည်၍ထားလေ၏။ ခုနှစ်ခရိုင်တောင်စည်တို့တွင်လည်း အသီး
၆။ အသီးရွာတည်၍ ထားလေ၏။ ထိုအောက်သားတို့သည်။ သက္ကရာဇ် ၁၁၁၆ ခုတွင် ပြန်၍သွားလေကုံ၏။
အချို့လည်း ကျရစ်၏။ သာသနတဇဖြစ်သော ဝိနည်းထိုသည်။ မင်းဖြစ်မည်အမှတ်ဟိ၍။ နရအဘ
၇။ ယရာဇာမင်းတရားကို ပုဂ္ဂါန်အံ့ဟု သူရဲတို့ကို ဆုပေးပြီးလျှင်။ ညည့်သံခေါင်အခါ၌။ အဝတ်ဖြူဝတ်၍။ တမ်ဇင်ကို
တက်စီးလေသော်။ ကြက်သီးမွေးညှင်းထ၍။ ယိုက်ယိုက်တုံလျှက် သုံကြိမ်စင်လျှင်ဖြစ်
၈။ ၏။ သူရဲတို့လည်း။ ဤဝိနည်းထိုသည်။ အနီဝတ်၍နေမြဲလေ၏။ မိုးသောက်လျှင်။ သူရဲတို့လည်း။
နရအဘယရာဇ်မင်းတရားကို ဆရာတော်ဝိနည်းထိုသည်။ ပုဂ္ဂါန်မည်ကြံပါသည်ဟု လျှောက်လေလျှင်။

**တော–––––––––ဝမ်းဖက်**

၁။ အခေါင်စစ်ကဲဥဂါရှိနှင့်။ အသည်တောင်စား စံရှီဘော်တို့ကို စေလွှတ်လိုက်၍။ ဝိနည်းထိုကျောင်းသို့သွားလျှက်
ကြည့်လေသော်။ သေရက်အိုးတို့နှင့်။ စစ်တံဆာအစုံကို ရ၍။ မင်းတရားအား ဆက်လေသော်။ ဆရာ
၂။ ဝိနည်းထိုကို ပင့်ချေ၍။ မေးလေသော်။ ဝိနည်းထိုလည်း စိတ်၌ရောက်ပေသည်ဟု။ ဟုတ်သောအတိုင်း ပြန်ပေ
သော်။ မင်းတရားလည်း။ ငဆရာ ဝိနည်းထိုကို မာန်အောင်သို့ လျှိုလေ။ အဆွေ
၃။ အမျိုးတို့ကို သတ်လေဟု။ မိန့်တော်မူလျှင်။ ဝိနည်းထို အဆွေအမျိုးဖြစ်သော ကိုးယောက်သောသူတို့သည်။
ပုဂ္ဂိုလ်မည်ကြံရာ မပါပဲနှင့်။ သေဆုံးလေသည်။ ဝိနည်းထိုနှင့်။ အခေါင်စစ်ကဲ ဥကာရှိ။ အသည်တော
၄။ င်စား စံရှိဘော်တို့သည် တညီတညွတ်ကြရင်း သူဖြစ်၍ နောင်အရေးကို ကြောက်၍။ ဥဂါရှိနှင့် စံရှိဘော်တို့သည်
ဝိနည်းထိုင်ကို။ မာန်အောင်အရပ်သို့။ မပို့လေ၍ အထက်
၅။ ကိုသတ်၍ဆုံးလေ၏။ သတ်သည်ကား။ သက္ကရာဇ် ၁၁၁၇ ခု ဝါဆိုလပြည့်ကျော်တရက် ဗုဓဟူးနေ့ဝယ်။ သတ်လေ
သတည်း၊ ညှ့်အခါ၌။ ဝိနည်းထို အကောင်ပါးဝယ်။ သာ
၆။ ခု သာခုဟူ၍ ခုနှစ်ရက်တိုင်အောင် ခေါ်သံကိုကြား၏။ ထိုနှစ်မိုးလည်းခေါင်၏။ ဝါဆိုလကွယ်နေ့ဝယ်
ခမက်တော်လက်ျာမြန်ဂူတာလည်းသေ၏။ သက္ကရာဇ် ၁၁၁၈ ခု တော်သလင်းလတွင် အဥ္ဇနဒီမြစ်၌။ အိုဇောင်
၇။ ခြမ်းတို့သည် ဖောင်ဖွဲ့၍မျှော၏။ နရအဘယရာဇာမင်းတရားလည်း။ ဘုရားသွေးပြည်စိုးကြီးအမတ်အပေါင်းနှင့်
တိုင်ပင်တော်မူလျှင်။ အိုးဇောင်းခြမ်းပေါ်သည် အလိုကို ထောက်သော်။ ကျွန်သပေါက်တို့သည်
၈။ တော်လှန်၍။ မင်းဖြစ်လတ္တန့်ဟု လျှောက်ပေသော်။ အဘိသိက်ခံ၍။ နရဒါဘယဟူသောအမည်ကို ခံတော်ပြု
၏။ လူများတို့သည် ရိနာရောက်၍ များစွာသေကုံ၏။ သက္ကရာဇ် ၁၁၂၀ ပြည် ဝါကျွတ်လွှန်

**တော–––––––––ကျောဖက်**

၁။ သုံရက်နေ့တွင်။ တောင်ခွင်ကြိမ်သကြီးအရပ်တွင်။ ကျမ်းသောင်း၍နေသော အညိုကို၊ သံတောင်စားနှင့်
သူရဲအပေါင်းတို့ကို စေလွှတ်၍။ တိုက်လေသော်။ သံတောင်စားလှေသည်။ ပျက်၍လူသူများ
၂။ စွာသေလျှက် ဘညိုကိုမရ၍ ပြတော်မူခဲ့၏။ တင်ခေါင်တွင်လည်း တတ်စောင့်ထားခဲ့၏။ ထိုနှစ် ဆင်လတ်ဆောက်
ပုတ်တတ်သေး၏။ သက္ကရာဇ် ၁၁၂၁ ခု တပို့တွဲလဆန်း တရက်ဗုဓဟူးနေ့သံတွဲဆ
၃။ င်ခေါင်းတတ်ကို ဘညိုတိုက်လှာလျှင်။ တင်းမစားတော်ရှီးသည်။ လက်နက်ထိ၍သေလေ၏။ ဆင်ခေါင်းတတ်
လည်းပျက်လေ၏။ ထိုနေ့ကစ၍ တောင်ခွင်ကြိမ်သကြီးသည် လက်လွှတ်လေ၏။ သက္က
၄။ ရာဇ် ၁၁၂၂ ခု ဝါကျွတ်လဆန်း ဆယ်ရက် ကြာသပတေးနေ့ကစ၍။ ခုနှစ်ရက်တိုင်အောင်။ ငလျှင်လုတ်၏။
တန်ခူးလဆန်း သျှစ်ရက် တနင်္ဂနွေနေ့ ငလျှင်ကြီးလှုပ်ပြ၏။ နရဒါဘယ
၅။ ရာဇာမင်းတရားလည်း။ အမျိုးလေးပါးတို့အား ဘေရာန်ကင်းစိမ့်သောငှါ။ အမတ်အပေါင်းခြံရံလျှက်။
အဘိသိက်သွန်းပြီးလျှင်။ နရဒါဘယဟူသောအမည်ကို ခံတော်မူ
၆။ ၏။ ထိုမင်းလုတ်သော ကောင်းမှုတော်ကား။ ရွာတော်ဖျားထဲ၌ သိန်တော် ရွှေမြို့တော် အနောက်ဘက်ဖြစ်သော
လက်ကြွယ်တော်ထောင့်၌။ စေတီတော်ကို၊ ဂရုဖန်သင်ချီလယ်တို့နှင့် တည်
၇။ တော်မူ၏။ မင်းအဖြစ်သို့ရောက်သည်နေ့ကကို တနေ့တနေ့နေ့တိုင်းလျှင်။ ပဥ္စင်တယောက် သျှင်တယောက်စီ
ချည်း သဘင်ကြီးစွာခံ၍။ ရက်စည်မပြတ် ပြုတော်မူ၍။ အလှူကြီးကို ပေးတော်
၈။ မူ၏။ မင်းကျင့်တရားကိုလည်းတော်ဖြောင့်စွာကျင်တော်မူ၏။ သားသမီးအခြွေအရံ မူးကောင်းမတ်ကောင်း
သူရဲကောင်း ဆင်ကောင်းမြင်းကောင်းလည်း။ အလွန်ပွားများ၏။ ထိုမင်းကား အိမ်နိမ့်လေးဆယ်သျှစ်

**တော်––––––––––ဝမ်းဖက်**

၁။ နှစ်။ စည့်စိမ်တဆယ့်ကိုးနှစ်။ နှစ်စုသက်တော် ခြောက်ဆဲ့ခုနှစ်နှစ်တွင် လွန်တော်မူလေ၏။ ထိုမင်းလွန်တော်မူ
လေလျှင်။ သားတော်အိမ်ရှေ့မင်းရွှေယောက်သည်။ တံဆောင်မိဖုရားနှင့် အဘိသိက်ခံ၍
၂။ သက္ကရာဇ် ၁၃၂၃ ခု၊ တန်ဆောင်မုန်းလဆန်းတရက်နေ့တွင် ရွှေနန်းတက်တော်မူ၍။ သီရိသုရာဇာဟူသော
အမည်ကို ခံတော်ပြု၏။ ထိုမင်းကား အိမ်နိမ့်နှစ်ဆဲ့သုံးစည့်စိမ်သုံလနှစ်စုသက်တော်။ နှစ်ဆယ်

၃။ သုံးနှစ်တွင် ကျောက်ပေါက်၍သေလေ၏။ ၄၂။ ထိုမင်းလွန်လေလျှင်။ ထိုမင်း၏ညီတော် ဓားပိုင်ကြီးသည်၊
မိဖုရားအောင်ကြွစံနှင့် အဘိသိက်ခံ၍။ သက္ကရာဇ် ၁၁၂၃ခု တပို့တွဲလဆန်း ၁ ရက်နေ့တွင် ရွှေနန်းတက်တော်
၄။ မူ၏။ စန္ဒပရမရာဇာအမည်ကို ခံတော်ပြု၏။ ထိုမင်းလက်ထက် ပုဂံပြည် အင်းဝမြို့ကို အစိုးရသော နောင်တော်
ကြီးမင်းက ရက္ခိုင်ပြည်၌။ စိုးအုပ်သောမင်းသည်။ တောင်ခွင်ကြိမ်သကြီး
၅။ ၌။ ကျမ်းနေသော ဗိုလ်ဘညိုကိုင် အကြိမ်ကြိမ်တိုက်သော်လည်း။ မရနိုင်သောအကြောင်းကို ကြားသိလေလျှင်။
မြန်အောင်ဗိုလ်ငနိုးကိုင်။ တိုက်ဖျက်ချေဟု။ စေတော်မူလိုက်၏။ မြန်အောင်
၆။ င်ဗိုလ်ငနိုးလည်း။ လက်နက်ကိုင်သုံးရာနှင့် ချီလာပြီးလျှင်၊ ကြိမ်သကြီးတွင် ဗိုလ်ဘညိုကို။ သက္ကရာဇ် ၁၁၂၃
ခု။ တံခူးလဆန်း ခုနှစ်ရက် သောကြာနေ့တွင်။ ဘညိုကို တိုက်လေသော်။ ဗိုလ်ဘညိုကို အရှင်ဘမ်း၍။
၇။ ယူလေ၏။ ဘညိုကိုဘမ်းသည့်နာဂရီထက်တွင်ပင်။ ငယင်ကြီးစွာလုတ်၏။ ရက္ခိုင် သံတွဲ ရဲပြ မာန်အောင်
အရပ်တို့၌။ မြစ်ရေတို့သည်။ သံသုံးတောင်ဆုတ်၏။ ခုနှစ်ခရိုင်တောင်စည်တွင် အမ်းလက်ျာတီး
၈။ လက်ဝဲမြစ်ရေတို့လည်း။ သံသုံးထောင်တိုး၏။ တံခူးကဆုန်နယုံတိုင်အောင် မြေကြီးတထိမ်ထိမ်လုတ်၏။ သံဖြူ
တင်းကျမ်းပေါ်ဇေတီပုဒ္ဓိူ။ ဘုရားတို့သည်။ ပြိုပျက်ကုံ၏။ လူသူများစွာသေပျောက်

## တော်------ကျောဖက်

၁။ ၏ လူတကာတို့လုတ်ဆောင်သော လယ်တို့တွင်။ မိုယ်ရေးမတင် ဖြစ်ကုံ၏။ ရခိုင်ပြည်လောင်ကြက်မြို့ဟောင်း
တွင် နေသောကျိမြဝါ။ ရမ်းဗြဲကျွန်းတွင်နေသော အောင်ဇေယျ။ မရဇည်းစားမောင်ဦး။ မေဃဝတီ
၂။ မြို့တွင်နေသော ဗိုလ်မင်းလာဦး။ ဤလူလေးယောက်တို့ ပေါင်းဘက်၍။ အင်းဝမြို့သို့သွားလေပြီးလျှင်။
နောင်တော်ကြီးမင်းထံ စစ်ပင်လေ၍။ နောင်တော်ကြီးမင်းလည်း။ မတွေးမဆပဲ ရွှေပြည်ဝန်ကိုခေါ်တော်
၃။ မူ၍။ လက်နက်ကိုင် လူငါးသောင်းနှင့်။ ရက္ခိုင်ပြည်ကိုတိုက်ချေဟုစေလိုက်၏။ ရွှေပြည်ဝန်လည်း ချီလာ၍
စေတုတ္တရာလေးမြို့ကြောင်း ချီလာသည်ကို။ စန္ဒပရမရာဇာမင်းကြီးကြားသိလျှင်။ အမတ်
၄။ တော်ရဲပြဲစားနှင့် ရာဇဂြိုလ်စားကို။ များသောရဲမက်နှင့် စေတော်မူလိုက်၏။ ချီသွားလေလျှင်။ နဂရာဇ်ဖိုးခေါင်က
စီး၍တိုက်လေသော်။ လမ်းမသာသောကြောင့်။ ချင်းတောင်မင်းကြီး။
၅။ သူတို့ကို ဆုလာပ်ပေး၍။ ထပ်မာန်တိုက်လေလျှင်။ အောက်သားတို့သည်။ ပျက်စီး၍ ပြန်လေကုံ၏။ စစ်ပင့်ခေါ်
သူ။ ကျိမြဝါအောင်ဇေယျ။ မောင်ဦး။ ငလာဦးတို့နှင့်။ မြန်အောင်ဗိုလ်ငနိုင်း
၆။ တို့ကား။ ဒွါရာဝတီကြောင်းချီလာ၍။ သက္ကရာဇ် ၁၁၂၄ ခု နတ်တော်လဆန်း သျှစ်ရက် ဗုဒ္ဓဟူးနေ့တွင်။
တောင်လမုရွာကို။ ဖျက်လေ၍။ လူသူတို့သည်။ များစွာသေကုံ၏။ လက်ရဘမ်း၍များစွာယူလေ
၇။ ၏။ ထိုမှလည်း။ မအီဟူသောရွာကိုင်။ ဖျက်လေ၏။ ဗိုလ်ငနိုးလည်း။ ရသောသုံ့ပန်းတို့နှင့်။ ကမာချင်ယင်းပြင်
တွင်။ တပ်တည်၍ နေလှာ၏။ ထိုအခါ၌။ နရအဘရရာဇာသည်။ ရွာတည်၍ပြည်
၈။ ချောင်းပေချောင်းတွင် ထားခဲ့သော အောက်သား။ နှမ်းပြည်ထောင်စား ငထွန်းအောင်သည်။ ရက္ခိုင်အမတ်
တွင် ဟိသောအပြောင် မိန်းမတို့ကို ခိုးယူ၍။ အောက်သားတို့ပိုင်သည် အမှတ်ဟိလျှက်

## တံ----------ဝမ်းဖက်

၁။ တောင်စည်ပြေးခဲ့လျှင်။ ဗိုလ်ငနိုးထံရောက်လှာ၏။ ဗိုလ်ငနိုးလည်း အားရ၍နေစည်ဝယ်။ အပြောင်အိမ်သျှင်ရဲပြ
ငယ်စား။ နှမ်းလွှဲစား။ အမြင်စား။ ကင်းစား။ ခွာဖဲ့စား။ ဤအမတ်ငါးယောက်တို့သည်။ စန္ဒ
၂။ ပရမင်းတရားကို။ လျှောက်ထား၍။ နှမ်းခြေထောင်စား ငထွန်းအောင်ကိုင်။ နောက်ထပ်၍ လိုက်လေသော်၊
ကမာချင်းယင်းပြင်တွင် ဗိုလ်ငနိုးနှင့်အတူတွေ့လေ၏။ တိုက်ကြလေသော် ရက္ခိုင်အမတ်တို့သည် ပျက်
၃။ စီးလေလျှင်။ ရဲပြငယ်စားကို ဝန်းရံ၍ ဘမ်းပြီးလျှင်။ ဥကျွောင်းကိုဖြတ်၍ ယူလေ၏။ ဗိုလ်ငနိုးလည်း။
ရက္ခိုင်မင်းတယောက် ရလိုက်သည်ဟု အားရ၍။ ရသောလူသူယောက်ျားမိမ္မ သုံ့ပန်းလက်ရတို့ကို ပုဂံပြ
၄။ ည် အင်းဝမြို့သို့ ပို့လိုက်၏။ ဗိုလ်ငနိုးကား လက်နက်ကိုင် သူရဲသုံးထောင်နှင့် ချီသွားလေ၍။ တန်းလွဲကိုတိုက်လေ
၏။ လမ္ဘူရွာ၌ ကြွင်းကျန်သောလူတို့နှင့်။ လမ္ဘူကြီးသူသည်။ မိမ္မလူသူတို့
၅။ ကို လမ်းစည်းဖြတ်၍ တိုက်လေလျှင်။ သုံးစုတစု ရလိုက်၏။ ဗိုလ်ငနိုးလည်း။ တန်းလွဲကသည်။ တောင်ကုတ်ကို။

ပန်းတော်ပတင်းရံပြငယ်တိုင်အောင်။ အပြန်ပြန်ဖျက်ဆီး၍ နေ၏။ စန္ဒပ
၆။ ရမရာဇာ မင်းတရားလည်း လေမြို့ကြောင်းချီလာသော အောက်သားတို့ကို။ တိုက်အံ့ဟု။ ယောက်ဘတော်
ရံပြစားနှင့်။ ရာဇဂြိုလ်စားတို့ကို။ တပ်ပေါင်းတဆဲ့နှစ်တပ်နှင့်စေတော်မူလိုက်၏။ ဗိုလ်ငနိုးလည်း
၇။ လေးမြို့ကြောင်းချီလာသော ရွှေပြည်ဝန်သည်။ မပေါက်နိုင်သောကြောင့်။ ရက္ခိုင်စစ်သည်တို့သည်။ ရောက်လှာ
သည်ဟု တောင်ကုတ်က ပြေးကြလေ၏။ ရမ်းပြပြည်စိုးတို့က အောက်သားတို့သည်။
၈။ တခါရက နောင်ရမည်ထင်၍။ လာပြလတ်သည်ဖြစ်သောကြောင့်။ နောက်ထပ်လိုက်၍ အောက်သားတို့ နိုင်ငံကို
ဖျက်ဆီးတိုက်သတ်လျှင်၊ တော်သင့်မည်ဟု လျှောက်လိုက်လျှင် ရံပြစားက။ ငါတို့နိုင်

**တံ----------ကျောဖက်**

၁။ ငံတွင်။ ရာန်စစ်ကို ငြိမ်းလေလျှင်။ သုနိုင်ငံသို့သွား၍ တိုက်သော် ရာန်စုရှည်တော့မည်ဟု ဆိုပြီးလျှင်။ ရွှေမြို့
တော်သို့ ပြန်တော်မူလာခဲ့၏။ ဗိုလ်ငနိုးတောင်စည်ကို တိုက်ဖျက်သည့်ရက်ပေါင်းကိုးဆယ်
၂။ ကြာလေ၏။ သက္ကရာဇ် ၁၁၂၅ ခု တော်သလင်းလတွင် ထမင်းငတ်၍ သေကြကုံ၏။ ဆံတတောင်ကို ဒင်္ဂါးတပြား
ပေးရ၏။ စန္ဒပရမရာဇာမင်းတရား၏ ဆွေတော်မျိုးတော်တို့သည်။ ယောက်ဘတော်ရံပြ
၃။ စားသည် ပုဂ္ဂါန်မည်ကြံပါသည်ဟု လျှောက်၏။ လက်ျာမြန်နန္ဒသီရိဟန့်တားသော်လည်း။ မနိုင်ရံပြစားကို
ဘမ်း၍။ သည့်သတ်လျှက် ပစ်အံ့ဟုကြံ၏။ ဤမင်းသည် တောင်ဘက်မ။ လေးခက်မတို့စကားကိုင်
၄။ နားထောင်၍။ ငကိုသတ်မည် ကြံသည်ကို။ ငါမခံဟု အတင်းအမာပြုလျှက်။ တပ်စည်တီး၍ ထွက်လေ၏။
သိန်ကပါမင်းမတို့ ရောက်လေလျှင်။ အောင်တမာန်စေလွှတ်၍။ သာယာစွာ
၅။ ခေါ်သော်လည်းမရ။ လူသူတို့ကိုသာ များစွာစုရုံမ်း၍ချီလာပြီးလျှင်။ သက္ကရာဇ် ၁၁၂၆ ခု ကဆုံလဆန်းတရက်
အင်္ဂါနေ့တွင် တိုက်လေသော်။ စန္ဒပရမရာဇာမင်းတရားကို ရလေလျှင်။ ရ
၆။ ဟန်းပြု၍ ထားလေ၏။ ဤစန္ဒပရမရာဇာမင်းတရားကား။ အိမ်နိမ့်နှစ်ဆယ်။ စည့်စိမ်သုံးနှစ်။ နှစ်စုသက်တော်
နှစ်ဆဲ့သုံးနှစ်တွင်။ နန်းတော်က ကျလေ၏။ ၄၃။ ထိုမင်းနန်းကျလေလျှင်။ ယောက်ဘတော် ရံပြစားသည်။
၇။ မိဖုရားစောရွှေကြာဝေနှင့်။ အဘိသိက်ခံ၍။ သက္ကရာဇ် ၁၁၂၆ ခု ကဆုံလဆန်းတရက် အင်္ဂါနေ့တွင်ပင်။
ရွှေနန်းတက်တော်မူ၏။ အဘယမဟာရာဇာအမည်ကို ခံတော်ပြု၏။ စန္ဒပရမရာဇာမင်းတရားကို ရဟ
၈။ န်းပြု၍ထားရာက ယူချေပြီးသော်။ မငူသို့ ပို့လေဟုစေလိုက်၏။ သုံန်ပိုသော စက်ကန်းကျင်တို့သည်။ ယူ၍သွား
လေ၏။ ငဆင်တုမ်းမော်သို့ ရောက်လေလျှင်။ ဝမ်းကျ၍ သေလေ၏။ နယုံလဆန်းတရ

**တား---------ဝမ်းဖက်**

၁။ က်နေ့တွင်တည်။ ထိုနှစ်ပြာသိုလဝယ် ရုပ်တုတော် မဟာမုနိသိမ်တော် မီးလောင်၍။ ရဇောအသည်နှင့်
မိန်ကျောင်းစီးပြီးလျှင်။ သိန်ကျောင်းကို ဆောက်၏။ ညီတော်ရမ်းပြည်းစား ချစ်သူကို ဝန်ပြု၍ သိမ်တော်ကို။
၂။ ဆောက်စိမ့်သောင့်။ တောင်စည်လမ္ဘူအရပ်တွင်။ များစွာသောပြိုင်းကိုရ၍။ ရမ်းပြစားချစ်သူသည်။ စုံရုံမ်း၍ထား
ပြီးလျှင်။ လက်ဝဲမြန်မြဘော်ရှိသည် ကြည်းဆောင်ချေ၍။ ရွှေမြို့တော်သို့ရောက်လှာလျှင်။ မဟာ
၃။ မုနိသိန်တော် အငုတ်ကို။ အမတ်တော် သာမဝရံပြေသည်။ တူဖြို၍ အပုတ်ကိုယူပြီးမှ။ တွင်းအသစ်အနက်
ခုနှစ်တောင်တူး၍။ သက္ကရာဇ် ၁၁၂၇ ခု။ ပြာသိုလဆန်းသာသနာတော် သုံရက်သောကြာနေ့။ နံနက်တ
၄။ က်နီငါးနာရီ ဓနုလက်မဂါရစန်းစီး၍ မဟာမြတ်မုနိသိမ်တော်ကို ဆောက်တော်မူ၏။ သိန်တော် ပရိစ္ဆေဒကား။
အလျှားအတောင် သံခုနှစ်။ အနံငါးဆယ်။ အဆောက်သျှစ်ဆ
၅။ ယ်မြင့်၏။ ဇေတဝန် ဘုံငါးဆင့်။ နိပန်းအခြင် စွန်အတောင် သုံဆယ်မြင့်၏။ အသည်တရတဆယ် ငါးလုံမ်း။
ထုပ်တဆယ်သုံလုံနှင့် ပြည့်စုံသော အံ့ဖွယ်သရဲဟိ၏။ ညီတော် ရံပြစားချစ်
၆။ သူလည်း။ နောင်တော် အဘယမဟာရာဇာမင်းတရားအား။ သိမ်တော်ပြီးကြောင်းကို ကြာလျှောက်လေ၏။
အယမဟာရာဇာမင်းတရားလည်း။ မျောက်သားတော် မိဖုရား အစဟိသော သားတော်အိမ်ရှေ့
၇။ မင်းမှူးမတ်ပြည်သူအပေါင်း ခြံရံလျှက်။ ဧညဝတီမြို့ဟောင်းသို့။ ရွှေဘောင်တော်စီး၍။ ချီကြွတော်ပြုလေ၏။
ရောက်လေလျှင်။ မင်္လာနန်းသို့တက်တော်မူ၍။ ရုပ်တုတော် မဟာမုနိကို။ ပူဇော်ကံတောပြုပြီးမှ ကြီး

၈။ စွာသော သဘင်ကို စီရင်၍။ အလှူကြီးပေးတော်မူပြီးလျှင်။ ရွှေမြို့တော်သို့ပြန်တော်မူလတ်၏။ သက္ကရာဇ်
၁၁၂၉ ခု။ နယုံလဆုပ်တရက် သောကြာနေ့သည့်အချိန်တွင်။ လနှစ်ခုကောင်းကင်ပြင်ဝယ်။ ထွက်လှာလျှင်။

**တား---------ကျောဖက်**

၁။ အဘယမဟာရာဇာမင်းတရားလည်း များသောအမတ်အပေါင်းနှင့်။ တိုင်ပင်တော်မူလျှင်။ ယောက္ခမတော်ဘုရား
သွေးပြည်စိုးကြီးက။ ခုနှစ်ရက် ပရိတ်ရွတ်၍။ ငွေကိုလအရုပ်လုတ်၍။ ပုဏ္ဏားတို့ကို ပူဇော်အံ့ဟု ‌ေ
၂။ လျှောက်လေလျှင်။ ထိုလျှောက်သောအတိုင်း လှူတော်မူလေ၏။ အနောက်ကုလားပြည်က။ မောင်ဂေါတ်တို့
စစ်လာသည်ဟု ကြားလေလျှင်။ သက္ကရာဇ် ၁၁၃၁ ပြည့် တပေါင်းလတွင်။ ကုလားပုန်သာလင်းက အ
၃။ ရပ်က တပ်ကြီးတည်၍။ ကိုယ်တော်ရံတို့ကို စောင့်စေ၏။ တိုးဝေဟူသော သူသည်။ ပိဋကတ်ဗေဒင် အဋ္ဌာရသ
အတတ်တို့ကို တတ်၏။ ထိုသူအား စာဘတ်အရာကို ပေးလေလျှင်။ လွန်းခြင်းလူတီစာတစောင်ဖွဲ့၍။
၄။ ထိုစာကို ရွှေနန်းဈေတ်၌ ဘတ်စေ၏။ မိဖုရားကြီးနှင့် အတွင်သည်ပါးသည်ဟု ပြောဆိုလျှင်။ အဘယမဟာ
ရာဇာမင်းတရားကြားတော်မူလေသော်။ စာဖတ်တိုးဝေသည် အလွန်ကြော
၅။ က်လှသောကြောင့်။ ပုဂ္ဂါန်ပြည် အင်းဝမြို့သို့ ပြေးလေ၍။ လယ်ကိုင်မြို့သို့ရောက်လေသော်။ လယ်ကိုင်မြို့စာရေး
က ရက္ခိုင်စာဘတ်သည်။ အဘယ်အကြောင်းနှင့် ရောက်လှာသနည်းဟုေ
၆။ မေး၏။ ရက္ခိုင်စာဘတ်က။ သေဘေးကို ကြောက်၍။ ပြေလှာသည်ဟု ဆို၏။ လယ်ကိုင်မြို့စာရေးက။ ပြေး၍
လွတ်သည်ဟု ဘုရားသခင် ဟောတော်မူသည်လားဟု မေးပြန်၏။ စာဘတ်တိုးဝေက။ အာယုခယ။ ဥပခံ
၇။ ဟနှစ်ပါးဟိရာတွင်။ အာယုခယကို ပြေးသော်မလွတ်။ ဥပခယကိုပြေးသော် လွတ်ရာ၏။ ဗုဒ္ဓဗညာတ်.
ရာဇပညာတ်နှစ်ပါးဟိရာတွင်။ ဗုဒ္ဓပညာတ်ကိုပြေး၍မလွတ်လေရာ၊ ရာဇပညာတ်ကို ပြေးလွဲသော် လွ
၈။ တ်လေဘူး၏။ အဘယ်သူလွတ်လေဘူးသနည်းဟူကား အလောင်းတော် မဟော်သဓာသည်။ ရာဇပညာတ်ကို
လွတ်လေဘူး၏။ အကျွန်ုပ်လည်း။ ရာဇပညာတ်ကြောင့် ပြေးလာ၍ ရောက်လှာသည်ဟုဆို၏။

**ထ-----------ဝမ်းဖက်**

၁။ လယ်ကိုင်းမြို့စာရေးက ရက္ခိုင်ရွှေစာဘတ်ဆိုသော စကားသည် မှန်လှသည်ဟု ဆိုပေ၏။ ရက္ခိုင်က လူတတ်
ပညာဟိရောက်သည်ဟူ။ အင်းဝမင်းက ကြားလေသော်။ သိမ်းရုံးယူမည်ဟု ကြံသည်ကို စာဖတ်တိုးဝေ
၂။ သိလေလျှင်။ ရက္ခိုင်ပြည်သို့ ပြန်လာခဲ့၏။ ဒွါရာဝတီမည်သော သံတွဲမြို့ကို။ အောက်သား ဗိုလ်တိမ်ကျားတိုက်လှာ
လျှင်။ သံတွဲစားဘဲထော်သည်။ ဆီးခံ၍ မတိုက်လိုသောကြောင့်။ ရက္ခိုင်ပြည်သို့ပြေးလေ၏။
၃။ ထိုအကြောင်းကို အဘယမဟာရာဇာမင်းတရား ကြားသိလေလျှင်။ ညီတော် ရံပြစားချစ်သူ။ ကုလားတန်စား
ချင်သျှေတို့ကို။ သက္ကရာဇ် ၁၁၃၅ ခု။ ဝါကျွတ်လဆုပ်ကိုးရက် စနေနေ့တွင် စေတော်မူလိုက်၏။ ‌ေ
၄။ အောက်သားတို့ကို သံတွဲသားတို့ တိုက်လေသောကြောင့်။ စစ်မတွေ့ပဲ ပြန်လာခဲ့၏။ သံတွဲစားဘထော်
သွားပြုလေလျှင်။ သံတွဲသားတို့က။ ကောင်းသော်ချည်း၏မကောင်းသော်
၅။ ကြည့်၏ဟုဆို၍။ အုပ်ခဲလှင်ကန်တို့ဖြင့် ပစ်၍ လျှင်လိုက်လျှင်။ ထိုနေ့ကစ၍ သံတွဲမြို့ လက်လွတ်လေ၏။
တကြိမ်တုံ။ လောင်းကြက်သားတို့သည်။ ဝသဲဘက် ကျီရှည်ကို မီးတိုက်ပြီးလျှင်။
၆။ သက္ကရာဇ် ၁၁၃၅ ခုနတ်တော်လဆုပ် ခုနှစ်ရက် တလင်္လာနေ့တွင်။ အဘယမဟာရာဇာမင်းတရားကို။ ပုံဂါန်လှာ
၍။ မနိုင်၍ပြေးလေ၏။ မင်းတရားလည်း မှူးမတ်တို့ကို သစ္စာတော်တိုက်၏။ ထိုမင်းကား ကုသိုလ်
၇။ ကောင်းမှုများစွာပြု၏။ သီလသတင်းနှင့်လည်း ပြည့်စုံ၏။ အမျိုးလေးပါးသောသူတို့ကိုလည်း သနားကြင်နာခြင်း
ပေးကမ်းခြင်းဟိ၏။ သားတော် အိမ်ရှေ့မင်းရဲဘော်သည်ကား။ မကောင်းသောဒု
၈။ စရိုက်ကို ကျင့်၏။ ရဟန်းသံဃာတို့အား။ ပရစ်ဟိန္နပြု၏။ ပြသူလူတို့ကိုလည်း အလွန်နှိတ်စက်၏။ ထိုအိမ်ရှေ့
မင်းမကောင်းမှုကံသည်။ တိုက်တွန်းလတ်သောကြောင့်။ အမတ်လက်ျာမြန်ကို ခေါ်တော်မူ၍။ သ

**ထ--------ကျောဖက်**

၁။ သက္ကရာဇ် ၁၁၃၅ ခု။ ပြာသိုလဆုပ်ခြောက်ရက် တလင်္လာနေ့ဝယ်။ သတ်၍ပစ်လေ၏။ ဓားပိုင်ကြီးသော

ကြာရွှေမြို့တော်က ထွက်လှာပြီးလျှင်။ စစ်တွေကုလားတို့ကို ဆုပေးပြီးမှ ။ များသောရဲမက်နှင့်ပေါင်းစု၍။ ဉရာ
၂။ ဇ်တောင်တွင်တပ်ချပြီးလျှင်။ တပ်စည်တီး၍ ကျမ်းသောင်းလေ၏။ ထိုအကြောင်းကို အဘယမဟာရာဇာ
ကြားလေလျှင် တမာန်လွတ်လိုက်၏။ ဓားပိုင်ကီးသောကြာထံသို့ ရောက်လေလျှင်။ အဝင်ချည်းခံ၍
၃။ နေလေ၏။ ညီတော်ရံပြစား ချစ်သူကို ထပ်လောင်း၍ လွှတ်လိုက်ပြံသော်။ ဓားပိုင်ကြီးသောကြာကား။ ရွှေနန်းရှင်
မင်းတရားကို မလုတ်မကြံပါ။ အိမ်ရှေ့မင်းရဲဘော်သည်ကိုသာလုတ်။ ကြအံ့ဟု ဆိုပြီးမှ သစ္စာ
၄။ တော်ရေကိုတိုက်၍ ရံပြစားချစ်သူကို အဝင်ခံစေပြီးလျှင် ဓားပိုင်ကြီးသော ကြာသည်။ များသောရဲမက်နှင့်
ချီလာ၍။ သက္ကရာဇ် ၁၁၃၅ ခု တပိုတွဲလဆန်းခြောက်ရက် တလင်္ကာနေ့တွင်။ ရွှေ
၅။ မြို့တော်သို့ ဝင်၍ တိုက်လေသော်။ ရလေ၏။ အဘယမဟာရာဇာမင်းတရားကို။ အိမ်နိမ့်ငါးဆဲ့ငါးနှစ်။ စည့်စိမ်
ကိုးနှစ်။ နှစ်စုသက်တော် ခြောက်ဆဲ့လေးနှစ်တွင်။ ဓားပိုင်ကြီးသောကြာပုံ
၆။ ဂ္ဂါန်၍သေလေ၏။ ၄၄။ ထိုမင်းလွန်လေလျှင်။ ဓားပိုင်ကြီးသောကြာသည်။ မိဖုရားပန်းသူဇာနှင့်။ သက္ကရာဇ်
၁၁၃၅ ခု။ တပိုတွဲလ်ဆန်း ခုနှစ်ရက် အင်္ဂါနေ့တွင် အဘိသိက်ခံ၍။ ရွှေနန်းတက်တော်မူ၏။ စန္ဒသုမနရာဇာ
၆။ ဂ္ဂါန်၍သေလေ၏။ ၄၄။ထိုမင်းလွန်လေလျှင်။ ဓားပိုင်ကြီးသောကြာသည်။ မိဖုရားပန်းသူဇာနှင့်။ သက္ကရာဇ်
၁၁၃၅ ခု။ တပို့တွဲလဆန်း ခုနှစ်ရက် အင်္ဂါနေ့တွင် အဘိသိက်ခံ၍။ ရွှေနန်းတက်တော်မူ၏။ စန္ဒသုမနရာဇာ
၇။ အမည်ကို ခံတော်မူ၏။ ကုလားတန်စားချင်သျှေကို သူရဲကုလားတို့ ခုတ်လေလျှင်။ ရွှေနန်းတော်ထက်သို့ တက်၍
ပြေးလေသော်။ စန္ဒသုမနရာဇာမင်းတရားကား။ လက်ဆေးကံကျောင်းတွင် ကုလားတန်စားချင်သျှေ
၈။ ကို ရဟန်းပြု၍ ထားလေ၏။ ရမ္မာဝတီမည်သော ရံပြကျွန်းကို ငပေါင်တုပ်အား စားစေ၏။ (ရမ္မာဝတီမည်)
သွားလေ၍ ရောက်လေလျှင်။ အခွန်ဘဏ္ဍာတို့ကိုလည်း။ ရှေ့မင်းတို့ကဲ့တိုး၍ ယူ။ မူဖြစ်လုံး

**ထာ————————ဝမ်းဖက်**

၁။ များစွာပြု၏။ လူတို့သည် မခံနိုင်ပဲ ဟိုလတ်လျှင်။ တဆဲ့နှစ်ရွာသူကြီးတို့ညီညွတ်၍ ရမ်းပြကြီးချောက်ချောင်ရွာ
တွင်။ စနေဖြူဟူသော လူကို ဗိုလ်မှူးပြု၍။ လာပုံမောင်ထွေးတို့ကို အကြီးပြု၍။ ရမ်းပြစားပေါင်တုပ်ကို။ တ
၂။ န်ပြင်ရွာတွင် ဝန်းရံ၍။ တုတ်ဆောက်ပုတ်ဖြင့် ရိုက်လေသော်။ ရံပြစားပေါင်တုပ်သည် ပြေးလေ၏။ ထိုအကြောင်း
ကို မျောက်ကောင်ကြီးအောင်စုံကြားလေလျှင် အဆောတလင်လာလတ်၍။ ဗိုလ်စနီဖြူတံပေါ
၃။ င်ဘက်လှာ၏။ ဗိုလ်မင်းစနီဖြူ။ လာဖြူ။ မောင်ထွေး။ မြောက်ဘက်ကောင်းကြီး အောင်စုံ။ သည်လူလေးယောက်
တို့ စုရုံးမ်း၍။ တပ်စည်တီးလျှက် ကျမ်းသောင်းလေ၏။ ကုလားတန်စားချင်းသျှေလည်း။ ရဟန်းအဖြစ်
၄။ မှဝတ်ဖြူလှဲပြီးလျှင်။ ကျွဲခြန်တောင်သို့ ပြေးခဲ့၍။ အမ်းစားအဖောင်နှင့် ပေါင်းဘက်ပြီးလျှင်။ ကျမ်းသောင်းလေ
၏။ စန္ဒသုမနရာဇာမင်းတရားလည်း။ အမတ်တော်လက်ျာမြန်ငကြံုကိုစေတော်
၅။ မူလိုက်၏။ လက်ျာမြန်ငကြံုလည်း များသောရဲမက်နှင့်ချီလေ၍။ တိုက်လေသော်။ ကုလားတန်စားချင်သျှေ
အမ်းစားအပေါင်းတို့ ပျက်စီး၍ ပြေးလေ၏။ နောက်မှပြည်သူရွာသားတို့သည်။ ဘ
၆။ မ်းဆီး၍။ ကုလားတန်စားချင်သျှေ။ အမ်းစားအပေါင်တို့ကို။ ရွှေမြို့တော်သို့ပို့လေလျှင်။ သက္ကရာဇ် ၁၁၃၆ ခု
ကဆုံလဆန်း သုံးရက်နေ့တွင် သတ်၍ပစ်လေ၏။ ရံပြငယ်စား လက်မတော်။ အသည်ထောင်စား စံရိဘော်
၇။ ကုလားနယာကြီး။ သန်ပန်စား။ ဤလူတို့သည်။ စန္ဒသုမနရာဇာမင်းတရား လက်သမားရုံမ်သို့ ထွက်တော်မူလျှင်။
အရာဘမ်းစားအံ့ဟုဆို၏။ ထိုအကြောင်းကို လက်ျာမြန်ငကြံုကြားလေလျှင်။ စန္ဒသုမနရာဇာမင်းတ
၈။ ရားအား။ ကြားလျှောက်၏။ မင်းတရားလည်း ပေါက်ပင်တံခါးဝ လက်သမားရုံမ်သို့ ထွက်တော်မူလျှင်။
ရံပြငယ်စားသည် ပုဆိုးကို အပေါ်ကဝတ်၍။ အထဲက ဓားနှင့်လှံကိုယူ၍။ မင်ဖွဲ့ရင်ပြင်ရောက်လှာလျှင်။

**ထာ———————ကျော၁ဖက်**

၁။ စန္ဒသုမနရာဇာမင်းတရားက အစောင့်ကိုယ်ရံတို့ကို ဘမ်းလေဟု စေလိုက်၏။ ရံပြငယ်စားလည်း။ ဓားနှင့်လှံ
ကိုထုတ်၍ ကလျှက်။ စစ်ရေးခံ၍ သွားလေသော်။ လှံချင်းထိပါး၍ သတ်ကြရာ ဓားဆောက်ကျွ
၂။ တ်၍။ ကျလေလျှင်။ ဖမ်းရလေလျှက် ရံပြငယ်စားကို သတ်၍ပစ်လေ၏။ ပုဂံပြည် အင်းဝမြို့ကို အစိုးရသော
ဆင်ဖြူသျှင်မင်းက ရက္ခိုင်ပြည် အထုပ္ပတ္တိကို သိလိုသောကြောင့်။ သူရိန်စက္ကကို။ ရာဇသံရွှေပေစာနှင့်

၃။ စေလိုက်၏။ သက္ကရာဇ် ၁၁၃၆ ခု နတ်တော်လဆန်းသျှစ်ရက် စနေနေ့တွင် ရောက်လှာ၏။ ထိုရောက်လာသော
ရာဇသံသူရိန်စက္ကတွင် ပါသောစကားရပ်တို့ကိုလည်း ပြင်ကိုယ်ကြီးဇေယျအတြစေသူကျော်
၄။ ထင်နှင့်ပြောဆိုပြီးလျှင် စာအရ အတိုင်းကို အင်းဝမြို့သို့ စာပြန်ပေးလိုက်၏။ စန္ဒသုမနရာဇာမင်းတရားလည်း။
သက္ကရာဇ် ၁၁၃၅ ခု တံခူးလကစ၍။ ရံပြကျွန်း တဆဲ့နှစ်ရွာသူကြီး တို့သည်။ ရို
၅။ င်းပျန်လေသည်ကို နှိတ်နှံ့အံ့သောငှာ။ သမက်တော်လက်ဝဲမြန် အနန္ဒသီရိကျော်တင်ကို။ စေတော်မူ၏။
လက်ဝဲမြန်လည်း။ များစွာသော အမတ်အပေါင်းနှင့်။ သက္ကရာဇ် ၁၁၃၆ ခု တပို့တွဲ
၆။ လဆန်း တဆယ့်တရက် စနေနေ့တွင် ချီလေ၍။ မင်းရပ်သို့ ရောက်လေလျှင်။ ရမ်းပြဗိုလ်မင်းအောင်စုံက
အကျွန်ုပ်ပုံစားသည် မဟုတ်ပါ။ ကျမ်းသောင်းသော ဗိုလ်မင်းစနီဖြူလာပုံ မောင်းထွေးတို့ကို တိုက်လှန်ဖျ
၇။ က်ဆီး၍ ငြိမ်ဝတ်ပါပြီ မေဃဝတီ။ မာန်အောင်ကျွန်း၌။ ဆယ်ရွာသူကြီး အောင်ကျော်စံသည်။ ကျမ်းသောင်း၍
နေသည်ဖြစ်သောကြောင့်။ မီးအငယ်သည်။ လောင်းစားများလျှင် အားကြီးဘိသကဲ့သို့။ ဟိမည်
၈။ ဖြစ်၍။ အဆောတလျင်ချီကြွ၍ တိုက်တော်မူပါလေ။ အောင်တော်မူ၍ ပြန်လှာလျှင်။ အကျွန်ုပ်လည်း
လက်ဆောင်တော်ဆက်ပါမည်ဟု လျှောက်လေ၏။ လက်ဝဲမြန်အနန္ဒသီရိကျော်ထင်လည်း။ မာန်

## ထိ-----------ဝမ်းဖက်

၁။ အောင်သို့ချီလေ၍။ တိုက်လေသော်။ ဆယ်ရွာသူကြီးအောင်ကျော်စံ ဆီးခံ၍။ တိုက်လေသောကြောင့်။ ရက္ခိုင်
စစ်သည်တို့မနိုင်၍ ပြန်လာခဲ့၏။ ထိုအကြောင်းကို ဗိုလ်မင်းအောင်စုံ ကြားလေလျှင်။ ငါလည်း
၂။ လက်ဆောင်ဘဏ္ဍာမဆက်မသွင်းပြီးသော သောင်းကျမ်း၏ဟု ဆို၏။ လက်ဝဲမြန်အနန္ဒသီရိကျော်ထင်လည်း။
မင်းရပ်ချောင်းကိုဝင်၍။ သစ်ပုတ်တောင်တွင်။ ခံတပ်ကို တိုက်လေသော်။ ရံပြဗိုလ်မင်းအောင်စုံ
၃။ သူရဲတို့သည်။ ဆီးခံ၍ တိုက်လိုက်သောကြောင့်။ ရက္ခိုင်စစ်သည်တို့ ပျက်စီး၍ ပြန်လေ၏။ ရံပြစား
လက်မတော်တို့ ပုန်းစားရာဝယ်။ အပေါင်းအဘက် ဖြစ်သည်ဟု။ အသည်ထောင်စား စံရိဘော် အစဟိသော
၄။ လူတို့ကို။ ခြေချင်းခပ်၍ အကျဉ်းထားရာက လွတ်လေ၏။ ထိုလွှတ်သောလူတို့တွင်။ အသည်ထောင်စား စံရိဘော်
အကြီးပြုလျှက် သက္ကရာဇ် ၁၁၃၇ ခု ကဆုံလဆန်း ခုနှစ်ရက် စနေနေ့တ
၅။ ပို့ ငါးနာရီတွင် ရွှေနန်းတော်ကို မီးတိုက်၍ လောင်လေ၏။ စန္ဒသုမနရာဇာမင်းတရားလည်း ရွှေနန်းတော်ကို
မီးတိုက်သောသူတို့အား။ ဖမ်း၍ရသောသူတို့ကို ချည်၍မီးတွင်ထည့်လေ၏။ အ
၆။ သည် ထောင်စား စံရိတော်ကား။ လည်တွင် ကြိုးတည်၍ သေလေ၏။ ရွှေနန်းတော် မီးလောင်လေလျှင်။
ဝါးနန်းတော်ကို။ သက္ကရာဇ် ၁၁၃၇ ခု။ ကဆုံလဆန်း ဆယ်ရက် အင်္ဂါနေ့ဆောက်တော်မူ၏။ မရီးတော် လ
၇။ က်ျာမြန်မမယ်ကြီးနှင့် အဘိသိက်သွန်း၏။ သက္ကရာဇ် ၁၁၃၇ ခု တော်သလင်းလဆန်းတရက် တလင်္ဂနွေနေ့တွင်
မြို့ချာတိုင်ဆောက်၏။ လေးရက်တိုင်အောင် ရေထွက်၍။ တွင်းမရပဲ ဟိ၏။ မြို့အဉူထွက်ခဲ့ပြီး
၈။ ဟုဆိုကြကုံ၏။ ထိုနေ့ပင် မြို့ချာတိုင်ကို ဆောက်၏။ တွင်းချောင်သောကြောင့်။ မြို့ချာတိုင်သည် တောင်ဘက်သို့
တိမ်း၏။ စစ်တွေကုလားတို့သည်။ သားမယားတို့ကို အနောက်ပင်ဝါမြို့သို့ ပို့၍ထားပြီးမှ။

## ထိ-----------ကျောဖက်

၁။ ကုလားအပေါင်းတို့ စုရုံးမ်း၍။ လျှက်။ ချီလာပြီးလျှင်။ တောင်တံခါးဝတွင် ဆိုက်လှာ၏။ စစ်တံဆာအစုံ ဆင်ဝတ်
လျှက်။ ဝင်းတော်ကို ဝင်လေသော်။ အလယ်ဝင်းပြောင်းရုံတွင်။ ဆရာတော်ဆေးတိုင်ဘုန်းကြီးနှင့်
ယောက်ဘတော် လောင်းကြက်စား ဥကာစံကို ကုလားတို့တွေ့လေလျှင်။ သတ်၍ပစ်လေ၏။ စန္ဒသုမနရာဇာမင်း
တရားလည်း အတွင်းဝင်းတော်ကို ဂလုတ်ထိုး၍ ခံလေ၏။ ကုလားတို့လည်း အတွင်းဝင်းတော်ကို။
၃။ ဝင်အံ့ဟုကြံ၏။ စန္ဒသုမနရာဇာမင်းတရားလည်း။ သက်တော်စောင့် သူရဲတို့ မရှိလေသောကြောင့်။
နန့်လုံမ်းပိုင်မကို အာဏာပေး၍။ အတွင်းဝင်းထဲက။ ကိုယ်လုတ်တော် မောင်းမမိသံတို့သည် သည်ခံလေ
၄။ ၏။ ဆရာတော်ဝိနည်းထိုလည်း။ ဘာသာမတူသော ကုလားသူပုံတို့ကို တိုက်လေဟု။ ဗဟုစရရဟန်းတို့ကို
စေလိုက်၏။ တိုက်လေသော် ကုလားတို့သည် ပျက်စီး၍ သက္ကရာဇ် ၁၁၃၇
၅။ ခု တော်သလင်းလဆုပ် သုံးရက် ကြာသပတေးနေ့နံနက်တွင်။ ပုန်စားလေ၏။ ညလေးဗဟိုရ်ပတွင် လေ့စီး၍

အနောက်ကုလားပြည်သို့။ ပြေးလေ၏။ သမက်တော် အနန္တသီရိကျော်တင်အ
၆။ စဟိသော မူးတော်မတ်တော်တို့သည်။ နောက်ထပ်လေ့စီး၍ ကုလားနေရာ စစ်တွေသို့ လိုက်လေသော်။ ကုလား
တယောက်သော်မျှ မတွေ့၍ပြန်လာ၏။ ကုလားကို စစ်တိုက်လေသော ဗဟုဇရ ရဟန်းတို့အား။ လူ
၇။ ထွက်စေ၍ အပြောင်ကိုယ်လုတ်တော် တယောက်ခံပေး၍ ကျေးရွာခရိုင်နှင့် ပေးထားလေ၏။ တကြိမ်တုံကျောက်
ခုပ်စအင်းရွာဝယ်။ လက်ဝဲရန္တသူသည်။ ရွာသူနှင့်ညီ၍သောင်းကျမ်းပြံ၏။ စန္ဒသုမန
၈။ ရာဇာမင်းလည်း။ သမက်တော် အနန္တသီရိကျော်တင်ကို စေလိုက်၍ ချီသွားလေလျှင်။ သက္ကရာဇ် ၁၁၃၈ ခု
တပို့တွဲလတွင်။ ကျောက်ခုတ်စအင်းကို တိုက်လေသော်။ လက်ဝဲရန္တသူကိုင်။ ဖမ်း၍ရလေလျှင်။ သတ်၍

**ထီ-----------ဝမ်းဖက်**

၁။ ပစ်လေ၏။ ရွာလူတို့ကို သစ္စာတော်တိုက်ခံ၍။ ပြန်လာ၏။ တကြိမ်တုံ။ စာဘတ်တိုးဝေ။ ကွမ်းအုံတောင်စား
ထွန်းကျော်ဝေ။ ကိုယ်တော်လုတ်ပိုရွှေတို့။ စန္ဒသုမနရာဇာမင်းတရားကို။ မခံစားလိုသောကြောင့်။ ရံပြဲ
ဗိုလ်မင်းအောင်စုံအထံသို့သွား၍ ရက္ခိုင်မင်းကို တိုက်သတ်ရအောင် ပစ်ပင်လေ၏။ ဗိုလ်မင်းအောင်စုံလည်း
စစ်အင်္ဂါလက်နက်ကြိယာ မစုံမလင်သေး။ ပြည့်စုံလျှင် ချီအံ့ဟု။ ဆိုင်းဝန့်၍နေပါဟုဆိုပေသော်။ မနာမ
၃။ ယူလို၍။ တောင်စည်ကမားသို့ သွားလေ၏။ လူသူပေါင်းစုလျှက် ရသမျှလူတို့ဖြင့် လှေငါးစင်းနှင့်ချီလာ၏။
ကျောက်ခုတ်စအင်းတွင် ရောက်လှာ၏။ ထိုအခါ ကျောက်ခုတ်စအင်းလည်း။ လောင်းထပ်၍ကျမ်သော
၄။ င်းပြန်၏။ စန္ဒသုမနရာဇာမင်းတရားလည်း။ သမက်တော် လက်ဝဲမြန် အနန္တသီရိကျော်ထင်ကို စေမြဲစေတော်မူ
ပြန်လျှင်။ သက္ကရာဇ် ၁၁၃၉ ခု ကဆုံလဆန်း သျှစ်ရက် အင်္ဂါနေ့ချီသွာလေ၍။
၅။ ကံသာရေကျော်ဝယ်နေလှာ၏။ ထိုအကြောင်းကို စာဘတ်တိုးဝေ ကြားသော်။ ချီလာပြီးလျှင်။ တိုက်ကြလေ
သော်။ လက်ဝဲမြန် အနန္တသီရိကျော်ထင်ကို ဝါးချွန်ထိပါး၍ အနာရလျှင်။ မြို့တော်
၆။ သို့ဝင်၍ပြေးလေ၏။ ရောက်၍ဟိလေလျှင်။ ဒါန်ရာနှင့်သေလေ၏။ လက်ဝဲမြန် ကံသာကျဟု ခေါ်တွင်ကြ၏။
စန္ဒသုမနရာဇာမင်းတရားလည်း။ သမက်တော်လက်ဝဲမြန်သေဆုံးခဲ့လျှင်။ တဘက်ရာန်စစ်ကိုင်
၇။ တိုက်အံ့သောသူ မဟိသည် အကြောင်းကို သိလေလျှင်။ အလွန်ကြောက်လှသောကြောင့်။ စန္ဒသုမနရာဇာ
မင်းတရားကား။ အိမ်နိမ့်ငါးဆယ်။ စည့်စိမ်လေးနှစ်။ နှစ်စုသက်တော် ငါးဆဲ့လေးနှစ်တွင် ရွှေနန်းတော်က ဆ
၈။ င်း၍ပြေးလေ၏။ ၄၅။ ထိုမင်းနန်းက ဆင်း၍ပြေးလေလျှင်။ ကိုယ်လုတ်တော် ပိုးရီကို။ မိဖုရား ဒါရွှီနှင့် သက္ကရာဇ်
၁၁၃၉ ခု ကဆုံလဆုပ်သုံရက် အင်္ဂါနေ့ဝယ်။ စာဘတ်တိုးဝေ။ ကွမ်းအုံထောင်စား တုံကျော်ဝေတို့ညီညာ

**ထီ-----------ကျောဖက်**

၁။ ၍။ ရွှေနန်းတင်တော်မူလေ၏။ စန္ဒမိမလရာဇာအည်ကို ခံတော်ပြု၏။ စန္ဒသုမနရာဇာမင်းတရားကို ပြည်သူတို့
ဖမ်းဆီး၍ပို့လှာလျှင်။ ရဟန်းပြု၍ သျှစ်သောင်းတွင်ထားလေ၏။ ကုလားတန်စား အဟောင်းစေဖို့
၂။ သည်။ စန္ဒဝိမလရာဇာမင်းတရားကို မခစားလို၍။ မျှားစွာရဲမက်နှင့် သိင်္ဂါပါဒအရပ်က သောင်းကျမ်း၏။ စန္ဒဝိမလ
ရာဇာမင်းတရားလည်း။ ကွမ်းအုံတောင်စားသာမတုံကျော်ဝေကို စေတော်မူလိုက်၏။ ကွမ်းအုံ
၃။ ထောင်စား သာမတုံကျော်ဝေလည်း၊ ရံပြစားငကျော်အောင်တရားပိုင် ငခွေချေတို့နှင့် ချီသွားလေ၍။ သက္ကရာဇ်
၁၁၃၉ ခု နယုံလဆန်းဆယ်ရက် တလင်္ဂနွေနေ့ ကုလားတန်စား ငစဖိုကို တိုက်လေသော်။ ကွမ်းအုံဒေထော
၄။ င်စား သာမတုံကျော်ဝေသည်။ စစ်အားမတူသောကြောင့်။ ဆုပ်လေလျှင်။ မင်းစီးလှေ အလံနှစ်ဆယ်နှင့် လှေမျှား
တို့ကို ကုလားတန်စား ငစဖိုက ရလိုက်၏။ ကွမ်းအုံထောင်စား ဘာမတုံ
၅။ ကျော်ဝေလည်း။ သရဲတို့ကို ဆုပေးလျှက်။ ခားပူ၍ တိုက်လေသော်။ ကုလားတန်စား ငစဖိုကို ဖမ်း၍ ရလေလျှင်။
သူရဲတော်တို့သည် မျှားစွာခုတ်ထစ်လေသော်လည်း မပြတ်မသျှသောကြော
၆။ င့်။ ခားပွန်းစီဟုတွင်လေ၏။ ထိုခားပွန်းစီကို ရွှေမြို့တော်သို့ ယူလေ၍ ရဟန်းပြုလျှက်ထားလေ၏။
စန္ဒသုမနရာဇာမင်းတရားလည်း။ သေမည်ဘေးကိုကြောက်၍။ ခားပိုင်ကြီး စာဘတ်တိုးဝေကို။ သမီးတော်ယက်
၇။ သည်မယ်ကိုပေး၏။ ကွမ်းအုံထောင်စား ဘာမတုံကျော်ဝေလည်း။ ငါသို့သော သူအား သမီးကိုမပေး။ ခားပိုင်ကြီး
စာဘတ်တိုးဝေကို ပေးရာသလောဟုဆိုပြီးလျှင်။ စန္ဒသုမနရာဇာမင်းသည်။ ရဟန်းပြု၍ တဆ

၈။ ယ့် ငါးရက် အစေ့ တွင်။ ကျောင်းကယူ ချေ၍။ မင်ထွက် ဆည်ဝတွင်။ သတ်၍ပစ်လေ၏။
အကောင်သည်ဖျားတက်ဖျားကျမျော၍။ သုံးရက်ဟိလျှင်။ ဘုရားပေါ်ဘုံကြီးသည်။ စန္ဒဝိမလရာဇာ မင်းတရား
မေတ္တာ

<u>**ထု----------ဝမ်းဖက်**</u>

၁။ ရပ်၍။ မဟိန်ကျွန်းတွင် သဂြိုလ်လေ၏။ သံတွဲစား ဘေထော်သည်။ ရံပြဲသို့သွား၍။ ဗိုလ်မင်းအောင်စုံကို။
ရက္ခိုင်ပြည်သို့လာ၍။ မင်းပြုပါဟုခေါ်ပင့်လေ၏။ ဗိုလ်မင်းအောင်စုံလည်း။ တူတော်
၂။ ကျော်ပုံ။ ဥကာရီ။ ထွန်ပေါ်။ ထွန်းခိုင်။ ခြေဝန်းသည်သူရဲပေါင်းတို့နှင့်။ သက္ကရာဇ် ၁၁၃၉ ခု။ နယုန်လပြည့်ကျော်
ငါးရက်ကြာသပတေးနေ့တွင်။ တိုက်လှေစီး၍။ ပေါင်တုပ်ပြင်အတွင်းဝယ် ရောက်လှာ၏။ စန္ဒဝိမ
၃။ လရာဇာမင်းတရားလည်း။ ကွမ်းအုံထောင်စား ဘာမတုံကျော်ဝေသည်။ သူငယ်တော်သူကြီး ငတုံမ်းကြ။
ကုလားတန်စား ဦးကာစံ။ စာဘတ်တိုးဝေတို့ကို စေတော်မူလိုက်၏။ ချီသွားလေလျှင် ပေါင်
၄။ တုပ်ပြင်တွင် တိုက်ကြလေ၏။ သူငယ်တော်သူကြီး ငတုံကြား။ ကုလားတန်စား ဦးကာစံတို့ လှန်လက်နက်ထိပါး၍
သေကုံ၏။ ကွမ်အုံထောင်စား ဘာမတုံကျော်ဝေ။ စာဘတ်ခေးပိုင်ကြီး
၅။ တိုးဝေတို့ပြေးလေကုံ၏။ ရံပြဲမင်းအောင်စုံလည်း။ နောက်ထပ်လိုက်လေသော်။ စန္ဒဝိမလရာဇာမင်းတရားသည်။
အိမ်နိမ့်လေးဆဲ့ခြောက်နှစ်။ စည့်စိမ်ရက်ပေါင်းလေးဆယ်တွင်။ ရွှေန
၆။ န်းတော်ကဆင်း၍ သျှစ်သောင်းသိမ်တွင် ဝင်၍နေလေ၏။ ၄၆။ ထိုမင်းနန်းကကျလေလျှင်။ ဗိုလ်မင်းအောင်စုံ
သည်။ နန်းတက်မိဖုရား ဇိန်ခိုင်နှင့်။ သက္ကရာဇ် ၁၁၃၉ ခု နယုန်လပြည့်ကျော် တဆယ့်သုံးရက် ကြာသပတေးနေ့
၇။ တွင်။ အဘိသိက်ခံ၍။ ပြည်စည့်စိမ်ကို စိုးအုပ်တော်မူလေ၏။ သတိဝိရိယမြဲစွဲသည်ကို အကြောင်းပြု၍။
စန္ဒသဒိသဟူသော အမည်ကို ခံတော်ပြု၏။ လက်ဝဲမြန်တော်။ လကျာမြန်ကောင်မဲ။ မူးမတ်အစုံ
၈။ တို့ကို။ ရွှေကျေး ငွေကျေးတို့ကို ပေးတော်ပြု၏။ ဝါဆိုလဆန်း သျှစ်ရက်သောကြာနေ့ဝယ် တောင်မိဖုရား
အောင်မယ်မှာ။ သားသုဒ္ဓေါဦးကို ဖွား၏။ စန္ဒဝိမလရာဇာမင်းတရားကို ဘမ်း၍ ရလေလျှင်။ ရဟန်းပြု၍

<u>**ထု----------ကျောဖက်**</u>

၁။ ထားလေ၏။ စာဘတ်တိုးဝေ။ ကွမ်းအုံထောင်စား တုံကျော်ဝေတို့။ ကျောက်ခုပ်အရပ်က ကျမ်းသောင်း၏။
စန္ဒသဒိသရာဇာမင်းတရား ချီသွားလေ၍။ သက္ကရာဇ် ၁၁၃၉ ခု ဝါခေါင်လဆန်း တရက်တလင်္ာနေ့
၂။ တိုက်လေသော်။ ပျက်စီး၍ ပြေးလေ၏။ အဘယမဟာရာဇာညီတော်ဖြစ်သော ရမ်းပြဲစားချစ်သူလည်း။ စန္ဒဒိသ
ရာဇာမင်းတရားကို။ ဖြားခန်း၍ သတ်ငုတ်ပေါ်သည်ဟု။ မလေးမခန့်သော စကားကိုဆိုသည်။
၃။ ဟု။ စန္ဒသဒိသရာဇာမင်းတရားကို လျှောက်လေလျှင်။ ရမ်းပြဲစားချစ်သူသည်။ ရှေ့ကလည်နှိပ်စက်လေဘူး
သည်။ ယခုသော နှိပ်စက်လေသောစကားကို ဆိုရာသလောဟု။ မာန်တော်ပါ၍။ ကုလားပုန်တောင်ကောင်း
၄။ ကေပ်တင်ကို အသတ်စေလိုက်၏။ ကေပ်တင်လည်း သွားလေ၍။ ရံပြဲစားချစ်သူကို ယူလျှက် သတ်၍ပစ်လေ၏။
သက္ကရာဇ် ၁၁၃၉ ခု။ တောသလင်းလဆန်း ငါးရက် ဗုဒ္ဓဟူးခန့် ငါးခရိုင်းချော
၅။ င်းဝယ်။ ငသံတွေ ကျမ်းသောင်း၏။ စန္ဒသဒိသရာဇာမင်းတရား ချီသွား၍ တိုက်လေသော် ငသံတွေပျက်စီး၍
ပြေးလေ၏။ သက္ကရာဇ် ၁၁၃၉ ခု ဝါကျွတ်လပြည့်ကျော် ခြလေးရက် တလင်္ာနေ့
၆။ တွင်။ ယုံသံပြင်ဝယ်။ သံထောင်စားဟုံ ခင်ရီကျမ်းသောင်း၏။ စန္ဒသဒိသရာဇာမင်းတရားချီသွား၍ တိုက်လေ
သော်။ ဒုန်းခင်ရီပျက်စီး၍ ပြေးလေ၏။ သက္ကရာဇ် ၁၁၃၉ ခု။ နတ်တော်လဆန်း ခုနှစ်ရက် စနေနေ့တွင်။ ပြို
၇။ င်းချောင်းပေချောင်းဝယ် ရွာတည်၍ထားသော အောက်သား စံဦးလျှော်တို့သည်။ လှေယင်စီးလျှက်သွားလေ၍။
တောင်စည်ဇပြိုင် ကမာအရပ်က ဖိုးခေါင်ကိုကျော်၍။ အင်းဝမြို့သို့ပြေးလေ၏။ သက္က
၈။ ရာဇ် ၁၁၃၉ ခု နတ်တော်လဆန်း တဆယ်နှစ်ရက်။ ကြာသပတေးနေ့တွင်။ သံတောင်စား ဒုံခင်ရီနှင့်။ ကွမ်းအုံ
ထောင်စားတုံကျော်ဝေတို့ အလောင်းသမားကျွန်းကို မီးတိုက်လှာ၏။ ခေးပိုင်ကြီးကျော်ပုံ

**ထူ----------ဝမ်းဖက်**

၁။ လိုက်လေသော် ပြေးခဲ့၏။ သက္ကရာဇ် ၁၁၃၉ ခု တပို့တွဲလဆုပ်ခြောက်ရက် အင်္ဂါနေ့။ စန္ဒသတိသရာဇာ
သားတော် အိမ်ရှေ့မင်း သက်စံရွှေမိဖုရားခေါင် မူးမတ်တို့ရောက်လှာ၏။ စန္ဒသဒိသရာဇာမင်းတ
၂။ ရားလည်း။ ရွာတော်မင်းရပ်သို့ သွားလိုသောကြောင့်။ ငါစံနေတော်မူရန်။ တဲနန်းကို ဆောက်လုပ်လေ၏။
စန္ဒသဒိသရာဇာမင်းတရားလည်း ရွှေပြည်တော်ကို အုပ်စိမ့်သောငှါ။ ပြည်စိုးကြီးညိုရွှေကို
၃။ အပ်ထားခဲ့ပြီးမှ။ သက္ကရာဇ် ၁၁၃၉ ခု တံခူးလဆန်း နှစ်ရက် တလင်္လာနေ့တွင် မူးမတ်အပေါင်းခြံရံ၍။ ရံပြကျွန်း
သို့ ချီတော်မူလေ၏။ ရာမောင်မြစ်သို့ရောက်လေသော်။ လက်ဝဲမြန်ဘထော်နှင့် ရက္ခိုင်မူးမတ်တို့ပြုလာ
၄။ ခဲ့ပြီးလျှင်။ မြိုင်တော်သို့ ရောက်လာကြကုံသော် လူအပေါင်းတို့ တိုင်ပင်ရုံမ်းစု၍။ ကုလားတန်စား အဟောနင်း
ခားပွွမ်းစီကို။ ခားလှုန်သေနပ် သနသစ်ချွန်တိုးမဝင်ခုတ်မပြတ် ဖြစ်သော
၅။ ကြောင့်။ မင်းပြုပါဟု တောင်းပန်ကြကုံ၏။ အကျွန်ုပ်တို့မူကား။ အမူတော်ကို ထမ်းရွက်ပါမည်ဟု။ ခံကြကုန်၏။
ခားပွွန်းစီလည်း။ မင်းမြှောက်တံဆာငါးပါးကို ဆင်ဝတ်ပြီးမှ။ သံရွှင်စည်
၆။ သုံဆယ်ငါးလုံမ်းကို တီးခတ်ပြီးမှ။ နာရီတော်နန်းကို။ ပဒက္ခိဏံ။ လက်ျာရာဇ် ခုနှစ်ပတ်လှည့်လေသော်။ ငါးပတ်
စေ့တွင်။ ခားပွွန်စီသည် မြေထိပ်ကိုင်ဘိသကဲ့သို့ ဘဝါးမကြွမချီနိုင်ဖြစ်လေသော်။ လူအပေါင်းတို့သည်
၇။ ခားပွွန်းစီကို ကြည်းဆောင်၍။ သက္ကရာဇ် ၁၁၃၉ ခု။ တံခူးလဆန်း တဆဲ့တရက် ဗုဓဟူးနေ့တွင် ရွှေနန်းတော်
အထက်သို့ တင်ပြီးလျှင်။ သင့်တင့်ရာအရပ်၌ ထားလေ၏။ ခားပွွမ်းစီလည်း များစွာသော လူတို့ကိုခေါ်ဝေါ်၍
၈။ ကျိန်းအရပ်၌။ ကန့်ကော်သစ်ကို တပ်ကြီးတည်၏။ ဖားဖြူအရပ်တွင်ကား။ မဟာခနေ့။ ကြီးစွာသော လေး
လက်နက်ကို လုတ်စေ၍။ ထိုလေးခု၌ မြားစူးကြောင်း တဆယ်နှစ်ကြောင်းစီရင်ပြီးလျှင်။ လူသံလေးကျိတ်ငင်

**ထူ--------ကျောဖက်**

၁။ ငင်မှ။ လေးညှိုးသည်လည်း လေးချက်သို့ရောက်၏။ ထိုလေထဲ၌။ ဝရဇိန်စက်နှင့်တူသော များတဆဲ့နှစ်ချောင်းကို
တင်၍ထားပြီးမှ။ ကြီးစွာသော ခံတပ်ကို တည်၏။ သောင်းခေါင်းမော်တွင်လည်း တပ်ကြီးတည်၏။
၂။ ထိုတပ်တွင် လက်ဝဲမြန်ဘထော်ကို။ သူရဲလက်နက်ကိုင်များစွာနှင့် ဗိုလ်ချုပ်ပြု၍ စောင့်စေ၏။ စန္ဒသဒိသရာဇာ
မင်းတရားလည်း။ ရံပြကျွန်းသို့ရောက်တော်မူလေလျှင်။ ရွာတော်သံချောင်းရွာတော်မ
၃။ င်းရပ် အလယ်သံချောင်းဝယ်။ တဲနန်းတော်၌ နေတော်မူလျှက်။ ပြည်၏အညစ်အကြေးဖြစ်သော ရာန်စူးရာန်
ပြောင့်တို့ကို။ ကွတ်ညှပ်ဆုမ္ဘပြီးမှ မျိုးတော်ဆွေတော်တို့အား။ ထိုက်ထိုက်လျှောက်ပတ်သော ဆုကို ပေးတော်ပြု၏။
သင်းကြန်ခေါ်ပြီးလျှင်။ ပွဲကြီးဆင်၍။ အလှူတော်ပေး၏။ ခားပွွန်းစီလက်ဝဲမြဲဘေတော်တို့။ ပုဂ္ဂါန်သောင်းကျမ်း
သောအဖြစ်ကို။ စန္ဒသဒိသရာဇာ မင်းတရားကြားသိ
၅။ လေလျှင်။ လက်ျာမြန်ကောင်းမဲ။ တူတော်ခားပိုင်ကြီးကျော်ပုံ။ ဆင်ကဲကြီးထွန်းပေါ်။ ရံပြစားခြေဝန်းတို့ကို
ခေါ်တော်မူ၍။ ခြင်သေ့မင်းကို။ ယုံငယ်ရာန်ပြုမှားဘိသကဲ့သို့။ ညွှတ်ကျော့ကွင်း
၆။ တွင်မိ၍ နေသောငှက်လင်းတသည်။ သားတိုက်ကိုမြင်လျှင်။ စားချင်ဘိသကဲ့သို့ လမူးမြုမ်းပိုက်ထဲတွင်နေသော
ငါတို့သည်။ ထိုဥပမာနှင့်အတူ။ လက်ဝဲမြန်ဘထော်သည်။ မင်းဖြစ်မည်အမှတ်ဖြင့် ပုဂ္ဂါန်သော
၇။ င်းကျမ်းလေသည်မှာ။ သေကြေပျက်စီးလို၍ဟု မိန့်တော်မူပြီးလျှင်။ မာန်အောင်မြို့နေ ဆယ်ရွာသူကြီး
အောင်ကျော်စံကို ခေါ်တော်မူ၍။ ခားပွွန်းစီသည်။ မင်းပြုပြီးလျှင်။ လက်ဝဲမြန်ဘထော်ကို။ သူရဲများစွာ
၈။ နှင့် ဆီးကန့်၍နေသည်ကို တိုက်လှန်ဖျက်ဆီးနိုင်မည်လားဟု မေးတော်မူလျှင်။ ဆယ်ရွာလူကြီး အောင်ကျော်
စံက။ ဘုံးတော်ကြီးလှသော ဘုရား။ အကျွန်ုပ် ကျွန်သည် အမိအဘမွေးကျွေး၏။ ကြီးပြင်းလျှင်

**ထေ---------ဝမ်းဖက်**

၁။ လူအပေါ်ရောက်သည်နေ့ကကို။ ဤမြေပြင်ထက်ဝယ် သွားလာကုံသော တရိစ္ဆာန်သစ်ကျားဆင်မြင်းလူသူတို့
အား။ မည်သူတယောက်ကိုမျှ ကြောက်လန့်ခြင်းမဟိပါ။ အရှင်မင်းဧကရာဇ်တို့က အမူတော်
၂။ အရေးကောင်းကို မစေခိုင်းသောကြောင့်။ အမူတော်ကို မထမ်းမရွက်ရပါ။ နေပါသည်ဟု လျှောက်၏။
စန္ဒသတိသရာဇာမင်းတရားလည်း။ အားရတော်မူ၍။ ယခုအရေးကို လုတ်ကြံ၍။ အောင်

၃။ မြင်လျှင်။ လက်ဝဲမြန်အရာကို ငါပေးအံ့ဟု။ မိန့်တော်မူပြီးမှ။ လက်ျာမြန်ကောင်းမဲ။ ဓားပိုင်ကြီးကျော်ပုန် လက်တော်ရေးထောင်စား သတို့အောင်။ မူးမတ်အပေါင်းခြံရံလျှက်။ လှေတော်စီးပြီးလျှင်။ သက္ကရာဇ် ၁၁၃၉

၄။ ခု။ အလွန် လေးဆယ်ပြည့်အတက် တံခူးလပြည့်ကျော် ဆယ်ရက် ဗုဓဟူးနေ့တွင်။ ဖားပြိုအရပ်၌။ မဟာခနလေး ကြီးခံတပ်ကို။ တိုက်လေသော်။ ပျက်စီး၍ ပြေးလေကုံ၏။ ကျိန်ကန်ကော်

၅။ သစ်တတ်သောင်ခေါင်းမော်တပ်တို့သည်လည်း။ ကျားခြေသံကိုကြားလျှင် သမင်ပြေးသကဲ့သို့။ ပြေးလွဲတိမ်း သျှောင်လေကုံ၏။ ဓားပြွမ်းစီလည်း။ ရွှေနန်းတော်တက်ဝယ် တဆဲ့ခြော

၆။ က်ရက်နေပြီးလျှင်၊ သက္ကရာဇ် ၁၁၃၉ ခုအလွန် လေးဆယ်အတက် တံခူးလပြည့်ကျော် တဆယ်နှစ်ရက် သောကြာ

၇။ နေ့ဝယ်ကား။ သလက်စား တုံးစံဝေသည်။ ပါစွန်ဘရွှေသော သူတို့နှင့်။ လာပြီးလျှင်။ ငါမင်းပြုအံ့ဟု ဆရာတော် သျှစ်သောင်ဘုန်းကြီးထံ။ အမည်ဖွဲ့တောင်းလေသော်။ ဆင်းရဲသားအမျိုးဖြစ်သောကြောင့်။ ဒ

၈။ က္ခိတဆလိယရာဇာအမည်ကို ပေးလိုက်လျှင်။ ထိုအမည်ကို ခံ၍၊ တရက်မင်းပြုပြီးမှ။ ညလေးပိုရုပ်တွင် ရှေ့မင်း စည်မင်းဆက်တို့ ထားခဲ့သော ဒင်္ဂါးသုံးအိုးခက်ကို ယူ၍ပြေးခဲ့၏။ စနေနေ့တွင်ကား။ စန္ဒသ

**ထေ--------ကျောဖက်**

၁။ ဒိသရာဇာမင်းတရား ရွှေနန်းတော်သို့ ရောက်လှာ၏။ ရံပြကျွန်းသို့ ချီတော်မူလေသည်နှင့် ပြန်၍လာသည့် ရက်ပေါင်းနှစ်ဆယ်နှင့် ခုနှစ်ရက်တည်း။ မောလိပ်ဟယားပိုင် ရံပြစားတို့ကို ဓားပြွမ်စီ

၂။ အပေါင်းအဘက်ဟု သတ်၍ပစ်လေ၏။ လက်ဝဲမြန်ငတော်ကိုလည်း။ ပြည်သူတို့ဖမ်းဆီး၍ ပို့လှာလျှင်။ ဥခေါင်း ကိုဖြတ်၍။ ကျိန်ကန့်ကော်တပ်ပေါင်း၌။ ဆွဲ၍ထားလေသည်ကို။ လက်ဝဲမြန်တပ်ဆွဲဟု ခေါ်တွင်လေ၏။ စန္ဒသဒိသရာဇာမင်းတရားလည်း။ ဤရက္ခိုင်ပြည်သူတို့သည်။ ငကိုပုန်ကံသောင်းကျမ်းပြုသမျှကို။ ငစိတ်နှလုံး သည် ကြောက်လန့်ခြင်းမထင်သည်ဖြစ်သောကြောင့်။ မတင်ရာဇာအမည်ကို ခံအံ့ဟု တံဆိပ်ခပ်လျှဆက်။ မူးမတ် အပေါင်းတို့က ဤအမည်ကို မခံပါအပ်ဟု လျှောက်ကြားပြီးသော်။ စန္ဒသဒိသရာဇာမင်းတရားလည်း။ ငါသည် ဓမ္မတရားနှင့် ပြည့်စုံသောကြောင့်။ ဤရက္ခိုင်ပြည်တွင် မင်းဖြစ်

၅။ လှာရသည်ဟုဆိုသောစကားကို အကြောင်းပြု၍။ ဓမ္မရာဇ်ရာဇာ အမည်ကို ခံတော်ပြုလျှက်၊ သက္ကရာဇ် ၁၁၄၀ ပြည့်သည့် နယုံလဆုပ်တရက် ကြာသပတေးနေ့တွင် မိဖုရားချိမေယ်နှင့် မင်းပြုတော်

၆။ မူပြန်၏။ လက်ဝဲမြန် အောင်ကျော်စံ၊ လက်ျာမြန်ကောင်မဲ မူးမတ်အစုံတို့ကို ထိုက်လိုက်လျှောက်ပတ်စွာသော ဆုကိုပေးတော်ပြု၏။ သက္ကရာဇ် ၁၁၄၀ ပြည့် ဝါဆိုလပြည့် ကြာသပတေးနေ့တွင်။ သလက်စား

၇။ တုံစံဝေသည်။ ဆီသည်အရပ်က ပုဂ္ဂါန်လာ၏။ ဓမ္မရာဇ်ရာဇာမင်းတရားချီသွား၍ တိုက်လေသော်။ သလက်စား တုံစံဝေသည် ပြေးလေ၏။ ယင်းနီကလည်း ကောင်းဓားပြွန်းစီသည်။ ချောင်သစ်ဝက ပုဂ္ဂါန်လှာ၏။

၈။ ဓမ္မရာဇ် ရာဇ်မင်းတရားချီသွား၍ တိုက်လေသော်။ ဓားမမနိုင်ပြေးလေ၏။ နန်းလျှာထားသော သားလည်း။ လက်နက်မှံ၍သေ၏။ သက္ကရာဇ် ၁၁၄၀ ပြည့်။ ဝါခေါင်လဆန်း ခုနှစ်ရက် သောကြာနေ့ သလက်စား တုံစံဝေ

**ထဲ----------ဝမ်းဖက်**

၁။ ကျောက်အုပ်ကို မီးတိုက်၏။ လဆုပ်ရှစ်ရက် စနေနေ့တွင်။ ကုလားငရွှေစာနှင့် ရလာကျွန်အုပ်တို့ ယွန်းဝတွင် လူစု၏။ သက္ကရာဇ် ၁၁၄၀ ပြည့်တော်သလင်းလဆန်းတရက် တလင်္ဂနွေနေ့တွင်။ ဓားပြွန်စီသည်။ အနောက်ပြည်

၂။ ပင်းဝါမြို့၌နေသော ကုလားဘောက်ကျီသူရဲလက်နက်ကိုင်တို့ကို ခေါ်ချေ၍။ ဆုလပ်ပေးပြီးလျှင်။ ပေါင်သီခွင် အရပ်၌။ မြေပေါင်တပ်ကြီးတည်၍။ ပုဂ္ဂါန်သောင်းကျန်းပြန်၏။ ဘောက်ကျီလည်း။ ပြောင်ကို ရထားရှင်တွင် တင်

၃။ ၍ စက်ယန္တရားကြိုးဖြင့်။ အရပ်သျှစ်မျက်နှာကို လှည့်ပတ်လျှက် ပစ်နိုင်အောင် စီရင်၍ ပြောင်ကို အသံမြိမ်း၏။ ရခိုင်ပြည်သူလူတို့လည်း ဓားပြွန်းစီထံ အဝင်အထွက်ပြု၏။ ဓမ္မရာဇ်ရာဇာမင်းတရားလည်း။ သားတော်

၄။ ဥပရာဇာအိမ်ရှေ့မင်းသက်စံရွှေ လက်ဝဲမြန် အောင်ကျော်စံ။ လက်ျာမြံကောင်းမဲ။ တူတော် ဓားပိုင်ကျော်ပုံ။ ဆင်ကဲကြီးထွန်းပေါ်။ တောင်ဘက်စား ဥကာရေ၊ မူးမတ်အပေါင်းတိုင်

၅။ နှင့်။ ဆွေးနွေးတိုင်ပင်တော်မူပြီးလျှင် သက္ကရာဇ် ၁၁၄၀ ပြည့် တော်သလင်းလဆုပ်တရက် တလင်္လာနေ့ဝယ်။
ဓမ္မရာဇ်ရာဇာမင်းတရားချီသွား၍ တိုက်လေသော်။ ဝါးပြွန်းစီက ပစ်လွှတ်လို
၆။ က်သောပြောင်းသီးသည်။ ဓမ္မရာဇ် ရာဇာစီးတော်လှေဦကတက်သွားလေ၍။ လူသူသေကြေလျှက်။ ဓမ္မရာဇ်
ရာဇာမင်းတရား၏အနီး ရှေ့တော်သို့ ရောက်လှာပြီးမှ။ ပြောင်းသီးသည်။ ဘယ်၍သွားလေ၏။ ဓမ္မရာ၇။
ဇ် ရာဇာမင်းတရားလည်း။ လှေကိုပစ်ခဲ့လျှက် ကြည်းသို့တက်လေ၏။ ကုလားသောက်ကျီ သူရဲလည်း။ အပြင်း
လိုက်လှာလျှင်။ စီးတော်လှေနှင့် ပြောင်းကိုရလေ၏။ ဓမ္မရာဇ်ရာဇာမင်းတရားလည်း။

## ထဲ--------ကျောဖက်

၁။ တို့ကို။ ရဲဆိုပေးပြီးလျှင်။ သက္ကရာဇ် ၁၁၄၀ ပြည့်ဝါကျွတ်လဆန်းငါးရက်သောကြာနေ့တွင်။ ချီ၍ ဓားပူးတိုက်လေ
သော်။ ကုလားဘောက်ကျီ သေလေ၏။ သူရဲလက်နက်ကိုင် ကုလားတို့လည်း။ များစွာသေကုံ၏။
၂။ ပေါင်သီခွင်မြစ်ရေသည်။ နီနီထွေးထွေးသွေးဖြစ်၍ ညီနံကုံ၏။ ဓားပြွန်းစီလည်း ပြေးလေ၏။ တကြိမ်တုံဓားပြွန်း
စီလည်း။ ဒွါရာဝတီ သံတွဲမြို့စား သတိုးဖြူအထံသို့ တမာန်လွှတ်၍ စစ်ပင့်လေ၏။ သံတွဲနှင့် ရမ်းဗြဲသ
၃။ သည်လူရည်ချင်းတူကြသည်။ ယခုမင်းပြု၍နေသော လူတို့လည်း။ ရမ်းပြဲသားဖြစ်သောကြောင့်။ စူးကိုစူးချင်း
ထွင်ဘိသကဲ့သို့။ သံတွဲစား သတိုင်းဖြူလည်း တိုက်လှန်၍ မင်းပြုတော်မူပြီးလျှင်၊ အကျွန်ုပ်တို့အား
၄။ ထိုက်တန်ရာကို ပေးပါဟု။ တဖန်စာနှင့် လူလွှတ်လိုက်၏။ သတိုးဖြူလည်း အလောင်းမင်းကို။ ဖုတ်သွင်းရထား
ဆိုက်ရောက်လှာဘိသကဲ့သို့။ ဆို၍ အားရလျှက် မိမိသားဖြစ်သော။
၅။ စစ်ကဲ ငရွှေဘော်ကို။ ဗိုလ်ချုပ်ခန့်၍။ စစ်ဂေါင်းဗိုလ်မင်း ကျားရေဝတ် ငကျော်ထွေးကို။ တပ်ဦးဗိုလ်ခန့်ပြီးမှ။
ခုနှစ်ခရိုင် တောင်စည်အရပ်၌ သူရဲလက်နက်ကိုင် တောင်းခံ၍သုံးသော
၆။ င်းသောလူတို့နှင့် ချီလာပြီးလျှင်။ ရက္ခိုင်ပြည်သို့ရောက်လှာသော်။ ဓားပြွန်းစီနှင့် သတိုးဖြူတို့ကို စုရုံးပေါင်းဘက်၍။
ပရိန်အရပ်က စစ်ကပ်လှာ၏။ ဓမ္မရာဇ်ရာဇာမင်းတရားလည်း။ များသောအမတ်အပေါင်းနှင့် ချီသွား
၇။ လေ၍။ သက္ကရာဇ် ၁၁၄၀ ပြည့်။ တံဆောင်မုန်းလဆန်းငါးရက်နေ့ တိုက်လေသော်။ သတိုးဖြူ ဓားပြွမ်းစီ
စစ်သည်တို့ ပျက်စီးလေကုံ၏။ သတိုင်းဖြူလည်း လက်နက်တိပါး၍ သေ၏။ ဓားပြွန်းစီကား ကျေည်တောက်
၈။ သို့ပြေးလေ၏။ သက္ကရာဇ် ၁၁၄၀ ပြည့် တံဆောင်မုန်းလဆန်းခြောက်ရက် တလင်္လာနေ့တွင်။ ကုလား
ငရွှေစာကောင်း မသွေနှင့် သလက်စားတုံကြာဝေတို့ ကြက်ရိုးတောင်က ပုံစားမည်ဟု ကပ်လှာ၏။

## ထော--------ဝမ်းဖက်

၁။ ဓမ္မရာဇ်ရာဇာမင်းတရားတိုက်မည်ကြံသော် ပြေးလေ၏။ သက္ကရာဇ် ၁၁၄၀ ပြည့်။ နတ်တော်လဆုပ် တဆဲ့တရက်
တလင်္လာနေ့တွင်။ ကုလားငရွှေစား ယွန်းဝတွင် တပ်တည်ပြုံ၏။ ပြာသိုလတွင်ကား။ သလ
၂။ က်စားတုံစံဝေကို။ ငရွှေစားသတ်၍ ပစ်လေ၏။ ပြာသိုလဆုပ်ဆယ်ရက်နေ့တွင်။ ဓမ္မရာဇ်ရာဇာမင်းတရား ချီသွား
၍။ ကုလားငရွှေစာကို တိုက်လေသော်။ ငရွှေစားပြေးလေ၏။ တပ်ကို မီးတိုက်ခဲ့ပြီးလျှင်။ ဓမ္မ
၃။ ရာဇ်ရာဇာမင်းတရားသည်။ နေ့ချင်းဝင်တော်ပြုလတ်၏။ ထိုနှစ်တပို့တွဲလဆန်းလေးရက် ကြာသပတေးနေ့တွင်။
အညာကို မီးတိုက်၏။ အညာသားတို့ သစ္စာတော်ရေကို သောက်၍ အဝင်ခံလှာ၏။ ပိနဲချော
၄။ င်း၌။ ကောင်ညွှန့်ရန် တိုင်ထွန်းပေါ်၏။ ပြင်ဓားပိုင်ကြီးတုံးဘောင်သည်။ စာငယ်ခွက်ဓားပိုင်ကြက်ချေးစား။
ငချွန်းတို့ပေါင်းဖက်၍၊ ကျမ်းသောင်း၏။ ကြက်ချေးစားခေါ်တွင်သည်
၅။ ကား။ ဤနေ့၌ အမဲဟင်းလျှာစားစရာ မဟိ၍။ ကြက်တခုချေးပါ။ နှက်ဖန်ဆက်ပါမည်ဟုချေး၍ စာလေသော
ကြောင့်။ ဓားပိုင်ကြီးကြက်ချေးစားဟု တွင်၏။ ထိုသူပုံတို့ကိုတိုက်
၆။ အံ့သောငှါ။ ဓမ္မရာဇ် ရာဇာမင်းတရားလည်း။ များသောအမတ်အပေါင်းနှင့်။ သက္ကရာဇ် ၁၁၄၁ ခု ကဆုံလဆန်း
ခြောက်ရက် ဗုဓဟူးနေ့တွင်။ ချီသွားလေ၍။ ခမောင်းချောင်းဝယ် လှေတပ်တည်လျှက် နေလှာ၏။ ငေ
၇။ ကောင်းကျွန်းရုံတိုင် ထွန်းပေါ်ဝေ အစဟိသော သူပုန်ဓားပြတို့လည်း။ တောထဲ၌ ပုံးအောင်း၍ နေပြီးမှ။ လူသန်
လူမြန် ငခြေယင်ခုနှစ်ယောက်တို့ကို ဆုလပ်ပေး၍ ဓမ္မရာဇ်ရာဇာမင်းတရားကို။ ညည့်စစ်တိုက်ချေ
၈။ ဟု စေလွှတ်လိုက်၏။ ထိုခုနှစ်ယောက်တို့ လာပြီးလျှင် ဆိတ်ငြိမ်သောအရပ်၌။ ဖုံးကွယ်လျှက် နေကြကုံ၏။

ဓမရာဇ်ရာဇာမင်းတရားလည်း။ တူတော် ဓားပိုင်ကြီးကျော်ပုံနှင့် လှေဘောင်တော်ဝယ် ပြေ၍နေရာ

**ထော-------ကျောဖက်**

၁။ တွင်။ ထိုလူခုနှစ်ယောက်တို့ ခြေသံမကြားရအောင်လာ၍။ ကုံပေါ်ထပ်ကနေလျှက် လှန်နှင့်ထိုးမည်ဟု ကြံကြကုံ
၏။ ခုနှစ်ယောက်သောလူတို့တွင်။ တယောက်သောလူသည်။ ညံသစ်ပင်ကို နင်းမိ၍ ကျိုးသောအသံ
၂။ ကို။ မူးတော်မတ်တော်တို့ တစုံတယောက်မျှ မကြား။ ဓမ္မရာဇ်ရာဇာမင်းတရားသာ။ ဒိပ္ပသောတနတ်နားကို
ရဘိသကဲ့သို့။ ကြားတော်မူလေလျှင်။ ကောင်ညွန်ရန်တိုင် ထွန်းပေါ်စေ အစဟိသော သူပုံဓားပြတို့ညည့်
၃။ စစ်တိုက်မည် လာသည်။ ဤမည်သော အရပ်သို့ပြောင်လက်နက်ကို ပစ်လွှတ်ကုံလောဟု မိန့်တော်မူပေသော
အသံကို ထိုသူခုနှစ်ယောက်တို့ကြားလေလျှင်။ အလွန်ကြောက်ထိပ်လန့်၍။ ချောက်တခုတွင် ဆင်းသ
၄။ က်ပြီးသော်။ မှောက်ခုံဝပ်၍ နေလေ၏။ ပြောင်းလက်နက်ကိုင်တို့သည်။ ထိုအရပ်သို့ပြောင်းလက်နက်ကို ပစ်လွှတ်
ပြီးမှ။ ဓမ္မရာဇ် ရာဇာအစဟိသော မူးမတ်အကုံတို့သည်။ မြစ်အကျယ်သိုင့်
၅။ သွားလေ၍။ လှေတပ်ချလျှက် နေလေ၏။ မြောက်စည်သုံလုံထည့်။ ရေတွင်ကျ၍ ကျံရစ်၏။ မိုးသောက်လေ
လျှင်။ ဓားပုံကြီးကျော်ပုံက။ တောင်ညွန့်ရာန်တိုင် ထွန်းပေါ်ဝေတို့ ရွှေမြို့တော်သို့လာ၍
၆။ တိုက်လိုလျှင် တိုက်ပါစေ။ ယခု စစ်အရေးမသာသည် ဖြစ်သောကြောင့်။ မတိုက်သင့်ပါဟု လျှောက်ကြားလေ
လျှင်။ ချီလာတော်မူ၍။ တောင်ဘက်မြို့သစ်ရွာ၌။ မျိုတော်ရွာနှင့် သလေရွာကို ဖျက်ဆီးပြီးလျှင် စဉ်တင်ဝဲ
၇။ ချောင်း၌ ကျမ်းသောင်း၍နေသော။ ကွမ်းအုံတောင်စား တုံကျော်ဝေကို။ တိုက်လေသော်။ ပျက်စီး၍ပြေးလာ
လျှင်။ စာဘတ်တိုးဝေ မယား မိဖုရားခေါင်။ စောရွှေကြာဝေကိုရခဲ့ပြီးမှ။ ပြန်လာတော်မူ၍။ ရွှေနန်းတော်သို့
၈။ တဆဲ့ငါးရက်ကြာမှ ရောက်လှာ၏။ သက္ကရာဇ် ၁၁၄၁ ခုကဆုံလပြည့်ကျော် ငါးရက် ဗုဓဟူးနေ့တွင်။ ဓမ္မရာဇ်
ရာဇာမင်းတရား ဥရာဇ်တော်သို့ ချီတော်မူ၍။ သူပုံငပုကို တိုက်လေသော်။ ငပုသည် ပျက်စီး၍ ပြေးလေ၏။

**ထော်---------ဝမ်းဖက်**

၁။ သက္ကရာဇ် ၁၁၄၁ ခု နယုန်လဆန်း ခြောက်ရက် ကြာသပတေးနေ့တွင် ညလေးပိုရုပ်ဝယ်။ ကြက်ရိုးတောင်နန်း
ကို ဆောက်တော်ပြု၏။ တဆယ်တရက် ဗုဓဟူးနေ့တွင် နေထွက်ငါးနာရီဝယ် ဓမ္မရာဇ် ရာဇာမင်းတ
၂။ ရားတက်တော်ပြု၏။ ကွမ်းအုံတောင်စားတုံကျော်ဝယ်သည်။ ဓမ္မရာဇ်ရာဇာမင်းတရား ခြေရင်းတော်ထံ
သစ္စာတော်ခံ၍။ မီခိုလှာလျှင်။ မိဖုရားတပ်အုပ် အခေါင်စစ်ကဲအရာကို ပေးတော်မူ၏။ ကုလားငရွှေစား
၃။ ကောင်းမသွေလည်း။ သူရဲလက်နက်ကိုင်နှင့် လာ၍။ ချောင်သစ်ဝက ပုံဂါန်လှာ၏။ ဓမ္မရာဇ်ရာဇာမင်းတရား
ချီသွားလေ၍။ သက္ကရာဇ် ၁၁၄၁ ခု တပို့တွဲလဆုပ်တရက် စနေနေ့တိုက်လေသော်။ ဓမ္မရာဇ်ရာဇာဗိုလ်မှူး
၄။ ကွမ်းအုံတောင်စားတုံကျော်ဝေသည်။ သေနတ်လက်နက် ထိပါး၍ သေလေ၏။ ကုလားငရွှေစား
ကောင်းမသွေလည်း ပြေးခဲ့၏။ လဆုပ်တဆဲ့တရက်နေ့တွင် ကုလားငရွှေစာကောင်းမသွေ
၅။ လည်း။ ပေဝကတပ်တည်ပြံ၏။ တပေါင်းလဆန်းတဆယ်နှစ်ရက် ကြာသပတေးနေ့တွင်။ ဓမ္မရာဇ်ရာဇာအညာသို့
ချီသွားလေ၍ ငရွှေစားကောင်းမသွေတပ်ကို မီးတိုက်တပ်ကို မီးတိုက်လေ၏။ အနောက်
၆။ ယိုးကျွန်းက။ ဘဏ္ဍာအုပ်ရဲဘော်သည်နှင့် ငဝန်းပေါက်တို့ ကျမ်းထောင်းပြန်၏။ သက္ကရာဇ် ၁၁၄၂ ခု ကဆုံလ
တွင် ဓမ္မရာဇ် ရာဇာမင်းတရား ချီသွား၍တိုက်လေသော်။ ဘဏ္ဍာအုပ်ငရဲဘော် ငဝမ်းပေါက်တို့ပျက်စီး၍ ပြေးလေ
၇။ ၏။ သက္ကရာဇ် ၁၁၄၂ ခု တဆောင်မုန်းလဆုပ်ကိုးရက် တလင်္လာနေ့တွင် လေးမြို့ချင်းတို့ကျမ်းသောင်း၏။
ဓမ္မရာဇ်ရာဇာမင်းတရား ချီသွား၍ တိုက်လေသော်။ စစ်လမ်းမသာသောကြောင့်။ ချင်းတို့ကို မနိုင်ခဲ့၍ ပြံလာတော်
၈။ မူ၏။ တကြိမ်တုံကုလားငရွှေစာသည်။ ရွှေပန်းပွင့်သူရဲတို့ကို ဆုပေး၍။ ကုလားသူရဲများနှင့်။ စစ်တွေအရပ်က
ကျမ်းသောင်းပြံ၏။ သက္ကရာဇ် ၁၁၄၂ ခု တပို့တွဲလဆန်းတွင် ဓမ္မရာဇ်ရာဇာမင်းတရားချီသွား

**ထော်-----------ကျောဖက်**

၁။ ၍ တိုက်လေသော်။ ငရွှေစားကောင်းမသွေသူရဲရွှေပွင့်ပန်တို့သေလေ၏။ ဓားပွန်းစီသားတောင်ဘက်စား
သက်ရွှေကို ဘမ်း၍ရလေလျှင်။ ဓမ္မရာဇ် ရာဇာမင်းတရားအား ပြသဆက်သလှာသော်။ အဘဓားပွန်းစီလည်း

၂။ ဓားလှန်ခံသည်။ သားလည်း ဓားလှန်ခံကောင်း၏ဟု။ ဓမ္မရာဇ်ရာဇာမင်းတရားလက်တော်စွဲ ဓားနှင့်။ ခါးစောင်းကို
ဓားသွားချ၍။ ဝင်လေလျှင်။ အဥ္ဇနတွက်၍။ ချက်ချင်းသေလေ၏။ စစ်ခေါင်ဗိုလ်မင်းကျားရေ ဝ
၃။ တ်ကျော်ထွေလည်း။ တောင်စည်တန်းလွှဲချောင်းက သောင်းကျမ်းပြ၏။ ဓမ္မရာဇ်ရာဇာမင်းတရားလည်း။ တူတော်
ဓားပိုင်ကြီးကျော်ပုန်နှင့်။ ရံပြစားခြေဝန်ကို စေတော်မူလိုက်၏။ ချီသွားလေ၍။ သက္ကရာဇ် ၁၁၄၂
၄။ ခု တပို့တွဲလတွင်။ ရံပြသို့ ရောက်လေသော်။ စစ်ခေါင်းဗိုလ်မင်းကျော်ထွေး အပေါင်းအဘက်ဟု။ ကျောက်ချောင်
ရွာလူတို့ကို များစွာခုတ်ထစ်သတ်၍ ပစ်ပြီးမှ။ တောင်စည်တန်းလွှဲသို့လို
၅။ က်လေသော်။ ကျော်ထွေးသည် ကြောက်လန့်လျှက်။ ဖိုးခေါင်ကို ခို၍ပုန်းအောင်းလျှက် နေလေ၏။
ငစရိုင်းချောင်းနေ ငသံတွေက။ အဘယမဟာရာဇာ သားဟရီ။ အမ်းစားခြေသ
၆။ လုံးကြီးတောင်သာရီ။ လေးခက်တောင်စား ငထွန်းစံ။ လဲခြည်ထောင် လှေတော်တို့ကို ခရာတတန် မောင်းတလုံမ်း
မင်းဝတ်မင်းတံဆာအစုံကို ပေးအပ်၍။ သက္ကရာဇ် ၁၁၄၃ ခု ကဆုံလဆန်းသျှစ်ရက် တနင်္ဂနွေ
၇။ နေ့တွင်။ ပုဂ္ဂံပြည် အင်းဝမြို့ကို အစိုးရသော စည်ကားမင်းထံ။ စစ်ပင့်စေလိုက်၍။ လေးမြို့ကြောင်းတက်သွား
လေလျှင်။ အရှေ့ဘက် စေတုတ္တရာသို့ ရောက်လေသော် ချင်းတောင်မင်း ငပျောငခြေတိုင်တို့သည်။
၈။ စစ်ပင့်ခေါ်သူလူကို သိမ်းယူ၍။ အသီးအသီးဥစ္စာရွှေငွေနှင့်။ ရောင်းစားလေ၏။ တယောက်သောလူတို့သည်။
မြမ္မာအိမ်သို့ ရောက်လေ၍ အကြောင်းကိုမေးသော်။ စစ်ပင့်လာသော အခြင်းခပ်သိမ်းကို သိပြီးမှ။ ပတိုင်းမြို့

**ထံ---------ဝမ်းဖက်**

၁။ သူကြီးသွား၍။ ငှက်ပျောခြေတိုင်ကို တောင်းလေလျှင်။ ထုတ်၍ပေးရလေ၏။ ထိုလူတို့ကို ကြည်းဆောင်၍။
ဓကိုင်မြို့၌ ထားလေ၏။ စစ်ပင့်ခေါ်သူလူတို့က။ ရံပြကျွန်းနေ မီးပေါက်တောင်စား အောင်စုံသည်။ အားဟိ
၂။ အားမဲ့ဘိစီး၍။ ရက္ခိုင်ပြည်တွင် မင်းပြု၍ နေပါသည်။ ထိုမင်းကို တိုက်လှန်ဖျက်ဆီး၍။ ရက္ခိုင်ပြည်ကို သိမ်းယူ
တော်မူပါဟု လျှောက်လေ၏။
၃။ တ်လေးပါးတို့နှင့်တိုင်ပင်၍။ ရက္ခိုင်ပြည်ကို စစ်ချီမည်ဟု ကြံစည်တွင်ဝယ်။ နန်းမယ်တော်သည်။ ညည့်အိတ်သော
အခါ၌။ နှုတ်သီးလုံပတ်သုံထွာဟိသော။ ကဋ္ဌုန်ငှက်တခုသည်။ အနောက်အရပ်ကပင် ပျံလာ၍။
၄။ အင်းဝမြို့င်နန်းမုံကင်ဘူးတွင်။ နားလှာလျှင်။ နန်းမုံကင်းဖူးသည် ကျိုးပြတ်၍။ မြေ၌ကျသည်ကို အိမ်မက်မြင်၏။
မိုးသောက်လျှင်လည်း။ ပုဗ္ဗားတောင်ကြီးသည် တိန့်တိန့်ရိုက်၍။ အသံကြည်၏သဉ်
၅။ တိတ်နိမိတ်အကြောင်းကို။ စည်ကူးမင်းကြားမြင်လေလျှင်။ စစ်ပင့်လာသော လူတို့ကို ခေါ်၍။ ရက္ခိုင်မင်း၏
အကြောင်းခြင်းရာကို မေးလေ၏။ စစ်ပင်ခေါ် လူတို့လည်း ရက္ခိုင်
၆။ စစ်ချီသည်ကာလ၌။ ကောင်းကင်ထက်က တဘဲနှစ်ခုသောလင်တပနီငှက်တို့သည်။ ဝဲပျံန်၍ လိုက်ကြကုံ၏။
လေရှင်တို့သည်လည်း။ နောက်လိုက်တကုံ၏ တိုက်စည်တုကီမောင်းတို့ကို တီးခပ်လိုက်သော
၇။ အသံသည်။ လူတို့ချက်တိုင်က ဖောက်ထွင်း၍။ နောက်ကထွက်ဘိသကဲ့သို့။ ဖြစ်ဘိ၍လျှင်။ မြေတွင်တွင်
မှောက်ခုံကဲကြကုံ၏။ ထိုးပစ်သောလှန် လွှတ်တို့သည်လည်း။ လူတို့ကိုယ်တွင်ချည်း ထိခိုက်မှန်ကုံ၏။ ဤသို့
အကြော
၈။ င်းမျိုးကို လျှောက်ပေလျှင်။ စည်ကူးမင်းလည်း အလွန်ထိပ်လန့်သည်ဖြစ်၍။ စစ်အကူအရံ မထည့်ဝန့်ပဲ
နေလေ၏။ ထိုမင်းလွန်မှ။ စစ်အကူအရံထည့်မည်ဟုဆိုပြီးလျှင်။ ငဘံတွေသို့ စာပေမှာလိုက်၏။
စစ်ပင်ခေါ်သူလူတို့ကို

**ထံ---------ကျောဘက်**

၁။ လည်း။ ဆင်ဖြူကျွန်းမြို့သူကြီးသည်။ စည်ကြပ်၍ဝါဆိုလတွင် တလက်သို့ပိုလှာ၏။ ထိုအကြောင်းကို
ဓမ္မရာဇ်ရာဇာ မင်းတရား ကြားသိလေလျှင်။ ငသံထွေကား ဖိုးခေါင်ကိုမှိန်၍ နေလေ၏။ အိမ်ရှေ့မင်းသ
၂။ စံရွှေနှင့်။ ဓားပိုင်ကြီးကျော်ပုံတို့ခိုက်ရာန်ပဆာဖြစ်၍။ တိုက်သတ်ကြမည်ကြံသောအကြောင်းကိုင်။ ဓမ္မရာဇ်
ရာဇာမင်း တရားကြီးသိလေလျှင်။ ခေါ်တော်မူ၍။ ဘုမ္မဖြေဆိုလေသော် ဓားပိုင်ကြီးကျော်ပုံသည် ငြိမ်
၃။ ဝပ်လေ၏။ အိမ်ရှေ့မင်းသက်စံရွှေသည်။ မငြိမ်မဝပ်မနှစ်သက်သောကြောင့်။ သက္ကရာဇ် ၁၁၄၃ ခု တပေါင်းလ

တွင် ရံပြကျွန်းသို့ သွားလေ၍။ ဇင်ချောင်းရွာဝယ် နန်းဆောက်လျှက် ကျမ်းသောင်း၍ နေလေ၏။
၄။ ဓားပိုင်ကြီးကျော်ဝေလည်း။ အမူးအမတ်တို့ကို ခေါ်ဝေါ်၍။ ငါသည်အမူအရေးဘော်ပေါ်ထွက်သမျှကို ထမ်းမိုး
ရွက်ဆောင်သော်လည်း။ ကျေးဇူးစတင်သောစကားကို ပြောဆိုသည်။ အိ
၅။ မ်ရှေ့မင်း သက်စံရွှေလည်း။ နှိတ်စက်ညှည်းဆဲပြုကြသည်ဖြစ်သောကြောင့်။ ရွှေနန်းသျှင် မင်းတရားကိုလုတ်ကြ
အံ့ဟု တိုင်ပင်၏။ မူးမတ်တို့လည်း၊ တစုံတယောက်မျှ ဓားပိုင်ကြီးကျော်ပုံစ
၆။ ကားကို မလိုက်နာကုံ။ လေးတောင်စားကောင်းမသွယ်က ဤစကားအတိုင်းမှန်လျှင်။ အကျွန်သည်။ တံခါးလေး
ဝတွင် တဝကို ပေးပါဟု အာမခံလေ၏။ ဓားပိုင်ကြီးကျော်ပုလည်း။ ဓမ္မရာဇ်ရာဇာ မင်းတရားထံသွား
၇။ ၍ လေးထောင်စား ကောင်းမသွေ အာမခံသောအကြောင်းကို။ လျှောက်လေသော်။ ဓမ္မရာဇ်ရာဇာမင်းတရား
လည်း။ အတွင်းစကားမှာထားလိုက်၏။ လက်ဖွဲ့ကိုယင် ပွဲဆင်၍ သဘင်ပြုကြရာဝယ်။ အကျူအလွဲပြုသည်
၈။ ဟု လေးထောင်စားကောင်းမသွေ ညီအစ်ကိုသုံးယောက်လုံးကို ဖမ်းယူလျှက် ဓားပိုင်ကြီးကျော်ပုံသည်။ သတ်၍
ပစ်လေ၏။ ရက္ခိုင်ပြည်နိုင်ငံအတွင်း၌။ ကြည်းကြောင်းရေကြောင်း သွားလာကုံသောလူတို့လည်း အချင်းချင်းနိုင

**ထား-----------ဝမ်းဖက်**

၁။ နိုင်ထက်စိုးကဲပြု၍။ ရွှေငွေဥစ္စာတို့ကို လုယက်၍။ ယူကြကုံ၏။ တရွာနှင့်တရွာကိုလည်း။ ထန္ဒဓားပြတိုက်ကြ
ကုံ၏။ ဥစ္စာရွှေငွေ အဆွေအမျိုးမဟိသောလူတို့ကိုလည်း။ ဥစ္စာရွှေငွေ အဆွေအမျိုးဟိသော သူတို့က အ
၂။ လွန်နှိပ်စက်ညှည့်ဆဲပြုကြကုံ၏။ ကျားမိန့်ကျောင်းလည်းရဲ၏။ ကျောက်ဝက်သက်ထွက်၏။ သက္ကရာဇ် ၁၁၄၄ခု။
နယုံလကစ၍။ ဝါဆိုလတိုင်အောင်။ ကာလရိနာရောက်၍။ လူသူသတ္တဝါတို့များစွာ သေပျော
၃။ က်ကျ၏။ ဓမ္မရာဇ် ရာဇာမင်းတရားလည်း ရွှေဝင်းတော် ဆည်ဝ၌ ပြောင်းကြီးလက်နက်ကို ဆင်၍ထားလေမှ
လူသူသတ္တဝါတို့ အသေအပျောက် နည်းကုံ၏။ ထိုဓမ္မရာဇ်ရာဇာမင်းတရား၏ သူရဲတော်တို့
၄။ ပစ်သောလှန်တို့သည်။ ရာန်သူကိုယ်၌ ရည်မှတ်တည့်မှန်နိုင်ခြင်းလည်းကောင်း၊ စစ်ချီသွားသောကာလ၌၊
လင်တပနိတဆယ့်ခုနှစ်ဝပျန်၍ လိုက်သော အကြောင်းကိုလည်းကောင်း၊ လေတို့သ
၅။ ည်နောက်လိုက်ထခြင်းကိုလည်းကောင်း၊ တီခပ်ရိုက်သော မြောက်စည်တိုက်အသံတို့သည် လူတို့ချက်ကို ဖောက်
ထွင်း၍ နောက်ပြင်ကြောက ထွက်သွားလေဟန်ထင်မှတ်ခြင်းကို
၆။ လည်းကောင်း။ ဤသို့အခြင်းအရာတို့ကို မြင်ကြကုံသော လူအပေါင်းတို့သည်။ လက်ပိုင်မင်းဟု ဆိုကြကုံ၏။
ထိုမင်းကား အိမ်နိမ့်ငါးဆယ်။ စည့်စိမ်ငါးနှစ်။ နှစ်စုသက်တော် ငါးဆဲ့ငါးနှစ်တွင် လွန်တော်မူလေ
၇။ ၏။ ၄၇။ ထိုမင်းလွန်လေလျှင်။ ထိုမင်း၏ တူမတော် လင်ဖြစ်သော။ လက်ဝဲမြန် သတိုင်းအောင်သည်။
မိဖုရားစောမေပုံနှင့် အဘိသိက်သွန်း၍။ သက္ကရာဇ် ၁၁၄၄ ခု တဆောင်မုံလပြည်ကျော် တဆဲ့လေးရက်
တလလ်ာနေ့တွင်။
၈။ ရွှေနန်းတက်တော်မူ၏။ သမန္တထက်ဝန်းကျင်သော ပြည်သူလူအပေါင်းတို့ ညီညွှတ်၍။ မင်းပြုပါဟု တောင်းပန်
သည်ကို အကြောင်းပြု၍။ မဟာသမန္တဟူသော အမည်ကို ခံတော်ပြု၏။ တံဆိပ်ခပ်သောအခါကား

**ထား---------ကျောဖက်**

၁။ မဟာသမတရာဇာအမည်တွင်၏။ လက်ဝဲမြန်ကုလားဖြူ။ လကျ်ာမြန်မောင်ထွေး။ မူးမတ်တို့ကို အဆောင်
အရွက်စီက လုကီစလွယ် သင်ကျစ်ပေးတော်ပြု၏။ ငါးခရိုင်ချောင်တွင် ငသံတွေကျမ်းသောင်း၍ နေ၏။
၂။ သက္ကရာဇ် ၁၁၄၄ တပေါင်းလတွင်၊ သမတရာဇာမင်းတရားချီသွား၍ တိုက်လေသော်။ ငသံတွေသည် ပျက်စီး၍
ပြေးလေ၏။ နောက်မှ သစ္စာတော်ကို ခံလှာလျှင်။ ကုလားတန်ကိုပေးတော်မူလေ၏။ ကုလားတန်စား
၃။ ငသံတွေလည်း။ ကုလားတန်ဘဏ္ဍာကို သိမ်းယူ၍။ ကျမ်းသောင်းမြဲ ကျမ်းသောင်း၍ နေလေ၏။ ဓားပိုင်ကြီး
ငသံထွေဟု ခေါ်တွင်လေ၏။ ဓမ္မရာဇ်ရာဇာသားတော် လက်ဝဲမြန် ကုလားဖြူသည်။ သမတရာဇ်မင်း
၄။ တရားကို စေစားလိုသောကြောင့်။ ရွှေမြို့တော်က ထွက်၍သွားလေလျှင်။ ပိန်ချောင်တွင် ကျမ်းသောင်း၍
နေသောကောင်းညွှန့်ရန် တိုင်တွန်းပေါ်ဝေသို့သွားလေ၍ ပေါင်ဘတ်ပြီးမှ။
၅။ များသော ရဲမက်နှင့်ချီလာ၍။ သက္ကရာဇ် ၁၁၄၄ ခု တပေါင်းလတွင်လည်း ဆက်တင်မော်အရပ်တွင်။ လှေတရပ်

တည်၍ နေလှာ၏။ သမတရာဇာမင်းတရားချီသွား၍ တိုက်ေ
၆။ သော်။ ပျက်စီး၍ ပြေးလေ၏။ လက်ဝဲမြန်ကုလားဖြူကိုကား။ ပြောင်လက်နက်မှန်၍ သေလေလျှင် ဖြောင့်သီး
ကျလက်ဝဲမြန်ဟု တွင်လေ၏။ ရမ်းပြဲကြီးကျောက်ချောင်ရွာနေ စစ်တောင်းဗိုလ်မင်းကျားရေဝတ်။
၇။ ကျော်ထွဲသည်။ တန္တစစ်အောင် အမည်ကို ခံ၍။ တန်းလွဲမြို့တွင် မင်းပြု၍ နေ၏။ ထိုကျော်ထွဲသည်။ ဓမ္မရာဇ်
ရာဇာမင်းတရား ယောက်ဘတော်ဖြစ်သော ဆင်ကဲကြီး ချွေးစုရမ်ပြဲအုပ်အောင်လှ တို့ ရပတင်ရွာဝယ် တ
၈။ ပ်စောင့်၍ နေသည်ကို။ တောင်မင်းကျော်ထွေးလည်း။ ခုနှစ်ခရိုင် တောင်စည်ရံပြဲ အရှေ့ဘက်လေးရွာလူတို့နှင့်
ချီသွား၍။ သက္ကရာဇ် ၁၁၄၅ ခု ကဆုံလတွင် တိုက်ကြလေသော်။ ဆင်ကဲကြီး ငချေးစု ရံပြဲအုပ်အောင်

**ဒ———ဝမ်းဖက်**

၁။ လှတိုင်သည်။ လက်နက်မှန်၍ သေကုံ၏။ သူတို့ကိုလည်း များစွာသေကုံ၏။ တောင်မင်းကျော်ထွေးလည်း
ဇင်းချောင်းတိုင်အောင် လိုက်လေလျှင်။ အိမ်ရှေ့မင်းသက်စံရွှေသည် ပြေးလေ၏။ တောင်မင်းကျော်ထွေး
၂။ လည်း။ အိမ်ရှေ့မင်းသက်စံရွှေနေသော နန်းကို မီးတိုက်ခဲ့ပြီးလျှင်။ တန်းလွဲမြို့သို့ ပြန်လာ၏။ ပိန်ချောင်းတွင်ကျမ်း
သောင်း၍ နေသော ကောင်းညွှန့်ရံတိုင် ထွန်းပေါ်ဝေပြင် ဓားပိုင်ကြီး တုံတောင်သည်။ စာငယ်ခွ
၃။ တ်ဓားပိုင်ကြီးကြက်ချေးစားတို့ကို တိုက်အံ့သောငှာ သမတရာဇာမင်းတရားသည်။ များသော အမတ်အပေါင်းနှင့်
ချီသွားလေလျှင်။ သက္ကရာဇ် ၁၁၄၄ ခု။ တော်သလင်းလတွင် တိုက်လေသော်။ ကောင်းညွှန့်ရံတို
၄။ င်တို့ပျက်စီး၍ပြေးလေ၏။ တကြိမ်တုံလည်း ပြာသိုလတွင် တိုက်လေသော်။ ယောက္ခမတော် ကြောင်တောင်ကို
လှန်လက်နက်ထိပါး၍ သေလေလျှင်။ သမတရာဇာမင်းတရားလည်း။
၅။ သရဲတို့ကို ရဲဆုပေး၍။ ဓားပူတိုက်လေသော်။ တောင်ညွှန့်ရံတိုင် သူရဲတလိုင်ကာသည် ဆေသုပြီးမှ။ ကောင်းညွှန့်
ရံတိုင် အစဟိသော သူပုံတို့သည်။ ကြောက်ထိပ်လန့်၍ အဝေးသစ္စာတော်
၆။ ကိုခံလှာ၏။ တန်းလွဲမြို့တွင် ကျမ်းသောင်း၍ နေသော စစ်ကောင်းဗိုလ်မင်းကျားရေဝတ်ကျော်ထွေးသည်။
တန္တစစ်အောင်အမည်ကို ခံလျှက်။ မင်းပြုလေလျှင်။ တောင်မင်းဟု တွင်လေ၏။ ထိုတောင်မင်းေ
၇။ ကျော်ထွေးကား။ ဝေါထမ်းဇင်မစီး။ နာရီရွှတ်စည်မတီး။ ဒဂါးမခပ်။ ဤသုံးခုသည်။ ရက္ခိုင်မင်း သမတရာဇာ
အောက်နိမ့်ယုတ်၏။ သည်ပြင်ကြွင်းသော အကြောင်းအရာများမူ။ ရက္ခိုင်သမတရာဇာမင်းတ
၈။ ရားနှင့်အတူအမျှ ဖြစ်ကြကုံ၏။ ထိုအကြောင်းခြင်းရာများကို ကြားလေသော်။ သမတရာဇာမင်းတရားလည်း။
ယောက်ဘတော် ဓားပိုင်ကြီးကျော်ပုံကို စေလိုက်တော်မူ၍။ သက္ကရာဇ် ၁၁၄၅ ခု တပို့တွဲ

**ဒ———ကျောဖက်**

၁။ လတွင် တောင်မင်းကျော်ထွေးကို တုက်လေသော်။ တောင်မင်းကျော်ထွေးလည်း။ အဝေးသစ္စာတော်ကို ခံ၍။
လက်ဆောင်ပဏ္ဏာဆက်သလိုက်၏။ ပုဂ္ဂိန်ပြည် အမရပူရမြို့ကို အစိုးရသော သီရိပဝရတိလော
၂။ က ပဏ္ဍိတမဟာဓမ္မရာဇ်မင်းတရားက။ ရက္ခိုင်ပြည် မြောက်ဦးမြို့၏အထုပ္ပတ္တိကို သိလိုသောကြောင့်။ ဗိုလ်ငခိုင်
လှ သျှင်ခိုင်တို့ကို စေတော်မူလိုက်၏။ ငခိုင်လှ သျှင်ခိုင်တို့လည်း။ ယုတ်နွမ်းသောဆေမရော
၃။ ဂတို့နှင့် မှင်သီးထိုးသောမြင်းကို ယူခဲ့ပြီးသော်။ ပုရင်းရောင်းသည် ကုန်သည်အဟန်ကဲ့သို့ ပြု၍ ရောက်လှာလျှင်၊
တောင်မင်းကျော်ထွေးကို အချစ်ခင်ပွန်းဖွဲ့၍။ မြင်းကိုဆက်သ၏။ တောင်မင်ကျော်ထွေးလည်း။ ထို
၄။ မြင်းကို စီးလေ၏။ ငခိုင်လှ သျှင်ခိုင်တို့လည်း။ ရံပြဲကျွန်းသို့ သွားလေ၍။ ပြည်ရွာ၏အကြောင်းခြင်းရာ
စူးစမ်းလေ၏။ တကြိမ်လည်း။ သျှင်ယောက်နှစ်ယောက်တို့ကို ထပ်လောင်း၍။ စေပြုလို
၅။ က်၏။ သျှင်ယောက်တယောက်မူကား။ တောင်မင်းကျော်ထွေးကို လှည့်ပတ်ပြီးလျှင်၊ ရံပြဲကျွန်းသို့သွားလေ၍။
ရွာကြီးရွာငယ်တို့၌ စူးစမ်းလေ၏။ သျှင်ယောင်တယောက်မူကား။ ရခိုင်မင်းမ
၆။ ဟာသမတရာဇာကို လှည့်ပတ်ပြီးမှ။ မဟာမုနိ သိမ်တော်သို့သွားလေ၍။ ရှေ့တော်၌ တည်ထားသော။
မသုန္ဒရေတွင်။ ဝယ်ရေစက်သွန်းချသော် မဝင်ပဲ ဟိအောင်ပြုလေ၏။ အကြောင်းကို ကြားသိလေသော်။ ရက္ခိုင်
၇။ ဘုရင် သဟာသမတရာဇာလည်း။ များသောမှူးမတ်အပေါင်းခြံရံလျှက်။ တိုင်ပင်တော်မူ၍ နေစည်ဝယ်။
သက္ကရာဇ် ၁၁၄၆ ခု နယုံလပြည့်ကျော် ခုနှစ်ရက် သောကြာနေ့ကစ၍။ ခုနှစ်ရက် ကြာသပတေးနေ့တိုင်။ ဂ

၈။ စ္ဆဘနဒီမြစ်ညာက ရေလိပ်ကြီးလာ၍။ ဒင်းကျမ်းပြည့်လှာလျှင်။ လူများတို့သည်။ နေရာမဟိသောကြောင့်။
ရုပ်တုတော် ရှင်မဟာမုနိသိမ်တော်အတွင်း၌။ နေကြကုံသော မိမ္မသုံယောက်တို့သည် တပြိုင်နက်

**ဒါ————————————ဝမ်းဖက်**

၁။ တည်း သားဖွားဧ။ ရုပ်တုတော်နှင့် မဟာမုနိရောင်ခြည်တော် မှဲ၏အချား သုံဆဲ့သုံလံဟိသော ခမောင်းတုံတခု
လည်း။ မဟာမုနိစက်တော်ခြေရင်းဝယ် ပါးလှာ၏။ တိုခမောင်းတုံသည်။ ရေစုံရေဆံမျှော၏။
၂။ ပါးလေပြီးလျှင်။ ပါး၍နေသောအရပ်၌။ ညည့်အချိန်တွင် တူရိယာငါးပါးအသံကို ကြားကုံ၏။ တကြုကြုငိုသံ
လည်း ကြားကုံ၏။ လူသူတို့သွား၍ ကြည့်သော်။ မည်သို့တခုကိုမျှ မမြင် ခမောင်းတုံကိုသာမြင်၏။ ထိုတုံ
၃။ ပါးသော အရပ်၌။ လူသူများစွာ သေကုံ၏။ ဦးတော်ဆေးကံကစ၍။ ချောင်းမြစ်တို့သည် သွေးဖြစ်ကုံ၏။ မဟာမုနိ
သိမ်တော်တွင် စိုက်ထားသော ဗောစီးအရွက်လည်း လိပ်၏။ သစ်စောင့်နတ်တို့သည် ငိုကုံ၏။
၄။ ဤတိတ်နိမိတ်ကို မြင်လတ်သော်။ ရက္ခိုင်ဘရင်မဟာသမတရာဇာလည်း။ လက်ဝဲမြန်တုံထောင်သာလကျာ်မြန်
မောင်ထွေး မူးမတ်အပေါင်းတို့နှင့်။ သက္ကရာဇ် ၁၁၄၆ ခု ဝါဆိုလ
၅။ ဆန်း တဆဲ့လေးရက် ကြာသပတေးနေ့တွင်။ မဟာသမတရာဇာသည်။ မဟာမုနိစက်တော်သို့ ရောက်လေလျှင်။
ရှေ့မင်းစည်မင်းဆက်တို့သည်။ ငွေဒင်္ဂါးငါးဆယ်နန့်တက်ငါးဆယ်
၆။ တရာကို ပူဇော်ကံတော့မြဲဖြစ်သောကြောင့်။ မဟာသမတရာဇာမင်းတရားလည်း။ မဟာမုနရုပ်တုတော်ကို
ဘူးမြော် ကံတော့ပြုပြီးလျှင်။ နန်းငါးဆယ်ငွေငါးဆယ်ကို မသုန္ဓရေတွင်းတွင် ရေစက်သွန်း
၇။ ချ၍။ ထိုငွေကို တွင်းထဲတွင် ထည့်မည်ကြံစည်ဝယ်။ မသုန္တရေတွင်းထဲက သူငယ်လက်ကဲ့သို့ လက်တခုထွက်၍
မဟာသမတရာဇာမင်းတရားလက်တော်ကို။ ခပ်လေလျှင်။ ငွေငါးဆယ်နန် ဒင်္ဂါး
၈။ ဆယ်သည်။ လွတ်၍မြေကြီးတွင် ကျလေလျှင်။ မဟာသမရာဇာ မင်းတရားလည်း။ ထပ်လောင်း၍ ရေစက်ချ
လျှက် လှူတော်မူပြီးမှ။ မဟာမုနိသိမ်တော်မြောက်ဘက်၌။ သတင်းသုံး၍နေသော။ ဝါတော်ခြော

**ဒါ————————ကျောဖက်**

၁။ က်ဆယ်ဟိသော ရဟန်းတဦးကို ခေါ်၍။ အကြောင်းခြင်းရာကို မေးသော်။ ထိုရဟန်းလည်း ဝစ္စန္တရာဇ်ကလာ၍
မင်းပြုလှာသည်ဖြစ်သောကြောင့်။ ဤရခိုင်ပြည်သည် ပျက်စီးခြင်းသို့ ရောက်ရမည်ဟု ဆိုပြီး
၂။ လျှင်။ မျက်နှာလွှဲ၍နေလေ၏။ မဟာသမတရာဇာမင်းတရားလည်း။ ရေနန်းကျက်သရေ ဖောင်တော်သို့ ဆင်း
သွားလျှက် ငွေဒင်္ဂါးငါးဆယ်နန် ဒက်ငါးဆယ်တရာကို ယူပြန်၍ ရုပ်တုတော်ရှင်မဟာမုနိအား
၃။ ထပ်လောင်း၍ ရေစက်ချလျှက်။ လှူတော်မူပြီးမှ။ များသောအမတ်အပေါင်း ခြံရံလျှက်၊ ချီလာတော်မူ၍။ ရမ်းဝ
ခနောင်းကြီးသို့ရောက်လှာလျှင်။ လှေတပ်ချ၍။ နေရာဝယ်။ ယောက်ဘတော် ဓားပိုင်ကြီးကျော်ပုံ
၄။ အကြောင်းကို လျှောက်မေးသော်။ သမတရာဇာ မင်းတရားက။ ရုပ်တုတော် ရှင်မဟာမုနိကို ကံတောပူဇော်မပြု
နှင့်ဟု မသုန္ဓရေမြေနတ်သား ဟန့်တားသည်ဖြစ်သောကြောင့်။ နောင်ပူဇော်
၅။ ကံတော့မပြုရပြီဟု မိန့်တော်မူ၍ ချီလာတော်မူလျှက် ရွှေနန်းတော်သို့ရောက်လာ၏။ ပုဂ္ဂါန်ပြည် အမရပူရမြို့ကို
အစိုးရသော မင်းက။ ရက္ခိုင်ပြည်သို့။ သူလျှိုအကြိမ်ကြိမ်စေလွှတ်၍။ အ
၆။ ကြောင်းကို သိလေလျှင်။ အရှေ့ခုနှစ်ခရိုင် တောင်စည်၌။ နေသောမြို့စားရွာသားတို့ကို ဆန်ရိက္ခာတောင်း၍။
တောင်ကုတ်အရပ်နှင့် လမ်းဆိုင်ဖြစ်သော ဖိုးခေါင်တောင်တွင်။ ရိုးဝင်စခန်း၌။ ဆန်ကျီတည်လှာ၏။ ထို
၇။ အကြောင်းကို တောင်မင်းကျော်ထွေး ကြားလေသော် အလံဦးကင်းနှင့် အတံတံစောင့်၍ နေကြကုံ၏။ အမရပူရ
မင်းလည်း။ သားတော်အိမ်ရှေ့မင်း။ စကုသခင်။ ကာမသခင် သုံယောက်တို့ကို ခေါ်တော်
၈။ မူ၍။ ရက္ခိုင်ပြည် ဓညဝတီမြို့ကို တိုက်ဖျက်ချေဟု လက်နက်ကိုင်လူကိုးသောင်းနှင့်။ စေတော်မူလိုက်၏။ ထိုအိမ်
ရှေ့မင်းလည်း။ မြမ္မာနိုင်ငံ၌ ဟိသောသျှမ်းစော်ပွား။ မြို့စားမူးမတ်တို့ကို။ ဆင်လုံးမြင်းရုံနှင့်။ ကြံ

**ဒိ——————————ဝမ်းဖက်**

၁။ ည်းကြောင်း စေတော်မူလိုက်၏။ အိမ်ရှေ့မင်းကား။ ရွှေလှေပြဿဒ် စီးလျှက်။ သက္ကရာဇ် ၁၁၄၆ ခု။ တော်သလင်း

လဆန်း တဆယ့်နှစ်ရက်တွင်။ ရေကြောင်းချီလာတော်မူ၍။ ဤသို့စီ ချီလာသောအကြောင်းကို။ ရက္ခိုင်ဘု
၂။ ရင် အမတ်ရာဇာ ကြားသိလေလျှင်။ သိုက်တက်ခေါင်းဖြူတောင် အစဟိသော ရဟန်းကြီးလူကြီးတို့နှင့်။ တိုင်ပင်
တော်မူ၍။ သမတရာဇာဟူသော အမည်သည်။ ကမ္ဘာတည်စမင်းအမည် ဖြစ်သောကြောင့်။
၃။ မခံပါအပ်ဟု လျှောက်ပြီးလျှင်။ သမတရာဇာမင်းတရားလည်း။ များသောအမတ် အပေါင်းခြံရံလျှက်။ သက္ကရာဇ်
၁၁၄၆ ခု ဝါကျွတ်လဆန်းတွင်။ နှစ်ကြိမ်မြောက်သော ဇေယျဘိသိက်ကိုမြောက်သွမ်း၍။
၄။ အငေါ်ပုညဇောရာအမည်ကို ခံတော်ပြုလျှက်။ တံဆိပ်ခပ်၏။ အင်းဝမင်းသား စစ်ချီလာသည်။ တောသလင်း
လတွင်လည်း။ ကလန်ကြမ်းတောင်သည်။ တိန့်တိန့်ရိုက်လျှက်။ ကြိုး၍
၅။ မြည်၏။ အမရပူရမင်းသား အိမ်ရှေ့မင်းလည်း။ ရေကြောင်းစုန်လာတော်မူလျှင်၊ ရံဂုန်သို့ရောက်လေလျှင်။
တလိုင်းဗိုလ်ချုပ်အမတ်တိန်။ ဇင်မည်ဗိုလ်။ ပုသိန်ဗိုလ်တို့ကို ဆင်လုံမ်းမြင်းရံနှင့်
၆။ နဂရာဇ်မော်တင်ကြောင်း စေတော်မူလိုက်၏။ တလိုင်းဗိုလ်ချုပ်တိန်လည်း ဆင်ခလုပ်မြင်းခလုပ်တို့ကို ထိုးထွင်း
၍ ချီလာ၏။ တောင်ကြောင်းရေကြောင်းလာသည်များကို။ ထောင်မင်းကျော်ထွေးသိလေလျှင်။
၅။ နောင်တော်ဓားပိုင်ကြီး စံပေါ်ရွှေကို။ အကြီးပြု၍။ တန်းလွှဲမြို့တွင် အစောင့်ထားခဲ့ပြီးမှ။ မယားသားတို့ကို
ယူလေ၍ ရမ်းပြကျွန်းသင်းပန်းကိုင်းစွယ်ရ အရပ်သို့ပို့၍ထားပြီးမှ။ မာန်အောင်မြို့စားငထွေအောင် အိမ်ရှေ့
၆။ မင်းသက်စံရွှေ ရခိုင်မင်း သမတရာဇာသည် မင်းတို့အထံသို့ စာခွေရေးသားလျှက်။ တမာန်လွတ်လေ၍။
စစ်အကူအရံ တောင်းလေသော်။ စစ်ကူမပေးလို၍။ အာခါတ ဒေါသအပြိုကိုသာ ပြောဆိုပြီးမှ။ စစ်တိုက်

**ဒီ------ကျော့ဖက်**

၁။ ၍။ မနိုင်လျှင်။ ငါတို့နေရာအထံသို့ လွှတ်လိုက်ဟု မှာလိုက်၏။ အောက်သားတို့လည်း။ ကြည်းကြောင်းဗိုလ်
သည် ချီလာ၍။ သက္ကရာဇ် ၁၁၄၆ နတ်တော်လဆန်းလေးရက် တလင်္ကာနေ့တွင်။ တောင်ကုတ်ဝယ်ရောက်
၂။ လှာ၏။ ထိုရောက်လှာသောအောက်သားတို့ကို တောင်မင်းကျော်ထွေး တပ်စောင့်သူရဲတို့သည်။ လိုက်၍တိုက်
လေ၏။ လဆန်းခုနှစ်ရက် ကြာသပတေးနေ့ဝယ် အိမ်ရှေ့ဝန်ငချွန်းနှင့်။ မင်းတုန့်ဝန်ဒလဗျာတို့
၃။ တန်းလွှဲမြို့တွင် ရောက်ပြန်လှာသော်။ အောက်သားတို့ကို သက္ကရာဇ် ၁၁၆၄ ခု။ နတော်လဆန်း ကိုးရက်စနေ
နေ့တွင်။ တောင်မင်းကျော်ထွေးတပ်စောင့်သူရဲတို့သည်။ ညည့်စစ်ကို တိုက်လေသော်။ အောက်
၄။ သား ကင်းတပ်ဗိုလ်သည်။ များစွာသော လူသူသေပျောက်ကုံ၏။ နတော်လဆန်းဆယ်ရက် တနင်္ဂနွေနေ့
တွင်ကား။ တောင်မင်းကျော်ထွေးသည်။ နောင်တော်ထောင်ဓားပိုင်
၅။ ကြီး စံပေါ်ရွှေ၊ ရံပြစားပေါ်လုံ၊ လမူးစား လောခိုင်။ ရံပြငယ်စားထွန်းအောင်သည်။ လူတို့နှင့်။။ ရံပြအရှေ့ဘက်
လေးရွာသူကြီးတို့နှင့် ပေါင်းစုပြီးလျှင်။ သူရဲတသောင်းကျော်ကို ခန့်၍ရပြီးလျှင် တံ
၆။ လွှဲမြို့သို့ ချီလေ၍။ ရွှေတုံပြင်တွင်နေသော အောက်သားတို့ကို ပြောင်လက်နက်ဖြင့်၊ ပစ်လွှတ်လိုက်သော်။
အောက်သားတို့သည် များစွာသေပျောက်ကုံ၏။ ထိုရွှေတုံမ်းပြင်က စစ်ရဲမက်မသာသောကြောင့်။ ဧ
၇။ ဆေစစ်တောင်အရပ်သို့။ ဆုပ်၍သွားပြီးလျှင်။ ထိုအရပ်ကနေ၍ တိုက်ကြလေ၏။ ငါးရက်ဟိပြီးမှ။ အမရပူရ
မင်းသား အိမ်ရှေ့မင်း။ ဇကုသခင်။ ကာပသခင်။ ဇင်မည်ဗိုလ်။ ကာဝိလ၊ တလိုင်းဗိုလ်၊ အမတ်တိန်
၈။ မုတ္တမ၊ ဓားဝယ်ဗိုလ်တို့သည်။ ကြည်းရေပြည့်မျှ ချီလာပြီးလျှင်။ သံတွဲမြို့ပြည်မကျည်းတွင် ရောက်လှာသည်ကို
ကြားသိလေလျှင် တောင်မင်းကျော်ထွေးလည်း။ တန်းလွဲစစ်အရံကို ဖြုတ်ခဲ့၍။ ရမ်းပြကျွန်းစွယ်ရ

**ဒီ---------ဝမ်းဖက်**

၁။ တပ်သို့ လာပြီးလျှင် သားမယားပြည်သူလူအပေါင်းတို့ကို ကြည်းဆောင်ယူ၍။ ကုလားပုန်အရပ်တွင် ထားခဲ့ပြီး
မှ။ များသောသူရဲတို့ကို စုပေါင်း၍။ ပြည်မှကျည်းတွင်။ ရောက်လှာသော အောက်သားတို့ကို
၂။ သက္ကရာဇ် ၁၁၄၆ ခု နတော်လပြည့်ကျော် သုံးရက် တလင်္ကာနေ့တွင် ချီသွား၍ တိုက်လေသော် တောင်မင်းကျော်
ထွေးသည်။ တိုက်လေသော၊ စစ်ရေနိမ့်သောကြောင့်။ ဆုပ်၍လာခဲ့၏။ အောက်သားဗိုလ်နရာ
၃။ သမိုင်းကျော်ရမ်ပြဟုန်ကျောက်ဆိတ်တွင် တပ်တည်လှာ၏။ တောင်ကုပ်တွင်လည်း။ ဆီးခါးဗိုလ်မင်းကို တပ်ဖွဲ့
စေ၏။ တောင်မင်းကျော်ထွေးလည်း။ သူရဲလက်နက်ကိုင်တို့ကို။ များစွာဆုလတ်ပေးပြီးမှ။ သူရဲ

၄။ သုံသောင်းကျော်နှင့် သက္ကရာဇ် ၁၁၄၆ ခု နတ်တော်လပြည့်ကျော် သျှစ်ရက် စနေနေ့ဝယ်။ ကြည်းကြောင်းချီ
သွားလေ၍။ ကုန်းကျောက်ဆိတ်တွင် နေသောအောက်သားတို့နှင့်တိုက်ကြလေ
၆။ ကြောင့်။ ဆုတ်၍လာပြီးလျှင်။ ကုလားပုံသို့ရောက်လှာ၏။ ဤရခိုင်ပြည်တွင် ငါတယောက်သာ မင်းပြုသည်
မဟုတ်။ များစွာသော မင်းတို့လည်း ဟိသေးသည်ဟု ဆိုပြီးလျှင်။ မယားသားကို ယူ၍ ပိနဲ
၇။ ချောင်းတွင် ကောင်ညွန့်ရုံတိုင် ထွန်းပေါ်ဝေ အထံသို့ရောက်လေသော်။ တောင်မင်းကျော်ထွေးဝယ်။ မြောက်မိဖု
ရား အလျှာထားသော စောမျိုးဖြူကို။ ဗိုလ်စာငယ်ဖွတ်ခိုး၍ ယူလေ၏။ တောင်မင်းကျော်ထွေး
၈။ လည်း။ ဤမတရားသောလူတို့နှင့် ပေါင်းဘက်၍နေချေသော်။ အပြစ်သင့်အံ့ဟုဆိုပြီးလျှင်။ ရာမမလ္လယုမြစ်ညာ
ဖြစ်သော ကုလားတန်ပန်းဇင်းအရပ်သို့ နေလေ၏။ အောက်သားတပ်မှူးတို့လည်း။ ဟုန်းကျောက်ဆိပ်က

<u>**ဒီ--------ကျောဖက်**</u>

၁။ သည်။ ရေကြောင်းဓားဝယ်ဗိုလ်ကို ချီစေ၏။ ကြည်းကြောင်းနရာသမိုင်းကျော်ချီလာ၍။ ရုံပေါက်ဝမြစ်လကျာ်
ထက် စလင်ပေါ်အရပ်တွင် တပ်တည်လှာ၏။ ဓမ္မရာဇ်ရာဇာသားတော် အိမ်ရှေ့မင်းသက်စံရွှေလ
၂။ လည်း။ ယေ ၁က်ဘတော် စစ်ကွပ်ချေည်းစေကို။ ဗိုလ်ချုပ်ခန့်၍။ မြောက်ဘက်လေးရွှာ လူတို့နှင့် ချီလာ၍။
ရုံပေါက်ဝမြစ်လက်ဝဲဘက်က တပ်တည်လျှက် နေလှာပြီးလျှင်။ အောက်သားတပ်ကို ပြောင်းနှင့်ပစ်လေ
၃။ သော်။ လက်နက်ထိပါး၍ အောက်သားတို့ သေပျောက်လေလျှင်။ သပြေကျွန်းတွင် တပ်တည်၍ နေလှာ၏။
ဗိုလ်ချုပ်ချေစေလည်း။ သပြေကျွန်းတွင် တပ်တည်၍နေသော အောက်သားတို့ကို။ သက္ကရာဇ် ၁၁၄၆ ခု။
၄။ ပြာသိုလဆန်းခြောက်ရက် သောကြာနေ့ဝယ်။ တိုက်လေသော်။ ဗိုလ်ချုပ်စစ်ကွပ်ချည်ခွေကို သေနတ်လက်
နက်ထိပါး၍ သေဆုံးလေလျှင်။ အိမ်ရှေ့မင်း သက်စံရွှေသည်။ ပြေးလေ
၅။ ၏။ အောက်သားတပ်မှူးတို့လည်း။ အိမ်ရှေ့မင်း သက်စံရွှေနေသော ဇင်ချောင်းကို ရလေ၏။ မေဃဝတီ
စည်သော မာန်အောင်ကျွန်းသည်။ မြို့ရွာငယ်သည်။ ဖြစ်သောကြောင့်။ အော
၆။ က်သားတို့သည် မတိုက်ပဲ ချန်ထားခဲ့၏။ တောင်ခွင်ကြိမ်သကြီး သံတွဲမြို့ခုနှစ်ခရိုင်၌ ရုံပြကျွန်းသူလူအပေါင်းတို့
သည်။ ရက္ခိုင်ပြည်သို့ ပြေးလေကုံ၏။ ရက္ခိုင်ဘုရင် မဟာသမတရာဇာ အဂေါ်ပုညဇောရာဇာ
၇။ မင်းတရားလည်း။ မူးတော်မတ်တော်တို့နှင့်။ တိုင်ပင်တော်မူ၏။ ငကျော်ထွေးက စစ်ကူတောင်းသည့်ကာလ
လည်း။ ဖိုးခေါင်သားတို့နှင့်။ ငကျော်ထွေးသည် အခင်းဖြစ်သည်အထင်မှတ်၍၊ စစ်အကူအရုံမပေးနေ
၈။ သည်။ ယခုကား။ ခုနှစ်ခရိုင် သံတွဲရုံပြမာန်အောင်မြို့များကို။ အောက်သားတို့က ရလေပြီ ကြားသိရသည်ဖြစ်၍။
ရက္ခိုင်ပြည်အတွင်း၌။ ညွန်ကျုမ်းရေကျုမ် ကျုမ်ခြောက်ကျုမ် ပင်လယ် တံခါးကြီး တံခါးငယ်။

<u>**ဒု-------ဝမ်းဖက်**</u>

၁။ တံခါးကောက် တံခါးခွေ မလွယ်ပေါက်၊ သူရဲခိုသူရဲကပ်။ တံဆောင်ပြအို ပစ္စရင်ဒါးတို့ကို ခိုင်ခံ့စွာလုတ်တော်မူစေ
၏။ မြို့ပြရင်တား ပတ်လည်တွင်လည်း။ များမြောင်စွာသော ပြောင်ကြီးလက်နက်
၂။ ကိုင်ထား၏။ အရှေ့ဘက် ကွမ်းဈေးပေါင်းဝတွင် ခံတပ်လုတ်ပြီးလျှင်၊ များမြောင်စွာသော ပြောင်လက်နက်နှင့်
သူရဲအပေါင်းတို့ကို အစောင့်ထားပေ၏။ အမရပူရမင်းသားတော် အိမ်ရှေ့လည်း။ ရက္ခိုင်ပြည်သို့ ချီလေ
၃။ သော်။ ငါးစရိုင်းချောင်းတွင် စစ်ပင့်ခေါ်လူ ဓားပိုင်ကြီးငသံထွေနှင့်။ စစ်ပင့်လူလေးခက်တောင်စား ငထွန်းစံ
တို့ကိုခေါ်ယူ၍။ သက္ကရာဇ် ၁၁၄၆ ခု ပြာသိုလပြည့်ကျော် ၆ ရက် သောကြာနေ့တွင်။ လောင်းကြက်မြို့ဟောင်း
၄။ ဝယ် တပ်တည်လှာ၏။ ကြည်းကြောင်းချီလာသော သျှမ်းစော်ဘွားတို့လည်း။ ပြိုင်တိုင်းခြေရင်းတွင် ရောက်လှာ၍
ပိုးခြည်ကျွန်းတွင် တပ်တည်လှာ၏။ နဂရာဇ်မော်တင်စွန်းကြောင်း
၅။ ချီလာသောတလိုင်းဗိုလ် အမတ်တိန်ပသိန်ဗိုလ်တို့သည်ကား။ ရတနပြင်တွင် တပ်တည်လှာ၏။ ရက္ခိုင်ပြည်သူ
လူအပေါင်းတို့သည်လည်း။ တိုင်းကားပြည်ရွှာကို သာယာစည်ပင်အော
၆။ င်ပြုပြင်အပ်သော မင်းကောင်းရောက်လာသည်ဟု။ အလွန်ဝမ်းသာရွှင်လန်း၍။ ကခုံမြူးထူးလက်။ မလန်းပေါက်
ခပ်၍။ အောင်သေအောင်စာ စားသောက်ကြကုံ၏။ ရက္ခိုင်ပြည်ကို အစိုးရသော မဟာသမတ
၇။ ရာဇာမင်းတရားလည်း။ ညီတော်အိမ်ရှေ့မင်းချစ်လှရွှေယောက်ဘတော် ဓားပိုင်ကြီးကျော်ပုံ။ လက်ဝဲမြန်

တုံဘောင်သာ။ လက်ျာမြန် မောင်ထွေး။ မူးမတ်အပေါင်း ရဟန်းပညာဟိ လူပညာဟိတိုင်နှင့် အောက်
၈။ သားတိုင့်အား။ တိုက်ဆိုင်မည်အကြောင်းကို။ တိုင်ပင်တော်မူပေသော်။ ယောက်ဘတော် ကျော်ပုံက ပုဂ္ဂံပြည်
အမရပူရမင်းက ချီလာသောစစ်ရေးသည်။ အားအံကြီးကျယ်လသည် ဖြစ်သောကြောင့်။ လ

**ဒု---------ကျောဖက်**

၁။ က်ဆောင်ဘဏ္ဍာနှင့် သမီးကညာဆက်သမှ။ ပြည်ထဲအရေးသည်၊ ငြိမ်းချမ်းပါမည်ဟု လျှောက်လေသော်။
မဟာသမတရာဇာ အငေါပုညဇောရာဇာမင်းတရားလည်း။ ရှေ့ဘေးလောင်းတော်တို့သည်။ ဤရက္ခိုင်ပြည်
၂။ သို့ တတိုင်းတနိုင်ငံက ချီလာ၍၊ စစ်ပြိုင်လာသော မင်းတို့ကို လက်ဆောင်ပဏ္ဏာနှင့် သမီးကညာဆက်ဘူးသည်
မဟိလေ။ ငါတို့ ရက္ခိုင်ပြည်ကိုသာ။ ထိုထိုသောပြည်တို့က လက်ဆောင်ဘဏ္ဍာ သမီးကညာဆက်သဖူး
၃။ သောအကြောင်းကို။ သမိုင်းရာဇဝင်ဟိသည်။ ယခုငလက်ထက်တွင်မှ လက်ဆောင်ဘဏ္ဍာသမီးကညာဆက်သ
ချေလျှင်။ နောင်လာမင်းတို့သည်။ ကဲ့ရဲ့ပြစ်တင်ဖွယ်ဖြစ်၍။ ကမ္ဘာကြေသော်လည်း။ ဥဒါန်းစကားမငေ
၄။ ကြေဟိလိမ့်မည်ဟု။ မိန့်တော်မူပြီးလျှင်။ ညီတော်အိမ်ရှေ့မင်း ချစ်လှရွှေကို။ ဗိုလ်ချုပ်ခန့်၍။ လက်ဝဲမြန်ကုံဘောင်
သာ။ လက်ျာမြန်မောင်ထွေး။ ဓားပိုင်ကြီး ကျော်ပုံ၊ လက်ဝဲလက်ဝဲဝင်းမှူး ငထွန်းဝေ။ လက်ျာဝင်း
၅။ မှူးငညိုရောင်။ အရှေ့ဝင်းမှူး၊ ငရှောက်ပြေ။ အနောက်ဝင်းမှူးရောက်မစေ။ သည်အမူးအမတ်တို့ကို။
ပြောင်တင်လှေ သျှစ်ဆယ်နှင့် ရေကြောင်းချီသွားစေ၏။ သမတရာဇာမင်းတရားလည်း။ ကိုယ်
၆။ ရံကြီး ထွန်းခိုင်။ ဆင်ကဲကြီး ထွန်းပေါ်။ ရမ်းပြဲစား ခြေဝန်း။ တောင်ဘက်စား ဉကာရွှေ။ သေနာပတိ။ ရေစုန္တာတ်။
တောင်စုန္တာတ်အပေါင်းခြံရံလျှက်။ မြောက်စည်တိုက်စည်တို့ကို ထိန်းရိုက်အောင်တီး၍။ ကြည်း
၇။ ကြောင်း အရှေ့ဘက်။ ကွမ်းချောပေါင်းဝက ချီတော်မူလေ၍။ ကြည်းအားရေအား ကြပ်စည်းပြီးလျှင်။ သက္ကရာဇ်
၁၁၄၆ ခု ပြာသိုလပြည့်ကျော် ၆ ရက် သောကြာနေ့တွင်။ လောင်းကြက်မြို့ဟောင်းဝယ်။ တပ်တ
၈။ တည်၍နေလှာသောအောက်သားတို့ကို တိုက်လေသော်။ စစ်ရေးအားအံ့မတူသောကြောင့်။ ကြည်းအားရေအား
နှစ်ဦးလုံပင် တပြိုင်နက်တုပ်၍ လာပြီးလျှင် ရွှေမြို့တော်သို့ရောက်လာ၏။ သမတရာဇာ

**ဒူ--------ဝမ်းဖက်**

၁။ မင်းတရားလည်း။ မူးမတ်သူရဲတို့ကို။ များစွာဆုလပ်ပေး၍။ ရွှေဝင်းတော်အထဲက ဆီးခံတိုက်မည်ကြံသော်။
ဓားပိုင်ကြီးကျော်ပုံသည်။ တပြည်စစ်ကို တိုက်ရာသလောဟုဆို၍။ မယားသားတို့ကိုယူပြီးလျှင်။ မိမိ
၂၊ နေသော အိမ်ကို မီးတိုက်လျှက်။ သွားလေလျှင်။ လှေငါးစင်းနှင့် ရွှေမြို့တော်မှထွက်၍ ပြေးလေ၏။ သမတရာဇာ
မင်းတရားလည်း။ ကြံအပ်သော အကြံသည် မတတ်နိုင်သည်ဖြစ်သောကြောင့်။ ညီတော်
၃၊ အိမ်ရှေ့မင်းချစ်လှရွှေ။ အရှေ့ဝင်းမှူးရောက်ပြေ။ အနောက်ဝင်းမှူး ငြရောက်မတေစ။ ပါစွမ်းနိုင်သမျှ မူးမတ်လူ
ပေါင်းတို့နှင့် ညည်သံခေါင်အချိန်တွင်။ ရွှေမြို့တော်က ထွက်၍ လှေစီးပြီးလျှင်။ တိုက်လှေသုံးဆယ်နှင့်။
၄။ ပြေးလေသော်။ အနောက်ယိုးကျွန်းသို့ရောက်လေလျှင်။ ဘဏ္ဍာအုပ်ရဲဘော်သည်နှင့် ငဝမ်းပေါက်တို့သမတရာဇာ
မင်းတရားကို ဖမ်းဆီး၍။ အောက်သားသို့ပို့အပ်မည်။ ကြံသည့်အကြံကို
၅။ သိလေသောကြောင့်။ မိမိချက်မြုတ်ဖြစ်သော ရမ်ပြဲကျွန်းသို့ပြေးလေသော် မပေါက်မရောက်နိုင်၍ ကျွန်သာယာ
တွင် နေလေ၏။ အမရပူရမင်း သားတော် အိမ်ရှေ့မင်းမောင်တော်
၆။ လည်း။ သက္ကရာဇ် ၁၁၄၆ ခု ပြာသိုလပြည့်ကျော် ခုနှစ်ရက် စနေနေ့တွင်။ ရက္ခိုင်ပြည် မြောက်ဦးမြို့ကို
ရလေ၏။ ကျေးရွာခရိုင်တို့၌ဟိသော တန္တဓားပြတို့ကို။ လိုက်လံရှာဖွေသော်။ ပိနည်းချောင်းတွင်။ ကော
၇။ င်းညွှန့်ရန်တိုင်ထွန်းပေါ်ဝေတို့ကို တွေ့လေလျှင်။ အဝင်ခံလေ၏။ အောက်သားတို့သည်။ ကောင်းညွှန့်ရန်တိုင်
ထွန်းပေါ်ဝေတို့ကို။ လှေထက်တွင်တတ်၍ ယူလေသော်။ ဥရာဇ်တောင်ချောင်းသို့ ရောက်လေလျှင်
၈။ ကောင်းညွှန့်ရုံတိုင် ထွန်းပေါ်ဝသည်။ ဥပါဒ်ဖြင့်လွတ်အောင်ကြံအောင်ပြေးလေ၏။ အောက်သားဗိုလ်မှူးတို့
နောက်ထပ်လိုက်လေသော်။ ရသေ့တောင်နေပြားတွင် တွေ့ကြလေ၏။ တိုက်ကြလေသော်

**ဒူ------ကျောဖက်**

၁။ အောက်သားဗိုလ်မှူးနှင့်။ ကောင်းညွှန့်ရဲတိုင် ထွန်းပေါ်ဝေတို့နှစ်ဦးလုံးပင်။ သေဆုံးခြင်းသို့ ရောက်ကြလေ၏။
ရက္ခိုင်မဟာသမတရာဇာမင်းသည်။ ကျွန်းသာယာတွင် ဟိသော အကြောင်းကို။ (မဟာသမတရာ)
၂။ (ဇာမင်းတရားသည်)။ ကာမသခင် တပ်မှူးတို့ကြားလေသော် လိုက်လေ၍။ သက္ကရာဇ် ၁၁၄၆ ခု ပြာသိုလပြည့်
ကျော် တဆဲ့ငါးရက်နေ့တွင်။ ရက္ခိုင်မင်း သမတရာဇာမင်းသည်။ အိမ်နိမ့်လေးဆယ်။ စည့်စိမ်နှစ်နှစ်။ နှစ်စု
သက်တော်
၃။ တော် လေးဆဲ့နှစ်နှစ်တွင်။ ကျွန်းသာယာတွင် အောက်သားတို့ ဘမ်းရလေလျှင်။ အမရပူရအိမ်ရှေ့မင်းကို
ပြလေသော် သံခြေချင်းခတ်၍ အကျဉ်းထားလေ၏။ စစ်ပင့်လှာသောမင်းသား ဟရီကို ရောဂါကပ်၍ သေ
၄။ ဆုံးလေသည်ဖြစ်သောကြောင့်။ သီရိသုကျောက်ပေါက်ဘုရင်သားမုဆိတ်တပုဒ်ကို နန်းတင်မည်ဖြစ်၍။ ရက္ခိုင်
ပြည်သူလူတို့ မထိန့်မလန့်ရအောင်။ အရပ်ရပ် မြို့ပြကျေးရွာဇနပုဒ်နိဂုမ်းတို့
၅။ ၌။ လက်နက်ကိုင် သူရဲတို့ကို အစောင့်ထားလေ၏။ ရွာသူကြီးတို့ကိုလည်း။ စာချွန်ပေးအပ်ပြီးမှ။ လူကြီးလူငယ်
မိမ္မယောကျ်ားတို့ကိုလည်း။ ပေရွက်ထမ်းရွက် ဝါးစိတ်တို့တွင် နေထွက်ဘုရ
၆။ င်ကျွန်တော်မျိုးဟု ရေးသားပြီးလျှင်။ ဥက္ကောင်းလည်ပင်း၌ ပန်ဆွဲရ၏။ ချောင်းနားမြစ်နား၌ နေသောလူတို့ကို။
ငါတို့လူဖြစ်သည်ဟုဆို၏။ မနေသောလူတို့ကို ကျော်ထွေးလူဟု အမှုပြု၏။ ကျေးငွေယူကုံ၏။ ဤသို့ ဥပါယ်
၇။ တမျည်းဖြင့် ဆိုလတ်လျှင်။ ရက္ခိုင်ပြည်သူလူအပေါင်းတို့သည်။ ချောင်းနားမြစ်စ၌ နေကြကုံ၏။
အမရပူရသားတော် အိမ်ရှေ့မင်းလည်း။ မဟာမုနိဘုရားကြီးကို ပင့်ခေါ်အံ့သောငှါ။ ဗိုလ်သီရိကျော်တင်ကိုစေ
တော်
၈။ မူလိုက်၏။ သွားလေ၍ ရောက်လေသော်။ ရွှေငွေစာပန်းပေါက်ပေါက်တို့ဖြင့်။ ရှိခိုးပူဇော်ကံတော့ပြီးမှ။ ပင့်ခေါ်
တော်မူလေ၏။ မဟာမုနိဘုရားကြီးလည်း။ ပုပ္ပနိမိတ်ပြ၍။ ကိုယ်တော်အလုံမ်း ချွေးတွက်ပြီးလျှင်။

**ဒေ--------ဝမ်းဖက်**

၁။ မိတ်တော်က ယိုစီးကျလေ၏။ ဗိုလ်သီရိကျော်တင်လည်း။ လုံးပတ်သုံထွာ ဟိသော ရွှေဖလားနှင့် ခံလေလျှင်။
အပြည့်ရ၍။ အိမ်ရှေ့မင်းကို ဆက်လေသော်။ အမရပူရ အိမ်ရှေ့မင်းလည်း။ အလွန်ကြောက်ထိပ်လန့်၍။
သြ
၂။ အံ့ဖွယ် ဖြစ်ခဲ့၏ တကားဟုဆိုပြီးလျှင်။ ဗိုလ်တပ်ချ၍နေလေ၏။ ကုလားပျိုသွေးသောက်လည်း။ မဟာမုနိဘုရား
ကြီးကိုတမုတ်ကြိုးဖြင့်။ စက်နှင့်လှည့်၍ ကွဲလေသော်။။ ပလ္လင်တော်ထက်က ဆံခြည်တတန်းမျှ မရွေ့
၃။ ပဲနေလေ၏။ မိုးချုပ်လေလျှင်။ ဗိုလ်သီရိကျော်တင်လည်း။ အရပ်လေးမျက်နှာက သေနပ်လေးရာ အစောင့်ထား
လေ၏။ ညည့်အခါဝယ်။ ဘုရားရောင်ခြည်တော်ခြောက်ပါးသည် ပြ၍ သိမ်အလုံမ်းသည်နေရာကဲ့
၄။ သို့ ထိန်ထိန်လင်း၏။ အာကာသေကောင်းကင်၌လည်း၊ မဲမဲဖုံမ်း၍ မိုးရွာမည်အဟန်ဖြစ်၏။ အရပ်လေးမျက်နှာ
၌လည်း။ ပဋ္ဌင်တူရယာစည်စောင်းညှင်း အသံကဲ့သို့ ကြားကုံ၏။ ကုလားပျိုင်
၅။ သွေးသောက်တို့သည်။ မိုးသောက်လျှင် စက်နှင့်တဖန် လှည့်ပုံ၏ ရကာရှင်တွင် တင်ပြီးသော်။ တမုတ်ကြိုးဖြင့်
ဆွဲငင်လေလျှင်၊ အရှင်ရွှရွှထွားဘိသကဲ့သို့ ကြွတော်မူလေ၏။ သက္ကရာဇ်
၆။ ၁၁၄၆ ခု တပို့တွဲလဆန်း တဆဲ့သုံရက် တလင်္ကနေ့နေ့ချောင်းဝယ်တောင်တော်၌ တင်လေသော်။ ဘောင်တော်
သည် ဖျာ၍။ ဘုရားကိုယ်စားတော်သည်။ ရေအိုင်တွင် ကျိန်လေလျှင်။ အထက်ကောင်းကင်သို့။
၇။ သရိုင်လုံမ်းပမာဏဟိသောမြို့ပြိုပြက်သော ရောင်ခြည်တော်သည်။ တက်တော်မူလေ၏။ ကုလားပျိုသွေးသောက်
တို့လည်း။ ရာဇဝတ်ဒါန်ကို ကြောက်၍။ ရှာဖွေလေသော်။ မဟာမုနိရုပ်တုတော်
၈။ နှင့် အဆင်းသန္တာန်တူသော ရုပ်တုတော်အပွားကိုရ၍။ ဘောင်တော်တွင် တင်ပြန်လေ၏။ ထို့ကြောင့် ပညာဟိ
တို့သည်။ မဟာမုနိသိမ်တော်ကြီးကို။ ပုဂ္ဂံပြည် အမရပူရမြို့သို့ပါလေသည်။ မပါလေသည်ကို။ ငြင်းခုံ

**ဒေ--------ကျောဖက်**

၁။ စကားအလွန်များကြ၏။ ရုပ်တုတော် မဟာမုနိကိုပင် ယူဆောင်ခဲ့လျှင်။ အမရပူရအိမ်ရှေ့မင်းမောင်တော်လည်း။

ရက္ခိုင်မြို့တွင်။ နန္ဒပကျန်ကို မြို့ဝန်ခန့်၍။ စစ်ပင့်ခေါ်သူ လေးခက်ထောင်စား ငထွန်းစံအား။ မြို့သူ
၂။ ကြီးအရာကို ခန့်၏။ ကိုးမြို့သခင်နှင့် လမိုင်းဝန်ငအိုးကို။ သူရဲတထောင်နှင့်။ အစောင့်ထားခဲ့၏။ သံတွဲမြို့တွင်။
ဆီးခါးဗိုလ်ကို သူရဲသုံးရာနှင့် အစောင့်ထားခဲ့၏။ ရံပြကျွန်းတွင် နေရာသမိုင်းကျော်ကို။ သူရဲငါးရာနှင့် အ
၃။ စောင့်ထားခဲ့၏။ မာန်အောင်ကျွန်းကို၊ ရံပြက အပိုင်ပြုစေ၏။ နောက်နောင်ရက္ခိုင်သားတို့သည်။ လှန်ပြန်လတ်
သော်။ ခရီးလမ်းကောက်ရစေအမှတ်ဖြင့်။ မဲချောင်းတွင် စစ်တပ်တည်၏။ သွေးသောက်ကြီးဝေလု
၄။ ကို စောင့်စေ၏။ အရပ်ရပ် ကျေးရွာများတွင်လည်း။ အသီးအသီးစောင့်ထားခဲ့ပြီးမှလျှင်။ မဟာမုနိ ရုပ်ထုတော်ကို
လုပ်ကွေးပြုသောသူ။ မင်းမိဖုရားတို့ကိုလုတ်ကျွေးပြုကုံသော
၅။ သူပြည်ပိဋကတ်ခြောက်ဆယ်လေးလုံမ်း။ ယိုးတယားပြည်မင်းတရုပ်အလျှား အတောင်နှစ်ဆယ်လုံပတ်သံခြောက်
ထောင်။ နားမဖောက်သေးသောပြောင်ကြီးနှင့်တဆဲ့ငါးထောင်ဆ
၆။ ယ်တောင် အစဟိသော သုံထောင်းသောပြောင်လက်နက်မြစ်ဝကမ်းခြေနေသော လူယောက်ျားမိမ္မ ရွှေငွေဥစ္စာ
ဆင်မြင် အစဟိသော ဝတ္ထု ဝံဆံတို့ကို။ သိမ်းယူကြည့်ဆောင်၍။ ယူပြီးလျှင်။ ပြန်တော်မူလာ၍။ ခုနှစ်
၇။ ခရိုင်တွင်။ တောင်ကုပ်သို့ရောက်လှာ၏။ သျှမ်းစော်ဖွား တပ်မှူးဗိုလ်မှူးတို့သည်။ လေးမြို့ကြောင်း ခုနှစ်ခရိုင်
အကြောင်းကစ၍။ အသီးသီးပြုလေကုံ၏။ အင်းဝမင်းသား အိမ်ရှေ့မင်းလည်း။ တောင်ကုပ်သို့ ရောက်လေ
၈။ လျှင်။ ရထားသုံးခုလုတ်၍။ မဟာမုနိဘုရားကို ချိုးဘဲလျှက် ရထားသို့ ဘူတွင်တင်၍။ စက်နှင့်ငင်လေ၏။
ထိုရထားသုံးခုကို။ နေမွန်းစောင်းလျှင်။ ငင်၍မရနိုင်သည်ကို ဘုရားကျိန်းစက်သည်ဟု ဆိုကုံ၏။ ထိုအရပ်

## ဒဲ----------ဝမ်းဖက်

၁။ ကို။ ဘုရားကြီး တင်လမ်းဟုတွင်၏။ ရုပ်တုတော် မဟာမုနိသည်။ ပတောင်မြို့သို့ရောက်လေလျှင် ချိုးဖွဲ့ခဲ့သည်ကို
ရှေ့အတိုင်းဆက်၍ လှေဘောင်တော်တွင် တင်လေ၏။ အမရပူရမင်းသားသည်။ ကိုးသောင်းသောလူ
၂။ နှင့်သိမ်းယူခဲ့၍။ လက်ရနှစ်သိန်းကျော်။ ရခိုင်ဘုရင်မဟာသမတရာဇာမင်းကို ပြသဆက်လေလျှင်။ မဟာမုနိ
ဘုရားကြီးကို သိမ်တော်ဆောက်၍။ ကိုးကွယ်
၃။ လေ၏။ လက်ရနှစ်သိမ်းကျော်ကို အသီးအသီး ရွာတည်၍ ထားလေ၏။ ရခိုင်မင်း မဟာသမတကိုကား။
ညီတော်ပခန်းစားအိမ်တွင် နေစေ၏။ မေးဖွယ်ကိစ္စကို သံတော်ဆင့်ကိုစေ၍ မေးစေ၏။ ရက္ခိုင်မင်းသ
၄။ သည်။ အဘယ်အကြောင်းနှင့် စစ်ဆိုင်၍ မတိုက်လေသနည်းဟု မေး၏။ ရက္ခိုင်မင်းလည်း အင်းဝမင်းက
စစ်ထိုးမည့်အကြောင်းကို ရာဇသန်တမာန် မရောက်သောကြောင့် မတိုက်နိုင်လေဟုဆို
၅။ ပေ၏။ ရက္ခိုင်မင်းသည် အဘယ်အကြောင်းဖွင့်ဖြင့်။ နန်းကဆင်းပြေးသနည်း။ ဟုမေးပြန်၏။ ရက္ခိုင်မင်းလည်း
ဘုရားသခင်လက်ထက်တော်၌။ ဗိမ္ဗသာရမင်းကြီးသည် ဇမ္ဗုပတိမင်းကို ကြော
၆။ က်၍ပြေးဘူးသည်ဟု ဖြေပေ၏။ အင်းဝမင်းကလည်း ဤသို့ဖြေလေလျှင်။ အဘယ်ကြောင့် မလွတ်လေသနည်း
ဟု မေး၏။ ရက္ခိုင်မင်းကလည်း ကိုယ်တော်ရံသက်တော်စောင့်တို့ မဟိလေသောကြောင့် မလွတ်
၇။ ဖြစ်လေသည်ဟုဆိုပေ၏။ အင်းဝမင်းလည်း။ ရက္ခိုင်မင်းသည် ဗေဒင်ပိဋကတ်ပွမ်းသည်လားဟုမေး၏။ ရက္ခိုင်
မင်းကလည်း။ အင်းဝမင်းတွင် ဗေဒင်ပိဋကတ်ကိုပွမ်သူမဟိသောကြောင့် တိုက်ဖျက်၍ ယူလှာသိ
၈။ သည်လောဟု ဖြေတော်မူလေလျှင် အင်းဝမင်းလည်း မမေးပဲနေလေ၏။ ရက္ခိုင်မင်းသမတတွင်လည်း။
တံဆောင်မိဖုရား မြသန္တာသည်။ အရောင်အဆင်းနှင့် ပြည့်စုံသောကြောင့်။ အင်းဝမင်းက လိုချင်သော နှလုံမ်း

## ဒဲ----------ကျောဘက်

၁။ ဟိ၍။ တံဆောင်မိဖုရားနှင့် ပူးပေါင်းပြီးလျှင်။ ရက္ခိုင်မင်းသမတရာဇာကို မလိုဟူ၍ တရားပြုလျှက်။
အတင်းအမာ ခွာပြီးလျှင်။ တရားဇရိုက်ငွေ အကျပ်တထောင် အင်းဝမင်းက အမတ်လေးယောက်ကို ပေး၍
တံဆောင်းမိဖုရား မြသန္တာကို ယူလေ၏။ ဓားပိုင်ကြီးကျော်ပုံလည်း။ ရက္ခိုင်ပြည်သူလူအပေါင်းတို့နှင့်။
အောက်သားကို တိုက်မည်ဟု သက္ကရာဇ် ၁၁၄၆ ခု တပေါင်းလတွင်ချီလာသော် အောက်သားမြို့ဝန် နန္ဒပကျံက
တပ်မှူးတပ်ကို။ ထွက်၍တိုက်စေသော်။ အိမ်ရှေ့စစ်ကဲရဲဘော်သည်နှင့် လူများတို့ကို ဖမ်း၍ရံလျှက် သတ်၍ပစ်

ကုံ၏။ မြို့ဝန်နန္ဒပကျံ။ မြို့သူကြီး
၅။ စလေခက်တောင်စားတို့က။ ရက္ခိုင်ပြည်နိုင်ငံအလုံမ်းတို့၌ဟိသော လူတို့ကို။ ပြောင်လက်နက်ချမည်ဟု ခေါ်ဝေါ်
ပြီးလျှင်။ ပေါင်တပ်၌တထောင်။ သရက်အုပ်၌တထောင် ကြက်ရိုးတောင်၌
၆။ တသောင်း။ စကားတောင်၌ ခုနှစ်ထောင်။ မြို့ပရိစ္ဆေဒ၌ သုံသောင်ခုနှစ်ထောင်။ ပုခက်တွင် သားသူငယ်ကို
ခားကစားသည်တသောင်း။ ဘုရားပေါ်။ ဒိုင်ကျီ။ မောင်ဆွဲ။ ငါရကောက်မောင်ဆွဲ။ ခေါင်းဖြူတောင်။
၇။ ပရိန်ပေါင်တုပ်။ ရတနပြင်လက်မဘက်တောတန်းကို ဆယ်ကိုးတောင်။ သံတွဲ၊ ရံပြဲမာန်အောင်။ အရပ်ရပ်၌
သတ်လေသည်ကား။ တသိန်းသျှစ်သောင်း သေလေ၏။ တံခူးလသစ်ဆုပ်လေးရက် ကြာသပတေး
၈။ နေ့တွင်ကား။ ချင်းရိုင်းတို့သည်။ မဟာမုနိသိမ်တော်ကို မီးတိုက်လေ၏။ ခားပိုင်ကြီးကျော်ပုံလည်း။
ရှောက်ခြံညောင်ဝန်းတွင် နေလေသော်၊ မနေနိုင်သောကြောင့် ထွက်၍ လာရာတွင်။ လေးခက်ထောင်

## ဒေါ———————ဝမ်းဖက်

၁။ စား ငထွန်းစံနှင့်။ အောက်သားတပ်မှူးတို့ ဘမ်းဆီး၍ ယူလေပြီးသော်။ မြောက်ဦးမြို့သို့ ရောက်လေလျှင်။
ညောင်ပင်ဈေးတွင် အိမ်ဆောက်၍ ထားလေ၏။ တောင်မင်းကျော်ထွေး။ မုဇ္ဇုန္တာကြီးဘရွှေ။ ခားပွဲနံစီတိုင်၊
၂။ အနောက်ဘက်က စစ်ရေးပြ၍ နေသည်ကို ကြားသော်။ မြို့ဝန် နန္ဒပကျံလည်း။ တပ်မှူးသွေးသောက်တို့နှင့်
ခားပိုင်ကြီးကျော်ပုံကိုစေသော်။ ခားပိုင်ကြီးကျော်ပုံလည်း။ ညည်အိပ်သောကာလ၌။ ကျောက်သစ်ဝ
၃။ ယ် တိုးကျပ်သောအနာသည် ဖြစ်လေလျှင်။ မလိုက်နိုင်ပဲ ကျန်ရစ်၏။ မယားကောင်ကျောင်တင်မလည်း။
မြို့ဝန် နန္ဒပကျံအိမ်သို့တက်သက်လူးလာ အသွားအလာပြု၍။ ဤလူတို့ကို ထားချေသော်။ ပြည်ရွာငြိမ်
၄။ ချမ်းပါမည်မဟုပ်ဟု စကားရိတ်ပြလေလျှင် မြို့ဝန် နန္ဒပကျန်ကြား၍။ ခားပိုင်ကြီးကျော်ပုံကို ယူလျှက်။ သက္ကရာဇ်
၁၁၄၅ ခု ဝါဆိုလဆန်း တဆဲ့လေးရက်နေ့တွင်။ သတ်၍ပစ်လေ၏။
၅။ ကြွင်းကျန်သောမူးမတ်တို့ကိုလည်း။ များစွာသတ်၍ ပစ်ကုံ၏။ ခားပိုင်ကြီးကျော်ပုံ မယားကောင်ကျော်တင်မကို
လည်း မြို့ဝန်နန္ဒပကျန်ယူလေ၏။ တောင်မင်းကျော်ထွေးလည်း။ အ
၆။ နောက် ကုလားပြည်သို့ သွားလေ၍။ အင်္ဂလိပ်မင်းစစ်တကောင်းစားထံ စစ်ပင့်လေ၏။ စစ်တကောင်းစားလည်း။
ဗိုလ်မှူးတပ်မှူးတို့ကို ခန့်ထား၍။ သူရဲတထောင်ကို တောင်မင်း ကျော်ထွေးသို့ ပေးလိုက်၏။ အ
၇။ တောင်မင်းကျော်ထွေးလည်း။ သူရဲစာပေးရန် ဥစ္စာရွှေငွေမဟိသောကြောင့်။ နောင်တော်ခားပိုင်ကြီး စံပေါ်ရွှေကု
ငွေဒင်္ကား တသိန်းချေးစေမည်ဟု စစ်တကောင်းမြို့တွင်။ ထားခဲ့ပြီးမှ ။ သက္ကရာဇ် ၁၁၄၇
၈။ ခု။ တံဆောင်မုန်းလတွင် ရက္ခိုင်ပြည်သို့ ချီလာ၍။ ဝတ်သို့ရောက်လာလျှင်။ လက်ဝဲမြန်တုံတောင်သား မုစုန္တာ
ကြီးအရွှေ။ ခားပွဲမ်းစီ လူပေါင်းစုရုံမ်း၍။ တိုင်ပင်ကြ၏။ ရံပြဲသား မင်းဖြူသည်ကို မရှုလိုမနှစ်သ

## ဒေါ—————————ကျောဖက်

၁။ က်သောကြောင့်။ အောက်သားတို့ကု ခေါ်လျှက်။ မင်းပြုစေသည်။ ယခု အောက်သားတို့ကို လှန်၍တိုက်ဆိုင်
မည်ကြံပြုံသည်လည်း ရံပြဲသားပင် ဖြစ်ပြန်ခဲ့သည်။ နောင်လာလတ္တာန့်သော အရေးကို ကြည့်ရှုသော်
၂။ အကျိုးမဟိခဲ့တကားဟု ဆိုကြကုံ၏။ အင်္ဂလိပ်ဗိုလ်ချုပ် တောင်မင်းကျော်ထွေးတို့အကြားတွင် ခားပွဲနံစီသမက်
သာမစံရွှေကို စကားပြန်ပြောစေ၏။ ဘာမကောင်းစံရွှေလည်း အင်္ဂလိပ်ဗိုလ်မင်းတို့
၃။ ကို တောင်မင်းကျော်ထွေးက ပြန်လှန်၍ တိုက်ပြီးလျှင် ပြောင်သေနပ်တို့ကို သိမ်းရုံယူမည်ကြံ၏။ ယုံတော်မမူလျှင်
စစ်ဆောင်တံခွန်ကို ဆောက်သော် တောင်မင်းကျော်ထွေးက ပြောင်းပစ်မည် မချွတ်ဟုဆိုပေ
၄။ ၏ သာမကောင်းစံရွှေစကားကို ကြားသော် အင်္ဂလိပ်ဗိုလ်သည် စစ်ဆောင်တံခွန်ကို ဆောက်စေ၏။
သာမကောင်း စံရွှေလည်း။ တောင်မင်းကျော်ထွေးအထံသို့သွားလေ၍။ အင်္ဂလိပ်ဗိုလ်
၅။ က စစ်တံခွန်ဆောက်သည်ကို။ အထက်သိကြားအောက်နဂါးအား ပူဇော်ပါ၏။ ရည်မှတ်ပြုပြီးလျှင်၊ ပြောင်ပစ်ရ
မည်ဟုဆိုပေ၏။ တောင်မင်းကျော်ထွေးလည်း။ သာမကောင်စံရွှေ
၆။ ဆိုသောစကားကို အကယ်မှတ်ချေ၍ အင်္ဂလိပ်ဗိုလ်ကဆောက်စိုက်သော တံခွန်ကိုပြောင်ပစ်လေသော်။ အင်္ဂလိပ်
ဗိုလ်မှူးလည်း သာမကောင်စံရွှေပြောသောစကားသည်မှံချေပြီဟု အလွန်မာန်ပါ၍။ စစ်

၇။ တကောင်းမြို့သို့ ပြံသွားလေ၏။ တောင်မင်းကျော်ထွေးလည်း။ မြို့သစ်းချောင်းညာဖျားသို့ ပြေးလေ၏။
လက်ဝဲမြန် တုံတောင်သာ။ မုစုန္တာကြီး အရွှေခေးပြွန်စီတို့လည်း။ အနောက်ကုလားပြည်သို့ပြေးလေ၍။ ရောက်
၈။ လေလျှင်။ စစ်တကောင်းမင်းကစားကျေးရွာပေး၍ ထားလေ၏။ ရံပြိတုန်းကျောက်ဆိတ်တွင် တပ်စောင့်၍
နေသော ဗိုလ်နရာသမိုင်းကျော်လည်း။ သက္ကရာဇ် ၁၁၄၇ ခု နတ်တော်လတွင် တန်းအရပ်၌ တပ်တည်

## ဒေါ် ––––––––ဝမ်းဖက်

၁။ လှာ၍။ မြို့ကို သိမ်းရုံးယူပြီးလျှင်။ လောဦးကို ရံပြိစားအရာကို ထည့်၏။ မေဃဝတီမာန်အောင်မြို့စား ငထွေ
အောင်ကို ရံပြိမြို့ဝန်နရာ သမိုင်းကျော်က ခေါ်၍။ သစ္စာရည်တိုက်၏။ ငကုလာကို။ မာန်အောင်အရာ
၂။ ခန့်ထားပြီးလျှင်။ မာန်အောင်သို့သွားလေ၍။ ရောက်လေသော်။ အထောင်မကသောသေနပ်ကို လွှဲတတ်သော
ငမြရောင်နှင့်။ ပေါင်ဘက်၍ ကျမ်းသောင်းပြန်လေ၏။ သက္ကရာဇ် ၁၁၄၇ ခု တပေါင်းလတ
၃။ င်။ ရံပြိဝန်နရာသမိုင်းကျော် ချီသွား၍ တိုက်လေသော်။ မာန်အောင်စား ကုလားကို ဖမ်း၍ရလျှက် သတ်၍
ပစ်လေ၏။ သေနတ်လွှဲတက်ငမြရောင်ကား။ တောင်ခွင်ကြိမ်သကြီးသို့ပြေးလေ၏။ ငချွန်းကိုင်
၄။ တန်အောင်စားအရာကို ခန့်ထား၍ လူများတို့ကို သစ္စာတိုက်၍ နေစည်ဝယ်။ ဓမ္မရာဇ်ရာဇာသားတော်။
အိမ်ရှေ့မင်း သက်စံရွှေ။ သမတရာဇာညီတော် အိမ်ရှေ့မင်း ချစ်လှရွှေ
၅။ တို့လူသုံးသောင်းနှင့် ဝန်းရံ၍ ရံပြိတပ်အောက်သားတိုင်ကို တိုက်လေ၏။ ရံပြိမြို့ဝန်နရာသမိုင်းကျော်သည်။
မာန်အောင်ကရောက်လာ၍။ တိုက်လေသော်၊ အိမ်ရှေ့မင်းသက်စံရွှေ၊ ချစ်
၆။ လှရွှေတို့ပြေးလေကုံ၏။ တောင်ကုပ်တွင် တပ်စောင့်သော ဆီးခါးဗိုလ်လည်း။ သံတွဲမြို့ဝယ်။ စကားတောင်တွင်။
သက္ကရာဇ် ၁၁၄၇ ခု တပေါင်းလတွင်။ တပ်တည်လှာ၏။ လမ္ဗုစားဟရီတပ်မှူးရဲစံတို့ တိုက်ေ
၇။ လေသော်။ စံကားတောင်တပ်ပျက်လေ၏။ တပ်စောင့်ထားသော အောက်သားနားခံဖြူနှင့်။ သူရဲတို့သေကုံ၏။
ဆီးခါးဗိုလ်မင်းလည်း။ ရံပြိဝန်နရာသမိုင်းကျော်ကို စစ်ကူခေါ်၍ တောင်ကုပ်ဝန်သူရဲရံပြိဝန်
၈။ သူရတို့တိုက်လေသော်။ တပ်မှူးရဲစံသေလေ၏။ လမ္ဗုစားဟရီကား ပုဂ္ဂံပြည်အမရပူရမင်းအထံသို့ပြေးလေ၏။
ရောက်လေလျှင်။ အကြောင်းခြင်းရာများကို လျှောက်ကြားလေသော်။ အမရပူရမင်းက။ သ

## ဒေါ် –––––––ကျောဖက်

၁။ က်တော်စောင့်သူရဲနှင့် တိုက်လေလျှင်။ လမ္ဗုစာဟရီနိုင်လေသောကြောင့်။ ယိုးတယားမြို့ကို စစ်တိုက်သွားရာ
စစ်သည်တို့ကို အကြီးပြုစေ၍။ ဗိုလ်ချုပ်ခံလေ၏။ တောင်ကုတ်ဝန်လည်း။ သံတွဲမြို့တွင် ရှေ့က ဝါသုဒေ
၂။ ဝမင်း ညီနောင်တကျိတ်တို့ တည်ထောင်ခဲ့သော ဒွါရာဝတီမြို့ဟောင်းတောင်တွင်။ တပ်တည်၍နေ၏။ သံတွဲဝန်
ဆီးခါးဗိုလ်လည်း။ ကုလားတန်စားသောကြာအစဟိသော လူကြီးတို့ကို များစွာသတ်၍ပစ်ကုံ၏။
၃။ မေဃဝတီမာန်အောင်မြို့သည်။ မြို့ဝန်တလိုင်းသားသင်ပါသည်။ အမရပူရမင်းကို လျှောက်၍၊ ရံပြိဝန်နရာ
သမိုင်းကျော် စစ်ကဲဖြစ်သော သမိုင်းရဲဖျားကို သက္ကရာဇ် ၁၁၄၈ ခု ကဆုံလတွင် မာန်အောင်မြို့ဝန်အရာ
၄။ ကို ခန့်ထား၏။ ထိုသမိုင်းရဲဖျားကား။ မာန်အောင်ကျွန်းတွင် ဆေးသမားဗေဒင်တတ်တို့ကို များစွာသတ်၍
ပစ်လေ၏။ မာန်အောင်စားထွေအောင်ကို နရာသမိုင်းကျော်ကဖမ်းဆီး၍။ ပေါင်တတ်
၅။ တ်သောလူတို့နှင့်အကွ သတ်၍ပစ်လေ၏။ သမတရာဇာ ညီတော် အိမ်ရှေ့မင်းချစ်လှရွှေကို။ ပြည်သူတို့ဖမ်းဆီး
၍ နရာသမိုင်းကျော်မင်းကို ပုံလှာလျှင်။ သတ်၍ပစ်လေ၏။ အနောက်မြို့သ
၆။ စ်ချောင်းကတောင်မင်းကျော်ထွေးသည် စစ်ရေးပြု၍။ နေသည်ဟု ကြားပြန်သောကြောင့်။ ရက္ခိုင်ဝန်နန္ဒပကျန်
က တပ်မှူးတို့ကို စေ၍လိုက်လေသော်။ မြုန်သက်တိုလမ်းစည်ကို ပြံလျှက်။ လမ်းကျည်းကနေ၍ တိုက်ေ
၇။ ေ လသော်။ သက္ကရာဇ် ၁၁၄၈ ခု ကဆုံလတွင်။ လည်းကောင်း၊ တောင်မင်းကျော်ထွေးကို သေနပ်ထိမှန်၍
သေလေ၏။ မယားသားတို့ကို ဘမ်းယူခဲ့၏။ မိမ္ဗအိုတို့ကို။ လက်နှင့်ခြေကို ကြိုးနှင့်ချည်နှောင်၍။ ရေအိုင်
၈။ တွင်ပစ်လေ၏။ အနောက်ပြည်က လာရောက်ကုံသော လူတို့ကိုလည်း။ ကျော်ထွေးသူရဲတုများစွာသတ်၍ ပစ်၏။
သက္ကရာဇ် ၁၁၄၈ ခု။ ဝါဆို၊ ဝါခေါင် တော်သလင်းတိုင်အောင် ကျားရဲ၏ ထမင်းငတ်၏။

**ဒံ----------ဝမ်းဖက်**

၁။ စပါးအတောင်းတရာကို။ ငွေဒင်္ဂါးသုံးဆယ် ပေးရ၏။ လူသူများစွာ သေပျောက်ကုံ၏။ ရက္ခိုင်သံတွဲ ရံပြဲ
မာန်အောင်၌ ဟိကုံသော မူးဟောင်းမတ်ဟောင်းတို့ကို အသီးအသီး သတ်၍ပစ်ကုံ၏။ ပြောင်သေနတ်ခေးရှည်
၂။ လှန်ရှည်ဒိုင်းလွှားကာတောင်းခဲယန်းမီးကျောက်တို့ကိုလည်း။ အောက်သားတို့က ရုပ်သိမ်း၍ ယူလေ၏။ အရက်
သေစာယစ်မျိုးတို့ကိုလည်း။ မသောက်စေရ ဟန့်တျားပေ၏။ ရခိုင်ဝန် နန္ဒပကျံက ရခိုင်ပြည်
၃။ ဓညဝတီမြို့တွင်နေသောလူတို့သည် ရွှေငွေတို့ကို ဒင်္ဂါးရာဇ်၍ ဆာသုံးပါသည်။ ကျပ်ချိန်ခြင်တွက်၍ မသုံ
ဆောင်ပါ။ အမရပူရမင်းထံ လျှောက်စာတင်သော်လည်း။ အမရပူရမင်းက။ သက္ကရာဇ် ၁၁၄၆ ခု အမရပူရဆင်
၄။ ဖြူများသျှင် နိုင်ငံဟု တံဆိပ်ခပ်လျှက်။ ဒင်္ဂါးရိုက်လေ။ ထိုဒင်္ဂါးကိုလည်း ပုံတော်ဒင်္ဂါးဟု ခေါ်ဝေါ်လေ
အာဏာပေးလိုက်လျှင်။ ထိုအတိုင်းကို ဒင်္ဂါးရစ်၍ ပုံတော်ဒင်္ဂါးဟု ခေါ်ဝေါ်၍။ ရခိုင်လေး
၅။ မြို့၌ အသီးသီးသုံးဆောင်ကြကုံ၏။ ငသံတွေလည်း။ သားမြက်စိုက်သက်နှံဝေကို အမရပူရမင်း၏သားတော်
အိမ်ရှေ့မင်းအထံဝယ် အဆောင်မြဲအရာနှင့် ထည့်အပ်လိုက်၍။ အမရပူရမြို့သို့ရောက်
၆။ က်လေလျှင်၊ လေးခက်တောင်စား ငထွန်းစံကို ရက္ခိုင်မြို့သူအကြီးအရာကို နုပ်၍။ ရံပြဲမြို့သူကြီးအရာကို ခန့်၏
ငသံတွေကို ရက္ခိုင်မြို့သူကြီးအရာကို ခန့်၏။ မြက်စိုက်သက်နှံဝေကိုကား။ ရက္ခိုင်လေးမြို့သူကြီးအရာကို ခန့်ထား
၇။ ပြီးလျှင်။ အမရပူရမင်း၏သားတော် အိမ်ရှေ့မင်းအထံတော်ဝယ်။ အဆောင်မြဲအရာနှင့် နေရလေ၏။ ရက္ခိုင်မြို့
ဝန်နန္ဒမကျန် မြို့သူကြီးငသံထွေတို့လည်း။ အရပ်ရပ်ကျေးရွာများတို့တွင် အအုပ်အချုပ်စီရင်ဟု အောက်သား
တစ်ယောက်စီခန့်၍ ထားလေ၏။ စည်းတင်ချောင်း၌ ငမျိုးတော်သည်။ ညည့်အိပ်သောကာလဝယ်။ ခေးစကြော
လှန်စကြောသည် ရမက်၏မင်းဖြစ်မည်အမှတ်ဟိလျှက်။ ပေါက်မင်းအမည်ကိုခံ၍ သောင်းကျမ်း၏။

**ဒံ----------ကျောဖက်**

၁။ ရက္ခိုင်မြို့ဝန်နန္ဒမကျန်က တပ်မှူးသွေးသောက်တို့ကို စေ၍ တိုက်လေစေသော်။ သက္ကရာဇ် ၁၁၄၈ တပို့တွဲလ
တွင် ပေါက်မင်းငမျိုးတော်သည်။ အနောက်ကုလားပြည်သို့ ပြေးလေ၏။စည်တင်ချောင်းဝယ် ကျံရစ်သောလူ
၂. ။ တို့ကို များစွာသတ်၍ပစ်၏။ အနောက်ခရိုင်တောင်စည်စနည်းရွာလူတို့သည်။ ငါတို့မြမွှာတံသစ္စာအဝင်မခံပဲ
နေသော်။ ရံပြဲစားငပေါလုံမ် လမ္ဗုစားလောခိုင်တို့ကို အပေါင်းအဘက်ပြုရာသလောဟု။ သံတွဲမြို့
၃။ ဝန်ရာဇသင်ကြန်က။ စစ်ကဲကြမ်း ငလှေးကို စေလိုက်၏။ စစ်ကဲကြမ်းငလှဲလည်း သွားလေ၍။ စနည်းသို့ရောက်
လေလျှင်။ သက္ကရာဇ် ၁၁၄၉ ခု ကဆုံလတွင်၊ စနည်းရွာလူတို့ကို၊ သိမ်းရုံမ်းယူ၍။ မြေလှန်ပြီးလျှင်။ သတ်၍ပ
၄။ စ်၏။ မိမ္မတို့ကိုယူဆောင်လေကုံ၏။ စနည်းရွာလည်း လူမဟိပဲ လတ်လေ၏။ ဓမ္မရာဇ်ရာဇာ သားတော်အိမ်ရှေ့
မင်းသက်စံရွှေလည်း။ ပုံန်ကွယ်၍ နေလေရာတွင်။ ရံပြဲဝန်နရာသမိုင်းကျော်သူရဲတို့
၅။ ဝန်းရံ၍ သေနတ်ပစ်လေသော်။ အိမ်ရှေ့မင်းသက်စံရွှေကို ထိပါးလေ၏။ ထိုသေနပ်ထိပါးသောအနာနှင့်ပင်။
သက္ကရာဇ် ၁၁၄၉ ခု နယုန်လတွင်။ အိမ်ရှေ့မင်း သက်စံရွှေသည် သေလေ၏။ ရက္ခိုင်
၆။ ပြည်ဝယ် ဘုရားသခင် သာသနာတော်ကို ထမ်းပိုးရွက်ဆောင်သော ရဟန်းသံဃာတိုင်းသည်။ အေကစာရ
ဗဟုစာရနှစ်ကိုင်ဟိ၏။ ထိုနှစ်ဂိုဏ်းတို့တွင်။ ဂန္ဓဓူရ။ ဝိပဿနာဂူရတို့ကို ပွားစေလျှက်။ ဥမှင်လှိုင်ခေါင်းတော
၇။ ကျောင်းတို့၌။ သတင်းသုံး၍နေသော ရဟန်းတို့ကို။ ဧကစာရခေါ်ဝေါ်ကုံ၏။ ထိုဧကစာရဂိုဏ်းတို့သည်။
တိန်မြုတ်လေကုံ၏။ လူတို့သင်္ချိုက်စေစား၏။ သင်္ချိုကလယ်ကစပါးယူ၍ သုံးစား၏။ လူတို့ကို ငွေဒင်္ဂါး
၆။ ချေး၍ အတိုင်းအစီစား၏။ ကုံစည်သွားလာ၏။ မင်းတံနီလာခံ၏။ များမြုပ်ပိုက်ကွန်တို့ကို ကျောင်းထက်တွင်
အနှံအတားခံ၏။ ပွဲလမ်းသဘင်ကြည့်ရှု၏။ ဤသို့များစွာ အကျင့်ဟိသောကြောင့်။ ဗဟုစာရခေါ်ကုံ

**ဒါး----------ဝမ်းဖက်**

၁။ ၏။ ဤဗဟုစာရရဟန်းတို့သည်။ များစွာပြန့်ပွားကုံ၏။ ထိုရဟန်းတို့ကို အဖြူလှဲ၍။ ရဟန်းအသစ်ဖြစ်စိမ့်သောငှါ။
အမရပူရမင်းက ရက္ခိုင်ပြည်သို့။ ပုံတောဆရာ။ ငှက်ပျောတောဆရာ။ ရွှေကျန်ဆရာ။ သံတွဲမြို့သို့ ဂိုဏ်း
၂။ အုပ်ဆရာ။ ရံပြဲနှင့် တန်ဆောင်သို့ မလွန်ဆရာ။ ဤရဟန်းတို့ကို ကြွတော်မူစေ၏။ ရောက်လျှင် ရက္ခိုင်ပြည်တွင်
ဗဟုစာရရဟန်းတို့ကို လူထွက်စေ၍ သိမ်အသစ်သမုတ်လျှက်။ သက္ကရာဇ် ၁၁၄၉ ခု တပေါင်းလ

၃။ တွင် ကမ္ဗဝါစာညှတ်၍။ ရဟန်းအသစ်ပြုဖြစ်၏။ ရဟန်းငယ်တို့ကိုင်။ မဌမရဟန်းပြု၍။ အကြီးဖြစ်၏။
ရဟန်းအကြီးတို့ကို နောက်မှ ရဟန်းပြု၍၊ အငယ်ဖြစ်စေ၏။ သုကျေးသုက္ကျွန်ဟရီသချီစည်းတားဟယားချ
၄။ င်းလင်းတောင်သူတို့ကိုလည်း။ ရဟန်းသျှင်ပြုပြီးလျှင်။ လူများတို့ကို ရှိခိုးစေ၏။ ဟိနေကုလေး။ အနွယ်ယုတ်
သောသူတို့ကို။ ချီမြောက်ပြုစု၏။ ရာဇဝင်သ။ မင်းမျိုးမင်းဆွေ အနွယ်မြတ်သော
၅။ သူတို့ကို နှိမ့်ချ၍။ ဗဟုကမ္မအမှုတို့ကို တည့်၏။ ထိုထိုသောရွာတို့တွင်လည်း။ မြေကြီးကို သိမ်ပမာပြု၍၊
သမုတ်လေ၏။ ထိုနေကစ၍ ရခိုင်ရဟန်းတို့ သိက္ခာအကျင့်သည်။ တိမ်မြုတ်လေ
၆။ ၏။ အောက်သား ရဟန်းတို့သိက္ခာအကျင့်သည် ပြန့်ပွားလေ၏။ ရက္ခိုင်ပြည်သည် အင်သျှစ်ပါးနှင့်
ပြည့်စုံသေးသည်။ နောက်နောင် လှန်ပြန်တိုက်ဆိုင်လတ္တန့်။ ပုဂ္ဂံပြည်အမရပူရမင်းက။ အဘယမဟာရာ
၇။ ဇာသား ပတင်းစား စံရွှေဘော်။ သုမနသား သာမကျော်စံ။ ဓားပိုင်ကြီး ဓမ္မရာဇ်ရာဇာသားရေနောက်စား
သုတော်ဦး။ သည်ပြင်ကြွင်းသော မင်းသားမင်းသမီး။ ဝိနည်းတို။ သျှစ်သောင်းဘုံကြီး။ တေဇော်ရာမ။ သကျ
၈။ မဥ္ဇူ။ ရတနာစံဦး၊ ဇိန္နမာန်အောင်။ လောကမာန်အောင်။ တောင်ဘုံတော်ကြီး။ ပရောဟိသျှစ်တိုင်။ ပုဏ္ဏားစကြဝ
ဒေ ဗေဒင်တတ်သောဆေးသမား။ ကိုယ်တော်ရံသူငယ်

**ဒါး--------ကျောဖက်**

၁။ ယောက်ျားမိမ္မ ခုနှစ်ရာ။ မိမ္မစိုးကုလားအစဟိသော လူရဟန်းတို့ကို။ ရက္ခိုင်ဝန်နန္ဒပကျန်ကို တောင်ပြုံသော
ကြောင့်။ သက္ကရာဇ် ၁၁၄၉ ခု တပေါင်းလတွင် ပုဂ္ဂံပြည်အမရပူရမြို့သို့ ပို့ရလေ၏။
၂။ ကြည်းရေ၌ဟိသော ပန်းများတို့ကိုလည်း။ ဆက်သွင်းရ၏။ သဇင်ပန်းသည် နှစ်စည်ဘဏ္ဍာဖြစ်၏။ ကြည်းရေ၌
ဟိသော ငါးဟင်းတို့ကိုလည်း။ ပေးဆက်ရ။ ကျောက်ကြောသည်။ နှစ်စည်ဘဏ္ဍာဆက်ရလေ၏။
၃။ ပိဋကတ်ဗေဒင် ဗာဟီရကျမ်းငါးဆဲ့ခြောက်စောင်တို့ကိုလည်း ပေးဆက်ရလေ၏၊ မြောက်ဦးမြို့တွင် ကျောင်းကြီး
သုံ်ဆယ်။ ကျောင်းငယ် သုံထောင်ခုနှစ်ရာ။ ရက္ခိုင်ပြည်နိုင်ငံအလုံမ်း၌ သိမ်ကျောင်းဇေတီပုဒ္ဓိုင်း
၄။ တို့ကို ဖျက်ဆီး၍ ပစ်ကုံ၏။ ရွှေနန်းတော် အစဟိသော နာရီဇုန်ရှမ်းစည်။ မြို့ဝင်တံတိုင်း။ ရင်တားကျုံမြောင်နှင့်
ပြည့်စုံ၏။ အင်္ဂါခုနှစ်ပါးနှင့် နဂရပ်ကိုးသွယ်တို့သည်။ သက္ကရာဇ် ၁၁၅ဝပြည့်တွင်
၅။ ပျက်စီးတိမ်မြုံလေ၏။ အောက်သားတို့က။ အောင်ဇေတီနှင့် ကျောင်းသိမ်တို့သည်။ အသစ်တည်လေကုံ၏။
ရံပြုကျွန်းတွင်။ ဖိုးနန်းတောင်က ထောင်ထောင်ချည်းယောင်ကျမ်းသောင်းပြုံ၏။
၆။ ရံပြဝန်းရာသမိုင်းကျော်ဗိုလ်တို့ ချီသွား၍ တိုက်လေသော်။ သက္ကရာဇ် ၁၁၅ဝ ပြည့် တော်သလင်းလတွင်။ ငေ
တောင်တောင်ဝချေယောင်သည်၊ ပျက်စီး၍ပြေးလေ၏။ မယားသားကို ဖမ်းရခဲ့လျှင် ဒုတ်နှင့်ရိုက်
၇။ လျှက်သတ်၍ပစ်လေ၏။ မြို့ဝန်နန္ဒပကျန်ကား။ လေးနှင့်တွင် သေလွန်လေ၏။ အနောက်ဘက်တိုက်ဝန်သည်။
သက္ကရာဇ် ၁၁၅ဝ ပြည့်နတော်လဆန်း ကိုးရက်နေ့တွင်။ ရက္ခိုင်မြို့တွင် ဝန်ပြုလှာ၏၊ ရက္ခိုင်သံတွဲရံ
၈။ ပြမာန်အောင် လေးမြို့ကို အစေသုံရန် သူငယ်တရတကျိတ်ပေးရမည်တောင်းသောကြောင့်။ လည်းကောင်း
နတ်တော်လတွင် အမရပူရမိုင်းသိုင်သူငယ်တော်ဆက်ရလေ၏။ ရက္ခိုင်သံတွဲ ရံပြသို့မြို့ဝန်

**ခ---------ဝမ်းဖက်**

၁။ တို့ စက်ခေါ်ကျွန်းကို။ ငါပိုင်သင့်သည်ဟု လုယက်ဖျက်ဆီးကြကုံ၏။ ရံပြစား မြင်ပေါလုံမ်း။ လမ္ဗုစား ငလာခိုင်တို့
လည်း။ အရောအနှောပြုလေ၏။ လေးမြို့မြို့သူကြီးသက်နှံဝေသည်။ သူ
၂။ ရဲလက်နက်ကိုင် သုံရာနှင့်ချီလာပြီးလျှင်။ သက္ကရာဇ် ၁၁၅၁ ခု တပို့တွဲလတွင် စက်ခေါကျွန်းတွင်နေသောလူတို့
ကို သိမ်ရုံခေါ်ယူလျှက်။ သတ်၍ပစ်၏။ မိမ္မနှင့်သူငယ်တို့ကို။ အစေအသုံးပြုလေ၏။ ရက္ခိုင်သံ
၃။ တွဲရံပြသုံမြို့ဝန်တို့လည်း။ အမရပူရမင်းထံလျှောက်ကြလေသော်။ စက်ခေါ်ကျွန်းကို။ ဒွါရာဝတီသံတွဲမြို့ဝန်က
အပိုင်ရလေ၏။ ငါးဆယ်ခုနှစ်ခရိုင်ဇင်မည်ပြည်သောင်းကျမ်းပုဂ္ဂါန်သည်ကို။ ပုဂ္ဂံပြည် အမရပူရ
၄။ မြို့၌နေကုံသော ဗိုလ်မှူးတပ်မှူးတို့ကို စေခန့်၍တိုက်စေသော်။ မနိုင်သောကြောင့်။ ရက္ခိုင်သံတွဲ ရံပြမာန်အောင်
လေးမြို့ကို လက်နက်ကိုင်လူခြောက်တောင်း၍။ ခန့်ထားပြီးလျှင်။
၅။ ပိနဲချောင်းဗိုလ်စာငယ်ခွတ်ကို ဗိုလ်ချုပ်ပြု၍။ သက္ကရာဇ် ၁၁၅၂ ခု နယုန်လတွင်။ ပုဂ္ဂံပြည်အမရပူရမြို့သို့သွားလေ

၅၊ ဇင်းမည်ပြည်ကို တိုက်ရလေ၏။ ရက္ခိုင်သားတို့သည်။ ရောဂါရောက်၍များ
၆။ စွာသေကုံ၏။ ရက္ခိုင်ပြည်တွင် ပြန်းချောင်းရွာအုပ် ဟရီဆွေသည်။ နံနက်ငါးဆယ် ညငါးဆယ်တရက်တွင် ဘဲဦတရာစီစားသော အစီရင်ဒိဗ္ဗကို ထမင်းနေတိုင်ပေးရ၏။ တနေ့သောနေ့၌။ ဗဲဦတလုံမပြည်
၇။ လေသောကြောင့်။ ရွာအုပ်ဟရဆွေက ငွေဒင်္ဂါးသုံးဆယ်အစီရင်ဒိဗ္ဗကို ဗဲဦတလုံးဖိုးအတွက် ဟုပေးလေသော်။ အစီရင်ဒိဗ္ဗက။ ဒွေဒင်္ဂါးသုံးဆယ်စကို မယူလို၍။ ဗဲဦတလုံးကိုသာပြောအောင် ပေးရမည်ဟု အ
၈။ တင်းအမာတောင်း၍ ရွာအုပ်မာရဆွေမယားကို လက်ဆွဲကိုင်ငင်ပြုလတ်လျှင်။ ဟရီဆွေသည် သောင်းကျမ်းပုံဂ္ဂန်ပြံ၏။ အမ်းချောင်းတွင် ကျမ်းသောင်းနေသော ရံပြစား ပေါလုံမ်လမ္ဗူစားလောခိုင်တို့ကို စစ်အကူ

**ခ--------ကျောဖက်**

၁။ အရန်ခေါ်ချေ၏။ ရံပြစားငပေါလုံမ်း။ လမ္ဗူစားလောခိုင်တို့ကလည်း။ လေ့ထက်လက်နက်ကိရိယာစစ်တံဆာ မပြည့်မစုံပါသေးပြည့်စုံလျှင် လာရောက်ပါမည်ဟု။ နှုတ်ဂတိ ခံလိုက်၏။ ဗိုလ်ချုပ်ဟရီဆွေလည်း။ အ
၂။ စ်ကုသိမ်းဖြေကို။ ဗိုလ်အရာခန့်၍။ စံဖြေကိုတပ်မင်း အရာခံပြီးလျှင်။ ဗာသျေ။ မြဘုံသာ အစဟိသော သူရဲတို့နှင့်။ တိုင်ပင်ရုံမ်းစုပြီးမှ။ မယားသားသမီးတို့ကိုင် မယူအရပ်သို့ပြောင်း၍ ထားလေ၏။ အကြော
၃။ င်းမျိုးကို တိုက်ဝန်ကြားလေသော်။ ဗိုလ်သီရိကျော်ထင်ကို များသော ရဲမက်နှင့်စေလိုက်၏။ ချီသွားလေသော်။ နာရီကံသို့ရောက်လေလျှင်။ အောက်သားဗိုလ်သီရိကျော်ထင်နှင့် ရက္ခိုင်ဗိုလ်ဟရီဆွေ
၄။ တို့ တွေ့ကြလေသော်။ သက္ကရာဇ် ၁၁၅၂ ခု နတ်တော်လဆန်းတဆဲ့နှစ်ရက် စနေနေ့တွင် တိုက်ကြလေ၏၊ အောက်သားဗိုလ်သီရိကျော်တင်သည်။ မခံမရပ်နိုင်၍။ လေ့ကိုပစ်လျှက် ကြည်း
၅။ ကြောင်းပြေးလေ၏။ ရက္ခိုင်ဗိုလ်ချုပ်ဟရဆွေက လေ့စင်းသုံးဆယ်ကို ရလိုက်၏။ ရက္ခိုင်မြို့တိုက်ဝန်လည်းများသော ရဲမက်နှင့် ဗိုလ်သီရိကျော်တင်ကိုလည်းကောင်း။ တပ်လောင်း၍စေ
၆။ ပြန်လိုက်၏။ ပလူဝတွင် ရက္ခိုင်ဗိုလ်ချုပ်ဟရီဆွေနှင့် တိုက်ကြလေသော်။ အောက်သားတို့သည် ပြစ်ပြစ်သေကုံ၏။ ဗိုလ်သီရိကျော်တင်ကားလွတ်လေ၍။ နားခံမုတ်ဆိတ်ရှည်ကို။ ပြည်သူတို့ဖမ်းဆီး၍။ အရှင်
၇။ ဆက်လှာ၏။ ရက္ခိုင်မြို့တိုက်ဝန်လည်း လက်နက်ကိုင်သူရဲကြပ်စည်ပြီးလျှင်။ ဓားလှန်ထိုး၍ မဝင်ခုတ်၍ မပြတ်ကျားကိုက်၍ မပေါက်ကျော်ဇောခြင်းဟိသော ကွေနားခံကို ထပ်လောင်း၍။ စေပြံလိုက်၏။ ချီလာပြီး
၈။ လျှင်။ ပြည်လက်ပံပြားတွင်။ တတ်တည်လှာ၏။ ဗိုလ်ချုပ်ဟရဆွေလည်း ဗိုလ်ငပြည့်စုံ ဗိုလ်ငထွန်းစံရွှေတို့ကို တိုက်စေသော်။ သေနတ်လက်နက်ထိပါး၍ ဗိုလ်ငပြည့်စုံ ဗိုလ်ငထွန်းစံရွှေတို့သေကုံ၏။ အောက်သားတို့

**ဓာ---------ဝမ်းဖက်**

၁။ လည်း။ လက်ပံပြားတပ်တွင် မနေဝန့်၍။ ညည်တိတ်တဆိတ်ပြေးလေ၏။ ဝင်းကျွန်းသို့ရောက်လေလျှင်။ ဗိုလ်သိန်းဖြေစံဖြေတို့ ဝန်းရံ၍ တိုက်ပြန်လေသော်။ အောက်သားတို့ပျက်စီး၍ သေလေကုံ၏။ ကွေနားခံကို အရှင်ဖမ်း
၂။ ၍ရ၏။ ပြည်နိုင်ငံတွင်နေသော အရပ်ရပ် ကျေးရွာလူတို့သည်။ အသီးသီးရောက်လှာကုံလျှင်။ မြောက်ဦး
၃။ မြို့ကို ဝန်းရံ၍နေကြကုံ၏။ ထိုနေ့ကစ၍။ အောက်သားတို့သည်။ မတိုက်ဝန်ပဲ။ မြို့တွင်နေပြီးလျှင်။ ဆံရိက္ခာအစုံနှင့် ကြပ်စည်း၍။ ပုဂ္ဂံပြည် အမရပူရမြို့သိုင် ထွက်ပြေးမည်ဟု ကြံကြကုန်၏။ ရံပြစားပေါလုံလမ္ဗူစား
၄။ ငလာခိုင်ကို အချင်းချင်းအတွင်းမသင့်၍။ နေကြကုံ၏။ ငပေါလုံမ်းကား။ သူရဲတယောက်ကို။ အတွင်းစကားထားပြီးလျှင်။ လောခိုင်အိမ်သိုင်သွား၍။ စကားဟောပြောစဉ်တွင်။ အတွင်းစ
၅။ ကားထားသောသူရဲသည်။ ငလာခိုင်ဦးခေါင်းကို။ ဓားနှင့်ခုတ်လေလျှင်။ ထက်ပိုင်းပြတ်၍ ငလာခိုင်သေလေသော် မယားသားဥစ္စာရွှေငွေသူရဲလက်နက်ကိုင်တို့ကို သိမ်းယူ၍ သမက်
၆။ သာမတိုင်သျှင် ဘရမ်းနတ်တောင်စားတို့ကိုင်းတတ်စောင့်တတ် နေလုံလောက်အောင်။ ခန့်ထားခဲ့ပြီးမှ။ တိုက်လှေလေးဆယ်နှင့်ချီလာသော်။ ရက္ခိုင်ပြည် ဟရီဆွေထံရောက်လှာ၏။ အောက်သားတို့ တိုက်ဆို
၇။ င်မည်အရေးကို မစေ့မစပ်စကား မညီကွဲပြားသောကြောင့်။ ရမ်ပြစားပေါလုံသည်။ ပြန်၍သွားလေ၏။ ဗိုလ်သိန်းဖြေလည်း အလံဦးကင်းကြည့်သွားသော လူတို့လှေတွင်။ စီးတက်၍။ လိုက်အံ့ဟုကြံ၏။

၈။ မလိုက်အပ်ဟု မြစ်တားသည်ကိုင်၊ မနာလိုပဲ စီးတက်၍၊ လိုက်လေ၏။ အလံဦးကင်းကြည့်လူတို့လည်းမြောက်ဦး
မြို့သို့ဝင်လေသော်၊ မိန်ကျောင်းခြင့်သို့ရောက်လေလျှင်၊ အစောင့်နေသောအော

**ဓာ----------ကျောဖက်**

၁။ က်သားတို့က သေနတ်ပစ်လေသော်။ ဗိုလ်သိန်းဖြေကို ထိပါး၍ သေလေ၏။ ထိုနေ့ကစ၍ ရက္ခိုင်သားတို့သည်။
စစ်ကိုမတိုက်လိုပဲ။ ထိုမှ၍မှနေကြကုံလျှင်။ ယိုကျွန်းတွင်နေသော ငထွန်းရောင်သည်။ ပေါ်မင်းအ
၂။ မည်ကို ခံလျှက်။ သူရဲလက်နက်ကိုင် ပေါင်းစု၍၊ အောက်သားတို့ကို တုက်ဆိုင်အံ့ဟု၊ ယိုကျွန်းအရပ်က တပ်စည်
တီး၍၊ သောင်းကျမ်းပြ်၏။ အနောက်ဘက်တိုက်ဝန် ဗိုလ်မှူးသူရဲတို့ ချီလှာလျှင်။ ငဆင်တုံမြစ်တွင်
၃။ တွေ့လေ၍၊ တိုက်ကြလေသော်၊ ပေါ်မင်းစငထွန်းရောင်သည်။ ပျက်စီး၍ အနောက်ကုလားပြည်သို့ ပြေးလေ၏။
ရံပြကျွန်းတွင် ငယ်တောဝန်သေလွန်၍၊ ဗိုလ်မှူးတပ်မှူးတို့ မြို့ကို စောင့်ထိန်း၍ နေ၏။ မာန်အောင်
၄။ ဝန်သမိုင်းရဲဖျား ရံပြဗိုလ်မှူးတပ်မှူးတို့။ သံတွဲဝန်ကာမဏိကို ဗိုလ်ချုပ်ပြု၍၊ ချီတက်လာပြီးလျှင်။ အရှေ့ဘက်မင်း
ကံတွင်၊ တိုက်ကြလေသော်။ ရက္ခိုင်စစ်သည်တို့ ပျက်စီး၍ ပြေးလေကုံ၏။ အရှေ့င
၅။ တောင်စည်ခုနှစ်မြို့က။ မင်တုံဝန်ဗိုလ်ချုပ်ပြု၍ ချီလာပြီးလျှင်။ မအီတပ်တွင် ရောက်ပြလှာ၏။ ဗိုလ်ချုပ်ဟရီဆွေ။
တပ်မင်းစံဖြေ။ ဗာသျှေ။ မြဘုံသာတို့ကား။ အနောက်ပြည်သို့ ပြေးလေ၏။
၆။ အောက်သားတို့လည်း။ တေနာက်တပ်လိုက်လေ၍၊ စစ်တကောင်းစား အင်္ဂလိပ်မင်းကြားသိလေလျှင်။ များသော
သူရဲနှင့် ပင်းဝါမြို့က တပ်ဆီးခံ၍ နေလှာ၏။ အောက်သားတို့က အင်္ဂလိပ်မင်းထံ ဗိုလ်ချုပ်ဟရီဆွေတို့
၇။ ကို။ ပေးရမည်ဟု တောင်းလေ၏။ မရလျှင်ပြံ၍ လာကြကုံ၏။ ရက္ခိုင်ပြည်တွင် ကျန်ရစ်သော သူရဲလက်နက်ကိုင်
အစဟိသော လူသံလူမြန်တို့ကိုင် အောက်သားတို့က ဖမ်းဆီး၍။ သတ်ပြီးလျှင်။ လူဥက္ခောင်းသုံးထော
၈။ င်ကို ဟရီတောင် အနောက်ဘက်က စုပုံ၍ တားကြကုံ၏။ ယောကျာ်းဥက္ခောင်း၊ သုံတောင်မပြည့်နိုင်သော
ကြောင့်။ မိမ္မဥက္ခောင်းကို ဖြတ်၍ တည်ကြကုံ၏။ ဤဥက္ခောင်းသုံးထောင်ကို မြင်လျှင်။ အနောက်ဘက်။

**ဓိ----------ဝမ်းဖက်**

၁။ တိုက်ဝန်အလွန်ဝမ်းသာ၍။ အားအံမြောက်မြား၏။ ဤစစ်ကို လေးဘဲလေးကျွန်း ပုဂ္ဂန်သည်ဟု ဆိုကြကုံ၏။
ဤအနောက်ဘက်တိုက်ဝန်ကား။ နှစ်နှစ်တွင် အရှာကျ၍၊ သွားလေ၏။ ၂။ ပသိန်ဘခင်သည်။ မင်းရဲသီဟသု
၂။ အမည်ကိုခံ၍။ သက္ကရာဇ် ၁၁၅၂ ခု တပေါင်းလတွင် ရက္ခိုင်မြို့ဝန် ပြုပြန်လှာ၏။ ထိုမြို့ဝန်ကား။ မင်းမျိုးမင်းဆွေ
ဖြစ်သောကြောင့်။ အမျိုးလေးပါး သူတို့အား။ သနားခြင်းဟိ၍ ရွှေငွေဥစ္စာကို တောင်းခံ၍ မယူလေ။ ပေးကမ်းစွမ်း
ကြခြင်းဟိ၏။ ဒါနသီလပြည့်စုံ၏။ ထိုမင်းရဲသီဟသူသည်ကား။ တနှစ်မြောက်လျှင် သေလွန်၏။ ၃။ တိုင်တာဝန်
သည်။ အာကကျော်ထင်အမည်ကိုခံ၍ သက္ကရာဇ် ၁၁၅၃ ခု တံခူးလတွင်။ ရက္ခိုင်မြို့ဝန် ပြုလှာ၏။ လေးမြို့
၃။ မြို့သူကြီး မြက်စိုက်သက်နံ့ဝေက။ ရက္ခိုင်ပြည်တွင်။ အန္ဒကူကျောက်ဖြူကျောက်ကောင်း ဟိပါသည်။ အမရပူရ
မင်းထံ လျှောက်ကြားပြံလျှင်။ အန္ဒကူကျောက်ဖြူကို။ ရက္ခိုင်သံတွဲ ရံပြမာန်အော
၅။ င်။ လေးမြို့လူတို့ရအောင်ရှာ၍။ သက္ကရာဇ် ၁၁၅၄ ခု နတော်လတွင်။ အမရပူရမင်းကို ဆက်ရလေ၏။ ပိန်
ချောင်း ဗိုလ်စာငယ်ခွတ်သည်။ အမရပူရမင်းထံ အရေးတော်ဟိ၍ လျှောက်ကြားမည်။
၆။ သွားလေသော်။ လေးမြို့မြို့သူကြီး မြက်စိုက်သက်နံ့ဝေတွေလေလျှင်။ ဖန်းယူရုပ်ငင်၍ သူပုံဖြစ်သည်ဟု
ပြောဆို၏။ သတ်လျှက်ပစ်စေ၏။ ရက္ခိုင်ပြည်တွင်လည်း။ သူပုန်တန္တကျမ်းပါသေးသည်ဟု လျှောက်ပြံ၏။ အမ
၇။ ရပူရမင်းလည်း။ ရံပြစားငပေါလုံမ်း လမူးစား ငလာခိုင်တို့လည်း။ ငါ၏သစ္စာတော်ကိုမခံ။ အမ်းချောင်းတွင်
ကျမ်းသောင်း၍ နေလေသည်ကို။ ရက္ခိုင်သံတွဲ ရံပြမာန်အောင် လေးမြို့တပ်စောင့်တို့ အကြိမ်ကြိမ်တိုက်လျှ
၈။ န်သော်လည်း။ မရနိုင်ဖြစ်လေသောကြောင့်။ အဝေးသစ္စာတော်ကိုစောင့်၍။ အလယ်ဝန်အမည်ကို ခံလျှက်။
အမ်းချောင်းတွင် နေသည်။ ထိုပေါလုံမ်ကိုလည်း ဘမ်းဆောင်၍ ယူခဲ့ရက္ခိုင်ပြည်တွင် ကြွင်းကျသော

**ဓိ-----------ကျောဖက်**

၁။ သူပုံထားပြ မူးမတ်တို့ကိုလည်း။ အမြစ်ကိုဖြတ်၍။ အသေသတ်ခဲ့။ ယိုးတယားမြို့ကို အကြိမ်ကြိမ် တိုက်ဆိုင်ကြ

သော်။ တဦးကိုတဦး စစ်ရဲအင်တူသောကြောင့်။ သူရဲအစောင့်ထားကြသည်။ သူရဲတို့စားရန် စပါးတော်
၂။ တသိန်းကျော်ကိုလည်း၊ ရက္ခိုင်လေးမြို့ဝန်ထန် တောင်းခံ၍မုတ္တမတပ်စောင့် သူရဲတို့သို့ ပို့ရမည်ဟု မိန့်တော်မူပြီး
မှ။ ဝန်ထောက်ကျော်ခိုင်ကို။ နန္ဒမိတ်ကျော်စွာ ဘွဲ့ကိုပေး၍။ ရခိုင်လေးမြို့သို့ စေတော်မူလိုက်၏။
၃။ ငကျော်ခိုင်လည်း။ သက္ကရာဇ် ၁၁၅၅ ခု နယုံလဆန်းတဆဲ့တရက် ဗုဓဟူးနေ့တွင်၊ ရက္ခိုင်ပြည်သို့ ရောက်လာ၏။
ရခိုင်မြို့ဝန် အာကာကျော်ထင်နှင့်။ အကြောင်းခပ်သိမ်းကို ပြောပြီးလျှင်။ ကိုယ်ရံကြီးထွန်းခိုင်။ လ
၄။ က်ဝဲစာတိုင်လှဘော်။ တပ်ပိုင်တောင်လည် လက်ရဲစင်သူကြီးကထွားသည် လူငါးယောက်တို့ကို သတ်ဖြတ်လေ။
အမရပူရမင်း က အာဏာတော်ပါ၊ လသည်ဟုဆို၍။ ရက္ခိုင်ဝန်အာကာ
၅။ ကျော်တင်က ထိုလူတို့ကို ယူပြီးလျှင်။ သက္ကရာဇ် ၁၁၅၅ ခု ဝါခေါင်လတွင် သတ်၍ပစ်လေ၏။ ဝန်ထောက်
ငကျော်ခိုင်လည်း။ ရက္ခိုင်သံတွဲ ရံပြဲမာန်အောင်၌နေသော မြို့ဝန်တို့ထန် စပါးတောင်း
၆။ ခံ၍။ စပါးသုံးရာရပြီးလျှင်။ မုတ္တမမြို့သို့ သွားမည်ကြံ၏။ ရခိုင်မြို့ဝန် အာကာကျော်ထင်၌ ခစားနေသော
လူသံလူမြန်ဖြစ်သော။ ခွက်ဖောက်ကျွဲတကောင်နိုင်တို့ကို ဝန်ထောက်ကျော်ခိုင်က။ ပေးရမည်ဟု တောင်း၏။
၇။ ခွက်တပေါက်ကျွဲတကောင်နိုင်တို့လည်း။ အမ်းချောင်းတွင် အလယ်ဝန်အမည်ကို ခံသော ရံပြဲစားပေါလုံမ်ထံသို့
ပြေးဝင်လေ၏။ အကြောင်းမျိုးကို ပေါလုံမ်သိလေသော် ခွက်ပေါက်ကျွဲတကောင်နိုင်တို့ကို ဗိုလ်မှူး
၈။ တပ်မှူးခံပြီးမှ။ ဇစိန်ရောင်။ ငမြရောင်။ ငဗေလက်။ ကိုးခွက်စား၊ ထွန်းစံဦး။ မျက်မှောင်ဖြူ တိုင်သျှင်ပရန်း။
နတ်တောင်စား။ ရွှေကျော်ဝေ၊ သည်ကိုးယောက်ကို စင်စီကိုးတိုင်ခန့်ပြီးလျှင်။ လက်နက်ကိရိယာလုံလောက်

## မိ----------ဝမ်းဖက်

၁။ စွာနှင့် စစ်ရေးခင်းကျင်း၍ နေစေ၏။ ရံပြဲဝန်လကျ်ာရွှေတောင်ကလည်း။ နားခံသောကျုံကို။ ပေါလုံ။ အထံသို့
သူလျှိုစေလိုက်၍။ ရောက်လေပြီးလျှင်။ သံတွဲရံပြဲမာန်အောင်သုံးမြို့၌နေသော အောက်သားတို့နှင့်။ ပေါလုံ
၂။ သူရဲငဗေလက်တိုငတ်ကျွန်းမြစ်တွင် တွေ့ကြလေ၍။ တိုက်ကြလေသော်။ ရံပြဲနားခံမွေးတုံကို ဓားလက်နက်ထိပါး
လေလျှင်။ ပြန်၍ပြေးလေကုံ၏။ တဖန်ထပ်လောင်း၍၊ သံတွဲရံပြဲမာန်အောင် ချီ၍လာပြီးသော်။ ပေါလုံ
၃။ နေရာကို ဝန်းရံလေ၏။ ဝန်ထောက်ငကျော်ခိုင်လည်း။ ရက္ခိုင်တွင်ဟိသော လက်နက်ကိုင်တို့ကို စည်းကြပ်၍။
မြို့သူကြီး ငသံထွေသား ငမောင်ပုကို စပါးလှေစင်းသုံးရာတို့တွင်။ အအုပ်အချုပ်ပြုစေ၍။ ချီလာလျှက်တ
၄။ လက်ဝမအောင် ကြွေတွင်နေလှာ၏။ ပေါလုံလည်း။ လူလှိုထားလှာသော နားခံသောကျုံကို။ သတ်၍ပစ်ပြီးမှ။
မယားသားတို့ကို လွှတ်ရာထားပြီးလျှင်။ သက္ကရာဇ် ၁၁၅၅ ခုတဆောင်မုံန်လဆန်းသျှစ်
၅။ ရက် စနေနေ့ တလက်ဝမအောင်ကြွေတွင် တိုက်လေသော်။ ဝန်ထောက်ငကျော်ခိုင်ကား။ မြို့သူကြီးငသံထွေ
သား ငချင်းပြုံနှင့်။ လှေလျှင်စီး၍၊ တလက်ချောင်းသို့ဝင်၍။ ပြေးလေ၏ စပါး
၆။ လှေကို ပေါလုံ။ ရလေလျှက် မီးတိုက်၍ ပစ်ပြီးလျှင်။ ငပေါလုံခွက်ပေါက်။ ကျွဲတကောင်နိုင်တို့ကား။ ဆေးတိုင်
ကံဆိတ်တွင် တပ်တည်၍ နေလှာ၏။ ဝန်ထောက်ငကျော်ခိုင်လည်း ကြွင်းသောစပါးလှေတို့ကို ယူပြီး
၇။ လျှင်။ ပျက်စီးလေသော စပါးလှေတို့ကို။ အသစ်တပ်မာန်၍ စီရင်ပြီးမှ။ ရက္ခိုင်လေးမြို့စပါးလှေနှင့် မုတ္တမမြို့သို့
သွားလေ၏။ ရံပြဲဝန်လကျ်ာရွှေတောင်။ မာန်အောင်ဝန်သမိုင်းရံဖျား။ သံတွဲဝန်တို့ ချီလာပြီးလျှင်။ သက္ကရာဇ်
၈။ ၁၁၅၅ ခု ပြာသိုလဆန်း ခုနှစ်ရက် အင်္ဂါနေ့တွင် ဆေးတိုင်ကံဆိတ်၌ တိုက်လေသော်။ ပေါလုံခွက်ပေါက်
ကျွဲတကောင်နိုင်တို့သည်။ စစ်ရေးအားအံနည်းသောကြောင့်။ အနောက်ကုလားပြည်သို့ မပြေးလေ။ စစ်တကော

## မိ---------ကျောဖက်

၁။ င်းမင်းထံခိုဝင်လေ၏။ စစ်တကောင်းမြို့ကို အစိုးရသော အင်္ဂလိပ်မင်းလည်း။ များသောသူရဲတို့ကို ချီစေပြီးလျှင်။
ပင်းဝါမြို့က တပ်တည်၍။ စောင့်ရှောက်လျှက်နေလှာ၏။ အရှေ့တောင်စည်နေမျိုးကုန္တရလည်း။ ပေါလုံမ်
၂။ ကို တောင်မည်ဟု။ ဒင်းပြာသိုလတွင် ချီပြန်လေ၏။ ဤအာကကျော်ထင်မြို့ဝန်ကား။ နှစ်နှစ်တွင် အရာကကျ၍။
သွားလေ၏။ ၄။ မောင်ကျော်လှသည်။ မင်းလှရာဇ်အမည်ကိုခံ၍။ သက္ကရာဇ် ၁၁၅၅ ခု တပို့တွဲလဆန်းကိုး
၃။ ရက် စနေနေ့တွင်။ ရက္ခိုင်မြို့ဝန် ပြုပြုလှာ၏။ မြို့သူကြီး သံတွေသား လေးမြို့မြို့သူကြီး မြက်စိုက်သက်နှံဝေ
လည်း။ ပိုင်းလုံးခွက်ဖေါက်ကျွဲတကောင်နိုင်တို့ကို တောင်းအံ့ဟု။ ကုလားပေါတလိလည်း။ ပေါလုံမ်းခွက်ဖောက်

၄။ ကျွဲတကောင်နိုင်တို့ကို။ တော်အံ့ဟု။ အနောက်ကုလားပြည်သို့ ချီပြန်လေ၏။ နေမျိုးကုဏ္ဍရ၊ မြက်စိုက်သက်နှံ့ဝေ၊
ပေါ်တလီ။ ဗိုလ်မှူးတပ်မှူးတို့နှင့်။ စစ်တကောင်းစား အင်္ဂလိပ်ဗိုလ်မှူးတ
၅။ တ်မှူးတို့တတ်ရေးပြု၍။ နေကြကုံသော သန်းသမှုတ်ထောင်စား ကုလားငပုရင်သည်။ ပေါလုံအောက်သား
အင်္ဂလိပ်တို့က တံဆိုးပေဇးသော ဥစ္စာရွှေငွေတို့ကို။ လက်ခံယူပြီးလျှင်။ ပေါလုံခွက်ပေါ
၆။ က်ကျွဲတကောင်နိုင်တို့သည်။ အမိဝမ်းထဲက ဖွားမြင်သည်နေ့ကစ၍။ တဆဲ့ငါးနှစ်အရွယ်သို့ရောက်လျှင်။ တန္တမား
ပြသုံပုံသူကန်ပြုလုတ်၍ သာနေပါသည်ဟု စက္ခူတွင် စာရေး၍။ ဗင်္ဂလားမြို့သို့ လျှောက်စာတင်လေ၏။
၇။ ဗင်္ဂလားမင်းလည်း။ လျှောက်စာကို ကြည့်ရှု့ပြီးသော်။ လျှောက်ချက်အတိုင်း မှန်လျှင် လုံချုံအောင်ထားလေ။
မဟုမတ်မမှန်လေလျှင်။ လွတ်စေဟု။ စစ်တကောင်းစံအထံသို့။ အာဏာတော်ဆင်လိုက်၏။ အောက်သားတို့လ
၈။ ည်း။ ရက္ခိုင်သံတွဲရံပြမာန်အောင်တွင် လင်စုံမယားဘက်သင့်နေသော သူတအိမ်လျှင် ငွေဒင်္ကားငါးချပ်စီအောင်ခံ
၍။ ရသည်ငွေတဆဲ့နှစ်တောင်းကို စစ်တကောင်းစား အင်္ဂလိပ်မင်းအား။ လက်ဆောင်တံဆိုးပေး

**မှ------------ဝမ်းဖက်**

၁။ လေလျှင်။ သိန်းရုံးယူလေ၏၊ စစ်တကောင်းစားလည်း။ ပေါလုံခွက်ပေါက်ကျွဲတကောင်နိုင်။ တို့ကိုခေါ်၍ ရက္ခိုင်
ပြည်တွင် မင်းပြု၍နေလေသော အောက်သားတို့ကို။ တိုက်လှန်ဖျက်ဆီးပြီးလျှင်။ ကိုယ်တို့
၂။ သုံယောက်တွင် တယောက်ယောက်ကို မင်းတင်မည်ဟု။ လှည့်ပတ်ပြောဆိုပြီးမှ။ ဆင်ကျောက်ကုမ်းထက်၌
တင်၍။ အောက်သားတို့ မြင်အောင်။ ဆယ်ရက်လခွဲပြလေ၏။ ပေါလုံခွက်ဖေါက်ကျွဲ
၃။ တကောင်နိုင်တို့လည်း။ အမေ့အလျှော့နေကြလေ၏။ လျှင်။ စစ်တကောင်းစား အင်္ဂလိပ်လည်း။ သက္ကရာဇ်
၁၁၅၆ ခု တံခူးလပြည့်ကျော် နှစ်ရက် တလင်္ဂနွေနေ့၌။ ပင်ဝါရာဇာဘက်အရပ်တွင်။ ပေါလုံခွက်တောက်
၄။ ကျွဲတကောင်နိုင်သုံယောက်တို့ကို။ အောက်သားတိုလက်သို့ပေးအပ်လိုက်လျှင်။ စုရုံမ်း၍ သံခြေခြင်းခပ်လျှက်
အကျည်းထားလေ၏။ လေးမြို့မြို့သူကြီး သက်နှံ့ဝေလည်း။ ပေါလုံခွက်ေ
၅။ တောက်ကျွဲတကောင်နိုင်တို့ကို။ ဆောင်ကျည်း၍ သွားလေလျှင်။ ဆယ်ရေးတရေး လမ်းစည်းကနေ၍။ သူရဲ
လက်နက်ကိုင်တို့သည်။ ဆီးခံ၍။ တိုက်လှန်လျှက်။ လုယူချေသော်။ မခက်လေလော
၆။ ဟု။ စစ်တကောင်စားကို ပြောဆို၏။ စစ်တကောင်းစားလည်း သူရဲလက်နက်ကိုင်စည်းကြပ်၍။
အကျည်းထားသောပေါလုံမ်းခွက်ပေါက်ကျွဲတကောင်နိုင်တို့ကို။ ကုလားပန်စင်တောက်မအိုင်သို့ ရောက်အောင်ပို့
၇။ င်လေ၏။ ငစိန်ရောင် ငမြရောင်။ ငဗေလက်။ ကိုးခွက်စား ထွန်းစံဦး။ မျက်မှောင်ဖြူ။ တိုင်သျှင်ဘရမ်း၊ နတ်
တောင်စား ရွှေကျော်လေ။ သည်စင်စဝီးကိုးယောက်တို့ကားဒ။ ပြေးလွှဲ၍ လွတ်လေကုံ၏။ အောက်သားတို့လ
၈။ ည်း။ ပိုးလုံးခွက်ပေါက်ကျွဲတကောင်နိုင်တို့ကို။ ရက္ခိုင်ပြည်သို့ ကျည်ဆောင်၍၊ ရောက်လေလျှင်။ လေးမြို့မြို့သူကြီး
မြက်စိုက်သက်နှံ့ဝေ အောက်သားတို့ အလွန်အားရ၍။ အောင်ပွဲကို ခံကြကုံ၏။ သက္ကရာဇ်

**မှ-----------ကျောဖက်**

၁။ ၁၁၅၇ ခု။ ကဆုံလဆန်းခြောက်ရက် ကြာသပတေးနေ့တွင်။ ငပေါလုံ ငခွက်ပေါက် ကျွဲတကောင်နိုင်တို့ကို
ပုဂံပြည်အမရပူရမြို့သို့ ကျည်းဆောင်လေသော်။ စလင်းဆင်ဖြူကျွန်းသို့ ရောက်လေလျှင်။ ငခွက်ပေါ
၂။ က်နှင့်ကျွဲတကောင်နိုင်တို့ သံခြေချင်းကို ချိုးဖွဲ့ပြီးလျှင်။ လွတ်၍ပြေးလေကုံသော်။ ယောကျ်ားမိမ္မလူအပေါင်းတို့
သည်။ ဝန်းရံ၍ ဘမ်းဆီးလေလျှင်။ ကျွဲတကောင်နိုင်။ လွတ်လေ၏။ ခွက်ဘောက်ကို ရပြန်လေ၍။ သံခြေ
၃။ ချင်းအကျည်းစပ်ပြီးမှ။ ပေါလုံမ်းနှင့် ငခွက်တောက်တို့ကို အမရပူရမြို့သို့ ဆောင်ယူလေ၍။ အစစ်ခံရုံတော်တွင်
အပ်ပေးလေ၏။ ဝန်ထောက်ငကျော်ခိုင်လည်း။ မောင်မင်းပေါလုံသည်။ မုတ္တမတပ်သို့ စပါးပို့သွားရာ
၄။ တွင်။ တလက်ဝ၌ ငကိုတိုက်ခိုက်ပြီးလျှင်။ အနောက်ကုလားပြည်သို့ထွက်၍ ပြေးလေသည်။ ယခု စကြာသခင်
ရေမြေ့ရှင်၏ ဘုန်းတော်အဟိန်ကြောင့်။ မလွတ်၍။ ရောက်လှာရသည်။ ညွှတ်တွ
၅။ င်ငြိသောငှက်ကဲ့သို့။ ဖြစ်ခဲ့ပြီး။ ကိုယ်၏ခန္တာအသက်သည်။ ဟိသေး၏လောဟု မေးလေ၏။ ရံပြစား ငပေါလုံး
လည်း။ ဝန်ထောက်ငကျော်ခိုင် မောင်မင်းကို ငါသည်မအောင်ကြွယ်တွင်။ တိုက်
၆။ လိုက်လျှင်။ တလက်ချောင်းသို့ဝင်၍ပြေးလေသောကြောင့်။ သက်လွတ်လေသည်။ အမေ့မှ။ မတရားအကျင့်ဟိ

သော စစ်တကောင်းစား အင်္ဂလိပ်မင်းသည်။ ဥစ္စာရွှေငွေ လက်ဆောင်တံဆိုးစားပြီးလျှ
၇။ င်။ ဘန်းဆီးလျှက်ပေး၍ သာရလေသည်။ မောင်မင်းအစွမ်းသတ္တိကြောင့်။ ရသည်မဟုတ်။ ကိုယ်၏ခန္ဓာအသက်
သေပျက်ရသည်ကား။ သုံးဆဲ့တဘုံတွင် လွတ်သူမဟိဟု ဆိုပေ၏။ ဝန်ကြီးဝန်ထောက်တိုင်
၈။ လည်း။ ငပေါလုံမ်းငခွက်ဖောက်တို့ ရွှေဖွားတော်အောက် ရောက်လှာကြောင်းကိုင်။ အမရပူရမင်းအား။
လျှောက်လေလျှင်။ အသေသတ်လေဟု စေတော်မူလိုက်၏။ ထောင်မှူးသူသတ်တို့လည်း။

**မူ--------ဝမ်းဖက်**

၁။ ငပေါလုံးငခွက်ဖောက်တို့ကို။ သုဿာန်တဝနာသို့ ယူဆောင်လေ၍။ သက္ကရာဇ် ၁၁၅၇ ခု နယုံလတွင်။ လက်ဝါး
ကာရစ်လျှက်။ သတ်၍ပစ်ပြီးသော်။ စောင့်ရှောက်၍နေကုံ၏။ ရက္ခိုင်လေးမြို့လူ
၂။ တို့ကိုလည်း။ ကြည့်စေရ၏။ လေးမြို့မြို့သူကြီး မြက်စိုက်သက်နုံဝေလည်း။ ရာန်စစ်ငြိမ်းသည်ဟု။ အလွန်အားရ
ဝမ်းသာနေလေ၏။ ငပေါလုံမ်းလည်း။ အမရပူရမင်းကို။ များစွာဆဲရေးမြည်တွမ်လေ၏။ လက်
၃။ ဝါးကာရိုက်သည်နာရီမှစ၍။ ငခွတ်ပေါက်ကား။ နှစ်ဆဲ့လေးနာရီတွင် သေလွန်လေ၏။ ပေါလုံမ်းကား။
နာရီခြောက်ဆယ်ပြည့်မှ အသက်သေလေ၏။ ငပေါလုံမ်ဆဲရေးမြည်တမ်းသည်ကို။ ကာသတ်အမ
၄။ သည်ဟိသော အင်္ဂလိပ်သည်။ မြည်တမ်းလေသော။ အနောက်ကုလားပြည် စစ်တကောင်းမင်းက အပ်လိုက်
သော အကြောင်းကိုပြေ၍ သိလေလျှင်။ အလျှင်အမြန် ဗင်္ဂလားမြို့သို့ပြန်
၅။ သွားလေ၍။ ဗိလပ်မင်းအား လျှောက်ကြားလေသော်။ ဗိလပ်မင်းလည်း အလွန်ရှက်လှနိုး၍၊ ငပေါလုံမ်း
ငခွက်ပေါက်ကျွဲတကောင်နိုင်တို့အား။ အပ်ပေးလိုက်သော စစ်တကောင်းစား
၆။ ကို။ အပြစ်ဒါဏ်ပေးပြီးမှ။ စစ်တကောင်းမြို့က နှုတ်၍ယူပြီးလျှင်။ ဗိုလ်မှူးခန့်၍ နိဗ္ဗာမြို့သို့ စစ်တိုက်တည်လိုက်
၏။ ပေါလုံ။ ငခွက်ဖေါက်ကျွဲတကောင်နိုင်တို့ကို။ အောက်သားတို့လက်သို့ပေးအပ်သည်ကာလ
၇။ ဝန်းရံသောသူတို့ကိုကား။ ဘင်္ဂလားမြို့အနောက်ဘက်အရပ်၌။ မြေကြီးကို တူးဖောက်ထွင်း၍။ လမ်းချောက်တို့
ကိုဆည်၍။ ဟိလေ၏။ ဤမောင်ကျော်လှမည်သော မင်းလှရာဇာကား။ နှစ်နှစ်ဟိလျှင်။ အ
၈။ ရာက ကျ၍သွားလေ၏။ ၅။ စိန်းဖူးသည်။ မင်းကြီးကျော်ထင်အမည်ကိုခံ၍။ မယားမိရွှေဦးနှင့်။ သက္ကရာဇ်
၁၁၅၇ ခုနတ်တော်လတွင်။ ရက္ခိုင်မြို့ဝန်ပြုပြန်လှာ၏။ အမရပူရမင်းသည်လည်း။ ရှေ့မင်းတိုလုတ်

**မူ---------ကျောဖက်**

၁။ ကြံခဲ့သော မိဒ္ဒိလာကာံတော်သည်။ ဖောက်ထွင်း၍။ ပျက်စီးယိုယွင်းသည်။ ထိုပိတ်ဆို့ဆည်းတားရန်။ ရခိုင်သံတွဲ
ရံပြမာန်အောင်၊ လေးမြို့ကို။ လူသုံးထောင် တောင်းသောကြောင့်။ ပေးရလေ၏။ ထိုလူတို့
၂။ လည်း။ မိဒ္ဒိလာကာံတော်ကို ပိတ်ဆို့ဆည်တားရာတွင်။ သေ၍ကုံလေ၏။ စိုးဈေးရောက်လှာ၏။ သက္ကရာဇ်
၁၁၅၇ ခု တပေါင်းလတွင်။ အမရပူရမင်းသည်။ ကောင်းမှုတော်ကြီးလုတ်၍။ အလှူကြီး
၃။ ပေးရာတွင်။ ဘာသာအတီးအမှုတ်။ စည်ပန်းတျားလက်ပွေလက်ပန်းလုံတွေတျားယင်။ ကခြေ။ စရိုး။
ကိုခြေထောက်။ အာဘဲ။ ကြိုးတန်းစသည်တို့နှင့်။ ရွာလူကြီးတို့ကို။ တောင်းပြန်သောကြောင့်။ ရ
၄။ က္ခိုင်သံတွဲ ရံပြမာန်အောင်။ လေးမြို့၌နေသော ရွာသူကြီးတို့သည်။ ဘာသာအတီးအမှုတ်ပွဲသဘင် ပြုဆင်ရချေ
၏။ သက္ကရာဇ် ၁၁၅၈ ခု နတော်လတွင်။ လေးမြို့မြို့သူကြီး။ မြက်စို
၅။ က်သက်နုံဝေသည်။ မိန်းချောင်းဖျား ကျောက်ပန်းတောင်းမြို့ဟောင်းတွင် မဟာဇိန်ဘုရားဟိသည်ဟု။
လူတထောင်နှင့် သွား၍ပင်ချေသော်။ မဟာဇိန်ဘုရားကို မတွေ့ပဲဟိလေ၏။ အ
၆။ ပွားဘုရား။ ရုပ်တဆူရ၍ ပြန်လာ၏။ သက္ကရာဇ် ၁၁၅၈ ခု။ တပေါင်းလတွင်။ ဂစ္ဆာဘနဒီမြစ်ညာဖျား၌။ လက်ျာမုနိ
ဘုရားရုပ်ဟိသည်။ ဟု ကျော်ဇောသတင်းဟိသောကြောင့်။ အောက်သားသနပ်ကို
၇။ င် ငါးရာနှင့်။ လူသုံးထောင်တွင်။ ပလက်စား ငစံကို။ ဗိုလ်ချုပ်ခန့်လျှက် စေတော်မူ၍ ရာလေသော်။ မတွေ့ပဲပြန်
လာခဲ့၏။ တောင်ဘက်မြို့သစ်ရွာ အုတ်မောင်းဝေသည်။ အနောက်ကုလားပြည်သို့ပြေးမ
၈။ ည်အမှတ်ဟိ၍။ လေ့တကက်လက်နက်ကြိယာ လုံချုံစွာပြုပြီးလျှင်။ အောက်သားတို့ကို တိုက်ဆိုင်အံ့ဟု။ လူများစွာ
နှင့် သစ္စာဖွဲ့၍ ငဆင်တုံမော်က တိုက်စည်တီး၏။ လူများတို့လည်း။ ငမောင်ဝေစကား

**ဓေ--------ဝမ်းဖက်**

၁။ ကိုင်။ ယုံကြည်၍။ ငါးဆင်တုံမော်တွင် များစွာစုပုံလေ၏။ ဗိုလ်ပါပြည့်စုံလျှင်။ ငမောင်ဝေကား။ သက္ကရာဇ်
၁၁၅၉ ခု တန်ဆောင်မုန်းလတွင် အနောက်ကုလားပြည်တိုင် ပြေးလေ၏။ အောက်သားတို့လည်း။
၂။ ကျန်ရစ်သောလူတို့ကို။ လက်ဝါးကာရိုက်လျှက်သတ်၍ ပစ်လေ၏။ မိမ္မနှင့်လူသူငယ်တို့ကို။ ယန်ခင်း၍မီးတိုက်
လျှက် ပစ်လေ၏။ သက္ကရာဇ် ၁၁၅၉ ခု တပို့တွဲလတွင်။ ရက္ခိုင်ပြည်ကို စစ်တိုက်၍သိမ်းယူ‌ေ
၃။ သောအခါ၌။ ပိဋကတ်တော်တို့ကို။ များစွာရလေ၏။ ထိုပိဋကတ်တော်တို့ကိုင်။ အမရပူရမင်းလည်း။ ရက္ခိုင်ပြည်
သို့ပြန်၍ ပို့စေပြီးလျှင်။ ရက္ခိုင်လေးမြို့တွင်။ မြို့အရှေ့ဘက်ကချည်း အုပ်ကု ပိဋကတ်တိုက်
၄။ လုတ်၍တည်ထားပေ၏။ ထိုပိဋကတ်တိုက်ကိုင်လည်း။ အသစ်ရေးကူးယူ၍သင်ကြားစေ၏။ အမရပူရမင်း
လည်း။ ရက္ခိုင်မြို့ဝန်မင်းကြီးကျော်ထင်ကို ခေါ်တော်မူလေလျှင်။ မြောက်
၅။ စစ်ကဲနားထိုင်းကို။ မြို့စောင့်ထားခဲ့၍။ အမရပူရမြို့သို့ သွားလေ၏။ မင်းတွင်စေတီတော်တည်ရန်။
လူနှစ်ယောက်ပေးရမည်။ အမရပူရမင်းက။ ရက္ခိုင်မြို့သူကြီး ငသံထွေသမက်လက်ရုံမ်းပေါ်
၆။ ကို တောင်းလေ၏။ လက်ရုံပေါ်လည်း။ ရက္ခိုင်ပြည်သို့ လာလတ်၍။ မြို့စောင့်မြောက် စစ်ကဲနားထိုင်းကို
တောင်းလေ၏။ ရက္ခိုင်သံတွဲ ရမ်ပြဲ မာန်အောင်တွင်၊ အုတ်တော်လုတ် လူနှစ်ယောက်ကို တောင်း၍ နေစည်ဝ
၇။ ယ်။ လက်ျာမြန်ငတုံးနံစံ။ ငကာစွေ။ ဒင်္ဂါးတောင်စား တုံစံဝေတို့။ သက္ကရာဇ် ၁၁၆၀ ပြည့် တံဆောင်မုန်းလပြည့်
အင်္ဂါနေ့တွင်။ လက်ျာမြန်ရွှာက တပ်စည်တီး၍ သောင်းကျမ်းပုဂ္ဂါန်ပြု၏။ မြို့စောင့်မြောက်
၈။ စစ်ကဲနားထိုင်းလည်း။ သူပုန်တုံးစံကာစွေ။ တုန်စံရွှေတို့ကို တိုက်အံ့သော်၌။ များသောရဲမက်လက်နက်ကိုင်တို့နှင့်။
ငချင်ပြန်ကို စေလိုက်၏။ ငချင်ပြန်လည်း ချီသွားလေ၍။ အောင်တပ်သို့ရောက်လေလျှင်။ ရ

**စေ---------ကျောဖက်**

၁။ က္ခိုင်သားတို့သည်။ လှည့်ပတ်သောစကားကို။ ချင်းပြန်ယုံကြည်၍။ အောက်သားဗိုလ်သီရိကျော်ထင်နှင့်။
အခွန်စာရေး၊ နရာဇေကျော်တို့ကို။ ဖမ်းဆီးရုပ်ငင်လေလျှင်။ ဗိုလ်သီရိကျော်ထင် လွတ်လေ၏။ နရာဇေယ
၂။ ကျော်ကို ရလေ၏။ ဗားဗူတောင်ဆည်ဝတွင်။ လည်ဘင်းကို ဓားနှင့်ခုတ်၍ ဆွဲထားလေ၏။ ငချင်းပြန်လည်း။
ရက္ခိုင်ချင်းပြန်အစုံ ဆင်ဝတ်လျှက်။ အောင်တတ်ကကျမ်းသောင်းပြန်၏။ လေးမြို့မြို့သူကြီး ငသံထွေသား
၃။ ငချင်းပြန်သမက် လက်ရုံပေါ်။ လက်ျာမြန်ရွာအုပ်တုံစံ။ ကာစွေ။ ဒင်္ဂါးထောင်စား တုံစံရွှေတို့ ပေါင်းဘက်၍။
ရက္ခိုင်မြောက်ဦးမြို့ကိုင်။ ဝန်းရံပြီးလျှင်။ သတွေသမီး စိန်ပူးမယားအဒါထွေးကို တောင်းလေ၏။ မြို့စောင့်ေ
၄။ မြောက်စစ်ကဲနားတိုင်းလည်း။ အားမတန်သောကြောင့်။ သံတွေသမီးကို ရလေလျှင်။ စည်တင်ချောင်းသို့။
ထုပ်၍ပေးလိုက်၏။ ငသံတွေလည်း သမီးကိုရလေလျှင်။ စည်တင်ချောင်းသို့ဝင်၍ နေလေ
၅။ ရာတွင်။ သေဆုံမ်းခြင်းသို့ ရောက်လေ၏။ ချင်းပြန်လက်ရုံပေါ်တို့ကား။ မယူကမ်းတွင် နေလေ၏။
တုံစံကာစွေစွေ။ တုံစံရွှေတို့ကား။ ငရေကောက်တွင် တပ်တည်၍နေ၏။ ရံပြဲဝန်လယ်ကိုင်စား
၆။ လည်း။ ရံပြဲမြို့သူကြီး လေးခက်တောင်စား ညီဖြစ်သော ငစံမြကို ငသံတွေက။ အတွင်းစာရောက်သည်ဟု။
အမှုပြု၍။ သံခြေချင်း အကျည်းခပ်၍ ထားပြီးမှ။ ရံပြဲဝန်လယ်ကိုင်းစာ မာန်အောင်ဝန် လက်ျာရွှေတောင်တိုပေါ
၇။ င်းဘက်၍။ ချီလာပြီးလျှင်၊ လမ်းစပ်ကြားတွင် မြို့သူကြီး ငစံမြကို သတ်၍ပစ်ခဲ့၍။ ချီလေသော်။ ရေကောက်တွင်
ရက္ခိုင်ဗိုလ်ဒင်္ဂါးတောင်းစားနှင့်။ သက္ကရာဇ် ၁၁၆၀ ပြည့် နတ်တော်လတွင် တိုက်ကြလေ၏။ ရက္ခိုင်ဗိုလ်
၈။ ဒင်္ဂါးတောင်းစားတုံစံရွှေသည်။ မနိုင်ပဲ ပျက်စီး၍ ပြေးလေ၏။ ဒွါရာဝတီသံတွဲမြို့တွင်လည်း။ ဗိုလ်ငသက်သည်။
သောင်းကျမ်းပုံဂ္ဂ၏ သံတွဲဝန်ကျော်ထင်သီဟသည်။ သူရဲလက်နက်ကိုင်နှင့်။ ချီသွားလေ၍။ မော်

**ဓဲ----------ဝမ်းဖက်**

၁။ ရုံကြောင်းတွင်။ တိုက်ကြလေသော်။ ဗိုလ်ငသက်သည် မနိုင်ပြေးလေ၏။ သံတွဲမြို့ဝန် ကျော်ထင်သီဟလည်း။
သုံပုံငသက် အပေါင်းအဘက်ကို ရှာလေသော်။ ရံပြဲကျွန်းက လာသော။ တောင်မင်းကျော်ထွေးသား ငတိုးဝေ
၂။ ထံ ပုဂ္ဂိုန်ရံစာခွေကို ရသည်ဆို၍။ အပြစ်ပြုပြီးလျှင်။ လူများတို့ကိုသတ်၍ ပစ်ပြီးမှ။ သံတွဲဝန်ကျော်ထင်သီဟသည်
များသောရဲမက်နှင့် ချီလာ၍။ ရခိုင်ပြည်သို့ ရောက်လှာ၏။ ရက္ခိုင် သံတွဲ ရံပြဲ မာန်အောင် လေးမြို့ဝန်

၃။ တို့ချီသွားလေ၍။ မယူကျွဲရိုင်းခုံတွင်နေသော။ ချင်းပြံသက်စုံပေါ်။ ပလက်စားငယ်တို့ကို။ သက္ကရာဇ် ၁၁၆၀
ပြည့်။ ပြာသိုလတွင် တိုက်ကြလေ၏။ ရက္ခိုင်သားတို့ ပျက်စီးသေကြေ၍ပြေးလေကုံ၏။ ချေင်းပြံလည်း အနေ
၄။ က်ကုလားပြည်သို့ပြေးလေ၏။ အောက်သားမြို့ဝန်တို့လည်း။ နောက်ထပ်လိုက်လေ၍။ ပင်းဝါမြို့နယ် ဂေါတ
ပလ္လင်တွင်။ တပ်တည်၍နေလှာ၏။ ထိုအကြောင်းကို ကြားလေသော်။ စစ်တ
၅။ ကောင်းမြို့စား အင်္ဂလိပ်သည်။ ဗိုလ်မှူးတင်တင်တို့ကို များသောသူရဲတို့နှင့်။ စေလိုက်၏။ ချီလာပြီးလျှင်။
ဂေါ်တပလ္လင်တွင် တပ်ပြိုင်၍နေလှာ၏။ အမရပူရမြို့ကို အစိုးရသောမင်းက။ ရက္ခိုင်မြို့သူကြီး
၆။ ငသံထွေသား ငချင်းပြန်သမက် လက်ရုံပေါ်တို့ ပုဂ္ဂါန်သောင်းကျမ်းကြောင်းကို ကြားသိလေသော်။ ငသံထွေသား
လေးမြို့မြို့သူကြီး မြက်စက်စိုက်သက်နှံဝေကို ခေါ်ပြီးလျှင်။ သံခြေချင်းခပ်၍။ သုဿာန်တစပြင်၌။ ရင်ဘ
၇။ တ်ကို ရဲပေါက်ဆိန်နှင့်ခွဲလျှက်။ သတ်၍ပစ်ပြီးမှ။ ပန်တလဲဗိုလ်ကို တောင်ကြောင်း။ အိမ်ရှေ့ဝင်းမှူးငတာကို
ရေကြောင်း စေတော်မူလိုက်၏။ ရေအားတောင်အား ကြပ်စည်း၍။ ချီလာပြီးလျှင်။ ဂေါတပလ္လင်တွင်။ ရော
၈။ က်ပြန်လှာ၏။ ချင်ပြန်၊ လက်ရုံပေါ်။ ပလက်စားငစံ။ ကာစွေ။ တုန်စံတို့ကို။ သူပုံသူကန်ဖြစ်သည်။ ပေးရမည်ဟု
တောင်းလေ၏။ အင်္ဂလိပ်ဗိုလ်မှူးတို့ကလည်း။ မပေးလိုသောကြောင့်။ ရာန်ခိုက်ကြီးစွာဖြစ်ကြကုံ၏။

## ခဲ----------ကျောဖက်

၁။ သက္ကရာဇ် ၁၁၆၀ ပြည့်။ တပိုတွဲလတိတိ ပြည်တွင်။ အောက်သားနှင့် အင်္ဂလိပ်တို့ တိုက်ကြလေသော်။ အင်္ဂလိပ်
ဗိုလ်မှူးနှစ်ယောက်ကို။ သေနတ်လက်နက်ထိပါး၍။ သေလေ၏။ ကုလားသူရဲလည်း။ တရာကျော် နှစ်ရာ
၂။ ခန့်အချင်းချင်းလက်နက်မှန်၍ သေကုံ၏။ အောက်သားတို့ကား။ မြေကတုပ်တွင် ပုန်းအောင်း၍နေသောကြောင့်။
အသေအပျောက်လွတ်ကုံ၏။ အင်္ဂလိပ်တို့က အောက်သားပန်းတလဲဗိုလ်ကို အကြောင်းဆို၍။
၃။ အင်္ဂလိပ်ကပ်တင်အလောင်းကို ယူလျှက်။ သင်္ဂြိုဟ်လေ၏။ အောက်သားတို့က။ ရာဇသံစာရေး၍။ ဂေါတပလ္လင်
တပ်တွင် ဆွဲလျှက်ထားခဲ့၏။ အောက်သား အင်္ဂလိပ်နှစ်ဦးလုံးပင် တပြိုင်နက်ဆုတ်၍ပြေးကြလေ
၄။ ၏။ ဒွါရာဝတီသံတွဲမြို့ကို ဗိုလ်သေက်သည်။ ထပ်လောင်း၍။ သက္ကရာဇ် ၁၁၆၀ ပြည့် တပို့တွဲလတွင်။ ညည်စစ်
တိုက်ပြံလေ၏။ မြို့စောင့် အခွန်ဝန်ဆီးခံတိုက်လိုက်လျှင်။ ဗိုလ်သေက်ကို သေန
၅။ တ်ထိပါး၍ သေလေ၏။ သံတွဲမြို့၌ နေကုံသော လူသန်လူမြန်တို့ကိုလည်း ဗိုလ်သေက်အပေါင်းအဘက်ဖြစ်သည်
ဆို၍။ များစွာသတ်လျက်ပစ်ကုံ၏။ ပုဂ္ဂံပြည် အမရပူရမြို့တွင် မယားသား
၆။ သမီးတို့နှင့်တည်ထောင်၍ နေကုံသော ရက္ခိုင်သားတို့ကိုလည်း ခံဝန်နှင့်နေရကုံ၏။ ရက္ခိုင်ပြည်က ကုံစည်သွား
လာကုံသော သူတို့ကိုကား။ သံခြေချင်းခပ်၍ ထားကုံ၏။ ပုဂ္ဂံပြည် အမရပူရမြို့ကလာကုံသော။
၇။ ရက္ခိုင်သားတို့ကိုလည်း။ သံတွဲမြို့ဝန်က ဖမ်းဆီး၍။ သတ်လျှက်များစွာ ပစ်ကုံ၏။ ရက္ခိုင်ပြည်တွင်လည်း။
ချင်ပြံသူရဲလက်နက်ကိုင်ဟု အပြစ်ပြုပြီးလျှင်။ များစွာသတ်၍ပစ်ကုံ၏။ ချင်ပြံလက်ရုံပေါ်။ ပလက်
၈။ စာငစံ။ တုံစံကာစွေ။ အရှေ့ဝင်းမှူးကာလာ။ လက်ဝဲမြန်တုံသောင်သာ။ အစဟိသော။ လူတို့ကိုလည်း။ အောက်
သားရာဇသံသည်။ ပင်္လားမြို့သို့သွား၍။ အကြိမ်ကြိမ်တောင်းကုံ၏။ ဣန္ဒရိပာတိုင်းကို အစိုး

## ခော-----------ဝမ်းဖက်

၁။ ရသောအင်္ဂလိပ်မင်းလည်း။ ပြည်တည်အရေးငြိမ့်အံ့သောငှါ။ ရွှေပေစက္ကူတွင် စာရေး၍။ အကောဝန်အေတရ
ကောက်ကိုင်။ ရာဇသံပြု၍ ရက္ခိုင်ပြည်သို့ စေလိုက်၏။ ရောက်လျှင်။ ရက္ခိုင်ဝန်မင်းကြီးကျော်
၂။ ထင်။ သံတွဲဝန် ကျော်ထင်သီဟ။ ရံပြဲဝန်လယ်ကိုင်းစား။ မာန်အောင်ဝန် လက်ျာရွှေတောင်။ လေးမြို့ဝန်တို့
သွားလေ၍။ မျက်နှာစုံညီ။ ဗူတောင်ရင်း အောင်ဆိတ်တွင်။ အင်္ဂလိပ်ရာဇသံ အေတရကောက်နှင့်။
၃။ သက္ကရာဇ် ၁၁၆၁ ခု၊ နတ်တော်လတွင်။ ပြည်တည်အရေးကို ပြောဆိုကြလျှင်။ ပြည်ထဲအရေးသည်။ ငြိမ်းချမ်း
သာယာ၍။ ရွှေလမ်းငွေလမ်းဖြစ်ကြကုံ၏။ ကသဲမင်းသား ဒုမရာဇာလည်း။ ရောက်ပြန်လှာ၏။ ထိုဒု
၄။ မရာဇာကို ပုဂ္ဂါန်ပြည် အမရပူရမြို့သို့ပို့လေ၏။ သက္ကရာဇ် ၁၁၆၂ ခု။ ကဆုံလကစ၍။ ခေါ်မြကဆုံ။ ပုံတော်ဝင်း
တံခူးဟူ၍။ နှစ်လည်းအောင်စာရင်းမှတ်သားရ၏။ သက္ကရာဇ် ၁၁၆၂ ခု။
၅။ နယုန်လတွင်၊ ရက္ခိုင်၊ သံတွဲ၊ ရံပြဲ မာန်အောင်လေးမြို့တွင် နေသောသူတို့ကို။ တအိမ်လျှင်။ သုံးအိမ်ပြု၍။

ရွာသူကြီးအမည် လင်မယား သားသို့းအမည်ထဲပြီးလျှင်။ မြေကိုင်စာရင်းဟု။ အမရပူရ
၆။ မင်းအား ဆက်သွင်းရ၏။ နတော်လတွင်ကား။ ရက္ခိုင်၊ သံတွဲ၊ မာန်အောင်တို့က၊ အသုံစေစားရန်ဆို၍။ လူငယ်သုံရာပေးရ၏။ ထိုသူငယ်သားသို့းအမည်ထဲပြီးလျှင်။ မြေတိုင်စာရင်းဟု။ အမရပူရ
၇။ တပေါင်းလတွင်။ ဝေသာလီလက်နက်ကိုင်သူရဲလိုသည်ဟု။ ရက္ခိုင်လေးမြို့ကို တောင်ပြန်သောကြောင့်။ လူတထောင်ပေးရလေ၏။ သက္ကရာဇ် ၁၁၆၄ ခု။ ကဆုံလကစ၍။ သူငယ်ပုခက်တွင်း သားမလွတ်ရအောင်
၈။ လူတကိုလျှင်။ ငွေဒင်္ဂါးတပြားစီ ဒသမကျေးတန်းဆို၍ ရက္ခိုင်လေးမြို့က ပေးရ၏။ သက္ကရာဇ် ၁၁၆၅ ခု။ တံဆောင်မုန်းလတွင်။ ဆင်ဖြူတော်ကို အကတောဟု။ ရက္ခိုင်လေးမြို့သူကြီးတို့ အမရပူရမြို့သို့သွား

**ဓော------ကျောဖက်**

၁။ ရလေ၏။ သက္ကရာဇ် ၁၁၆၇ ခု။ တံဆောင်မုန်းလတွင် ဒသမကျေးမမှီဟူ၍၊ လူဦးရေတိုင်း ငွေဒင်္ဂါးတပြားစီပေးရ၏။ သက္ကရာဇ် ၁၁၆၈ ခု နယုံလတွင်။ ပုဂ္ဂပြည် အမရပူရမြို့တွင် နေသောတပ်မှူးဗိုလ်မှူးတို့သည်။
၂။ ယိုးဒယားမြို့သို့ စစ်ချီသည်ဖြစ်သောကြောင့်။ ရက္ခိုင်လေးမြို့တွင် အောက်သားလက်နက်ကိုင်တို့ကို ပေးရ၏။ ရက္ခိုင်သားတို့က ငွေစရိုက်ပေးရ၏။ ထိုနှစ်သက္ကရာဇ်ဥက္ကောင်းမတတ်ပဲ လပြည်သုဒ္ဓဒိန်နှင့် ရေးသား
၃။ မှတ်ကြကုံ၏။ သက္ကရာဇ် ၁၁၇၁ ခု။ ဝါကျွတ်လတွင် ဒသမကျေးတန်းလူတကိုလျှင် ငွေဒင်္ဂါးတပြားစီ ပေးရပြန်၏။ သောဠသနဂိုရ်တဆယ်ခြောက်တွင်။ ဘုရားသခင် ရွှေချက်မြှုတ်ရာဖြစ်သော။ ကပ္ပိလဝတ်
၄။ ပြည်သည်။ ကပ္ပိလသျှင်ရသေ့၏ သင်္ခမင်ရာဖြစ်သောကြောင့်။ ဘုမ္မိနက်သံမြေကြီးဖြစ်သည်။ ကပ္ပိလသျှင်ရသေ့အရုပ်လည်း ထင်ရှားစွာဟိသည်။ ဖြစ်သောကြောင့်။ ကပ္ပိလသျှင်ရ
၅။ သေ့အရုပ်။ ကပ္ပိလဝတ်နန်းရာမြေဘုရားသခင်ပလ္လင်တော်ရာမြေ။ ဤမြေတို့ကို ပေးရမည်။ အမရပူရမင်းကတောင်းသောကြောင့်။ ရံပြေမြို့ဝန် ရွှေတောင်သာဂသူ။ သံတွဲမြို့ကလေးတို့။ သ
၆။ က္ကရာဇ် ၁၁၇၁ ခု။ တဆောင်မုံးလတွင်။ မဇ္ဈိမာဒေသသို့ သွားလေ၍။ ကပ္ပိလရှင်ရသေ့အရုပ်ကို ရှာဖွေသော်မရ၍ ဟိလေလျှင်။ ရှေ့ဓမ္မာသောကမင်းတည်ထားခဲ့သော ဘုရားရုပ်ထုတော်နှစ်ဆူနှင့်။
၇။ ကပ္ပိလဝတ်နန်းတော်ရာမြေ မဟာဗောဓိမြေတို့ကို ကြည်းဆောင်၍၊ အမရမင်းအား ဆက်ရလေ၏။ သက္ကရာဇ် ၁၁၇၂ ခု ကဆုံလတွင်  ရုပ်တုတော် ရှင်မဟာမုနိဥတော်ဆေးကန် အစဟိသောချေ
၈။ င်းမြစ်တို့ရေသည်။ နီနီထွေးထွေး သွေးကဲ့သို့ဖြစ်ကုံ၏။ ပိုးပရွက်ခြတို့သည်။ ရေတွင်ကျ၍။ များစွာသေကုံ၏။ သစ်စောင့်နတ်တို့လည်း။ ငိုကုံ၏။ ရမ္မာဝတီရံပြေကျွန်းတွင်လည်း။ ကလန်ကြန်းတောင်သည်။

**ဓေါ်---------ဝမ်းဖက်**

၁။ ထိန်းထိန်ရစ်၍ကြည်၏။ ရမ်းပေါက်ရွာတွင် တည်ထားကိုးကွယ်သော။ လက္ခာဘုရားရုပ်ထုတော်လည်း။ အနောက်ဘက်သို့ မျက်နှာပြု၍နေ၏။ ဤသို့ကြီးစွာသော နမိတ်တို့သည် ထင်ကုံ၏။ တကြိမ်တုံ။
၂။ အနောက်ကုလားပြည်တွင်။ နေသောချင်ပြန်လက်ရုံမ်းပေါ်တို့ကို စစ်တကောင်းစား အင်္ဂလိပ်မင်းကဘမ်း၍ယူပြီးလျှင်၊ သံခြေချင်းခပ်လျှက် အကျည်း။ ထားမည်အကြောင်းကို သိလေလျှင်။ ချင်ပြန်။ လက်ရုံပေါ်
၃။ တို့လည်း။ မျက်တောင်ရှည် တလိုင်သျှော။ ဒင်္ဂါထောင်စား တုံစံရွှေ။ မောင်ရွှေ။ ပလက်စားစေံ။ သည်သူတို့ကို။ ဗိုလ်မှူးတပ်မှူးအရာခန့်၍။ များသောသူရဲတို့နှင့်။ ချီလာပြီးလျှင်။ ဝေတ်မြစ်လကျာ်ဘက်၌။ အစောင့်
၄။ နေသော။ အောက်သား မုံတောစားကို။ တိုက်ဖျက်ပြီးမှ။ ရက္ခိုင်ပြည်သို့ ဝင်လာလျှက်။ အောင်တတ်ကနေ၍။ သက္ကရာဇ် ၁၁၇၃ ခု။ ကဆုံလတွင်။ မြောက်ဦးမြို့ကို တိုက်လှာ၏။ ထိုမြို့တွင်
၅။ ၌ဟိသောသူတို့သည်။ မြို့ပြင်သို့ထွက်၍ပြေးလေကုံ၏။ ချင်းပြုလက်ရုံပေါ်တို့လည်း။ အကြိမ်ကြိမ်အောက်သားတို့ကို တိုက်လှန်သရွှေ့သည်။ သံတွဲ ရံပြေမာန်အောင် သုံမြို့အောက်သား
၆။ တို့သည်လာ၍။ တိုက်လျှင်ပျက်စီးချေသည်ဖြစ်သောကြောင့်။ သံတွဲ ရံပြေ မာန်အောင် သုံမြို့အောက်သားတို့ကို ဆီးခံ၍တိုက်အံ့ဟု။ ဆေတိုင်ကံဆိတ်တွင် တပ်တည်၍နေလှာ၏။ ချင်ပြန်လက်ရုံပေါ်တို့ အနောက်
၇။ ကုလားပြည်ကလာ၍ ပုံဂ္ဂါနိသောအကြောင်းကို ကြားသိလေလျှင်။ မာန်အောင်ဝန်သာရရန်တိုင်။ ရံပြေမြို့သူကြီးငခဲ့တို့။ များသောသူရဲနှင့်။ တပ်ဦးချီလာသည်ကို။ ချင်းပြန်။ လက်ရုံပေါ်။ မျက်တောင်ရှည်။ တလိုင်သျှော

၈။ ဒင်္ကားထောင်စားတုံစရွှေ၊ ပလက်စား ငစံ။ တိမ်းကျားဗိုလ်တို့။ သက္ကရာဇ် ၁၁၇၃ ခု ကဆုံလတွင်။ မိုးသီးနတ်
တောင်မြစ်ပြင်ဝယ်။ ဓားပူး၍တိုက်ကြလေသော်။ တပ်ဦးဗိုလ်မာန်အောင်ဝန်သာရရုံတိုင်း ရုံပြမြို့သူကြီး ငခဲ။

**ဓေါ်---------ကျော့ဖက်**

၁။ သူရဲလက်နက်ကိုင်တို့သည် ပြစ်ပြစ်သေကုံ၏။ သံတွဲဝန် ငရွှေပန်း။ တောင်ခွင်ကြိမ်သကြီးအုပ် ငရွှေလှည်။
ရုံပြဝန်လက်ျာစည်သူနော်ရထာ. တို့သည် တပ်လောင်၍။ များသောသူရဲနှင့် ချီလာပြန်လျှင်။ ဂုင်းကဆုံလ၌
ကျော
၂။ က်ငန္ဒွားတွင် တိုက်ကြပြန်၏။ အောက်သားတို့သည် မခံမရပ်နိုင်သောကြောင့် လှေကိုပစ်လျှက် ကြည်သို့တက်
လျှက် ပြေးလေကုံ၏။ သံတွဲဝန်ငရွှေပန်း ကြိမ်သကြီးအုပ် ငရွှေလည်း ရမ်းပြဲဝန်လက်ျာစေသူနောရံတာ
၃။ တို့သည်လည်း။ အလွန်ကြောက်ထိပ်လန့်၍။ တိုက်လေယင်စီးလျှက် ပြေးလေကုံ၏။ ချင်းပြန်သူရဲတို့လည်း
အောက်သားတို့ကို များစွာသတ်၍ပစ်၏။ လှေတက်လက်နက်ကိရိယာတို့ကိုလည်း များစွာ
၄။ ရလိုက်၏။ ရက္ခိုင်ဗိုလ်ချုပ်မျက်တောင်ရှည်လည်း နန္ဒီသေနဗန္ဓုလစစ်သူကြီးအမည်ကိုခံ၍။ ဗိုလ်တလိုင်းသျှေ။
ဒင်္ကားထောင်စား တုံစံရွှေ။ သည် ဗိုလ်မှူးတို့နှင့် ရမ်းပြဲကျွန်းတိုင်အောင်
၅။ နောက်ထပ်လိုက်လေ၍။ အောက်သားတပ်ကို တိုက်လေ၏။ သံတွဲမြို့ကို မြို့သစ်စား မောင်ဝေနှင့်။ ဗိုလ်သချစ်ရီ။
ဗိုလ်ငပုတ်တို့ကို၊ တိုက်စေ၏။ မာန်အောင်မြို့ကို၊ လက်ရုံမ်ဗိုလ်တိ
၆။ မ်ကျားဗိုလ်တို့ကို တိုက်စေ၏။ ရက္ခိုင်ပြည်တွင် လက်ယာမြံအရပ်က။ ပလက်စား ငစံ၊ တပ်မင်းမောင်ရွှေတို့ကို
တပ်နှင့် စောင့်စေ၏။ ငရကောက်အရပ်က။ နောင်တော်လေးမြို့စား။ နံတအောင်ငေ
၇။ ကျော်ကို စောင့်စေ၏။ ရွှေနတ်ပင်ကြောင်းက။ အောင်ကျော်ရွှေကို စောင့်စေ၏။ လောင်းကြက်မြို့ဟောင်းက။
ဗိုလ်ဇောကေ။ တပ်မင်းသောကြေတို့ကို စောင့်စေ၏။ ရမ်းဝက ဗိုလ်နှံရှိနှင့်။ တပ်မှူး
၈။ သာရကန္တကို စောင့်စေ၏။ စကုအရပ်က နဂရာဇ်မော်တင်ကြောင်းလာသော အောက်သားတို့ကို။ တိုက်အံ့
သောငှာ။ ဗိုလ်တိုအောင်ကျော်ကို စောင့်စေ၏။ ခုနှစ်ခုရိုင်တောင်စည်တွင် အောက်သား

**ခံ---------ဝမ်းဖက်**

၁။ လမ်းဖြစ်သော ။ မအီအရပ်က။ ဗိုလ်မြုံထောင်စား။ ဗိုလ်မှူးမောင်ညို။ တပ်မှူးညိုရောင်ဖြူတို့ကို စောင့်စေ၏။
ဤသို့အသီးသီးစောင်းနေပြီးမှ။ ရဲဘော်ငယ်မည်ဟိသော ချင်ပြန်သည်။ ဂစ္ဆဘနဒီမြစ်၏ အနောက်ဘ
၂။ က်ဖြစ်သော ။ ယိုးငူအရပ်၌။ ဇေတီမြို့အမည်မှည့်လျက်။ သစ်တပ်မြို့တည်၍ နေလေ၏။ ကွြင်းသောဗိုလ်ရုံ
တပ်ရုံတို့ကိုကား။ ခုနစ်ခရိုင်တောင်စည်တို့၌။ အသီးအသီးတပ်နှင့် စောင့်စေ၏။ ဤသို့တပ်ပေါင်းသုံးဆ
၃။ ယ်နှင့်။ နေသောကြောင်းကို။ အမရပူရမြို့ကို အစိုးရသောမင်းကြီးကြားသိလေလျှင်။ မြပ္ပာနိုင်ငံအတွင်း၌ ရက္ခိုင်
သားတို့များစွာ ဟိကုံသည်ဖြစ်သောကြောင့်၊ အတွင်းမီးထလတ္တန့်ဟု အမှတ်ဟိ၍။ လင်မ
၄။ ယာ၊ အိမ်ထောင်စုံနေသော ရက္ခိုင်သားတို့ကိုင် ခံဝံချုပ်နှင့် နေစေ။ ကုံစည်ပေါက်ကားရောင်းဝယ်သော ရက္ခိုင်
သားတို့ကိုမူကား။ နှောင်အိမ်၌။ အကျည်ထားဟု အာဏာပေးပြီးမှ။ မင်းလှစည်သူ
၃။ ကိုခေါ်တော်မူ၍။ ရက္ခိုင်လေးမြို့တို့ကို ဝန်းရံ၍နေသော ချင်ပြန်လက်ရုံမင်းပေါ်တို့ကို တိုက်ဖျက်ခြေဟုစေတော်
မူလိုက်၏။ မင်းလှစည်သူလည်း။ ချီလာပြီးလျှင်၊ သရေခေတ္တရာပြည်မြို့တွင်။ တ
၆။ ည်ချ၍နေပြီးမှ။ ရေကြောင်းကုံမ်းကြောင်း စေခိုင်းရမည်လည်း မိုးလေဝသများ၍။ လမ်းခရီးမသာသောကြောင့်၊
သူရဲလက်နက်ကိုင် ခွဲခန့်ပြီးလျှင်။ ဆိုင်းငံ့၍ နေလေ၏။ ဗိုလ်မျက်တောင်ရှည်လည်း လမ္ဗုစားချည်း
၇။ လူးတို့ ရမ်းပြဲဗိုလ်ချုပ်ခန့်၍။ အောက်သားတို့ကို တိုက်စေသော် စစ်ရေးမသာသောကြောင့်။ တန်းအရပ်က
ဆုတ်ခွာပြီးလျှင်။ လက်ပံ၌တပ်တည်လှာ၏။ ထိုလက်ပံတပ်ကိုလည်း။ ဓားဝယ်ဗိုလ်ငစံသည်။ အောက်သား
၈။ သူရဲလက်နက်ကိုင်နှင့်။ တိုက်လှာလျှင်။ လက်ပန်တပ်ပျက်လေ၍။ ဗိုလ်မျက်တောင်ရှည် လမူးစားချည်းလူးတို့။
သက္ကရာဇ် ၁၁၇၃ ခု။ ဝါခေါင်လဆန်းနှစ်ရက် စနေနေ့တွင်။ စနည်းချောင်းဝ၌ လှေတပ်တည်၍ နေလှာ၏။ သံ

**ခံ--------ကျောဖက်**

၁။ သံတွဲမြို့ကို ဝန်းရံ၍ နေသောမြို့သစ်စား မောင်ဝေဗိုလ်ဘချစ်ရီ ဗိုလ်ငပုတ်တို့လည်း။ ဆုတ်လာ၍။ ၎င်းဝါခေါင်
လ၌။ ခမောင်းတုမ်းအရပ်တွင် လှေတပ်တည်၍ နေလှာ၏။ မာန်အောင်ကို ဝန်းရံနေသော လက်ရုံပေါ် တိမ်ကြား
ဗိုလ်

၂။ တို့လည်း။ စစ်ရေးမသာသောကြောင့်။ ၎င်းလတွင်။ လည်ဗူးချောင်းဝ၌ တပ်တည်၍။ နေလှာ၏။ ဤသို့
အကြောင်းအရာများကို မင်းလှစည်သူကြားလေလျှင်။ အသစ်ခန့်သောမာန်အောင်ဝန်ကို။ အရှေ့ခုနှစ်ခရိုင်ကို
မင်းတုံအား

၃။ နှင်စေလိုက်၏။ ထိုမာန်အောင်ဝန်အသစ်လည်း။ သူရဲတထောင်နှင့်ချီလာပြီးလျှင်။ သက္ကရာဇ် ၁၁၇၃ ခု၊ ဝါခေါင်
လပြည့်နေ့၌။ မအီချောင်းတွင် ရောက်ပြန်လှာ၏။ ထိုရောက်လာသော မာန်အောင်ဝန်အသစ်ကို။ လမ္ဗူစား
ငချည်းလူ

၄။ ဆီးခံတိုက်လိုက်သောကြောင့်။ ထွားထွားညက်ညက်ပျက်စီးပြန်လေ၏။ စလင်ဆင်ဖြူကျွန်းဗိုလ်လည်း။ လူ
တထောင်နှင့်ချီလာ၍။ သက္ကရာဇ် ၁၁၇၃ ခု တော်သလင်းလတွင် ဓားလက်ချောင်းတွင် ရောက်ပြ

၅။ လှာ၏။ ထိုရောက်လှာသော အောက်သားစလင်ဆင်ဖြူကျွန်းဗိုလ်ကို တိမ်ကြားဗိုလ်တပ်မှူး နံ့တအောင်။ တပ်မင်း
ကြေက်တို့ ဆီးခံတိုက်လိုက်သောကြောင့်။ သေကြေပျက်စီးလျှက် ပြီလေကုံ၏။ ဤသို့

၆။ လျှင် အောက်သားတို့သည်။ အကူအရုံမပေါက်မရောက်နေသောကြောင့် ရက္ခိုင်ပြည်တွင် ဟိသောအောက်သား
တို့လည်း မြုံမ်တွင်ထောင်သော ငါးကဲ့သို့ဖြစ်ကုံ၏။ ချင်းပြုံလည်း။ လမ္ဗူစားငချည်းလူးသည်။ ဓားလှန်ငေ

၇။ သေနတ်တို့မဝင်။ ခုတ်မပြတ် အစွမ်းသတ္တိဟိကြောင်းကို သိလေသောကြောင့်။ တောင်စည်အရပ်က ရအောင်
ခေါ်ဝေါ်သိမ်းယူ၍။ ဇေဝတီမြို့သို့ရောက်လှာလျှင်။ မယားတယောက်ပေးစား၍ ထားလေ၏။ အော

၈။ က်သားတို့ရာန် စစ်ငြိမ်းပြီးမှ။ လမူးစားချည်းလူး။ ဗိုလ်မျက်တောင်ရှည်။ ဗိုလ်တလိုင်းသျှေ။ ဒင်္ဂါးထောင်စား
တုံစံရွှေ ဗိုလ်ဇောကေ အစဟိသော ဗိုလ်မှူးတပ်မှူးတို့ကို ရွေးချယ်၍။ သုံရာခုနှစ်ကျိတ်လူတို့ကို သတ်၍ပစ်အံ့

**ဓား--------ဝမ်းဖက်**

၁။ ဟု။ အကြံဖြစ်၏။ ထိုအကြံကို။ ဗိုလ်မှူးတပ်မှူးသူရဲအပေါင်းတို့ သိလေကုံသော်။ အောက်သားစစ်တို့ကို မတိုက်လို
ပဲ တိမ်းယိန်း၍ နေကြကုံ၏။ ချင်းပြုံလည်း ရခိုင် သံတွဲ။ ရံပြဲ မာန်အောင် လေးမြို့၌ဟိသောလူတို့ကို။

၂။ သိမ်းယူပြီးလျှင်။ ဂစ္ဆာဘနဒီမြစ်၏အနောက်ဘက်ဖြစ်သော ဇေဝတီမြို့သို့ပြောင်း၍ ထားလေ၏။ ရက္ခိုင်လေးမြို့
လူတို့င်ကို ရလေလျှင်။ မြှောက်စည်ကို တီးခတ်စေပြီးမှ ဓနူဓမ္မရာဇာအမည်ကို ခံလျှက် ဒင်္ဂါးခပ်အံ့ဟု။

၃။ တအိမ်ကိုခန်ဇနာ ငွေနှစ်ပြားစီကောက်ခံ၏။ ဉစ္စာရွှေငွေရတတ်သောသူတို့ကို။ ချေးငှါးသည်ဟု တောင်းခံ၍
ယူကုံ၏။ ဗိုလ်မှူးတပ်မှူး သူရဲလက်နက်ကိုင်တို့လည်း။ ရက္ခိုင်လေးမြို့တွင် နေသောလူတို့ကို အောက်သား

၄။ အပေါင်းအဘက်ဖြစ်သည်ဟုဆို၍။ အမှုများစွာပြုလုတ်ပြီးလျှင်။ ရွှေငွေဉစ္စာပေးရမည်တောင်း၍ ယူကုံ၏။
စစ်ခွန်ဘဏ္ဍာဟူ၍လည်း။ ရွှေငွေဉစ္စာပေးရကုံ၏။ သုမယား သမီးပျိုတို့ကိုလည်း အား

၅။ အံ့ပြု၍ လုလျက်ယူပြီးလျှင်။ အသိန်အပိုက်ပြုကုံန်၏။ ကျွဲနွားဆိတ်ဝက် ဝမ်းပဲကြက်တို့ကိုလည်း များစွာသတ်၍
စားကြကုံ၏။ ထာဝရဉယာည်တို့ကိုလည်း များစွာခုတ်ထစ်၍ ပစ်ကုံ၏။ အချင်း

၆။ ချင်းလည်း မသင့်မတင့်များစွာ ခိုက်ရာန်ဖြစ်ကြကုံ၏။ ဤသို့လျှင် တရားမစောင့် ပြုကျင့်သောကြောင့်။ ပြည်သူ
လူအများတို့သည် ကြမ္မာကို ယိုးလျှက် ဘုရားကိုးသာ နေကြကုံ၏။ ရက္ခိုင်မြို့ဝန်မင်းကြီး ကျော်ထင်လည်း

၇။ မြို့သူကြီး ငရန်ကင်းကို။ ဗိုလ်ချုပ်ခံ့ပြီးလျှင်။ သူရဲလက်နက်ကိုင်တို့ကို ကြပ်စည်းလျှက်။ ကြည်းအားရေအားချီလာ
၏။ သက္ကရာဇ် ၁၁၇၃ ခု။ တံဆောင်မုန်းလဆန်း တဆဲ့တရက် စနေနေ့တွင်။ လောင်းကြက်ဗိုလ်ဇောကေ။ တ

၈။ ပ်မင်းသောက်ကြေတို့ကို။ တိုက်လေသော်။ ဗိုလ်ဇောတေလည်း။ ပျက်စီး၍ပြေးလေ၏။ တပ်မင်းသောက်ကြေ
ကား။ သေနတ်လက်နက်မှန်၍ သေလေ၏။ ၎င်းတဆောင်မုန်းလပြည့်ကျော်ငါးရက်။ တလလ်ာနေ့တွင်

**ဓား---------ကျောဖက်**

၁။ လက်ျာမြန်ဗိုလ် ပလက်စားငစံ။ တပ်မင်းမောင်ရွှေတို့ကို။ တိုက်ပြုံလေလျှင်။ ဗိုလ်ပလက်စား ငစံ တပ်မင်းမောင်

ရွှေတို့သည်။ မခံမရပ်နိုင်၍။ လှေတက်လက်နက်ကိရိယာတို့ကို ပစ်၍ကြည်းကြောင်းပြေးလေ၏။ အော
၂။ က်သားတို့က ရက္ခိုင်စစ်သည် လှေတက်လက်နက်ကြိယာတို့ကို အကုံရလိုက်၏။ ငရဲကောက် တပ်စောင့်
လေးမြို့စား နံတိုးအောင်ကျော်။ ရွှေနတ်ပင်တပ်စောင့် အောင်ကျော်ရွှေ ရမ်းဝတပ်စောင့် နံ့ရွှေတို့လည်း။ ဆုတ်
၃။ ၍သွားလေပြီးလျှင်။ ချင်ပြုံနေသော စေဝတီမြို့တွင် နေလှာ၏။ ထိုနေ့ကစ၍။ ချင်ပြုန်စစ်သည်တို့သည်။ မတည်
မရပ်ဖြစ်ကြကုံ၏။ ပုဂ္ဂံပြည် အမရပူရမြို့ကို အစိုးရသောမင်းလည်း ။ တိုင်းတားဝန် အာကကျော်ထ
၄။ င်ကို။ ရေကြောင်းအသစ်ခန့်သော မြင်ဝန်ငမှိုင်းနှင့်။ ဗိုလ်မှူးတပ်မှူးတို့ကို ကြည်းကြောင်းစေတော်မူလိုက်၏။
မြင်ဝန်ငမှိုင်း သညင်ဗိုလ် ဓားပြဗိုလ်တို့လည်း။ ကြည်းကြောင်းချီလာ၍။ မအီချောင်းတွ
၅။ င်ရောက်ပြန်လှာသော်။ မအီတပ်စောင့် ဗိုလ်မြုံထောင်စား၊ တပ်မင်းမောင်ညို၊ တပ်မှူးညိုရောင်ဖြူတို့သည်။
သူရဲလက်နက်ကိုင်တို့နှင့်။ ဆီးခံ၍တိုက်လိုက်လျှင်။ စစ်ရဲအားဖြင့် အံမတူသောကြော
၆။ င့်။ ဆုပ်၍လာလျှက်။ ရံပြဲစနည်း ဗိုလ်ဗျာက်တောင်ရှည်ထံ။ စစ်အကူအရံတောင်းလေသော်။ ဗိုလ်မျက်တောင်
ရှည်လည်း။ ဗိုလ်ကျားကြီးကို ထည့်လိုက်၏။ ဗိုလ်မြုံထောင်စား ဗိုလ်ကျားကြီးတို့ ပေါင်းဘက်၍ မအီသို့ချီ
၇။ လေလျှင်။ ရောက်လေသော။ ဗိုလ်ကျားကြီးသည်။ ဖိုးခေါင်တောင်ရိုးသို့သွား၍ တိုက်ခိုက်ချေသော်။ လမ်းမသာ
သည်ဖြစ်သောကြောင့်။ မြေသာယာသောအရပ်သို့ ရောက်သွားမှ။ တိုက်ဆိုင်မည်ဟုဆို၍။ ပြန်လာပြီး
၈။ လျှင်။ စနည်းတပ်တွင် နေပြန်လှာ၏။ မြင်းခန်ငမှိုင်။ သညင်ဗိုလ် ဓားပြဗိုလ်တို့လည်း။ ရံပြဲတန်းမြို့တွင်
မြို့ဝန်လက်ျာစေသူ နော်ရထာနှင့် ပေါင်းဘက်၍နေလေ၏။ တိုင်းတားဝန် အားကာကျော်ထင်လည်း နဂရာဇ်မော်

**န---------ဝမ်းဖက်**

၁။ တင်ကြောင်းချီလာ၍။ ပြည်မကျည်းတွင် ရောက်လာသည်ကို။ စကုတတ်စောင့်ဗိုလ်တို့အောင်ကျော်သည်။
ဆီးခံ၍တိုက်လိုက်သောကြောင့်။ တိုင်တားဝန်အာကာကျော်ထင်သည်။ မခံမရပ်နိုင်၍ သံတွဲမြို့သို့ဝင်လျှက်
၂။ နေလေ၏။ သံတွဲမြို့ကို ဝန်းရံသော မြို့သစ်စား မောင်ဝေ၊ ဗိုလ်ဘချစ်ရီ ဗိုလ်ငပုတ် ရံပြဲဗိုလ်ကျားကြီးတို့
ပေါင်းဘက်၍ချီးသွားပြီးလျှင်။ စကုတပ်စောင့်တို့ အောင်ကျော်နေရာသို့ ရောက်လှာ၏။ တိုင်းတာဝန် အာကာ
၃။ ကျော်ထင်လည်း သံတွဲမြို့ဝန် ငရွှေပန်းနှင့် ပေါင်းဘက်ချီလာပြန်လျှင်။ စကုမြစ်သို့ရောက်လှာ၏။ ချင်းပြန်
သူရဲတို့နှင့်။ တိုင်းတားဝန် အာကာကျော်ထင်နှင့်။ ထွေးသျှက်၍ တိုက်ကြလေသော်။ ရံပြဲဗိုလ်မှူးကျားကြီး
၄။ သည်။ မတိုက်ဆိုင်လိုသောကြောင့်။ ပြန်၍စနည်းတပ်သို့ သွားလေ၏။ သံတွဲဗိုလ်ဘချစ်ရီ စကုဗိုလ်
တို့အောင်ကျော်တို့လည်း။ ပျက်စီး၍ပြေးလေကုံ၏။တိုင်းတာဝန် အာကာကျော်ထင်လည်း။ စ
၅။ ကုတပ်ကို ရလေ၏။ မာန်အောင်မြို့ကို ဝန်းရံ၍ နေသောလက်ရုံပေါ် တိမ်ကျားဗိုလ်တို့သည်။ မာန်မဘင်မြို့
စစ်အရံကိုပြုတ်ပြီးလျှင်၊ လက်ရုံပေါ်သည်။ မြင်ပလ္လယ်ကြောင်း သွားလေ၍။ စနည်း
၆။ တပ်တွင် နေလေ၏။ တိမ်ကျားဗိုလ်ကား။ ရံပြဲသို့ချီလာလျှင်။ စည်းကုမော်တံခါးတွင် တိုင်တားဝန်သူရဲနှင့်
တွေ့ကြလေ၍။ တိုက်ကြလေသော်။ တိမ်ကျားဗိုလ်ပျက်စီးလျှက်။ လှေကိုပစ်၍ ကြည်းကြောင်းပြေးလေလျှ
၇။ င်။ စနည်းတပ်သို့ရောက်လေ၏။ လှေတက်လက်နက်ကြိယာတို့ကို အောက်သားတို့က ရလိုက်၏။ တိုင်တားဝန်
အာကာကျော်ထင်လည်း။ ရံပြဲမြို့သို့ သွားလေ၍။ ရံပြဲဝန်လက်ျာစေသူ နော်ရထာနှင့်ပေါင်းဘက်
၈။ ၍ နေလှာ၏။ တိုင်တားဝန်အာကာကျော်ထင်လည်း မြင်ဝန်းမှိုင်း သညင်ဗိုလ် ဓားပြဗိုလ်တို့ ကြပ်စည်း၍။
ကြည်းအားရေအားချီလေသော်။ သံစစ်မြစ်သို့ ရောက်လှာလျှင် စနည်းတွင် တပ်တည်၍ နေသော ဗိုလ်
မျက်တောင်ရှည်

**န----------ကျောဖက်**

၁။ လည်။ ဗိုလ်တလိုင်သျှေ။ ဒင်္ကားထောင်စား တုံစရွှေတို့နှင့်။ သူရဲလက်နက်ကိုင်တို့ကို ရုံစု၍။ အာမခံသူရဲတို့ကို။
ရဲဆုပေးပြီးမှ။ စစ်ဦးချီတက်စေ၏။ တိုင်တားဝန် အာကာကျော်ထင်နှင့်။ ရက္ခိုင်ဗိုလ် တလိုင်သျှေ။ ဒ
၂။ င်္ကာတောင်စား တုံစံရွှေကို။ ပြောင်းလက်နက်နှင့်။ ထွေးသျှက်၍ပစ်ကြလေသော်။ ဗိုလ်မျက်တော်ရှည်သည်
ချင်းပြန်ကို။ အာခါတအထဲမှတ်လျှက်။ စစ်ရေးနိမ့်စေလိုသောကြောင့်။ နောက်ကနေ၍။ စစ်ဦးချီတက်
၃။ စေသော်။ အာမခံသူရဲတို့လှေကို။ ပြောင်လက်နက်နှင့်။ ပစ်လေသော်။ တိုက်ခိုက်ထိပါး၍။ အာမခံသူရဲတို့

ပျက်စီးသေကြေလေလျှင်။ ဗိုလ်ချုပ်မျက်တောင်ရှည်လည်း စစ်ဦးလည်၍ သွားလေ၏။ ဗိုလ်မှူးတပ်မှူးတို့လည်း
၄။ လွတ်ရာပြေးလေကုံ၏။ တိုင်တားဝန် အာကာကျော်ထင်လည်း။ အလွန်ဝမ်းသာလျှက်။ တိုက်လှေစီး၍တိုက်ပြီး
လျှင်။ တွေးမှိသောသူတို့ကို သတ်ဖြတ်၍ပစ်လေ၏။ ဒင်္ကားထောင်စား
၅။ တုံးစံရွှေလည်း။ ရေကြောင်းမပေါက်နိုင်သောကြောင့်။ လှေကိုပစ်ပြီးလျှင်။ မြို့ချောင်းကျွန်းသို့ တက်၍သွားလေ
ပြီးမှ ။ ချင်းပြုံနေသော စေဝတီမြို့သို့ ရောက်လေ၏။ ချင်းပြုံလည်း။ ယောက်ဘ
၆။ လက်ရုံမ်းပေါ်။ သမက်တိမ်ကျားဗိုလ်။ နောင်တော်ပလက်စား ငဝံ။ တပ်မင်းမောင်ရွှေ ဗိုလ်မျက်တောင်ရှည်၊
ဗိုလ်တလိုင်းသျှေ။ ဒင်္ကားထောင်စား တုံစံရွှေ။ ဗိုလ်ဇောကေ။ လမ္ဗုစားချည်းလူ၊ ဗိုလ်မင်းတပ်မှူးတို့ကို။ ခေါ်
၇။ ဝေါ်၍။ စည်းဝေးတိုင်ပင်၏။ ရက္ခိုင်သံတွဲ ရံပြမာန်အောင်တွင်နေသော အောက်သားတို့နှင့်။ စစ်မက်ဆိုင်၍
တိုက်ကြသော်။ အားအံတူ၍ ဟိချေသည်။ အမရပူရမင်းက စေခိုင်း၍ ချီလာသော။ တိုင်တားဝန်အာ
၈။ ကကျော်ထင်သည်။ သံတွဲ၊ ရံပြ၊ မာန်အောင် သုံမြို့အောက်သားတို့ကို သိမ်းယူလျှက်။ သူရဲလက်နက်ကိုင်
များစွာနှင့်ချီလာ၍ ရောက်လှာလျှင်။ အဘယ်သို့ တိုက်ဆိုင်ကြအံ့နည်းဟု မေး၏။ လက်ရုံပေါ် တိမ်ကျား

__နာ--------ဝမ်းဖက်__

၁။ ဗိုလ်အစဟိသော ဗိုလ်မှူးတပ်မှူးတို့လည်း။ တစုံတယောက်စကား တခွန်းမျှမဆို ဆိတ်ဆိတ်နေကြကုံ၏။ ဗိုလ်
မျက်တောင်ရှည်က။ အကျွန်ုပ်တို့သည်။ အသက်ကိုလည်းစွန့်လျှက်။ တဘက်ရာန်စစ်ကိုတိုက်
၂။ ဆိုင်၍ အောင်ခြင်းသို့ ရောက်တုံသော်လည်း။ နောင်လာလတ္တန့်သောအခါ၌ ကောင်းအံ့သောအရေးကို မမြင်ပါ
ဟု ဆိုပြီးလျှင်။ သွားလေ၏။ တိုင်တားဝန် အာကာကျော်ထင်လည်း။ များသောသူရဲလက်နက်
၃။ ကိုင်တို့နှင့် ချီလာသောအကြောင်းကို ကြားသိလေသော် ငချင်ပြန်လည်း။ ဗိုလ်မှူးတပ်မှူးသူရဲလက်နက်ကိုင်
တို့ကို စည်းကြပ်၍။ တိုက်လှေလေးရာကျော်ကို။ စေလိုက်လျှက်။ ချီးသွားလေသော်။ ကျောက်ငန္ဒား
၄။ တွင် တိုင်တားဝန် အာကာကျော်ထင်နှင့်။ တွေလေ၍။ တိုက်ကြလေလျှင်။ ရက္ခိုင်စစ်သည် ဗိုလ်မှူး တပ်မှူး
သူရဲတို့သည်။ မတိုက်လို၍။ ထိုထိုသော အရပ်တို့သို့ ပရမ်းပတာပြေးလေကုံ၏။
၅။ ချင်းပြန်လည်း။ လမ္ဗုစားချည်းလူ၊ မအီဗိုလ်မြုံထောင်စားတို့ကို ထပ်လောင်း၍ စေပြုံလိုက်၏။ လမ္ဗုစား။ မအီဗိုလ်
မြုံထောင်စားတို့လည်း။ ချီသွားလေ၍။ ဆေးတိုင်ကံဆိတ်တွင် တပ်တဉ်
၆။ ၍ နေလေ၏။ ချင်းပြုံလည်း။ ဗိုလ်ဇောကေကိုကား။ လောင်းကြက်သို့စေလိုက်၏။ ဗိုလ်ဇောကေလည်း ချီသွား
လေ၍။ လွတ်ရာအရပ်တွင် နေလေ၏။ ချင်းပြန်လည်း ဗိုလ်မှူးတပ်မှူး သူရဲလက်နက်ကိုင်တို့။ ထိုထိုသော
၇။ အရပ်သို့ပြေးလေသည် အကြောင်းကိုသိလေလျှင် မတည်မရပ်နိုင်ဖြစ်၍။ နောင်တတဘ်။ ယူပြုံမရ အားအံကျပြီး
မှ။ သက္ကရာဇ် ၁၁၇၃ ခု၊ ပြာသိုလပြည့်ကျော် လေးရက် ဗုဓဟူးနေ့ နေထွက်တွင်။ စေဝတီမြို့ကသည် ရက္ခို
၈။ င်လေးမြို့လူတို့ကို သိမ်းယူ၍။ အနောက်ကုလားပြည်သို့ ပြေးလေ၏။ တိုင်တားဝန်အာကာကျော်ထင် ။ သညင်
ဗိုလ်။ ဓားပြဗိုလ်။ ရက္ခိုင်၊ သံတွဲ၊ ရံပြ မာန်အောင်၌ ဟိလေသော အောက်သားဗိုလ်မှူးတပ်မှူး သူရဲလက်နက်

__နာ--------ကျောဖက်__

၁။ ကိုင်တို့ ပေါင်ဘက်စည်။ ကြပ်၍။ အဲနောက်ကုလားပြည်သို့ ချီလေသည်။ ငတ်ပြစ်လကျော်မုံတောတပ်တွင်
နေလှာ၏။ အကြောင်းကို ကြားလေသော်၊ စစ်တကောင်စား အင်္ဂလိပ်မင်းလည်း။ ဗိုလ်မှူးတတ်မှူးတို့ကို။ စေလိုက်
၍။
၂။ များသောသူရဲနှင့် ချီလာပြီးလျှင်။ လူအပေါင်းကို သိမ်းယူ၍။ ကိုယ်တို့အနောက်ကုလားပြည်သို့
ဝင်ရောက်လေသည်။ အင်္ဂလိပ်ဗိုလ်မှူးတပ်မှူးတို့က လက်ခံ၍ မထားသင့်အပ်ပေးရမည်ဟု တမာန်လွှတ်၍
တောင်းလေ၏။ အင်္ဂ
၄။ လိပ်ဗိုလ်မှူး တပ်မှူးတို့ကလည်း။ ချင်းပြန်လက်ရုံးပေါ် တို့ ရက္ခိုင်ပြည်ကို။ သူပုံတန္တဓားပြပြုလုတ်၍၊ ဖျက်ဆီးပြီး
လျှင်၊ လူများတို့ကို သိမ်းယူ၍၊ ငါတို့ပြည်သို့ ခိုဝင်ရောက်လှာသည် မှန်မူငါတိုင်
၅။ သာပိုင်သင့်သည်။ မြမ္မာလက်သို့ မအပ်သင့်ချေဟု။ ဆိုပေ၏။ တိုင်တားဝန်အာကကျော်ထင်လည်း ချင်ပြန်
နောက်လိုက်လေသောရက္ခိုင်သံတွဲ ရံပြ မာန်အောင် လူတို့ကိုလှည့်ဖြား၍။ ခေါ်

၆။ ပြီးလျှင်။ ရောက်လှာကုံသော လူအပေါင်းတို့အား။ သိမ်းယူလျှက်။ ညည့်အခါ၌ သတ်၍ပစ်လေ၏။ မိမ္မအိုတနို့ကို
ပစ်စွန့်ခဲ့လျှက်။ မိမ္မပျိုတို့ကို ယူဆောင်လေ၏။ တိုင်တားဝန်အာကာကျော်ထင် အစဟိသော ဗိုလ်မှူး
၇။ တပ်မှူးတို့သည်။ ပုဂ္ဂပြည် အမရပူရမြို့ ပြန်သွားလေကုံ၏။ ရက္ခိုင်မြို့ဝန် မင်းကြီးကျော်ထင်လည်း။
တပ်မှူးငလွန်ပြေကို။ ငကျည်တောက်အရပ်၌။ တပ်စောင့်ထားခဲ့၍ ပြန်သွားလေ၏။ ရက္ခိုင်သံတွဲ
ရံပြမာန်အောင်တွ
၈။ င်ကျန်ရစ်သော လူတို့ကို။ ချင်းပြဲလက်ရုံပေါ်တို့သူရဲဆို၍။ များစွာသတ်၍ပစ်လေ၏။ ပုဂ္ဂံပြည် အမရပူရမြို့သို့
ကုန်သွားလားကုံသော ရက္ခိုင်သားတို့ကိုမူကား။ ဓမ္မရာဇ်ရာဇာသားတော်ရေ နောက်စားသုဒ္ဓေါ်

## နိ———————ဝမ်းဖက်

၁။ ဦးသည်။ အမရပူရမင်းထံလျှောက်ကြား၍။ အကောက်ဝန်ဒေါ်နားကို စေခိုင်းပြီးလျှင်။ အရပ်ရပ်တွင်ဟိသော
ရက္ခိုင်သားတို့ကို တောင်အကျည်းမှ နှုတ်ယူလေ၏။ အချို့ရက္ခိုင်သားတို့လည်း။ ဖိုးခေါင်ကိုကျော်၍လာရာတွ
၂။ င်။ ဖိုးခေါင်တောင်တွင်နေသော အောက်သားတို့ ဖမ်းဆီးလျှက်။ ခါးပိုက်ဥစ္စာတို့ကို ယူပြီးလျှင်။ သတ်၍များစွာ
ပစ်ကုန်၏။ သံတွဲတွင် ရောက်ပြန်လျှင်လည်း။ သံတွဲအောက်သားတို့ကို ဖမ်း၍ သတ်လျှက်ပစ်ပြလေ၏။ ချင်းပြဲ
၃။ လက်ရုံမ်ပေါ်တို့ ရက္ခိုင်လေးမြို့ကို စစ်တပ်သည်ကား။ ကိုလကြာ၏။ တကြိမ်တုံရဲဘော်ဝယ်မည်ဟိသော
စည်းတင်စားချင်းပြန်သည်။ ယောက်ဘလက်ရုံပေါ်နှင့် ရစွမ်းနိုင်သော ဗိုလ်မှူးတပ်မှူးတို့ကို ရုံစုပေါင်စဉ်
၄။ ပြီးမှ။ ငတ်လက်ျာဘက် မုန်သောလတွင် တပ်တည်၍နေပြီးလျှင်။ သူရဲလက်နက်ကိုင်တို့ကို စေခန့်၍။ ငကျည်
တောက်တပ်စောင့်နေသော တပ်မှူး ငလွန်ပြေကို။ သက္ကရာဇ် ၁၁၇၄ ခု ကဆုံလတွင်တို
၅။ က်လေစေသော်။ တပ်မှူးလွန်းပြေသေလေ၏။ အကြောင်းကို ကြားလေပြန်သော်။ ရက္ခိုင်ဝန်မင်းကြီးကျော်ထင်
လည်း။ ဗိုလ်မှူးတပ်မှူးတို့ကို စေလိုက်၍။ တိုက်ပြန်လာလျှင်။ ငချင်းပြန်သည် မခံမရပ်
၆။ နိူင်၍။ ကုလားပြည်သို့ ဝင်လျှက် ပုန်အောင်း နေပြန်လေ၏။ လမ္ပူစားချေည်းလူးနှင့် ချင်းပြန်မယားကိုင်။
အင်္ဂလိပ်မင်းတို့လှည့်ဖြား၍ ခေါ်ပြီးလျှင်။ ဒေလီပစ္စာပြည်သို့။ သက္ကရာဇ် ခု နယုံလတွင် ကြည်းဆောင်၍။ ။
အ
၇။ စောင့်အရှောက်နှင့်ထားလေ၏။ လက်ရုံပေါ်ကိုကား။ ရက္ခိုင်သားတို့ ဘမ်းဆီးလျှက်။ စစ်တကောင်းစား အင်္ဂလိပ်
မင်းအား ဆက်သလေလျှင်။ စစ်တကောင်းမြို့တောင်၌။ အကျည့်ထားရာဝယ် သေ
၈။ လွန်လေ၏။ တကြိမ်တုံ။ ရဲဘော်ငယ်မည်ဟိသော စည်ထင်စားချင်းပြန်သည်။ ဗိုလ်မှူးတပ်မှူးတို့ကို ပေါင်း

## နိ———————ကျောဖက်

၁။ စု၍ငတ်မြစ်လက်ျာဘက်ဖြစ်သော မင်္ဂလာကြီးအရပ်တွင်။ တပ်တည်ပြဲ၏။ နောင်တော်လေးမြို့စား
နံတအောင်ကျော်။ ဒင်္ဂါးထောင်စားတုံစံရွှေဗိုလ်ဇောကေတို့ကို။ ရေအား။ ယောက်ဘတော်မီးစားဘသ
၂။ က်နှံကို။ ကြည်အားနှင့်။ ရက္ခိုင်မြို့ဝန် မင်းကြီးကျော်ထင်ကို တိုက်ချေဟု စေပြန်လိုက်၍။ ရေအားကြည်းအားချီ
လာပြန်သည်ကို။ ရက္ခိုင်မြို့ဝန် မင်းကြီးကျော်ထင် ကြားသိပြန်သောကြောင့်။ ရက္ခိုင်သံတွဲ ရံပြ။
၃။ မာန်အောင်လေးမြို့သူရဲတို့တွင်။ ရံပြဝန် ငရွှေတုပ်ကို ဗိုလ်ချုပ်ခန့်၍ ချီလာပြဲလျှင်၊ ချင်းပြဲသူရဲတို့နှင့်။ မုစည်မြစ်
တွင် တွေ့ကြလေ၍။ သက္ကရာဇ် ၁၁၇၄ ခု။ ပြာသိုလပြည့်တွင် တိုက်ကြလေ၍။ ချင်ပြန်စစ်သည်တို့
၄။ သည်။ မနိုင်၍ ပျက်စီးလျှက် လှေကိုပစ်ပြီးလျှင်သော်။ မုစည်အရပ်သို့တက်၍ ပြေးလေကုံ၏။ အောက်သားတို့
လည်း မုစည်အရပ်တွင်နေသော လူများတို့ကို။ ချင်းပြန်အပေါင်း
၅။ အဘက်ဖြစ်သည်ဟု။ အပြစ်ပြုပြီးလျှင်။ မြေလှန်လျှက် သတ်၍ပစ်၏။ ရေကြောင်းချီလာသော လေးမြို့စား
နန္ဒအောင်ကျော်သည်။ ပျက်စီးကြောင်းကို ကြားလေလျှင်။ ကြည်းကြောင်းချီ
၆။ လာသော မီးစားဘသက်နှံလည်း ပြံ၍သွားလေ၏။အကြောင်းကိုကြားလေသော်။ ချင်းပြံကား။ မင်္ဂလာကြီးတပ်
က ပြောင်းသွားလေ၍။ သောက်ချောင်းမြစ်အဖျား၌။ သက္ကရာဇ် ၁၁၇၄ ခု တပို့တွဲလတွင်။ သရ
၇။ က်ခုံချိုမြို့ကို တည်၍ နေလေ၏။ ဤစိန်ဖူးမည်သော မင်းကြီးကျော်ထင်ကား။ တဆဲ့သျှစ်နှစ်တွင် သေလွန်လေ
၏။ ၆။ မဟာနော်ရထာသည်။ မယားအမိကြီးနှင့်။ သက္ကရာဇ် ၁၁၇၅ ခု နတ်တော်လတွင် ရက္ခိုင်မြို့

၈။ ဝန်ပြုပြန်လှာ၏။ တကြိမ်တုံ။ ရဲဘော်ငယ်မည်ဟိသော စည်တင်စားချင်းပြံသည်။ သရက်ခုံချို့မြို့တွင်နေပြီးလျှင်။
သက်တိမ်ကျားဗိုလ်။ သမက်တို့အောင်ကျော်။ နောင်တော်လေးမြို့စား နံတအောင်ကျော်

**နီ--------ဝမ်းဖက်**

၁။ ပလက်စားငယ်။ ဒင်္ကာထောင်စား တုံစံရွှေ။ သည်လူတို့ကို ဗိုလ်မှူးဒတပ်မှူးအသီးသီးခန့်၍။ များသော သူရဲမိ
လက်ခုတ်တောင်သူတို့နှင့်။ ရက္ခိုင်ဝန် မဟာနော်ရထာကို။ တိုက်ဖျက်ချေဟု စေပြန်လိုက်၏။ ချီသွားလေ
၂။ ၍။ ဂစ္စာဘနဒီမြစ်ညာဖျားကူဝတွင် ရောက်ပြန်လှာသော်။ အကြောင်းကို ရခိုင်မြို့ဝန် မဟာနော်ရထာကြားပြံသော်
ကြောင့်။ မြို့သူကြီးရာန်ကင်းကို ဗိုလ်ချုပ်ခန့်၍။ များသောရဲမက်နှင့် စေလိုက်လျှက်။ ချီလေ၍။ သွား
၃။ လေသော်။ ဂစ္စာဘနဒီမြစ်ညာဖျားကူဝတွင်။ ချင်းပြံစစ်သည်တို့ကို တွေ့လေလျှင်။ သက္ကရာဇ် ၁၁၇၅ ခု။ ပြာသိုလ
တွင်။ တပ်ချင်ပြိုင်၍တိုက်ကြလေသော်။ ချင်ပြံသူရဲတို့က အောက်သားတပ်ကို ဝန်း၍ကပ်လေ
၄။ သော်။ အောက်ဘက်သားတို့က ဆီးခံတိုက်လေလျှင်။ ချင်းပြံသူရဲတို့ တပ်အကပ်အားလွန်၍။ မှီသောကြောင့်။
ပျက်စီး၍သေကုံ၏။ ကျန်သော သူရဲတို့လည်း။ မကဲ့မဆုပ်နိုင်၍။ ထမင်းရေငတ်
၅။ ၍။ မြေကတုတ်တွင် ဟိလေသည်ကို။ အထောင်သောသေနတ်တို့ကို ပစ်လွှတ်သော်လည်း။ ကိုယ်သို့ထိပါး
ရောက်ခြင်း မဟိသောကြောင့်။ သေနတ်လွှဲတတ်ညာဏအမည်ဟိသောသူ
၆။ ရဲမှူးလက်ဝဲစည်သူသည်။ သွား၍ထမင်း ရေမိုးကို ပေးပြီးမှ။ အသက်ရှင်ကြကုံ၏။ အောက်သားတို့လည်း။
ညည့်စစ်ကိုလောင်ထပ်၍ တိုက်ပြန်လေသော်။ ချင်းပြန်ကား။ သရက်ခုံချို့မြို့ကသည်။ ပင်းဝါမြို့နိုင်ငံ
၇။ တွင်နေလေ၏။ အကြောင်းကို စစ်တကောင်းစား အင်္ဂလိပ်မင်းကြားသိလေလျှင်။ မျာသေသူရဲနှင့်။ ဗိုလ်ကပ်တင်
ဗားဘူသတ်ကို စေလိုက်၏။ ကပ်တင်စား ဘူသတ်လည်း ချီလာ၍။ ချင်းပုံကိုလိုက်လေ
၈။ သော်။ ချင်းပြန်ကား။ အရိုင်းထဲသို့ ပြေးလေ၏။ သက္ကရာဇ် ၁၁၇၅ ခု တပေါင်းလတွင်ကား။ ရခိုင်မြို့ဝန်
မဟာနော်ရထာသည်။ ရက္ခိုင်သားတို့ အနောက်ကုလားပြည်က ပြန်လာ၍။ ရောက်ကုံသော လူတို့ကိုင်။

**နီ-------ကျောဖက်**

၁။ ညည်အချိန် ခေါ်ယူလျှက် သတ်ဖျောက်ဖျက်၍ ပစ်လေ၏။ ရခိုင်ပြည်တွင် နေကုံသော လူသံလူမြံတိကိုကား။
ချင်းပြံက အတွင် ပုံဂ္ဂါန်စာရောက်သည်ဟု။ အပြစ်ပြုပြီးလျှင်။ ရင်ကိုဓားနှင့်ခွဲ၍ တန်းဆွဲလျှက် ကျေးလင်း
၂။ တခွေ၊ ဝက်အစာပေးကုံ၏။ သက္ကရာဇ် ၁၁၇၄ ခုကစ၍။ ငါးခုတိုင်အောင်။ သံတွဲရံပြဲမာန်အောင်သုံမြို့၌
ထမင်းငတ်၏။ လူသူများစွာ သေကုံ၏။ သက္ကရာဇ်၁၁၇၇ ခု။ တပို့တွဲလတွင်ကား။ အရိုင်ထံ၌နေသော။
၃။ ရဲဘော်ငယ်အမည်ဟိသော။ စည်တင်စားချင်ပြန်သည်။ သေဆုမ်းခြင်းသို့ ရောက်ကုံ၏။ အကြောင်းကို ကုမ္ပာနီ
မင်းကြီးကြားလေလျှင်။ ဒေလီပြည်တွင်ဟိသော လမ္ဘူစားငချည်းလူးနှင့် ချင်းပြန်မယားတို့ကိုလွှတ်
၄။ လိုက်၍။ စစ်တကောင်းနယ် ပင်းဝါမြို့သို့ ရောက်လှာ၏။ သက္ကရာဇ် ၁၁၈၀ ပြည့်။ တပေါင်းလတွင်။ ရံပြဲဝန်
နေမျိုးသူရက ရက္ခိုင်သားတို့သည်။ ငါတို့မြမ္မာကို မြမ္မာကို အကြိမ်ကြိမ်ပုံဂ္ဂန်ပြီးလျှင်
၅။ ပင်းဝါ စစ်တကောင်း။ ဒါကာ။ မောက်သူဇာမြို့သို့ ခိုဝင်၍ အိမ်ခြံကိုးသောင်းကျော် တသိန်းခန့်နေကုံသော
လူများတို့ကို အင်္ဂလိပ်မင်းတိုင်က လက်ခွံပြုပြီးလျှင်။ အားအံပြ၍ထားလေသည်။
၆။ ပင်းဝါစစ်တကောင်း ဒါကာမောက်သူဇာမြို့တို့လည်း ရှေ့ရက္ခိုင်မင်းတို့ လက်နက်နိုင်ငံဖြစ်သည်။ အင်္ဂလိပ်မင်းတို့
လက်နက်နိုင်ငံမဟုတ်။ ဖြစ်သောကြောင့်။ ရခိုင်သား။ ကိုးသောင်းကျော် တသိန်းခံလူတို့ကို ထုတ်
၇။ ၍ပေးပြီးလျှင် အခွန်ဘဏ္ဍာကိုလည်း ပေးဆက်ရမည်။ ကိုးသောင်းကျော် တသိန်းခန့်လူတို့ကိုလည်း ထုတ်မပေး
အခွန်ဘဏ္ဍာကိုလည်း မဆက်နေလျှင်။ ဘုန်းတော်ကြီးလှသော မင်းထံ ရွှေနားတော်ကြားလျှောက်
၈။ ၍။ ဗိုလ်မှူးတပ်မှူး သူရဲလက်နက်ကိုင်တို့နှင့် စည်းကြပ်လျှက်။ ကြည်ရေပိတ်မျှ ချီလာပြီးလျှင်။ အင်္ဂလိပ်အမျိုး
သားတို့ကို ကုံစင်အောင် သတ်ဖြတ်မည်ဟု။ ပင်္လားမင်းထံသို့ စာပေးလိုက်၏။ အိန္ဒရိယတိုင်း။

**နု---------ဝမ်းဖက်**

၁။ ကို၊ အစိုးရသော။ မင်းလည်း။ ရံပြဲဝန် နေမျိုးသူရစာကို ကြည့်ရှုသော်။ စစ်မက်ကြီးစွာဖြစ်အံ့သော အရေးသာ
မြင်သည်။ စစ်မက်ကြီးစွာဖြစ်သော်လည်း။ နုငယ်သေးသောအမှုဖြစ်သောကြောင့်။ စိုးရိမ်ကြောင့်ကြခြင်း
၂။ မဟိ၊ သတ္တဝါတို့ သေကျေပျက်စီးမည့်အကြောင်းကိုသာ စိုးရိမ်ကြောင့်ကြဟိရပါသည်ဟု။ ရံကုံမြို့ဝန်သတိုးမင်းလှ
အထံသို့။ စာပြန်ပေးလိုက်၏။ ဤမဟာနော်ရထာကား။ ခြောက်နှစ်တွင် အရာကျ၍သွားေ
၃။ လေ၏။ ၇။ မြစ်စည်ဝန်ကြာရိုးသည်။ မင်းကြီးကျော်ထင် အမည်ကိုလည်းတောင်းခံ၏။ မယားဗမကြီးနှင့်။
သက္ကရာဇ် ၁၁၈၁ ခု ကဆုံလတွင် ရက္ခိုင်မြို့ဝန်ပြုပြုံလှာ၏။ ထိုမြို့ဝန်ကား။ လူတို့ခုတ်ထစ်သတ်၍ပစ်
၄။ ခြင်းသည်။ စိုးစည်သာပြု၏။ ရွှေငွေဥစ္စာအကောက်အယူများ၏။ မိမိစကားကို မှန်တခါ မမှန်တခါပြု၏။ အမရ
ပူရမင်းက။ ယိုးဒယားပြည်ကို တပ်စည်းခံ၍။ ရန်ဂုံမုတ္တမမြို့က စော
၅။ င်နေသော သူရဲလက်နက်ကိုင်တို့ သုံးစားရန်။ စပါးသုံသိန်းကျော်ကို။ ရက္ခိုင်လေးမြို့က ပို့စေရမည်။ ဝန်ထောက်
ငရာစ်ကိုစေလိုက်၍။ ရောက်လှာလျှင်။ ရက္ခိုင်ဝန်ကြာရိုး။ သံတွဲဝန်
၆။ နေမျိုးသူရ။ ပြဲဝန် ငရဲစက်မာန်အောင်ဝန် ငရွှေကန်တိုင်အား။ စပါးသုံသိန်းကျော်ကို တောင်း၍ယူပြီးလျှင်။
သက္ကရာဇ် ၁၁၈၂ ခု။ နတ်တော်လတွင်။ ဝန်ထောက်ငရစ်သည်။ ကြပ်စည်း၍။ စပါးတော်လှေစင်းသုံ
၇။ ရာကို။ ရံကုန်မုတ္တမသို့ ပို့ရလေ၏။ အမရပူရမြို့ကို အစိုဝ်းရသော မင်းသေလွန်လျှင်။ မြေးတော်စစ်ကိုင်းစား
သည်။ သီရိပဝရသုဓမ္မရာဇိန္ဒာဓိပတိ။ အမည်တော်ကိုဝ်ခံ၍။ ရွှေနန်းတော်တက်၍။
၈။ အဘိသိက်သွမ်းရာတွင်။ အောင်မြေနင်းရန် အလိုတော်ဟိ ဘုမ္မိနက်သံမြေကြီးသည်။ ခရိုင်မြောက်ဦးမြို့ နန်းဦး
ရာမြေဖြစ်သောကြောင့်။ ပေးရမည်တောင်းလျှင်။ သက္ကရာဇ် ၁၁၈၂ ခု ပြာသိုလတွင် မြောက်

**နု---------ကျောဖက်**

၁။ ဦးမြို့ နန်းဦးရာမြေကို။ ကူးယူ၍။ တဆယ့်ခြောက်ပိဿာမြေချိန်ကို။ အမရပူရမင်းအား ဆက်ရလေ၏။ ဘိုးတော်
အရိုးကို။ မဇ္ဈိမာဒေသအရပ်သို့။ ရောက်အောင်သွား၍။ သင့်တင့်ရာအရပ်၌ မြှုတ်လေအာဏာတော်ဟိသည့်
အတိုင်း။ အရိုးတော်မြှုတ်ရန် ဗိတ်ဝန်ငယ်ကို စေတော်မူလိုက်၏။ ဗိတ်ဝန်ငယ်လည်း။ သက္ကရာဇ် ၁၁၈၂ ခု။
တပေါင်းလတွင် သွားလေသော်။ စစ်တကောင်းမြို့သို့ ရောက်လေ၍။ အကြောင်းမျိုးကိုကြား
၃။ လေလျှင်။ စစ်တကောင်းစား အင်္ဂလိပ်မင်းသည်။ ဗိလတ်ပြည်ကြီးကို အစိုးရသော မင်းတရား၏ ရွှေဘုံတော်
အဟိန်ကြောင့်။ မနေပိုင်၍ သေလေသော်လည်း။ အရိုးပင်လာလျှက်။ ခဍ္ဍတ်လှာရသည်ဖြစ်ေ
၄။ သောကြောင့်။ ငါတို့နေသောတိုက်ကစ၍၊ အလိုဟိရာတွင် မြှုတ်လေတောဆိုလေလျှင်။ ဗိတ်ဝန်ငယ်လည်း
အရိုးကိုယူ၍၊ မဟာဗောဓိအောင်မြေအရပ်၌။ မြှုတ်ခဲ့ပြီးမှ။ ပြန်လာ၍။ အ
၅။ မရပူရမင်းအား။ အကြောင်းမျိုးကို ကြားလျှောက်လေ၏။ ဤမြစ်စည်ဝန်ကြာရိုးမည်သော မင်းကြီးကျော်
ထင်ကား။ နှစ်နှစ်ဟိလျှင် အရာကကျ၍သွားလေ၏။ တရုပ်ဝန်စံပျော်သည်။
၆။ မင်းကြီးကျော်စွာအမည်ကိုခံ၍။ မယားမိယဲနှင့်။ သက္ကရာဇ် ၁၁၈၃ ခု ဝါခေါင်လတွင် ရက္ခိုင်မြို့ဝန် ပြုပြန်လာ၏။
အောက်သားနှင့်အင်္ဂလိပ်တို့။ ငတ်မြစ်ရေရိုးကို။ မြေခြားရေခြားပြု၍။ နေကြကုံ၏။ အောက်သားတို့ကလည်း။
ငတ်မြစ်လက်ျာဘက်၌။ သစ်တပ်တည်ပြီးလျှင်။ မုံတောစားကို စောင့်စေ၏။ ထိုအရပ်ကို မုံတောတပ်ဟု
တွင်ခေါ်ကုံ၏။ အင်္ဂလိပ်မင်းတို့ကလည်း။ ငတ်မြစ်လက်ဝဲဘက်၌။ အစစ်ဒုရ
၈။ ကာကို။ ကြပ်စည်း၍စောင့်စေ၏။ ငတ်မြစ်လက်ဝဲဘက်တွင်။ သျှမပြုဟူသော ကျွန်းငယ်သည်။ လူသူမဟိ။
တောချဉ်သာဟိ၏။ ထိုသျှင်မဖြူကျွန်းကို အောက်သားတို့ အပိုင်ခံလေလျှင်။ အင်္ဂလိပ်မင်းတို့ဆုတ်၍

**နူ---------ဝမ်းဖက်**

၁။ နေလေ၏။ အင်္ဂလိပ်နယ်ကလူတို့သည်။ သျှင်မဖြူကျွန်းသို့ ကူးသန်းသွားလာ လှည့်ပတ်သွားသည်ကို။
အောက်သားတို့က ငါတို့အပိုင်မြေနယ်အရပ်သို့။ သွားလာလှည့်ပတ်ရာသလောဟု သေနတ်လက်နက်ဖြင့်။
၂။ ပစ်လွှတ်လေသော်။ လူတယောက်သေဆုံးလေ၏။ အကြောင်းမျိုးကို အစောင့်နေသော အစစ်ဒုရကာရ်က။
စစ်တကောင်းမြို့ဝန် ဝါတာသတ်အထံသို့။ လျှောက်စာတင်လေ၏။ စစ်တကောင်းစား

၃။ ဝါတာသတ်လည်း။ ဗိုလ်သီသတ်ကို။ သူရဲတထောင်နှင့်စေလိုက်၍။ ချီလာပြီးလျှင်။ ငတ်မြစ်တွင် ရောက်လှာသော်။ စစ်ရေးအားအံပြ၍။ သက္ကရာဇ် ၁၁၈၄ ခု။ တပေါင်းလတွင် သျှင်မဖြူကျွန်းနယ်၌။ သစ်တပ်

၄။ တည်၍။ သူရဲအစောင့်ထားခဲ့ပြီးမှ။ ဗိုလ်သီသတ်သည် ပြန်၍သွားလေ၏။ အောက်သားတို့လည်း ဆုတ်၍နေပြဲလေ၏။ ဓားပိုင်ကြီးကျော်ပုံသား အမ်းစားကလည်း။ အောက်သား

၅။ တို့ကို တိုက်ဆိုင်ရမည်အကြောင်းနှင့်။ စစ်တကောင်းစား ဝါတာသတ်ထံ စစ်ပင့်ပြန်၏။ အလုံစုံမျိုးကို ရက္ခိုင်ဝန် မင်းကြီးကျော်စွာ ကြားသိလေလျှင်။ အမရပူရမင်းထံလျှောက်စာတ

၆။ င်လေသော်။ အင်္ဂလိပ်မင်းတို့က အားအံပြသည်မှန်လျှင်၊ တိုက်ဆိုင်လေဟု အာဏာပေးလိုက်၏။ သက္ကရာဇ် ၁၁၈၅ ခု တော်သလင်းလတွင် သျှင်မဖြူတပ်ကို အောက်သားတို့က တိုက်လေသော်။ အင်္ဂလိပ်သူ

၇။ ရဲတပ်စောင့်တို့ ပျက်စီး၍ ပြေးလေကုံ၏။ ငတ်မြစ်နား၌ နေကုံသော ရက္ခိုင်သားတို့လည်း။ ပင်းဝါမြို့သို့ပြေးလေကုံ၏။ ငတ်မြစ်အစောင့်နေသော အစစ် ဒုရကာက သျှင်မဖြူတပ်ကို အောက်သားတို့ တိုက်လှန်ဖျက်

၈။ ဆီးသည်ဟု စစ်တကောင်းမြို့ဝန် ဝါတာသတ်အထံသို့ လျှောက်စာတင်လေ၏။ စစ်တကောင်းမြို့ဝန် ဝါတာသတ် လည်း။ ပျည်ကူသတ်။ သီသတ်၊ ဇင်သတ်။ ဗိုလ်မှူးသုံးယောက်တို့ကို စေပြဲလိုက်၏။ များသောသူ

**နူ----------ကျောဖက်**

၁။ ရဲနှင့်ချီလာ၍။ ပင်းဝါမြို့သို့ရောက်လှာလျှင်။ ပျိုင်ကူသတ်သည်။ ရက္ခိုင်သားတို့ကို သူရဲလက်နက်ကိုင် ရွေးခြည်၍၊ ဆုမဲနာပေးပြီးလျှင်။ သူရဲစုရုံမင်း၏။ ဗိုလ်ဇင်သတ်မှုကား။ စစ်ပင့်ခေထါ်သူ အမင်စားနှင့် ပြည်စိုးကြီး

၂။ ကျွန်းအုပ်အောင်ကျော်စံတို့ကို သျှင်မဖြူကျွန်းတွင် သစ်တပ်တည်ရန် ရက္ခိုင်သားလူတသောင်းကျော် ပေးရမည် တောင်းသောကြောင့်။ သက္ကရာဇ် ၁၁၈၅ ခု ဝါကျွတ်လပြည့်ကျော်နှစ်ရက် အင်္ဂါနေ့တွင်။ ပင်းဝါမြို့၌ရ

၃။ က္ခိုင်သားသူတထောင်ကျော်ကို ခန့်ထား၍။ ဗိုလ်ဇင်သတ်လက်သို့ ပေးရလေ၏။ ဗိုလ်သီသတ်မှုကား။ ဗိုလ်တထောင်ကျော်ကို ယူပြီးလျှင်။ သျှင်မဖြူကျွန်းတပ် ငတ်မြစ်ဖျားလပေါ်တပ် ပင်ဝါချောင်းဖျားဂေါ်ဇောင်ညာ

၄။ တပ်။ သည်တပ်တို့ကိုတည်၏။ ရက္ခိုင်သူရဲခြောက်ရာ။ ကုလားသူရဲခြောက်ရာ။ တထောင်ကျော်သူရဲတို့ကို။ ပင်းဝါမြို့သျှင်မဖြူတပ်။ လပေါ်တပ်ခေါ် ဇောင်ညာတပ်တို့၌။ အသီးအသီး

၅။ အစောင့်ထားခဲ့ပြီးလျှင်။ ဗိုလ်ပျည်ကူသတ်သီသတ်ဇင်သတ်တို့သည်။ စစ်တကောင်းမြို့သို့ ပြန်သွားလေကုံ၏။ အောက်သားနှင့် အင်္ဂလိပ်တို့။ တပ်ချင်းပြိုင်၍စစ်ရေးဆင်လျှက် နေကြရာတွင် အော

၆။ က်သားတို့က တပ်စောင့်နေသော အင်္ဂလိပ်ဗိုလ်တယောက်ကို ခင်ပွန်းဖွဲ့သည်ဟုဆိုပြီးလျှင်။ အကျွန်ုပ်တို့တပ်သို့ လာခဲ့ပါဟု ခေါ်လေ၏။ အင်္ဂလိပ်ကပ်တင်လည်း။ အကေကောင်းမှတ်လျှက် အောက်သားတပ်သို့ကူး

၇။ သွားလေ၍။ ရောက်လေသော်။ အောက်သားတို့က အကျည်းချုပ်၍ထားလေ၏။ အကြောင်းကို စစ်တကောင်း စား ပသိန်သတ်ကြားပြန်လေသောကြောင့် များသောရဲမက်နှင့်ချီလာ၍။ ပင်းဝါမြို့သို့ရော

၈။ လှာလျှင်။ ရက္ခိုင်ပြည်၏ ထုံးနည်းနိသဃရကိုသိသော လူကြီးတို့အား ခေါ်ဝေါ်၍။ ရခိုင်ပြည်၏ အထုပ္ပတ္တိ အကြောင်းမျိုးကို။ မေးမြန်းစူးစမ်းလျှက်။ ကြဉ်းကြောင်းရေကြောင်း လမ်းဝိုက်လမ်းဝတို့ကို သိပြီးမှ။ ရခိုင်မင်းစဉ် မင်းဆက်ရာဇဝင်တို့ကို။

**နေ---------ဝမ်းဖက်**

၁။ ရေးကူးမှတ်သား၍၊ နေစည်တွင်။ ဗုံတောတပ်စောင့် အောက်သားရဲလှကျော်သူက။ အနောက်မဇ္ဈိမာဒေသအရပ် ၌။ ပင်ဂလီကုလားတို့လည်း မင်းမဖြစ်ဘူး။ မြမ္မာနိုင်ငံတွင်လည်း။ ရခိုင်အမျိုးသည် မင်းမဖြစ်

၂။ ရက္ခိုင်သားတို့ စကားကိုနားခံ၍။ စစ်မတိုက်သင့်ပါဟု။ စာပေးလှာ၍။ ရောက်လှာလျှင်၊ ရာပသိန်သတ် အင်္ဂလိတ်လည်း။ ငတ်သို့ချီလေ၍ ရောက်လေသော်။ မုန်တောတပ်စောင့်ရဲလှကျော်သူနှင့် စစ်တကောင်းစား ရာပသိန်

၃။ သတ်တို့ စကားပြေပြောကြပြီးလျှင်။ မိမိတို့တည်ထားလေသော တပ်ကိုမီးတိုက်၍ ပြန်ကြအံ့ဟု နှုတ်ကတိထား၍။ လက်ဝါးရိုက်ကြပြီးသော်။ ရာပသိန်သတ်လည်း။ သျှင်မဖြူတပ်ကို မီးတိုက်လေ၏။ အောက်သားတပ်မှူး

၄။ ရဲလှကျော်သူကား။ အလိမ္မာပြုပြီးလျှင်။ ကောက်ရိုးပုံကို မီးတိုက်လေ၏။ အောက်သားအင်္ဂလိပ်တပ်ကို

တပြိုင်နက် မီးတိုက်ပြီးမှ။ သက္ကရာဇ် ၁၁၈၅ ခု။ ပြာသိုလတွင် အောက်သားအင်္ဂလိပ်နှစ်ဦးတို့ ပြသွား။
၅။ လေကုံ၏။ ရက္ခိုင်ဝန်မင်းကြီးကျော်စွာလည်း အနောက်ပြည် အင်္ဂလိပ်မင်းတို့သည်။ ရှေ့ကြိမ်နှင့်မတူ။ ဗိုလ်မှူး တပ်မှူး သူရဲလက်နက်ကိုင်အများနှင့် ချီလာ၍။ စစ်တကောင်းပင်းဝါမြို့၌ လုံလောက်အောင်စောင့်ေ
၆။ ရှောက်၍နေလှုပါသည်ဖြစ်သောကြောင့်။ ဆယ်ရေးတရေး မဉ်သို့မသိတိုက်လှန်လျှင် မခက်လေလောဟု အမရ ပူရမင်းထံ လျှောက်စာတင်လေ၏။ အမရပူရမင်းလည်း။ ဗိုလ်ဗန္ဓုလအတွင်းဝန် ဧစတို့ကို။ သူရဲလက်နက်ကိုင်
၇။ တသောင်းခြောက်ထောင်ပေးပြီးလျှင်၊ ပင်းဝါစစ်တကောင်းမြို့တွင် စောင့်ရှောက်၍နေသော အင်္ဂလိပ်ဗိုလ်မှူး တို့ကို တပ်ပြိုင်လျှက် စောင့်ရှောက်ချေဟု စေတော်မူလိုက်၏။ ဗိုလ်ဗန္ဓုလ အတွင်းဝန်ဧစတို့လည်း။ ချီလာ၍။ ရက္ခိုင်
၈။ ပြဉ်သို့ရောက်လှာသော်။ ဗိုလ်ဗန္ဓုလသဉ်။ ရက္ခိုင်ပြည်တွင် အောင်တပ်ဝယ်။ တပ်ချ၍နေပြီးမှ။ ရခိုင်ဝန်မင်းကြီး ကျော်စွာ။ သံတွဲဝန် ငရွှေမန်။ ရံပြဲဝန် မောင်ယင်ကလေး။ မာန်အောင်ဝန် ငရဲစက် လေးမြို့ဝန်တို့ကို သူရဲ လက်နက်

## နေ-----------ကျော့ဖက်

၁။ ကိုင်တောင်း၍။ အတွင်းဝန်စေ။ အတွင်းဝန်ငခိုင်တို့ကို။ ဗိုလ်မှူးတပ်မှူးခန့်လျှက်။ သူရဲလက်နက်ကိုင်တသောင်း ခြောက်ထောင်နှင့်။ ပင်ဝါစစ်တကောင်းမြို့ကို။ တပ်ပြိုင်ချေဟု စေလိုက်၏။ အတွင်းဝန်ငစ။ ငမောင်ခိုင်တို့လဉ်။
၂။ ချီလာပြီးလျှင်။ သက္ကရာဇ် ၁၁၈၆ ခု။ ကဆုံလပြည့်ကျော် သုံးရက်စနေနေ့တွင်။ ပင်ဝါမြို့တပ်စောင့် အင်္ဂလိပ်တို့ ကို တိုက်လေသော်။ တပ်စောင့်အင်္ဂလိပ်တို့သည်။ သေကြေပျက်စီးကုံ၏။ ကြွင်းသောသူရဲတို့နှင့် ပင်း
၃။ ဝါမြို့တွင်နေသော ကုလားတို့သည်။ စစ်တကောင်းမြို့သို့ ပြေးလေကုံ၏။ ရက္ခိုင်လေးမြို့အောက်သားတို့လည်း။ ပင်းဝါချောင်းလက်ျာဘက်အရပ်တွင် တပ်တည်၍ နေကုံ၏။ ကြွင်းကျန်သောသူ
၄။ တို့ကို။ ဖျက်ဆီးသိန်းရုံမ်း၍။ ယူလေကုံ၏။ ကျွဲနွားဆိတ်ဝက် ဝမ်းပဲကြက်တို့ကိုလည်း။ များစွာသတ်၍ စားကြကုံ၏။ စစ်တကောင်းစား ရာပသိန်ဆတ်လည်း။ အလုံးစုံမျိုးကို စာရေး၍။ ပ
၅။ င်္ဂလားမြို့ကို အစိုးရသော ကုမ္ပဏီမင်းအားလျှောက်စာတင်လေ၏။ ကုမ္ပဏီမင်းကလည်း။ ပိလတ်ပြည်ကို အစိုးရသော။ စတုတ္ထဇောဇေမင်းတရား၏အထံတော်သို့ လျှောက်စာတဖ်
၆။ တင်ပြုလေ၏။ စတုတ္ထဇောဇေမင်းတရားလည်း အလွန်မာန်တော်ပါသောအားဖြင့်၊ ပဲကူပြည်ကို နိုင်နင်းအောင် တိုက်လေဟု အိန္ဒရိယတိုင်းကို အစိုးရသော မင်းအား အာဏာတော်ဆင်လိုက်၏။ အိန္ဒရိယ
၇။ တိုင်းကို အစိုးရသောမင်းလည်း။ ဆင်မြင်းရထားခြေသည် သူရဲလေးပါးသော စစ်ရေးအားအံ့လက်နက်ကိရိယာ တို့ကို။ လုံချုံအောင်စီရင်ပြီးမှ။ ကြည်းလေသိန်းရေလေသိန်းသျှစ်သိန်းသော သူရဲတို့ကို ကြပ်စည်၍
၈။ သဘော်ာပျန်သဘော်ာကြီးသဘော်ာငယ်။ ကတ္တုလွန်းကျင်သံပန်များစွာနှင့်။ မျက်မှန်ဗိုလ်အား။ ပဲကူပြည်ကို တိုက်ပျက်ချေဟု။ စေတော်မူလိုက်၏။ မျက်မှန်ဗိုလ်လည်း။ ချီသွားလေ၍။ လမ်းစပ်ကြားတွင်။ မာန်အောင်

## နဲ-----------ဝမ်းဖက်

၁။ ကျွန်းကိုတိုက်ဖျက်၍ မာန်အောင်ဝန်ငရဲစက်ကို ရပြီးလျှင်။ ပဲကူပြည်ရံကုန်သို့ ချီတော်မူလေ၏။ ပဲကူပြည်ကို မျက်မှန်ဗိုလ်စစ်တိုက်သော အခြင်းအရာများကို။ ဌာနဒေသတိုင်းပြည်ခြားသောကြောင့်။ မဆိုသာချေ။
၂။ ရာပသိန်သတ်ကိုကား။ ရက္ခိုင်ပြည်ကိုတိုက်သတ်သတ်ချေဟု။ စေတော်မူလိုက်၏။ ရာပသိန်သတ်လည်း။ စစ်တကောင်းမြို့တွင် သူရဲလက်နက်ကိုင် ဆင်လုံမ်းမြင်းရံ ပေါင်းစု၍ ချီမည်ကြံစည်တွင်။ ဗီလတ်ပြဉ်
၃။ ကို အစိုးရသော စတုတ္ထဇောဇေမင်းတရားကြီးတင်။ ရွှေဘုံတော်အဟိန်ကိုင်။ မခန်ဝန့်သောကြောင့်။ ပင်းဝါမြို့ကို စစ်ကပ်၍။ တပ်တည်လျက် နေလှာသော အတွင်းဝန်ငစအတွင်းဝန် ငခိုင်အစဟိသော ရက္ခိုင်သံတွဲ
၄။ ရမ်းပြဲ မာန်အောင် လေးမြို့အောက်သားတို့သည်။ အလွန်ကြောက်ထိန့်လန့်လျှက်။ သက္ကရာဇ် ၁၁၈၆ ခု တောသလင်းလတွင်။ ရက္ခိုင်ပြည်သို့ပြံ၍ ပြေးကြကုန်၏။ အင်္ဂလိပ်ရာပသိန်သတ်
၅။ လည်း။ စစ်ပင်ခေါ်သူအမ်းစားနှင့်။ ရက္ခိုင်သားတိုင်ကို။ ခရီးလမ်းထောက်သိစိမ့်သောငှါ။ ကြည်နှစ်သောင်း ရေနှစ်သောင်း လေးသောင်းသော။ လက်နက်ကိုင်တို့နှင့်။ သက္ကရာဇ် ၁၁၈၆ ခု။ ပြာသို

၆။ လဆန်းတွင်။ ရက္ခိုင်ပြည်သို့ ချီလာ၍။ ဂစ္ဆာနဒီမြစ်ကို ကူးပြီးလျှင်။ ဆင်ခြံအရပ်တွင် တပ်တည်၍ နေလှာ၏။
ချောင်ဘိလာအရပ်တွင်။ တပ်တည်၍ နေကုံသော။ အောက်သားတို့လည်း။ ငါတို့မြမ္မာဂုံသတ္တိကို

၇။ မသိလေသောကြောင့်။ မင်္ဂလိပ်မင်းတို့သည်။ စစ်မက်ကြီးစွာကပ်လှာသည်ကို။ တိုက်ဆိုင်ကြမှသာ လူရည်အစွမ်း
ချင်းကို သိကြရမည်ဟု။ ဟောဟောဆိုလျှက် လက်ညှိုးညွှံကြကုံ၏။ ရာပသိန်သတ် အင်္ဂလိပ်ဗိုလ်မင်းလည်း။
ဗိုလ်

၈။ မှူးတပ်မှူးတို့ကို စေခန့်လိုက်၍။ ပြောင်းလက်နှင့်ပစ်လေသော်။ ချောင်ဘီလာ၌ ဘံသားတပ်သည်။ ထုံပြာဖြစ်
လျှက်။ ပျက်ပြေးလေလျှင်။ မြေ့ံဦးမြို့သို့ဝင်၍ နေကုံ၏။ ရက္ခိုင်ဝန်မင်းကြီးကျော်စွာလည်း။ မြို့၏ပရိစ္ဆေဒကို။
လုံချုံအောင်

## နှဲ--------ကျောဖက်

၁။ သူရဲလက်နက်ကိုင်တို့ကို။ ဆီးခံစောင့်ရှောက်နေစေ၏။ ဗိုလ်ရာပသိန်သတ်လည်း။ ဆင်ခြံကသည်. ကျွဲခြံတော
၂။ င်အရပ်သို့သွားလေ၍။ ခရီးလမ်းထောက် အစည်အတိုင်းချီလေလျှင်။ ငရကောက်တွင် အောက်သားတို့နှင့်တွေ့
၃။ ကြလေ၍။ တိုက်ကြလေသော်။ အောက်သားတို့သည်။ သေကြေပျက်စီး၍ ပြေးလေကုံ၏။ အင်္ဂလိပ်ဗိုလ်မင်း
၄။ ရာပသိန်သတ်လည်း။ ကြည်းအားရေအား ကြပ်စည်း၍။ ပေါင်တုပ်ပြင်၌ တပ်ချ၍နေပြီးလျှင်။ မြောက်
၅။ ဦးမြို့ဝယ်နေသော အောက်သားတို့နှင့် ထွေးသျှက်၍ တိုက်ကြရာတွင်။ သိကြားနတ်မင်းတို့၏ စက်
၆။ လက်နက်နှင့်တူသော မိုးပြောင်းကြီးကို ပစ်လွှတ်လိုက်လျှင်။ အတွင်းဝန်ငစ အတွင်းဝန်ငခိုင် မြို့သူကြီးငလွမ်ေ
၇။ ပြေအစဟိသော သူရဲလက်နက်ကိုင်တို့သည်။ မခံမရပ်နိုင်၍။ ရက္ခိုင်မြို့ဝန်မင်းကြီး ကျော်စွာလည်း။ မြို့ဝန်ပြု
၈။ ဤသုံးနှစ်ဟိလျှင်။ ပျက်ကိန်းကြုံ၍။ သောကြောင့်။ သက္ကရာဇ် ၁၁၈၆ ခု။ တခူးလဆန်း တဆဲ့လေးရက်သောကြာ

## နော----------ဝမ်းဖက်

၁။ နေတွင်။ မြို့လမ်းအောင်သားတို့သည်။ ကျိုက်ကျိုက်ဆူလျှက်။ မယားသားရွှေငွေဥစ္စာတိုင်
၂။ ကိုပစ်စွန့်ခဲ့၍။ ပရမ်းပတာပြိုပျက်၍။ ပြေးလေကုံ၏။ ထိုအောက်သား တရုပ်ဝန်စံပျော်
၃။ မည်သော မင်းကြီးကျော်ထင်သည် ပရမ်းပတာပြေးလေလျှင်။ အင်္ဂလိပ်ဗိုလ်မင်း ရာပသိ
၄။ န်သတ်သည်။ သက္ကရာဇ် ၁၁၈၆ ခု တံခူးလဆန်း တဆဲ့လေးရက် သောကြာနေ့ ရက္ခိုင်ပြည်ေ
၅။ မြောက်ဦးမြို့ကိုရ၍။ ကုမ္ပဏီလက်နက်နိုင်ငံတော်ဖြစ်လေ၏။
၆။ သက္ကရာဇ် ၁၂၁၃ ခု။ ဝါဆိုလပြည့်ကျော် ငါးရက်ကြာသာပတေးနေ့။ နေမွန်းစောင်နှစ်
၇။ ချက်တီးကျော် အချိန်တွင်။ ရာဇဝင်ကြီစာကို။ ရေးကူး၍ ပြီးပြည့်စုံပါသည်ဘုရား။

**ပေ-၉၈၃၇**

ရခိုင်ရာဇဝင်ကြီး (ဦးထွန်းရွှေ)

ရခိုင်ရာဇဝင်ချုပ် (ပီကျူး)

ရခိုင်ရာဇဝင်လင်္ကာ

ပီပြင်သော ရခိုင်ဘုရင်များ၏ ရာဇဝင်

ရခိုင်မဟာသမ္မတရာဇာဝင်

ရခိုင်မင်းသမီးချောင်း (ဘဒ္ဒမင်းညို)

ဒိုးဝေရာဇဝင်

အင်းဓောက်ရာဇဝင်

နတ်သမီးသိုက် (ရခိုင်ရာဇဝင်)